www.burmeseclassic.com




# မဟူရာ

(လှိုင်ကော်)

မြူတင်းတိမ်ချသွားလျှက် ထားခဲ့ရက်မလားခင်

www.burmeseclassic.com

L လင်း

www.burmeseclassic.com



# မဟူရာ

(လှိုင်ကော်)

မြတင်းတိမ်ချသွားလျှက်...ထားခဲ့ရက်မလားခင်

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတာ
ချစ်ရသူထံကို
အပ်နှင်းလိုက်ရတဲ့
ကိုယ့်အချစ်…။
ကိုယ့်ရင်ထဲမှာ
ထင်ကျန်နေမြဲ
ရှိနေရတဲ့
အချစ်တွေနဲ့
ရှင်သန်ကြတာပါပဲ…။



ကိုယ့်ရင်ထဲမှာ
ဒဏ်ရာတွေရှိနေတယ်
မင်းရဲ့ကြေကွဲနာကျင်မှုတွေကို
မြင်နေရတဲ့
ငါ့နှလုံးသားဟာ
ကြေပြုန်းနာကျင်
ခံစားနေရတယ်…။
ဘာလို့လဲဆိုတာ…။
မင်းသိမှာပါ…။
မင်းရိပ်မိမှာပါ…။




www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်ကြီးဆီမှ
မိုးတိမ်တိုက်ကြီးတွေက
လေအတိုက်တွင်
လွင့်ရွေ့သွားနိုင်ကြသေးသည်...။
သူ့ရင်ထဲမှာ
ကြေမြေ့အုပ်မိုးနေပါသည့်
ကြေကွဲမှုမိုးတိမ်တိုက်တို့က
မရွေ့လျားနိုင်ပဲ
အုပ်မိုးထားကြသည်...။




တံတိုင်းကြီးခြားတာထက်
အမုန်းစည်းတစ်ခု
ခြားလိုက်တာက
ပိုဆိုးသည်...။



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်နှလုံးသားကို
နားမလည်နိုင်သည့်
သူတစ်ယောက်အဖြစ်ပဲ
ရှင်သန်ပေးလိုက်ချင်ပါသည်...။
ဒါမှ...
ရင်ထဲမှနာကျင်ခြင်းတွေ
ရပ်ဆိုင်းသွားကြပါချေလိမ့်မည်...။




အလွန်လှပနူးညံ့သည့်အချစ်ကို
မောက်မာခြင်းဖြင့်တုန့်ပြန်လျှင်...
ကြေကွဲစွာ...
တစ်ဘက်မှတုန့်ပြန်လာမည့်
နာကျည်းခြင်းနှင့်အမုန်းတရားတို့
ဖြစ်လာနိုင်သည်ပဲဟု...
အသိတရားကိုရလိုက်ဖို့အတွက်
ရင်းနှီးလိုက်ရသည့်တန်ဘိုးသည်...
မစဲသောမျက်ရည်ဖြစ်ပါချေသည်တကား...။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

သူ၏ရေးဖွဲ့ရာ
ကဗျာလေးကတော့
သူ့နှလုံးသားဆီမှ
သူ့ချစ်ခြင်းတွေနှင့်အတူ
သူ၏ချစ်ခြင်းသစ္စာတွေကို
အသံမဲ့စွာ...
အာရုံထဲတိုးဝင်လာနေစေကြပြီ...။




BURMESE CLASSIC .com

နိုင်ငံတော်တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- ခိုင်မာသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။


လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com



# မဟူရာ

## (လှိုင်ကော်)

မြတင်းတိမ်ချသွားလျက်...

ထားခဲ့ရက်မလားခင်...

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







တွယ်တာစွဲထင်
သံယောဇဉ်မြစ်များ
မောင့်နှလုံးသားမှာ
အမြဲမခွာရှိနေမှန်း
ခင် ... သိစမ်းပါလှည့် ... ။


ချစ်ခြင်းတွေသိန်းနဲ့
ရှိနေတဲ့မောင်ရဲ့ရင်
မင်းသည်ပင်တစ်ယောက်တည်း
သစ္စာစွဲရစ်ပွဲ့တည်ကာ
အမြဲမခွာရှိနေမှန်း
ခင် ... သိစမ်းပါလှည့် ... ။

စွဲလမ်းစိတ်တွေနဲ့
လွမ်းဆွတ်တဲ့ရက်များ
မုန်တိုင်းမားသွားနဲ့ခွဲစိတ်ချေ
အစိမ်းခြေကြွေစေရက်သလား ...
အချစ်သမားမောင့်ရဲ့ရင်
အထီးကျန်လွင်ပြင်ဖြစ်စေသမျှ
မြတင်းတိမ်ချသွားလျက်
ထားခဲ့ရက်သလားခင် ... ။
ဪ ...
မြတင်းတိမ်ချသွားလျက်
ထားခဲ့ရက်မလားခင် ... ။

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁)

BURMESE CLASSIC .com

"အစ်ကိုလေး မအားဘူး ညီမလေး၊ အစည်းအဝေးထိုင်နေပါတယ်၊ ဒီကညီမလေးနဲ့ တွေ့ဖို့ချိန်းထားတာများ ရှိနေလို့လား"

ဧရာဝတီအထည်ချုပ်စက်ရုံကြီး၏ ရုံးခန်းရှေ့နေရာလေးမှာ ရပ်နေပါသည့် ငွေလွှန်းပုံကိုကြည့်၍ မေးနေပါသည့် ဝန်ထမ်းမိန်းကလေး၏အကြည့်က အတန်မျှတော့ စူးစမ်းရိပ်သမ်းနေသည်။

ရုံးခန်းနှင့်အနီးဆုံးနေရာလေးမှာ စားပွဲရှိနေပါသည့် ထိုမိန်းကလေး၏တာဝန်သည် ထိုရုံးခန်းတွင်းသို့ ဝင်လိုပါသည့် မည်သူ့ကိုမဆို မေးမြန်းဖို့ တာဝန်တော့ရှိနေပုံရသည်။ ကျွန်းသားစားပွဲထက်မှာလည်း ကွန်ပျူတာလည်းရှိနေသည်။ ဖုန်းလည်းရှိနေသည်။ ဖိုင်တွေလည်းအထပ်လိုက်ရှိနေသည်။ ဘာရာထူးရှိသည်တော့မသိရ။ သားသားနားနားတော့နိုင်နေသည်ပါပဲ။

"ငွေလွှန်း စောင့်နိုင်ပါတယ် အစ်မ၊ တွေ့ဖို့တော့ချိန်းထားတာမရှိပါဘူး၊ ဒါပေမဲ့ ငွေလွှန်းက တွေ့ချင်နေတဲ့သူဆို

www.burmeseclassic.com

www.burmeseclassic.com



တော့ စောင့်ဖို့ဝန်မလေးပါဘူး အစ်မ၊ ဒီစားပွဲရှေ့ကုလားထိုင်လေးမှာ ထိုင်လို့ရမလားဟင်”

ဖိုင်လေးကိုပိုက်၍ အချိုသာဆုံးပြုံးကာ ငွေလွန်းပုံမေးတော့ ခပ်ဆဆလေး တွေးလိုက်သလို တစ်ချက်ငြိမ်သွားပြီးမှ ဆုံးဖြတ်လိုက်ပုံဖြင့် ...

“ထိုင်ပါ ... ထိုင်ပါ”

ဟု ခွင့်ပြုသံ ထွက်ကျလာပါ၏။

ငွေလွန်းပုံ ရင်ထဲ ပျော်ကျသွားရကာ. ကုလားထိုင်လေးကို အသံမမြည်အောင် သတိထား၍ ရွှေ့ပြီးဝင်ထိုင်လိုက်ရသည်။

“တို့နာမည်က နုနုသာတဲ့၊ မင်းကိုမေးမှဖြစ်မှာမို့ မေးပါရစေ၊ အစ်ကိုလေးက မင်းလာမယ်ဆိုတာ သိထားတာရှိနေသလား၊ ဆိုလိုတာက ဒီချိန်ရယ်လို့ ချိန်းမထားပေမယ့် တစ်ချိန်ချိန်မှာတော့ လာခဲ့ဖို့တွေ ဘာတွေများ မှာထားတာရှိများရှိနေလို့လားလို့ပါ”

“ငွေလွန်းနာမည်အပြည့်အစုံက ငွေလွန်းပုံပါ မမ၊ ငွေလွန်းဒီကိုလာမယ်ဆိုတာ ဦးဘုန်းတက်လူ မသိပါဘူး၊ ငွေလွန်းကိုလည်း သူ မသိပါဘူး၊ မြင်လည်းမမြင်ဖူးပါဘူး မမ၊ ငွေလွန်း အလုပ်ကိစ္စလေးတစ်ခုနဲ့ လာတွေ့တာပါ”

ဟု အရိုးခံအတိုင်းဖြေတော့ နုနုသာ၏ မျက်နှာထက်မှာ စိတ်ပျက်လက်ပျက်ဖြစ်သွားသည့် အရိပ်တွေက အားမနာစတမ်းကြီးပဲ ပြောင်ပြောင်တင်းတင်းကြီး ပေါ်လာသည်ပါပဲ။ ခေါင်းလေးခါလိုက်ကာ ...



“အစ်ကိုလေးခေါ်ထားတာလည်းမရှိဘူး၊ ယူ့ကိုလည်း မသိဘူးဆိုတော့ တို့က အရမ်းတော့ လွှတ်မပေးနိုင်ဘူးလေ၊ အစ်ကိုလေးကိုတော့ အဆက်အသွယ်လုပ်မှဖြစ်မှာ၊ သူခွင့်ပြုမှ ယူ့ကို ရုံးခန်းထဲဝင်ခွင့်ပြုနိုင်မှာလေ၊ ပြီးတော့ ခုလောလောဆယ်လည်း အစ်ကိုလေးက အစည်းအဝေးခန်းထဲမှာ ရှိနေတယ်၊ လှမ်းခွင့်တောင်းလို့လည်း မဖြစ်နိုင်သေးဘူး၊ ဒီတော့ စာအုပ်ထဲမှာ ယူ လာတွေ့ရမယ့်ကိစ္စ ရေးထားခဲ့၊ တို့ အစ်ကိုလေးကို တင်ပြပေးလိုက်မယ်”

ဟုပြောလာတော့ ငွေလွန်းပုံ ခေါင်းလေးခါလိုက်သည်ပါပဲ။

“ဟင့်အင်း ... ငွေလွန်းပုံ အဲသလိုတော့ ရေးမထားခဲ့နိုင်ဘူးရှင့်၊ သူနဲ့တိုက်ရိုက်တွေ့မှဖြစ်မှာ၊ ငွေလွန်း စောင့်ပါ့မယ် မမ၊ ကြာပါစေ ကိစ္စမရှိပါဘူး”

ဟုဖြေတော့ နုနုသာဆိုသည့် အမျိုးသမီး၏ မျက်နှာတင်းလာသည်က သိသိသာသာသာကြီးပါ။ ဟုတ်သည်လေ။ လက်ရှိဝန်ထမ်းတစ်ယောက်ကို မျက်နှာစိမ်းကောင်မလေးတစ်ယောက်က ခေါင်းလေးခါ၍ သူဌေးနှင့်ပဲတိုက်ရိုက်တွေ့ချင်သည်ဟု ဖြေလာတာမျိုးကိုတော့ ဘယ်လိုမှ ဘဝင်ကျချင်စရာ မရှိချေသည်ပဲလေ။ ဒါပေမဲ့ ခက်သည်က ငွေလွန်းပုံဘက်ကလည်း ထိုလမ်းပဲ ရွေးချယ်စရာရှိသည့်အဖြစ်။

နုနုသာမှ နှုတ်ခမ်းကိုတွန့်၍ မပြုံးချင့်ပဲပြုံးရသည့် အပြုံးတစ်ခုဆိုတာကို ငွေလွန်းပုံ သိနေစေဖို့ တမင်ပြုံးပြလိုက်ပြီးမှ ...

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ... ယူ့သဘောလေ"

ဟု အေးစက်စက်တုံ့ပြန်သည်။

"ဒါပေမဲ့ တစ်ခုတော့ရှိတယ် မငွေလွှန်းပုံ၊ အစ်ကိုလေးကိုတော့ တို့က ပြောပြရလိမ့်မယ်၊ ယူ့ကို ဒီစာအုပ်ထဲမှာ လာရင်းကိစ္စရေးပေးဖို့ပြောပေမယ့် မနာခံဘဲ ပေကပ်ပြီးစောင့်နေတဲ့အကြောင်းကိုဆိုပါတော့၊ ဒါမှ သူစိမ်းတစ်ယောက်ကို ဒီရုံးခန်းရှေ့မှာ ထိုင်စောင့်နေခွင့်တစ်ခုကို မတော်တဆ ပေးထားရတယ်ဆိုတာ အစ်ကိုလေးသိမှာပေါ့"

ဟုပြောတော့လည်း ငွေလွှန်းပုံ နားထူထူ၊ အရေခွံထူထူထားရပါသည့် သတ္တဝါတစ်ကောင်လိုပဲ စိတ်ကိုလျှော့ချ၍ ခေါင်းညိတ်ပေးလိုက်ရသည်ပါပဲ။ တော်ရုံမခံချင်အောနှင့်ဆိုလျှင် နုနုသာ၏ဆက်ဆံရေးကြောင့်ပင်လျှင် ထပြန်သွားဖို့ပဲရှိသည်။ ဒါပေမဲ့ ငွေလွှန်းပုံဆိုတာကလည်း လုပ်ချင်ပြီဆိုလျှင်ဖြင့် လုပ်ကိုလုပ်ရမှဆိုသည့် ဉာဉ်လေးကရှိနေသည်မို့ ...။ ဖိုင်လေးကိုပိုက်ထားရင်းမှ ပြုံး၍ ...

"ဟုတ်ကဲ့ ... ငွေလွှန်း ဒီမှာထိုင်နေခွင့်ရတယ် ဆိုရင်ပဲ ကျေးဇူးတင်လှပါပြီ မမ"

ဟုဖြေတော့ နုနုသာ ခေါင်းလေးခါ၍ ...

"အစ်ကိုလေးက သူစိမ်းသက်သက်ဖြစ်နေတဲ့ သူတွေကို အရမ်းလက်ခံထိုင်စေတာမျိုး မကြိုက်ဘူးကွယ့်၊ ဒါကြောင့် ဟိုဘက်ခပ်လှမ်းလှမ်းမှာပဲ သွားရပ်နေစေချင်ပါတယ် မငွေလွှန်းပုံ၊ တစ်မျိုးတော့ မထင်ပါနဲ့နော်"



ဟု ပြောလာတော့လည်း ငွေလွှန်းပုံ ပြုံး၍ ထရပ်လိုက်သည်ပါပဲ။ ခပ်လှမ်းလှမ်းနေရာလေးမှာ ငွေလွှန်းပုံ ဖိုင်လေးကို အပိုက်မပျက် ပိုက်ထားလျက် ရပ်နေလိုက်သည်ပါပဲ။ နုနုသာမှလည်း ဖိုင်တွေ တစ်ခုပြီးတစ်ခုလှန်လိုက်။ ရေးမှတ်လိုက်ဖြင့် အလုပ်များနေပါ၏။ တကယ်ပဲများနေခြင်းလား။ ဟန်ပန်များနေခြင်းလားဆိုတာတော့ မသိနိုင်။ သေချာတာတစ်ခုကတော့ နုနုသာသည် ငွေလွှန်းပုံကို စကားပြောဆိုလိုစိတ်မရှိတော့ခြင်းပဲဖြစ်သည်။ စိတ်ထဲ မျက်သွားပုံရသည်။ ဘာကြောင့်ဆို စာအုပ်ထဲလာရင်းကိစ္စကို ရေးမထားခဲ့နိုင်ပါဘူးဟု ဖြေခဲ့သည့်အတွက် ငွေလွှန်းပုံအပေါ် ကြီးကြီးကျယ်ကျယ်ကောင်မလေးတစ်ယောက်အဖြစ် မှတ်ယူထားလိုက်ပုံရနေသည်ကိုးလေ။

အထည်စက်ရုံကြီး ဆိုတာကလည်း သီးသီးသန့်သန့်ရှိကာ။ အထည်ချုပ်စက်ရုံဆိုတာကြီးကလည်း နှစ်ထပ်အဆောက်အအုံကြီးတစ်ခုအဖြစ် သီးသီးသန့်သန့်ရှိနေသေးသည်။ အထည်စက်ရုံကြီးကတော့ တစ်ထပ်အဆောက်အအုံမြင့်ကြီးနှင့်ဖြစ်ကာ ...။ ခု ငွေလွှန်းပုံရောက်နေရာ အဆောက်အအုံဆိုတာကတော့ အထည်ချုပ်စက်ရုံကြီး၏ ဒုတိယထပ်မှာ ရှိနေပါသော ရုံးခန်းနေရာပဲဖြစ်ပါ၏။

အပေါ်ထပ်၏ထက်ဝက်နေရာသည်ပင်လျှင် အထည်ချုပ်စက်ခန်းတွေ ရှိနေသေးသည်။ တစ်ဝက်မှသာ တံခါးပိတ်ထားသောအခန်းတွေနှင့်။ သည်ဘက်ကျတော့ ဝန်ထမ်းတွေ၏စားပွဲတွေရှိနေကြကာ။ ရုံးခန်းသည် ဝဲဘက်အစွန်ဆုံးအခန်းကျယ်ကြီးတစ်ခုဖြစ်ပါ၏။ စည်းဝေးခန်းဆိုတာလည်း ဘယ်မှာရှိနေသည်မသိ။

www.burmeseclassic.com

www.burmeseclassic.com



ဟိုကြည့်သည်ကြည့်နှင့် ငွေလွှန်းပုံရှိနေရင်းမှ ဘယ်အခန်းတံခါးက များ တံခါးရွက်ကြီးပွင့်လာချေမည်လဲ။ ဘယ်အခန်းကများ ဘုန်းထက်လူ ဆိုသည့်သူဌေးကြီး ထွက်လာချေမည်လဲဆိုတာကို လည်ဆန့်၍ ဟိုမျှော်သည်ကြည့်နှင့် ငွေလွှန်းပုံရှိနေရသည့်အဖြစ်။

အပေါ်ထပ်ပြတင်းအနီးမှရပ်နေရတာမို့လည်း ချုပ်ပြီးအထည်တွေကို တစ်ဖက်တစ်ထပ်အဆောက်အအုံကြီးဆီသို့ စက်ရုံအတွင်းသုံး ကားငယ်လေးတွေဖြင့် ပို့နေတာလည်း မြင်နေရသည်။ ကြည့်ရတာ ထိုနေရာမှာ အထည်တွေကို မီးပူတိုက်တာ၊ ထုပ်ပိုးတာတွေ ဆက်လုပ်တာဖြစ်မည်။

အတော်ကြီးကို စည်းစနစ်တကျလည်းရှိကာ အရင်းအနီးများစွာမြှုပ်နှံလျက် လုပ်ကိုင်အောင်မြင်နေသည့် ဧရာဝတီအထည်နှင့် အထည်ချုပ်စက်ရုံကြီးပါတကား။

အထည်စက်ရုံကြီးကသပ်သပ်၊ အထည်ချုပ်စက်ရုံကသပ်သပ်၊ ထုပ်ပိုးစက်ရုံကသပ်သပ်။ ဝန်ထမ်းလည်းများသည်။ ဤသို့သော ဧရာဝတီအထည်ချုပ်စက်ရုံကြီးဆီသို့ ငွေလွှန်းပုံမလာဘဲ အဘယ်နေရာသို့သွားရမည်တဲ့လဲလေ ...။

လာကို လာရမည့်နေရာသည် ဤဧရာဝတီပဲဖြစ်ပါ၏။

ရပ်ရတာကြာလာတော့လည်း ငွေလွှန်းပုံညောင်းညာစပြုလာသည်။ ခြေထောက်လည်း နေရာမသိမသာရွှေ့ကာ၊ အညောင်းဖြေသလိုလေးလုပ်မိရပြန်၏။ တခြားသောစားပွဲတွေဆီကလည်း ငွေလွှန်းပုံကို အကဲခတ်သလိုတော့ကြည့်နေကြပြီ။ အလုပ်တွေနေရာမှ မသိမသာကြည့်သူ။ သိသိသာသာကြည့်သူတွေများ



လာနေပြီတည့်။ တစ်နာရီခွဲကျော်လောက်ကြာမှ တစ်ဖက်အစွန်ဆုံးအခန်းဆီမှ တံခါးတစ်ချပ်ပွင့်လာကာ လူတွေထွက်လာကြပါ၏။

ခက်သည်က ထိုထွက်လာသူတွေထဲမှာ အဘယ်သူသည် ဘုန်းတက်လူဖြစ်သည်ဆိုတာကို ငွေလွှန်းပုံ မသိခြင်းပဲဖြစ်သည်။ အားကိုးရာအဖြစ် နုနုသာကို တစ်ချက်ကြည့်မိတော့လည်း ဟက်ဟက်ပက်ပက် သိမ်လုပ်ချင်ပုံမရစွာပဲ တမင်တကာကြီးကို ငွေလွှန်းပုံကို မကြည့်ဘဲ နေနေတာကို ကြုံရပြန်သည်မို့ ...

"ငါ့နှယ်နော် ... ဒီကိုတောင်မှ ခြေစချုံပဲရှိသေးတယ်၊ အမြင်မကြည်တဲ့သူနဲ့ ပွဲဦးထွက်တိုးနေရပြီ၊ အို ... သူမပြောပြတော့လည်း ဘာဖြစ်သေးလဲ၊ ဒီသူဌေးဟာ ဒီရုံးခန်းတံခါးကိုဖွင့်ပြီး ဝင်ကိုဝင်မှာပဲ၊ စောင့်နေရုံပေါ့"

ငွေလွှန်းပုံတွေးရင်း တကယ်ပဲစောင့်နေပေမယ့် လက်တွေ့ရင်ဆိုင်လိုက်ရသည်က ထိုထွက်လာသူတွေသာ့ကုန်သွားသည်။ ဤရုံးခန်းတံခါးကိုဖွင့်ဝင်လာသူကတော့ မရှိသေးဘဲဖြစ်နေသည့်အဖြစ်။ မျက်စိလေးစွေ၍ မသိမသာလေး နုနုသာကိုကြည့်လိုက်တော့လည်း စာတစ်ရွက်ရေးနေတာပဲ ကြုံရပြန်သည်တည့်။

"တကယ်ရေးနေတာမှဟုတ်ရဲ့လားမသိဘူး၊ ဟန်ဆောင်ပန်ဆောင်နဲ့ တစ်ခုခုရေးနေသလိုများ စတိုင်ပြနေတာထင်ပါရဲ့"

တစ်ဖက်သားကို မယုံသင်္ကာစတင်၍ ဖြစ်လာတာကိုက မကောင်းတော့ပြီပဲဟု ကိုယ့်ဘာသာကိုယ် ပြန်၍မနည်းသတိပေးနေရပြန်သည်ကောလေ။

ထိုစဉ်ခိုက် စည်းဝေးခန်းတံခါးရွက်ကြီးဆီမှ လူတစ်ယောက်နောက်ကျလွှန်းစွာ ထွက်လာတာကို ငွေလွှန်းပုံ မြင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ရပါပြီ။ အရပ်ကြီးကမြင့်သည်။ ဆံပင်ထူနက်နက်ကို လူကြီးဆန်စွာ နောက်လှန်၍ဖြီးထားတာမို့ အတန်မျှပင် အရွယ်ကရင့်သည့်နှယ်ရှိနေ၏။ အနောက်တိုင်းဝတ်စုံမီးခိုးရောင်ကို သပ်သပ်ခပ်ခပ်ဝတ်ထားသည်။ လူကတော့ လူချောကြီးဖြစ်နေသည်ပါပဲ။ တဖြည်းဖြည်းနီးလာလေ ရုပ်အဆင်းခန့်သန့်တာ ထင်ရှားလာလေပါ။ မျက်နှာက မကြည်မလင်ဖြစ်နေသည်။ ခြေလှမ်းကြဲကြီးနှင့် လျှောက်လာရာမှ ဘယ်သူ့ကိုမှ ကြည့်မနေဘဲ တောက်လျှောက် ရုံးခန်းတံခါးကိုဖွင့်ဝင်သွားတော့ ငွေလွှန်းပုံ စိတ်လက်ညစ်သွားရသည်ပါပဲ။

နုနုသာကိုကြည့်မိတော့လည်း ပြုံးထေ့ထေ့နိုင်စွာ ဤတစ်ကြိမ်မှာ ကြည့်နေတာနှင့်တိုးသည်။

"ဆောရီးပဲ ငွေလွှန်းပုံ၊ ယူမြင်တဲ့အတိုင်းပဲ၊ အစ်ကိုလေး မျက်နှာမကြည်မလင်ဖြစ်နေတာဆိုတော့ နုနုသာ အစ်ကိုလေးဆီကို သတင်းမပို့ပေးနိုင်ဘဲဖြစ်နေတယ်၊ ယူ့ကိုတွေ့ဖို့လည်း ချိန်းထားတာမရှိဘူး မဟုတ်လား၊ ချိန်းထားတာရှိတယ်ဆိုရင်တော့ မလွဲမသွေ နုနုသာတို့က အစ်ကိုလေးကို ယူရောက်နေကြောင်း သတင်းသွားပို့ပေးရမှာပါ"

အားမနာစတမ်းကြီးပဲ ခပ်ရှင်းရှင်းကြီး ပြောလာပါသည့်စကား။ သဘောကတော့ဖြင့် တပ်ခေါက်၍လှည့်ပြန်ပေရော့ဆိုသည့်သဘော။

ငွေလွှန်းပုံရင်ထဲ မခံချင်။ ဘယ့်နှယ် ...။ ဤမျှနာရီနှင့်ချီ၍ စောင့်ခဲ့ရပါသည့် စောင့်ဆိုင်းမှုကြီးတစ်ခုသည် ဘာမျှအကျိုးမရှိ အရာမထင်ဘဲ ပြန်သွားရသည့်အဖြေမျိုးဖြင့်တော့ အဆုံးသတ်မခံနိုင်။



နုနုသာ ဘယ်လိုမှ မထင်မှတ်ထားသည့်အဖြစ်တစ်ခုကို မြန်ဆန်လွန်းစွာပဲ ငွေလွှန်းပုံ လုပ်ပစ်လိုက်သည်ပါပဲ။ ခြေလေးလှမ်းစာပင် မကျန်တော့သည့် ရုံးခန်းတံခါးကို ခြေလှမ်းကျဲလေးဖြင့် လျှောက်သွားကာ ဖွင့်ဝင်လိုက်သည့် ငွေလွှန်းပုံပါတည့်။

"အို ... အို ... အဲလိုမဝင်ရဘူးလေ"

ဟန်ထည့်ထိုင်နေခဲ့လေသမျှ ကမန်းကတန်းနိုင်လွန်းစွာ ထရပ်လိုက်သည်မှ ကုလားထိုင်တွန်းရွှေ့သံလည်း မြည်လာရသည်။ လူကလည်း နောက်ပါးဆီသို့ ကသောကမျောနိုင်စွာ ကပ်ပါလာရသည်။ လက်ကိုလည်း လှမ်းဆွဲသည်။ ဒါပေမဲ့ နုနုသာ၏လှုပ်ရှားမှုတိုင်းက နောက်ကျနေခဲ့သည့်အဖြစ်။ ထရပ်တာလည်း နောက်ကျသည်။ လိုက်လာတာလည်း နောက်ကျပြီ။ လက်ဆွဲချိန်မှာဖြင့် ငွေလွှန်းပုံက ဘုန်းတက်လူ၏ရုံးခန်းထဲရောက်နေသည့်အဖြစ်။ ရုံးခန်းကျယ်ကြီး၏ မှန်ပြတင်းကြီးဘက်ဆီသို့ မျက်နှာမူကာ ရုံးခန်းတံခါးကိုကျောပေးရပ်နေပါသည့် ဘုန်းတက်လူသည်လည်း နုနုသာ၏မနှစ်မမြို့ကြီး ငွေလွှန်းပုံကို တားမြစ်နေသည့်အသံကို ကြားရ၍ဖြစ်မည်။ ကိုယ်ကိုပြန်၍လှည့်လာပါ၏။

မြင်ကွင်းကိုကြည့်ကာ အနည်းငယ် စိတ်ရှုပ်ထွေးမှုပိုလာပုံလည်းရသည်။

"နုနုသာ သူ့ကိုတားပါတယ် အစ်ကိုလေး၊ သူကိုက ဇွတ်ဝင်လာတာပါ၊ အစ်ကိုလေး အစည်းအဝေးမှာ ရှိနေတယ်လို့ ပြောခဲ့တုန်းကလည်း စောင့်နေတာပါ၊ ချိန်းထားတာမရှိရင်

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပါလို့ ပြောတာကိုလည်း မပြန်ဘူး အစ်ကိုလေး၊ ခုလည်း အစ်ကိုလေးအခန်းထဲမဝင်ဖို့ ပြောတဲ့ဥစ္စာ ဇွတ်ဝင်လာတာပါ၊ အလွန်ခေါင်းမာပါတယ် အစ်ကိုလေး"

အပြစ်တင်ခံရမှာကို လန့်နေတာလည်းပါသည်။ တွန်းတိုက်ချင်တာလည်းပါသည်။ မျက်နှာငယ်လေးဖြင့် တောက်လျှောက်ပြောနေပါသည့် နုနုသာကို သူကြည့်သည်။ နောက်တော့ ငွေလွှန်းပုံကိုကြည့်သည်။ အတော်ကြီးကြာအောင် စောင့်နေသည် ပဲဟူ၍လည်း နားလည်နေပုံ ရသွားလျက် ...

"မင်းသွားလို့ရပြီ နုနုသာ၊ ဪ ... မင်းလည်း ဒီမှာထိုင်၊ မင်းကို ကိုယ်မမြင်ဖူးဘူး ဆိုတာတော့ သေချာနေတယ်ကွ၊ လာရင်းကိစ္စလည်း ပြောစမ်းပါဦး"

ဟု ပြောသံမွှင့်ကျလာတော့ ငွေလွှန်းပုံရင်ထဲ အားတက်သွားသည်ပါပဲ။ ဘာပဲဖြစ်ဖြစ်။ ဧရာဝတီစက်ရုံကြီး၏အရှင်သခင် သူ့ထွေးကဖြင့် လက်ခံလိုက်ချေပြီကိုးလေ။

နုနုသာ မျက်နှာမကောင်း။ ဇွတ်ဝင်ရပါမို့လားဟုလည်း မျက်ထောင့်ဖြင့် ကြည့်ဖြစ်အောင် ကြည့်သွားသေးသည်။ ပြီးတော့မှ ထွက်သွားပါ၏။ ငွေလွှန်းပုံကုလားထိုင်လေးမှာ သွားထိုင်သည်။

"ခုကြည့်စမ်း ... ငါ ထိုင်ခွင့်ရတာကဖြင့် သူ့အလုပ်စားပွဲရှေ့က ကုလားထိုင်မှာတောင် ဖြစ်နေပြီ။ ဘာတတ်နိုင်သေးလဲ ဒေါ်ဟန်ထယ်ရဲ့ ငွေလွှန်းပုံ ဆိုတာ ဖြစ်ချင်တာကို ရအောင်လုပ်တတ်တယ်ကွယ့်"



ဟု ကိုယ်လုပ်ရပ်အပေါ် ကိုယ်ပြန်ကျေနပ်၍ ပီတိဖြစ်နေချိန်မှာ သူ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လာနေပြီ။ ထိုစဉ်ခိုက် သူ့လက်ကိုင်ဖုန်းမြည်လာတာမို့ ပြတင်းအနီးသို့ ပြန်လျှောက်သွားကာ ...

"ဟုတ်တယ် ကိုစိုး၊ တံဆိပ်က တကယ့်အစစ်တွေဖြစ်နေတယ်၊ အဲဒီအထည်တုတွေမှာ ကျွန်တော့်စက်ရုံပါကင်သေတ္တာအစစ်၊ စက္ကူတံဆိပ်ကလည်း အစစ်ပဲဖြစ်နေတယ်၊ ဒါ ကျွန်တော့်စက်ရုံအထည်တွေအပေါ်မှာ လူတွေအားပေးယုံကြည်နေသမှုကို ပျက်အောင်တိုက်ခိုက်ခံလိုက်ရတာပဲ ကိုစိုး၊ အဲဒီကွာလတီညံ့နေတဲ့ အထည်တွေအားလုံးကို ကျွန်တော် လိုက်သိမ်းခိုင်းထားတယ်၊ ဆိုင်ကြီးဆိုင်ငယ် လက်လီလက်ကား အားလုံးဆီကို ကျွန်တော့်လူတွေနဲ့ကားတစ်စီးနဲ့ လိုက်သိမ်းခိုင်းထားရတယ်၊ ဧရာဝတီရဲ့အထည်စစ်တွေကိုလည်း အစားထိုးပေးဖို့ စီစဉ်ထားတယ်၊ ငွေအားဖြင့်တော့ ကျွန်တော် အတော်ကြီး အနစ်နာခံပြီး လုပ်ပေးရတာမှန်ပါတယ်၊ စက်ရုံရဲ့သိက္ခာပိုင်းအတွက် အဲဒါတွေကို ပြန်ရင်းရမှာပဲ ကိုစိုး၊ နယ်တွေကိုလည်း စက်ရုံကလူတွေလွှတ်ပြီး အထည်တွေကိုပြန်သိမ်း၊ စာရင်းအင်းနဲ့မှတ်၊ ဒီရောက်တဲ့အခါ အစစ်တွေ အမျိုးအစားတူ ပြန်ပို့ဖို့စီစဉ်ထားတယ်၊ ဒီကထွက်ကတည်းကလည်း အထည်မျိုးစုံသယ်နိုင်သမျှ သယ်သွားဖို့လည်း စီစဉ်ထားတယ်၊ မလောက်မငဖြစ်ရင် စာရင်းနဲ့ပြန်ပြီးသယ်လာ၊ ဒီရောက်တဲ့အခါ အဲဒီစာရင်းအမယ်အတိုင်းပြန်ပို့၊ အဲသလိုလုပ်ရမှာ"

www.burmeseclassic.com

www.burmeseclassic.com



ပြောနေသံတွင် စိတ်ပင်ပန်းငွေ့တွေ သိသိသာသာ ပါနေသည်။ ခံပြင်းခြင်းတွေ ပါနေသည်။

"တစ်ယောက်ယောက်ရဲ့ မသမာမှုတော့ ပါနေတာ အသေအချာပဲပေါ့ ကိုစိုး၊ ကိုစိုးရဲ့မန္တလေးဆိုင်အတွက်လည်း ဒီကအထည်တွေ ပို့မှာပါ၊ အဲဒီကအတုတွေ အစည်းလိုက် ပြန်သိမ်းပါ့မယ်၊ ကျေးဇူးတင်တယ် ကိုစိုး၊ ဒီကိစ္စ ဒီမနက် ကိုစိုး လှမ်းပြီးဖုန်းနဲ့ပြောမှ သိခဲ့ရတာ၊ ချုပ်ရိုးချုပ်သားလည်း ကွာနေတယ်၊ အထည်ချင်းလည်း ကွာတယ်ဆိုတာ ကိုစိုး သတိထားမိရာက ... ပြီးတော့ ဝယ်တဲ့ကတ်စ်တမာတွေရဲ့လာပြောတဲ့ စကားအရလည်း သိရတာမို့ လှမ်းသတိပေးတာကိုပဲ ကျေးဇူးတင်လှပါပြီ။ သတင်းစာထဲမှာလည်း ဒီရက်ပိုင်းအတွင်းမှာ ကြော်ငြာထည့်မှာပါ၊ ဇရာဝတီရဲ့ အထည်အစစ်တွေကို သတိထား သတိပြုပြီး ဝယ်ဖို့ဆိုတာလည်း ပါမှာပါ"

ဟု သူပြောနေသမျှ နားထောင်နေရင်းမှ ငွေလွှန်းပုံ စိတ်ထဲမကောင်း။ ခုလိုတစ်ဖက်သားခမျာ စိတ်ရှုပ်ထွေး ပင်ပန်းနေချိန်မှာ ငွေလွှန်းပုံက ဇွတ်ကြီးအတင်း ရုံးခန်းထဲထိ ကိုယ့်ကိစ္စ ရှေ့တန်းတင်၍ ဝင်လာမိခဲ့သည်ကိုက မသိဆိုးဝါးရာ ရောက်နေပြီ။

"ရန်ကုန်မှာလည်း စက်ရုံကလူယုံကောင်လေးတွေနဲ့ အာလုံးလိုက်မေး၊ လိုက်ကြည့်ခိုင်းတော့ တချို့လက်လီလက္ကားဆိုင်တွေမှာ အဲဒီအထည်တုတွေ တွေ့ခဲ့ရလို့ ပြန်သိမ်းရတာ ကိုစိုးရာ၊ ဒါ ဒီမရိုးသားတဲ့ ကြံစည်မှုဟာ သိပ်မကြာသေးဘူးလို့တော့ သုံးသပ်လို့ရတယ်၊ ဟုတ်ပါတယ် ကိုစိုး၊ အတွင်းလူတော့ ပါရမှာပါ၊ ဒါ ရှင်းနေတာပဲဗျာ၊ အဲဒီထဲက တချို့ဆိုင်တွေက ပြောပါတယ်၊ သူတို့ကလှမ်းမမှာဘဲနဲ့ အဲဒီအထည်သေတ္တာထုပ်တွေ လာပို့သွားတာတွေ ရှိသေးတာတဲ့၊ စက္ကူသေတ္တာတွေကလည်း ဇရာဝတီရဲ့အမှတ်တံဆိပ်ပါတဲ့ သေတ္တာတွေပဲဆိုတော့ ကျွန်တော်က စက်ရုံက ပို့ခိုင်းလိုက်တာပဲလေ ဆိုပြီး ယူထားလိုက်တာတဲ့၊ ပို့တဲ့သူက ပြောသွားသေးတယ်ဆိုပဲ သီတင်းကျွတ်နီးလို့ အထည်တွေကို တမင်တကာ လေးဆယ်ရာခိုင်နှုန်းလျှော့ပြီးပို့ခိုင်းတာမို့ လာပို့ရပါတယ်ပေါ့ ... ဆိုသတဲ့ဗျာ"



ဟု ဆက်ပြောနေတော့လည်း ငွေလွှန်းပုံ စိတ်မောသက်မောလေး နားထောင်နေရပါ၏။ ဤမျှအထိစိတ်မောဖွယ်ကောင်းနေသည့်ကိစ္စကြီးက ဘုန်းတက်လူကို အင်အားနှင့်ဆောင့်နေချိန်မှာ ငွေလွှန်းပုံ၏ကိစ္စက ဘာမျှအရေးတကြီး ဖြစ်မနေသင့်။ လှည့်ပြန်ဖို့သာရှိတော့သည်။ ခုလောက်ကြီးထိလာ၍ ငုတ်တုတ်ဆိုင်ကာသူများကိစ္စ နားထောင်နေသူ ဖြစ်နေတာပင် အားနာဖို့ကောင်းလှပြီ။

"အင်း ... ဘယ်လိုအတွင်းလူက လုပ်မှာလဲ၊ သစ္စာမရှိတဲ့သူပေါ့၊ ငွေမက်တဲ့လူပေါ့၊ ပြီးတော့ အဲဒီဘုန်းတက်လူကို စီးပွားရေးအားဖြင့် တိုက်ခိုက်တဲ့သူပေါ့၊ နေဦး ... အဲဒီစီးပွားရေးအားဖြင့် တိုက်ခိုက်ချင်တဲ့သူက ငွေကြေးအားဖြင့် ချမ်းသာတယ်၊ အဲသလိုပြောမှ ပြည့်စုံမယ်၊ ပြီးတော့ ဒီအေ က ငွေမက်တဲ့သူနဲ့ ပေါင်းမိရင်း ဒီလိုလုပ်တာဖြစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



အလကားထိုင်နေတာမျိုး ဖြစ်မလာနိုင်။ အတွေးက ဝင်လာသည်။ သူများရုံးခန်းထဲလည်း ရောက်နေပြီ။ သူများကိုစ လည်း ကြားနေပြီဆိုတော့ ဦးနှောက်က အလကားငြိမ်မနေ။ မိန်းမသားတို့ထုံးစံအတိုင်း ဝင်တွေးပေးနေပြီ။ စဉ်းစားကြည့်နေပြီ။

"ဟုတ်ကဲ့ ကိုစိုး ... ညဘက်ကျမှ ကျွန်တော် ထပ်ဆက်ပါမယ်၊ မန္တလေးကဆိုင်တွေ ကိုစိုးဆီကဝယ်တင်ရောင်းတဲ့ဆိုင်တွေထဲကလည်း ကိုစိုး လက်လှမ်းမီသလောက်ပြန်သိမ်းပေးပါဗျာ၊ အင်း ... ဟုတ်တယ်၊ ဒီကိစ္စကအားလုံး အထုတွေဖြစ်နေတာ မဟုတ်ဘူး၊ တချို့က အထည်အစ တွေ၊ တချို့ကအထုတွေပါနေတာ ကိုစိုးဆီကို စက်ရုံက ပို့တဲ့အထဲမှာကို အဲသလိုညှပ်ပါနေတာဆိုတော့ အထဲကလ ပါနေတာတော့ သေချာတာပေါ့ ကိုစိုးရာ"

ဆိုတာပြောနေသမျှ ကြားနေရပြီးသည့်နောက်မှာ သူ ဖုန်းကိုခလုတ်လေးနှိပ်၍ ပိတ်လိုက်ပြီး သူ့အကြည့်က ငွေလွန်းပုံထံ ရောက်လာသည်။ စိတ်ရှုပ်ထွေးနေရသူတို့၏ ထုံး အတိုင်း အကြည့်က အတန်မျှတော့ မှိုင်းနေသည်။ မျက်ဝန်းအကြည့် က တောက်ပမနေ။ သေချာတာ တစ်ခုကတော့ အားနာ၍သာ ငွေလွန်းပုံကို လက်ခံတွေ့ဆုံပေးလိုက်ရတာပဲ ဖြစ်နေချေမည်သာ

"ခင်ဗျားနာမည် ... ဘယ်သူ ..."

ဟု မေးလိုက်ရင်းမှ သူထိုင်သည်။ စားပွဲတစ်လ ခြား၍ ထိုင်နေပါသည့် သူ့ကို ငွေလွန်းပုံ ဘာမှပင် မပြော တော့ပါ။ လာရင်းကိစ္စ ပြောကိုပြောရမှ ဟူသော စောစောကဖြ ခဲ့သည့် ခေါင်းမာမှုလေးတွေပင် လုံးဝပျောက်ဆုံးကုန်ကြရပြီ



"ကျွန်မ ငွေလွန်းပုံပါ"

"ကောင်းပြီ ငွေလွန်းပုံ၊ မင်း လာရင်းကိစ္စပြောပါဦး၊ မင်းကို ကိုယ်မသိတာတော့ သေချာနေတယ်လေ"

ဟု ဆက်ပြောလာကာ အကြည့်က ငွေလွန်းပုံ၏ ရှေ့စားပွဲနေရာထက်မှာ တင်ထားသည့် ဖိုင်လေးဆီသို့ တစ်ချက် ရောက်သည်။

"ငွေလွန်းပုံ ပထမဆုံး ပြောချင်တာက အားနာတာကိုပါပဲ ဦးဘုန်းတက်လူ၊ ဒီမှာက စိတ်ပင်ပန်းစရာတွေ ခုလောက်ထိဖြစ်နေတာ ကျွန်မ မသိခဲ့တာမို့ ခုလို အတင်း ဝင်လာမိတာပါ"

"ဒါပေမဲ့ အခုရောက်နေပြီလေ၊ စောင့်ခဲ့တာလည်းအကြာကြီး မဟုတ်လား၊ ဒီတော့ ပြောပါ၊ ကိုယ်နားထောင်ပါ့မယ်၊ နောက်တစ်နေ့မှ လာပြောပါ့မယ်ဆိုတာတွေလည်း မလုပ်ပါနဲ့၊ နောက်တစ်နေ့မှာ ကိုယ်နောက်ထပ် ဘာတွေ အလုပ်များနေဦးမယ် ဆိုတာလဲ မသိနိုင်ဘူး၊ မင်းလည်း ထပ်စောင့်နေရတာမျိုး ကြုံချင်ကြုံနေဦးမယ်၊ ရောက်နေပြီပဲ ငွေလွန်းပုံ၊ ပြောပါ"

ဟု သူ ပြောလာတော့ ငွေလွန်းပုံ သူ့ကိုလေးစား သာရသည်ပါပဲ။ နားလည်မှုပေးနိုင်လွန်းသူ တစ်ယောက်အဖြစ် သည်း အထင်တကြီး ဖြစ်လာမိရပါ၏။

"ကျွန်မ ဝါသနာအရ အထည်တွေအတွက် ဒီဇိုင်းဆွဲတဲ့သူပါ၊ ကျွန်မရဲ့အထည်ဒီဇိုင်းတွေက လူလတ်တန်းစားတွေအတွက် ဈေးနှုန်းအားဖြင့် သက်သာသင့်တော်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အထည်အလိပ်တွေမှာသုံးရင် ပိုပြီးသင့်တော်မယ်လို့လည်း ထင်ပါတယ်၊ ကျောင်းဝတ်စုံကအစ အားကစားဝတ်စုံ၊ နေ့စဉ်သုံးအထည်ဝတ်စုံတွေအဖြစ် လှလည်းလှ၊ မရိုးလည်း မရိုးတဲ့ ဒီဇိုင်းတွေပါ၊ ဒီဖိုင်ထဲမှာ ကျွန်မ ဆွဲထားသမျှ ရှိပါတယ်၊ ကျွန်မရဲ့ဒီဇိုင်းတွေကို ကျယ်ကျယ်ပြန့်ပြန့်ထဲထဲ ဝင်ဝင် အောင်မြင်ဖြစ်တည်ဖို့ဆိုတာကလည်း အထည်ချုပ် စက်ရုံတစ်ခုနဲ့ ဆက်သွယ်ဖြစ်မြောက်နိုင်မှသာ အကျိုးဖြစ် ထွန်း အရာထင်မယ်လို့ ယုံကြည်တဲ့အတွက် ကျွန်မ ဒီကို ကိုယ့်ကိုဘယ်သူမှ မခေါ်ပေမယ့် ရောက်လာရတာပါ"

မထူးတော့ပြီ။ ရောက်မှတော့ဖြင့် ပြောပြရတော့ မည်သာ။ ဘုန်းတက်လူကလည်း ပြောနိုင်းနေပြီကိုးလေ။ ကိုယ် ကလည်း ရောက်နေပြီ။ စောစောကတော့ နောက်တစ်နေ့မှလာ တွေ့ပါတော့မည်ဟု ဘုန်းတက်လူကိုပြောပြီး ပြန်ဖို့တွေးထား ပေမယ့်။ ထိုအတွေးကို ကြိုတင်သိနေပြီဖြစ်ပါသည့် ဘုန်းတက်လူမှ နောက်တစ်နေ့ဆိုတာကို အချိန်လည်းမပေးနိုင်တော့ပုံဖြင့် ပြောလာ သည်မို့။ ခုလိုပြောပြလိုက်ရခြင်းပါ။ သူ တိတ်ဆိတ်စွာနားထောင် သည်။ ငွေလွှန်းပုံကိုလည်း တစ်ချက် အကဲခတ်သလိုကြည့်သည်။ ထိုအကြည့်တွေထဲမှာ ငွေလွှန်းပုံ၏စရိုက်နှင့် ဖွဲ့ကိုတိုင်းတာနေသည့် အကြည့်တွေလည်းပါနေသည်ဟု ငွေလွှန်းပုံ ခံစားရပါ၏။

"ကိုယ့်မှာက ဒီဇိုင်နာတွေရှိပါတယ်၊ ဒါပေမဲ့ မင်းရဲ့ဒီဇိုင်း တွေကို ထားခဲ့နိုင်မယ်ဆိုရင်တော့ထားခဲ့ပါ၊ လောလောဆယ် မှာတော့ အဲဒါတွေကိုကြည့်ဖို့ ကိုယ်စိတ်မပါနိုင်ဘဲဖြစ်နေ မယ်ဆိုတာ မင်း နားလည်မှာပါ၊ မင်းရဲ့ဒီဇိုင်းတွေနဲ့ပတ်သက်



ပြီး ကိုယ့်အပေါ်မှာ ယုံကြည်တယ်ဆိုရင်ပေါ့လေ၊ ဥပမာ ပြောရင်တော့ မင်းရဲ့ဒီဇိုင်းတွေကို ငါကြည့်ပြီးရင် မင်းကို ဘာတန်ရာတန်ဖိုးမှမပေးဘဲ ဒါတွေအားလုံးကို ငါ ပုံတူ ထုတ်ပစ်လိုက်နိုင်လိမ့်မယ်လို့ မင်းထင်တယ်ဆိုရင်တော့ မင်းရဲ့ဖိုင်ကို တစ်ခါတည်းယူသွားလိုက်တာပဲကောင်းပါလိမ့် မယ်"

သူပြောပြီးတာနှင့် ငွေလွှန်းပုံကို ကြည့်လာပါ၏။ ရှေ့တည့်တည့်မှာ ထိုင်နေသည့် အသားဖြူဖြူ၊ သွယ်သွယ်လျလျ လေးဖြင့် ဆံပင်ရှည်ကြီးတစ်ချောင်းတည်း ကျစ်ချထားကာ မျက် နှာထက်မှာ သနပ်ခါးပါးကွက်ကျားလေးတင်ထားပါသည့် မိန်းက လေး။ မျက်ခုံးထူထူလေးက မျက်နှာထက်မှာ ထင်းနေသည်။ မျက်ဝန်းတွေကလည်း မည်းနက်ရွှန်းတောက်နေသည်ပါပဲ။ ထိုမျက် ဝန်းနက်နက်လေးတွေထဲမှာ ဒီဇိုင်နာတစ်ယောက် ဖြစ်လာစေဖို့ အတွက် မျှော်လင့်ထားပါသည့် ရွှန်းတောက်သောအငွေ့တွေ ဖြစ်တည်နေကြပါချေ၏။

ဘော်ရုံတန်ရုံမျှော်လင့်ထားတာမျိုးမဟုတ်။ အထည် ချုပ်စက်ရုံကြီးတစ်ခု၏ ဒီဇိုင်နာအဖြစ် မျှော်လင့်ထားခြင်း။ ကိုယ့် သဘောနှင့်ကိုယ် စွန့်စားစွာ ရောက်လာတာလေးကိုလည်း သူ သဘောကျသည်။ ဤကောင်မလေး လူပုံနွံ့ပေမယ့် သတ္တိတော့ အကောင်း။ ခေါင်းလေးလည်း ခပ်မာမာထဲကဖြစ်မည်။ ဘာကြောင့် ဆို သူ့ကို အချိန်တွေအများကြီးကုန်အောင် စောင့်ခဲ့သည်မဟုတ် ပါလား။ ဆုံးဖြတ်ပြီဆိုလျှင် နောက်လှည့်ပြန်ချင်တာမျိုး ခေါင်းထဲ ထည့်မထားသည့်အချိုးလေး။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ယုံကြည့်ပါတယ်၊ ကျွန်မ ထားခဲ့ပါ့မယ်"

ဟု ငွေလွန်းပုံပြောတော့ သူ မျက်စိဝေ့၍ ရှာကြည့်မိသည်က ကောင်မလေးရှေ့ စားပွဲထက်မှာ ဟန်းဖုန်းလေးတင်ထားတာမျိုး ရှိနေချေမည်လားဆိုသည့်အတွေးဖြင့်ပါ။ ဒါပေမဲ့ ဖိုင်တွဲပြာပြာအသစ်လေးတစ်ခုမှလွဲ၍ ဘာဆိုဘာမျှရှိမနေ။

"မင်းကို ဆက်သွယ်စရာ ဖုန်းရှိသလား"

ဟုမေးတော့ ငွေလွန်းပုံ သူ့ကိုကြည့်ကာ ...

"ကျွန်မ စာရွက်လေးတစ်ရွက်လောက်ရနိုင်မလား ဦးဘုန်းတက်လူ"

ဟု ပြောလာတော့ သူ ပြုံးလိုက်ကာ သူကိုယ်တိုင်ပဲ သူ့မှတ်စုစာအုပ်လေးကိုဖွင့်ကာ ...

"ဖုန်းနံပါတ်ပြောမလို့ မဟုတ်လား၊ ပြောလေ ကိုယ်မှတ်လိုက်ပါ့မယ်"

ဟု ပြောမိရပါ၏။ စောစောက တင်းကျပ်မွန်းသိပ်နေသည့် ရုပ်ထွေးပန်းဟိုက်မှုတွေ လောလောဆယ်မှာ အတန်မျှတော့ ပေါ့ပါးလာသည်သို့ ရှိလာတာကို သူ သတိထားမိလာသည်။ အစည်းအဝေးခန်းထဲမှာ တစ်ယောက်တည်း စိတ်မောစွာထိုင်ကျန်ခဲ့လျက် ...။ အတန်ကြာတော့မှ ထွက်လာမိခဲ့တာလည်းအမှန်။ ရုံးခန်းထဲမှာ တစ်ယောက်တည်း တိတ်ဆိတ်စွာထိုင်နေရတာထက် ခုလို ဒီဇိုင်နာဖြစ်ချင်ဖော်ဖြင့် ရောက်လာသည့် ကောင်မလေးတစ်ယောက်နှင့် မမျှော်လင့်စွာပဲ စကားစမြည်တွေ ပြောဆိုဖြစ်လာတာပဲ စိတ်၏မွန်းကျပ်ရာတွေ လတ်တလောမှာ သက်သာရာရောက်နေသည့်အဖြစ်။



"ကောင်းပြီ ... ကိုယ် ဖုန်းဆက်လိုက်မယ်လေ၊ အဲဒီတော့မှလာခဲ့ပေါ့၊ လောလောဆယ်မှာတော့ စောစောက မင်းကြားခဲ့ရတဲ့အတိုင်းပဲ ကိုယ့်မှာ အမြန်ဖြေရှင်းစရာတွေရှိနေတယ် ငွေလွန်းပုံ၊ အင်း ... ကိုယ့်စက်ရုံမှာ ဒီတစ်ကြိမ်ပဲ ခုလို ဆိုးဝါးတဲ့အဖြစ်ကို ကြုံရတာပဲ"

ဟု တစ်ချက် ညည်းညူလိုက်စဉ်ခိုက် ငွေလွန်းပုံ ခပ်ငေးငေးကြည့်နေတာကို သူ ကြုံရသည်မို့ ...

"ဒါနဲ့ မင်းစိတ်ထဲမှာ စောစောက မင်းကြားခဲ့တဲ့အကြောင်းတွေနဲ့ပတ်သက်ပြီး ဘာတွေးမိတာရှိနေလဲ၊ ကိုယ်ဖုန်းပြောနေတာ မင်း ကြားခဲ့တာပဲလေ"

ဟု လွတ်ခနဲ သူပြောမိသွားရပါ၏။ သူ့ဘာသာသူလည်း တစ်ချက်အံ့ဩချင်သည်။ ခုမှတွေ့သည့် ကောင်မလေးတစ်ယောက်ကို သူက သူ့ကိစ္စနှင့်ပတ်သက်၍ မေးမြန်းလိုက်ချေသည်ကိုး။ ထိုသို့မေးလာမည်ဟုလည်း ငွေလွန်းပုံ ထင်ထားပုံမရ။ အံ့ဩသွားတာလည်းသိသာသည်။ သူ အားယူပြုံးလိုက်ကာ ...

"ဖေဖေ ပြောခဲ့ဖူးတယ် မငွေလွန်းပုံ၊ ကိစ္စတစ်ခုခု ပြဿနာတစ်ခုခု ကျဉ်းထဲကျပ်ထဲရောက်နေတာမျိုးပဲဖြစ်ဖြစ်၊ စိတ်ရှုပ်ထွေးပင်ပန်းရတာပဲဖြစ်ဖြစ်၊ ဆိုးဝါးတဲ့ကိစ္စရပ်တစ်ခုခုကိုပဲဖြစ်ဖြစ် ကြုံပြီဆိုရင် လူတစ်ယောက်ယောက်ဆီက သဘောထားအမြင်ကို ယူကြည့်ပါတဲ့၊ ကိုယ့်လတ်တလောရင်ဆိုင်နေရတဲ့ကိစ္စကို သိတဲ့ကြားတဲ့သူတစ်ယောက်ဆီကပေါ့တဲ့၊ လောလောဆယ်မှာက မင်းက ကိုယ့်ရှေ့မှာရောက်နေတယ်လေ၊ စောစောက ကိုယ်ပြောခဲ့တဲ့စကားတွေကို

www.burmeseclassic.com

www.burmeseclassic.com



လည်း ထိုက်သင့်သလောက်တော့ ကြားခဲ့ပြီကိုး၊ တိုက်ဆိုင်တာက ဒီနေ့မှာမှ မင်းကလည်း ကိုယ့်ဆီကိုရောက်လာတာ၊ ကိုယ့်အလုပ်ထဲကလူတွေကိုလည်း မင်းတစ်ယောက်မှ သိထား ကျွမ်းထားတာမရှိဘူး၊ ဘယ်သူ့ကိုမှ ချောက်တွန်းစရာလည်းရှိမနေဘူး၊ ဒီတော့ မင်းဆီက မှတ်ချက်လေးတစ်ခုခုဟာ ကိုယ့်အတွက် ကောင်းတဲ့အဖြေတစ်ခုကို အစရှာတွေ့စရာများ ဖြစ်လာမလားလို့ပါ"

ဟုပြောလာတော့ ငွေလွန်းပုံ အကဲခတ်သလိုကြည့်နေသေးသည်။ သူ တကယ့်ကို လေးလေးနက်နက်ထား၍ပြောနေမှန်း သိတော့မှ ကိုယ်လေးမတ်လိုက်ကာ ...

"ကျွန်မ ထင်တာပြောရမယ်ဆိုရင် ချမ်းသာသူတစ်ယောက်ယောက်က ဒီကိစ္စထဲမှာ ငွေကုန်ခံပြီး အတွင်းလူနဲ့ပေါင်းလိမ့်မယ်လို့ထင်ပါတယ်၊ ဒီလုပ်ငန်းနာမည်ပျက်အောင်လုပ်တယ်ဆိုတဲ့နေရာမှာ သူလည်း အထည်ညံ့တွေကိုသုံးရတယ်ဆိုပေမယ့် ငွေတော့ရင်းရတာပဲ မဟုတ်လား"

သူ ခေါင်းညိတ်သည်။ ဆက်ပြောမည့်စကားကိုလည်း စိတ်ဝင်တစားဖြင့် စောင့်ဆိုင်းနားထောင်နေသည်ပါပဲ။ ငွေလွန်းပုံကလည်း စိတ်ပါလက်ပါပြောမိရသည်ပါပဲ။ ဘာပဲဖြစ်ဖြစ်။ ဤဧရာဝတီစက်ရုံကြီးမှာ ငွေလွန်းပုံသည်လည်း အလုပ်တစ်ခုအတွက် ရောက်လာနေမိရပြီ။ တကယ်ပဲ လုပ်ဖြစ်သည်ဖြစ်စေ။ ဘုန်းတက်လူ ဆိုသည့်သူမှ ဒီဇိုင်နာတစ်ယောက်အဖြစ် လက်မခံဘဲ ငြင်းပယ်သည်ပဲဖြစ်စေ။ ဤစက်ရုံကိုတော့ ငွေလွန်းပုံ ဆိုတာ ပတ်သက်ရောက်လာခဲ့တာတော့ရှိနေပြီ။ ဤစက်ရုံ၏အရေးကိစ္စ



ကို ဉာဏ်စွမ်းလေးတစ်ခုလောက်ဖြင့် အကျိုးပြုရာပြုကြောင်းလေး ... တစ်ထောင့်တစ်နေရာမှ ဝင်ပါခဲ့ရသည်ဆိုလျှင်ပင် တာဝန်သိရာရောက်နေသည်ပဲလေ။ ဤသို့ ငွေလွန်းပုံ နှလုံးပိုက်မိရသည်ပါပဲ။

"အတွင်းလူဆိုတဲ့နေရာမှာ ဟိုကလွတ်ထားတဲ့ တစ်ဖက်သားဘက်ကိုပါတဲ့သူလည်း ရှိနေနိုင်တယ်၊ ဒါမှမဟုတ်ရင် အရမ်းလောဘကြီးတဲ့ ငွေမက်တဲ့သူတစ်ယောက်ယောက်လည်းဖြစ်နိုင်တယ်၊ ဒါမှမဟုတ်ရင်လည်း ပင်ကိုအားဖြင့် ငွေကြေးကိစ္စမမက်မောပေမယ့် အရေးတကြီးငွေကြေးလိုအပ်နေတဲ့သူတစ်ယောက်ယောက်လည်းဖြစ်နိုင်တယ်။ ဥပမာ မိသားစုမှာ နာတာရှည်ရောဂါဝေဒနာမျိုးရှိတဲ့သူ၊ ဒါမှမဟုတ်ရင် လတ်တလော အရေးပေါ်ဆေးရုံတွေဘာတွေတက်ရတဲ့သူ၊ ဒါမှမဟုတ်ရင် သားသမီးတွေအတွက် အကြောင်းတစ်ခုခုကြောင့် ငွေကြေး အရမ်းလိုအပ်လာခဲ့သူ၊ ဥပမာ ... မင်္ဂလာဆောင်မှာတို့ ဘာတို့ ..."

သူ့အကြည့်တွေထဲမှာ အထင်တကြီးနိုင်သည့်အရိပ်တွေပြည့်သိပ်လာနေပါပြီ။ ဤမိန်းကလေးသည် ဉာဏ်ရည်မသေးဟု နားလည်လာနေသည်။ ကိုယ်ကို ရှေ့သို့အတန်မျှကိုင်း၍ စားပွဲပေါ်လက်ကိုတင်ကာ သူ တိတ်ဆိတ်စွာနားထောင်နေမိရဆဲ။

"ဒါမှမဟုတ်လည်း အိမ်ဆောက်နေတာတို့ ဘာတို့ရှိနေတာမျိုး ဒါမှမဟုတ်ရင်လည်း ငွေချေးထားတာ အလုံးအခဲရှိနေပြီး ပြန်ဆပ်ရမယ့်ကိစ္စ အလောတကြီးဖြစ်နေတာမျိုး၊ ဥပမာ အိမ်ပေါင်တာ မရွေးနိုင်တာတို့ ဘာတို့ ဆိုပါတော့၊ တွေးရင်တော့အများကြီးပါပဲ၊ စက်ရုံတစ်ခုဆိုတာထက် အထည်စက်

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ အထည်ချုပ်စက်ရုံ အထည်တွေထုပ်ပိုးတဲ့ဌာနရယ်လို့ ရှိတာဆိုတော့ လုပ်ငန်းကကျယ်ပြန့်တာနဲ့အမျှ လူတွေက လည်းများသလို လူမှုရယ်တဲ့မှုပူမှုတွေက ဆယ်ကုဋေဆိုသလို သူ့အပူ သူ့ဒုက္ခဆိုတာတော့ ရှိနေကြမှာပဲလေ၊ အားလုံးထဲက ဖြစ်နိုင်ချေအများဆုံးရှိတဲ့သူကို ရွေးထုတ်၊ အဲဒီအထဲက ထပ်ပြီး စေ့စေ့စပ်စပ်ကြည့်ရင် ဘယ်သူဖြစ်နိုင်မယ်ဆိုတာ သိလာနိုင်မှာပါ"

ဟုပြောတော့ သူ ခေါင်းညိတ်သည်။ ကောင်းသည်က ဤသူငယ်မကို သူ့စက္ကတေရီခန့်ဖို့ဖြစ်နေပြီ။ ဒါပေမဲ့ လောလောဆယ်မှာတော့ မပြောချင်သေး။ ဒီဖိုင်နာဖြစ်ချင်၍လာသည့် မိန်းကလေးကို စက္ကတေရီလုပ်ဖို့ပြောတာမျိုးကိုတော့ ဤသူငယ်မ အဖြစ်ခံချင်မှာမဟုတ်။ စက္ကတေရီဆိုတာမလိုပါဟုတွေးကာ ထားကိုမထားသည့် ဘုန်းတက်လူဆိုသည့်သူတစ်ယောက် ခုကျတော့ ငွေလွှန်းပုံကို အထင်တကြီးဖြင့် ရှိသွားရသည်မှာလည်း အမှန်ပါ။

"ဒီမိန်းကလေးမှာ ထက်မြက်တဲ့အရည်အချင်းတွေရှိနေတာ အမှန်ပဲ"ဟု တွေးမိကာ ဖိုင်ကိုလှမ်းယူဖို့ စဉ်းစားမိသည်။ ကြည့်လိုက်တော့မည်လေ ဟုလည်း ဆုံးဖြတ်မိသည်။ ဒါပေမဲ့ ငွေလွှန်းပုံက ထရပ်နေလိုက်တာကို ကြုံလိုက်ရတာမို့ ...။ ပြန်တော့မည့် ငွေလွှန်းပုံကို သူ မတားတော့ပါ။ နောက်တော့မှပဲ အေးအေးဆေးဆေး ဆုံဖြစ်ကြတာပဲ ကောင်းပါသည်လေဟု တွေးမိရပါ၏။ ကောင်မလေး၏ဖိုင်လေးကို ညကျတော့မှပဲ ခေါင်းအေးအေးထားပြီး တစ်ချက်လောက်တော့ကြည့်လိုက်ပါတော့မည် ဟု ဆုံးဖြတ်မိရပါသည့်အဖြစ်။



"ကောင်းပြီ ... မင်းဆီကို ကိုယ်ဖုန်းဆက်ပါ့မယ်"

ဟု သူကလည်း ထရပ်လိုက်ကာ အလုပ်ဘက်ကို နွယ်သည့်စကားကို အရင်ပြောမိရပါ၏။ နောက်တော့မှ ...

"စောစောက မင်းရဲ့ထင်မြင်ချက်လေးတွေကို ကိုယ် နားထောင်နေရင်း ကျေးဇူးတင်စိတ်ဖြစ်လာရတယ် မငွေလွှန်းပုံ၊ ဖေဖေမှာခဲ့ ပြောခဲ့တဲ့စကားဟာ အလွန်မှန်တာပါပဲ"

ဟု ပြောကာ.သူ တည်ငြိမ်စွာပဲလျှောက်လာသည်က ငွေလွှန်းပုံနှင့်ယှဉ်၍ပါ။ လွယ်အိတ်လေးလွယ်ထားပါသည့် ငွေလွှန်းပုံ တံခါးရှေ့အရောက်မှာ သူကိုယ်တိုင်ပဲ တံခါးဖွင့်ပေးလိုက်ကာ ...

"ညကျရင် မင်းရဲ့ဖိုင်ကို ကိုယ် သေသေချာချာကြည့်လိုက်ပါ့မယ် ငွေလွှန်းပုံ၊ ကိုယ် အသေအချာ ကတိပေးတာပါ စိတ်ချပါ"

ဟု ထပ်၍ပြောမိလိုက်ရပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

"သမီး အလုပ်လုပ်မယ်ဆိုတာ သမီးဖေဖေသိရင် သဘောတူပါ့မလားကွယ်၊ သမီးဖေဖေက မေမေတို့သားအမိကို အိမ်နဲ့အိုးနဲ့ လစဉ်ထောက်ပံ့မှုတွေနဲ့ တာဝန်ကျေနေတာပါကွယ်"

ညနေဘက် အိမ်ရှေ့ဝရန်တာနေရာလေးမှာ သားအမိနှစ်ယောက် သင်ဖျူးဖျာလေးခင်း၍ ရေနွေးကြမ်းကရားအိုးလေးအလယ်တွင်ချ၍ လက်ဖက်သုပ်ပွဲလေး သူတစ်ဇွန်း ကိုယ်တစ်ဇွန်းစားနေရင်း ပြောနေမိကြရခြင်းပါ။ မကြာမလင့်မီမှာ ဆိုးဝါးသော ကံကြမ္မာဆိုးကြီးတစ်ခု ပြင်းထန်ကြမ်းတမ်းစွာ တိုးဝင်လာတော့မည်ဆိုတာကို ထိုစဉ်တုန်းက မသိနိုင်စွမ်းဖြစ်မဲ့ ...။ မေမေ့ပခုံးပေါ် ငွေလွှန်းပုံ ခေါင်းလေးဖေးမှီတင်လိုက်မိရင်းမှ ...

"ဖေဖေ့ကို လွှန်းပုံလည်း အားကိုးကြည်ညိုပါတယ်၊ ချစ်ပါတယ် မေမေရယ်၊ ဒါပေမဲ့ အလုပ်တစ်ခုကိုတော့ ငွေလွှန်း လုပ်သင့်တယ်လို့ ထင်တယ်လေ၊ ဖေဖေ့ဆီက

www.burmeseclassic.com



အထောက်အပံ့ဆိုတာ ပြည့်စုံနေတာ မှန်ပေမယ့် ကံကြမ္မာဆိုတာကို ဘယ်လိုမှမှန်းလို့ရနိုင်တာမှ မဟုတ်ဘဲ မေမေ၊ ကြိုတင်ပြင်ဆင်ထားမှုဆိုတာတော့ ရှိသင့်တယ်မဟုတ်လား"

ဟု မေမေ့ကို ပြောမိရစဉ်ခိုက် ရင်ထဲမှာတော့ နာကျင်နေသည်။ အားငယ်နေသည်။ သိမ်ငယ်နေသည်ပါပဲ။ ငွေလွှန်းပုံ ဘာကိုစိတ်ထဲလေးနေသည်ဆိုတာ မေမေလည်းသိနေပုံရပါ၏။ သက်ပြင်းရှိုက်ကာ ငွေလွှန်းပုံ၏ ဆံစလေးတွေကို သပ်ပေးလာသည်။ အသားဖြူဥဥလေးနှင့် မေမေသည် အလွန်လှသူပါ။ ဆံပင်တွေကလည်း နက်မှောင်သန်စွမ်းလွန်းသည်။ အသက်လေးဆယ့်ခြောက်နှစ်ဟုပင် မထင်ရ။ ပိန်သွယ်သော မေမေသည် အသက်ထက်များစွာ အရွယ်တင်နုပျိုနေသည်ပါပဲ။ ငွေလွှန်းနှင့်ဆိုလျှင် တချို့က သားအမိဟုပင်မထင်။ ညီအစ်မဟုပင် ခေါ်ကြသည်လေ။ မေမေ့မှာ သွေးတိုးနှင့် နှလုံးရောဂါရှိနေတာကြောင့်ပင် ပို၍များအသားလေးတွေ ဖြူဥနေချေသည်လားမသိ။ ဖေဖေ့ မေတ္တာကြောင့် မေမေသည် အေးအေးငြိမ်းငြိမ်း အရိပ်ထဲမှာနေရသည်။ စားရေးသောက်ရေးလည်း မပူပင်ရ။ ရွှေထည်၊ လက်ဝတ်ရတနာလည်း ထိုက်လျောက်စွာရှိနေသည်။ ဒါကြောင့်လည်း မေမေသည် အရွယ်တင်နုပျိုရသည်ထင့်။ ဒါပေမဲ့ မေမေ့နှလုံးသားထဲမှာ ကြေကွဲနာကျင်ခြင်းတွေ ရှိချေမည်သာ။ ဒါကြောင့်လည်း နှလုံးရောဂါနှင့် သွေးတိုးရောဂါသည် လွန်ခဲ့သော သုံးနှစ်ကျော်လောက်မှစ၍ ပြိုင်တူ မေမေ့ထံ တိုးဝင်လာခဲ့ကာ ဆေးအမြဲသောက်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီးဖေဖေက မေမေ့အတွက် အမြဲစိတ်ပူနေတတ်တဲ့သူပါ သမီးရယ်၊ တကယ်က မေမေဟာ သမီးဖေဖေရဲ့ဒုတိယမယားဖြစ်ရပေမယ့် သမီးဖေဖေရဲ့ ချစ်ဦးသူဟာ မေမေပါ၊ ကြာရိပ်ဝေအိမ်ကြီးရဲ့အစေအပါး မိုးကြည်ဖြူဆိုတဲ့ ကောင်မလေးတစ်ယောက်နဲ့ ကိုမင်းသန့်ဆိုတဲ့ သူဌေးသားလေးတစ်ယောက်တို့ရဲ့ ချစ်ခြင်းကို ဘယ်သူဌေးမိဘက သဘောမျှပါ့မလဲကွယ်၊ မေမေ့ကို အလုပ်ကထုတ်ပစ်တာပါပဲလား၊ ပိုဆိုးတာက အလုပ်ကမထုတ်သေးခင်မှာ မေမေ့ကို ကြာရိပ်ဝေမှာ မျက်စိထောင့်ထောက် ကြည့်နေကြပြီး အမြန်ဆုံးအစ်မလေး စံငြိမ်းခိုင်နဲ့ လာကြီးချင်းနားဖောက်လက်ထပ်ပေးလိုက်တာလေ၊ မေမေ့ရှေ့မှာကို လက်ထပ်ပွဲကျင်းပပြခဲ့ကြတာ၊ အစ်ကိုလေးကလည်း သူ့မေမေနလုံးရောဂါကြောင့် မျက်စိမှိတ် ခေါင်းညိတ်ခဲ့ရှာပေမယ့် အဲဒီမင်္ဂလာပွဲပြီး သုံးရက်မြောက်နေ့မှာ မေမေ့ကို မေမေကြီးက အလုပ်ထုတ်တယ်၊ သွားချင်ရာသွားတော့ဆိုပြီး မနက်လက်ဖက်ရည်ပွဲမှာ ပြောတာလေ၊ အစ်ကိုလေးက မသိသလိုလေးပဲငြိမ်နေခဲ့တာမို့ မေမေ့မှာဖြင့် မချိအောင်ခံစားခဲ့ရတာ၊ အဝတ်အစားလေး အထုပ်လေးထဲထည့် ခြံထဲကထွက်လာရတဲ့ မေမေ့မှာ မေမေကြီးပေးလိုက်တဲ့ ငွေငါးသောင်းတော့ပါခဲ့ပါရဲ့၊ ရှာပြန်မဟုတ်လို့ ပြောရအောင်ကလည်း မိဘမဲ့သမီး မေမေဟာ အသက်ဆယ်နှစ်သမီးတည်းက မေမေကြီးရဲ့ ကြာရိပ်ဝေကို ရောက်ခဲ့တာဆိုတော့ အားကိုးရာပျောက်နေရသလိုပါပဲကွယ်"



ဤနေ့မှာ မေမေသည် စိတ်ကိုလွှတ်ထားပုံဖြင့် …ာက်ကြောင်းတွေကို ခပ်ဝိုင်ဝိုင်ကြီး ပြောပြနေတာမို့ ငွေလွန်းပုံ …မေ့ကို မော့ကြည့်မိကာ လက်မောင်းလေးကို ဖေးကိုင်၍ ...

"မပြောနဲ့တော့ မေမေရာ၊ ဒီအကြောင်းတွေလည်း သမီးကို မေမေ ပြီးခဲ့တဲ့လကမှ သမီးသိသင့်ပြီဆိုပြီး မေမေ ပြောပြခဲ့တာပဲဥစ္စာ၊ အဟောင်းအတွေ အသစ်ဖြစ်တယ် မေမေရယ်၊ ရောဂါဖြစ်ပါ့မယ်၊ ခု ဖေဖေက သမီးတို့ကိုချစ်နေတာပဲ မေမေရယ်၊ စောင့်ရှောက်နေတာပဲဥစ္စာ၊ ဘာဖြစ်လဲသမီးက ဖေဖေ့သမီးဖြစ်ရတာ ဂုဏ်မငယ်ပေါင်၊ မေမေ့ကိုချစ်လို့ ဖေဖေလက်ထပ်တာပဲဥစ္စာ၊ ငယ်ချစ်ကို လက်ထပ်ယူတာပဲဥစ္စာ"

မျက်နှာလေးမော့၍ တကယ့်ကိုပဲ ဘာဆိုဘာမျှ …က်ထဲအားမငယ်သည့် ငွေလွန်းပုံအဖြစ် ပြောချပစ်လိုက်ရသည် …ပဲ။ မေမေ့အမြင်ထဲမှာ ငွေလွန်းပုံဆိုတာ ကိုယ့်ဘဝကိုကျေနပ် …သည့်ပုံမျိုးပဲ ဖြစ်နေစေချင်သည်။ တကယ်လည်း ဖေဖေသည် …မနှင့် ငွေလွန်းပုံအပေါ်မှာ တာဝန်ကျေနေသည်။ ချစ်နေသည် …လေ။

"မေမေတော့ မသိဘူး၊ သမီးကတော့ ကံကြမ္မာဆိုတာကိုယုံတယ်၊ ငွေလွန်းနဲ့ မေမေ့မှာ ဖေဖေနဲ့ တစ်အိမ်တည်းကြာမြင့်စွာ အတူတကွနေဖို့ ကံကြမ္မာမပါလာခဲ့ကြပေမယ့် ဖေဖေ့အချစ်တွေကို ပြည့်ပြည့်ဝဝရနေဖို့ ကံကြမ္မာတော့ပါနေကြတာပဲ မဟုတ်လား၊ ပြီးတော့ ဒီနေရာလေးမှာက အားလုံးအမြင်မှာ ဖေဖေဟာ အလုပ်ကိစ္စနဲ့ ခရီးထွက်နေ…

www.burmeseclassic.com

www.burmeseclassic.com



နေရတဲ့သူ၊ တစ်လကို နှစ်ခါ သုံးခါလောက်လာနိုင်တဲ့သူ ဒါကိုပဲ သိထားကြတာပဲ"

ဟု ဆက်ပြောတော့ မေမေ သက်ပြင်းရှိုက်သည်။ လက်ဖက်သုပ်တစ်ဇွန်းကိုယူ၍ မေမေ စားနေရင်း ငိုင်နေသည့်အဖြစ်။ ငွေလွန်းပုံ အလုပ်သွားရှာသည်ဆိုတာ သိရပါသည့် ဤနေ့မှာ မေမေပို၍ ငိုင်တွေတွေဖြစ်နေသည်မှာအမှန်။ မေမေ့ကိုများ စိတ်ညစ်အောင် လုပ်လိုက်သလို ဖြစ်ကုန်ချေပြီလား ဟုတော့ ငွေလွန်းပုံ ရင်ထဲမကောင်း။ ဒါပေမဲ့ မေမေ့ကို အသိမပေးဘဲ ဘာကိုမျှ မလုပ်တတ်တာမို့လည်း ငယ်ကျင့်လေးကို မဖျက်စွာဘဲ အားလုံး ပြောပြခဲ့ခြင်းပါ။

"မေမေကလည်း အိမ်က မထွက်ခင်ကတည်းက အဲဒီ ဧရာဝတီစက်ရုံကြီးကို ငွေလွန်း သွားမယ်ဆိုတာ ပြောပြ ခဲ့တာပဲဥစ္စာ၊ ဒီဇိုင်နာဆိုတော့ ငွေလွန်းပုံ ဝါသနာပါတဲ့ အလုပ်ကို လုပ်ရမှာပဲ မေမေရာ၊ လစာလည်း ကောင်းမှာ ဖေဖေ ထောက်ပံ့တာတော့ မှန်တာပေါ့ မေမေရယ် ငွေလွန်းရတဲ့ဥစ္စာလေးတွေကို စုဆောင်းထားလို့ရတယ် မေမေ့ကို ကန်တော့လို့ရတယ်၊ မေမေ လှူတန်းချင်တာ လည်း လှူလို့ရတယ် မေမေ၊ အဲသလိုတွေးပါ မေမေရာ"

ဟု ပြုံး၍ပြောရင်း မေမေ့ပခုံးပေါ် ခေါင်းလေးမှေး တင်လိုက်တော့ မေမေ သက်ပြင်းရှိုက်ပါ၏။

"သမီးကို အဲသလို ဟိုက ဘွန်းတက်လူ ဆိုတဲ့ သူဌေးလေး က အဲဒီဖိုင်ကို လက်ခံတာတို့၊ စကားစမြည်လေးတွေ ပြောဖြစ်မှာတို့၊ မေမေမှ မထင်ထားမိတာ၊ ဟိုမှာက ဒု



အလုပ်ရုံ သူ့ဒီဇိုင်နာတော့ ရှိနေမှာပဲလေဆိုပြီး သမီးကို လက်ခံမှာ မဟုတ်ဘူးလို့ ထင်ထားမိတာကိုး၊ ဒါကြောင့် အလွန်အလုပ်လုပ်ချင်နေတဲ့သမီးကို တားမြစ်တယ်လည်း မဖြစ်အောင် အသာလေးလွှတ်ပေးထားလိုက်မိတာ၊ ခုကျ တော့ တကယ်ပဲ ဟိုကလက်ခံတော့မလားမသိဘူး၊ ဒါဆို ရင် ခက်ပြီ၊ သမီးဖေဖေမသိဘဲ မေမေဘာတစ်ခုမှလုပ်ခဲ့ ဖူးတာမဟုတ်ဘူး၊ သမီးဖေဖေ စိတ်ဆိုးရင်ဘယ့်နှယ်လုပ် မလဲကွယ်၊ ခက်တော့တာပဲ"

ငွေလွန်းပုံ အလုပ်မရမှာထက် အလုပ်ရမှာကို မေမေ နေတာမို့ ငွေလွန်းပုံ မျက်နှာလေးပျက်သွားရရင်းမှ ...

"ဟင် ... မေမေကလည်း၊ ဖွ ... အလုပ်မရတာတွေမဖြစ် ပါစေနဲ့၊ အလုပ်ရပါစေ၊ ဒီဇိုင်နာ ငွေလွန်းပုံ ဖြစ်ပါရစေ၊ ဖြစ်ပါရစေဘုရား"

မျက်နှာလေးအိုကာ နှုတ်ခမ်းလေးစူရင်း ငွေလွန်းပုံ သက်အုပ်လေးချီ၍ ဆုတောင်းနေတော့ မေမေ ခပ်တိုးတိုးတစ် ချက်ရယ်ကာ သမီးကိုချော့သလိုလေး ခေါင်းကိုပွတ်ပေးလာပါ၏။

"မေမေကတော့ သမီးအလုပ်ရတာမျိုးကို မြင်ချင်တာပေါ့ သမီးရယ်၊ သမီးဖေဖေ စိတ်မတွေ့မှာကိုလန့်တာပါ၊ မေမေ က ကိုကြီးနဲ့စပြီး လက်ထပ်လိုက်ရတယ်ဆိုကတည်းက ဆုံးဖြတ်ထားတာ ကိုကြီး မသိဘဲ ဘာကိုမှမလုပ်ဖူးလို့လေ၊ ခုဥစ္စာက ကိုကြီးကလည်း ရောက်မလာသေးတဲ့အချိန်ဖြစ် နေတော့ ပြောပြခွင့်မရှိဖို့ ခက်နေတာ၊ ပြီးတော့ သမီး ဖြစ်သူက တခြားနေရာတစ်ခုမှာ အလုပ်လုပ်နေတာဆို

www.burmeseclassic.com

www.burmeseclassic.com



တာမျိုး ကိုကြီးသိသွားရင် သူ့ဂုဏ်ကို ထိခိုက်တယ်လို့ ထင်သွားမှာလည်း မေမေ စိုးရိမ်တယ်ကွယ်၊ အို ... မေမေ့ကို ကြာရိပ်ဝေကအဆင်းမှာ နောက်ကလိုက်လာပြီး မေမေကြီးကို တစ်ချက်လှည့်ကြည့်ရင်း ကားဂိတ်တော့ လိုက်ပို့ပေးလိုက်ပါမယ်ဆိုပြီးတော့ကို ဟန်မဆောင်စတမ်းကြီးပဲ မေမေကြီးကိုပြောပြီး လိုက်လာခဲ့တာသမီးရဲ့၊ လမ်းရောက်တော့ ငိုနေတဲ့မေမေ့ကို ဘာမှကိုပြောမနေတော့ဘဲ အငှားကားနဲ့ခေါ်ပြီး ဟိုတယ်တစ်ခုမှာ သွားထားတယ်၊ စိတ်အေးအေးနေဖို့ပြောတယ်၊ ပြန်သွားပြီး ညဘက်တစ်ခါလာတယ်၊ စားရေးသောက်ရေးကအစ ဟိုတယ်အခန်းထဲထိ အစားအသောက်ကို လာပို့ခိုင်းပြီး မေမေနဲ့တူတူစားတာ"

အတိတ်ကိုလွမ်းဆွတ်နေပုံလေးဖြင့် မေမေပြောနေ

ခိုက် ကြည်နူးရိပ်က မျက်နှာထက်မှာထင်၏။ ဖေဖေ့ကြင်နာ မြတ်နိုးမှုများကို မေမေ အလွန်တန်ဖိုးထားတာ ငွေလွှန်းပုံသိသည် တကယ်လည်း ဖေဖေသည် ငွေလွှန်းကိုရော မေမေ့ကိုရော အလွန်ချစ်သူပါ။ ဒါကိုတော့ ငွေလွှန်းပုံ အကြွင်းမဲ့ယုံကြည်ပါ၏

"ညဘက်မှာ အခန်းတံခါး သေချာပိတ်အိပ်ဖို့ မကြော ဖို့မှာပြီး သမီးဖေဖေ ပြန်သွားတာ၊ နောက်နေ့ နေ့လ ဘက် မေမေ့ဆီကို ကိုကြီးရောက်လာတယ်၊ အခု ဒီတစ်ထပ်တိုက်အိမ်လေးကို ခေါ်လာတယ်၊ ရပ်ရွာလူ တွေဖိတ်ပြီး မေမေ့ကို အဲဒီနေ့မှာ လက်ထပ်တယ်၊ ပါပဲ၊ ဟိုဘက်က ကြာရိပ်ဝေအိမ်အပိုင်းကိုတော့ လည်းသေချာမသိဘူး သမီး၊ မေမေကြီးက ကိုကြ



မေမေ့ကို တကယ်ပဲ ရှာသွားမယ့်ကားဂိတ်ကို ပို့လိုက်တယ်လို့ပဲ ယုံကြည်ခဲ့သလား၊ မယုံကြည်ခဲ့ဘူးလားဆိုတာကိုလည်း မသိဘူး၊ မေမေကြီးရော ဘဘကြီးရော သုံးနှစ်လောက်ခြားပြီး ဆုံးသွားကြတယ်၊ ဒီကိစ္စ ကိုကြီးဆီက ဘာမှပြောပြလာတာ မရှိဘူး၊ မေမေကြီး ယုံကြည်ချင်မှ ယုံကြည်သွားမယ်လို့တော့ မေမေ ထင်တာပါပဲ၊ ဒါပေမဲ့ မေမေကြီးလည်း သူ့ရဲ့သဘောမမျှတဲ့ချွေးမ မိုးကြည်ဖြူဆိုတဲ့ မိန်းမတစ်ယောက်ကို လာလည်းမပတ်သက်ခဲ့ဖူးဘူး၊ သူ့ချွေးမဖြစ်နေတယ် ဆိုတာကိုတောင် မသိခဲ့သလိုပဲ ရှိနေခဲ့တယ်လို့ မေမေတွေးမိတာပါပဲ၊ မမလေး စံငြိမ်းခိုင်ကတော့ သမီးဖေဖေနဲ့ မေမေတို့ရဲ့ ချစ်ဇာတ်လမ်းကိုသိထားပုံမရပါဘူးကွယ်၊ ခုထိ သူဟာ ကိုကြီးရဲ့တစ်ဦးတည်းသောဇနီးအဖြစ် ယုံနေရှာမှာ၊ တစ်ခါ တစ်ခါတော့လည်း မေမေ ရင်ထဲမကောင်းဘူး သမီးရယ်၊ မေမေ မတရားဘူးလို့ ထင်တယ်"

ဟု ပြောကာ မေမေ မျက်ရည်ဝဲလာပါ၏။

"မေမေ တရားပါတယ် မေမေ၊ မတရားတာက ဘွားဘွားပါ၊ ချမ်းသာဂုဏ်နဲ့ မေမေ့ကိုနှင်ချထားတာပဲဥစ္စာ၊ မေမေ့မှာ ဖေဖေပဲရှိတာ၊ လက်ထပ်တော့ ဘာဖြစ်လဲ၊ ဒါ ... ဘွားဘွား မလွဲမသွေ ရင်ဆိုင်ရသင့်တဲ့အဖြစ်ပဲ၊ အံဆင့်အတန်းခွဲပြီး ချမ်းသာဂုဏ်ပဲ တက်နေတာဆိုတော့ ချမ်းသာတဲ့ချွေးမနဲ့ သေတဲ့အထိ နေသွားခဲ့ရပြီပဲ မေမေရာ၊ သူ ဖြစ်ချင်တာလည်း ဖြစ်ခဲ့တယ်၊ ဖေဖေဖြစ်ချင်တာလည်း

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေဖြစ်ခွင့်ရှိရမှာပေါ့၊ မေမေ့ကိုချစ်တဲ့ ဖေဖေဟာ မေမေ့ကို လက်ထပ်ခွင့် ရထိုက်တယ်လေ၊ မေမေ့မှာ အားကိုးရာမှမရှိတာ၊ မေမေ့ကို ကြာရိပ်ဝေအိမ်ကြီးက ငွေငါးသောင်းလေးပေးပြီး နှင်ချလိုက်တဲ့အချိန်မှာ ဖေဖေ ငြိမ်နေရင်သာ ဖေဖေ မတရားမှာ သိရဲ့လား၊ ခုကိစ္စက တရားတယ် ဖေဖေ အဲသလိုပဲ ဆုံးဖြတ်ရမှာပဲ"

"အံ့မယ်လေးလေ ... အဖေကိုများ ထောက်ခံပါ့၊ အဖေ ချစ်သမီး ပီသပါပေရဲ့"

မေမေ တစ်ချက်ရယ်လိုက်ကာ ချစ်စနိုးလေး ငွေ လွန်းပုံ၏မျက်နှာလေးကို လက်ဖဝါးလေးဖြင့် ခပ်ဖွဖွပုတ်လိုက် ပါသတည်း။

ထိုစဉ်ခိုက် အိမ်ရှေ့မှာ ကားတစ်စီးရပ်လာပါ၏ အဖြူရောင်မာစီးဒီးကားကြီး။ ကားတွင်းမှ မိန်းမပျိုတစ်ယော ဆင်းလာသည်။ နွာချွန်ဖိနပ်ဖြူဖြူ အပြာရောင်ပိုးဂါဝန်ရှည်ကြ နှင့် စိန်တွေလက်နေသည့် လက်ဝတ်လက်စားတွေဖြင့် မိန်းမပျို

ငွေလွန်းပုံလည်းမသိ။ မေမေ့ကိုကြည့်တော့လည် သိပုံမရ။ ချောမွေ့မွေ့မျက်နှာလေးထက်မှာ တင်းမာရိပ်တွေဖုံ မရအောင် ထင်နေသည့် ထိုမိန်းကလေးသည် ဓာနင့်မာန် ခြံတံခါးကို ဆောင့်ဖွင့်၍ ခပ်လောလောဝင်လာသည်။ အကြည့် လည်း တောက်လျှောက်ပင် မလွတ်စတမ်းကြီး မေမေနှင့် ငွေလွန် ထက်မှာ ရှိနေ၏။

ထိုအကြည့်တွေထဲမှာ ခါးသီးစူးရှစွာပါလာနေ သည်က အမုန်း။ ဟုတ်သည်။ အမုန်းတရားများ ဖြစ်နေသည်



"ဟ ... ဘာကြီးလဲ၊ သိလည်း မသိတဲ့ကိစ္စ၊ ဘလိုင်းကြီး လာပြီး ရမ်းတော့မလို့ကြီးပါလား၊ မျက်နှာကလည်းတင်း ပါ့"

ငွေလွန်းပုံလည်း ထိုအချိုးကိုကြည့်မရ။ မကြိုက်။ လက်လည်းမခံနိုင်။ ဘားအမိနှစ်ယောက် အေးအေးချမ်းချမ်း လက်ဖက်သုပ်ပွဲလေး၊ ရေနွေးကြမ်းအိုးလေးနှင့် ရှိနေချိန်မှာ ကားကို ဝူးခနဲ ခြံရှေ့မှာထိုးရပ်ကာ ခုလို မာရေကျောရေဖြင့်အလကား နေရင်း လူကိုခါးသီးသည့်အကြည့်တွေဖြင့် လာကြည့်နေတာကို တော့ လက်မခံနိုင်။

လှေကားထစ်သုံးထစ်ကို ဖြတ်နင်းတက်လာသည်က လည်း ဖိနပ်ချွတ်နေရာလေးမှာ ဖိနပ်ကိုချွတ်လိုက်တာမျိုးလည်းမရှိ။ နွာမြင့်ချွန်ဖိနပ်၏ ဒေါက်နေရာလေး ကျိုးသွားမည်လားဟုပင် ထင်မှတ်လောက်အောင် ခပ်ဆောင့်ဆောင့် နင်းတက်လာသည်က ဝရန်တာနေရာလေးထိတိုင်အောင်ပါ။

"ဒီမှာ ... လှေကားထစ်ကြွေပြားတွေ၊ ဒီဝရန်တာခင်းကြွေ ပြားတွေ သန့်နေအောင် ဟိုနေရာ ဖိနပ်ချွတ်လေးမှာ ဖိနပ်ချွတ်ရတာဟာ ဒီအိမ်ရဲ့စည်းကမ်းပါပဲ၊ တစ်ဆိတ် ဖိနပ်လေးတော့ ချွတ်ခဲ့ပါရှင်"

ငွေလွန်းပုံ ပြောလိုက်ချိန်မှာ ဝရန်တာကြမ်းခင်း ကြွေပြားထက်မှာ သင်ဖျူးဖျာငယ်လေး ခင်းထားကာ လက်ဖက် သုပ်ပွဲလေးနှင့် ရေနွေးကြမ်းတစ်အိုးနှင့် ရှိနေပါသည့် ငွေလွန်းပုံ နှင့် မေမေ့ကို အထင်သေးသလိုကြည့်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"မေတို့က ဒီလိုနေရာမျိုး လှေကားထစ်တွေ ဝရန်တာနေရာတွေကို ဒီလိုပဲ ဖိနပ်နဲ့တက်နေကျလေ၊ ပြီးတော့ ... ဒီလိုအိမ်မျိုးကို ပိုပြီးတော့တောင်မှ ဖိနပ်နဲ့တက်သင့်သေးတယ်၊ အောက်တန်းစားတွေ ... ဝရန်တာမှာ စားသောက်တဲ့အဆင့်တွေ ... ထမင်းစားခန်းရယ်လို့တောင် သတ်သတ်မှတ်မှတ် မထားတတ်တဲ့သူတွေ၊ မေ့ဖိနပ်မှာ ဘာမှမပေဘူး သိရဲ့လား၊ ကားပေါ်ကဆင်း ခဏလေးလျှောက်ပြီးရင် ကိုယ်ရောက်ချင်တဲ့နေရာကို ရောက်ရတဲ့အဆင့်မျိုး၊ မေသွားတဲ့နေရာတိုင်းဟာ ဒီအိမ်ထက်တော့ အဆင့်မြင့်တဲ့နေရာတွေချည်းပဲ သိရဲ့လား"

အလကားနေရင်း မျက်နှာကြောကြီးတင်းလျက် လာကြိမ်းနေသည့် မေဆိုသည့် မိန်းမကို ငွေလွှန်းပုံ ခပ်တင်းတင်းပြန်ကြည့်လိုက်ကာ ထရပ်လိုက်သည်ပါပဲ။ မေမေကတော့ ဘာကြောင့် ခုလို မေဆိုသည့် မိန်းကလေးတစ်ယောက်အိမ်ပေါ်ထိဆိုက်မြိုက်ရောက်လာတာကို စဉ်းစားမရနိုင်ဘဲ ဖြစ်နေရဟန်ဖြင့် အံ့သြကြည့်ဖြင့်လည်း ကြည့်နေသည်။ စိတ်ထဲရှုပ်ထွေးနေတာလည်း သိသာနေသည်ပါပဲ။

"ရှင့်ဘာသာရှင် ကားပေါ်ကဆင်းပြီး ဘယ်တိုက်ပေါ်တက်တက် ကျွန်မနဲ့မဆိုင်ဘူး၊ ကျွန်မတို့ရဲ့အိမ်ပေါ်ကိုတော့ ခုလို ဖိနပ်နဲ့တက်လာလို့ မရဘူးရှင့် ဖိနပ်ပြန်သွားချွတ်ပါ၊ ပြီးတော့ မေးလိုက်ပါရဲ့၊ ရှင်က ဘာကိစ္စနဲ့ ကျွန်မတို့ရဲ့အိမ်ပေါ်ကို တက်လာပြီး ခုလိုမာတာတာ ရိုင်းပျပျလာလုပ်နေရတာလဲ ဒေါ်သူဌေးမေရဲ့၊ ရှင် အိမ်မှားလာပြီဆိုတာ သေချာနေတယ်၊ ကျွန်မတို့အသိအကျွမ်းထဲမှာ ရှင့်လို အခြောက်တိုက် ဘဝင်မြင့်ပြီး သူများအိမ်ပေါ်တက်၊ ဗွာကျယ်ဗွာကျယ်လုပ်တဲ့သူမျိုး မရှိဘူးရှင့်၊ ရှင့်မျက်နှာလည်း ကျွန်မတို့အသိထဲမှာ မပါဘူး သိရဲ့လား"

ငွေလွှန်းပုံ စိတ်လက်လေးဆိုးနေရရင်း ပြန်ပြောသည်က တုံ့ပြန်မှုဆန်သည်။ မကြိုက်တာကို အတိအလင်းပြသရာလည်း မြောက်နေသည်။ မေဆိုသည့်မိန်းမက ပခုံးကိုတွန့်၍ ရယ်သည်မှ ခပ်လှောင်လှောင်ပါ။

ရုပ်ကလေးလည်း ချောသည်။ ဆံပင်တိုလေးနှင့် တစ်ကိုယ်လုံးလည်း စိန်တွေမှုန်နေအောင် ဆင်ထားပါသည့် မေ။ အတော်ကြီးချမ်းသာတာကတော့ သေချာနေသည်ပါပဲ။ ဒါပေမဲ့ ခုလို လာဆက်ဆံနေတာကတော့ ခေါင်းငုံ့ခံချင်စရာမရှိ။

"အိမ်မှားတယ် ... ဟုတ်စ၊ ဒီမှာ ... မေ့ကို ဒေါ်သူဌေးမေလို့ ခေါ်တာကိုမငြင်းပါဘူး၊ ဟုတ်နေတာကိုး၊ မေတို့က အရမ်းချမ်းသာတာပဲဥစ္စာ၊ ခနဲ့လို့ပဲခေါ်ခေါ် အမြင်ကတ်လို့ပဲ ရွဲ့ခေါ်ခေါ် မေဟာ ရှင်တို့ထက် အရမ်းချမ်းသာတဲ့မေသူဌေးမေဆိုတာ မှန်နေတာမို့ အဲဒီစကားကိုတော့ မငြင်းဆန်ပါဘူး၊ လက်ခံပါတယ်၊ အဲသလိုပဲ အခု မေပြောမယ့်အမှန်စကားကိုလည်း ရှင်တို့က မငြင်းဆန်ဘဲ လက်ခံရလိမ့်မယ် ဒေါ်ငွေလွှန်းပုံနဲ့ ဒေါ်မိုးကြည်ဖြူတို့ရဲ့"

ဟင်ခနဲ တစ်ချက် မေမေ့ထံမှ အသံပွင့်ကျလာသည်။ နာမည်တွေကအစ မှန်ကန်လွှန်းစွာ ပြောလာပါသည့် မေ့ကို မေမေကြည့်သည်။ ငွေလွှန်းပုံလည်း မှင်တက်ကြည့်မိရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာအားတက်လာတာတော့ မဟုတ်တာ သေချာနေပြီ။ ဒါဆို ... ဒါဆို ... ဘာကြောင့် ထိုမေသည် ငွေလွှန်းတို့ကို ဤမျှအထိ မောက်မောက်မာမာကြီး လာဆက်ဆံရဲနေရပါသတဲ့လဲ။ အသက် သုံးလေးနှစ်လောက်တော့ ငွေလွှန်းထက်ကြီးမည် ထင်ရပါသည့် မေသည် ချောမွေ့လှပသော မေလည်း ဖြစ်နေသည်။ ချမ်းသာ သော မေလည်း ဖြစ်နေသည်။ ပြီးတော့ ... မေမေနှင့် ငွေလွှန်းပုံ တို့ကို မုန်းတီးနေသည့် မေလည်း ဖြစ်နေသည်။ ခုထိ ... မေ့မျက် ဝန်းတွေထဲမှာ ခါးသီးသောအမုန်းတွေဖြင့် မာကျောတောက်ပ လွှန်းနေကြဆဲ။

"မေ့မေမေ အခု အိမ်မှာသွေးတိုးကျန်ခဲ့တယ်၊ ဒီနေ့ဟာ မေတို့ရဲ့မိသားစု မုန်တိုင်းကျတဲ့နေ့ပဲ သိရဲ့လား၊ အဲဒါ ဒီက နင်တို့တစ်တွေကြောင့်ပဲ၊ ငါ့အဖေကို နင့်အမေက ယူထားတာလေ၊ နင့်ကို အရှင်းဆုံးပြောလိုက်ပါရဲ့၊ ငါ့အမေ လက်ထဲက ငါ့အဖေကို နင့်အမေက လုယက်ယူငင်သွား တာ ဒီလောက်ကြာနေပြီ၊ သမီးတစ်ယောက်တောင်ရှိနေပြီ ဆိုတာ ဒီနေ့မှာ ငါ့အမေက သူများသတင်းပေးလို့သိရတာ ငါ့အမေဆိုတာ အရုပ်ကြိုးပြတ်ပဲ၊ အခု အိပ်ရာပေါ်မှာလဲ ပြီ၊ ငါကတော့ ငါ့အမေ့လိုမျက်ရည်လေးစမ်းစမ်း စမ်းစမ် နဲ့ နှလုံးအထိအခိုက်မခံဘူး၊ သွေးအတက်မခံဘူး၊ နင်တို့ အိမ်ကို ငါလိုက်လာခဲ့တာ ဘာကြောင့်လဲ သိရဲ့လား"

အသံတွေကစူးရှနေသည်။ အော်သံက အရှိန်ပြင် လည်းပြင်း မြင့်လည်းမြင့်သည်။ လမ်းသွားလမ်းလာတချို့ ငဲ့ကြည့် ရပ်ကြည့်ဖြစ်စပြုလာပြီ။ မျက်နှာချင်းဆိုင်ဘက်ကအိမ်။ ဘေးအိမ်



တွေဆီကလည်း ပြတင်းပေါက်မှာတချို့၊ ဝရန်တာမှာတချို့၊ ခြံ ထဲရပ်၍တချို့ ပြူတစ်ပြူတစ်ကြည့်သူ၊ ရပ်ကြည့်သူတွေ ဖြစ်ကုန် ကြရပြီ။

ငွေလွှန်းပုံ ငိုင်ခနဲ ဖြစ်သွားရပါပြီ။ ဘုရားရေ ...။ မေဆိုတာ ငွေလွှန်း၏အစ်မပါလားလေ။ ဖေဖေ့သမီး မေ။ ငွေလွှန်းပုံ၏အစ်မ မေ။ အစ်မဆိုသည့်အသိတစ်ခုက အမောက် ထောင်ထနေသည့် ခံပြင်းမှုကို ဦးချိုးရိုက်ချလိုက်တာနှင့်မခြား။ ချက်ချင်းတိုးတက်လာသည်က အံ့သြခြင်းနှင့် ငေးမောကြည့်နေမိ ခြင်းပါတည့်။

"မေ ... မေတဲ့လားလေ လှလိုက်တာ၊ လွှန်းပုံရဲ့အစ်မက လှလိုက်တာ၊ ဒါပေမဲ့ ခက်တာက အရမ်းဒေါသဖြစ်နေ တာပဲ"

အစ်မဆိုသည့် မျဉ်းအမြင့်တစ်ကြောင်းက ကိုယ့် ခေါင်းပေါ်မိုးလာတာမို့ ရိုင်းရိုင်းပျပျ ပြောမထွက်တော့သည်က တော့ဖြင့် မေမေ့အဆုံးအမဖြင့် ကြီးပြင်းလာရသည့် ငွေလွှန်းပုံ ဖြစ်နေ၍ပါတည့်။

"ဖေဖေ့အထောက်အပံ့ဆိုတာ မပြောနဲ့၊ ဖေဖေ့ဆီကညစ် ယူ၊ ချူယူနေတဲ့ ငွေကြေးတွေကို ရပ်တန့်ကရပ်ပါ ဒေါ်မိုးကြည်ဖြူ၊ ဖေဖေနဲ့ မေမေ ဒီနေ့မှာ အကြီးအကျယ် စကားများကြတယ်၊ ဖေဖေကလည်း မလျှော့ဘူး၊ သူ ချစ် လို့ယူတာ ဘာဖြစ်လဲဆိုတာတွေ ဖြစ်ကုန်ပြီ၊ မေမေ့မျက် ရည်ကို အရေးတစ်ချက် လုပ်ဖော်တောင်မရအောင် ရှင့်ကို ချစ်နေတာက အလွန်သာနေတာ ဒေါ်မိုးကြည်ဖြူဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



မိန်းမကြီးရဲ့၊ မေ့အမေ အဲဒါမခံနိုင်တာ၊ ငိုရင်း မေ့လဲသွားရတာ၊ အဲဒီတော့မှ ဖေဖေက ဆရာဝန်ပင့် ဘာပင့်နေနဲ့ ဖြစ်ကျန်ခဲ့တာလေ၊ ဖေဖေ့ကို မေမေက ရှင်တို့နေတဲ့နေရာကအစ လိပ်စာအတိအကျနဲ့ကို ဖွင့်မေးတာဆိုတော့ ဖေဖေ လိမ်မရလို့ ဝန်ခံခဲ့တဲ့ ဒီနေ့၊ ဖေဖေနဲ့မေမေ စကားများကြရတဲ့ ဒီနေ့မှာ မေကတော့ ငိုမနေဘူး၊ ဒီကိုလိုက်လာတဲ့ နည်းကိုပဲ သုံးတယ်၊ ဒီမယ် ... လူလည်မသားအမိ အိမ်ပေါ်ကဆင်းပါ၊ ဒီအိမ်ဟာ ဖေဖေ ဝယ်ထားပေးတဲ့အိမ်ဆိုပေမယ့် ရှင်တို့အိမ်တော့ အဖြစ်မခံနိုင်ဘူးရှင့်"

နှင်စကားအထိလည်း ဆိုလာပြီ။ ရှေ့မှာရပ်နေသည့် ငွေလွှန်းပုံ ဆိုတာ ညီမဖြစ်နေသည်ပဲဆိုသည့် အတွေးလေးသော်မျှ မရှိတာလည်း သေချာနေပြီ။ မေမေ့ကိုလည်းစော်စော်ကားကား အရမ်းပြောနေပြီ။ ငွေလွှန်းပုံ ဤတစ်ကြိမ်မှာတော့ အကြီးသောအငယ်သော ဆင်ခြင်ဖို့လည်း အာရုံမရှိနိုင်စွမ်းတော့။ မဆင်ခြင်နိုင်စွမ်းတော့။ ငိုနေသည့် မေမေ့ကို ကာကွယ်ရပ်တည်ပြောဖို့ဆိုတာက လောလောဆယ်မှာ ငွေလွှန်းပုံပဲ ဖြစ်နေသည်။ ငွေလွှန်းပုံပဲရှိနေသည်။ ဖေဖေလည်း ရှိမနေ။ သည်တော့လည်း ငွေလွှန်းပုံ ရင်ဆိုင်တုံ့ပြန်ဖို့ပဲ ကျန်တော့သည့်အဖြစ်။ ကိုယ်လေးရှေ့သို့တိုးကာ ...

"ဖေဖေနဲ့မေမေ ချစ်နေကြတာက ရှင့်အမေနဲ့ မညားခင်ကတည်းကဆိုတာ မမေ့ပါနဲ့ မေ၊ ရှင့်အမေကသာ ကျွန်မအမေလက်ထဲက ဖေဖေ့ကို လုယူသွားတာပါ၊ ဖေဖေနဲ့မေမေ ဘယ်လိုလက်ထပ်ဖြစ်တယ်ဆိုတာ ဖေဖေ့ကို သေချာပြန်မေး၊



ဒီအိမ်က ကျွန်မတို့ ဘယ်မှထွက်သွားစရာလည်း မလိုဘူး၊ ဒီအိမ်ဟာမေမေ့နာမည်နဲ့အမည်ပေါက်နေတဲ့အိမ်၊ ပြောင်းပြန်လာပြောမနေစမ်းပါနဲ့၊ အခုချက်ချင်း အိမ်ပေါ်ကဆင်းပါ"

ငွေလွှန်းပုံ လက်ညှိုးလေးထိုး၍ တုံ့ပြန်အော်ပစ်တော့ အိမ်ရှေ့မှာလည်း လူတွေစုစုအုပ်အုပ်လေး ဖြစ်စပြုလာနေပြီ။ မေမေ့ကိုကြည့်တော့ မျက်နှာအမ်းနေပြီ။ ရဲတက်နေပြီ။ လက်အုပ်လေးချီကာ မေမေကြည့်လိုက်သည်က မေ့ကိုပါ။ သမီးအရွယ်ကို အမေအရွယ်က လက်အုပ်ချီမော့ကြည့်တာကို အပြစ်သင့်နေပြီဆိုတာပင် မေ သိပုံမရ။ မျက်နှာကြီးတင်း၍ ခပ်စိုက်စိုက်အကြင်နာမဲ့စွာ ကြည့်နေပါ၏။

"ဒေါ်လေး တောင်းပန်ပါတယ်ကွယ်၊ သမီး ပြန်ပါ၊ သမီးဟာ ကိုကြီးရဲ့သမီး ဖြစ်တယ်ဆိုတာ သိနေရတာတစ်ခုနဲ့ပဲ ဒေါ်လေး ဘာမှမပြောရက်ပါဘူး သမီးရယ်၊ မပြောထွက်ပါဘူး၊ သမီး ငွေလွှန်းပုံကလည်း ကိုယ့်အစ်မကို အဲသလို မပြောရဘူး၊ ပြန်ပါကွယ်၊ သမီးမေလည်း ပြန်ပါ"

မေမေ အသံလေးတွေ တိမ်ကျနေရင်း တောင်းပန်သမယ့် မေ ခေါင်းကိုမော့ကာ ပခုံးကိုတွန့်ကာဖြင့် ခပ်ဟက်ဟက်လှောင်ရယ်,ရယ်ပစ်နေသေးသည့်အဖြစ်။

"အဟက်ဟက် ... ကျုပ်၊ အဲဒီအပြောညက်ညက်တွေကြောင့် ဖေဖေ မျှောပါနေရတာပေါ့၊ ဒီမယ် မေကတော့ ဖေဖေ့လို မဟုတ်ဘူး သိရဲ့လား၊ မေမေ့ကို ရက်စက်တဲ့ ရှင့်ကို အပြတ်လာပြောတာ၊ ဒီကထွက်သွားပါ၊ ရော့... ငွေသိန်းနှစ်ဆယ်၊ အစေခံမသားအမိအတွက်ကတော့တော

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြီး ဈေးဆိုင်လေးတော့ ဖွင့်စားတတ်ကြမှာပါ၊ ဒီငွေက မနည်းပါဘူး၊ ကျွန်မရဲ့အဖေ့ကို ကျွန်မတို့သားအမိလက်ထဲ ထည့်ပေးခဲ့ကြပါတော့၊ ဒီလောက်တောင် ကြာနေပြီပဲ ရှင်၊ မေမေ့လက်ထဲက လုယူပြီး ခိုးကြောင်ခိုးဝှက် ဒီနေရာမှာ တိုက်နဲ့တာနဲ့ စည်းစိမ်ရစ်ပြီး နေခဲ့ကြတာ၊ ကျေနပ်အိစိမ့်နေလောက်ပါပြီ၊ တိုက်ကြီးပေါ်ကနေပြီးတော့ ကိုယ်နဲ့တန်ရာအိမ်ဆိုင် ခပ်ချာချာလေးတစ်ဆိုင်လောက်ထဲမှာ ကုန်ခြောက်ပစ္စည်းတွေကြားထဲ ဖျာလေးခင်းပြီး ညအိပ်တတ်ကြမှာပါ၊ အို ... သနားပါတယ်လေ၊ ရော ... နောက်ထပ်ဆယ်သိန်း အဖီလေးဆွဲနေကြပေါ့၊ ဆိုင်နောက်မှာလေ၊ ကြွက်တွေကတော့ ဆိုင်ထဲကဥစ္စာတွေ လာလာပြီး ညကျရင်စားကြမှာပဲ၊ ကြွက်တွေနဲ့အတူ နေတတ်အောင် နေကြပေါ့”

ပထမဖုတ်ခနဲ စက္ကူအညိုဖြင့် ပတ်ထားရာ အထုပ်တစ်ထုပ်ကို ဖျာပေါ်ပစ်ချသည်။ နောက်တော့ ပြောချင်ရာပြောပြီး ခပ်နှိမ်နှိမ်ကြည့်ကာ နောက်ထပ်စက္ကူညိုဖြင့် ပတ်ထားရာအထုပ်တစ်ထုပ်ကို ပစ်ချပြန်သည်။ မေမေ့ကိုယ်လေး တုန်ခါနေရှာပါပြီ။ ဘေးဘီကိုလည်း မေမေ ကြည့်နေမြင်နေရသည်မို့ ရှက်တာတွေလည်း ရင်ကိုဆောင့်နေရှာချေမည်သာ။ အရေးထဲမှာ ဖေဖေက မရှိ။ ဖေဖေရှိလျှင်တော့ မေ့ကို မောင်းထုတ်လိုက်မှာ သေချာသည်။ ဖေဖေ့ကို တမ်းတမိသည်က ငွေလွန်းပုံပါ။ မေမေ့ကို ဖက်ထားမိရာမှ တင်းမာသောအကြည့်ဖြင့် အကြောက်ကင်းစွာပဲ ငွေလွန်းပုံရင်ဆိုင်မော့ကြည့်ပစ်လိုက်ကာ ...



“ရှင့်ပိုက်ဆံ ရှင်ပြန်ကောက်ပါ၊ ကျွန်မတို့ မေမေအစီအမံနဲ့ ဒီမှာနေတာ၊ ဖေဖေ့ကိုသွားပြော၊ ရှင် သိဖို့က ကျွန်မဟာ ရှင်လက်ခံခံ မခံခံ ဖေဖေ့သမီးပဲ ရှင် သွားမလား မသွားဘူးလား ပြော၊ ဒါ ကျွန်မတို့နေတဲ့အရပ်ရှင့်၊ ဆင်းရဲတယ်ဆိုပြီး လာမနှိမ်ပါနဲ့၊ ရှင့်ကို ပိုက်နက်ကျူးလွန်မှုနဲ့ တရားစွဲပစ်မယ် သိရဲ့လား၊ ရှင့်လို မိန်းမတစ်ယောက်က တရားရုံးမှာ တရားခံတစ်ယောက်အဖြစ် ရပ်တည်ပြရဲနိုင်ပါ့မလားဆိုတာ မမေ့နဲ့လေ၊ အသရေဖျက်မှုဆိုတာကလည်း ရှိနေသေးတယ် မေ၊ ဟိုမှာ ရပ်ကြည့်နေတဲ့သူတွေမှ အများကြီး၊ သူတို့ဟာ သက်သေတွေပဲ၊ ရှင် ပြန်ပါ”

ဟု ငွေလွန်းပုံ ပြတ်သားစွာ လက်တောက်နေသည့် မျက်ဝန်းတွေဖြင့် ကြည့်နေရင်းပြောတော့ မေ တစ်ချက်ရှိန်သွားသည်။ ဘေးဘီကိုလည်း ကြည့်သည်။ မေမေမှလက်ကာ၍ ...

“မပြောပါနဲ့ သမီးရယ်၊ ကိုယ့်အစ်မကိုပြောတာ အပြစ်သင့်ပါတယ်”

ဟု အသံတုန်တုန်လေးဖြင့် ပြောနေရာမှ မေမေ့မျက်နှာ ဖွေးခနဲဖြစ်လာသည်။ ကိုယ်က တစ်ချက်တုန်ခါသွားသည်မှ အတန်ပြင်းထန်သည်။ နောက်တော့ မေမေဇက်လန်သွားပါ၏။ လန်သွားသည့်ဇက်သည် တစ်ချက်မျှပဲကြာသည်။ ငိုက်ခနဲပြန်ကျိုးကျသွားသည်မှ လုံးဝငြိမ်ကျလျက်ဖြင့်ပါ။ ငွေလွန်းပုံရင်ထဲ ထိတ်လန့်ချောက်ချားမိရင်းမှ မေမေ့ကိုယ်လေးကို လှုပ်၍ခေါ်မိရပါပြီ။

“မေမေ ... မေမေ”

www.burmeseclassic.com

www.burmeseclassic.com



တုန်လှုပ်ချောက်ချားစွာ မေမေ့ကို တွင်တွင်ခေါ်နေချိန်မှာပင် အိမ်ရှေ့မှာ ထိုးရပ်လာသည်က ဖေဖေ့ကားပါတကား။

အိမ်ရှေ့မှာရပ်နေသည့် လူအုပ်ကလည်း မေမေ့အဖြစ်ကိုမြင်ရတာမို့ လှုပ်လှုပ်ရှရှ ဖြစ်လာကြပြီ။ ရင်းနှီးသည့် အိမ်သားမှ ဒေါ်လေး ဒေါ်မြဆွေမှလည်း အိမ်ဘက်ကိုပြေးလာနေသည်။

"နင် ... မေမေ့ကို ဘယ်လိုလုပ်လိုက်တာလဲ၊ ငွေလွန်းရဲ့ မေမေ့ကို ဘယ်လိုလုပ်လိုက်တာလဲ"

မေမေ့ကို တင်းနေအောင် ဖက်ထားရင်း ငွေလွန်းပုံ ရင်ကွဲသံကြီးဖြင့် ကြုံးအော်ပစ်မိလိုက်ရပါပြီ။ မေ ကိုယ်တိုင်လည်း ကြက်သေသေကြီး ငေးကြောင်၍ မြင်ကွင်းကိုကြည့်နေသည်က မလှုပ်မယှက်။ နောက်တော့မှ ထိတ်လန့်တုန်လှုပ်သည့်ဘက်ကို ပြောင်းလဲသွားကာ မျက်စိမျက်နှာကြီးပျက်၍ နောက်ဘက်လှည့်ပြေးစဉ်မှာ ဖေဖေ စိတ်ပူလက်ပူပြီး ပြေးတက်လာတာနှင့်တိုက်မိမလိုပင် ဖြစ်ကုန်ရသည်ပါပဲ။

"ဒီကို ဘာလာလုပ်တာလဲ မေ"

ဟု ဖေဖေ့မျက်နှာကြီးတင်းလျက် မေးလည်းမေးသည်။ မေမေ့ကိုလည်း စိတ်လက်ပူပန်စွာပဲကြည့်ကာ ခပ်မြန်မြန်လျှောက်လာပါ၏။ မေကတော့ ရပ်ထားသောကားဆီသို့ ပြေးသွားပါချေ၏။

"ဒီကောင်မလေး ငါတို့ရပ်ကွက်ဘဲ ဘာလာရှုပ်တာလဲ၊ ဟိုမှာ ဒေါ်လေး မေ့နေပြီ၊ ဘာလဲကွ၊ မင်း ဒီလိုရပ်ထဲကွက်ထဲလာလုပ်လို့ ရမလား၊ ချမ်းသာတယ်ဆိုပြီး လာစော်ကားတာ"



လူအုပ်ထဲမှတစ်ယောက် ရှေ့တိုးလာကာ မျက်နှာကြီးတင်းမာနေရင်း အော်စဉ်ခိုက် ...

"ဟုတ်တယ် ... ဘာလဲ ... ဘာလဲကွ"

ဟူ၍ နောက်ထပ် လူငယ်ငါးယောက်လောက် ရှေ့ထွက်လာချိန်မှာ မေသည်ကားအတွင်းသို့ ကြောက်လန့်တကြားဝင်လည်းဝင်။ ချက်ချင်းကြီး မောင်းထွက်သွားပါသည့်အဖြစ်။ ငွေလွန်းပုံကတော့ မေမေ့ကို တင်းနေအောင် ဖက်ထားရင်း ဖေဖေ့ကိုကြည့်မိသည်မှာ အားကိုးတကြီးဖြင့်ပါ။

"လုပ်ပါဦး ဖေဖေရယ် မေမေ ဘာဖြစ်သွားလဲ မသိဘူး၊ မေမေ ... မေမေ ... မျက်စိဖွင့်ကြည့်ပါ မေမေရဲ့"

ဟု ဖေဖေ့ကိုလည်းပြော။ မေမေ့ကိုလည်းခေါ်နှင့် အရူးမီးဝိုင်း ဖြစ်နေရပါ၏။ ဖေဖေ ဘေးမှာထိုင်ကာ မေမေ့ကို ငွေလွန်းပုံ၏ရင်ခွင်ထဲမှ ညင်ညင်သာသာလေး ပြောင်းပွေ့ယူသည်။

"ဟိုမှာ ငြိမ်းကို ဆရာဝန်နဲ့သေချာပြပြီးမှ ဒီကိုစိတ်ပူပြီး ဖေဖေ လိုက်လာတာပါပဲ၊ ခင်စက်မေ ဒီကိုကားနဲ့ထွက်သွားတာ ဖြစ်နိုင်တယ်လို့ ဖေဖေ့ စိတ်ထဲပူနေမိတာ၊ တကယ်လည်း ရောက်လာတာကိုး"

ဟု ဖေဖေ ညည်းညည်းတွားတွား ပြောလာပါ၏။ မေမေကိုယ်ကို ခပ်ဖွဖွလေးလှုပ်သည်။ ဆံစလေးတွေကို သပ်တင်ပေးနေသည်။ မေမေသည် ဖြူဖျော့စွာပဲ ဖေဖေ့ရင်ခွင်ထဲမှာ ပျော့ခေတ်ဖတ်နိုင်စွာ ငြိမ်သက်ရှိနေပါ၏။ ဖေဖေ့မျက်နှာထက်မှ စိုးရိမ်ပူပန်မှုတွေပို၍ ပြည့်သိပ်အုပ်မိုးလာကြပါပြီ။ တုန်လှုပ်စွာလည်း မေမေ့ကိုယ်လေးကို လှုပ်လိုက်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"မိုး ... မိုး ... ကိုကြီး ရောက်နေတယ်၊ အားမငယ်နဲ့ အားမငယ်နဲ့နော်"

ဟု တဖွဖွပြောနေသည်။ ဒါပေမဲ့ မေမေ့မျက်ဝန်းတွေ ပွင့်မလာကြ။ ငွေလွှန်းပုံ မေမေ့ကိုကြည့်ကာ စိုက်ပူရသည်မှာ ရင်တစ်ခုလုံး ပေါက်ကွဲတော့မည့်အတိုင်း ဖြစ်လာရလျက် အသက်ရှူ၍ပင် မဝတော့သလို ခံစားလာရပါသည့်အဖြစ်။ မေမေ့မျက်နှာထက်မှာ သွေးရောင်လုံးဝပျောက်နေသည်တကား။

မေမေ့ကိုယ်လေးကို ဖေဖေ မြှောက်ခနဲနေအောင် ပွေ့ယူလိုက်ကာ ခြေလှမ်းကြီးကြီးဖြင့် ကားရှိရာသို့လျှောက်သွားတော့ နောက်မှ ငွေလွှန်းပုံ ငိုယိုနေရင်း ပြေးလိုက်လာမိရပါ၏။ ကားနောက်ခန်းမှာ ငွေလွှန်းပုံကို ဝင်ထိုင်စေကာ ရင်ခွင်မှာ မေမေ့ကို ထည့်ပေးပြီးတာနှင့် ဖေဖေ ကားမောင်းသူနေရာ ဝင်ထိုင်သည်။

ဆေးရုံသို့ ဖေဖေ မောင်းတော့မည်ဆိုတာ သိကြ ဖြင့်လည်း ရမ်နေသည့်လူအုပ်မှ ဆေးသို့ရုံပေးလာကြပါ၏။

ငွေလွှန်းဘေးမှာ ဒေါ်လေး ဒေါ်မြဆွေ ဝင်ထိုင်သည် ပါပဲ။

မေမေ့လက်ကို ဒေါ်လေး ဒေါ်မြဆွေ ဖေးကိုင် သပ်နေသည်။ သူနာပြုဆရာမကြီးတစ်ယောက်ဖြစ်ပါသည့်ဒေါ်လေး ဒေါ်မြဆွေမှ မျက်ရည်တွေ ရစ်ဝဲတက်လာနေတာကို ငွေလွှန်း မြင်နေရသည်။ ရင်ထဲမှာ ထိတ်နေပြီ။ ဟင့်အင်း ...။ မဟုတ်ဆိုသည့် ခံစားချက်က ရင်ကိုချောက်ချားစွာ တိုးဝင်နေစဉ်မှာ မကြားချင်သည့်စကား။ မကြားရက်သည့်စကား။ ခံနိုင်ရည်



သည့်စကားကို ငွေလွှန်းပုံ ငြင်းဆန်ခွင့်မရှိစွာဘဲ ကြားလိုက်ရပါပြီတည်း။

"သမီးရဲ့မေမေ မရှိတော့ဘူး၊ သူ ... မရှိတော့ပါဘူးကွယ်"

အငြိမ်းစားသူနာပြုဆရာမကြီး တစ်ယောက်၏ ငိုသံပါနေသော စကားသံသည်ကားကို အရှိန်ကိုမြှင့်မောင်းနေသည့် ဖေဖေ့ကိုပါ တုန်လှုပ်ခြောက်ခြားစေ။ ချောက်ချားနေကျင်စေလွန်းစွာဖြင့် ကားကိုရပ်တန့်လိုက်သည်အထိ ဖြစ်သွားစေရပါပြီ။

မေမေ့ကို မယုံကြည်နိုင်စွာပဲ ငွေလွှန်းပုံ မျက်တောင်မခတ် ငေးစိုက်ကြည့်နေမိရဆဲ။ စောစောလေးကမှ တကယ့်ကို စောစောလေးကပင်လျှင် မေမေသည် ငွေလွှန်းပုံနှင့်အတူ လက်ဖက်သုပ်လေးစားနေခဲ့သေးသည်။ ရေနွေးကြမ်းလေးသောက်နေခဲ့သေးသည်။ ဪ ... ဖေဖေနှင့် ထူထောင်ခဲ့ရပါသည့် အိမ်ထောင်ရေးဘဝလေးကိုလည်း ပြောပြနေခဲ့သေးသည်။ ဖေဖေ့အပေါ်မှာ ချစ်မြတ်နိုးစွာသော ချစ်ကြည်ညိုစိတ်ဖြင့်လည်း ကျေးဇူးရှင်အဖြစ် အထွတ်အမြတ်ထားကာ ပြောပြနေခဲ့သေးသည်။ ခုကျတော့ မေမေသည် အားလုံးကို ထားရစ်ခဲ့ချေပြီတကား။

ငွေလွှန်းပုံ ယုံပင်မယုံချင်။ မယုံနိုင်။ အားလုံးကို ငြင်းဆန်ပစ်ချင်သည်။ မေမေမရှိတော့ပြီဆိုတာကို အော်ဟစ်ငြင်းဆန်ပစ်ချင်သည်။ ရင်ကွဲကျေအောင် နှလုံးကျေအောင် အော်ပစ်ချင်လာသည်။ မေမေ့ကို ရင်ခွင်ထဲမလွှတ်အောင် ထွေးပိုက်မိရပေမယ့် တင်းကျပ်နေအောင် မလုပ်ရက်။ မေမေ နာကျင်သွားမှာ စိုးနေစိတ်ဖြင့် ဖွဖွဖက်ထားမိရင်းမှ မေမေ့နဖူးပေါ် ခေါင်းလေးကို မှေးတင်ထားမိရသည်။ မျက်ရည်တွေ ဖြာကျနေသည်မှာ မေမေ့

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာထက်သို့တိုင် မျက်ရည်ပေါက်တွေ ဖျောက်စက်မပြတ် ကြွေကြွေကျနေကြသည်အထိပါ။

"မလုပ်လိုက်ပါနဲ့ မေမေရဲ့၊ ဒီလိုမလုပ်လိုက်ပါနဲ့ မေမေရဲ့၊ ငွေလွှန်းကို ချန်မထားရစ်ခဲ့ပါနဲ့ မေမေရဲ့၊ မဟုတ်ဘူး ဒီအဖြစ်ဟာ တကယ်မဟုတ်ဘူး"

ပထမ တိုးဖွဖွ မေမေ့ကို ပြောနေရာမှ ...။ နောက်ဆုံးမှာ ရင်ကိုနှစ်၍ အော်ဟစ်ကာ ငြင်းလိုက်မိရပါပြီတည်း။ သမီးရဲ့ရင်တွေ ကျေနေပြီ မေမေဟု ဆက်တိုက်အော်နေမိသံက ရင်ကိုကျေမွနေစေရင်း ပွင့်ကျလာကြချေသည်တကား။

✧ ❦ ✧



## အခန်း(၃)

လက်အုပ်ချီ၍ ကန်တော့နေပါသည့် ကိုလှိုင်စိုးကို သူ ငေးစိုက်ကြည့်နေရင်းမှ သက်ပြင်းရှိုက်လိုက်မိရပါပြီ။ ထုပ်ပိုးဌာန၏ ကြီးကြပ်မှူးတာဝန်ကို ယူရပါသည့် လှိုင်စိုး။ ခကျတော့ မျက်ရည်ကျကာ တုန်လှုပ်စွာ ကြမ်းပေါ်မှာ ထိုင်နေပြီ။ မျက်နှာမထားတတ်လောက်အောင်ပဲ နေရခက် ထိုင်ရခက်နှင့် ကျဉ်းကျပ်လွန်းနေသည့် စိတ်တွေဖြင့် အုပ်စီးရစ်ပတ်ခံနေရပါသည့် လူတစ်ယောက်၏မျက်နှာကို အနီးတကပ် သူ မြင်နေရသည်။

"ကျွန်တော့်မိန်းမ စပျစ်သီးသန္ဓေတည်လို့ ဆေးရုံတင်ရပါတယ် အစ်ကိုလေးရယ်၊ ငွေကလည်း အလွန်လိုနေတာပါ၊ အိမ်မှာက သားသမီးငယ်လေးတွေ သုံးယောက်ကလည်း ရှိနေတာ၊ ကြွယ်ဒေါ်ကြီးတစ်ယောက် ရှိနေလို့သာ ကလေးတွေအတွက် စိတ်မပူရပေမယ့် ကြွယ်အတွက် ငွေလိုနေတာနဲ့ လုပ်မိလုပ်ရာလုပ်မိရတော့တာပါ အစ်ကိုလေးရယ်၊ အန်ကယ်ကြီး ဦးမောင်မောင်ဘက်က အဲဒီ ... ဟို ... ဟို စက်ရုံကတံဆိပ်အစစ်တွေ စက္ကူကြွေချောတွေကို ... ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



ထုပ်ပိုးစက္ကူသေတ္တာတွေကို သူ့ကိုရောင်းပေးဖို့ အိမ်ကိုလာလာပြီး စည်းရုံးနေခဲ့တာပါ အစ်ကိုလေးရယ်၊ ကျွန်တော်သစ္စာမဲ့ဖို့ စိတ်ကူးမရှိခဲ့တာယုံပါ၊ အမြဲငြင်းခဲ့တာပါခင်ဗျာ၊ ဒါ ... ဒါပေမဲ့ ခု ငွေလိုလာတဲ့အခါကျတော့ ကျွန်တော်မတတ်သာလို့ မိုက်သွားခဲ့ရတော့တာပါ၊ စက္ကူသေတ္တာတွေရိုက်တဲ့အခါ ပိုရိုက်ပါတယ်၊ ညနေဘက် အားလုံးထက်နောက်ကျပြန်ပြီးမှ အဲဒါတွေလည်းယူ ကြွေစက္ကူချောနဲ့ရိုက်ထားတဲ့ စက်ရုံအမှတ်တံဆိပ်တွေလည်း ယူခဲ့ပြီး အားလုံးသူ့အိမ်ဝင်ပို့ခဲ့မိတာပါ၊ အဲဒီအတွက် ကျွန်တော် ငွေဆယ်သိန်း ရပါတယ် အစ်ကိုလေးရယ်"

မျက်ရည်ကျရင်း နောင်တဖြင့်ပြောနေသည့် ကိုလှိုင်စိုးကို သူ သက်ပြင်းရှိုက်၍ကြည့်သည်။ ဖြစ်နိုင်ချေရှိသူများအမည်ကို သူ စာ...တစ်ရွက်ပေါ်မှာ ချရေးခဲ့သည်။ အဖြစ်နိုင်ဆုံးထဲမှအဖြစ်နိုင်ဆုံးသူတွေ ခြောက်ယောက်လောက်ကို ထပ်ရွေးသည်၊ စတိုဝန်ထမ်းကအစ အမည်ပါသည်။ ခက်သည်က စတိုထဲမှာရှိနေသည့် စက္ကူကတ်သေတ္တာတွေသည်လည်း မလျော့ဘဲရှိနေတာမို့ ...။ နောက်ဆုံးတော့ ကိုလှိုင်စိုး ဆိုသည့်သူကို ဆန်ခါတင်ရွေးချယ်လိုက်ကာ စုံစမ်းကြည့်တော့ ဓနီးဖြစ်သူ ဆေးရုံတက်နေတာ သိခဲ့ရပါ၏။ ညနေဘက် ကိုလှိုင်စိုးကို သူ့ရုံးခန်းမှာခေါ်၍မေးတော့ ဘာမျှကြာကြာမေးလိုက်ရတာမရှိ။ ကိုယ့်ဘက်ကလည်း တည့်တိုးမေးသည်။ ကိုလှိုင်စိုးကလည်း ချက်ချင်းပင်ဝန်ခံသည်။

"ကျွန်တော် အလုပ်ဖြုတ်ခံလိုက်ရတယ်ဆိုတာ လောလောဆယ်မှာ စက်ရုံကဝန်ထမ်းတွေ မသိပါစေနဲ့ဦး အစ်ကိုလေး



ရယ်၊ ကျွန်တော့်ကို မိန်းမနေမကောင်းလို့ ခွင့်ပေးထားတယ်ဆိုတာလေးလောက်တော့ ကျွန်တော့်ကို လောလောဆယ်မှာ ညှာတာသောအားဖြင့် ..."

ပြောနေရင်း ကိုလှိုင်စိုး မျက်ရည်ကျကာ လည်ချောင်းတနင်နင်ဖြင့် ငြိမ်ကျနေသည်။ အလုပ်ပြုတ်ပြီဆိုတာကို စိတ်ထဲဒုန်းဒုန်းချ နားလည်ထားနှင့်ပုံရလည်း ရနေပြီ။ သူ တိတ်ဆိတ်စွာပဲကိုလှိုင်စိုးကို ငြိမ်သက်ကြည့်နေမြဲ။ တစ်ခွန်းမျှ ဝင်မပြောသေး။ အပြစ်ကျူးလွန်သူပေမို့ ကိုလှိုင်စိုးမှာ နေစရာမကျန်အောင် လိပ်ပြာမလုံဘဲဖြစ်နေသမျှ သူ မြင်နေရသည်။

"ကြွယ် ဆေးရုံကဆင်းပြီးမှ ... ကျွန်တော့်ကို အမှုဖွင့်ပါ အစ်ကိုလေးရယ်၊ ကျွန်တော့်အပြစ် ကျွန်တော်ခံပါ့မယ်၊ စာရွက်တစ်ရွက်ပေါ်မှာလည်း ကျွန်တော့်လက်ရေးနဲ့ ဒီအပြစ်ကို ကျူးလွန်ခဲ့တယ် ဆိုတာကိုလည်း ဝန်ခံပေးပါ့မယ်၊ အဲဒီ အထောက်အထားကို အစ်ကိုလေး ယူထားပေးပါ ခင်ဗျာ၊ အမှုဖွင့်တဲ့အခါမှာလည်း ကျွန်တော် ဝန်ခံမှာပါ၊ ကျွန်တော် ကျူးလွန်မိတဲ့ကိစ္စဟာ အစ်ကိုလေးရဲ့စက်ရုံတစ်ခုလုံးကို ဒီလောက်ထိ ထိခိုက်စေမယ်ဆိုတာ ကျွန်တော်မသိခဲ့ပါဘူးဗျာ၊ ဒီလောက်ထိ အရည်အသွေးညံ့တဲ့အထည်တွေကို ရောညှပ်ထည့်ဖို့ဆိုတာ သူ ကြံစည်မယ်လို့ မထင်ခဲ့တာပါ၊ ဒါပေမဲ့ ကျွန်တော် ... ကျွန်တော် သူ့လက်ထဲသေတ္တာတွေရော၊ စက္ကူတံဆိပ်တွေရော ပေးမိခဲ့ပြီးပြီမို့သူ အဲဒီအထည်ညံ့တွေ တံဆိပ်ကအစကပ်ပြီး ကျွန်တော့်လက်ထဲခေါ်ထည့်တော့ ကျွမိတဲ့ခြေတစ်ဖက်ကြောင့် နောက်

www.burmeseclassic.com

www.burmeseclassic.com



ခြေတစ်ဖက် ထပ်ကျွံရတော့တာပါပဲ ခင်ဗျာ၊ အထည် သေတ္တာတွေစီထပ်ပြီး မပို့ခင်မှာ ကျွန်တော် အဲဒီအထည် ညံ့တွေ အလုပ်သမားတွေ ထမင်းစားချိန် နေ့လယ်ဘက်မှာ လဲထည့်ခဲ့တာပါ၊ လုပ်မိမှတော့ မထူးတော့တာမို့ အထည်မှန်နဲ့အတုလဲလို့ လက်ထဲရောက်လာတဲ့အထည်စ တွေကို အထည်ချုပ်စက်ရုံက ရောက်လာတဲ့ အထည်ခေါက် တွေအထပ်ထဲ ရောမျှလို့ အသာလေး ထည့်ချန်ထားခဲ့ တော့တာပါ၊ မှားသမှ ဆက်တိုက်ပါ အစ်ကိုလေးရယ်"

ဟု ပြောလာကာ ငိုနေတော့ သူ ခေါင်းယမ်းသည်။

"တကယ်တော့ ကိုလှိုင်စိုးကို ကျွန်တော် အလုပ်ထုတ် ကလွဲပြီး ဘာမှရွေးချယ်စရာလမ်း မရှိတော့တာအမှန်ပါပဲ ဒါပေမဲ့ ကျွန်တော် ခင်ဗျားကို အလုပ်မထုတ်ရက်ပါဘူး ဗျာ၊ ခင်ဗျားမှာ လူမမာဇနီးသည်ရှိတယ်၊ ကလေးသုံး ယောက်ရှိတယ်၊ ကလေးတွေရဲ့ကြီးတော်ကြီး ရှိတယ် သူတို့အတွက် ခင်ဗျားဟာ မှီခိုရာပဲ ကိုလှိုင်စိုး၊ ခင်ဗျား အမှုမဖွင့်ဘူးပဲထားပါ၊ အလုပ်ဖြုတ်ပစ်တယ်ဆိုရင်ပဲ အားလုံး ဒုက္ခရောက်ကြရမှာ၊ ခင်ဗျားကို အမှုဖွင့်လိုက်မယ်၊ ခင်ဗျား အပြစ်ကျခံရမယ်ဆိုရင် သူတို့ခမျာ ဝန်းကျင်မှာ ခေါင်း ဖော်ဝံ့အောင် အရှက်ပါရကြဦးမယ်၊ ကျွန်တော် မလုပ်ရက် ဘူး ကိုလှိုင်စိုး"

ဟု ပြောလာတော့ ကိုလှိုင်စိုးမှာ ယူကျုံးမရစိတ် ဖြင့် ချုံးချ၍ ကလေးတစ်ယောက်နှယ် ငိုချလိုက်ပါသတည်း။

"ကျွန်တော် မိုက်တာပါ အစ်ကိုလေးရယ်၊ မိုက်တာပါ"



ဟု တဖွဖွ ငိုညည်းသံဖြင့် ဆက်တိုက်ပြောနေသည် ကလည်း နောင်တဖြင့်ပါ။

"ဦးမောင်မောင်ကို သွားတွေ့ပါ၊ ဒီဖုန်းကိုယူသွားပါ၊ သူ့ အလစ်မှာ ဟောဒီဖုန်းနဲ့ ဗီဒီယိုရိုက်ပါ၊ ဟောဒီဖုန်းကတော့ ဝင်ပြီဆိုကတည်းက အသံသွင်းပါ"

လက်ကိုင်ဖုန်းနှစ်လုံးကို သူယူကာ ဗီဒီယိုရိုက်ပုံ ရိုက်နည်း၊ ကျန်ဖုန်းတစ်လုံးမှာကျတော့ အသံသွင်းယူပုံယူနည်း တွေအားလုံး သူ သေချာသင်ပေးသည်။

"ခင်ဗျား အလုပ်ကထွက်မှ ဖြစ်မယ်ဆိုတာတွေ၊ သူခိုင်းသမျှ လုပ်ပေးတာ ဘေးကရိပ်မိလာတယ်လို့ ထင်တာတွေ အခု သူ့ကိစ္စကြောင့် ဖြစ်ရတာမို့ ငွေကြေးကူညီပါဆိုတာမျိုးတွေ ခင်ဗျားပြောပါ၊ သူ ပြောသမျှကိုလည်း တောက်လျှောက် အသံသွင်းထားပါ၊ သူ ခင်ဗျားကို ငွေပေးတယ်ဆိုရင်လည်း အခွင့်အရေးရရင် ဗီဒီယိုလေးဖုန်းနဲ့ ရိုက်ထားပါ ... ရော့"

ဟု အပ်လိုက်တော့ ဖုန်းနှစ်လုံးကို လှိုင်စိုးယူသည် က စိတ်လှုပ်ရှားစွာဖြင့်ပါ။

"အစကတည်းက ခင်ဗျားအခက်အခဲကို ကျွန်တော့်ကိုပြော ရင် ဒါတွေ ဖြစ်လာစရာကို မရှိတော့ဘူး ကိုလှိုင်စိုး"

ဟု ဆက်ပြောတော့ ကိုလှိုင်စိုး မျက်ရည်ကျနေသည် ပါပဲ။ ကိုလှိုင်စိုး၏ မျက်နှာထက်မှာ နောင်တတွေအုပ်မိုးကျနေ သည့်အဖြစ်။ ကိုလှိုင်စိုး အံခဲ၍ ...

"အခု ကျွန်တော် သွားပါမယ် အစ်ကိုလေး၊ ဟိုမှာလုပ်စရာ ရှိတာ ချက်ချင်းလုပ်ပါ့မယ်၊ ပြီးတာနဲ့ ဒီကိုပြန်လာပါ့မယ်၊

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုလေး သဘောထားပြည့်ဝလေလေ ကျွန်တော် ယူကျုံးမရ ဖြစ်ရလေလေပါ၊ အဲဒီယူလာတဲ့ အထောက်အထားတွေနဲ့ ကျွန်တော့်ကို အပြစ်ပေးလို့လည်း ရနေတာပါ အစ်ကိုလေး၊ ဟိုလူယုတ်မာကြီးကိုလည်း အထောက်အထားနဲ့ အမှုဖွင့်လို့ရအောင် ကျွန်တော် စိတ်ပါလက်ပါ ကူညီမှာပါ"

ဟု ဆက်ပြောလာတော့ သူ ခေါင်းခါ၍ ...

"သူ သတင်းစာထဲက ကြော်ငြာရုံတစ်ခုပါပဲ ကိုလှိုင်စိုး၊ သူ့ဝန်ခံမှုတစ်ခုကိုယူဖို့ပါ၊ သေချာတာက သူဟာ ရုံးရောက်ခံမယ့်သူ မဟုတ်ဘူးလေ၊ ရုံးရောက်ပြီး အပြစ်ခံရမယ့် လမ်းထက် သတင်းစာထဲက သူ့အမှားကို ဝန်ခံလိုက်တာကိုပဲ ရွေးချယ်ရဲတဲ့သူမျိုးပါ၊ သူဟာ လူချမ်းသာကြီး တစ်ယောက်၊ လူသိများတဲ့သူတစ်ယောက်၊ ရုံးရောက်ခံမှာ မဟုတ်ပါဘူး၊ ထောင်ထဲနေရမှာကိုလည်း အဖြစ်ခံမှာ မဟုတ်ပါဘူး၊ အဲဒါထက်စာရင်ဖြင့် သတင်းစာထဲမှာ ဝန်ခံတောင်းပန်ရင်း သူ့သိက္ခာကိုတော့ အပွန်းအရှခံလိုက်မှာပေါ့လေ၊ အထည်စက်ရုံပိုင်တာချင်းတူတူမှာ သူက ကျွန်တော့်စက်ရုံအထည်တွေ အရောင်းပျက်၊ ဈေးကွက်ပျက်အောင် လုပ်ခဲ့တာမို့ အပြစ်ရဲ့အတိမ်အနက်ကို သူ ကောင်းကောင်း နားလည်မှာပါ ကိုလှိုင်စိုး၊ သူ သတင်းစာထဲမှာ တောင်းပန်ဝန်ချစာ ထည့်ကိုထည့်မှာပါ"

ဟု ထပ်ပြောစဉ်ခိုက် ကိုလှိုင်စိုးကတော့ လက်အုပ်ချီ၍ သူ့ကိုကန်တော့နေပါပြီ။ တကယ်လည်း ကိုလှိုင်စိုး နောင်တ



ဖြင့် ထွက်ခွာသွားသည်။ စက်ရုံဆင်းချိန်ပေမို့ အားလုံးသည် တိတ်ဆိတ်နေသည်ပါပဲ။ နှစ်နာရီခွဲကျော်ကျော်လောက်မှာ ကိုလှိုင်စိုး ပြန်လာသည်။ တယ်လီဖုန်းနှစ်လုံးကို သူ့လက်ထဲအပ်သည်။ တစ်ခုက အသံသွင်းထားသောဖုန်း။

နောက်တစ်ခုက လှိုင်စိုးကို ကျောပေးကာ မီးခံသေတ္တာထဲမှငွေကို ထုတ်နေသည့် ဦးမောင်မောင်၏ ပုံရိပ်လှုပ်ရှားမှုများနှင့်အသံ။

"ခင်ဗျားကို နောက်ထပ်ငွေငါးသိန်းပေးလိုက်မယ် ကိုလှိုင်စိုး၊ ခင်ဗျားသူဌေးလည်း ခေါင်းမြွေပေါက်သလို ဖြစ်နေပြီဆိုတော့ ကျေးဇူးတင်တယ်ဗျာ၊ အထည်တွေ လဲဖြစ်အောင် အားလုံး ခင်ဗျား ကျွန်တော့်ကို ကူညီလိုက်တာလည်း ကျေးဇူးတင်ပါတယ်၊ ခဏတော့ နေလိုက်ဦးပေါ့ ကိုလှိုင်စိုးရာ၊ နောက်တော့လည်း ကျွန်တော့်စက်ရုံမှာ နေရာတစ်ခုခုတော့ စီစဉ်ပေးပါ့မယ်၊ ခြောက်လတစ်နှစ်လောက်တော့ နေလိုက်ပါ၊ အင်း ... နယ်ဘက်ကို အထည်ကိစ္စ ဆောင်ရွက်ပေးရတဲ့ အလုပ်မျိုးဆိုရင် ပိုသင့်တော်မှာပေါ့လေ"

အချိုသပ်စကားပေလား။ တကယ်ပဲ အလုပ်ခန့်မည်လားဆိုတာကိုတော့ ဦးမောင်မောင်ကိုယ်တိုင်ပဲ သိပါလိမ့်မည်။ ရုပ်ရော အသံရော မှတ်တမ်းမှတ်ရာဖြင့် အထောက်အထားခိုင်လုံစွာ ရလိုက်သည်ကတော့ ကိုယ့်ဘက်ကဖြစ်နေပြီ။ ဦးမောင်မောင် ပြန်၍ လှည့်မလာခင်မှာ ဗီဒီယိုရိုက်ထားတာကို ပိတ်လိုက်ပေမယ့် ထိုနေရာသည် ဦးမောင်မောင်၏အလုပ်ရုံးခန်းကျယ်ကြီးဆိုတာက မီးခံသေတ္တာ၏ကျောဘက်နံရံမှာ ချိတ်ထားပါသည့် ဦးမောင်မောင်

www.burmeseclassic.com

www.burmeseclassic.com



ခါ် ခါတ်ပုံ။ ပြီးတော့ အနည်းငယ်မျှ ဘေးတိုက်ပေါ်နေပါသည့် ဦးမောင်မောင်၏မျက်နှာ။ ဦးမောင်မောင်၏အသံ။ လုံးဝသိသာနေသည့် ဦးမောင်မောင်၏ပုံပဟန်။ အားလုံးက ခိုင်မာလွန်းနေပြီ။ ပထမအသံသွင်းထားသည့် ဦးမောင်မောင်နှင့် ကိုလှိုင်စိုးတို့၏ စကားသံတွေကလည်း တယ်လီဖုန်းလေးတစ်လုံးထဲမှာ သီးသီးသန့်သန့် ရှိနေသည်။

"အန်ကယ် ခိုင်းသမျှ ကျွန်တော်လုပ်ခဲ့တာ၊ အစ်ကိုလေး ရိပ်မိနေသလား မသိဘူး အန်ကယ်၊ ကျွန်တော် အလုပ်က ထွက်လိုက်ရင် ကောင်းမယ်၊ အိမ်ပါပြောင်းမှဖြစ်မှာ အန်ကယ်၊ အဲဒါ ငွေတော့လိုနေတယ်"

"ကောင်းပြီ အန်ကယ်ပေးမယ်၊ ခဏ ... ခဏ အန်ကယ် ငွေယူလိုက်ဦးမယ်၊ သိပ်တော့ ဒီမှာ ကြာကြာမင်းနေလို့ မကောင်းဘူးကွယ့်၊ တခြားနေရာပြောင်းနေတာ ပိုကောင်းတာပေါ့ကွ၊ မင်းမိန်းမ ဆေးရုံကဆင်းမှ ပြောင်းရမှာဆိုတော့ အပြောင်းအရွှေ့ကိစ္စ မြန်တာတော့ ပိုကောင်းတယ်ကွ၊ ဟိုက ရိပ်မိနေတယ်ဆို"

"တစ်ရက်နှစ်ရက်တော့ ကြွယ် ဆေးရုံမှာနေရဦးမှာပါ အန်ကယ်ဦးမောင်မောင်၊ ကျွန်တော် လုပ်ပေးသမျှဟာ အန်ကယ့်စက်ရုံကြီးအတွက် ဖြစ်နေတာ ကြာလေပိုနားလည်လာရလေပါ"

ဆိုသည့်အသံတွေ ကြားနေရသည်။ နောက်တော့ ဗီဒီယိုထဲမှာပေါ်နေသည့် အသံကိုလည်း ဆက်သွင်းထားသည်က အသံသွင်းဖုန်းထဲထိပါ။ ကြည့်ရတာ ဦးမောင်မောင် ငွေယူနေတာကို ဗီဒီယိုရိုက်နေချိန်မှာလည်း အသံသွင်းသည့်ဖုန်းထဲဆက်၍ အသံသွင်းထားတာဖြစ်မည်။ ပိုက်ဆံအိတ်ကို ဖွင့်ထားသမျှ အသံသွင်းကတာက ဝင်နေမည်ပဲလေ။



ဗီဒီယိုရိုက်တာတစ်ခုပဲ ဦးမောင်မောင်-ပြန်ခလှည့်လာခင်မှာ သုတ်သုတ်ရိုက်ရမှာပဲရှိမည်။ ရိုက်နိုင်သလောက်ပဲ ရိုက်လိုက်ကာ ပြန်၍ဖုန်းလေးကို ဦးမောင်မောင် မသိအောင် ဖုန်းကိုပေါင်ပေါ်မှာ တင်ထားပါသည့် ပိုက်ဆံအိတ်ထဲထည့်လိုက်ရချေလိမ့်မည်သာ။ အားလုံး သူ့ သေချာသင်လည်း သင်ပေး။ ဘယ်သို့ဘယ်ပုံ လုပ်ကိုင်ဖို့လည်း မှာခဲ့သည်ကိုးလေ။ ခုကျတော့ အားလုံးသည် သူ့လက်ထဲရောက်လာပြီ။ အသံသွင်းဖုန်းလေးထဲမှာ ငွေပေးသည့်အခါ ပြောသည့်စကားတွေကအစ ပါနေသည့်အဖြစ်။

"ပြန်တော့ ကိုလှိုင်စိုး၊ ဘယ်နေ့မှာ အသံသွင်းတယ်၊ ဗီဒီယိုမှတ်တမ်းလေး ရိုက်ထားတယ်ဆိုတာကအစ အားလုံး ဒီရက်ကော့ဒ်ထဲမှာ ပါနေတာပါ၊ ကိုလှိုင်စိုးကို ကျွန်တော် အလုပ်ကလည်း မဖြုတ်ပါဘူး၊ ဒီဗီဒီယိုထဲက ဥစ္စာတွေကို အဲဒီ ဦးမောင်မောင်ရဲ့ဟန်းဖုန်းဆီကို မက်ဆေ့ချ်ပုံ ပို့လိုက်ရုံပါပဲ၊ သူ ဘာလုပ်ရမယ်ဆိုတာ ချက်ချင်းနားလည်မှာပါ"

ဟုပြောကာ ပြုံး၍ ကိုလှိုင်စိုးကို တည်ငြိမ်စွာပဲ သူကြည့်တော့ ကိုလှိုင်စိုးမှ မျက်ရည်ကျနေပါ၏။ ထွက်မသွားနိုင်ဘဲဖြစ်နေသည်။ သူ ... သက်ပြင်းရှိုက်မိရပါပြီ။

"ဦးမောင်မောင်ဆီက ရလိုက်တဲ့ငွေတွေ သူ့ကိုပြန်ပေးလိုက်ဖို့အတွက် ကျွန်တော်ကပဲ ကိုလှိုင်စိုးကို ငွေပေးလိုက်ပါ့

www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ဆယ့်ငါးသိန်းပေါ့နော်၊ အဆိပ်တွေနဲ့တော့ ခင်ဗျားရဲ့ မိန်းမကို ဆေးမကုပါနဲ့ဗျာ”

ဟု ပြောတော့ ကိုလှိုင်စိုး ငိုပြန်ပါ၏။

“ဆယ့်ငါးသိန်း မဟုတ်ပါဘူး အစ်ကိုလေးရယ်၊ ဆယ်သိန်းပါ၊ ငါးသိန်းက လက်ထဲရှိနေတာပါ အစ်ကိုလေးရယ်၊ ယူချင်လို့လည်း ယူလာတာ မဟုတ်ပါဘူး၊ ယုတ္တိရှိအောင်သာ ဦးမောင်မောင်ဆီက ယူလာရတာပါ၊ အဲဒီဆယ်သိန်းလည်း ကျွန်တော် လခထဲက ဖြည်းဖြည်းချင်းပြန်ဖဲ့ဆပ်ပါရစေတော့ အစ်ကိုလေးရယ်၊ ခုဥစ္စာ ကျွန်တော်မိုက်လွန်းနေတာ သိသိနေရင်း လူဖြစ်ဖို့တောင် မတန်တော့သလိုပါဗျာ၊ အစ်ကိုလေး ဖော်ထားပြည့်လေလေ ဒီစက်ရုံကြီးပျက်လုအောင် မွှေလိုက်တဲ့ ကျွန်တော့်မိုက်ပြစ်ကို ကျွန်တော်ရှက်ရလေလေပါ”

ဟု ပြောငိုနေရှာပါ၏။ သူ ပြတင်းအနီးမှာသွားရပ်သည်။

“ကိုလှိုင်စိုး ပြောတာ မှန်ပါတယ်။ ခွင့်လွှတ်ထိုက်တဲ့အမှားကို ကျူးလွန်တာ မဟုတ်ဘူးဆိုတာလည်း မှန်ပါတယ်၊ ကျွန်တော့်စက်ရုံကြီးတစ်ခုလုံးရဲ့သိက္ခာကို ထိခိုက်တယ်၊ ပစ္စည်းအပေါ်မှာ မယုံကြည်တော့ဘူးဟော့ဆိုရင် စက်ရုံပိတ်လိုက်ရတဲ့အထိ လုပ်ငန်းတွေအားလုံး အမှောင်ထဲရောက်သွားရမှာ၊ အထူးသဖြင့် ဘုန်းတက်လူဆိုတဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ဟာ ကိုယ့်အလုပ်အပေါ်မှာ သစ္စာမရှိတဲ့လူလိမ်ဆိုတာ ဖြစ်သွားတာက ပိုဆိုးတယ်၊ စီးပွားရေး



လောကမှာ လူလိမ်လို့ အသတ်မှတ်ခံလိုက်ရရင် အဖတ်ဆယ်လို့မရအောင် အလုပ်တစ်ခုလုံးလည်း ပျက်ရတယ်၊ လူလည်းဘဝပျက်ရောပဲ”

ဟု ရှင်းပြမိရသည်ပါပဲ။

“ဒါပေမဲ့ အဆိုးထဲကအကောင်းကို ရွေးထုတ်ရမှာပေါ့၊ ခင်ဗျားဟာ အမှားကို ဝန်ခံတယ်၊ အမှန်တရားပေါ်ပေါက်အောင် ပြန်ပြီးလုပ်ဆောင်ပေးတယ်၊ ခင်ဗျားဟာ ကျွန်တော့်သိက္ခာနဲ့ ကိုယ်ကျင့်တရားကိုလည်း ဖော်ထုတ်ပေးတယ်၊ စက်ရုံကြီးရဲ့ရပ်တည်မှု ရှင်သန်နေအောင်လည်း လုပ်ဆောင်ပေးတယ်၊ ဒီစက်ရုံကြီးရဲ့အလုပ်သမားတွေကိုလည်း ကယ်တင်ပေးတာပဲ၊ စက်ရုံပိတ်လိုက်ရတာမျိုး မဖြစ်ရတော့ဘူးလေ”

ဟုပြောကာ ပြန်၍လှည့်လျှောက်လာသည်။ မျက်ရည်တွင်တွင်ကျနေသည့် ကိုလှိုင်စိုး၏ပခုံးကို ဖေးကိုင်သည်။

“လူဆိုတာ မှားတတ်ပါတယ် ကိုလှိုင်စိုး၊ အဲဒီအမှားကို ပြင်လိုက်တဲ့အတွက် ခင်ဗျားကို ကျွန်တော့်ရဲ့အယုံကြည်ရဆုံး လူရင်းတစ်ယောက်လို ဒီစက်ရုံမှာဆက်ထားဖို့ ကျွန်တော်ဆုံးဖြတ်တယ်၊ လစာကိုလည်း တိုးပေးမယ်၊ ခင်ဗျားပြောသလိုလည်း ငွေဆယ်သိန်းကိုလည်း အဲဒီလစာထဲက အတန်အသင့် ခင်ဗျားကိုယ်တိုင်လစဉ် ကျွန်တော့်အလုပ်စားပွဲပေါ်မှာ လာတင်ပေါ့ဗျာ၊ လူသိရှင်ကြား လစာထဲက ဖြတ်တောက်တာတော့ ကျွန်တော် မလုပ်ပါဘူး၊ ငွေစာရင်းလစာဌာနက ငွေကိုထုတ်ပြီး လာဖဲ့ဆပ်ပေါ့ဗျာ၊ အဲသလို

www.burmeseclassic.com

www.burmeseclassic.com



ဆပ်လိုက်ရတော့လည်း ခင်ဗျား ဒီမှာ အလုပ်လုပ်ရတာ ပိုနေရထိုင်ရသက်သာမှာပေါ့လေ၊ ကျွန်တော်ကလည်းအမှား တစ်ခုလုပ်မိတဲ့သူကို ငွေဆယ်သိန်း အလကားပြန်ကူတယ် ဆိုတာမျိုးတော့ အဖြစ်မခံချင်ပါဘူး၊ ခင်ဗျားလစာထဲက ပြန်ဖြတ်တောက်တယ် ဆိုတာကိုပဲ ဖြစ်စေတာပါ၊ ဒါက တော့ ခင်ဗျားရဲ့ဇနီးသည်အတွက် အားရှိတဲ့ အစားအစာ ဝယ်ကျွေးပေါ့ဗျာ၊ လိုရာမှာသုံးပါ”

ဟုပြောကာ အံဆွဲထဲမှ ငွေနှစ်သိန်းကို သီးသန့်ထုတ် ပေးလိုက်တော့ ကိုလှိုင်စိုး သူ့ခြေအစုံကိုဖက်၍ ချုံးပွဲချငိုတော့ သည်ပါပဲ။ ရင်ကိုလည်း ထုသည်။ ကိုယ့်ခေါင်းကိုလည်း ကိုယ် ထုသည်။

“သူတော်ကောင်းကို ပြစ်မှားတဲ့သူ၊ စော်ကားတဲ့သူ၊ ကျေးဇူး ကန်းတဲ့သူထဲမှာ ကျွန်တော့်လောက်ဆိုးတဲ့ကောင် ဘယ်မှာ ရှိပါ့မလဲ အစ်ကိုလေးရယ်၊ ခွေးထက်မိုက်တဲ့ကောင်ပါ”

ဟု ငိုရှိုက်၍ ပြောနေရှာပါ၏။

သို့ ကိုလှိုင်စိုးကို ထိုင်ခိုင်းကာ စီးပွားရေးလမ်းညွှန် ဆိုသည့် စာအုပ်ထဲမှ စီးပွားရေးလုပ်ငန်းရှင်တို့၏ ဖုန်းနံပါတ်များ ထဲမှ ဦးမောင်မောင်၏ဖုန်းနံပါတ်ကို ရှာသည်။ ဖုန်းအရင်ဆက် သည်။

“အန်ကယ် ... ကျွန်တော် ဘုန်းတက်လှူပါ၊ ရောဝတီ အထည်နဲ့ အထည်ချုပ်စက်ရုံက ဘုန်းတက်လှူပါ၊ အန်ကယ့် ဆီကို မကြာခင် ကျွန်တော်မက်ဆေ့ချ်တစ်ခု ပို့လိုက်ပါ့ မယ်၊ ပုံလည်းပါပါတယ်၊ အဲဒါကို စောင့်ကြည့်ပါ၊ သုံး



ရက်အတွင်း သတင်းစာထဲကနေပြီး အန်ကယ်တောင်းပန် စာ ကြော်ငြာပါစေချင်ပါတယ် အန်ကယ်၊ ဒါမှမလုပ်ဖူး ဆိုရင်တော့ ဥပဒေကြောင်းအရ ကျွန်တော် တိုင်ချက်လည်း ဖွင့်ပါမယ်၊ ပြစ်မှုအရဖွင့်၊ တရားမမှုအရလည်း နစ်နာကြေး တန်ဖိုးများစွာကို တောင်းရပါလိမ့်မယ် အန်ကယ်၊ ကျွန်တော့် စက်ရုံထွက် အထည်တွေထဲမှာ အထည်ညံ့တွေကို ရော နှောပါစေခဲ့တဲ့ လုပ်ရပ်နဲ့ပတ်သက်ပြီး ဝန်ချတောင်းပန်တဲ့ စာဆိုပါတော့၊ အဲဒါကို သတင်းစာထဲထည့်ပြီး တောင်းပန် ရင်တော့ အမှုမလုပ်ဖြစ်[illegible]ဘူးပေါ့ အန်ကယ်၊ အသက် ညှာဆုံး အဲဒီနည်းကို ရွေးရတာဟာ တစ်ခုပဲရှိပါတယ်၊ အန်ကယ်ဟာ အသက်ကြီးနေလို့ပါပဲ၊ အကယ်၍ အန်ကယ် အဲဒီကြော်ငြာမှာ ပါရမယ့်အချက်အလက်တွေကို ပြည့်စုံ အောင် ဆောင်ရွက်ပေးရမယ်ဆိုတဲ့လမ်းကို ရွေးတယ်ဆို ရင်တော့ တစ်နာရီအတွင်း ကျွန်တော့်စက်ရုံကိုလာခဲ့ပါ၊ ကျွန်တော့်ရုံးခန်းမှာ ကျွန်တော့်ရဲ့မိသားစုရှေ့နေကြီး ဦးဘ ကောင်းနဲ့အတူ ကျွန်တော် ရှိနေပါ့မယ်၊ စက်ရုံစောင့်ကောင် လေးက အန်ကယ့်ကို ကျွန်တော့်ရုံးခန်းထိ လာပို့ပေးမှာပါ၊ သူ့ကို ကျွန်တော် မှာထားလိုက်ပါ့မယ်၊ အန်ကယ့်ကို စောင့်နေပါလို့လေ”

ဟု ပြောနေသံ ပေါ်လာသည်၊ ဦးမောင်မောင် မိသွားပုံရပါ၏။

“ဩော် ... မက်ဆေ့ချ်လည်း မပို့ပါနဲ့တော့၊ လာခဲ့ပါ့မယ် ဟုတ်လား ... ကောင်းပါပြီ၊ ကျွန်တော် စောင့်ပါ့မယ်၊

www.burmeseclassic.com

www.burmeseclassic.com



အခုပဲ အန်ကယ် ဖုန်းချလိုက်ပြီးချိန်မှာ ကျွန်တော့်ရှေ့နေကြီးကိုလည်း ခေါ်လိုက်ပါ့မယ်”

ဟုပြောကာ ဖုန်းကိုပြုံး၍ပိတ်လိုက်ရပါ၏။ ချက်ချင်း အန်ကယ်ဦးဘကောင်းကို သူ ဖုန်းဆက်၍ခေါ်ရပါ၏။ အကျိုး အကြောင်းလည်း အားလုံး သူပြောပြသည်။

နောက်တော့ ကိုလှိုင်စိုးကို ကြည့်လိုက်ကာ ...

“မထူးတော့ပါဘူး ကိုလှိုင်စိုး၊ ဟိုဘက်ကအခန်းမှာ သွားနေလိုက်ပါဦး၊ ဟိုက ဦးမောင်မောင် ချက်ချင်းကိုလိုက်လာမယ်ဆိုပြီး လန့်နေပြီဗျ၊ ဒီတော့လည်း လိုလိုမယ်မယ် ပေါ့ဗျာ၊ မပြန်သေးနဲ့ဦး၊ ဟိုဘက်ခန်းမှာ သွားနေလိုက် လူချင်းကို ဆိုင်ပေးဖို့တော့ မလိုဘူး ထင်ရပေမယ့် လိုရင် လည်း ခေါ်ဆိုင်ပေးလိုက်တာပေါ့ဗျာ”

ဟုပြောပြီး သက်ပြင်းရှိုက်သည်။

“ကျေးဇူးတင်တယ် ငွေလွှန်းပုံလေးရေ”

ဟု ရင်ထဲမှ ပြောမိရပါပြီ။ ကောင်မလေးပေးခဲ့သည် ထင်မြင်ချက်တွေထဲမှာ တစ်ခုသည် ဒက်ခနဲတိုးချေသည်မဟုတ် ပါလား။ လူမမာရှိသည့်ဝန်ထမ်း။ ဆေးရုံတင်ထားရသည့် မိသား ဝင်ရှိသည့် ဝန်ထမ်းဆိုသည့်အချက်။ တန်းခနဲကို တိုးသည်ပဲလေ ကိုလှိုင်စိုး ခပ်ယို့ယို့ထွက်သွားချိန်မှာ သူ တစ်ယောက်တည် ကျန်ခဲ့စဉ်ခိုက် မနေ့ညက သူကြည့်ခဲ့ပါသည့် အဝတ်အစားဒီဇိုင် ဖိုင်လေးကို အမှတ်ရမိသည်။ ဖိုင်ကတော့ အိမ်မှာကျန်ခဲ့ပြီ၊

ဤတစ်နေ့လုံးကတော့ အထည်တုကိစ္စပေါ်အော လုပ်နေ လိုက်နေ၊ စီစဉ်နေရတာဖြင့် အချိန်က ကုန်သွားရသ



...။ ငွေလွှန်းပုံကို ဘာမျှဆက်သွယ်တာလုပ်ဖို့ အချိန်မရ။ ကျတော့ သူ တစ်ယောက်တည်းပဲ ရှိနေသည်။ ကိစ္စတွေကလည်း ှင်းသလောက် ဖြစ်နေပြီ။ ဤအချိန်မှာ ငွေလွှန်းပုံကို သူဖုန်း ဆက်ချင်စိတ် ဖြစ်လာသည်။

“မင်းကို ကိုယ့်စက်ရုံမှာ ဒီဇိုင်နာအဖြစ် ခန့်လိုက်ဖို့ဆုံးဖြတ် ထားတယ်ကွ၊ လစာကိစ္စလေး ညှိရအောင် မနက်ဖြန် ကိုယ့်ရုံးခန်းကို မင်းလာနိုင်မလား”

ဟု ပြောလိုက်ချင်သည်။

“မင်းကို ကျေးဇူးလည်းတင်တယ်ကွ၊ ကိုယ့်စက်ရုံကိစ္စ၊ ဒီသုံးလေးရက်အတွင်း ဖြစ်နိုင်ချေရှိတဲ့သူတွေကိုရွေးထုတ်၊ စုံစမ်းတာတွေလုပ်၊ အဲဒါတွေပြီးတော့မှ မနေ့ညကမှ မင်းဖိုင်လေးကို ကိုယ်ကြည့်ဖြစ်သွားရတာ၊ ချက်ချင်းမကြည့် ဖြစ်တာကို ခွင့်လွှတ်ပါ ငွေလွှန်းပုံ၊ တကယ်က မင်းလာပေး တဲ့နေ့မှာ ကိုယ်တွေးထားတာက ညဘက်မှာ ချက်ချင်းကို ကြည့်မယ်လို့ ဆုံးဖြတ်ထားတာ၊ တကယ်ကျတော့ အထည် ညှံ့တွေကိစ္စနဲ့ ကိုယ်အလုပ်ပြန်ရှုပ်နေရတော့တာပဲလေ၊ စက်ရုံ ကိစ္စဆိုတော့လည်း အဲဒီဘက်ကို အချိန်ပေးလိုက်ရတာလေ၊ တစ်ခုတော့ရှိတယ် ငွေလွှန်းပုံ၊ မင်းရဲ့ထင်မြင်ချက်ထဲက တစ်ခုကတော့ မှန်နေတယ် သိရဲ့လား”

ဟုလည်း ဆက်၍သူပြောလိုက်ချင်သည့် စကားတွေ ဖြစ် ရင်ထဲမှာ ပြည့်သိပ်လာနေသည်၊

သူ ... သူ့မှတ်စုစာအုပ်လေးထဲမှာ မှတ်ထားသည့် န်းနံပါတ်လေးကိုကြည့်ကာ ဖုန်းခေါ်လိုက်မိရပါပြီတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းလာကိုင်သူက အသက်ကြီးသည့် အမျိုးသမီး တစ်ယောက်ဟု ထင်ရသည်။ ငွေလွှန်းပုံ၏နူးညံ့သောအသံလေး ဖြစ်မနေ။ တစ်ချက်မျှ ရင်ထဲဟာခနဲဖြစ်၏။ နောက်တော့လည်း တွေးမိရသည်ပါပဲ။ ငွေလွှန်းပုံ၏အမေဖြစ်ချေမည်လားမသိ။ တစ် တသေဖြင့် သူ ငွေလွှန်းပုံ၏အမည်လေးကို ထည့်ပြောလိုက်ရပြီ

"အန်တီ ... ငွေလွှန်းပုံ ရှိပါသလား ခင်ဗျာ"

"ငွေလွှန်းပုံရဲ့မေမေ ဒီနေ့ပဲ သင်္ဂြိုဟ်ဖြစ်ပါတယ်၊ ငွေလွှန်း နေမကောင်းရှာဘူး၊ ဆေးထိုးထားလို့ အိပ်နေပါတယ် ဘယ်သူဆက်လာတယ်လို့ ပြောရပါမလဲ၊ အန်တီက သူ့ အိမ်ဘေးကပါ၊ ဒေါ်မြဆွေလို့ ခေါ်ပါတယ်"

ဟု ဖြေသံကြားရစဉ်ခိုက် သူ ရင်ထဲထိခိုက်သွား ပါပြီ။ စိတ်ထဲ ဘယ်လိုမှ မကောင်းနိုင်တော့။ ဘုရားရေ ... ကောင်မလေး၏အမေ ဆုံးသည်တဲ့။ ဤနေ့မှာ သင်္ဂြိုဟ်သည်တဲ့ ငွေလွှန်းပုံလေး နေမကောင်းဖြစ်နေရှာသည်တဲ့။ တွေ့ခဲ့ရသည် တစ်နေ့ကမှဖြစ်သည်။ အချိန်ဆိုတာကလည်း သိပ်ကြာခဲ့တာ မဟုတ်။ တစ်နာရီပြည့်ခဲ့တာမရှိ။ နာရီဝက်ကျော်ရုံမျှလောက် ရှိချေလိမ့်မည်။ ဒါပေမဲ့ ငွေလွှန်းပုံ၏သောကမီး၏အရှိန်ကို သ မျှဝေနားလည်နေသူတစ်ယောက် ဖြစ်နေပြီ။ တရင်းတချာထဲ ငွေလွှန်းပုံဆိုသည့် မိန်းကလေးတစ်ယောက်အဖြစ် သူ့ရင်ထဲ ရှိနေသည်။ တယ်လီဖုန်းကို သူ လက်ဖြင့်ဖေးကိုင်ထားရင်း ကျသွားရပါသည့်အဖြစ်။

"ကျွန်တော် ဘုန်းတက်လူပါ အန်တီ၊ ကျွန်တော် လာခဲ့ မယ်"



ဟု ပြောမိရစဉ်မှာ ချက်ချင်းမျှပင် ငွေလွှန်းပုံထံသို့ ရောက်သွားချင်စိတ်က ရင်မှာပြင်းပြစွာ ဖြစ်တည်၏။ အမိမဲ့သမီး တစ်ယောက်၏ ဖြူဖျော့ညှိုးချုံးသော မျက်နှာနုနုလေးနှင့် မျက်ရည် စက်များကို သူ ခံနိုင်ရည်ရှိမှာ မဟုတ်တာကတော့ သေချာနေ သည်။

✧ ❦ ✧

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

ငွေလွှန်းပုံ၏အိမ်ရှေ့မှာ သူ့ကားရပ်လိုက်ချိန်သည် ညရှစ်နာရီထိုးလုပြီ။ မီးတွေလင်းနေသည့် တစ်ထပ်တိုက်လေး တစ်လုံးသည် အရှင်သခင်၏လောင်မြိုက်နေသော အပ်ပူမီးကိုသ နေသည့်အလား တိတ်ဆိတ်စွာဖြင့် သူ့ကိုကြိုလင့်နေသည့်နှယ် ရှိနေပါချေ၏။

ခေါ်မြဲဆွေထံမှာ သူမေးမြန်းသိခဲ့ရပါသည့် လိပ်စာ အတိုင်း သူ ရောက်လာခဲ့ရခြင်းပါ။ ဦးမောင်မောင်နှင့် လုပ်ကို စရာရှိတာတွေအားလုံး လုပ်ကိုင်ပြီးချိန်မှာ စက်ရုံနှင့်ပတ်သက် ကိစ္စကတော့ ဦးမောင်မောင်၏ဝန်ခံတောင်းပန်သည့် ကြော်ငြ သတင်းစာထဲပါပြီးသည့်နောက်မှာ သူ့စက်ရုံထွက်အထည်တေ လက်လီလက်ကားဖြန့်ချီရောင်းချပေးရာလူတွေရော၊ ဝယ်ကြသ သူတွေရော ရှင်းလင်းသွားချေမည်သာ။ စက်ရုံမှ သူ အိမ်သို့ပြ ခဲ့ပြီးတာနှင့် ရေမိုးချိုးကာ ညနေစာကို နည်းနည်းပဲ စားနိုင်သည် စိတ်မော ကိုယ်မော ရှိခဲ့ရသည့်အထဲမှာ ထပ်၍သိခဲ့ရပါသည ငွေလွှန်းပုံ၏မေမေ့နာရေးကိစ္စကြောင့် ရင်ထဲမှာပို၍ပင်မကော နိုင်။



သူ နောက်တစ်နေ့ထိပင် စောင့်မနေနိုင်ရက်စွာပဲ ငွေလွှန်းပုံ၏အိမ်ရှိရာသို့ ရောက်လာခဲ့ရပြီ။

"ငွေလွှန်းပုံကို ရောဝရီရဲ့အဝတ်အစား ဒီဇိုင်နာအဖြစ် ငါ ခန့်ထားမယ့်ကိစ္စကို သူ့အမေခမျာ သိတောင်မသိသွားရရှာ ပါလား"

ခြံဝင်းတံခါးကိုတွန်းဖွင့်၍ သူဝင်လာမိရင်း ရင်ထဲ မကောင်းနိုင်ဘဲ တွေးဖြစ်မိပြန်သည်။ ပန်းအိုးလေးတွေ စီတန်းချ ထားရာ ကွန်ကရစ်ခင်းလမ်းလေး၏ အဆုံးသတ်နေရာသည် တစ်ထပ်တိုက်လေး၏ ဝရန်တာပုပုလေးရှိရာ နေရာပဲဖြစ်ပါ၏။ လှေကားထစ်ဖိနပ်ချွတ်နေရာမှာ ဖိနပ်တွေစီချွတ်ထားတာကို သူ တွေ့ရသည်။ သူသည်လည်း ဖိနပ်ကို သေသေသပ်သပ် စီညီစွာပဲ ချွတ်လိုက်မိရကာ အိမ်၏ဝရန်တာနေရာလေးကိုရော အိမ်တွင်း ဘက်ဆီသို့ပါ အကဲခတ်သလို ကြည့်နေမိရပါ၏။ တစ်ခါဖူးမျှ မရောက်ဖူးသော နေရာတစ်ခုမှာ သူ ခုလို ရောက်လာမိရခြင်းမှာ ငွေလွှန်းပုံကို စာနာစိတ်ဖြင့်ပါ။ သနားစိတ်ဖြင့်ပါ။ ဤမိန်းကလေး ကို သူ တိုတောင်းသောအချိန်လေးအတွင်းမှာ သံယောဇဉ်နှင့် ခင်မင်ခြင်းဆိုတာ ဖြစ်တည်ခဲ့ရပြီးပြီ။ ဒါကလည်း ကောင်မလေး၏ မဆုတ်မနစ် ခေါင်းမာစိတ်လေးဖြင့် သူ့ကို ဖွဲကြီးကြီးဖြင့် စောင့် ခဲ့သည့်စရိုက်လေးကိုလည်း နှစ်သက်၍လည်းပါသည်။ ပြီးတော့ အထည်တုပြဿနာနှင့်ပတ်သက်၍ ထင်မြင်ချက်လေးကို စိတ်ပါ လက်ပါလေး ပေးခဲ့သည့် ငွေလွှန်းပုံ၏စိတ်ထားကောင်းလေးကို သိ၍လည်းပါပါသည်။ ကူညီချင်သည့်စိတ်ရင်းကောင်းလေးရှိသည် ပဲဟု နားလည်ထားရသည်ကိုးလေ။

www.burmeseclassic.com

www.burmeseclassic.com



ခြည့်ခန်းတံခါးဝသို့ သူရောက်တော့ ခြည့်ခန်းမှာ လူတချို့ထိုင်နေကြတာကို ကြုံရပါ၏။ လူတော့ သိပ်မများတော့ပြီ။ ဆယ့်လေးငါးယောက်လောက်ပဲရှိမည်။ ဆက်တီစားပွဲနှင့် ထိုင်ခုံတွေကို အခန်းထောင့်နေရာလေးမှာ ရွှေ့ထားကာ သင်ဖျူး ဖျာချောတွေ ခန်းလုံးပြည့်ခင်းထားပါ၏။ ရေနွေးကြမ်းဝိုင်းမှာ လက်ဖက်သုပ်နှင့် ဆေးလိပ်တည်ထားတာကို တွေ့ရသည်။ ခပ်တိုးတိုး စကားစမြည်ပြောရင်း ထိုင်နေကြပါသည့် အသုဘလာ မေးသူနှင့် မလှမ်းမကမ်းနေရာလေးမှာ ငွေလွှန်းပုံ ထိုင်နေချေသည် တကား။

ငွေလွှန်းပုံ၏ မျက်နှာလေး ဖြူဖျော့ညိုးကျနေရှာသည်။ အကြည့်သည် တစ်နေရာမှာပဲ ခပ်ငေးငေးတန့်နေသည်။ ငွေလွှန်းပုံ ကြည့်နေရာသို့ သူ ကြည့်လိုက်မိတော့ နံရံမှာချိတ်ထားပါသည့် ဓာတ်ပုံကြီးတစ်ပုံ။ ဪ ... ငွေလွှန်းပုံ၏ မေမေ့ပုံပဲ ဖြစ်ချေမည်သာ။ ဓာတ်ပုံကြီးထဲမှာ အမျိုးသမီးကြီးသည် ပြုံးမြမြဖြင့်ရှိနေပါ၏။ သမီးတစ်ယောက်၏ လွမ်းဆွတ်တမ်းတစွာ ကြေကြေကွဲကွဲ ကြည့်နေသည့်အကြည့်ကို သူ မျှဝေခံစားနားလည်ဖြစ်သည်။ သူ တံခါးဝမှာ ရပ်နေတာကိုလည်း ငွေလွှန်းပုံ မမြင်သေး။ ဘေးစောင်းလေး တစ်ဖက်နံရံမှာ မှီထိုင်နေရင်း ငွေလွှန်းပုံ ငြိမ်ကျနေပုံလေးက သတိလက်လွတ်ဆန်နေသည်။ စိတ်တွေကစဉ့်ကလျား ပြေးနေတာမျိုးလည်း နိုင်နေသည်။ အာရုံထဲမှာ ဘယ်သူတွေလာနေသွားနေတာကို သိပ်သိနေနိုင်စွမ်းလည်း ရှိပုံမရ။ အာရုံလည်းထားဖို့ စိတ်ပါပုံလည်းမရှိ။ ငွေလွှန်းပုံ၏အကြည့်က အမေဖြစ်သူ၏ ဓာတ်ပုံကြီးမှာပဲ တန့်နေသည်။ အမေပဲ ရှိနေသည်။



ငွေလွှန်းပုံ၏ဘေးမှာ အသားဖြူဖြူ၊ ရုပ်ရည်သန့်ပြန့်လျက် အသက်ငါးဆယ်ဝန်းကျင်မျှရှိမည့် လူကြီးတစ်ယောက် ထိုင်နေပါ၏။ တကယ်တမ်း သေချာကြည့်လျှင် ရုပ်ချင်းတော့ ဆင်ဆင်ဖြစ်နေသည်။ ငွေလွှန်းပုံထံမှာ တွေ့ရပါသည့် မေးနုစ်ခွလေးသည် ထိုလူကြီးမှာလည်း ရှိနေသည်။ မျက်ခုံးထူထူးလေးကလည်း တူနေသည်။ ထိုလူကြီးမှ တံခါးဝမှာ ခပ်ထွေထွေရပ်၍ ငွေလွှန်းပုံကိုကြည့်နေပါသည့် သူ့ကိုမြင်သည်မို့ ...

“လာပါ လူလေး ... လာပါ၊ သမီး ... ငွေလွှန်း၊ ဟိုမှာ ခြည့်သည်လာနေတယ်၊ သမီးအသိ မဟုတ်လား”

ဟု မေးလိုက်သည်ကလည်း သမီးကို လက်မောင်းလေးပုတ်၍ပါ။ ထိုအန်ကယ်ကြီးနှင့် သူ ... မသိသည်မို့ ...။ သူ ရောက်လာခြင်းသည် ငွေလွှန်းပုံနှင့် ပတ်သက်၍ဆိုတာ သိချေမည်သာ။ ငွေလွှန်းပုံ၏ အကြည့်ညိုးညိုးလေးတွေက ထိုအခါမှ သူ့ရပ်နေရာတံခါးဝဆီသို့ ရောက်လာပါ၏။ သူ့ကိုတွေ့တော့ အံ့သြသွားပုံဖြင့် တစ်ချက်တွေ၍ကြည့်သည်။ ခုလို ... သူရောက်လာချေလိမ့်မည်ဟုလည်း ထင်ထားပုံမရ။ ဟုတ်သည်လေ။ သူနှင့် ငွေလွှန်းပုံဆိုတာ တစ်ခါပဲကြုံဖူးပြောဆိုဖူးတာပဲ ရှိခဲ့သည်ကိုးလေ။ သူ တည်ငြိမ်စွာပဲ ငွေလွှန်းပုံ ထိုင်နေရာသို့ လျှောက်လာခဲ့ကာ အန်ကယ်ကြီး၏ဘေးဘက်မှာ ထိုင်လိုက်သည်။

“ဒီနေ့မှ ကိုယ်သိတာပါ ငွေလွှန်းပုံ၊ ငွေလွှန်းပုံဆီကို ဖုန်းဆက်တော့မှ သိရတာ၊ ဖုန်းကိုင်တဲ့ အဒေါ်ကြီးတစ်ယောက်က ပြောပြလို့ သိရတာ”

www.burmeseclassic.com

www.burmeseclassic.com



ဟု သူ ခပ်တိုးတိုးပြောပြတော့ ငွေလွှန်းပုံ သူ့ကို ငေးကြည့်နေရာမှ မျက်လွှာချလိုက်သည်။ မျက်ရည်လည်နေသည်။

"ဒီဇိုင်နာကိစ္စ ကိုယ်က အလုပ်ဝင်ဖို့ ဖုန်းဆက်တာပါ၊ ဒါပေမဲ့ ငွေလွှန်းပုံရဲ့မေမေ့နာရေးကိစ္စ ကြားလိုက်ရတာမို့ စိတ်ထဲမကောင်းဖြစ်ရတာပါ ငွေလွှန်းပုံ"

သူ့ရင်ထဲမှာ ကြင်နာသနားခြင်းဆိုသည့် အရာသည် ရင်ထဲမှာပဲ ခုတွယ်၍မနေ။ သူ့နှုတ်ဖျားဆီမှ နူးညံ့လွှန်းစွာပွင့်ကျလာပါ၏။ ငွေလွှန်းပုံ သူ့ကို တစ်ချက်ထပ်ကြည့်လာသည်။ နောက်တော့မှ ဝမ်းနည်းရှိုက်လေး မြင့်တက်သွားရာပုံလေးဖြင့် မျက်ရည်ပို၍ကျလာပါ၏။

"မေမေ ... သိ ... မ ... သွား ... ရ ... ဘူး ... ငွေလွှန်း ... အလုပ်ရလိုက်တာ ... ကို ... လေ ..."

ဟု အနိုင်နိုင် မချိတင်ကဲလေးပြောရင်း မျက်ရည် ပို၍ကျလာပါ၏။

"သမီးရယ် ... စိတ်ကိုထိန်းပါ၊ စောစောကပဲ အိပ်ရာက နိုးလာရတာ၊ နေလည်းကောင်းတာ မဟုတ်ဘူး၊ ဆေးရှိန်နဲ့ အိပ်ခဲ့တဲ့သမီး၊ ခု ပြန်နိုးလာချိန်မှာ ထပ်ပြီးထိထိခိုက်ခိုက် ငိုနေရင် ထပ်ပြီး ဆေးထိုးထိုးနေဖို့ မကောင်းတော့ဘူး ကွယ် ... နော်"

အန်ကယ်ကြီးမှ ငွေလွှန်းပုံ၏ကိုယ်လေးကို ထွေး ပိုက်လိုက်ကာ ဆံစလေးကို သပ်ပေးနေရင်း အသံတွေအက်ကွဲ လျက် မျက်ရည်တဝဲဝဲဖြင့် ပြောနေရာမှ သူ့ကိုကြည့်သည်။ သူ



ကတော့ အန်ကယ်ကြီးနှင့် ငွေလွှန်းပုံကို ငေးကြည့်နေမိရင်း ရင် ထဲမကောင်းနိုင်။ ဖခင်၏ရင်ခွင်မှာ မျက်နှာလေးအပ်ထားရင်း မျက်ရည်တွေသာ ဖြိုင်ဖြိုကျနေသည့် ငွေလွှန်းပုံ၏ မျက်နှာလေးကို သူ စေ့စေ့ကြည့်ရမှာ ရင်ထဲဝမ်းလေးနေမိရပါပြီ။ မျက်ခွံလေးတွေ မို့အစ်နေကာ မျက်နှာလေးက ဖြူဖျော့ကျနေသည်။ အားကုန် အားပြတ်ဖြစ်နေသည့် ငွေလွှန်းပုံ။

"အန်ကယ်က ငွေလွှန်းပုံလေးရဲ့ဖေဖေပါ။ ဦးမင်းသန့်ပါ၊ ရွှေစင်အိမ် အိမ်ရာဆောက်လုပ်ရေးကပါကွယ်"

ဟုပြောလာတော့ နာမည်ကြီးသည့် လုပ်ငန်းရှင်ကြီး တစ်ယောက်ဆိုတာ သူ သိလိုက်ရပါ၏။

"ကျွန်တော် ဘုန်းတက်လူပါ အန်ကယ်၊ ရောဝတီအထည် နဲ့ အထည်ချုပ်စက်ရုံလုပ်ငန်းကို လုပ်ကိုင်တာပါ၊ ငွေလွှန်း ပုံက စက်ရုံအတွက် ဒီဇိုင်းတွေလာပြတာ မကြာသေးပါဘူး၊ သူနဲ့ အဲဒီတော့မှ စသိခဲ့ရတာပါခင်ဗျာ၊ သူ့ဒီဇိုင်းတွေကို နှစ်သက်တာမို့ အခု သူ့ကို စက်ရုံမှာခန့်ထားဖို့ ဆုံးဖြတ် ထားတာပြောမလို့ ဖုန်းဆက်ရာက ဒီနာရေးကိုသိခဲ့ရတာ ပါ၊ ချက်ချင်းမရောက်နိုင်တာကို ခွင့်လွှတ်ပါ အန်ကယ်၊ အန်တီဆုံးချိန်မှာရော မြေချချိန်မှာရော ကျွန်တော်မရောက် နိုင်ခဲ့တဲ့အတွက် လူမှုဝတ္တရား အလွန်ပျက်ရာရောက်ပါတယ် ခင်ဗျာ"

သူ ပြောတော့ အန်ကယ်ဦးမင်းသန့်မှ ခေါင်းကိုခပ် လေးလေး ယမ်းလိုက်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ရှဘ်တရက် ဆုံးပါးသွားခဲ့ရှာတာပါ လူလေးရယ်၊ ခုလို သိသိချင်း ရောက်လာခဲ့ပြီပဲ လူလေးရယ်၊ ဩော် ... သမီး က ဒီကလူလေးရဲ့ဇရာဝတီစက်ရုံမှာ အလုပ်ဝင်မလို့လား၊ ကောင်းပါတယ် သမီးရယ်၊ အိမ်ထဲမှာ တစ်ယောက်တည်း ရှိနေတာထက် အလုပ်ထဲမှာရှိတာ ပိုသင့်တော်တာပေါ့၊ ဇရာဝတီအထည်စက်ရုံကြီးဟာ နာမည်ကြီးပဲ၊ သမီး ဖေဖေ နဲ့လိုက်နေ၊ အဲဒီကနေပြီး အလုပ်ကိုသွားပေါ့၊ ဖေဖေ ဒရိုင်ဘာရော ကားရော စီစဉ်ပေးမယ်၊ ဟုတ်ပြီလား"

ဟု ပြောလာတော့ သူ ရင်ထဲထူးဆန်းသွားရသည်။ ဘာတဲ့ ...။ ဖေဖေနဲ့လိုက်နေ ဆိုသည့်စကား။ ဒါဆို ... ဒါဆို ... ငွေလွှန်းပုံသည် အန်ကယ်ဦးမင်းသန့်နှင့် အတူမနေခဲ့ဆိုသည့် သဘော ဖြစ်နေချေသည်တကား။ ဒါပေမဲ့ ဖွင့်မေး၍ကောင်းသည့် ကိစ္စလည်း မဟုတ်တာမို့ ဘာမျှမမေးဖြစ်။ မေး၍လည်းမသင့်။

"လောလောဆယ် ငွေလွှန်း ဒီမှာပဲ နေချင်သေးတယ် ဖေဖေ၊ မေမေ့ဝိညာဉ်လေး လာချင်လာနေမှာ၊ မေမေ ဒီအိမ်ကိုရောက်လာတဲ့အခါ ငွေလွှန်းကို မတွေ့ဘဲပြန်သွား ရမှာ ငွေလွှန်း ရင်ထဲမချိဘူး ဖေဖေ၊ ပြီးတော့ ... ပြီးတော့ အဲဒီက မမခင်စက်မေကိုလည်း ငွေလွှန်း ... မ ... မြင် ... ချင် ... ဘူး ဖေဖေရယ်"

ငွေလွှန်းပုံ ရင်ကွဲသံလေးဖြင့် ပြောနေရာမှ တစ်ချက် မျက်ဝန်းလေးတွေ လက်တောက်လာကာ အံလေးခဲ၍ ပြောလာ တော့ ဦးမင်းသန့်မှ ဆံစလေးသပ်ပေးရှာပါ၏။ သူထပ်၍ကြား လိုက်ရသည်က ခင်စက်မေ။ ထိုအမျိုးသမီးကို မမ ... ဟု



ငွေလွှန်းပုံ ခေါ်သည်။ ဒါပေမဲ့ အစ်မဖြစ်သူကို မတွေ့ချင်ပါဟု လည်း အတိအလင်း ဖွင့်ပြောနေချေသည်။ ငွေလွှန်းပုံ၏ဘဝလေး ထဲမှာ ထူးခြားသောအဖြစ်တစ်ခုသည် ဖြစ်တည်ခဲ့ပြီး ဖြစ်မည်ဆို တာ သူ အတန်မျှ နားလည်စပြုလာပါ၏။ ဦးမင်းသန့်နှင့် ငွေ လွှန်းပုံတို့ သားအမိသည် တူတူနေခဲ့ပုံမရ။ ဦးမင်းသန့် ခေါ်သွား မည်ဆိုသည့်အိမ်မှာ ငွေလွှန်းပုံ မမြင်ချင်သည့် အစ်မဖြစ်သူ ခင် စက်မေ ဆိုတာ ရှိနေသည်ဆိုတော့ ...။ ဦးမင်းသန့်သည် သီးခြား အိမ်တစ်လုံးမှာ သီးခြားမိသားစုနှင့်အတူ ရှိနေချေသည်လား။

"ဖေဖေလည်း ဒီမှာနေမှာပေါ့ သမီးရယ်၊ မငိုနဲ့ ... မငိုနဲ့ သမီး၊ ဖေဖေနဲ့အတူလိုက်နေမယ်ဆိုမှ ဖေဖေပြန်မှာ၊ သမီးကို ခေါ်ပြီးပြန်မှာ ဟုတ်ပလား၊ တိတ် ... တိတ်တော့သမီးရယ်"

ထိုစဉ်ခိုက်မှာပင် အိမ်ရှေ့မှာ ကားရပ်သံကြားရ သည်။ ခြေသံပြင်းပြင်းဖြင့် အိမ်တွင်းသို့ ဝင်လာသည်က ချောမွေ့ မွေ့ မိန်းကလေးတစ်ယောက်။

"အိမ်မှာ မေမေ သွေးတက်နေတယ် ဖေဖေ၊ ဒီလောက် ထိ ဒီအိမ်မှာ အသုဘရှင်အဖြစ် ဖေဖေနေတာ တော်ရော ပေါ့၊ ဟိုမှာ မေမေသေလိမ့်မယ် သိရဲ့လား၊ မေမေ သေ သွားရင် ဖေဖေ ဟိုမှာထပ်ပြီး အသုဘရှင် လုပ်နေရလိမ့် မယ်၊ ဖေဖေ ရောက်လာနိုးနိုးနဲ့ မေမေမျှော်ရင်း ငိုနေတာ၊ ဒီမှာ နာရေးပေါ်နေလို့ ခေါ်မကောင်းလို့သာ လိုက်မခေါ်တာ ဖေဖေရဲ့၊ ခု လူလည်း မြေမြှုပ်သင်္ဂြိုဟ်ပြီးပြီ၊ ဒီညတော့ အိမ်ကိုပြန်ခဲ့ပါတော့ ဖေဖေ၊ အဲဒါ မေလာပြောတာ၊ ခေါ် ပြန်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟောဟောဒိုင်းဒိုင်းကြီး ပြောလည်းပြော။ ငိုနေသည့် ငွေလွှန်းပုံကိုလည်း ခါးသီးသောအကြည့်ဖြင့် ကြည့်လည်းကြည့်။ ဆောင်းမှာထိုင်နေကြသူတို့၏ မခံချင်ဓောဖြင့် ဝိုင်းကြည့်နေကြပါသည့် အကြည့်ကိုလည်း ထိမထင်သည့်နှယ် တုံ့ပြန်ကြည့်ပြီးလှည့်ထွက်မည်ပြုခိုက်မှာ အန်ကယ်ဦးမင်းသန့်မှ ...

"ဖေဖေ မလာနိုင်သေးဘူး သမီးမေ"

ဟု ပြတ်သားစွာ ပြောလိုက်သံကို သူကြားလိုက်ရပါ၏။ သူ ရောက်လာခိုက်မှာ ရင်ဆိုင်တိုးလိုက်ရပါသည့်အဖြစ်တွေသည် စိတ်ချမ်းမြေ့ဖွယ်ရာရှိမနေ။ ငွေလွှန်းပုံလေးမှာ ပို၍ရင်ကျေဖို့ပဲ ဖြစ်နေတာကိုလည်း သူ မြင်နေကြားနေရပါသည့်အဖြစ်။ မေဆိုတာ စောစောက ငွေလွှန်းပုံ ပြောသည့်အထဲမှာပါသည့် ခင်စကော်မေပဲ ဖြစ်မည်ဆိုတာ သူ ခန့်မှန်းနားလည်လာနေမိရသည်။

"ကြာရိပ်ဝေဟာ ဖေဖေနဲ့သမီးတို့ရဲ့အိမ်ပါဖေဖေ၊ ဒီအိမ်က မေမေ့လက်ထဲကနေပြီး ဖေဖေ့ကို လုယူသွားခဲ့တဲ့ မိန်းမတစ်ယောက်ရဲ့အိမ်ပါ၊ ဖေဖေ့အိမ် မဟုတ်ပါဘူး၊ ဖေဖေ သမီးတို့နဲ့ တစ်သက်လုံး နေခဲ့တာပါ၊ ဒီမိန်းမ သေသွားချိန်ကျမှပဲ ဖေဖေ ဒီအိမ်မှာ အဲဒီကသမီးနဲ့တူတူနေတော့ မလို့လား၊ အဲဒါကို မေမေ တုန်လှုပ်ချောက်ချားနေတာ ဖေဖေ၊ ငိုနေတာ၊ မေမေ့ကို ဖေဖေ မသနားပေမယ့် သမီး မကြည့်ရက်နိုင်တော့ဘူး ဖေဖေ၊ ဒါကြောင့် လာခေါ်ရတာ ပါ"



အခြေအနေက ပိုဆိုးလာသည်။ လူသူသိပ်များများ ရှိမနေသည့် ဧည့်ခန်းထဲမှာ ရုတ်တရက် တိတ်ဆိတ်လွန်းသွားသယောင်ရှိသွားရာမှ ...

"ဟော့ ... ဘယ်သူ ... ညည်းဘယ်သူ၊ မေ ... ဟုတ်သလား၊ ဒီမှာ မေဆိုတဲ့သူငယ်မ၊ ဒါ ငါတို့နေတဲ့ရပ်ကွက်ကွယ့်၊ ငါတို့အရပ်မှာ ညည်းလာပြီး မိုက်ကမ်းယမ်းခဲ့လို့လည်း ဒီက အင်မတန်အေးချမ်းတဲ့ ဒေါ်မိုးကြည်ဖြူဆုံးပါးခဲ့ရပြီ၊ သမီးလေးမှာ အမိမဲ့ဘဝနဲ့ ကျန်ခဲ့ရတာ၊ အဖေဖြစ်သူ ရှိသင့်လို့ ရှိနေရချိန်မှာ မညှာမထောက်တော့ ဒီလိုလာမကြမ်းနဲ့ကွယ့်၊ ညည်းတို့အိမ်တွင်းရေးကိစ္စက သီးသန့်ကိစ္စ၊ ငါတို့အရပ်ထဲမှာ ညည်းလာပြီး လူစိတ်ကင်းကင်းနဲ့ မစာမနာ လာပြောနေတာကို ငါတို့အရပ်က မခံနိုင်တာကသပ်သပ်ပဲ၊ ညည်း ... ပြန်ပါ ဒီမှာသမီးလေးခမျာ သေလုအောင် ခံစားနေချိန်ကွယ့်၊ ညည်းနဲ့ဆိုရင်လည်း အဖေတူအမေကွဲ ညီအစ်မပေပဲ၊ ညည်းမတော်ပါဘူးလို့ငြင်းလည်း မရဘူး၊ ညည်းရဲ့ညီမပဲ"

ဟု အသက်ခပ်ကြီးကြီး လူကြီးတစ်ယောက်မှထရပ်၍ ခပ်မာမာပြောတော့ ...

"အို ... ဒေါ်မိုးကြည်ဖြူဆိုတာ ကျွန်မ သူ့ကိုတွန်းခဲ့လို့လား၊ ရိုက်ပုတ်ခဲ့လို့လား၊ သူ့ရောဂါနဲ့သူသေတာ၊ ကျွန်မအမေကို မျက်ရည်စက်လက်ဖြစ်အောင် အဲဒီမိန်းမက ကျွန်မအဖေကို ယူထားခဲ့တာ နှစ်ပေါင်းကြာမှ အဲဒီနေ့ကမှ သိရလို့ လာပြောတာရှင့်၊ ရှင်တို့ ဒေါ်မိုးကြည်ဖြူတို့

www.burmeseclassic.com



သားအမိလိုပဲ ကျွန်မတို့သားအမိလည်း ခံစားနေရတာပဲရှင့်၊ ဖေဖေ အိမ်ကိုပြန်လာခဲ့ပါ၊ ဒါပါပဲ၊ ဒါလာပြောတာပါပဲ၊ ဒီကို လာချင်လွန်းလို့လည်း မဟုတ်ဘူးဆိုတာ ဒီက အန်ကယ်ကြီးကိုလည်း သိအောင်ပြောခဲ့ပါရဲ့"

ရိုင်းချေသည်ပဲဟု သူ စိတ်ပင်ပန်းစွာတွေးကာ ရင်ထဲပို၍ ထိထိခိုက်ခိုက်ကြီး ငွေလွန်းပုံကို ကြည့်လိုက်စဉ်မှာ အတိုင်းအတာ ခံနိုင်ရည်စွမ်းကုန်ချေသည့်နှယ် ငွေလွန်းပုံ ထရပ်လိုက်တာကို မြင်လိုက်ရပါပြီတည်း။

"ထွက်သွား ... ထွက်သွား ... မေမေရေ၊ မေမေ့ကိုသတ်တဲ့မိန်းမ၊ အိမ်ပေါ်ရောက်နေပြန်ပြီ မေမေရဲ့၊ ငွေလွန်းကို သတ်ဖို့ ရောက်နေပါပြီ"

ဟု ပြောလည်းပြော။ မဆန့်ရင်ကန် ခံစားရလေ သမျှ ခံနိုင်ရည်မရှိလွန်းစွာ ကိုယ်လေးခွေခနဲဖြစ်သွားရင်း သတ် မေ့သွားရှာပါပြီ။

"နောက်တစ်ယောက် သူ့စရိတ်နဲ့သူ ကိစ္စငြိမ်းသွားလည် အေးတာပဲ၊ သူ့အမေကို ကိုယ်ကသတ်တယ်လို့ ပြောချိ မှာ သူကိုယ်တိုင်လည်း သေပြီထင်တယ်၊ သားအမိန ယောက်လုံး သေမှဖြင့် ဒီအိမ်လည်း ဖေဖေရောင်းလိုက်လ ရတာပဲ၊ ရတဲ့ငွေနဲ့ ရေစက်ချလှူလိုက်ပေါ့ ဖေဖေ"

သူ အံ့ဩလိုက်ရသည်မှ ကိုယ့်နားပင် ကိုယ်မယ ရက်နိုင်အောင်ပါ။ ဤမျှအထိ ရက်စက်ခါးသီးသည့်စိတ်ထာ ဤမျှ နုနုဖပ်ဖပ်နိုင်နေသည့် ပညာတတ်အမျိုးသမီးတစ်ယော ထံမှာရှိနေမည်ဟုပင် မထင်မှတ်နိုင်စွမ်း။ အဖေတူအမေကွဲညီ



ဘစ်ယောက်အပေါ် ဤမျှအထိ မညှာမထောက် ပြတ်ထင်ရိုင်းပျ ွာ ပြောရက်နိုင်သည်။ အကြင်နာမဲ့ နေနိုင်စွမ်းချေသည်တကား။ ရပ်ကွက်ထဲမှ လူကြီးသူကြီးတို့ ဒေါသဖြင့် ထရပ်လိုက်ချိန်မှာ ခင်စက်မေသည် ချာခနဲလှည့်၍ ထွက်သွားသည်ပါပဲ။ ခြေလှမ်း ကျဲကျဲဖြင့် အိမ်ပေါ်မှ ဆင်းသွားသည်။ ကားမောင်းထွက်သွား သည်။ အန်ကယ် ဦးမင်းသန့်မှာ သမီးကိုပွေ့ထားရင်း သမီး အတွက်လည်း စိတ်ပူစွာ တတွတ်တွတ် ခေါ်နေရ။ သမီးကြီး၏ ိုင်းပျမှုကြီးအောက်မှာ အရှက်လည်းကွဲရနှင့် ဘေးမှာရှိနေသူတို့ ကို မော့ပင်မကြည့်ရဲအောင် ဖြစ်နေရှာပါ၏။

"သမီးလေး ... သမီးလေး"

ဦးမင်းသန့် အဆက်မပြတ်ခေါ်လည်းခေါ်။ ကိုယ် လေးကိုလည်း ဖွဖွလှုပ်နေရာမှ မျက်ရည်တွေ ဖြိုင်ကျလာရှာပါ သတည်း။ ဘေးမှာရှိနေသည့် အဒေါ်ကြီးမှ ငွေလွန်းပုံ၏လက်လေး ိုကိုင်ကာ သွေးစမ်းနေသည်။

"ဆရာဝန်ခေါ်ရင် ကောင်းမယ်ထင်တယ် ဦးမင်းသန့်၊ ကလေးသွေးခုန်နှုန်း နှေးနေတယ်၊ စိတ်ထိခိုက်ထား ဘာက ရင်နဲ့မတန်အောင် ဖြစ်နေချိန်မှာ ခုလိုလာပြောတော့ ဘယ် ခံနိုင်ရည်ရှိတော့မှာလဲ ဦးမင်းသန့်ရယ်၊ ရက်လည်ဆွမ်း ကျွေးပြီးရင် မိန်းကလေးကို ဟိုအိမ်ခေါ်သွားမယ်လို့ စီစဉ် ထားတဲ့ကိစ္စ၊ သူ့အစ်မနဲ့တစ်အိမ်တည်း နေဖြစ်နိုင်ပါ့မလား ရှင်၊ ဒီမှာပဲထားရင် ကောင်းမယ်ထင်တယ်၊ ဒေါ်ဆွ အတူလာနေပေးပါ့မယ်၊ ကလေးကို မြင်ရတာ ရင်ထဲချို လွန်းလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဆွေ ဆိုတာ ငွေလွန်းပုံ၏အိမ်လိပ်စာကို တယ်လီဖုန်းထဲမှာ ဖြေခဲ့သည့် ဒေါ်မြဆွေဆိုသည့် အဒေါ်ကြီးမှန်းလည်း သိလိုက်ရသည်။ ဒေါ်ဆွေ ပြောသည့်နှယ်ပင် ငွေလွန်းပုံကိုအဖေဖြစ်သူ၏အိမ်မှာ လိုက်နေဖြစ်စေဖို့ ဆိုတာကလည်း စိတ်လက်ချချင်စရာကို တစ်စက်လေးသော်မျှ ရှိမနေတာမို့ သူသည်လည်း ကြားထဲက ရင်ထဲလေးသွားရသည်ပါပဲ။

ဒေါ်မြဆွေ တယ်လီဖုန်းဆက်၍ ဆရာဝန်ပင့်နေသံကိုလည်း ကြားနေရသည်။

သူ့မှာ ဆက်ထိုင်နေရလည်းအခက်။ သူတစ်ပါးအိမ်တွင်းရေး ရှုပ်ထွေးပန်းဟိုက်နေချိန်ကြီးမှာ အားနာဖို့ကောင်းနေသည်။ အားနာစိတ်ဖြင့် ထပြန်သွားရမည်ဆိုတော့လည်းအခက်။ ငွေလွန်းပုံ သတိမေ့နေတာကြီးကို သည်တိုင်းချန်ထားရစ်ခဲ့သည် ဆိုတာမျိုးက တာဝန်မဲ့လွန်းရာ ရောက်နေသည်။ ရိုင်းနေပြန်သည်။ သူကိုယ်တိုင်လည်း မထားခဲ့ရက်နိုင်ပဲ ဖြစ်နေသည်။ နောက်ဆုံးတော့လည်း ပေ၍ဇွတ်မှိတ်ထိုင်နေလိုက်ရသည်ပါပဲ။

"ကျွန်တော့်သမီး ကျွန်တော့်အိမ်မှာ ခေါ်ထားမယ့်ကိ
ဘယ်သူလက်ခံချင်ချင် မခံချင်ချင် ခေါ်သွားရမှာပါ
ဒေါ်ဆွေ၊ သမီးကို ဒီမှာတစ်ယောက်တည်း ဘယ့်နှယ်လု
ပြီး ချန်ထားခဲ့ရက်ပါ့မလဲ၊ ကျွန်တော်က ကြာရိပ်ဝေ
အိမ်ထောင်ဦးစီးပါ၊ ကျွန်တော့်အဆုံးအဖြတ်ကို သူတ
သားအမိ နာခံရမှာပေါ့၊ အဲသလိုမှ သူတို့မနေနိုင်ကြ
ဘူးဆိုရင်ဖြင့် ကြာရိပ်ဝေမှာ သူတို့ နေကျွန်ခဲ့ကြပေ
အမိမဲ့သမီးလေးနဲ့အတူ ဒီအိမ်မှာ ကျွန်တော်ပြောင်းရွေ
နေရမှာပါပဲ"



ဟုပြောကာ ဦးမင်းသန့်သည် သမီး၏ကိုယ်လေးကို ပွေ့၍အံခဲမျက်ရည်လည်နေရင်း အိမ်ခန်းအတွင်းသို့ ဝင်သွားတော့ ဒေါ်မြဆွေလည်း တုတ်တုလိုက်သွားပါ၏။

အိမ်နောက်ဖေးဘက်မှာ ချက်ပြုတ်နေကြဟန်ရှိသည့် မိန်းကလေးတချို့ကိုလည်း ဒေါ်မြဆွေလှမ်း၍ အသံပြုကာ ခေါ်ချသည်မို့ ထွက်လာကြတာကိုကြွသည်။

သူ လောလောဆယ် ဆက်နေ၍ မကောင်းတော့ပြီဆိုတာ ပို၍နားလည်လာသည်။

ငွေလွန်းပုံ၏အိပ်ခန်းထဲသို့တိုင်အောင်လည်း သူ လိုက်ဝင်၍မသင့်။

သူ ငွေလွန်းပုံအတွက် နောက်ဆံတငင်ငင်ဖြင့် ထပြန်လာခဲ့ရသည်။

ကားပေါ်တက် စက်နှိုးပြီးချိန်ကျတော့ သူ ဘယ်လိုမှ ...၍မရပြန်။ ငွေလွန်းပုံ၏ မျက်ရည်စက်များ။ ကြေကွဲနာကျင်... ခံစားရလေသမျှကို မြင်ခဲ့ရပါသည့် မျက်နှာနုနုလေးသည် ...ရင်ထဲက မထွက်ရက်နိုင်အောင် ဖြစ်နေသည်။ စက်ကိုပြန်သတ်... သူကားတံခါးဖွင့်ကာ ပြန်ဆင်းလာချိန်မှာ ကားတစ်စီး အိမ်...မှာရပ်သည်။ ကားပေါ်မှ ဆေးအိတ်လေးဆွဲကာ အမျိုးသမီး...တစ်ယောက် ဆင်းလာပါ၏။ ဆရာဝန်ရောက်လာချေပြီပဲဟု ...သည်လိုက်ရကာ အိမ်ပေါ်သို့ နောက်တစ်ကျော့ ရောက်လာ...သည်က ဆရာဝန်၏နောက်မှ လိုက်တက်လာခဲ့ခြင်းဖြင့်ပါ...။ ဧည့်ခန်းမှာ သူ ပြန်ထိုင်သည်။ အိပ်ခန်းထဲဝင်သွားသည့် ...ဝန်၏ပြန်အထွက်ကို စောင့်ဆိုင်းနေမိရသည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



စောစောက ထိုင်နေသည့် အန်ကယ်ကြီးတွေ၏ ဘေးကားဝိုင်းထဲမှာ သူ ဝင်မပါဖြစ်ရပေမယ့် ...။ ကြားနေရသည့် စကားတွေကတော့ဖြင့် ခင်စက်မေ၏ရိုင်းပျသမှုတွေကို မကျေမနပ် ပြောနေတာတွေပဲ ဖြစ်နေသည်။

ထိုစဉ်ခိုက် ဆရာဝန်အမျိုးသမီးကြီးမှ အန်ကယ် ဦးမင်းသန့်နှင့်အတူ ပြန်ထွက်လာကာ ...

"ကျွန်မ ဆေးထိုးခဲ့တာမို့ သူ သက်သာသွားမှာပါ၊ နိုးလာတဲ့အခါ အစားလည်းရအောင်ကျွေး၊ ဆေးလည်း တိုက်ပါ၊ စိတ်မထိခိုက်အောင်တော့ ဝိုင်းပြီးဂရုစိုက်ရပါ လိမ့်မယ် ဦးမင်းသန့်၊ ဒေါ်ဆွေ ပြောပြသမျှလည်း ကျွန်မ ကြားခဲ့ရတာမို့ ခုလိုအချိန်မှာ နောက်ထပ် စိတ်ပင်ပန်း ဆင်းရဲအောင် ဘယ်သူမှ လာမလုပ်ဖို့အတွက်ကတော့ ဦးမင်းသန့် တာဝန်ယူဖို့ လိုနေတယ်ဆိုတာကိုတော့ လူနာ တစ်ယောက်ရဲ့ဆရာဝန်အဖြစ် ကျွန်မ ပြောချင်တာပါပဲ"

ဟု ပြောနေသမျှ သူ ကြားနေရပါ၏။ ငွေလွှန်း အိပ်ပျော်နေချေပြီဟု နားလည်လိုက်ရပါပြီ။ စိတ်မပူရတော့ ဆိုတာကိုလည်း သိလိုက်ရပြီ။

ထိုအခါမှ သူ စိတ်ထဲအေးသွားရပါ၏။ တော် သံယောဇဉ်မဟုတ်ချေသည်ပဲဟု ပြတ်ပြတ်ထင်ထင် သူ နားလည် လိုက်မိရပါပြီ။

အရမ်းကိုထက်မြက်သည့် မိန်းကလေးဆိုတာ လည်း ငွေလွှန်းပုံ၏ အဝတ်ဒီဇိုင်းပုံများဖြင့် သူသိနေခဲ့ပြီးခဲ့ပြီ အရည်အချင်းရှိလွန်းချေသည်ကောဟု အထင်တကြီး ဖြစ်မိရ သည့် ငွေလွှန်းပုံ။



ခုကျတော့ တကယ့်ကို နာကျင်ကြေကွဲဖွယ့်အဖြစ် များကို အရွယ်နှင့်မမျှ ခံစားနေရတာကို မျက်မြင်ကြုံရပြန်သည်မို့ သနားစိတ်သည် ရင်မှာဖြစ်ထွန်း၏။

ထိုအရာများစွာတို့သည် သူ့ထံသို့ သံယောဇဉ် ဆိုသည့်အရာများကို အပ်နှံလိုက်ချေသည်လားဟု တွေးမိရသည် ပါပဲ။

မည်သို့ဆိုစေ ...။ သူသည် ငွေလွှန်းပုံ၏သောက များစွာကို မျှဝေနားလည်ပေးသူတစ်ယောက်။

ငွေလွှန်းပုံ၏ ထက်မြက်သော အရည်အချင်းတို့ကို လည်း အထင်တကြီးရှိသူတစ်ယောက်အဖြစ်ကိုတော့ အသေအချာ ကြီး ရောက်ရှိရပ်တည်သွားခဲ့ချေသည်တကား။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

ကြာရိပ်ဝေ ...။

ငွေလွန်းပုံ ဘယ်လိုမှ မနေချင်ပါသောအိမ်။ ခြံဝန်း
ကျယ်ကြီးမှာ ပန်းတွေဝေနေသော ဥယျာဉ်ကြီးရှိသည်။ ရေပန်း
တို့ နတ်သမီးရုပ်ထု၏ပခုံးပေါ် ဖေးတင်ထားရာ ရေအိုးဆီမှ
မော့တက်ဖြာကျရာ ရေကန်လှလှလေးတစ်ကန်မှ ကြာပန်းရောင်
တို့ ဝေရာဖူးရာ မြင်ကွင်းသည် အလှတရားတစ်ခုကို ဖန်ဆင်
ထားတာနှင့် တူနေသည်။

မြက်ခင်းစိမ်းမြမြ။ ပန်းစံကားဖြူနီတို့ပွင့်ဝေနေ
လေရာ အပင်တန်းရှည်လေးတစ်ခု။ စိမ်းမြမြနှစ်ထပ်အဆော
အအုံမြင့်မြင့်ကြီးသည် ခေတ်နှင့်အညီ ဆောက်ထားရာ ဖြစ်
လျက်။ လှပခြင်းနှင့် ခန့်ထည်ခြင်းတို့ကို မြင့်မားသော ဆင်
တိုင်လုံးကြီးတွေ၏အလှတို့ဖြင့်ပင် ခေါင်းမော့ကြွားဝင့်နေတာ
မခြားဘဲ ဖြစ်နေသည်။

"ဒါ ဖေဖေ့အိမ်ပဲ သမီး"



ဖေဖေ့အိမ်။ ဤစကားကို တမင်တကာ ဖေဖေ ရွေးချယ်၍ ပြောခြင်းဟု ငွေလွန်းပုံ ထင်သည်။ ဤအိမ်သည် ငွေလွန်းပုံအတွက် နေရာစိမ်းတစ်ခု ဖြစ်နေပေမယ့် ...။ အိမ်သည် ငွေလွန်းပုံကို ငယ်စဉ်ကတည်းက တွေးပွေ့ချီပိုက်ထားခဲ့ပါသည့် ဖေဖေ့၏အိမ် ဖြစ်နေသည်ဆိုတာမို့ ...။ သူစိမ်းတစ်ယောက်၏အိမ် မဟုတ်သော နေရာစိမ်းတစ်ခုအဖြစ် ရှိနေခြင်းဆိုတာကို ဖေဖေ တမင်သိအောင် ပြောပြခြင်းပဲ ဖြစ်ချေမည်။

ကားဒရိုင်ဘာကြီး ဦးကြီးသောင်းမှာ ကားနောက် ခန်းအံဖုံးထဲမှ အဝတ်သေတ္တာတွေကို ယူနေတာမို့ ...။ ကမန်း ကတန်းလေး ငွေလွန်းပုံ ကားပေါ်မှ ဆင်းလိုက်ရကာ ဦးကြီး သောင်းထံမှ အဝတ်သေတ္တာကို ယူလိုက်ရပါသတည်း။

"ငွေလွန်းပုံ သယ်ပါ့မယ် ဦးကြီးရယ်၊ ထဘီကအစပါနေ
တာပါရှင်၊ ငွေလွန်းပုံ အပြစ်ကြီးနေတော့မှာပါ၊ ကန်တော့
ဦးကြီးရယ် ... ကန်တော့"

သေတ္တာကို ဆွဲသယ်လိုက်တာ တစ်ခုကြုံလိုက်ရ သေးတာမို့ လက်အုပ်လေးချီ၍ တောင်းပန်တော့ ဦးကြီးသောင်း မျက်နှာမလန်းရှာ။ ဖေဖေ ခရီးသွားနေသည်ဆိုတာမျိုး။ အလုပ် ကိစ္စဖြင့် နိုင်ငံခြားသို့ သွားနေသည်ဆိုတာမျိုးတွေဖြင့် ဖေဖေသည် မေမေ ရှိစဉ်တုန်းက နှစ်လတစ်ကြိမ်မျှလောက်ကြာမှ ငွေလွန်းတို့ သားအမိနေထိုင်ရာ အိမ်လေးမှာ လာနေဖြစ်တတ်သည်။ တစ်ပတ် ဆယ်ရက်ပြည့်လျှင် ဖေဖေ အလုပ်ကိစ္စဖြင့် နိုင်ငံခြားသို့သွားရ မည်ဆိုတာမျိုးကိုပဲ ငွေလွန်းကို ပြောပြောပြခဲ့ကာ ကားဖြင့်ဖေဖေ သည် ပျောက်သွားတတ်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ လစဉ်တိုင်းမှာ ဦးကြီးသောင်းကတော့ဖြင့် လဆန်းတာနှင့် ကားဖြင့်ရောက်လာတတ်ကာ အိမ်အတွက် ငွေကြေးသုံးဖို့ မပြတ်လာပေးတတ်ပါ၏။ ဖေဖေမှပေးခိုင်းတာဟု လည်း ပြောပြတတ်သည်။ ဦးကြီးသောင်းလာလျှင် ဖေဖေပို့ခိုင်းသည့် ငွေကြေးထည့်ထားရာ ပိုက်ဆံအိတ်တစ်လုံးအပြင်၊ အဝတ်အစားတွေ၊ မုန့်တွေ၊ ဦးကြီးသောင်းယူလာတတ်ပါ၏။ ဖေဖေပို့ခိုင်းဟာ ပေးခိုင်းတာဟု အမြဲပြောပြတတ်ပေမယ့် ...။ ဘယ်တော့မှ ဦးကြီးသောင်းသည် ကြာကြာမနေခဲ့။ ပေးပြီးတာနှင့် ပြန်သွားတတ်တာမို့ ...

"ဖေဖေက ပေးခိုင်းတာဆိုတော့ အခု ဖေဖေက ဘယ်မှာလဲ ဒီဥစ္စာတွေ ဦးကြီးဆီကို ဘယ်လိုရောက်လာတာလဲ၊ ဖေဖေ က နိုင်ငံခြားမှာဆို ..."

ဟု မေးလိုက်ရတာမျိုးမှာ အမြန်ဆုံး ခပ်လောလော မေးလိုက်မှ အခွင့်သာခဲ့ရခြင်းပါ။

"သမီးဖေဖေက နိုင်ငံခြားကနေပြီး လူကြုံနဲ့ပို့လာပေးတာ လေ၊ လေယာဉ်နဲ့ လူကြုံပါးလိုက်တာပေါ့ကွယ်၊ ဦးကြီး သောင်းလည်း အဲသလောက်ပဲ သိရတာပေါ့ကလေးရဲ့"

ဟု ခပ်သုတ်သုတ်ဖြေကာ ပြန်သွားတတ်သည်ပါပဲ

မေမေကတော့ တကယ့်ကို ဘာဆိုဘာမျှ မမေးခဲ့ရှာပါ။ သြော် မေမေသည် တကယ်တမ်း သိထားခဲ့ပြီးချေသည်ပဲလေ။ ဖေဖေသည် ဤမြေမှာပဲ ရှိနေသည်။ ဤမြို့မှာပဲ ရှိနေသည်။ ဒါပေမဲ့ မေ ထံသို့ အမြဲလာ၍ မဖြစ်နိုင်။ အလုပ်တွေကတစ်ဖက်။ ကြာရိပ် အိမ်ကြီးမှာ ဟန်မပျက် မှင်သေသေဖြင့် နေဖို့ကလည်း ရှိနေတာ



ထိုသို့နှယ်ပင် ငွေလွှန်းပုံလေးအတွက် အဖေဆိုတာ နိုင်ငံခြားမှာ သွားအလုပ်လုပ်နေသည့် သူတစ်ယောက်ပဲ ဖြစ်နေသည်ဆိုတာမျိုးကို အလိုက်သင့်ယုံကြည်နေစေဖို့ ကြိုးစားခဲ့ရှာတာပဲ ဖြစ်ချေသည်ကောလေ။ ဖေဖေနှင့် မေမေသည် ထိုသို့နှယ်ပင် ငွေလွှန်းပုံကို ယုံကြည်စေခဲ့သည်မှာ ကလေးဘဝမှသည် မေမေ ခုလိုဆုံးပါးသည့် အချိန်မတိုင်မီမှ တစ်လတာကာလအထိ ဖြစ်ခဲ့ချေသည်တကား။ ထိုအခါကျတော့မှ မေမေ အားလုံးပြောပြခဲ့၍သာ အဖြစ်မှန်ကို ငွေလွှန်းပုံ သိခဲ့ရခြင်းပါ။

ခုကျတော့လည်း ဦးကြီးသောင်းသည် မေမေ့ကို သတိရကာ ရင်ထဲထိခိုက်နေချေမည်သာ။ ငွေလွှန်းပုံကိုလည်း မချိတင်ကဲကြည့် ကြည့်နေခဲ့ရှာသည်ပါပဲ။

ခုလည်း ငွေလွှန်းပုံ လက်အုပ်လေးချီ၍ ကန်တော့နေတော့ ဦးကြီးသောင်း မျက်ရည်လည်တက်လာနေပြီ။

"အမေတူသမီးလေးပါကွယ်၊ အမေတူလေးပါ၊ စိတ်ထားများ အေးချမ်းဖြူစင်လိုက်တာ"

ဟု ခပ်တိုးတိုး ပြောရှာသည်။ ဖေဖေ လက်ဆွဲခေါ်ရာနောက်သို့ သေတ္တာကို လက်တစ်ဖက်ဖြင့်ဆွဲလျက် ငွေလွှန်းပုံ လိုက်လာရပါ၏။

ညှော်ခန်းကျယ်ကြီးက အနီရဲရဲ သားမွေးကော်ဇောကြီး တပြန့်ခင်းထားလျက်။ အနီရောင်ဆိုဖာကြီးများ၊ သပြေသီးမှည့်ရောင် စန္ဒရားကြီး၊ အခန်းထောင့်တိုင်းမှာ အဖြူရောင်ကြွေပန်းအိုးကြီးများဖြင့် ပန်းတို့ဝေနေအောင်ထိုးထားရာ ညှော်ခန်းကျယ်ကြီး၏ ထောင့်နေရာတိုင်းဆီမှ ပန်းရနံ့တို့က ဝေသင်းနေသည့်

www.burmeseclassic.com

www.burmeseclassic.com



ခန်းဆီးများ၊ ပန်းချီကားများ ချိတ်ဆွဲထားရာ အပြာရောင်အခန်း နံရံတို့ဖြင့် အနားသပ်လျက် ရှိနေကြပါချေ၏။ ဩော် ... မီးဆိုင်း ပန်းကြီးများ တွဲရရွဲ လှပစွာရှိနေရာ မျက်နှာကျက်ကြီးသည်ပင် လျှင် ပန်းကနုတ်ထွင်းထားတာမို့ ကျွန်းသားရောင် စိုတောက်လျက် တောက်ပလင်းလဲ့စွာ ရှိနေကြပါချေ၏။

ဖေဖေ ဤမျှချမ်းသာတာကို ဤနေ့ ဤအချိန်ကျမှ ငွေလွှန်းပုံ သိရသည့်နှယ်၊ ဤအရပ် ဤနေရာသို့ လုံးဝမလိုက်ပါ လိုသော စိတ်သည်လည်း ပို၍ ရင်မှာနိုင်မြဲဖြစ်တည်လာနေရသည် ပါပဲ၊ ဖေဖေ တွင်တွင်ခေါ်သည်မှ မျက်ရည်ကျ၍ ခေါ်ခြင်းပေမို့ ...။

မေမေကို တမ်းတကြွေသက်နေကြပါသည့် ဖေဖေ့ သောကမျက်ရည်များကို ခံနိုင်ရည်မရှိစွာဖြင့် ငွေလွှန်း ဤကြာရိပ်ဝေ သို့ ရောက်လာခဲ့ရပေမယ့် ...။ ဤနေရာမှာ ငွေလွှန်းပုံကြာကြာ နေဖြစ်ချေမှာမဟုတ်။ ဘာကြောင့်ဆို ဤဧည့်ခန်းကျယ်ကြီးမှာ ဖေဖေနှင့် ငွေလွှန်းပုံတို့နှစ်ယောက်ပဲ ရှိနေသည်။ ဦးကြီးသောင်း ဆိုတာကတော့ ဒရိုင်ဘာပေပဲလေ။ လိုက်ဝင်လာ၍ရသည်မှမဟုတ် ချေပဲ။ ကျန်ခဲ့ရချေသည်ပေါ့။ ဒါပေမဲ့ ဧည့်ခန်းကျယ်ကြီးမှာ ဒေါ်စံငြိမ်းခိုင် ဆိုသည် ဖေဖေ့ဇနီးကိုလည်း မမြင်ရ။ ခင်စက်မေ ဆိုသည့် သမီးကိုလည်း မတွေ့ရ။ ကြိုဆိုသူတစ်ယောက်မျှမရှိ သော ဤနေရာသည် ငွေလွှန်းပုံကို မကြည်မဖြူဖြင့် မျက်မှောင် ကုတ်၍ ကြည့်နေသည်ဟုပင် စတင်၍ ခံစားလာရပါသည့်အဖြစ်၊

"မကြောက်နဲ့ သမီး၊ ဖေဖေရှိတယ်၊ သူတို့သားအမိ သမီး ကို လာကြိုကြမှာမဟုတ်ဘူး၊ မကြိုချင်လည်း သူတို့သဘော ပဲ၊ ဒီအိမ်ဟာ ဖေဖေ့အိမ်ဖြစ်တယ်၊ ဖေဖေ့သမီး နေကိုနေ



ရလိမ့်မယ်၊ ဖေဖေ အလုပ်သွားတဲ့အခါ သမီးလည်းကျန် နေစရာမရှိဘူး၊ သမီးရဲ့အလုပ်ကို သီးခြားကားတစ်စီးနဲ့ ဦးသောင်း လိုက်ပို့ပေးလိမ့်မယ်၊ ဟိုမှာ အလုပ်ကိုစိတ်နှစ် ပြီးလုပ်၊ ဂရုတစိုက်လုပ်၊ ဖေဖေ အိမ်ပြန်ရောက်ချိန်နဲ့ သမီး အလုပ်ပြန်ဆင်းချိန်လည်း တူတူလောက်ပဲရှိမှာ၊ ဖေဖေတို့သားအဖ တူတူနေကြဖို့ အဓိကပဲ သမီး၊ တစ်ချိန် က ဖေဖေ နိုင်ငံခြားသွားနေရတယ်၊ ဟိုမှာ အလုပ်လုပ် နေရတယ်ဆိုပြီး သမီးကို ညာခဲ့တဲ့ကိစ္စ၊ ခု ဒီအချိန်ကစပြီး ရပ်ဆိုင်းသွားပြီ၊ ဖေဖေတို့သားအဖ ဒီမှာတူတူနေကြတာ ဟာ အမှန်တရားတစ်ခုတည်းက အပိုင်းအစတစ်ခုပဲ သမီး"

ဟုပြောကာ ငွေလွှန်းပုံ၏ပခုံးလေးကို သိုင်းဖွဲ့၍ အပေါ်ထပ်သို့ခေါ်လာသည်။ မြောက်ဘက်အစွန်ဆုံးအခန်းကိုဖွင့် ဝင်သည်။ အခန်းကျယ်ကြီးထဲမှာ အရာရာပြည့်စုံနေစေခြင်းဆို သည့် မြင်ကွင်းတစ်ခုကို ကြည့်မြင်နေရရင်းစတင်၍ ငွေလွှန်းပုံ ဖေဖေနှင့်အတူ ဝင်ခဲ့ရချိန်ပါတကား။

ခုတင်ကြီးတစ်လုံးက အခန်းထောင့်နေရာမှာ အပြာ ရောင်ဖဲသားတစ်စုံဖြင့် ရှိနေသည်။ ကြီးမားသော တီဗီကြီးတစ်လုံး နှင့်အောက်စက်တို့သည် တီဗီစင်လှလှကြီးနှင့်အတူ ရှိနေ၏။ စာကြည့်စားပွဲ။ အဝတ်ဗီရိုကြီးတစ်လုံး။ ရေခဲသေတ္တာကြီးတစ်လုံး၊ ဆိုဖာဆက်တီကြီးတစ်စုံ။ အဲကွန်းလာတစ်ခု၊ မတ်တတ်ရပ်ပန်ကာ တစ်လုံး၊ လေအေးစက်တပ်နံရံသည် ပန်းချီကားချပ်များ ချိတ်ထား ရာနံရံလည်း ဖြစ်နေသည်။ ဓာခန်းဆီးကြီးများ ချထားရာမှန် ပြတင်းများကတော့ ပိတ်ထားဆဲ။ အပြင်ဘက်မျက်နှာစာမှာ

www.burmeseclassic.com

www.burmeseclassic.com



သသာဆောင်တစ်ခု ရှိနေသည်။ အပြာရောင်ကော်ဇောကြီး ခင်းထားတာ အခန်းတြမ်းပြင်မှာ ခြေစုံနင်း၍ ရပ်ထားရတာကိုက ထူးခြားမှုတစ်ခု။ ဤနေရာသည် အရာရာတိုင်းမှာ အသစ်အသစ်သော တွေ့ကြုံခံစားမှုများကိုသာလျှင် ငွေလွန်းပုံထံ အပ်နှံထားချေသည်တကား။ ငွေလွန်းနေထိုင်ခဲ့ရာ တစ်ထပ်တိုက် အိမ်တစ်လုံးသည် လိုအပ်သမျှ ပရိဘောဂတို့ဖြင့် ပြည့်စုံနေကြပေမယ့်...။ ဤအိမ်ကြီးတစ်လုံး၏ အစိတ်အပိုင်း တစ်ခုမျှသာရှိနေချေတော့သည်တကား။ ဒါပေမဲ့ ထိုအိမ်လေးသည် ငွေလွန်းပုံအတွက် အေးချမ်းရာ နေရာတစ်ခုအဖြစ် စုံမက်မြတ်နိုးဖွယ်ဖြစ်နေချေ၏။ ဘာကြောင့်ဆို ထိုနေရာလေးသည် မေမေ့ရင်ခွင်ရှိရာနေရာ။ ဩော် ... ခုတော့ မေမေ့အငွေ့အသက်တွေ ပြည့်လျှန်းကျန်ရစ်ရာနေရာ ဖြစ်နေချေသည်တကား။

ဖေဖေ၏လက်တွေက မြဲမြဲစွာပဲ ငွေလွန်းပုံ၏လက်မောင်းလေးကို တွေးဆုပ်ကိုင်ထားကာ ဆက်တီဆိုဖာရှည်ကြီးထက်မှာ တူတူယှဉ်၍ ထိုင်စေသည်။ ဆံစလေးကို သပ်ပေးသည်။ ငွေလွန်းပုံ၏မျက်နှာလေးကို ဖေဖေ ထိထိခိုက်ခိုက်လည်းကြည့်သည်။ ချစ်ခြင်းဖြင့်လည်းကြည့်သည်။ ဩော် ... အမိမဲ့သမီးလေးပေမို့ ထိခိုက်ကြေကွဲစွာ ကြည့်သည့်နှယ်။ ဖခင်တစ်ယောက်အမိမဲ့သမီးအပေါ် ထားရှိအပ်ပါသော ချစ်ခြင်းတွေထဲမှာ ကရုဏာသက်ရခြင်းတွေ ဖြည့်ဆည်းလျက်လည်း ကြည့်ချေသည်တည့်။ ငွေလွန်းပုံရင်ထဲမှာ လှိုက်တက်လာသည်။ ဖေဖေ့ရင်ခွင်မှာ ခေါင်းလေးတိုးဝင်လိုက်မိရင်းမှ ရှိုက်သံတွေမစဲအောင် ပွင့်ကျင်ချလိုက်မိရပါပြီ။ ဖေဖေ့လက်တွေသည်လည်း တုန်ခါနေရင်း ငွေလွန်းပုံ၏ကျောပြင်လေးကို ဖေးသပ်ပေးနေရှာသည်။ ဖေဖေ့ထံမှအသံတွေပွင့်ကျလာရန်ပင် အားအင်မကျန်တော့သည့်နှယ် စကားကဆွံ့တိတ်နေသည့်အဖြစ်။



"ဘယ်သူတွေ ဘယ်လိုပဲ စွပ်စွဲ စွပ်စွဲ မေမေဟာ မေမေ့အချစ်ကို တစ်ပါးသော မိန်းမတစ်ယောက်ရဲ့လက်ထဲ အပ်ခဲ့ရသူဆိုတာ သမီး သိနေပါတယ် ဖေဖေ၊ အဲဒါ ... သမီး သိနေရပါတယ် ဖေဖေရယ်၊ မေမေဟာ သူတစ်ပါးရဲ့လက်ထဲက ဖေဖေ့ကို လုယူခဲ့သူ မဟုတ်ပါဘူး၊ အလုယူခံခဲ့ရသူပါ၊ ဆင်းရဲတာကိုး ဖေဖေရဲ့၊ ဆင်းရဲတာကိုး"

ငွေလွန်းပုံ မျက်ရည်ကျနေရင်း ရင်ထဲတင်းမခံသာတော့ဘဲ ရင်ကျေနေသည့်အသံဖြင့် စိတ်ကိုလွှတ်ချ၍ ပေါက်ကွဲပြောမိလိုက်ရပါပြီ။ ဟုတ်သည်။ ဒေါ်စံငြိမ်းခိုင်နှင့် ဖေဖေလက်မထပ်မီကတည်းက ဖေဖေနှင့် မေမေတို့သည် ချစ်သူတွေဖြစ်နေကြသည်ပဲ။

"မေမေဟာ မေမေ့ဘဝကို ဘယ်လိုရှင်သန်ခဲ့တယ် ထင်သလဲ ဖေဖေ၊ ဖေဖေ့ကို ချစ်အားကိုးစိတ်၊ ကြည်ညိုမြတ်နိုးစိတ်တွေနဲ့ ရှင်သန်ခဲ့တာပါ၊ မေမေဟာ ဖေဖေ့ရှေ့မှာရော ဖေဖေ့ကွယ်ရာမှာရော ဖေဖေနဲ့ပတ်သက်လို့ ပြောနေသမျှစကားလုံးတိုင်းဟာ အမြဲနူးညံ့နေတတ်ပါတယ် ဖေဖေ၊ ဘယ်တော့မှ စကားသံကြမ်းကြမ်း၊ စကားသံခါးရှရှမျိုးတွေနဲ့ အငွေ့မျှတောင် မသမ်းခဲ့တဲ့ မေမေပါ၊ မေမေဟာ ... မေမေဟာ ဖေဖေ့ကို သိပ်ချစ်တာ ဖေဖေရဲ့ ... သိပ်ချစ်တာ"

www.burmeseclassic.com

www.burmeseclassic.com



တောသူမတစ်ယောက်ဖြစ်သည့် မေမေ၏ဆင်းရဲသော ဘဝတစ်ခုထဲမှ အချစ်တွေသည် ကြေကွဲဖွယ်ဖြင့် အဆုံးသတ်ခဲ့ပြီးပြီ။ ဒါပေမဲ့ ကျန်ရစ်သူ ဖေဖေနှင့် ငွေလွန်းတို့၏ရင်ထဲမှာ ရှင်သန်နေမြဲပါ။ ထိုရှင်သန်နေသည့် မေမေ့ချစ်ခြင်းတွေကို တမ်းတနေရင်း လွမ်းဆွတ်နေရင်း ကြေကွဲမျက်ရည်၊ လွမ်းမျက်ရည်တို့ ဘယ်သောအခါတွင်မှ ခန်းခြောက်နိုင်စွမ်းချေတော့မှာလည်း မဟုတ်တော့ပြီ။

"ဖေဖေ့ထောက်ပံ့ကျွေးမွေးသမျှတွေထဲက မေမေဟာ လက်ဝတ်လက်စားလေးကအစ စုဆောင်းပါတယ် ဖေဖေ၊ ဖေဖေဝယ်ဆင်ပေးသမျှတွေကိုလည်း မေမေဟာ အလေအလွင့်အပျောက်အဆုံး ရောင်းချဟာမျိုး ဘာတစ်ခုမှမရှိအောင် သေသေချာချာ သိမ်းဆည်းပါတယ် ဖေဖေ၊ မေမေ ... မှာ ဖူးတယ်"

အသံသည် တစ်ချက်တိမ်ဝင်၏။ နောက်တော့ မျက်ရည်ကို အနိုင်နိုင် ငွေလွန်းပုံ သုတ်သည်။

"မေမေ ... မှာ ... ဖူး ... တယ် ... ဖေဖေ ... အကယ်၍များ ... မေမေ ဆုံးပါးခဲ့ရင် ... ဖေဖေ့ကို မေမေ့ရဲ့သစ္စာတရားကို ပြသပေးပါတဲ့၊ ဖေဖေ ဆင်ထားသမျှ ဖေဖေပေးထားသမျှ ငွေကြေးကိုလည်း အပိုအလျှံမသုံး၊ ရွှေနဲ့လက်ဝတ်ရတနာတွေကိုလည်း အပျောက်အစီးမရှိ၊ သိမ်းဆည်းထားတာ တရိုတသေပါလို့ ပြောပြပါတဲ့ဖေဖေ ... မေမေနဲ့သမီးအတွက် စုဆောင်းရှိသမျှ လက်ဝတ်ရတနာ၊ ရွှေလက်ဝတ်လက်စားအားလုံးကို ပြသပါတဲ့ ဖေဖေ့မှာများ ငွေကြေး



အလျှင်စရှို လိုအပ်တာမျိုးရှိရင်လည်း ဖေဖေ့လက်ထဲအပ်ပါတဲ့၊ ပြီးတော့ မေမေ့ရက်လည်ပြီးချိန်မှာ အဲဒီလက်ဝတ်လက်စားတွေအားလုံးကို အထုပ်လိုက် ဖေဖေ့လက်ထဲအပ်ပါတဲ့ ဖေဖေ၊ မေမေဟာ ဘာအကျိုးကိုမှ မမျှော်ကိုးပဲ ဖေဖေ့ကို ချစ်မြတ်နိုးခြင်း ရှိသေခြင်း ကြည်ညိုအားကိုးခြင်းတွေနဲ့ တစ်သက်လုံး ချစ်သွားတယ်ဆိုတာ ဖေဖေယုံကြည်ပြီးသားဖြစ်မယ်ဆိုတာ မေမေ သိထားပါတယ်တဲ့၊ ဒါပေမဲ့ဘယ်လို ရွှေငွေကိုမှ မေမေမမက်မောခဲ့ဘူးဆိုတာ အဖြုန်းအတီးမရှိခဲ့ဘူးဆိုတာ ဖေဖေ့ကိုတော့ မေမေသက်သေပြချင်နေလို့ပါတဲ့ ဖေဖေ"

စကားရှည်ကြီးအဆုံးမှာ သားအဖနှစ်ယောက် ရင်ဆွဲကြွေပြုန်းကုန်သည့်နှယ် ပြိုင်တူခံစားကြရလျက် သမီးကအဖေကို အားကိုးကြေကွဲစွာဖက်၍ ငိုသည့်နှယ်။ အဖေကလည်းသမီးကို ဖြေသိမ့်ဖြေပြေစေဖို့စကားတွေ ရှာဖွေမတွေ့နိုင်တော့သည့်နှယ် ရှင်ဆို့နေရင်း သမီးကို ဖက်တွယ်ထားရုံမှတစ်ပါး ဘာမျှလတ်လောမှာ မတတ်သာတော့သည့်နှယ် ငိုကြွေးနေရှာချေသည် စကား။ မြင်ကွင်းသည် ကြည့်ရက်စရာမရှိ။ ဖခင်၏မျက်ရည်ကို သမီးသည်လည်း သုတ်ပေးရန် အားအင်မကျန်။ သမီး၏မျက်ရည်ကိုလည်း အဖေက သုတ်ပေးဖို့ရန်အတွက် လက်သည်ခင် ရှေ့မရလောက်အောင် ရင်သည် လှိုက်ခါနေလျက် အားကုန်ကြီးပြွတ်ကြီး ဖြစ်နေကြပါ၏။

"အဲ ... အဲဒီ ... ရွှေလက်ဝတ်လက်စား ရတနာထည်လက်ဝတ်လက်စားတွေ အားလုံး သမီးရဲ့အဝတ်သေတ္တာ

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ရတနာသေတ္တာငယ်လေးနဲ့အတူပါ ... လာ ... တယ် ... ဖေဖေ ... ဖေဖေကြည့်ပါ”

ဟု အသံတွေ တိုးကျနေရင်း ရှိုက်သံတွေကလုံးထွေးနေလျက် အနိုင်နိုင် ငွေလွန်းပုံ ပြောတော့ ဖေဖေ လည်ချောင်းတနင်နင်ဖြင့် ရှိနေရင်း ခေါင်းသာတွင်တွင် ခါနေသည်။

“မကြည့်ရက်ဘူး သမီး၊ ဖေဖေ မကြည့်ရက်နိုင်ဘူး ... မိုးရေ၊ မိုးရဲ့သစ္စာနဲ့ အချစ်ကို ကိုကြီး ဘယ်တုန်းကမှ မသိခဲ့ဖူးဘူးဆိုတာ မရှိခဲ့ဖူးဘူး၊ မရှိခဲ့ပါဘူး မိုးရယ်၊ ကိုကြီး သိတာပေါ့ ... သိတာပေါ့၊ ကိုကြီးကွယ်ရာမှာ မိုးခုလို ကိုကြီးရင်ခွင် ပျောက်နေရင်း ဆုံးပါးခဲ့ရတာ သိနေရတဲ့ ကိုကြီး၊ ရင်တွေကွဲကြေနေရပါပြီ၊ သမီး ခင်စက်မေစော်စော်ကားကား ပြောချိန်မှာ ကိုကြီးရဲ့ဇနီးသည် မိုးဟာ ဘယ်သောက်ထိ ကိုကြီးကို အားကိုးတမ်းတနေခဲ့မယ်ဆိုတာ ကိုကြီး သိနေတယ် မိုးရယ်၊ ကိုကြီး သိနေတယ်ကွယ်”

ဖေဖေ ခေါင်းကိုဘယ်ညာနွဲ့၍ ထိထိခိုက်ခိုက်ကြီး ရင်တွေတမြည့်မြည့်ကျေအောင် ခံစားပြောနေချိန်မှာ ငွေလွန်းပုံ ဖေဖေ့ရင်ခွင်မှခွာ၍ ကြမ်းပေါ်မှာရှိနေသည့် ဘီးတပ်သေတ္တာကို သွားဖွင့်သည်။ သေတ္တာတွင်းမှ ရတနာယွန်းသေတ္တာဘူးကို ထုတ်ယူသည်။ ယွန်းသေတ္တာဘူးသည် တစ်ပေအရှည်ရှိလျက် ဗျက်ခြောက်လက်မခွဲကျော်မျှ ရှိနေကာ ...။ အတွင်းမှာ အကန့်လိုက် အထပ်လိုက်မျှဖြင့် ရတနာတွေ၊ လက်ဝတ်လက်စား ရွှေထည်တွေ ရှိနေတာ ငွေလွန်းပုံ သိနေပြီးသားပါ။ မေမေသည် ထိုရတနာဘူးကိုယုတ် ၍ လက်ဝတ်လက်စားတချို့ကို ငွေလွန်းပုံကို ဆင်ပေးခဲ့



ဘတ်သည်ပဲ။ အမြင့်ခြောက်လက်မခွဲမျှလောက်ရှိသော ရတနာယွန်းဘူးကို ငွေလွန်းပုံ ဖေဖေ ထိုင်နေရာ ဆိုဖာရှည်ကြီးထက်မှာချလိုက်ကာ ဘူးကိုဖွင့်ပြလိုက်မိရပါပြီ။ အပေါ်ဆုံးအဆင့်မှာက မေမေနှင့် ငွေလွန်းပုံအတွက် မကြာသေးမီကမှ စိန်တစ်ဆင်စာစီ ယ်ပေးလာသည့် လက်ဝတ်လက်စားက တောက်ပစွာရှိနေကြ ပါ၏။

“ဖေဖေ ဆင်ပေးပေမယ့် လူတွေအမြင်မှာ စိန်တွေနဲ့ဆိုရင် လူချမ်းသာရယ်လို့ ထင်လည်းထင်မယ်၊ သားအမိနှစ်ယောက်နေရတာများတဲ့အိမ်ပေမို့ လူဆိုးသူခိုးတို့အမြင်မှာ လည်းမျက်စိကျစရာဖြစ်မယ်ဆိုပြီး မေမေ ငွေလွန်းကိုလည်း မဆင်သလို မေမေလည်း မဝတ်ခဲ့တာမို့ အသစ်အတိုင်းဖြစ်နေတာပါပဲ ဖေဖေ”

ဟု ပြောတော့ ဖေဖေ မျက်ရည်ကျသည်။ လက်တ်ရတနာ. စိန်ထည်ကို ခပ်ဖွဖွ ဖေးသပ်ကြည့်နေရှာပါ၏။

“အလွန်အေးချမ်းပြီး အနေအစားရိုးတဲ့ မိုးဆိုတာ ကိုကြီး သိနေပါတယ် မိုးရယ်”

ဟု တမ်းတစွာ ပြောနေစဉ်မှာပင် အခန်းတွင်းသို့ င်လာကြသည်က ခင်စက်မေ။ ပြီးတော့ မျက်နှာကြီးတင်းနေ သည့် အမျိုးသမီးကြီးတစ်ယောက်။ အသက်ကတော့ မေမေထက် ကြီးပုံရသည်။ အိမ်နေရင်းပင် စိန်ထည်တွေဖြင့် ရှိနေပါသည့် ထို မျိုးသမီးကြီးသည် ဖေဖေ့ဇနီး ဒေါ်စံငြိမ်းခိုင် ဖြစ်ချေမည်ဆိုတာ လိုလိုသိလိုက်မိရသည်ပါပဲ။ ဧည့်ခန်းမှာ မင်္ဂလာဆောင်နံ့ဓာတ်ပုံ း ရှိနေတာမို့လည်း ငွေလွန်းပုံ မြင်ခဲ့ရပါသည့် ထိုအမျိုးသမီး

www.burmeseclassic.com

www.burmeseclassic.com



သင်တစ်ယောက်၏ မျက်နှာသည် အသက်အရွယ်ကြီးလာတာ တစ်ခုပဲ ရှိနေလျက် အလုမပျက်စွာဘဲ ယခုရပ်နေပါသည့် အမျိုး သမီးကြီးအဖြစ် ရှိနေတာမို့ ...။

"ဒေါ်စံငြိမ်းခိုင်ရဲ့ အကြည့်တွေက မာကျောလှတာပါပဲ လား"

ဟု ရပ်ကြည့်နေပါသည့် အမျိုးသမီးကြီး၏မျက်နှာ ထက်မှ စိတ်အစဉ်ကို ဖမ်းဆုပ်သိမြင်လာမိရသည်က ငွေလွှန်းပ ပါ။ ဒေါ်စံငြိမ်းခိုင်၏အကြည့်သည်ရော ခင်စက်မေ၏အကြည့် သည်ရော တစ်နေရာတည်းမှာ တန့်နေသည်။ ရတနာယွန်းသေတ္တာ လေးထက်မှာပါတည့်။

ခင်စက်မေကတော့ ချက်ချင်း ခြေလှမ်းကျဲကြီးဖြ လျှောက်လာနေပြီ၊ ဖေဖေကလည်း အားလုံးထက်ကိုမြန်သည် သေတ္တာကို ချက်ချင်းပိတ်လိုက်ပါ၏။ ခင်စက်မေ၏ ကသော ကမျော လှမ်းယူနေပါသည့် ယွန်းသေတ္တာကိုလည်း ဘေးသို့တိ၍ လက်ဖြင့် ဖေဖေဖိထားလိုက်ပါပြီ။ ပိုင်စိုးပိုင်နင်းနိုင်စွာပဲ ခ စက်မေသည် ရတနာယွန်းဘူးကို လုယက်ယူငင်သိမ်းလိုက်တော မည့်နယ်ပင် လောဘဇောမနာလိုဇောတွေဖြင့် မျက်နှာလေး အရုပ်ဆိုးလောက်အောင်ပဲ ရှုံ့မဲ့မာကျောနေစေသည့်အဖြစ်။

"သြော် ... သြော် ... ရှင်က ဒီနေ့ပဲ ဒီအိမ်ပေါ်ရောက်လာ တဲ့ ဒီကောင်မလေးကို ရတနာတွေ ယွန်းသေတ္တာနဲ့တစ် ပေးနေပြီ ဆိုပါတော့၊ ဟင် ... ဟင် ... ရှင် ... ရက်စ လှချေလား ကိုမင်းသန့်၊ ကျွန်မရဲ့အိမ်ပေါ်ကိုလည်း မယားရဲ့သမီးကို ခေါ်တင်လာတယ်၊ လက်ဝတ်လက်စ



ကိုလည်း သေတ္တာနဲ့တစ်လုံးပေးတယ် ... ဟုတ်လား၊ သူ နဲ့ ကျွန်မ အဘူမနေနိုင်ဘူးရှင့်၊ သူ့မျက်နှာကို မြင်နေရ တာဟာ ကျွန်မ သူ့အမေမျက်နှာကို မြင်နေရသလိုပဲခံစား ရတယ်၊ ရှင် ဒီလောက်ထိ မရက်စက်စမ်းပါနဲ့၊ အဲဒီလက် ဝတ်လက်စားတွေကိုလည်း ကျွန်မ ပြန်သိမ်းရလိမ့်မယ် ကိုမင်းသန့်"

ခင်ပွန်းသည်ကို နာမည်ပါတပ်၍ မာကျောစွာ ခပြင်းစိတ်နှင့် ဒေါ်စံငြိမ်းခိုင် အော်ပြောနေချိန်မှာ ဖေဖေကတော့ တည်ငြိမ်နေသည်။

"ဒါတွေအားလုံးဟာ မင်းယူသိမ်းလို့မရဘူး၊ အဲဒါသူ့ပစ္စည်း တွေ၊ မိုးနဲ့ ငွေလွှန်းပုံရဲ့ပစ္စည်းတွေ ... ဒီကိုရောက်မှ အစ်ကို ပေးတဲ့ဥစ္စာ မဟုတ်ဘူး၊ အစကတည်းက ရှိနေခဲ့တာတွေ၊ မင်းမှာ ပြည့်စုံပိုလျှံနေတာပါ ငြိမ်း၊ သူများစ္စည်းဝင်မလု ယူချင်စမ်းပါနဲ့"

"အို ... အဲဒီအစေခံမက ဘာအလုပ်အကိုင်ရှိလို့ ဒီလိုစိန် တွေ ရွှေတွေ ဝယ်နိုင် ရှိနိုင်ရမှာလဲ၊ မရဘူး၊ ငြိမ်း ပြန် သိမ်းရလိမ့်မယ်၊ ပြန်သိမ်းရလိမ့်မယ်"

ရောက်သည့်ရက်။ နာရီပိုင်းပဲ ရှိနေသေးသည်။ ရှုပ်ထွေး ပစ္စည်းလုပွဲက စတင်နေပြီတည့်။ စိတ်ပျက်လက်ပျက်နိုင်စွာပဲ ငွေလွှန်းပုံ နေရာမှ ထွက်ပြေးချင်လာသည်။

"အဲဒါ ငါဆင်ထားတဲ့ပစ္စည်းတွေ၊ မင်း ယူလို့မရဘူး၊ မင်းလိုမျိုး မဟုတ်ဘူး ငြိမ်း၊ မိုးဟာ သူ့ကိုဆင်တဲ့လက် ဝတ်လက်စားတွေကို တမြတ်တနိုး အပြောင်းအလဲမရှိ၊

www.burmeseclassic.com

www.burmeseclassic.com



အပျောက်အရှမရှိ သိမ်းထားတဲ့ မင်းလိုမျိုး ဟိုလက်ဝတ်လက်စားမကြိုက်လို့ ပြန်ရောင်းလိုက်တယ်ဆိုတာမျိုး ကိုယ့်လင်ဆင်တဲ့ဥစ္စာ ဟိုဟာနဲ့ပြောင်းပြီး ဝတ်တာမျိုး၊ ဒီဟာနဲ့လဲပြီး အလဲအထပ် လုပ်ဝတ်တာမျိုး မရှိဘူးကွ၊ ကိုယ့်ခင်ပွန်းသည်ဆင်တဲ့ပစ္စည်း တမြတ်တနိုးထားတဲ့မိန်းမ"

ဖေဖေကလည်း ခေါင်းမာမာဖြင့်ပြောကာ ရတနာသေတ္တာကို ငွေလွန်းပုံလက်ထဲအပ်သည်။ ငွေလွန်းပုံ ခေါင်းလေးငုံ၍ ...

"နေပါစေတော့ ဖေဖေ၊ သူတို့စိတ်ထဲမှာ ဒီနေ့မှာဖေဖေဆီက ဒီပစ္စည်းတွေကို သမီးယူနေတယ်လို့ ထင်နေတာ သူတို့လိုချင်ရင် ပေးလိုက်ပါ ဖေဖေ"

ငွေလွန်းပုံ၏မာနလေးက ခေါင်းပြူ၍နေသည်မို့ ပြောချလိုက်စဉ်ခိုက် ဖေဖေ ခေါင်းခါသည်။

"ဒါ သမီးမေမေရဲ့ပစ္စည်း၊ သမီးရဲ့ပစ္စည်း၊ သူတို့ဘာထင်ထင် သမီးယူရလိမ့်မယ်၊ သိမ်းထားရလိမ့်မယ်၊ ဘာလို့လဲဆိုတော့ ဒါဟာ သွားလေသူ သမီးမေမေရဲ့ ချန်ရစ်ခဲ့ရာပစ္စည်းတွေပေမို့ သမီး တန်ဖိုးထား မြတ်နိုးရမယ့်တာဝန်ရှိတယ်၊ တခြားရတနာဆိုင်တွေမှာ တခြားပစ္စည်းတွေကို သမီးဝယ်လို့ရချင်ရမယ်၊ ဒီလို ကိုယ့်အမေချန်ခဲ့ရာပစ္စည်းကို သမီး ဘယ်မှာမှ ဝယ်လို့မရနိုင်ဘူး၊ သိမ်းထားပါ ငွေလွန်းပုံ၊ ဒါ ကျန်ရစ်သူ သမီးတစ်ယောက်ရဲ့တာဝန်ပဲ"

ဟု ပြောကာ ပေးလာတော့လည်း မေမေ့မျက်နှာအေးအေးချမ်းချမ်းလေးကို ရင်ထဲဆို့အောင် ခံစားမြင်နေရင်း



ရတနာသေတ္တာကို တရိုတသေလေး ယူလိုက်မိရပြန်သည်။ ဟုတ်သည်ပဲလေ။ မေမေချန်ခဲ့ရာ ပစ္စည်းတွေပါတကား။ ဒေါ်စံငြိမ်းခိုင်လက်ထဲရောက်လို့ဖြင့် အားလုံးရောင်းပစ်လိုက်တော့မှာ သေချာနေသည်။

ထိုသို့ မေမေချန်ခဲ့ရာပစ္စည်းတွေ တကွဲတပြားဖြစ်ကုန်ရကာ ...။ သူတစ်ပါးလက်ထဲရောက်ကုန် ပျောက်ကွယ်သွားရတာမျိုးတော့ ငွေလွန်းပုံ အဖြစ်မခံရက်ပြန်။ စောစောကဖြစ်တည်လိုက်ရပါသည့် မခံချင့်စေနှင့် မာနတို့သည် မေမေ့ကိုချစ်နေရသည့်စိတ်ဖြင့် ...။ ဩော် ... မေမေ့အငွေ့အသက်တို့ ထိအပ်ခဲ့ရာ ရွှေကြိုးလက်ကောက်လေးတွေ ထိုသေတ္တာထဲမှာ ရှိနေသည်ကောဆိုသည့် အသိစိတ်ဖြင့် ...။ ခုကျတော့လည်း တရိုတသေလေး ယူလိုက်မိရပြန်သည်က ရတနာယှွန်းသေတ္တာကိုပါ။

ခင်စက်မေ၏အကြည့်က သေတ္တာထဲမှာ ဘာတွေရှိနေသေးသည်လည်းဆိုသည့် သိချင်စောဖြင့် အထဲကိုဖောက်မြင်ရတော့မည့်အလား စိုက်ကြည့်နေသည်မှ ဟန်ကိုမျှမဆောင်နိုင်သည့်နှယ် ဖြစ်နေပါ၏။

ငွေလွန်းပုံ အတော်ကြီး စိတ်ပျက်လက်ပျက်ဖြစ်ကာ ဤအိမ်ကြီးမှာ ဘယ်လိုမှ ဆက်နေ၍ မကောင်းတော့ပြီဆိုတာကို သည်း နားလည်ခြင်းမက နားလည်နေမိရပါ၏။

"သူ့ကို ငြိမ်း ဒီမှာမထားနိုင်ဘူး အစ်ကိုသန့်"

"ဒါပေမဲ့ ငါ ခေါ်လာပြီးပြီ ငြိမ်း၊ မင်း သူ့ကို ဒီမှာမထားနိုင်ဘူးလို့ ပြောလိုက်တာနဲ့ ငါက ငါ့သမီးကို မောင်းထုတ်လိုက်ရမှာလား၊ သူ့မှာ အမေမရှိတော့ဘူး ငြိမ်း"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ သူ့မှာ အိမ်ရှိနေတယ်လေ၊ ခေါ်သွားစမ်းပါ၊ အဲဒီအိမ်ကို၊ ပြန်ပို့လိုက်စမ်းပါ၊ သူ့မျက်နှာမြင်ရတာ နေလို့မီးလိုပူတယ်ရှင့်၊ ဒီနေ့ပဲရောက်တယ်၊ လက်ဝတ်လက်စားတွေက သေတ္တာနဲ့တစ်လုံး ယူထားပြီးနေပြီ အရင်ကပစ္စည်းတွေလို့ ရှင်တို့ပြောတိုင်းယုံမယ့် ငြိမ်းအဖြစ် ခပ်ညံ့ညံ့ထဲက မဟုတ်ဘူးရှင့်၊ ဒါဆိုရင် ဘာလို့ ရောက်ရောက်ချင်း ဒီသေတ္တာကို ထုတ်ပြနေစရာလိုနေလို့လဲ"

စိတ်ပျက်ဖွယ်လည်း ကောင်းနေသည်။ စိတ်ကုန်ဖို့လည်း ဖြစ်နေသည်။ နောက်ဆုံးတော့ စိတ်ထဲမောလာသည်က ငွေလွန်းပုံပါ။ အဓိက ခေါင်းတည်ရာက ရတနာသေတ္တာပဲဖြစ်နေတာက များနေသည်။ ဖေဖေကလည်း လုံးဝအလျှော့ပေးမည့်ပုံ မပေါ်။

"ဒါဆိုလည်း ငါတို့သားအဖ ဟိုအိမ်မှာပဲ တူတူသွားနေလိုက်ကြတော့မယ်၊ ပြီးတာပဲ၊ သမီး ငွေလွန်းပုံ၊ သမီး သေတ္တာထဲ အဲဒီရတနာသေတ္တာကို ပြန်ထည့်လိုက်တော့"

ဟု ဖေဖေ ပြတ်ပြတ်ပြောချိန်မှာ ...

"ဟင် ... ဧည့်သည်လာရင်တည်းဖို့အတွက်ထားတဲ့ ဒီအခန်းကြီးထဲမှာ သမီးကိုထားမယ်ဆိုပြီး ခေါ်လာတယ်၊ လက်ဝတ်လက်စားသေတ္တာ လိုက်ပေးတယ်၊ ခုကျတော့ အဲဒီကောင်လေးနဲ့အတူ ဟိုမှာသွားနေမယ်လို့ ပြောပြန်ပြီ၊ ကျွန်မမှာ သွေးတိုးရှိတယ်ရှင့် သိရဲ့လား၊ ရှင်တို့ ကျွန်မကို သတ်နေကြတာပေါ့ ... ဟင်"



"မေ့ကြောင့် မိုးဟာ သွေးတက်ပြီး ဆုံးပါးခဲ့ရတယ်၊ နှလုံးထိခိုက်ပြီး ဆုံးပါးခဲ့ရတယ်၊ ဒါပေမဲ့ မင်းတို့သားအမိ ဘာပြောခဲ့သလဲ၊ ဘယ်သူက မိုးကိုသတ်လို့လဲလို့ ပြောခဲ့တယ် မဟုတ်လား၊ ခုကျတော့ မင်းက မင်းကို ငါတို့သားအဖက သတ်နေပြီလို့ ပြောနေတယ်ပေါ့၊ ဒီမှာ ငြိမ်း၊ ငါ ဒီအချိန်မှာ ငွေလွန်းပုံကို တစ်ယောက်တည်း မထားနိုင်ဘူး၊ ဒါ ငါ့အဆုံးအဖြတ်"

"ဒီမှာတော့ ငြိမ်း သူ့ကို မထားနိုင်ဘူး၊ ရှင် ဟိုကိုသွားရင်လည်း ငြိမ်း အဲဒီအိမ်ပေါ် လိုက်တက်နေရလိမ့်မယ်ရှင့်၊ မလုပ်ဘူးမထင်နဲ့၊ ရပ်ကွက်ထဲမှာ အဲဒီအိမ်ပေါ် မယားကြီးက ခပ်တင်းတင်း လိုက်နေတယ်ဆိုတာမျိုး ရှင်တို့သားအဖ ခေါင်းဖော်ပြီး နေပြရဲတယ် ဆိုရင်တော့ စမ်းကြည့်လေ၊ ဘာမှတ်လဲ ... ငြိမ်းတို့က ရှေ့ကိုတက်ပြီဆိုရင် နောက်မဆုတ်စတမ်းပဲ သိရဲ့လား"

ငြိမ်းခြောက်စကားဆိုတာ သိနေသည်။ တကယ်လုပ်မည်ဆိုတာလည်း ငွေလွန်းပုံ သိနေသည်။ ဖေဖေလည်း စိတ်မောလက်မောကြီး ဖြစ်သွားပုံဖြင့် ရှိသွားရရင်းမှ ဒေါသဖြင့် ရှေ့သို့ ခြေလှမ်းကျဲကြီးဖြင့် တိုးသွားချိန်မှာ ...

"အစေခံမနဲ့ အစေခံမရဲ့သမီးအတွက် ငြိမ်းကို ရှင်ကရိုက်မှားရိုက်မလို့လား ကိုမင်းသန့်ရဲ့"

ဟု ရင်ကိုဖိ၍အော်တော့ ငွေလွန်းပုံ ဖေဖေ့ကို လက်မောင်းကြီး ဆွဲထားရင်းမှ မခံချင်စောဖြင့်လည်း တုံ့ပြန်၍ ဒေါ်စံငြိမ်းခိုင်ကို ကြည့်ပစ်လိုက်မိရပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



"အမေ့ကို အစေခံ ... အစေခံ ... ဆိုပြီး မခေါ်ပါနဲ့၊ မေမေ မရှိတော့ဘူး သိရဲ့လား၊ ဆုံးပါးကွယ်လွန်သူ တစ်ယောက် ကို ရှင် ဒီလောက်အထိ နှိမ့်ချမပြောပါနဲ့၊ မေမေဟာ အလွန်စိတ်ထားမြင့်မြင်တဲ့သူပါ၊ ဖေဖေရဲ့အရိပ်မှာ မေမေနဲ့ ငွေလွန်းပုံတို့ဟာ အစဉ်သဖြင့် အေးချမ်းစွာ နေခဲ့ကြရတာ ပါ၊ ဖေဖေ့ကျေးဇူးကို မေမေနဲ့ ငွေလွန်းတို့ အမြဲဦးထိပ် ပန်ထားကြတဲ့သူတွေပါ၊ ဒါကြောင့်မို့လည်း ဖေဖေခေါ်တာ ကို မလိုက်ခဲ့ရင် ဖေဖေ စိတ်ထိခိုက်မှာစိုးတဲ့အတွက် ငွေလွန်းပုံ ဒီကိုလိုက်လာရတာပါ"

ငွေလွန်းပုံ ပြောနေရင်းမှ ဒေါ်စံငြိမ်းခိုင်တို့သားအမိ ကို တည်ငြိမ်ရဲရင့်စွာပဲ ကြည့်လိုက်မိရပါပြီ။

"မေမေဟာ ဒေါ်စံငြိမ်းခိုင်တို့နဲ့ ပတ်သက်လို့ ဘာကိုမှ မပတ်သက်အောင် နေခဲ့ပါတယ်၊ သားသမီး ဘယ်နှယောက် ရှိနေသလဲဆိုတာတောင်မှ ဖေဖေ့ကို မေးခဲ့ဖူးတာမဟုတ် ပါဘူး၊ အစ်မဖြစ်တဲ့ ခင်စက်မေ ဆိုတာကို ငွေလွန်းပုံ စတင်မြင်ရတဲ့နေ့ဟာ မေမေဆုံးခဲ့ရတဲ့နေ့ဖြစ်သလို ခင်စက် မေဆိုတဲ့ သမီးတစ်ယောက် ဖေဖေ့မှာရှိနေခဲ့တယ် ဆိုတာ ကိုလည်း အဲဒီနေ့ကမှ မေမေဟာ မသေခင်လေးကမှသိ ရတာပါ၊ မေမေဟာ အဲသလို ကြာရိပ်ဝေနဲ့ ပတ်သက်သမျှ ကို ရှင်းအောင်နေခဲ့သူပါ"

ငွေလွန်းပုံ ကိုယ့်သေတ္တာကို ကိုယ်ဆွဲ၍ တည်ငြိမ်စွာ ပဲ ကြည့်ပစ်လိုက်မိရသည်က မေမေ့အတွက် ကျန်ရစ်ရာသမီးတစ် ယောက်မှ ရင်ကိုဒိုင်းပမာခံ၍ ရင်ဆိုင်နေသည့် အကြည့်မျိုးပဲဖြစ် နေသည်။



"မေမေဟာ ဆုံးပါးခဲ့ပေမယ့် ငွေလွန်းပုံအတွက် အမြဲရှင် သန်နေပါတယ်၊ မေမေ့ကို ချိုးဖဲ့ပြောတာမျိုး နှိမ့်ချပြော တာမျိုး နောက်နောင် မကြားပါရစေနဲ့၊ ငွေလွန်းကတော့ အပွေးမြင် အပင်သိဆိုသလိုပါပဲ၊ ဟိုနေ့က အိမ်ထိလိုက် လာပြီး မေမေ့အသက်ဝိညာဉ်ကို ခြွေယူလိုက်တဲ့အထိ စော်ကားရိုင်းပျတဲ့ အတ္တခပ်ကြီးကြီး ခင်စက်မေ ဆိုတာ ကို မြင်ခဲ့ရတာမို့ သမီးကိုမြင် အမေ့ကိုပါ သိခဲ့ပြီးနေပြီး သားပါ၊ ချမ်းသာဆင်းရဲ မတူကြပေမယ့် ကြာရိပ်ဝေမှာရှိ တဲ့သူ ငွေလွန်းတို့ရဲ့အိမ်လေးမှာ ရှိနေတဲ့သူတွေမှာ တူညီ တဲ့အချက်တစ်ခုတော့ ရှိပါတယ်၊ ဖေဖေ့အရိပ်မှာ နေကြ တယ်ဆိုတဲ့ အချက်တစ်ခုပါ၊ ဒါပေမဲ့ ဖေဖေ့ကိုချစ်ကြတာ ချင်းတော့ မတူကြပါဘူး၊ အဲဒီအချက်ဟာ ခုမှ ပိုပြီးခိုင်မာ ထင်ရှားလာတာပါ"

ဟုပြောကာ ငွေလွန်းပုံ ဖေဖေ့ကိုကြည့်တော့ ဖေဖေ ငိုင်နေသည်။ မျက်နှာထက်မှာ ကြေကွဲရိပ်တွေ ထင်နေသည်။ မေမေဆုံးပါးခဲ့စဉ်ကစ၍ ပိုအိုစာလာသော ဖေဖေသည် ခုလိုစိတ် ရှုပ်ထွေးဖွယ်အဖြစ်တွေ ထပ်ကြုံရချိန်မှာ ပို၍အိုစာလာသည်သို့ ရှိလာသည်။ ဖေဖေ့အကြည့်တွေက ကြမ်းပြင်ထက်မှာ အတန်ကြာမျှ ငြိမ်တန့်နေသည်။ နောက်တော့ အံခဲကာ ဘယ်သူ့ကိုမှမကြည့် တော့ဘဲ ငွေလွန်းပုံ၏လက်လေးကိုဆွဲ၍ အခန်းကျယ်ကြီးထဲမှ ထွက်ခွာခဲ့ပါသတည်း။

"ငါ ဘယ်တော့မှ ပြန်မလာတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့အသံက ပြတ်သားစွာ အက်အက်ပါမျှ ပွင့်ကျခဲ့ချေသတည်း။

ငွေလွန်းပုံ ခေါင်းလေးခါ၍ ဖေဖေ့ကိုကြည့်သည်။ နောက်ဘက်ကိုလည်း ကြည့်သည်။

"ဖေဖေ ပြန်လာရလိမ့်မယ် ဖေဖေ၊ မေမေဟာ ဒေါ်စံငြိမ်းနိုင်ရဲ့ဘဝထဲက ဖေဖေ့ကို လုယူတယ်လို့ အပြောခံခဲ့ရပြီးပါပြီ၊ အခု ငွေလွန်းပုံက ကြာရပ်ဝေအိမ်ကြီးကနေပြီး ငွေလွန်းပုံတို့ရဲ့ နှင်းဆီမြိုင်ဆိုတဲ့ အိမ်လေးဆီကို ဖေဖေ့ကို လုယူခေါ်ဆောင်သွားတယ်လို့ အပြောမခံပါရစေနဲ့တော့၊ သမီးကိုပြန်ပို့ပြီးရင် ဖေဖေ ဒီကိုပြန်လာရပါလိမ့်မယ် ဖေဖေ၊ ပြီးတော့ မေမေ့ဝိညာဉ်လေး ရှိနေမယ့် နှင်းဆီမြိုင်၊ မေမေ့အငွေ့အသက်လေးတွေ ရှိနေတဲ့ နှင်းဆီမြိုင်မှာ မေမေ့ကိုမုန်းနေတဲ့သူတွေ နောက်ထပ်လိုက်လာကြတာမျိုး ပြောကြဆိုကြတာမျိုး အဖြစ်မခံပါရစေနဲ့တော့၊ မေမေ ငြိမ်းချမ်းနေပါစေတော့ ဖေဖေရယ်"

ဟု ပြောနေရင်း တစ်ချက် ငွေလွန်းပုံအသံလေး တိမ်ဝင်သည်။

ဖေဖေ နောက်ကိုလှည့်ကြည့်ကာ ...

"ကောင်းပြီ ... ဒီတစ်ညတော့ ဖေဖေ နှင်းဆီမြိုင်မှာလိုက်နေမှ ဖြစ်မှာမို့ နေရလိမ့်မယ် သမီး ငွေလွန်းပုံ၊ သမီးအတွက် အဖော်ရအောင် ဒီအိမ်က ဒေါ်မွှေးကို ခေါ်သွားရလိမ့်မယ်၊ ဦးသောင်းကိုလည်း ခေါ်သွားရလိမ့်မယ်၊ ကားတစ်စီးကိုလည်း ဦးသောင်းနဲ့အတူ မောင်းသွားရစေလိမ့်မယ်၊ အဲဒီကားဟာ သမီးရဲ့ကားပဲ ဖြစ်ရလိမ့်မယ်"



ဟု ပြောခိုက် ...

"အို ... အို ... အိမ်ကကားကိုတော့ မပေးနိုင်ဘူး ကိုမင်းသန့်၊ ငြိမ်း မပေးနိုင်ဘူး၊ ရှင်တတ်နိုင်ရင် အသစ်ဝယ်ပေး၊ ကျွန်သဘောက်မရဲ့သမီးအတွက် မြင့်မြတ်တဲ့ ကြာရိပ်ဝေက အပ်တစ်ချောင်း မပေးနိုင်ဘူး"

ဟု စူးရှစွာ အော်လိုက်ပါသည့် စကားသံကိုချန်ထားလျက် ဖေဖေသည် ခြေလှမ်းကျဲကြီးနှင့် ထွက်ခွာလာခဲ့သည်က ငွေလွန်းပုံ၏လက်လေးကို ဆွဲ၍ပါ။

"သူတို့မှာ ဥစ္စာဓနတွေနဲ့ ချောက်ချားရှူးသွပ်နေကြတယ် သမီး၊ လောင်မြိုက်ရှူးကျွန်နေခဲ့ကြပေ့စေ ... ဥစ္စာရှာတဲ့ဖေဖေထက် သူတို့ကပိုပြီး တွယ်မက်နေကြတာ"

ဖေဖေ ထပ်၍ အံခဲကာ ပြောလာပါ၏။

"တကယ်တော့ သမီးရယ်၊ သမီးရဲ့ဘွားဘွားက ရောဂါအကြောင်းပြပြီး ချမ်းသာတဲ့အဝန်းအဝိုင်းက သမီးတစ်ယောက်နဲ့ ဖေဖေ့ကို ပေးစားခဲ့တာလေ၊ ဖေဖေလက်ထပ်ခဲ့ရတဲ့သူကလည်း ဥစ္စာကိုမက်တဲ့သူပဲလေ၊ ခု ဥစ္စာပစ္စည်းကြောင့် ချောက်ချားရှူးသွပ်ကျန်နေခဲ့တာ ဘာဆန်းမလဲ၊ သူတို့လက်လွှတ်မခံနိုင်တဲ့အထဲမှာ ဖေဖေတစ်ယောက်တည်း မဟုတ်ဘူး သမီး၊ ဖေဖေရှာဖွေခဲ့တဲ့ ပစ္စည်းဥစ္စာ၊ ဖေဖေရခဲ့တဲ့အမွေပစ္စည်းဥစ္စာတွေလည်း ပါနေကြတယ်၊ ဘယ်တစ်ခုကိုမှ သူတို့လက်မလွှတ်နိုင်ကြဘူးလေ ... ဟာ ... ဖေဖေတို့သွားကြစို့"

www.burmeseclassic.com

www.burmeseclassic.com



ဟု လေ့ကားထစ်တွေကို နင်းဖြတ်၍ ဖေဖေဆင်းလာခိုက်မှာ ဒေါ်စင်ငြိမ်းခိုင်နောက်မှ ပြေးလိုက်လာရင်းမှ ...

"ဦးသောင်း ... ကားမောင်းမပို့ရဘူးနော်၊ အငှားကားတစ်စီးပြေးခေါ်လိုက်"

ဟု အော်ပြောနေပါချေ၏။

✧ ❦ ✧



## အခန်း(၆)

ကွန်ပျူတာတစ်လုံး။ လက်ပ်တော့တစ်လုံး။ တယ်လီဖုန်းတစ်လုံးရှိရာစားပွဲ။ ဆုံလည်ကုလားထိုင်နှင့်ဘာနှင့်ရှိနေပါသည့် အလုပ်စားပွဲ။

ငွေလွှန်းပုံ ခပ်ငေးငေးမျှပင် ကိုယ့်ရုံးခန်းကျယ်ကြီးကို အခါခါကျော့၍ ငေးကြည့်နေမိရသည်ပါပဲ။

အခန်းနံရံမှာ ပန်းချီကားတချို့ရှိနေသည်။ ဖိုင်တွဲထားရာ စတီးလ်စင်တစ်ခု။ စာအုပ်ဘီရိုတစ်လုံး။ လေအေးစက်တပ် အခန်းကျယ်ကြီးသည် ရှင်းရှင်းလင်းလင်းတော့ ရှိနေသည်။ ကြမ်းခင်းကော်ဇောနီကြီးက သန့်နေပါ၏။ မျက်နှာကြက်မှာ အလင်းရောင်ကောင်းကောင်းပေးသည့် မီးချောင်းရှိသည်။ ပန်ကာရှိသည်။ လေအေးစက်မဖွင့်ချင်လျှင် ပန်ကာဖွင့်ဆိုသည့်သဘော။ အခန်းထောင့်မှာ ကြွေပန်းအိုးကြီးတစ်လုံးက အလှစိုက်ရွက်စိမ်းပင်ကြီးဖြင့် စိမ်းမြမြရှိနေပါ၏။

လိုက်ပို့ပေးပါသည့် ဝန်ထမ်းကောင်မလေးကတော့ အခန်းတံခါးကို ပြန်စေ့ပိတ်သွားပြီ။ အထည်ချုပ်စက်ရုံကြီး၏

www.burmeseclassic.com

www.burmeseclassic.com



ရုံးဆက်ပဲရှင်နေရာသို့ ငွေလွှမ်းပုံ ရောက်လာတာနှင့် ထိုမိန်းကလေး မှကြိုလင့်လာကာ အပေါ်ထပ်ရှိ ရုံးခန်းဆီသို့ ခေါ်လာခြင်းပါ။

"အစ်ကိုလေးက မှာထားပါတယ်၊ မမလေး ရောက်လာရင် ရုံးခန်းကို ပို့ပေးလိုက်ပါတဲ့"

ဟု ပြောပြခဲ့တာပဲရှိသည်။ ကြည့်ရတာ ငွေလွှမ်းပုံ၏ ပုံသဏ္ဍာန်ကို ဘုန်းတက်လူ ပြောပြထားတာဖြစ်မည်။ ငွေလွှမ်းပုံ ဤနေ့မှာ အလုပ်စဆင်းမည် ဆိုတာကိုလည်း ဘုန်းတက်လူ မနေ့ကတည်းက သိထားခဲ့သည်ပဲလေ။

မမေ့ရက်လည်ဆွမ်းကျွေးကို ဘုန်းတက်လူ လာခဲ့သေးသည်။ ဤနေ့မှာအလုပ်စဆင်းစေမည်ဟု ဖေဖေပဲ ဘုန်းတက်လူကို ပြောခဲ့သည်လေ။ သူကပြော ငွေလွှမ်းပုံကို အလုပ်မြန်မြန်ဆင်းစေချင်သည်ဟုပဲ ပြောခဲ့ပါ၏။

ခု ... ငွေလွှမ်းပုံ တကယ်တမ်း အလုပ်စဆင်းချိန်မှာကျတော့ သူ ရှိမနေခဲ့။ ကြိုနေတာမျိုးလည်းရှိမနေခဲ့။ ဝန်ထမ်းကောင်မလေးတစ်ယောက်မှ ငွေလွှမ်းပုံ၏ရုံးခန်းဆိုသည့် နေရာသို့ လိုက်ပို့ပေးလိုက်တာတစ်ခုပဲ ရှိနေသည်။

"တကယ်ဆို သူ ငါ့ကို စောင့်ကြိုတာလေးလောက်တော့ လုပ်သင့်တာပေါ့၊ အို ... မဟုတ်သေးပါဘူး ငွေလွှမ်းပုံ ရယ်၊ နင် သူ့ဆီမှာ အလုပ်ရချင်လွန်းလို့တောင်မှ ဖွဲ့ သူ့ရုံးခန်းရှေ့မှာ ခြေညောင်းအောင် စောင့်ခဲ့ရသေးတာပဲ ခု အလုပ်လည်းရပြီဆိုရော အလုပ်ရှင်က နင့်ကိုကြိုဆိုနေတာမျိုးကို တောင့်တချင်နေတယ်လို့ကွယ်၊ ဘဝင်မြင့်နေချင်စမ်းပါနဲ့"



ကိုယ့်ဆန္ဒကိုပြန်၍ ခပ်ဆတ်ဆတ်လေး ရိုက်ချလိုက်ရကာ သတိပြန်ပြန်ပေးနေလိုက်ရသည်ကလည်း ငွေလွှမ်းပုံပါ။

ထိုစဉ်ခိုက် အခန်းတံခါးပွင့်လာကာ အခန်းတွင်းသို့ သူဝင်လာတော့ ငွေလွှမ်းပုံ မထင်ထားမိတာမို့ မယုံနိုင်သလိုလေးငေးကြည့်နေမိရပါပြီ။ ဘုရားရေ ...။ သူ့ကိုလာကြိုလင့်နေစေချင်တာတွေ ရင်ထဲမှာ ငွေလွှမ်း ဖြစ်နေရချိန်မှာ ...။ တကယ့်ကိုပဲ သူသည် ငွေလွှမ်းပုံ၏ ရုံးခန်းကျယ်ကြီးသို့ ရောက်လာချေသည်တဲ့လား။

ပိုင်ရှင်သူဌေးကိုယ်တိုင် ခုလို တကန်တက ရောက်လာပြန်တော့လည်း ကမန်းကတန်းလေး ငွေလွှမ်းပုံ လျှောက်လာလိုက်ရကာ တရိုတသေလေး ခါးညွတ်ကာ ...

"ငွေလွှမ်း ... အစ်ကိုလေးရုံးခန်းကို လာခဲ့မလို့ ။"

ဟု ပြောမိရပြန်သည်၊ သူပြုံး၍ ဆိုဖာရှည်ကြီးထက်မှာ သွားထိုင်သည်။ မျက်နှာချင်းဆိုင်နေရာမှာ ငွေလွှမ်းကိုထိုင်ဖို့ လက်ပြသည်။ ငွေလွှမ်းပုံ တရိုတသေလေးထိုင်တော့ သူ ကြည့်ကာ ...

"ရုံးခန်းကို သဘောကျရဲ့လား ငွေလွှမ်းပုံ၊ ရေခဲသေတ္တာထဲမှာ စားစရာတွေရှိတယ်၊ ဆာတဲ့အခါ ယူစားပါ၊ ဒီအဆင့် တာဝန်ရှိတဲ့သူတိုင်းကို ခုလိုပဲ ကိုယ့်ရုံးခန်းနဲ့ကိုယ် နေဖို့စီစဉ်ပေးထားတာပါ၊ ဒီတော့ ဘာမှအားနာစရာမလိုဘူး၊ ဆာတဲ့အခါ ဖရေ့စ်ထဲက ကြိုက်တာယူစားပါ၊ ဟုတ်ပြီလား"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောတော့ ငွေလွှန်းပုံ ခေါင်းလေးညိတ်ပြရသည်။

ဆံစတို့ကို နောက်လှန်ဖြီးထားလျက် လူကြီးဆန်ဆန်ရှိနေပေမယ့် ...။ တကယ်တမ်းကျတော့ သူ့ပန်ဟန်ထက် သူ့အသက်အရွယ်က ပို၍နုနေတာအမှန်ပါ။ စက်ရုံကြီးကို ကြီးကြပ်နေရသူ ပိုင်ရှင်သူဌေး လူရွယ်တစ်ယောက်အနေဖြင့် ရင့်ကျက်သည့်ဟန်ဘက်ကို အပြင်အဆင်ကအစ ဂရုတစိုက်ဖြင့် ဝတ်စားနေထိုင်ချေသည်ပဲဟု ပို၍နားလည်လာနေမိရသည်ကလည်း ငွေလွှန်းပုံပါ။

"ငွေလွှန်းပုံကို အထည်ချုပ်ဝန်ထမ်း ယုယု ဆိုတာပေးထားတယ်၊ သူက စက်ရုံအတွက် အထည်တွေလည်းချုပ်ရတယ်၊ ငွေလွှန်းဆွဲတဲ့ ဒီဇိုင်းကိုလည်း ချုပ်ရမယ်၊ အဲသလိုပဲ တခြားဒီဇိုင်နာ ငါးယောက်အတွက်လည်း စက်ရုံဝန်ထမ်းကောင်မလေးတွေထဲက တစ်ယောက်စီကို တွဲဖက်ပြီး အထည်ချုပ်တာဝန် ပေးထားတယ်၊ အဲသလို ချုပ်ပေးတဲ့အတွက် သူတို့က လစာပိုများတယ်၊ ပိုမြင့်တယ် ဆိုပါတော့"

သူ ပြောနေသည်က အလုပ်သဘောတွေဘက်ကိုပဲ အဓိကဦးတည်ထားနေတာပဲ ဖြစ်ပါ၏။ ငွေလွှန်းပုံ ခေါင်းထဲ ထည့်မှတ်ထားလိုက်ပြီ။ ယုယု ...။

"ယုယုကိုခေါ်ချင်တယ်ဆိုရင် အလုပ်စားပွဲပေါ်က အင်တာကောလ်ဖုန်းနဲ့ပဲ ရီဆက်ပ်ရှင်ကိုခေါ်ပါ၊ သူတို့ကိုမှာပါ။ သူတို့စီစဉ်ပေးလိမ့်မယ်၊ ဒါက ကိုယ့်စက်ရုံမှာ ဒီဇိုင်နာ



တာဝန်ယူထားတဲ့ ငွေလွှန်းပုံအတွက် စက်ရုံရဲ့မှုအတိုင်း လက်ကိုင်ဖုန်း ပေးထားတာပါ၊ ငွေလွှန်းပုံ ဘယ်ကိုဆက်ဆက် ဆက်လို့ရပါတယ်၊ ကိုယ့်ဖုန်းနံပါတ်ကိုလည်း မှတ်ထားပါ"

ဟု ပြောကာ သူ့လက်ကိုင်ဖုန်းနံပါတ်နှင့် သူ့အလုပ်စားပွဲပေါ်မှ ကြိုးဖုန်းနံပါတ်ကိုပြောတော့ ငွေလွှန်းပုံ ခေါင်းထဲ ထည့်မှတ်လိုက်ရပြန်သည်ပါပဲ။ သူကလည်း အကဲခတ်သလိုကြည့်သည်။ ဘာမျှမှတ်စုစာအုပ်လေးနှင့်ပင် မမှတ်သေးဘဲ ရှိနေတာမို့ အကဲခတ်ကြည့်၏။ ဒါပေမဲ့ ဘာမျှမမေး။ အလုပ်စကားကိုပဲဆက်သည်။

"လာမယ့် တနင်္လာနေ့မှာ ဒီဇိုင်နာတွေအားလုံးနဲ့ ကိုယ့်အစည်းအဝေးခန်းထဲမှာ ကိုယ်တွေ့မယ်၊ သူတို့ပြသတဲ့ ဒီဇိုင်းတွေနဲ့ ပုံစံထုတ် ချုပ်ပြထားတဲ့ အဝတ်တွေကို ကိုယ်ကြည့်မယ်၊ ကိုယ်ရွေးချယ်အတည်ပြုတဲ့ ဒီဇိုင်းတွေကို စက်ရုံမှာချုပ်ဖို့ အထည်ချုပ်ဌာနတာဝန်ခံဆီကို အဲဒီနေ့မှာ ပို့လိုက်မှာပါပဲ၊ ငွေလွှန်းပုံရဲ့တာဝန်ကတော့ အဲဒီမှာအပြီးသတ်ပြီပေါ့၊ နောက်ထပ်ဒီဇိုင်းအသစ် ထပ်စဉ်းစား၊ ထပ်ဆွဲပေါ့၊ ကိုယ့်စက်ရုံမှာကအဲသလိုပဲ အထည်တွေဟာ အမြဲပုံစံအသေ ဖြစ်မနေဘူး၊ အမြဲသစ်ဆန်းနေတယ်၊ ဒါကြောင့် ဝယ်လိုအားပိုမြင့်တာလည်း ပါပါတယ်၊ ကိုယ့်စက်ရုံက အထည်တွေ အလိပ်လိုက်လည်း ဝယ်သူရှိသလို ချုပ်ပြီး အထည်တွေလည်း ဝယ်သူတွေရှိရတယ်၊ အရွယ်အားဖြင့် ကလေးဝတ် လူငယ်ဝတ်နဲ့ လူလတ်ပိုင်းဝတ်တွေ ဆိုပါတော့၊

www.burmeseclassic.com

www.burmeseclassic.com



ငွေလွှန်းပုံက လူ့လတ်တန်းစားတွေအတွက် ရည်စူးဒီဇိုင်း ဆွဲမယ်ဆိုတော့ ကိုယ့်စက်ရုံထဲက ကြိုက်တဲ့အထည်ကိုယူ ပြီး ပုံစံထုတ်ချုပ်ခိုင်းနိုင်တယ်၊ အဲသလိုလည်း ယူယူကို ချုပ်ခိုင်းရမှာပါပဲ၊ အထည်ချုပ်စက်ရုံကို တည်ထားရတာ ကိုက ကိုယ့်စက်ရုံထုတ် အထည်တွေကိုဖြန့်နိုင်ဖို့ပဲလေ"

သူ ဆက်ပြောနေတော့ ငွေလွှန်းပုံ ငြိမ်သက်စွာ နားထောင်နေသည်။

"ငွေလွှန်းပုံ ကိုယ့်ဆီပေးထားတဲ့ ဒီဇိုင်းတွေ ကိုယ်သိမ်း ထားပါတယ်၊ အထည်စက်ရုံ အထည်တွေကိုကြည့်ပြီး ငွေလွှန်းပုံ ဘယ်လိုဒီဇိုင်းတွေထုတ်မလဲဆိုတာ ကိုယ်ကြည့် ချင်နေလို့ လောလောဆယ် ကိုယ့်ဆီမှာသိမ်းထားတဲ့ဒီဇိုင်း တွေကို မသုံးသေးတာပါ"

သူ ထပ်ပြောပြီး ငွေလွှန်းပုံကို အကဲခတ်သလ ကြည့်လာပါ၏။ ပြောနေတာကို ငြိမ်သက်နားထောင်နေပုံလေးက ကျောက်ရုပ်ဆန်နေသည်။ ဘာမှတုံ့ပြန်ပြောတာမျိုး ရှိမနေ။

"နေကောင်းရဲ့လား ငွေလွှန်းပုံ"

ဖျတ်ခနဲ မေးချလာသည်က အလုပ်သဘောမဟုတ် တော့ပြီ။ ကြင်နာသည့်အကြည့်နှင့် ခပ်တိုးတိုး သိမ်မွေ့စွာမေးလာ ခြင်း။ အားလုံးကို အလုပ်အဖြစ် ခေါင်းထဲထည့်၍ မှတ်သားနေ မှ ငွေလွှန်းပုံ၏မျက်နှာထက်မှာ အံ့ဩရိပ်ထင်လာသည်။ သူ့ လည်း ကြည့်လာသည်။ ထိုသို့ သူမေးလာမည်ဟု ထင်မထား လေးဖြင့်ပါ။ အလုပ်ကိစ္စတွေပဲ တန်းစီ၍ သူဆက်ပြောနေ လိမ့်ဦးမည်ဟု မျှော်လင့်ထားပုံရသည်။ သူ့မျက်ဝန်းတွေ သိမ်



ညှို့နေကြတာ၊ သူ့မျက်နှာထက်မှာ ကြင်နာရိပ်တွေ ဖြစ်တည် ခပ်မှိုင်းနေကြတာကို ငွေလွှန်းပုံ မြင်ရခိုက်မှာ မျက်ရည်လည်တက် လာတာကို သူ မြင်လိုက်ရပါပြီတည်း။

ဒါပေမဲ့ ချက်ချင်းပဲ ငွေလွှန်းပုံ မျက်နှာထက်မှ ကြေကွဲရိပ်ကို ပြန်ထိန်းနိုင်ဖို့ ကြိုးစားယူနေရှာသည်ပါပဲ။ သူ ငွေလွှန်းအားမှာ ရပ်လာသည်။ မျက်နှာလေးကို ငုံ့မှိုး၍ကြည့် သည်။

"အန်ကယ် ဖုန်းဆက်လာတယ် ငွေလွှန်းပုံ၊ ကြာရိပ်ဝေမှာ ဘာတွေဖြစ်ပျက်ခဲ့တယ်ဆိုတာ အန်ကယ်ပြောပြတယ်၊ ငွေလွှန်းပုံ ရောက်လာရင် အလုပ်တွေထဲ နစ်ဝင်သွားအောင် လုပ်ပေးပါလို့လည်း ပြောရှာတယ်၊ ဒါမှ ငွေလွှန်းပုံ့စိတ် ထဲမှာ နာကျင်မွန်းကျပ်နေတာတွေ အလုပ်ထဲ ရောက်ကုန် မှာတဲ့လေ၊ စိတ်သက်သာရာ ရမှာတဲ့"

သူ့အသံတွေက အလွန်တရာကိုမှ နူးညံ့နေသည်။ စိတ်ထိခိုက်နေတာလည်း သိသာနေသည်။ သူ့အကြည့်က အတန် ကြာမျှ ငွေလွှန်းပုံ၏မျက်နှာလေးထက်မှာ တန့်နေပါ၏။ နောက် တော့လည်း အနီးဆုံးဆိုဖာမှာ သူထိုင်သည်။

"ဘာပဲဖြစ်ဖြစ် စိတ်ကိုလျှော့ပါ ငွေလွှန်းပုံ၊ အလုပ်ဆိုတာ က ကိုယ့်အာရုံကို အားအင်ဖြစ်စေတာပါ၊ စိတ်ဓာတ်ကို ခွန်အားပေးတတ်တာပါ၊ ငွေလွှန်းပုံရဲ့အိမ်ကို ကိုယ်ရောက်ခဲ့ ကတည်းကိုက အားလုံး သိနားလည်ခဲ့သလို၊ ငွေလွှန်းပုံ ရဲ့ရင်ထဲကခံစားမှုတွေကိုလည်း ကိုယ် မျှဝေနားလည်ခဲ့တာ ပါပဲ၊ စိတ်ကိုငြိမ်အောင်ထိန်းနော် ငွေလွှန်းပုံ"

www.burmeseclassic.com

www.burmeseclassic.com



ဟု သူပြောတော့မှ ငွေလွှန်းပုံ စိတ်ကိုလျှော့ချလိုက်
မိရပါပြီတည်း။ ငွေလွှန်းပုံမှာ ငိုရှိုက်ချလိုက်ဖို့ရာ ရင်ခွင်ပျော
နေသည်။ ဟုတ်သည်။ ပျောက်နေသည်။ ဖေဖေ့ရင်ခွင်ထဲ ခေါင်
ဝင်ငိုချလိုက်စဉ်များမှာ ဖေဖေသည်လည်း ခံစားရတာမသက်သာ
အရှမ်းကိုစိတ်ထိခိုက်ရ၊ ပင်ပန်းရ။ မျက်ရည်ကျရနှင့် ဖေဖေ့
ဒုက္ခပေးသလိုကြီး ဖြစ်နေခဲ့ရသည်။ ခုကျတော့ ... ချွဲနွဲ့ရာ မေ
ရင်ခွင်ပျောက်နေသည့် သမီးတစ်ယောက်၏ မျက်ရည်သည် ဆို
ရှည်ကြီးမှာ တိတ်ဆိတ်စွာငြိမ်သက်ထိုင်ရင်း ပြိုကျနေရသည်ပါ
ရင်ထဲမှာ ကြေကွဲနေတာက မတန်မဆ ဖြစ်နေသည်ကိုးလေ
အမေဆုံးပါးခဲ့ရသည့် သမီးတစ်ယောက်၏ ဆက်တိုက်ရင်ဆို
နေရပါသည့် ကံတရား၏ အထုအထောင်းဆိုတာက ရင်ကို ဆ
ဆတ်ခြွေနေသည်သို့ ရှိနေခဲ့သည်ပဲ။

"သူတို့က ငွေလွှန်းကို ပစ္စည်းတွေယူတော့မယ်လို့ ထ
နေပုံရပါတယ် အစ်ကိုလေးရယ်၊ ကားကို ယူလိုက်မှာလည
ကြောက်နေတာမှ လိုက်အော်ပြောတဲ့အထိပါ၊ သူတို့အ
ပေါ်ကဆင်းလာရချိန်မှာ ငွေလွှန်းရှက်လိုက်တာလေ၊ မေ
မြင်ရင် ရင်ကွဲနာကျမှာ"

ငွေလွှန်းပုံ ပြောပြလိုက်ချင်သည်။ ရင်ထဲခံစားရ
သမျှ အတန်မျှလောက်တော့ ပြောပြလိုက်ချင်သည်။ ဒါေ
ပြောမထွက်။ မျက်ရည်သာ တပေါက်ပေါက်ကျနေသည့်အဖြ
လက်ကလေးပိုက်ကာ ကလေးတစ်ယောက်နှယ်ပင် ငွေလွှ
မျက်ရည်တွေ ပေါက်ပေါက်ကျနေပေမယ့် အော်ငိုနေတာမျိုးေ
ဖြစ်မနေ။ ကလေးတစ်ယောက် ငြိမ်သက်စွာ ချောင်လေးတစ်



နေရင်း၊ ခိုး၍ ကျိတ်၍ ငိုနေတာမျိုးလေးဖြစ်နေသည်။ သူ
ကြည့်ရက်။ လက်ကိုင်ပဝါလေးဖြင့် မျက်ရည်ကို ငွေလွှန်းပုံ
သုတ်နေပေမယ့် မနိုင်ဘဲဖြစ်နေသည်။ သူ ရေခဲသေတ္တာတွင်းမှ
ပုလင်းကို ထုတ်ယူကာ ဖန်ခွက်ထဲလောင်းထည့်၍ ငွေလွှန်းပုံကို
ကိုက်တော့လည်း ကျိုက်၍ ကျိုက်၍ သောက်ရှာသည်ပါပဲ။ ရေ
သောက်နေရင်းမှလည်း သူ့ကို ငွေလွှန်းပုံ၏ မျက်ဝန်းနက်နက်
လေးတွေက ကြည့်ကြည့်နေသည်။ တကယ့်ကလေးလေးနှယ်ပါ
လား။ ကိုယ်ကိုင့်ကိုင်း၍ ဖန်ခွက်ကို သေးမှလက်ဖြင့်ဖေးကိုင်
ထားရတာကလည်း ငွေလွှန်းပုံ၏ လက်ချောင်းလေးတွေ တုန်ခါ
နေတာကို သူ မြင်နေရသည်မို့ ...။ ဖန်ခွက် လွတ်ကျမသွား
အောင် သူ ဖေးကိုင်ထားရခြင်းပါ။ ငွေလွှန်းပုံ၏ မျက်နှာနုနု
လေးနှင့် သူ့မျက်နှာသည်လည်း နီးကပ်နေသည်။ အကြောမျှင်
မြမြထင်နေသော မျက်နှာနုနုလေး။ မျက်ရည်စတို့ စိုစွတ်နေ
သောမျက်ရည်ရှည် ထူထူလေး။ ဆံပင်ရှည်နက်နက်ကို တစ်ချောင်း
စည်းကျစ်ချထားတာမို့ ဆံကျစ်ရှည်သည် ဆိုဖာထိုင်ခုံနေရာထက်
ခွေဝိုက်၍ ဖေးတင်နေပါ၏။

ဤမိန်းကလေး၏ အလှက ဒီဇိုင်နာတစ်ယောက်၏
ပညာရိပ်ကြောင့်ပဲဖြစ်မည်။ အနုပညာဆန်နေသည်။ နွဲ့နွဲ့
င်းနှောင်းနှင့် အရုပ်လေးနှင့် တူနေသည်။ ဟင့်အင်း ...။
နှင့် မပြည့်စုံနိုင်သေး။ အနုပညာရှင်တစ်ယောက်၏ ဖန်တီး
န်းချီကားထဲက ပုံရိပ်ဆန်နေသည်။ တကယ့်နွဲ့နွဲ့ယဉ်ယဉ်။
ယ်ကိုသနားစဖွယ် သနားစဖွယ်ကလေးမ၏ ကရုဏာသင့်
ရိပ်လေး။

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် အစ်ကိုလေးရယ်၊ ငွေလွှန်းကို
နားလည်ပေးတဲ့အတွက်ပါ၊ ငွေလွှန်း အစ်ကိုလေးပြောသလို
အလုပ်ထဲမှာ စိတ်ကိုနှစ်ထားပါမယ်၊ ကြိုးစားပါမယ်"

ဟု မျက်ရည်ကိုသုတ်ပြီးသည့်နောက်မှာ သူ့ကိုမေ
ကြည့်၍ ပြောရှာသမျှ သူ ရင်ထဲမကောင်းနိုင်။ အဘယ်မျှထိ
ကိုသိမ်ကျုံး၍ အကြင်နာတွေကို ဖြစ်တည်စေလိုက်ပါသတဲ့
ခြော် ... မျက်ရည်စတို့ စိုစွတ်နေသည့် မျက်တောင်ထူလေး
ကို ပင့်မော့စေရင်း ပြောနေရှာသည်က အရမ်းကိုဖြူစင်နေသ
ဟန်လေးပါ။

ပြီးတော့ မိခင်၏အရိပ် မိခင်၏ရင်ခွင်ကို လ
တလောလေးမှာပဲ ဆုံးရှုံးခဲ့ရပါသည့် အမိမဲ့သမီးလေးတစ်ယော
၏ ရင်လှိုဏ်မှ ကြေကွဲအထီးကျန်မှုများကို သူ မြင်နေရပါ
ဟုက်သည်။ အရမ်းကို နက်မှောင်အရည်လဲ့နေသော မျက်
များထဲမှာ။ မျက်နှာနုနုလေးထက်မှာ ...။ ထိုဝေဒနာများစွန်း
ခိုတွယ်နေကြချေသည်တကား။

"ဖေဖေက ငွေလွှန်းနဲ့ တူတူနေမယ်တဲ့၊ ဒါပေမဲ့ ဖေဖေ
ကြာရိပ်ဝေ ပြန်ဖို့ ငွေလွှန်းပုံ အတင်းတိုက်တွန်းခဲ့ရတာ
အခု ဖေဖေ ဒီနေ့ပဲ ... ချက်ချင်းဝယ်ပေးလိုက်တဲ့
သစ်ကြောင့် ဖေဖေ့အိမ်မှာ စကားများကြဦးမှာလား
ငွေလွှန်းပုံ စိတ်ထဲပူနေမိတယ် အစ်ကိုလေး၊ ကြာရိပ်
မာစီးဒီးကြီးကို ငွေလွှန်းအတွက် မပေးရဘူးဆိုလို့ ဖေဖေ
မာစီဒီးအသစ်တစ်စီး ဝယ်ပေးလိုက်လေသမျှ ပစ္စည်း
သူ့ရှေ့ အပြောခံရတော့မယ်ဆိုတာ ကြိုတင်သိနေရပါ



ဒေါ်စံဥြိမ်းနိုင်နဲ့ မမခင်စက်မေတို့ရဲ့နှုတ်က ထွက်ကျလာ
မယ့်စကားသံတွေကို ကြားယောင်နေမိတယ်"

ဟု ငွေလွှန်းပုံ ပြောပြနေချင်သည်။ ဒါပေမယ့် ခုမှ
အလုပ်ရှင်နှင့် အလုပ်သမား ဆုံကြုံရသည့်အချိန်။ ကိုယ့်ရင်ထဲက
ဒုက္ခအပူကို အဘယ်သို့ ပြောရဲနိုင်စွမ်းပါမည်တဲ့လဲ။ ပြော၍လည်း
မသင့်သည်ပဲလေ။ ကိုယ့်အရေးကိစ္စ ...။ သူတစ်ပါးအပေါ်သောက
တွေဝေမှု၍ ပေးကောင်းသည်မှ မဟုတ်ချေသည်ပဲ။

ငွေလွှန်းပုံမော့၍ သူ့ကိုကြည့်မိတော့ ထိထိနိုက်နိုက်
ငေးစိုက်ကြည့်နေသည့်အကြည့်နှင့် ကြုံစဉ်ခိုက် ထိုအကြင်နာကြည့်
တွေသည် အရမ်းကို ရင်ကိုနှစ်၍ ဖြစ်တည်စေခြင်းပေပဲဟု သူ့
မျက်ဝန်းတွေမှာ စွန်းထင်းနေသမျှ အရိပ်တွေကို ဖမ်းဆုပ်သိမြင်
လိုက်ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

"စိတ်ချပါ ဆရာရယ်၊ ဦးသောင်းတို့ မယ်မွေးတို့ရှိနေတာပဲဥစ္စာ၊ မိန်းကလေးက သူ့ဘဝလေးမှာ ထိန်းထိန်းကျောင်းကျောင်း နေတတ်သလို၊ သိက္ခာလေးနဲ့ တည်တည်ငြိမ်ငြိမ်နေတဲ့ကလေးပါ၊ ဦးသောင်း ဒီနှင်းဆီမြိုင်ကို ဝင်ထွက်နေခဲ့တာ ကြာပေါ့ပဲ ဆရာရယ်၊ ဆရာ ငွေပို့ခိုင်းသမျှ အိမ်သုံးပစ္စည်း အဝတ်အထည်ကအစ ပို့ခိုင်းသမျှ လာလာပို့ခဲ့တာ ဆရာနဲ့ မမိုးတို့အိမ်ထောင်တစ်သက်ပဲဥစ္စာ၊ မမိုးဆိုတာကလည်း ကြာရိပ်ဝေမှာ အိမ်ဖော်အဖြစ် မယ်မွေးနဲ့အတူ နေခဲ့တာပဲလေ၊ သူ့ဘဝလေး နားလည်စာနာလွန်းလို့ ဦးသောင်းမှာဖြင့် ဆရာနဲ့ သူ့အိမ်ထောင်လေး အေးချမ်းအောင် အမြဲတတ်နိုင်တဲ့ဘက်က ကူညီနေခဲ့တာပဲ၊ သံယောဇဉ်တွယ်ရတာက မယ်မွေးရော၊ ဦးသောင်းရော ဒီမမိုး အပေါ်မှာ သားချင်းလိုရှိခဲ့တာပါဗျာ၊ ဆရာမမိုးနဲ့ လက်ထပ်လိုက်တဲ့ကိစ္စ ကျွန်တော်နဲ့ မယ်မွေးတို့လင်မယားနှစ်ယောက် နှုတ်ပိတ်နှုတ်လုံနဲ့ နေခဲ့တာလည်း ဆရာနဲ့ မမိုး အိမ်ထောင်တစ်သက်ပဲ မဟုတ်လား"



ဦးသောင်းမှ တတွတ်တွတ် ပြောနေသမျှ ဦးမင်းသန့် ချက်နှာမကောင်းနိုင်ဘဲ ထိထိခိုက်ခိုက် နားထောင်နေရပါ၏။ နှင်းဆီမြိုင်သို့ မနက်စောစောကြီး ရောက်လာကာ သမီးကိုလာတွေ့ပါသည့် ဦးမင်းသန့်ပါ။ ငွေလွန်းပုံ ရေချိုးနေချိန်နှင့်ကြုံရဘာမို့ ခြံဝယ်လေးထဲမှာ ဦးသောင်းနှင့်အတူ ဦးမင်းသန့် ခုံတန်းလျားလေးမှာ ထိုင်နေခြင်း။ မြင်မြင်ရာပန်းတို့ ဝေနေသမျှငေးကြည့်ရင်း ဆုံးပါးခဲ့ရှာသည့် ဇနီးသည်မိုးကိုလည်း လွမ်းဆွတ်ရသည်။

နှလုံးထိခိုက်၍ သေဆုံးခဲ့ရသည့်အဖြစ်ကြီးကြောင့်လည်း ရင်ထုမနာဖြစ်ရသည်။ မချိတင်ကဲခံစားနေရသည်။ ဤကြားထဲမှာ သမီးကိုလည်း ကြာရိပ်ဝေမှ လက်မခံနိုင်တာတွေပေါ်ပေါ်ထင်တင်လုပ်ပြကြတော့ ပို၍ရင်ထဲမကောင်းနိုင်။

"ကျွန်တော် ငြိမ်းတို့သားအမိကို ဒီလောက်ထိ မျက်နှာထားတင်းတင်းကြီးတွေနဲ့ မနေ့က တုံ့ပြန်ကြလိမ့်မယ်လို့တော့ မထင်ထားမိခဲ့ဘူး၊ ငွေလွန်းပုံလေးကို လက်မခံချင်မှန်းတော့ ကြိုသိနားလည်ထားရပေမယ့်၊ သမီးမကြောင့် မိုးဆုံးပါးခဲ့ရတဲ့ အဖြစ်ကြီးတစ်ခု ရှိနေတာမို့ သူတို့လိပ်ပြာ သူတို့မသန့်ဘဲ ငြိမ်ကုပ်ပြီး နေလိုက်ကြလိမ့်မယ်လို့ ထင်ထားမိခဲ့တာဟာ သူတို့အပေါ် အတန်အသင့် အကောင်းမြင်နေမိခဲ့တာမျိုး ဖြစ်နေတယ်၊ တကယ်တမ်းကျတော့ လုံးဝလူစိတ်ပျောက်နေကြတာပါဗျာ၊ သမီး ငွေလွန်းပုံကို လုံးဝမကြည်ဖြူကြတာမှ ပေါ်ပေါ်တင်တင် လုပ်ပြကိုင်ပြနဲ့ရှိခဲ့တော့လည်း ဖွတ်ထားရင် သူတို့ဘာမှမတတ်နိုင်တော့မယ့်

www.burmeseclassic.com

www.burmeseclassic.com



ကလေး ငွေလွှန်းပုံ စိတ်ဆင်းရဲဖို့ ခေါ်ထားသလိုဖြစ်နေ
မှာမို့ ကျွန်တော် နောက်ဆုတ်လိုက်ရတာပါ ဦးသောင်း
ရယ်၊ ဆိုးတယ်ဗျာ"

ခေါင်းခါ၍ ဦးမင်းသန့် ပြောနေသမျှ ဦးသောင်း
သက်ပြင်းရှိုက်၍ နားထောင်နေပါ၏။ ဦးမင်းသန့်အဖို့မှာလည်း
ခုလို ခေါင်းတည်၍ ရင်ဖွင့်ပြောရာရောက်နေတာမို့ ရင်ထဲတင်းခဲ
မွန်းကျပ်နေသမျှ ဖြေပြေရာအတန်မျှ ရှိစေသည့်နှယ်ပါ။

"မမိုးတို့ကို ဦးသောင်း လိုက်လိုက်ပြီး ဆရာခိုင်းသမျှလုပ်
ပေး ပို့ပေးနေတာတွေလည်း မမလေးငြိမ်း ရိပ်မိလာပုံ
ပါတယ် ဆရာရယ်၊ ခုလို ဦးသောင်းနဲ့ မယ်မွှေးတို့ ဒီလို
ပြောင်းလာလိုက်ကြရတာလည်း ပိုကောင်းပါတယ်၊ ဟိုမှာ
ဆိုရင်ဖြင့် စောင်းချိတ်ချိတ်နဲ့ ပြောသမျှ ငြိမ်သက်ခံနေကြ
ရမှာပါ၊ မယ်မွှေးကလည်း ဒီမှာနေရတာကို ပိုပြီးပျော်နေ
ပါတယ်၊ မမိုးသမီးလေးနဲ့ အတူနေရလို့ သူ့မှာ မမိုးနဲ့
ပြန်နေနေရသလိုပါပဲတဲ့၊ ငွေလွှန်းပုံလေးကလည်း အမေနဲ့
အတော်လေးဆင်တာကိုး၊ ဆရာနဲ့လည်း တူနေတာရှိနေ
တော့ မယ်မွှေးက ပိုတောင်ချစ်နေတာ"

ဟု ဆက်ပြောနေခိုက်မှာ ရေမိုးချိုးပြီးစ သနပ်ခါး
မှုပင် မတင်နိုင်သေးဘဲ မီးပူကျအိမ်နေအဝတ်လေးဖြင့် ကမန်း
ကတန်း ပြေးထွက်လာသည့် ငွေလွှန်းပုံကို မြင်ရတာမို့ ဦးသောင်း
ပြုံး၍ ထရပ်သည်။ သားအဖနှစ်ယောက် စိတ်အေးလက်သာပြော
ချင်တာ လွတ်လွတ်လပ်လပ်ပြောကြစေဆိုသည့်သဘော။ ဦးသောင်း
နောက်ဖေးဘက်ကိုပတ်၍ မီးဖိုချောင်မှာ ရှိနေသည့် ဇနီးသည်



ဒေါ်မွှေးထံ သွားလိုက်ချိန်မှာ ငွေလွှန်းပုံ ဦးမင်းသန့်ဆီသို့ ခပ်
သုတ်သုတ်လေး လျှောက်လာနေပါပြီ။

"ဖေဖေ အစောကြီးရောက်လာတာကိုး"

ဟု မော့ပြောတော့ သမီးကိုကြည့်၍ ဆံစလေးကို
သပ်ပေးကာ ...

"ဖေဖေ ... ညက အိပ်လို့မရဘူး သမီးရယ်၊ ရင်ထဲမကောင်း
ဘူး၊ ဟုတ်ချေဟုတ်ရဲ့နဲ့ ပြတ်ပြတ်သားသား ရင်ဆိုင်မယ်
ဆိုပြီး သမီးကို ကြာရိပ်ဝေခေါ်သွားမိတာ ဟိုမှာ သူတို့
သားအမိရိုင်းပျသမျှကို ငြိမ်ခံဖို့ ခေါ်သွားရာ ရောက်နေတယ်
ကွယ်"

ဟု ထိထိခိုက်ခိုက်ပြောကာ သမီး၏ပခုံးလေးကို
သိမ်း၍ ဆွဲယူလိုက်သည်မို့ ငွေလွှန်းပုံ ဖေဖေ့ပခုံးပေါ်ခေါင်းလေး
တင်လိုက်ကာ ...

"ငွေလွှန်းရင်ထဲရှိရာ အမှန်အတိုင်းပြောရရင် ဒီမှာပြန်နေ
လိုက်ရတာ ပိုပျော်ပါတယ် ဖေဖေရယ်၊ ဖေဖေ လိုက်နေ
မယ်ဆိုတာကိုကျတော့လည်း မမခင်စက်မေနဲ့ အန်တီငြိမ်း
တို့ လာလာပြီး ပူညံဆူညံတွေ လုပ်လာနေရင် ဝန်းကျင်
ကြားမယ် ဖေဖေရာ၊ ပတ်ဝန်းကျင်အတွက် အနှောင့်အယှက်
လည်းဖြစ်မယ်၊ ဖေဖေနဲ့ ငွေလွှန်းပုံတို့လည်း စိတ်ညစ်ရ
မယ်၊ ဒါကြောင့် ဖေဖေ့ကို ကြာရိပ်ဝေမှာပဲ နေမြဲအတိုင်း
နေပါလို့ ငွေလွှန်းဖွင့်ပြောခဲ့ရတာပါ၊ တကယ်က ငွေလွှန်း
ဖေဖေနဲ့ အတူနေချင်တာပေါ့ ဖေဖေရယ်၊ ငွေလွှန်းရဲ့ဖေဖေ
ပဲဥစ္စာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောတော့ မေမေ မျက်ရည်ဝဲလျက် ငွေလွန်း၏ နဖူးလေးကို ဖွဖွနမ်းရှာပါ၏။ နောက်တော့ ပိုက်ဆံအိတ်ထဲမှ ငွေသုံးသိန်းထုတ်ပေးလာသည်။

"ဟင် ... အများကြီး မေမေရယ်၊ မလိုပါဘူး၊ ငွေလွန်း မှာရှိပါတယ်၊ မေမေ ထားရစ်ခဲ့တာ ပိုက်ဆံလည်းရှိပါတယ်"

ပျာပျာသလဲလေး လက်တကာကာဖြင့် ငွေလွန်းပုံ ပြောတော့ မေမေ အတင်းလက်ဝါးလေး ဆွဲဖြန့်၍ သမီး၏လက်ထဲ ပိုက်ဆံအထပ်လိုက်ကို ဇွတ်ထည့်သည်။

"မေမေ့သမီးနဲ့ ဟိုသားအမိ အဲဒါကွာတာပဲ သမီး၊ သူတို့သားအမိနှစ်ယောက် တစ်ပတ်စာသုံးတဲ့ငွေဟာ ခုမေမေပေးတဲ့ငွေထက် များနေသေးတယ်၊ မေမေလည်း စီးပွားရေးကောင်းနေတုန်းမို့ တားမရတဲ့ သူတို့အဖြုန်းကိုစွကို မျက်စိမှိတ်ထားလိုက်တော့တယ် သမီး၊ ဒါပေမဲ့ မေမေ ဒီငွေကိုတော့ သမီးလက်ထဲပေးမှကိုဖြစ်မှာ၊ ဒီမှာက ဦးသောင်းနဲ့ မယ်မွေးတို့ နေကြတာလေ၊ သူတို့အတွက်လည်း စားရေးသောက်ရေးရှိတယ်၊ ကားအတွက် ဓာတ်ဆီဖိုးရှိမယ်၊ အိမ်အတွက် ကျန်းမာရေးကိစ္စလိုတဲ့အခါရှိမယ်၊ ဒါ ဒီလအတွက်ပေးတယ်ဆိုရာမှာ နောက်ထပ်လည်း မေမေထပ်ပေးဦးမှာပါ၊ သိပ်များနေရင် သမီးငြင်းမယ်ဆိုတာသိလို့ မေမေ ဒီလောက်ပဲ ပေးထားသေးတာ ပိုနေရင်လည်း စုထားပေါ့ သမီးရယ်၊ ခုဥစ္စာထဲကလည်းသုံး၊ နောက်ထပ် မေမေထပ်ပေးတာကိုလည်းသုံး၊ ပိုရင်လည်း စုပေါ့"



ဟုပြောတော့ ငွေလွန်းပုံ သိလိုက်ရသည်က ဤငွေကို မယူ၍မဖြစ်ပြီဆိုသည့် အချက်ကိုပါ။ လောလောဆယ်မှာ မေ့ဖေ့ခမျာ မေမေ့အတွက် အရမ်းကို စိတ်ထိခိုက်ကာ မချိတင်ကဲခံစားကြေကွဲနေရချိန်ပေမို့ ...။

မေမေ ထပ်၍ စိတ်မဆင်းရဲစေချင်တော့ပါ။ တရိုတသေလေး လက်ဖြင့်ဖေးကိုင်ကာ မေမေပေးရာငွေကို နဖူးဖြင့်ထိ၍ အလေးအမြတ်ထားလိုက်ရင်းမှ ...

"အရင်တုန်းက မေမေ့ကိုပေးခဲ့တဲ့ ဖေဖေ့ထောက်ပံ့ငွေ၊ ဒီအချိန်မှာ ငွေလွန်းကိုပေးတဲ့ ဖေဖေ့ထောက်ပံ့ငွေအဖြစ် ပထမဆုံး လက်ခံရချိန်ပါ မေမေ။ ငွေလွန်း တရိုတသေထားပါတယ်၊ ဦးထိပ်ပန်ပြီး လက်ခံပါတယ် မေမေ။ အဖြုန်းမရှိ သုံးတာမျိုးပဲ ဖြစ်စေပါ့မယ်လို့လည်း ကတိပေးပါတယ် မေမေရယ်၊ မေမေ့ကို ငွေလွန်း ချစ်လည်းချစ် အားလည်းကိုးတာပါ မေမေ၊ ဒီနေ့မှာ မေမေပေးရာထောက်ပံ့ငွေကို ကန်တော့ပြီး ငွေလွန်းယူပါတယ် မေမေ"

ဟု ပြောပြီးတာနှင့် တကယ့်ကိုပဲ မြေပြင်မှာပြောင်း၍ ထိုင်လိုက်ကာ ကန်တော့ချေသည်မို့ မေမေ့လက်တွေ ငွေလွန်းပုံ၏ ခေါင်းလေးပေါ် ဖေးတင်လာကြလျက်မှ ...

"မိုးရေ ... မိုးရဲ့သမီးလေး လိမ္မာလေ ကိုကြီး ... ကိုကြီး မျက်ရည်မဆည်နိုင်လေပါ မိုးရယ်၊ မိုးရဲ့သွန်သင်မှုအောက်မှာ ကြီးပြင်းလာခဲ့ရတဲ့ သမီး၊ လိမ္မာယဉ်ကျေးသမျှ မြင်ရင်း မိုး ကြည်နူးရစ်ပါကွယ်၊ ကြည်နူးလှည့်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု အသံတုန်အက်အက်ဖြင့် ပြောရှာပါ၏။ ငွေလွှမ်းပုံ မျက်ရည်ကျလာရပါပြီတည်း။

"ထိုင်ပါ သမီးရယ်၊ ဖေဖေ့ဘေးမှာထိုင်ပါ၊ လိမ္မာတဲ့ ဖေဖေ့သမီး၊ အမြဲရောက်ရာအရပ်မှာ အောင်မြင်ရာကိုပဲ ရရှိနိုင်ပါစေ၊ ကျန်းမာချမ်းသာရပါစေ၊ ဖေဖေနဲ့အမြဲမခွဲ နေရပါစေလို့ ဖေဖေ ဆုတောင်းပါရဲ့ကွယ်"

ဖေဖေ ဆွဲထူသည်မို့ ငွေလွှမ်းပုံ ဖေဖေ့ဘေးမှာတူတူ ပြန်ထိုင်ရပါ၏။ သမီး၏လက်ကို ဆုပ်ကိုင်၍ ...

"ဖေဖေ့ဟန်းဖုန်းနံပါတ် သမီး သိတယ်နော်၊ ဖေဖေပေးထားတာ အကြောင်းမဲ့ မဟုတ်ပါဘူးကွယ်၊ သမီးအရေးတကြီးကိစ္စရှိလာရင် ဘယ်အချိန်ဖြစ်ဖြစ် ဖေဖေ့ကိုဆက်၊ ဖေဖေ ချက်ချင်းရောက်လာမယ်သိလား၊ မိုးရှိတုန်းက ဒီဖုန်းနံပါတ် မိုးကိုပေးထားတာ သမီးမေမေ ဘယ်အချိန်လိုလို ဆက်ဖို့ပါကွယ်၊ ဒါပေမဲ့ တစ်ခါမှ သူဆက်ခဲ့တယ်လို့ မရှိခဲ့ပါဘူး၊ ဘာလိုတယ် ညာလိုတယ်ရယ်လို့လည်း မပူဆာခဲ့ဖူးရှာဘူး၊ ခုတော့ သမီးလေးကို ဖေဖေဒီဖုန်းနံပါတ်ပေးထားခဲ့ပြီးပြီ၊ သမီးမေမေလို ဘာမှမပြောမဆိုမပူဆာဘဲ နေလိုက်တာမျိုး မလုပ်လိုက်ပါနဲ့ကွယ်၊ အရင်တုန်းကတော့ ဖေဖေ နိုင်ငံခြားသွား အလုပ်လုပ်နေ့ဘတ်လို့ သမီးကို ပြောထားတာမို့ ဒီဟန်းဖုန်းနံပါတ်လည်း ပေးမထားတော့တာပါ၊ သမီးမေမေ့ကိုလည်း ပေးထားတာမို့ လိုရင် မိုး ဖေဖေ့ကို ဆက်မှာပဲလေ၊ ဒါကြောင့်ပါကွယ် သမီးရယ်"



ဖေဖေ့ကို အထင်မလွဲစေချင်၍ ရှင်းပြနေသည်က စကားရှည်ကြီးဖြင့်ပေမို့ ငွေလွှမ်းပုံ ဖေဖေ့ကို သနားလာရပါ၏။ မေမေ့ကို တမ်းတလွမ်းဆွတ်နေစိတ်ဖြင့် ကြေကွဲခံစားနေရချိန်မှာ င် သမီးဖြစ်သူ၏ အထင်လွဲမှုကို ခံရမှာ ဖေဖေ ချောက်ချားနေ ရှာချေသည်တကား။

"စိတ်ချပါ ဖေဖေ၊ ငွေလွှမ်း ဆက်မှာပေါ့၊ ငွေလွှမ်းမှာ ဖေဖေရှိနေတာပဲဥစ္စာ၊ အားကိုးရာရှိနေတာပဲနော် ဖေဖေ"

ဟု ပြောတော့မှ ဖေဖေ မျက်နှာအတန်မျှလန်းလာ ရှာပါ၏။ မေမေဆုံးခဲ့ပြီးသည့်နောက် ဤရက်ပိုင်းအတွင်းမှာ ဖေဖေ သိသိသာသာ ချောင်ကျသွားသည်။ ဖေဖေ အဘယ်မျှထိ ခံစားနေရတာ ငွေလွှမ်းသိနေရသည်မို့ ရင်ထဲမှာမကောင်းနိုင်။

"အလုပ်မှာအဆင်ပြေရဲ့လား သမီး၊ ဘာပဲဖြစ်ဖြစ် အလုပ် တစ်ခုတည်းမှာ စိတ်ကိုနှစ်မြှုပ်စရာ ရှိနေတာက ပိုကောင်း ပါတယ် သမီးရယ်"

"အဆင်ပြေပါတယ် ဖေဖေ၊ လခက သုံးသိန်းတောင်မှ ပေးတာ ဖေဖေရဲ့၊ ဒါကြောင့် ပြောတာပေါ့၊ ငွေလွှမ်း ငွေ မလိုပါဘူးလို့"

ဟု ပြောပြီးမှ စကားမှားသွားပြီဟု နောင်တဖြင့် ဖေဖေ့ကိုကြည့်မိရပါ၏။

"ငွေလွှမ်း ... ငွေလွှမ်း ... ဖေဖေ့မေတ္တာနဲ့ပေးတဲ့ငွေကို တန်ဖိုးထားပါတယ် ဖေဖေ၊ အဲသလိုသဘောမျိုးနဲ့ ပြောတာ မဟုတ်ပါဘူး၊ ဖေဖေ့မှာ တာဝန်တွေပိနေမှာ စိုးတာ ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ကမန်းကတန်းလေး ဖြေရှင်းသလို မျက်နှာငယ်လေးဖြင့် ငွေလွှန်းပုံ ပြောတော့ ဖေဖေရယ်၍ ငွေလွှန်း၏ခေါင်းလေးကို ပုတ်သည်။

"စထား သမီးရယ်၊ သုံးဖို့မရှိရင် စု၊ ဟုတ်ပြီလား"

ဟု ပြောရှာသည်။

"ငွေလွှန်းအတွက် ရုံးခန်းတစ်ခု သီးသန့်ရှိတယ် ဖေဖေ ဒီဇိုင်းထုတ်တဲ့အခါ ကွန်ပျူတာနဲ့လည်း ထုတ်လို့ရအောင် စီစဉ်ထားတာမို့ အိမ်မှာလည်း ကွန်ပျူတာနဲ့ ငွေလွှန်းဒီဇိုင်းလေးတွေ ထုတ်ခဲ့တော့ ခု ပိုအဆင်ပြေတာပေါ့ ဖေဖေ ရယ်၊ ငွေလွှန်းအတွက် စက်ချုပ်ဝန်ထမ်း ယုယု ဆိုတာ တစ်ယောက် ပေးထားသေးတယ် ဖေဖေ"

ဟု အလုပ်နှင့် ပတ်သက်ရာကို စိတ်ဓာတ်လေး တက်ကြွစွာ ပြောလာသမျှ ဖေဖေ နားထောင်နေသည်ပါပဲ။ ထိုစဉ်ခိုက် ဒေါ်ကြီးမွှေးမှ ...

"ငွေလွှန်းရေ ... မနက်စာထမင်းကြော်နဲ့ ကော်ဖီသော ဖို့ သမီးဖေဖေ့ကို ခေါ်ပါဟေ့"

ဟု အိမ်တံခါးမကြီးမှာရပ်၍ လှမ်းခေါ်တာမို့ သာ အဖနှစ်ယောက် အိမ်ထဲဝင်ခဲ့ရပါ၏။ ဒေါ်ကြီးမွှေး၏လက်ရာမန စာထမင်းကြော်နှင့် ဘူးသီးကြော်ကို ကော်ဖီနှင့် လိုက်လိုက်ဖ ဖက် စားသောက်ဖြစ်ကြသည်။ ဖေဖေမှ ...

"မယ်မွှေးနှင့် ဦးသောင်း တစ်ခါတည်းဝင်စား၊ ဒီမှာ အားလုံးဟာ အိမ်သားတွေချည်းပဲ၊ ငြိမ်းရဲ့ဩဇာကင်း နေရာ၊ လာစား"



ဟု ဖွတ်ခေါ်တာမို့ ဦးသောင်းနှင့် ဒေါ်ကြီးမွှေးတို့ ဝင်စားကြသည့်အတွက် ငွေလွှန်းမှာ ပို၍စားသောက်ရတာ မြိုင် ဆိုင်သည်ဟုလည်း ကျေနပ်ရ။ ဦးကြီးသောင်းနှင့် ဒေါ်ကြီးမွှေးတို့ နှင့်နေရတာ မိသားစုပိုဆန်လာသည်ဟုလည်း ခံစားရပါ၏။

"ဖေဖေ မနက်ဖြန်မနက် လာခဲ့မယ် သမီး၊ ညဘက်လည်း ရောက်လာနိုင်သေးတယ်၊ ဒါပေမဲ့ တစ်ခါတလေကျတော့ လည်း အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း ဆိုတာက အလုပ် ကိစ္စပေါ်လာတတ်တာတို့၊ အလုပ်သစ်လက်ခံရတာတို့၊ အစည်းအဝေး ချက်ချင်းရှုံ့ကောက်ခေါ်ရတာတို့ ရှိတတ် တယ်၊ ဖေဖေ မရောက်ဖြစ်ရင်တောင်မှ ညဘက် ဖေဖေ ဖုန်းလှမ်းဆက်မယ် သမီး"

ဟုပြောတော့မှ ငွေလွှန်းပုံ ဖျတ်ခနဲသတိရမိသည် က သူပေးထားသော လက်ကိုင်ဖုန်းလေးကိုပါ။ ကလေးလိုပင် ခန်းထဲ ပြေးဝင်သွားကာ လက်ကိုင်အိတ်ထဲမှ ဟန်းဖုန်းနက် က်လေးကို ယူခဲ့ကာ ဖေဖေ့ကိုပြမိရသည်ပါပဲ။

"အလုပ်မှာ ဒီလက်ကိုင်ဖုန်းလည်း လိုတယ်ဆိုပြီး အစ်ကို လေးကပေးတာ ဖေဖေ၊ ဟို ... အစ်ကိုလေးဆိုတာက ဦးဘုန်းတက်လူပါ ဖေဖေ၊ သူ့ကို စက်ရုံကလူတွေက အစ်ကိုလေးလို့ ခေါ်ကြတယ် ဖေဖေရဲ့၊ သူတို့ခေါ်သလို ငွေလွှန်း လိုက်ခေါ်တာပါ ဖေဖေ"

အစ်ကိုလေး ... ဆိုသည့် အခေါ်ကြောင့် ဖေဖေ တ်ခနဲအကြည့်မှာ ချက်ချင်း ငွေလွှန်းပုံ ဖြေဖြေရှင်းရှင်းလေး ပြောတော့ ဖေဖေပြုံးကာ ...

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... သမီးနဲ့ဆိုရင်လည်း အစ်ကိုအရွယ်ပေပဲဥစ္စာ
အများခေါ်ကြသလို အစ်ကိုလေးလို့ပဲ ခေါ်ပေါ့ သမီးရယ်
အင်း ... ဖုန်းကအစ ပေးထားတာကိုး၊ ဒါပေမဲ့ ဒီပေးထာ
တဲ့ပစ္စည်းဆိုတာက လုပ်ငန်းသဘောအရ လိုအပ်လို့ပေ
ထားတာ၊ သူ့အလုပ်ကထွက်ရင် ပြန်အပ်ထားခဲ့ရမယ်
ပစ္စည်းတွေကွယ့်၊ အဲဒါလည်း သမီးနားလည်ထား၊ ဖေဖေ
လည်း ဒီမှာသမီးအတွက် ဟန်းဖုန်းတစ်လုံး ယူလာခဲ့ပြ
သားဖြစ်နေပြီ၊ ဖေဖေ ပြန်ခါနီးမှပေးမယ်ဆိုပြီး ဆုံးဖြ
ထားတာလေ၊ ရော့ ... ရော့ ... သမီးယူထား၊ ဟိုဖုန်းက
တော့ အလုပ်ကိစ္စပဲသုံးပေါ့ သမီးရယ်၊ ဒီဖုန်းကိုတော
သမီးရဲ့ကိုယ်ရေးကိုယ်တာသုံးပေါ့၊ ဝယ်လာပြီးမှတော့ သ
ယူရတော့မှာပဲ သမီး ... ရော့ ... ရော့"

"ဟင် ... မနေ့က ကားတစ်စီးလည်း ဝယ်ပေးတယ
ဒီနေ့လည်း ဟန်းဖုန်းတစ်လုံး ဝယ်ပေးထားပြန်ပြီ၊ မလ
ဘူး ဖေဖေရယ်၊ ပိုက်ဆံတွေ ကုန်လှပါပြီ"

ဟု ပြောတော့ ဖေဖေ ခေါင်းခါသည်။

"ဘဏ်မှာ သမီးနာမည်နဲ့ ဖေဖေ ငွေပုစာအုပ်ထားထာ
မယ် သမီး၊ အဲဒါလည်း ဖေဖေ့အဆုံးအဖြတ်ပဲ၊ အရာ
ကို ဖေဖေ အသက်ရှင်စဉ်မှာ စီစဉ်ထားအပ်တယ်ဆို
အသေအချာကြီးကို သဘောပေါက်ထားရပြီကိုး"

ဟု ထပ်ပြောကာ ဖေဖေ ထရပ်သည်။ နာရီကိုကြ
သည်။



"ကဲ ... ဖေဖေပြန်မယ်၊ သမီးလည်း အလုပ်သွားဖို့ ပြင်
ဆင်တော့၊ နေ့လယ်စာ ပြန်စားမှာလား၊ ဦးသောင်းကို
သေချာကြိုခိုင်း"

ဟု မှာနေတော့ ငွေလွှန်းပုံ ခေါင်းလေးခါ၍ ...

"နေ့လယ်စာ စက်ရုံမှာကျွေးမယ်တဲ့ ဖေဖေ၊ ဝန်ထမ်းတိုင်း
နေ့လယ်စာကို စက်ရုံမှာပဲကျွေးတယ်၊ ကော်ဖီနှစ်ကြိမ်
တိုက်တယ် ဖေဖေ၊ အဲဒါ အစ်ကိုလေး စီစဉ်ထားတာတဲ့၊
အစ်ကိုလေး ငွေလွှန်းကို ပြောပြပါတယ် ဖေဖေ"

ဟု ပြောတော့ ဖေဖေ ခေါင်းညိတ်သည်။

"အင်း ... သူ့ဆီမှာ အလုပ်လုပ်တာ သူ့စည်းကမ်းပေါ့
သမီး၊ အများနဲ့စားရတာ အဆင်ပြေပြေ စားသောက်တတ်ဖို့
လိုတယ် သမီးရေ၊ အလုပ်ကိုကြိုးစား၊ ဖေဖေ့အတွက်က
တော့ သမီးကို ငြိမ်းငြိမ်းအေးအေး ကျွေးထားနိုင်ပါတယ်၊
ဒါပေမဲ့ ခုလိုအချိန်မျိုးမှာ သမီးဟာ အလုပ်တစ်ခုမှာလုပ်
ကိုင်နေတာက ပိုပြီးစိတ်ကိုငြိမ်စေမယ်လို့ နားလည်ထား
လို့ လုပ်ကိုင်ခွင့် ပြုခဲ့ရတာပါ၊ လုပ်ပြီဆိုမှတော့လည်း
ကိုယ်က သူများထက် မညံ့ဘူးဆိုတာပြဖို့တော့ လိုသကွယ့်၊
အဲဒါ ဖေဖေ့မှုပဲ"

ဟု ပြောကာ ဖေဖေ ပြန်တော့ ငွေလွှန်းပုံ ရပ်ထား
သောကားနားအထိ လိုက်ပို့ရပါ၏။ ဖေဖေ့ကားလေး ထွက်သွား
သော့မှ ငွေလွှန်းပုံ ကမန်းကတန်း အဝတ်အစားလဲ၊ အလုပ်သွား
ဖို့ ပြင်ရပါ၏။ ညဘက်ကတည်းက ဝီရိယဖွဲ့ခဲ့ကာ ဒီဇိုင်းတွေ
ကွန်ပျူတာနှင့်ဆွဲကာ ပုံထုတ်ထားသမျှကိုလည်း ဖိုင်ထဲမှာ သေချာ

www.burmeseclassic.com

www.burmeseclassic.com



တွဲထားပြီးပြီ။ အလုပ်ထဲရောက်တာနှင့် ယုယုကိုချုပ်ဖို့အပ်ရုံပဲရှိ မည်။ မနေ့ကတည်းက အထည်စက်ရုံကြီးထဲ ရောက်ခဲ့ပြီးပြီ။ လိုသည့်အဆင်အထည်ကိုလည်း ရွေးချယ်ထားမိခဲ့ပြီးပြီ။ ယုယုကို အဘယ်အဆင်ကို ဘယ်ဒီဇိုင်းဖြင့် ချုပ်ရမည်ဆိုတာ နမူနာယူ ထားသောအထည်နှင့် တွဲ၍ခိုင်းဖို့ပဲရှိသည်။

ကွန်ပျူတာဖြင့်ထုတ်ထားသည့် ဒီဇိုင်းထဲမှာလည်း အထည်၏အဆင်အသွေးဆိုတာက ပါနေခဲ့ပြီးသားပါ။ အားလုံး အမှားအယွင်းမရှိ လုပ်ကိုင်နိုင်မည့်အဖြစ်။ ထုတ်ထားသည့်ဒီဇိုင်း တိုင်းကိုလည်း အပိုသုံးစုံပုံစံထုတ်ထားခဲ့ပါ၏။ တစ်စုံက အစ်ကို လေး ဘုန်းတက်လူတောင်းလျှင် ပေးဖို့။ တစ်စုံက လက်ခံထားဖို့ တစ်စုံက ယုယုကိုပေးဖို့။ အလုပ်က ခုမှဝင်သည်မို့ လိုမည်ထင် တာလေးတွေ ကြိုတင်ပြင်ဆင်ထားခြင်းပါ။

အစ်ကိုလေးကလည်း ဘယ်လိုလုပ်ကိုင်ပါဟုမပြော ငွေလွှန်း သင့်မည်ထင်သည့်အတိုင်း စိစဉ်လုပ်ကိုင်ဖို့ စောင့်ကြည့် နေသည့်ပုံပါ။ ငွေလွှန်း၏ လုပ်ရည်ကိုင်ရည်ကိုလည်း ကြည့်ချင် တာပါမည်။

ငွေလွှန်းပုံ ဖိုင်တွသုံးတွဲကိုကိုင်ကာ စလင်းဘက် အညိုပျော့ပျော့လေးကိုလွယ်၍ အလုပ်ဆင်းဖို့ ထွက်လာရပါ၏။

ဦးကြီးသောင်းမှာ ကားဖြင့် အလုပ်သို့လိုက်ပို့သည်။ စက်ရုံသို့ရောက်တော့ ...

"ဦးကြီးသောင်း ... ဒေါ်ကြီးမွေးကို လုပ်ကိုင်ကူလိုက်နော် ဈေးဝယ်ထွက်ဖို့လည်းရှိမှာ၊ ဒါက ဈေးသုံးဖို့ ငွေလွှန်းပေး ထားတာပါ၊ လိုမယ်ထင်တာတွေ ဒေါ်ကြီးမွေး စိတ်ကြိုက် ဝယ်ပါလို့ မှာပါနော်၊ ဖေဖေ ဒီမနက်ပဲ ငွေသုံးသိန်းပေး ထားတာပါ၊ တစ်သိန်းယူထားပါ ဦးကြီး၊ ညနေဘက် ငွေလွှန်း အလုပ်ဆင်းခါနီး နာရီဝက်လောက်စောပြီး ဦးကြီး ဆီကို ဖုန်းဆက်ပါ့မယ်၊ အိမ်မှာဖုန်းရှိနေတာပဲဥစ္စာ၊ အိမ် မှာပဲ ဦးကြီးနားနားနေနေ နေပါ"



ဟု ပြောရပါ၏။ ဖိုင်တွဲကိုယူ။ စလင်းဘက်လေး လွယ်ကာ ငွေလွှန်း စက်ရုံတွင်းသို့ဝင်သည်။ အောက်ထပ်ကြီး တစ်ခုလုံးမှာ စက်တွေတန်းစီလျက် စက်ချုပ်ကြရသည်။ အပေါ် ထပ်တစ်ဝက်လောက်ကလည်း စက်ချုပ်သည့်ခန်းဆောင်ကြီးပါပဲ။ ကျန်တာက ဒီဇိုင်နာတွေ၏ ရုံးခန်းတွေအဖြစ် ရှိနေသည်။ ညည်းဝေးခန်းဆောင်တစ်ခုရှိသည်။ ပြီးတော့ အစ်ကိုလေး၏ ရုံးခန်း။ ရုံးခန်းတစ်ဖက်မှာက ရုံးဝန်ထမ်းများ၏ အလုပ်စားပွဲများ အစီအရီ ရှိသည်။

"ညီမလေးရေ ... ယုယုကို ငွေလွှန်းရဲ့ရုံးခန်းကို တစ်အောင့် ကြာရင် လာပေးပါလို့ ပြောပေးပါနော်"

အောက်ထပ်ရှိဆက်ပ်ရှင်မှ ဝန်ထမ်းမိန်းကလေးကို မှီး၍ တစ်လက်စတည်းမှာခဲ့ကာ အပေါ်ထပ်သို့ ခပ်ပြေပြေတက် သွားသော ထောင့်ချိုးကွေ့နှစ်ဆင့်ရှိပါသည့် လှေကားအတိုင်း သက်သောင့်သက်သာ ငွေလွှန်းပုံ တက်လာခဲ့ရပါ၏။

အထည်ချုပ်စက်ရုံပေမို့ စက်ချုပ်သံတွေကတော့ သက်ဝင်လှုပ်ရှားနေပြီ။ ငွေလွှန်း အလုပ်စတက်ရချိန်ထက် တစ် နာရီစော၍ စက်ချုပ်ဝန်ထမ်းတွေ၏ အလုပ်ချိန်ကို သတ်မှတ်ထား သည်တဲ့။ ဒါကိုလည်း နှင်းမှပြောပြ၍ သိရခြင်းပါ။ နှင်းဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



က ငွေလွှန်းထံသို့ ကော်ဖီနှင့် ထမင်း အချိန်တကျလာပို့ရမည့် တာဝန်ကိုပါ ယူရသည်တဲ့။ အခန်းရှင်းလင်းရေးတာဝန်ကိုလည်း ယူရမည်။ ဒါတွေအားလုံး နှင်းမှမနေ့ကညနေပိုင်းမှာ အားလုံး လာရှင်းပြခဲ့ခြင်းပါ။ မနေ့ကလည်း ကော်ဖီချိန်တန်ကော်ဖီ၊ ထမင်း ချိန်တန်ထမင်း လာပို့ခဲ့သည်ပဲလေ။ ဘာပဲဖြစ်ဖြစ် နှင်းနှင့်တော့ ငွေလွှန်းပုံ ·အဆင်တပြေဆက်ဆံ၍ ဖြစ်ခဲ့သည်။

ဒါပေမဲ့ ယုယုကိုတော့ ရင်ထဲမှာ သိပ်တော့ဘဝင် မကျ။ မနေ့က အစ်ကိုလေး ဘုန်းတက်လူမှ ပြန်သွားပြီးသည့် နောက်မှာ ...။ ယုယု ဆိုတာ ငွေလွှန်းပုံ၏ရုံးခန်းသို့ ရောက်လာ ခဲ့ရသည်လေ။ အစ်ကိုလေးမှ လွှတ်လိုက်သည်ဟုတော့ ပြောပြ သည်။

"နှင်း လာပြောပါတယ် မမ၊ အစ်ကိုလေးက ယုယု မမ လေးဆီကို သွားတွေ့လိုက်ပါတဲ့၊ မမရဲ့ဒီဇိုင်းတွေကို ချုပ် ဖို့ပါတဲ့"

ဟု ပြောခဲ့စဉ်က ပုပုလုံးလုံး ယုယု၏ မျက်ဝန်း လေးထဲမှာ တက်ကြွရိပ်တွေ ကင်းမဲ့နေတာကို သတိထားမိခဲ့ သည် မဟုတ်ပါလား။ ခု ... ဤနေ့မှာရော မည်သို့သောခံစား ချက်တွေကို ယုယုထံမှာ ငွေလွှန်း တွေ့ရမည်မသိ။ ငွေလွှန်းကဲ့ သို့ အသစ်စက်စက် ဒီဇိုင်နာတစ်ယောက်၏ ရေးဆွဲရာ ဒီဇိုင်းကို ချုပ်ရမည်မို့ စိတ်ဓာတ်များကျဆင်းနေသည်လား မသိ။

ငွေလွှန်းပုံ ရုံခန်းတံခါးကိုဖွင့်၍ ဝင်သည်။ ကြီးမား သော မှန်ချပ်ကြီးဖြင့်ရှိနေရာ မှန်ပြတင်းပေါက်ကြီးဆီမှ ခန်းဆီး ကို ဘေးတစ်ဖက်တစ်ချက်ဆီသို့ ဆွဲယူလိုက်တော့ အခန်းသည်



လင်းလင်းချင်းချင်း ပိုရှိသွားပါ၏။ အလုပ်စားပွဲမှာ ဖိုင်သုံးခုကို သေသေသပ်သပ်တင်သည်။ ဖုန်းနှစ်လုံးကိုယူပြီးသည့်နောက်မှာ အံဆွဲထဲသို့ စလင်းဘက်အိတ်ပျော့လေးကို ထည့်လိုက်မိရပေါ၏။

ထိုစဉ်ခိုက်တံခါးခေါက်သံ ပေါ်လာသည်။ နောက် တော့ တံခါးရွက်ပွင့်သွားကာ ယုယု ဝင်လာပါ၏။

"ထိုင်ပါ ယုယု"

အလုပ်စားပွဲမှာပဲ တမင်တကာ ငွေလွှန်းပုံ ရှိနေ သည်။ ဆုံလည်ကုလားထိုင်မှာ တည်ငြိမ်စွာထိုင်လျက် ရှိနေရင်း အေးဆေးသည့်ဟန်လေးဖြင့် ယုယုကိုထိုင်ဖို့ ပြောလိုက်သည်က အလုပ်စားပွဲရှေ့ရှိ ကုလားထိုင်ကို လက်လေးညွှန်၍ပါ။ ဤမိန်း ကလေးကို ငွေလွှန်းပုံ လျှော့တွက်၍မရ။ အေးစက်စက်လေးရှိ နေသည့် ယုယုကို တည်တည်လေးပဲ ငွေလွှန်းပုံကလည်း တုံ့ပြန် ဆက်ဆံလိုက်ရသည်ပါပဲ။

"ဒီနေ့မှာ ဟောဒီ ဒီဇိုင်းကို ယုယု ချုပ်ရလိမ့်မယ်၊ ဒီ အဝိုက်အကွေး အတွန့်နေရာလေးတွေကို မလွဲအောင် သေချာလိုက်ချုပ်ပေးပါ၊ ဒါ ... ကလေးဝတ်ဂါဝန်လေး တစ်ခုပါ ယုယု၊ ဘယ်အချိန်လောက်မှာ ယုယုဆီက ဒီ ဂါဝန်လေးကို ရနိုင်မလဲ၊ ရုံးခန်းကို လာပို့နိုင်မလဲ ယုယု"

ဟုပြောကာ ကလေးဝတ်ဂါဝန်လေးတစ်ထည်ချုပ် ဒီဇိုင်းပုံစံကို ဖိုင်တွဲထဲမှထုတ်၍ ပေးလိုက်တော့ စိတ်သိပ်ပါ ဟန်မတူသည့်ပုံလေးဖြင့်ယူသည်။ ဒါပေမဲ့ တရိုတသေတော့ လက်နှစ်ဖက်ဖြင့် ယူခြင်းပါ။ သေးသွယ်သွယ်လေးဖြင့် ရှိနေသည့် ငွေလွှန်းပုံကိုလည်း သိပ်အထင်တကြီး ရှိနေပုံမရ။ ကလေးတွေ

www.burmeseclassic.com

www.burmeseclassic.com



နှင့်လိုက်ဖက်ကာ၊ ကလေး၏မိခင်ရော ကလေးတွေရော ကြိုက်နှစ်သက် စွဲလန်းစေမည့်၊ မက်မောဆွဲဆောင်နိုင်စေမည်ဟု မျှော်လင့်ရေးဆွဲထားပါသော ဂါဝန်ပုံစံကိုကြည့်နေသည့် ယုယုကို အကဲခတ်သလို ငွေလွှန်းပုံကလည်း တိတ်ဆိတ်စွာပဲ ကြည့်နေသည်။ အထင်ကြီးသလိုတော့ တစ်ချက်မော့ကြည့်လာသည်။

ပုလုံးလုံးလေးရှိသည့် ယုယု၏မျက်ဝန်းလေးတွေကလည်း သေးငယ်ကျဉ်းမြောင်းသော မျက်ဝန်းနက်နက်လေးတွေပါ။ ငွေလွှန်းပုံကလည်း အပြုံးအရယ်ကင်းနေသည့် ယုယုကို တုံ့ပြန်၍ တည်ငြိမ်စွာပဲ မျက်တောင်မခတ် စိုက်ကြည့်နေသည်ပါပဲ။ အလုပ်ခွင်စဝင်စ လက်သစ်ပူပူနွေးနွေးတစ်ယောက်အဖြစ် ယုယု၏မျက်နှာထက်မှာ ငွေလွှန်းပုံကို အထင်သိပ်မကြီးလှသည့် အရိပ်တွေကတော့ လက်ကျန် ကျန်နေဆဲ။ ဒါပေမဲ့ ဒီဇိုင်းတစ်ခုကို မြင်ချိန်မှာတော့ အတန်မျှ အထင်တကြီး အရိပ်လေးတော့ သမ်းလာသည်။ ဒါပေမဲ့ ချက်ချင်းပင်ပြန်၍ မျက်လွှာချလိုက်ကာ_

"ယုယု နေ့လယ်ဘက်မှာ ဂါဝန်လေးကို လာပေးပါ့မယ်"

ဟု ဖြေသည်။

"ကောင်းပြီ၊ အထည်ထုတ်ရတဲ့ဌာနအတွက် ဒီဂါဝန်လေးချုပ်ဖို့ လိုအပ်တဲ့အထဲကို ဘယ်နှကိုက်ထုတ်ရမယ်ဆိုတာ တွက်ချက်ပါ၊ ထုတ်ယူပါ၊ ထုတ်ယူတဲ့အထည်ကိုက်ကို လက်မှတ်ထိုး ထုတ်ယူနိုင်ဖို့အတွက် ကျွန်မ ဒီထုတ်ယူခွင့်စာရွက်လေးမှာ လက်မှတ်ထိုးပေးလိုက်ပါ့မယ်၊ စက်ရုံရဲ့ စည်းကမ်းအတိုင်း ဒီဇိုင်းတစ်ခုအတွက် နှစ်စုံလက်မှတ်ထိုးပေးလိုက်ပါမယ်၊ တစ်စုံကို ကျွန်မကို ပြန်ပေးပါ"



ဒီဇိုင်နာတစ်ယောက်၏ လုပ်ကိုင်ရမည့် အထည်ထုတ်ယူခြင်းဆိုင်ရာ စည်းကမ်းချက်ကတော့ စားပွဲအံဆွဲထဲရှိပုံစံစာရွက်ထဲမှာ အသင့်ရှိနေပြီးခဲ့တာမို့ …။ မနေ့ကတည်းက စားပွဲအံဆွဲထဲမှာ တွေ့လည်းတွေ့ခဲ့ရသည်။ ဖတ်လည်း ဖတ်ခဲ့ပြီးပြီ။ သူကတော့ ငွေလွှန်းပုံကို တွေ့ခဲ့သည့်အချိန်က ထိုအံဆွဲထဲမှာ ဘာတွေရှိသည်ဟုပင် ပြောမပြခဲ့ပါ။ အလုပ်ကိုစိတ်ဝင်စားသူ လူသစ်တစ်ယောက်သည် ဘယ်တော့မှမဆို အလုပ်စားပွဲအံဆွဲကိုတော့ ဖွင့်ကြည့်လိမ့်မည်ဆိုတာ သူ ကြိုတင်သိထားပုံဖြင့် တမင်မပြောဘဲ နေခဲ့ခြင်းဟုလည်း ငွေလွှန်းပုံ ထင်သည်။ အစ်ကိုလေးဟု စက်ရုံဝန်ထမ်းတိုင်းက ခေါ်ကြပါသည့် သူ့ထံမှာ ထိုသို့သောထူးခြားသည့်စရိုက်တွေ အများကြီးရှိနေချေဦးမည်ဟုတော့ ငွေလွှန်းပုံ ကြိုတွက်ဆထားပါ၏။

ငွေလွှန်းပုံထံမှ ပုံစံစာရွက်ကိုယူကာ ယုယု ပြန်ထွက်သွားသည်။

လောလောဆယ်မှာ ထုတ်ထားသမျှ ဒီဇိုင်းတွေအားလုံးကိုပုံ၍ ယုယုထံသို့ ငွေလွှန်းပုံ မပေးသေး။ ဒါကလည်း ယုယုကို အကဲခတ်ဖို့ လိုနေသေးသည်ဟု မှတ်ယူထား၍ပါ။ ယုယုထွက်သွားတာနှင့် မကြာမီမှာပဲ ငွေလွှန်းပုံလည်း အခန်းတံခါးလေး အသာဟ၍ ချောင်းကြည့်မိရပါ၏။ ယုယု ခပ်သုတ်သုတ်ဝင်သွားသည့် အခန်းတစ်ခန်းကို မှတ်သားကာ တစ်အောင့်ကြာ၍ ငွေလွှန်းပုံ အခန်းတွင်းမှ ပြန်ထွက်သည်။ စောစောက ယုယုဝင်သွားရာ အခန်းရှေ့မှ ဖြတ်လျှောက်၍ကြည့်လိုက်တော့ ခင်ခင်ချယ် ဆိုသည့် အမည်ကို တံခါးရွက်မှာ ရေးထားတာ တွေ့ရပါ

www.burmeseclassic.com

www.burmeseclassic.com



ဒါ။ ငွေလွှန်းပုံ၏ အခန်းတံခါးမှာလည်း ထိုသို့နှယ်ပင် ကြေးဝါထွင်း စာသားလေးဖြင့် ငွေလွှန်းပုံဟု ရေးထားသည်လေ။ ဒါဆို ဒီဇိုင်နာတစ်ယောက်၏အခန်း ဆိုတာ သေချာနေပြီ။ ယုယုသည် ခင်ခင်ချယ်ဆိုသည့် ဒီဇိုင်နာတစ်ယောက်၏အခန်းသို့ ဘာကြောင့် ဝင်သွားရပါသတဲ့လဲ။

နေ့လယ်စာမစားမီ ကော်ဖီလာပို့တော့လည်း အေးအေးဆေးဆေးပဲ ငွေလွှန်းပုံ သောက်လိုက်သည်ပါပဲ။ မုန့်ပုန်းထဲမှ မုန့်ယူမစားဖြစ်။ နေ့လယ်စာလာပို့တော့လည်း ကြက်သားဟင်း၊ ကုလားပဲဟင်းရည်ဖြင့် ထမင်းတစ်ပန်းကန်ကုန်အောင် စားဖြစ်သည်။ ငွေလွှန်းပုံ ထမင်းစားနေချိန်မှာ ဘေးမှာထိုင်ရင်း အဖော်လုပ်နေသည့် နှင်းကို ပြုံး၍ကြည့်ကာ ...

"ဟင်းက စားကောင်းတယ် နှင်း"

"မမတို့လို ဒီဇိုင်နာတွေအတွက်ကျတော့ ခုလို အသားဟင်းတစ်ခွက်၊ ဟင်းရည်တစ်ခွက်ပေါ့ မမရယ်၊ ဘာလချောင်ကြော်လည်း ပါတာပေါ့၊ နှင်းတို့စက်ရုံဝန်ထမ်း ကျန်တဲ့သူတွေကျတော့ ကြက်သားဟင်းရည်တစ်ခွက်၊ ဘာလချောင်ကြော် အဲသလို စားကြရတယ်၊ ဆန်ကတော့ တူတူပါပဲ အားလုံး ဆန်ကောင်းစားကြရတာပါပဲ၊ ကြက်သားဟင်းရည်ဆိုတာက ဟင်းက ဒီလိုတော့ ဆီပြန်မဟုတ်ဘူးပေါ့ မမရယ်၊ ကြက်သားကြက်ရိုးနဲ့ အာလူးကို ရေများများနဲ့ ချက်တာမျိုးပေါ့၊ ဆိတ်သားဆိုလည်း အဲသလို၊ ပြီးတော့ ဘာလချောင်ကြော်၊ အဲဒါပါတယ်၊ တော်ပြီပေါ့ မမရယ်၊ စက်ရုံဝန်ထမ်းဆိုတာက နည်းတာမှမဟုတ်တာ၊ အသားပါ



တဲ့ဟင်းလည်း စားရတယ်၊ ဘာလချောင်ကြော်ကောင်းကောင်းလည်း စားရတယ်၊ ဒီလောက် သဘောကောင်းတဲ့သူဌေး အားလုံးက မချစ်ဘဲနေပါ့မလား၊ ကော်ဖီကလည်း နှစ်ကြိမ်တိုက်တာ မမရဲ့၊ ကော်ဖီမစ်ထုတ် ဖောက်သောက်ပေါ့၊ စားဖိုဆောင်မှာ ရေနွေးရှိတယ်၊ အဲဒါ ကော်ဖီမစ်လည်း အဲဒီမှာယူ၊ ဖျော်သောက်၊ တစ်နေ့နှစ်ကြိမ်သောက်ခွင့်ပေးထားတယ်၊ ကိုယ်ဆာတဲ့အချိန်သောက်၊ အဲသလို"

ဟု စိတ်လိုလက်ရလေး ရှင်းပြသည်။ အစ်ကိုလေး ဘုန်းတက်လူ ဆိုတာ အရမ်းကို စိတ်ထားပြည့်ဝသူပေပဲဟုလည်း ငွေလွှန်းပုံ နားလည်လာမိရပြန်ပါ၏။

"မမတို့ကျတော့ ဒီအထိ လာပို့ပေးရတာပေါ့ မမရယ်၊ မမတို့က ရာထူးမြင့်တာပဲ ဉစ္စာ"

ဟု နှင်း ဆက်ပြောပါ၏။

"နောက်တစ်ခုက မမတို့ကျတော့ ဟိုဘူးထဲမှာ ကော်ဖီမစ်ထုပ်တွေ ရှိနေတာလေ၊ အလုပ်လုပ်နေရင်း ကော်ဖီသောက်ချင်လာရင် ကြိုက်တဲ့အချိန် ဖျော်သောက်နိုင်အောင်ပေါ့၊ တစ်နေ့ ဘယ်နှကြိမ်ရယ်လို့တော့ မဟုတ်တော့ဘူးလေ၊ အမြဲတမ်း နှစ်ကြိမ်ကတော့ နှင်းတို့ လာလာပို့ပေးရမှာပေါ့၊ အဲဒီကြားထဲမှာ သောက်ချင်လာရင်တော့ မမ ဖျော်သောက်လို့ရအောင် လုပ်ပေးထားတာလေ၊ ဓာတ်ဘူးလည်း ရေနွေးအပြည့်နဲ့ ရှိနေတာပဲလေ၊ ဒီမှာက မမလိုဒီဇိုင်နာ အစ်တုန်းက ငါးယောက်ရှိတယ်၊ အခု မမပါရင် ခြောက်ယောက်ပေါ့၊ အဲဒီအထဲမှာ မမချယ် ဆိုတာက ဝါအရင့်ဆုံးသီလား၊

www.burmeseclassic.com

www.burmeseclassic.com



မမချယ်ရဲ့ဒီဇိုင်းတွေဆိုတာ စက်ရုံမှာ အချုပ်ရဆုံး၊ မမချယ်က အစ်ကိုလေးရဲ့ဘောနပ်စ်ရတာ အများဆုံးပေါ့၊ သူက သိပ်တော်တာ"

"ဘောနပ်စ် ... ဘယ်လိုဘောနပ်စ်လဲ နှင်းရဲ့"

ငွေလွှန်းပုံ စားသောက်ပြီးချိန်မှာ ပန်းကန်တွေဆေးကြောမှောက်ထားခဲ့ရပါသည့် နှင်းမှ ပန်းကန်တွေစုထပ်နေရင်းမှ ...

"အချုပ်ရဆုံး ဒီဇိုင်နာ၊ ပြီးတော့ အဲဒီအထည်တွေရောင်းရဆုံး ဒီဇိုင်နာဆိုရင် အစ်ကိုလေးက ဘောနပ်စ်ပေးတယ် မမရဲ့"

ဟု ဆက်၍ရှင်းပြပါ၏။ ဘာပဲဖြစ်ဖြစ်။ နှင်းနှင့်စကားစမြည်လေး ပြောရသည့်အတွက် စက်ရုံနှင့်ပတ်သက်ရာတွေကိုတော့ အတန်မျှ သိလာရပါသည့်အဖြစ်။ အကျီုးပင်ရှိနေသေးသည်တည့်။ နှင်းမှ ရေအိမ်နှင့် ရေချိုးခန်းတွဲထားရာ အခန်းတွင်းသို့ ဝင်သွားသည်။ ကြွေဇေဗင်မှာ ပန်းကန်တွေဆေးကာ ပြန်ယူလာပါ၏။ ဗီရိုငယ်လေးထဲမှာ ပန်းကန်တွေကို အဝတ်ခြောက်ဖြင့်သုတ်၍သိမ်းသည်။ နောက်တော့ ခြင်းလေးဖြင့် ဆွဲသယ်လာရချိုင့်နှင့်ထမင်းအုပ်ကို ပြန်၍ထည့်သည်။

"ထမင်းဟင်းတွေ အများကြီးပိုတာပဲ မမ"

ဟု ပြောကာ နှင်း ပြန်ဖို့ပြင်သည်။ ရေနွေးကြမ်းဓာတ်ဘူးထဲ ရေနွေးထပ်ဖြည့်ပေးသည်။ ရေနွေးတည်ဓာတ်ဘူးထဲ ရေထပ်ဖြည့်ကာ ပလပ်လေးတပ်၍ တစ်အိုးဆူအောင် တည်ပေးသေးသည်။ ပြီးတော့မှ နှင်း နှုတ်ဆက်၍ ထွက်သွားပါ၏။



ငွေလွှန်းပုံ တစ်ယောက်တည်း ကျန်ခဲ့ရပြန်ကာ ယုယု၏အလာကို စောင့်သည့်အလုပ်ကို ဆက်လုပ်နေရပြန်သည်။ ျင်းဖို့ကောင်းလေစွ ... ဟု ငွေလွှန်းပုံ တွေးနေမိရပါ၏။ တိတ်ဆိတ်သော အခန်းကျယ်ကြီးထဲမှာ ငွေလွှန်းပုံ ငြိမ်သက်ထိုင်နေတာမို့ ဤမျှလောက် ပျင်းဖို့ကောင်းတာမရှိဟု ဆက်တွေးမိရပြန်သည်။ တကယ်ကျတော့လည်း လောလောဆယ်မှာက ယုယု၏သက်ရာကို စောင့်ကြည့်သည့်အလုပ်ပဲ ရှိနေသေးသည်ကိုးလေ။

တံခါးခေါက်သံ ပေါ်လာတော့ စိတ်ထဲသက်သာရလိုက်သည်ပါပဲ။ ယုယုတော့ ရောက်လာချေပြီတည့်။ လက်ရာကိုကြည့်ဖို့ပဲ ရှိတော့သည်။ အတန်မျှတော့လည်း စိတ်လှုပ်ရှားသွားမိရသည်ပါပဲ။ ကိုယ်၏တွေးခေါ်ထုတ်ထားရာ ဒီဇိုင်းတစ်ခု၏က်ရာကို စက်ချုပ်ပညာရှင်တစ်ယောက်က ချုပ်၍လာပြသည့်တစ်နေ့၏ အတွေ့အကြုံသည် စိတ်လှုပ်ရှားဖို့လည်း ကောင်းသည်။ ပျော်ဖို့လည်း ကောင်းနေသည်။ ဒါ ပထမဆုံးခံစားရသည့် ခံစားမှုပဲ ဖြစ်ပါ၏။

အခန်းတွင်းသို့ ယုယု ဝင်လာသည်။ စက္ကူအိတ်ဖြူမှာ ခေါက်သားတကျ ထည့်ယူလာသည့်အိတ်ကို စားပွဲပေါ်င်သည်။ ရှေ့တည့်တည့်ထိုင်ခုံမှာထိုင်ကာ စက္ကူအိတ်တွင်းမှန်လေးကို ထုတ်ယူ၍ပြပါ၏။ အပြာနုရောင်အခံမှာ ရောင်စုံပွင့်လေးတွေ ရိုက်ထားပါသည့်အထည်။ ထိုဂါဝန်၏အပေါ်ရင်ဖုံးနေရာလေးမှာ အဖြူရောင်အခံမှာ အနီစက်လေးတွေသည့် အပေါ်ဖုံးအစလေး ပါနေသည်။ အနားသားလေးတွေကိုနှံ့လေးတွေဖြင့် ကပ်တွယ်ချုပ်ထားပါ၏။ ခါးစည်းကြိုးနေ

www.burmeseclassic.com

www.burmeseclassic.com



ရာလေးမှာ အနားတွန့်လေးတွေ ကပ်ချုပ်ထားသည်။ ဂါဝန်လေးက ဖောင်းဖောင်းဝိုက်ဝိုက်လေး ဖြစ်နေရမည်။ လက်ပြတ်ဂါဝန်လေးမှာ ကြိုးလုံးလေး လက်မောင်းအလယ်မှာ တွဲချုပ်ထားကာ ပန်းပွင့်ပုံလေးဖြစ်အောင် ကြိုးနှစ်ချောင်းကို ပုံဖော်စည်းချည်နှောင်ထားပါ၏။ အင်္ကျီကို ငွေလွှန်းပုံ ယူကြည့်သည်။ ဂါဝန်အတွင်း အဝိုက် ချုပ်သားသည် မညီညွတ်။ ဂါဝန်အောက်ပိုင်းအနားချုပ်ရိုးနေရာမှာ ချုပ်သားမသေသပ်။

"ကောင်းပြီ ... ဒီဂါဝန်လေး ထားခဲ့ပါ ယုယ၊ ဂါဝန်အပ်ကြောင်းနဲ့ လက်ခံကြောင်းပုံစံလေးမှာ ကျွန်မနဲ့ ယုယ လက်မှတ်ထိုးကြတာပေါ့၊ ဒီတစ်ထည်ကို ယုယအပ်ပြီးဆိုတော့ ငွေစာရင်းဌာနမှာ စာရင်းသွားသွင်းထားရုံပါ ကျွန်မလည်း ဒီအထည်ကို လက်ခံရရှိတာ ဒီပုံစံကိုသိမ်းထားပါမယ်"

ချုပ်သူတစ်ယောက်အနေဖြင့် ဒီဇိုင်နာတစ်ယောက်၏ ဒီဇိုင်းကို ချုပ်ပေးရသည်မို့ အထူးနှုန်းထား ရရှိသည်ဆိုတာ ငွေလွှန်းပုံ သိထားရသည်။ ဒါကြောင့်မို့လည်း အံဆွဲထဲမှာ မနေ့က တွေ့ခဲ့ရသည့် ပုံစံတွေမှ ထိုလက်ခံရရှိပုံစံလေးကို ထုတ်ယူကာ ယုယကိုလည်း လက်မှတ်ထိုးစေသည်။ ငွေလွှန်းပုံလည်း လက်မှတ်ထိုးသည်။ တစ်စောင်ကို ယုယလက်ထဲအပ်သည်။ တစ်စောင်ကို ငွေလွှန်းပုံယူကာ ဖိုင်တွဲထားလိုက်ပါ၏။

"ကောင်းပြီ ယုယ၊ ပြန်နိုင်ပါပြီ"

ဟု ပြောတော့ ယုယ မျက်နှာထက်တွင် အံ့ဩရိပ် ထင်သည်။ ထပ်၍ ဒီဇိုင်းပုံစံပေးလာလိမ့်ဦးမည်ဟု ထင်ထား



ရသည်။ ခုလို ပြန်နိုင်းသည်ဆိုတော့ အံ့ဩရိပ်ဖြင့်ကြည့်သည်။ ဘယ်လိုလဲဆိုသည့် အကြည့်လည်းပါသည်။ ငွေလွှန်းပုံမှာ ဒီဇိုင်းအပ်စရာဆို၍ ယုယပဲ ရှိသည်မဟုတ်ပါလား။ ခုလို ဘာမှုထပ်မပေးတော့ပြီဆိုတော့ ကျန်အထည်တွေကို ဘယ်သို့ချုပ်ရနိုင်တော့မည်တဲ့လဲ။ ဤသို့ တွေးချေမည်ပေါ့။

ခပ်အေးအေး ကြည့်နေသည့် ငွေလွှန်းပုံ၏အကြည့်ကို ကြာရှည်မခံနိုင်တော့ဟန်ဖြင့် ယုယ တစ်ချက်မျက်လွှာချသည်။

"ထပ် ... ထပ် ... မပေးတော့ဘူးလား မမ၊ မမဆွဲထားတဲ့ဥစ္စာတွေ စိတ်တိုင်းမကျသေးလို့လား"

ခပ်တိုးတိုး မေးလာသည်။

ငွေလွှန်းပုံ ပြုံးလိုက်သည်။ ကုလားထိုင်ကျောမှီကို ခပ်အေးအေးမှီချလိုက်ရင်းမှ ပြုံး၍ထပ်ပြောလိုက်သည်က ...

"ပြန်လို့ရပါပြီ ယုယ"

ဆိုသည့်စကားပါ။ ကိုယ့်ဒီဇိုင်းတွေကိစ္စ ယုယကို ရှင်းပြနေရမည့်တာဝန် ငွေလွှန်းပုံမှာ ရှိမှမရှိချေသည်ပဲလေ။ ယုယ မျက်နှာသိပ်မကောင်း။ ထပြန်သွားသည်။ ငွေလွှန်းပုံ တံခါးရွက်လေးဟ၍ ချောင်းကြည့်တာမျိုးကိုလည်း မလုပ်တော့ပါ။ ယုယနှင့်ပတ်သက်၍ ထိုသို့ ချောင်းကြည့်စရာလည်း မလိုတော့ဟု ဆုံးဖြတ်ယူထားပြီကိုးလေ။ လုပ်ရမည်က တစ်ခုပဲရှိသည်။ ဆွဲထားသော ဒီဇိုင်းတွေနှင့် ပတ်သက်ရာအထည်။ ဖြတ်ယူရမည့်အချိုးအဆ။ ချုပ်ရမည့်အလုပ်။ ဒါတွေပဲ ငွေလွှန်းပုံ ဆက်လုပ်ဖို့ရှိတော့မည်တည့်။ ငွေလွှန်းပုံ ကိုယ်တိုင် အထည်စက်ရုံရှိ အထည်ထုတ်လုပ်ရသည့်ဌာနသို့ သွားရချေတော့မည်တကား။

www.burmeseclassic.com

www.burmeseclassic.com



အများရုံးဆင်းပြီးချိန်နီးမှပဲ ထိုအထည်တွေကို ငွေလွှန်းပုံ သွားထုတ်ယူလိုက်တော့မည်။ ငွေလွှန်း အထည်တွေကိုယ်တိုင် ထုတ်ယူသည်ဆိုတာ လူတွေသိပ်မသိစေချင်။ အာရုံထဲမရှိစေချင်။ မမြင်စေချင်။

✧ ❦ ✧



## အခန်း(၈)

"အန်ကယ်ပါ လူလေး၊ ခုပဲ ဦးသောင်း ဖုန်းဆက်လာလို့ပါ၊ အိမ်မှာ သမီးငွေလွှန်းပုံ စက်ချုပ်နေတာတဲ့၊ အလုပ်က ပြန်ရောက်တာနဲ့ ညစာစားပြီးတာနဲ့ စက်ချုပ်ဖို့ပြင်တာပဲတဲ့၊ အိမ်လယ်မှာ စားပွဲတစ်လုံးချ အပ်ချုပ်စက်ကိုအတွင်းခန်းကနေပြီး ဧည့်ခန်းကိုရွှေ့၊ အဝတ်စတွေညှပ်၊ တစ်ထည်ပြီးတစ်ထည်ချုပ်နေတာတဲ့၊ အဲသလိုဆိုရင်ဖြင့် သမီးရဲ့ကျန်းမာရေး ထိခိုက်လိမ့်မယ်ဆိုပြီး အန်ကယ့်ကို စိတ်ပူလက်ပူနဲ့ ဦးသောင်း ဖုန်းလှမ်းဆက်လာတယ်ကွယ်"

သူ ညနေစာစားပြီး ပန်းခြံထဲလမ်းလျှောက်နေစဉ် ဖုန်းဝင်လာခြင်းပါ။ သူ နားမလည်ချင်။ ဘာကြောင့် ငွေလွှန်းပုံ စက်ချုပ်နေရမှာတဲ့လဲ။ ယုယုကို ချုပ်ခိုင်းဖို့ သူ စီစဉ်ထားသည်ပဲလေ။

တစ်ခုခုတော့ အဆင်မပြေတာ ရှိခဲ့ချေပြီလားမသိ။

"အန်ကယ် နားမရှင်းလို့ မေးကြည့်ပါရစေ လူလေးရယ်၊ ငွေလွှန်းပုံလေးက သူဆွဲတဲ့ဒီဇိုင်းတွေကို သူကိုယ်တိုင်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



ရမှာလား၊ ပုံစံတွေများနေရင် အများကြီးချုပ်ရမှာ၊ အမေ
ကလည်း ဆုံးထားတာ၊ ကလေးက ခပ်ဖျော့ဖျော့ရယ်
နေမကောင်းဖြစ်မှာ စိုးရတယ် လူလေးရယ်၊ ဦးသောင်းနဲ့
မယ်မွှေးလည်း အဲဒါ စိတ်ပူနေကြတာ"

"ကျွန်တော်လည်း ဒီနေ့ စက်ရုံမှာ အလုပ်များနေတာနဲ့
အိမ်ပြန်နောက်ကျပါတယ် အန်ကယ်၊ နေ့လယ်ဘက်က
လည်း ကုန်တိုက်တစ်ခုကို ကျွန်တော် ရောက်သွားသေး
တယ်၊ အဲဒီမှာ ကျွန်တော့်ရှယ်ယာထည့်ဖို့ကိစ္စ၊ သူ့ကု
တိုက်မှာပဲ ရှယ်ယာရှင်တွေ စည်းဝေးခေါ်ထားတာမို့ ကျွ
တော်လည်း ရောက်သွားရတာပါ၊ ကျွန်တော်က ခုမှ ရှ
ယာထည့်ဖို့ ကမ်းလှမ်းတာမျိုးမို့ ရှယ်ယာရှင်တွေရဲ့သဘော
ထားကိုလည်း ယူရတာရှိတာကိုး အန်ကယ်၊ မြင့်မိုရ်ကု
တိုက်ပါ အန်ကယ်၊ ကျွန်တော့်စက်ရုံက အထည်တွေအမျ
ကြီးတင်တဲ့ ကုန်တိုက်ပါ"

ဟု သူ အန်ကယ်ဦးမင်းသန့်ကို ရှင်းပြနေမိရပါ၏

"အဲဒါ စက်ရုံကို ပြန်ရောက်တော့လည်း ငွေလွှန်းပုံနဲ့ ထ
မတွေ့ဖြစ်တာပါ အန်ကယ်၊ သူ့ကို စက်ချုပ်ပေးဖို့ ယ
ဆိုတဲ့ မိန်းကလေးတစ်ယောက် ရှိပါတယ်၊ ဘာလို့
သူကိုယ်တိုင် ချုပ်နေလဲဆိုတာ ကျွန်တော် မသိနိုင်ဘဲ
နေပါတယ်၊ ကျွန်တော် ငွေလွှန်းပုံကို မေးကြည့်ပါ့မ
အန်ကယ်"

ဟု ပြောတော့ အန်ကယ့်ထံမှ သက်ပြင်းရှိုက်
ပေါ်လာပါ၏။



"အန်ကယ်လည်း ဒီညနေ သမီးလေးဆီကို မရောက်ဖြစ်ခဲ့
ဘူး လူလေးရယ်၊ မနက်ဖြန်မနက်တော့ သမီးနဲ့သွားတွေ့
ပါမယ်၊ သမီးလေး စက်ပါချုပ်နေရရင်ဖြင့် ပင်ပန်းလှချေ
ရဲ့လို့ တွေးမိတာမို့ လူလေးဆီ ဖုန်းဆက်မေးကြည့်ရတာ
ပါ၊ ကဲ ... ကဲ ... လူလေးလည်း ပင်ပန်းလာမှာဆိုတော့
နားပါကွယ် ... နားပါ၊ အန်ကယ့်ကြောင့် စိတ်ရှုပ်သွားမ
လား မသိပါဘူး လူလေးရယ်၊ အန်ကယ်လည်း သမီးဖော
နဲ့ ဖုန်းဆက်မေးမိတော့တာပါပဲ၊ ကလေးပင်ပန်း;ပြီး နေမ
ကောင်းဖြစ်မှာ စိုးတာကြောင့် သမီးဖောနဲ့ စိတ်ဆောင်ရာ
ကိုယ်ပါ ဖုန်းနဲ့လှမ်းမေးမိရတော့တာ ခုကျတော့ အားနာ
နေမိရပြန်ရော"

"အားနာစရာမှ မဟုတ်တာ အန်ကယ်၊ တကယ်လည်း
စိတ်ပူဖို့ကောင်းနေတာပဲ အန်ကယ်ရယ်၊ ငွေလွှန်းပုံ အလုပ်
ထဲမှာ စိတ်နှစ်နေတာ ပိုကောင်းတာ မှန်ပေမယ့် အရမ်း
ပင်ပန်းတာတော့ မကောင်းဘူးလေ၊ ကျွန်တော် ငွေလွှန်းပုံ
ကို မေးကြည့်ပါဦးမယ်၊ ယုယုနဲ့ ဘာလို့အထည်တွေမချုပ်
ခိုင်းသလဲဆိုတာသိမှ တစ်ခုခုစီစဉ်ပေးနိုင်မှာပါ"

ဟု ပြောရပါ၏။ အန်ကယ် ဖုန်းချသွားတော့ သူ
ချက် ခပ်ဆဆ တွေးနေမိရပါ၏။ နာရီကိုကြည့်တော့ ကိုး
ထိုးတော့မည်။ တစ်ညလုံးများ ကောင်မလေး စိတ်ဖောဖြင့်
ည်တွေချုပ်နေလျှင်အခက်။ စိတ်ထဲပူလာမိရသည်မို့ ကမန်း
န်းကြီး ကားဖြင့်ထွက်လာမိရသည်က နှင်းဆီမြိုင်သို့ပါ။

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီမြိုင်အိမ်ရှေ့သို့ရောက်တော့ သူ ကားပေါ်မှ ဆင်းကာ ခြံတံခါးဝမှာရပ်၍ အိမ်ကိုလှမ်းကြည့်မိရပါ၏။ တစ် အိမ်လုံး မီးလင်းနေသည်။ သေချာပြီ။ မအိပ်ဘဲ စက်ချုပ်နေမည့် ငွေလွှန်းပုံကြောင့် ဦးကြီးသောင်းနှင့် ဒေါ်ကြီးမွေးတို့လည်း မအိပ် ဘဲ ရှိနေကြရှာမည်သာ။ ခြံတံခါးအုတ်တိုင်မှ လူခေါ်ဘဲလ်ကို သူနှိပ်တော့ သိပ်မကြာလိုက်။ ဦးကြီးသောင်း ရောက်လာသည်။ ခြံတံခါးဝမှာ ရပ်နေသည့် သူ့ကိုမြင်တော့ ...

"ဟင် ... အစ်ကိုလေးကိုး၊ ကြည့်ရတာ အစ်ကိုလေးဆီ ဆရာဦးမင်းသန့် ဖုန်းဆက်လိုက်ပြီနဲ့တူတယ်၊ ဒီမှာလည်း ငွေလွှန်းပုံ အထည်တွေညှပ်လိုက်၊ ချုပ်လိုက်နဲ့၊ မနားတမ်း လုပ်နေတာက တက်သုတ်နှင်နေသလိုကြီး ဖြစ်နေတော့ လန့်လာပြီး ဆရာ့ဆီကို ဖုန်းဆက်လိုက်ရတာပါ၊ ငွေလွှန်း ကို အေးအေးဆေးဆေးချုပ်ပါလို့ ပြောတဲ့ဥစ္စာ မမီပဲနေ စိုးရတယ်တဲ့၊ သူထုတ်ထားတဲ့ ပုံစံတွေကို သူ အားလုံး အောင် ချုပ်ရမှာတဲ့လေ၊ တားလို့ကိုမရဘဲ ဖြစ်နေတာ ဦးကြီးလည်း စိတ်ပူလာရတာ၊ မယ်မွေး ခမျာမှာလည်း ခဏလေးတော့ နားဖြစ်စေဆိုပြီး အာလူးကင်ပေါ် ကြော်လေးနဲ့ ကော်ဖီပူပူလေး သောက်ပါဆိုတာ မစား ဘူးတဲ့၊ စက်ချုပ်နေပြန်လေရဲ့၊ ခက်တယ်ကွယ် ဖွဲကြီးပုံ

ခြံတံခါးလည်းဖွင့် ...။ ညည်းညည်းညူညူကြီး စိတ်မောမောဖြင့် ပြောပြနေပါသည့် ဦးကြီးသောင်းကို သူ ဘာ ပြန်မပြောတော့ပါ။ တောက်လျှောက် အိမ်ပေါ်သို့တက်လာ တော့သည်ပါပဲ။



တွေ့ရပါပြီ။ ခြံတံခါးဝမှ လူခေါ်ဘဲလ်မြည်သံလည်း ကြားပုံမရ။ စက်သံတဂျုန်းဂျုန်းဖြင့် ဂါဝန်ရှည်တစ်ထည်ကို အာရုံနှစ်ဝင်၍ ချုပ်နေပါသည့် သူငယ်မ။ အိမ်နေချည်သားအင်္ကျီ ဘလောက်စ်ဝါဝါလေးနှင့် ချည်ထည်ပွင့်ရိုက်ထဘီလေးဖြင့် ရိုးစင်း သောအပြင်အဆင်လေးနှင့် ချစ်စဖွယ် ဝင်းစင်စင်လေးထင်းနေ သည်ကလည်း အမှန်ပါ။ ဆံပင်ကို ဆံကျစ်ရှည်ကြီးတစ်ချောင်း တည်း ကျစ်ချထားတာမျိုး မဟုတ်တော့။ အားလုံးကိုသိမ်းထုံး ၍ထားကာ ဘဲကလစ်ကြီးဖြင့် ညှပ်ထားပါ၏။ စောင်ခေါက် တစ်ခုတင်ထားရာ စားပွဲကြီးပေါ်မှာလည်း ဖြတ်ညှပ်ထားသည့် အထည်စရှိနေသည်။ အင်္ကျီလက်တိုလေးနှင့်ပေမို့ လက်မောင်း ဝင်းအိအိလေးတွေ။ လက်ချောင်းဝင်းစင်စင်လေးတွေက လျှပ်စစ် စက်ချောင်းအောက်မှာ ရွှေရည်ရိုပ်သမ်းနေ၏။ လက်ချောင်းလေးတွေ က အသားတကျဖြင့် ချုပ်ထည်နေရာလေးမှာ စက်နင်း၍ ရွေ့ သွားရာအတိုင်း လိုက်၍ထိန်းနေကာ၊ အကြည့်ကလည်း အထည် ပေါ် စူးနစ်စွာရှိနေပါသည့်အဖြစ်။

သူ ခြေလှမ်းကျဲကြီးဖြင့် ငွေလွှန်းပုံစက်ချုပ်ရာသို့ လျှောက်သွားကာ ငုံ့မိုးကြည့်လိုက်မိရင်းမှ ...

"ကိုယ်တိုင်ချုပ်နေတယ်ပေါ့"

ဟု မေးလိုက်သံကြောင့် ထိုအခါမှ သူရောက်နေ တာလည်းသိ။ လူသံကြောင့် လန့်သွားပုံလေးပင် ဖြစ်သွားလျက် မော့ကြည့်လည်း ကြည့်လာကာ ...။ စက်ချုပ်နေတာကိုလည်း ရပ်လိုက်ပါ၏။ ခုလို သူ ညဘက်ကြီး ရောက်လာတာကို အံ့သြ သွားတာလည်း သိသာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... အစ်ကိုလေး"

ဟု အသံလေးပွင့်ကျလာတော့ သူ ခေါင်းညိတ်သည်

"ဟုတ်တယ် ... အစ်ကိုလေးပဲ၊ ညည်းဖေဖေ စိတ်လက်ပူပြီး ဖုန်းဆက်လာလို့ ချက်ချင်း ဒီကိုလိုက်လာရတာ ညည်းအတွက် ယုယု ရှိတာပဲ၊ ဘာကိစ္စနဲ့ ကိုယ်တိုင်ချ ရတာလဲ၊ ညည်းထုတ်သမျှဒီဇိုင်းတွေ ညည်းတစ်ယောက် တည်းချုပ်လို့ ဖြစ်မလား၊ နေဦး ... မချုပ်တတ်ဘူးလ ကိုယ် မပြောဘူးနော်၊ ချုပ်တတ်လို့ ချုပ်နေပြီပဲဥစ္စာ ဒါပေမဲ့ ယုယုတို့လိုတော့ ဘယ်မြန်မလဲ၊ သူတို့က ကျွ နေပြီ"

သူမေးတော့ ငွေလွှန်းပုံ ချုပ်လက်စချုပ်ရိုးချုပ်သာ ကို ပြီးအောင်ဆက်၍ ချုပ်လိုက်ပြီးမှ ထရပ်ပါ၏။

"ထိုင်ပါဦး အစ်ကိုလေးရယ်၊ ဒေါ်ကြီးမွေးလက်ရာ အာ ကြော်နဲ့ ကော်ဖီလည်း သောက်ပါဦး၊ ငွေလွှန်းလည် ခဏနားတော့မလို့ပါ၊ စားတော့မလို့ပါ၊ ခဏနော်၊ ငွေလွ အဲဒါတွေ သွားယူလာမယ်"

ဟု ပြောတော့ ဒေါ်ကြီးမွေးမှ လက်ကာ၍ -

"ဒေါ်ကြီးမွေး သယ်လာပါ့မယ် မိန်းကလေးရယ်၊ နာ နားပါ၊ ညောင်းနေပေါ့ဥစ္စာ၊ နားတယ်ကိုမရှိဘူး၊ ခ လေး အပန်းဖြေပါကွယ်"

ဟု ဖွတ်တား၍ မီးဖိုဆောင်ထဲ ဝင်သွားတော့ ခေါင်းခါ၍ ငွေလွှန်းပုံကိုကြည့်သည်။



"ညည်းလုပ်ပုံက မဟုတ်သေးဘူး ငွေလွှန်းပုံ၊ အန်ကယ်က စက်ပါချုပ်ခိုင်းသလားဆိုပြီး စိတ်ပူတာပေါ့၊ ကိုယ့်ကိုလှမ်း မေးတာ"

"ဟင် ... ဖေဖေကလည်းလေ၊ အစ်ကိုလေးကို အားနာစရာ ဖြစ်ကုန်ပါပြီ၊ ယုယုက ချုပ်ပေးပါတယ် အစ်ကိုလေးရဲ့၊ ငွေလွှန်းက ကိုယ်တိုင်ချုပ်ချင်လို့ပါ၊ ယုယုကို ငွေလွှန်းပုံ အတွက် ဆက်ပြီးထားပေးပါ၊ သူ့ကို ငွေလွှန်းကြောင့် အဲဒီတာဝန် အပေးမခံရတော့ဘူး ဆိုတာကိုလည်း မဖြစ်စေ ချင်ပါဘူး၊ ယုယုကို ငွေလွှန်း တစ်နေ့မှာ အရာရာစိတ်ချ လက်လွှဲရလောက်အောင် အားကိုးရမှာပါ၊ လောလောဆယ် သာ ငွေလွှန်းပုံ ချုပ်နေရတာပါရှင်"

ဟု ပြောလာတော့ သူနားလည်လာမိရပြီ။ တစ်ခုခု တော့ ယုယုနှင့် ငွေလွှန်းပုံကြားမှာ အဆင်မပြေမှုတော့ ရှိနေရ မည်။ ဒါပေမဲ့ ယုယုကို ခေါ်ထားချင်ပါသည်ဟုလည်း ပြောနေ သည်။ သူ နားမလည်ချင်။

"ခက်တာပဲကွာ၊ ဘာဖြစ်လို့ ခုလို ကိုယ်တိုင်ချုပ်ရတာလဲ ဆိုတာကိုမေးရင်လည်း ဖြေမှာမဟုတ်ဘူး၊ အဲဒါ ရိပ်မိလာနေ ရပြီဆိုတော့ ကိုယ်လည်း မေးရမှာအားမရှိတော့သလိုပါပဲ၊ ဒီတော့ တစ်ခုပြောမယ်၊ ညည်း ဒါတွေချုပ်ကိုချုပ်မှာလား ဟုတ်လား"

ဟု သူ ရှင်းရှင်းမေးတော့ ငွေလွှန်းပုံကလည်းမငြင်း။ ခေါင်းလေးညိတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် မနက်ဖြန်ကစပြီး ငွေလွှန်းပုံ စက်ရုံကိုမလာနဲ့
နေ့ခင်းနေ့လယ် ဒါတွေကို နားနားနေနေချုပ်ပါ၊ နေ့ကု
တော့ စက်ရုံကိုအလုပ်လာဆင်းတယ်၊ ညဘက်မှာ ဒါတွေ
ချုပ်မယ်ဆိုရင် ညည်း လဲသွားလိမ့်မယ် သိရဲ့လား၊ လူက
ပိန်သေးသေးလေး၊ အိပ်ရာထဲလဲလိမ့်မယ်၊ လာမယ့်တနင်္လာ
နေ့ကျမှ အထည်တွေကို အစည်းအဝေးခန်းမှာ အားလုံးက
ပြကြရမှာ၊ ကိုယ်ဆွဲထားတဲ့ ဒီဇိုင်းပုံရယ်၊ ချုပ်ထားတာရယ်
ပြရမှာဆိုတော့ အဲဒီနေ့ကျမှ အလုပ်ပြန်ဆင်း၊ မင်းနေမ
ကောင်းလို့ ခွင့်ယူထားတယ်လို့ပဲ ကိုယ်သတ်မှတ်ပေးလိုက်
မယ်၊ ဟုတ်ပြီလား"

ဟု စက်ချုပ်မည့်ကိစ္စ တားမရမည့်အတူတူ သက်
သာရာလမ်းကို ရွေးပေးလိုက်ရသည်ပါပဲ။

"ငွေလွှန်းပုံ အလုပ်ဆင်းနိုင်ပါတယ်၊ မနေ့တစ်နေ့က
အလုပ်စဝင်တာ၊ ခွင့်ယူတယ်ဆိုရင် ဘယ်ကောင်းမလဲ"

"ဒီမယ် ... အဲဒီစက်ရုံကို ငါပိုင်တယ်၊ ငါသဘောတူခွ
ပြုတဲ့ကိစ္စ၊ ဘယ်သူ့ကိုမှ ထည့်တွက်နေစရာမလိုဘူး
အန်ကယ့်ခများမှာ ငွေလွှန်းပုံအတွက် စိတ်ပူလို့ ဖုန်းလှမ်း
ဆက်လာရှာတာ၊ အဖေဖြစ်သူကိုလည်း သနားစမ်းပါဦး
ဒီတော့ အိမ်မှာပဲ သက်သောင့်သက်သာနဲ့ချုပ်၊ အဲဒါ
အန်ကယ်လည်း နည်းနည်းစိတ်ပူသက်သာသွားရမှာပေါ့"

ဟု သူ ပြောနေခိုက် အာလူးကြော်ပန်းကန်နှ
ကော်ဖီပွဲတွေ လင်ပန်းဖြင့် ဒေါ်ကြီးမွှေး သယ်လာသည်။ သူ့ရှေ့
မှာလည်း ချသည်။ ငွေလွှန်းပုံရှေ့မှာလည်း ချသည်။



"ဦးသောင်းနဲ့ ဒေါ်ကြီးမွှေးတို့လည်း ငွေလွှန်းတို့နဲ့တူတူ
စားရမှာနော်"

ဟု ငွေလွှန်းပုံ ပြောကာ မီးဖိုဆောင်ဘက်သို့
ကိုယ်တိုင်ဝင်သွားပြီး ဦးကြီးသောင်းနှင့် ဒေါ်ကြီးမွှေးတို့အတွက်
ပါ အာလူးကြော်၊ ချဉ်ရည်တို့စရာနှင့် ကော်ဖီခွက်တွေ လင်ပန်း
ဖြင့် သယ်လာကာ ချလည်းချပေးသည်။ ဦးကြီးသောင်းကိုလည်း
ဝရန်တာမှာ ဆေးလိပ်ထိုင်ဖွာနေရတာကိုရအောင် ငွေလွှန်းပုံ
သွားခေါ်လာသည်ပါပဲ။

ခုလိုကျတော့လည်း လူလေးယောက်ဖြင့် အကြော်
ဝိုင်းလေးသည် စိုစိုပြည်ပြည်လေး ပိုဖြစ်လာရသည်။ နံနံပင်လေး
တွေ ခပ်သေးသေးလှီးထားရာ ချဉ်ရည်မှာအကြော်ကိုတို့၍ သူ
စားဖြစ်ပါ၏။

"တော်သေးတာပေါ့ လူလေးရယ်၊ လူလေးရောက်လာလို့
စက်ချုပ်နေတာများ မနားဘူးကွယ်၊ အလုပ်ကပြန်လာတာ
နဲ့ ရေမိုးတစ်ချက်ချိုးတယ်၊ ထမင်းလည်း ဖြောင့်ဖြောင့်
မစားဘူး၊ တစ်ပန်းကန်လည်း မကုန်ဘူး၊ နည်းနည်းလေး
စားပြီး တစ်ခါတည်း စက်ချုပ်ဖို့ကိစ္စ လုပ်တော့တာပဲ၊
ဒေါ်ကြီးမွှေးမှာဖြင့် စိတ်ပူယူရရော၊ သူ့သမီးလေးကို
ဂရုစိုက်ပါလို့ ဆရာက သေချာအပ်ထားတာ၊ ခုဥစ္စာက
မျက်ကွင်းလေးတွေ ညိုနေတဲ့ကြားက မနားတမ်းစက်ချုပ်
မလို့တဲ့လေ၊ အိပ်ကြပါတဲ့၊ သူ ညဉ့်နက်ချင်နက်မှာမို့လို့
ပါ ဆိုပြီး လုပ်နေလို့ မတတ်သာတဲ့အဆုံး ကိုသောင်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆက်ပြီး ဆရာ့ကို ပြောခိုင်းရတော့တာ၊ ပြောပြရတော့ တာ၊ ဒီတော့လည်း ဆရာက ဒီကလူလေးဆီကို ဖုန်းဆက် တော့တာပေါ့၊ တော်သေးတာပေါ့ကွယ်၊ လူလေးရောက်လာ တာ"

ဟု ပြောလာပါသည့် ဒေါ်ကြီးမွေး၏စကားကို သူ နားထောင်နေရာမှ ဖျတ်ခနဲ ငွေလွှန်းပုံ၏မျက်နှာလေးကို စေ့စေ့ ကြည့်မိသည်။ ဟုတ်သည်ပဲ။ မျက်ကွင်းလေးတွေ ညိုနေသည်၊ အမေဆုံး၍ သောကတွေအုပ်မိုးအုပ်စီးထားပါသည့်အချိန်။ အအိပ် ပျက်။ အစားပျက်နှင့် ဖြစ်နေသည့်အချိန်။ မျက်ကွင်းလေးတွေ ညိုနေချေမည်သာ။

"အလုပ်ဆိုတဲ့ ဇောတစ်ခုတည်းမှာ နှစ်ထားရမှာ မှန်ပါတယ် ငွေလွှန်းပုံ၊ ဒါပေမဲ့ အလုပ်တွေပိပြီး လူပါလဲသွားအောင် တော့ ကိုယ့်ဝန်ထမ်းတစ်ယောက်ကို ဒီတိုင်းလက်ပိုက်ကြည့် မနေနိုင်ဘူး ငွေလွှန်းပုံ သိရဲ့လား"

ဟု သူ ကရုဏာဒေါသောဖြင့် ဆူတော့လည်း ငြိမ် ခံနေသည်ပါပဲ။ သူ သိပ်မသက်သာချင်။ အကဲခတ်သလို တစ်ချက် ကြည့်ကာ ...

"ပြန်မပြော နားမထောင်တော့ မလုပ်နဲ့နော်၊ တစ်ညလုံး စက်ချုပ်နေတာမျိုး လုပ်ရဲရင်လုပ်ကြည့်"

ဟု ဆက်၍ဆူတော့ ငွေလွှန်းပုံ သူ့ကိုကြည့်လာ သည်။ မျက်ဝန်းနက်နက်လေးတွေမှာ ကျေးဇူးတင်ရိပ်လေးတွေ ကြည်ကြည်စင်စင် တိုးဝင်လာကြချေသည်ကောလေ။



တဖြည်းဖြည်း ငွေလွှန်းပုံနှင့်သူ ပို၍တရင်းတချာ နိုင်လာသည့် အဖြစ်ပါတကား။ သံယောဇဉ်ဘက်ကို နွယ်နေသည့် ခိုးရိပ်စကားတွေကို ငွေလွှန်းပုံလည်း သိလာနေသည့်နှယ်။ သူသည် လည်း ဝန်ခံနေသည့်အဖြစ်။ မုန့်နှစ်ဖြင့် ကွပ်ရှုနေအောင် ကြော် ထားသော အာလူးကင်ပေါင်းကြော်ကို ချဉ်ရည်ဖြင့်တို့ကာတို့ကာ တစ်ဝိုင်းတစ်ဖွဲ့ တူတူစားသောက်နေဖြစ်ကြသည်မို့လည်း စား သောက်ပွဲလေးသည် ရိုးစင်းသော အပြင်အဆင်ဖြင့် သွေးသားရင်း ချာများပမာ ဖြစ်လာကြရပြန်သည်။ နောက်ထပ်အကြော်လိုက်ပွဲ တွေပင် ဒေါ်ကြီးမွေးမှ သွားယူလာရသည့်အဖြစ်။ စားသောက် ပြီးချိန်မှာ သူ ဦးကြီးသောင်းကိုကြည့်ကာ ...

"အဲဒီစားပွဲကြီး ဘယ်မှာပြန်ရွှေ့ထားရမလဲ ဦးကြီးသောင်း၊ စားပွဲရော စက်ခုံရော ကျွန်တော်နဲ့ ဦးကြီးသောင်းတို့ ရွှေ့ လိုက်ကြရအောင်၊ ငွေလွှန်းပုံကို နားခိုင်းလိုက်တော့၊ ဒီမယ် မျက်လုံးလေးပြူးကြည့်မနေနဲ့၊ အိပ်တော့ မနက်ဖြန်ကျ တော့မှချုပ်၊ ဒါ အလုပ်ရှင်ရဲ့အမိန့်"

ဟု သူ ပြောတော့ မျက်လုံးလေးပြူး၍ ငြင်းဖို့ပြင် နေသည့် ငွေလွှန်းပုံ စိတ်ညစ်သွားရှာမှန်း သူ သိနေသည်။ သူ နှင့်ဦးကြီးသောင်းတို့ ထမင်းစားခန်းထဲသို့ စားပွဲကြီးကိုပြန်ရွှေ့။ စက်ခုံကို ဧည့်ခန်းထောင့်နေရာလေးသို့ ရွှေ့နေကြလေသမျှ လက် ပိုက်ချ၍ ငွေလွှန်းပုံ ထိုင်ကြည့်နေရသည်ပါပဲ။

ငွေလွှန်းပုံ စက်ချုပ်နေမှာကို လန့်နေတာမို့။ ချက် ချင်း သူ မပြန်သေးဘဲ ဧည့်ခန်းမှာ ဗေကပ်ထိုင်ကာ ရေနွေးကြမ်း ဆေးသောက်လိုက်။ ဦးကြီးသောင်းနှင့် စကားလေးပြောလိုက်ဖြင့် ရှိနေရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



စက်ချုပ်နေချင်ပေမယ့် ချုပ်၍လည်းမရ။ ဦးကြီးသောင်းနှင့် ကားဘရိတ်ကိစ္စတွေ၊ ကာဘရိက်တာကိစ္စတွေ၊ ဟိုဟိုသည်သည် ပြောနေသမျှကို နားမလည်နိုင်တာတွေပေမို့ ငွေလွန်းပုံ ပျင်းလာကာ မျက်ခွံလေးတွေ နည်းနည်းမေးဒိုက်ချင်လာနေတာကို သူ မြင်တော့မှ ထရပ်ကာ ...

“ကျွန်တော် ပြန်ပါဦးမယ် ဦးကြီးနဲ့ ဒေါ်ကြီး၊ ငွေလွန်းပုံ ကိုယ် ပြန်မယ်၊ မှာထားခဲ့တယ်နော်၊ စက်မချုပ်ပဲအိပ်လိုက်တော့၊ မနက်ဖြန်မှချုပ်၊ တနင်္လာနေ့မှ စက်ရုံကိုအလုပ်ပြန်ဝင်၊ ဟုတ်ပြီလား”

ဟု နောက်တစ်ကျော့ သူထပ်မှာရသည်က ငွေလွန်းပုံကို နားစေ့ချင်၍ပါ။ အိပ်စေ့ချင်၍ပါ။

ထိုအရာကို သံယောဇဉ်ဟု ခေါ်ရချေလိမ့်မည်ဟု သူ့၏ရင်ကို သူမြင်လျက် ဝန်ခံမိရပြန်သည်တည့်။

ထိုစဉ်ခိုက် အိမ်ရှေ့မှာ ကားရပ်သံကြားရပြန်လျက် ဦးကြီးသောင်း ထွက်ကြည့်ကာ ...

“ဟာ ... ငွေလွန်းရေ၊ ညည်းလေးရဲ့ဖေဖေ ညဘက်ကြီး လိုက်လာပြီကွယ့်၊ ဆရာလည်း စိတ်ပူလို့ လိုက်လာတာ ဖြစ်မယ်၊ ဟိုမှာ နေရတာ စိတ်မဖြောင့်တော့ဘဲ ဖြစ်နေရမှာ”

ဟု ပြောကာ ခပ်သုတ်သုတ်ခြံတံခါးဖွင့်ဖို့ ဆင်းသွားခိုက် ငွေလွန်းပုံ ခေါင်းလေးကုတ်ကာ ...

“စက်ကလေးချုပ်မိပါတယ်၊ ငွေလွန်းက ဘာမှမဖျားရ ဘူး၊ ဖေဖေနဲ့ အစ်ကိုလေးက ရောဂါတက်နေကြပြီ”



ဟု ကလေးလိုပင် လွတ်ခနဲ ညည်းလိုက်တော့ သူ ပြုံး၍ ကြည့်မိလိုက်သည်က ချစ်စနိုးခံစားချက်ဖြင့်ပါ။ ခြေလှမ်းသုတ်သုတ်ဖြင့် အန်ကယ်ဦးမင်းသန့် အိမ်တွင်းသို့ ဝင်လာခိုက်မှာ ...

“အားလုံးသိမ်းထားပြီးပြီ ဖေဖေ၊ အဝတ်ညှပ်တဲ့စားပွဲကြီးလည်း မရှိတော့ဘူး၊ စက်ချုပ်ခုံလည်း ဟိုမှာရောက်သွားပြီ၊ သမီး မနက်ဖြန်ကျတော့မှ စက်ချုပ်တော့မယ် ဖေဖေ”

ဟု အရင်လှမ်းပြောလိုက်ပါသည့် ငွေလွန်းပုံ၏ စကားကြောင့် သူ ရယ်လိုက်မိရပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

စားပွဲတစ်လုံးခြားလျက် ရှေ့မှအနေခက်စွာထိုင်နေပါသည့် ယုယုကို ငွေလွန်းပုံ တည်ငြိမ်စွာ မမှိတ်မသုန် ကြည့်နေသည်။ အကြည့်မှာ အင်အားပါသည်။ လွှမ်းမိုးမှုပါသည်။ တစ်ဖက်သားကို လိပ်ပြာမရဲအောင် တုန်လှုပ်နေစေသည့်အကြည့် ...။ မလုံမလဲလေးဖြစ်နေသည့် ယုယုမှာ တစ်ဖက်စားပွဲထက်မှာ အထပ်လိုက် မီးပူကျအထည်များဖြင့် ခေါက်လျက်သားရှိနေသည့် အဝတ်တွေကိုလည်း မဝံ့မရဲ ခိုး၍ ခိုး၍ ကြည့်နေသည်။ လက်ဖဝါးနှစ်ဖက်ကို ဖေးဆုပ်ထားရင်း အငြိမ်မနေ။ လက်ချင်းပွတ်နေသည်။ ယောက်ယက်ခတ်နေသည့် အတွင်းစိတ်ကို ချွေးပြန်စပြုနေသည့် မျက်နှာလေးကလည်း ဝန်ခံနေသည့်နှယ်ပါ။

"အဲဒီအထည်တွေအားလုံးကို မင်းချုပ်တယ်ဆိုပြီး အထည်ချုပ်ငွေစာရင်းဌာနမှာ အဲဒီပုံစံလေးကို သွားအပ်လိုက်ပါ"

ဟုပြောကာ ယုယုထံမှ ဒီဇိုင်းပုံစံချုပ်ထည်များလက်ခံရရှိကြောင်း ငွေလွန်းပုံ လက်မှတ်ထိုးထားသည့် စာရွက်ကိုကမ်းပေးတော့ ယုယု လှမ်းမယူဝံ့။ အနေခက်စွာ မဝံ့မရဲကြည့်ရင်း ခေါင်းလေးခါ၍ ...



"ယုယုမှ မချုပ်တာ မမရယ်"

ဟု အသံတိမ်လေးဖြင့် ခေါင်းငုံ့ပြောတော့ ငွေလွန်းပုံ ခပ်တည်တည်လေးပဲ ယုယုကို ပုံစံမပြောင်းစွာ ဆက်ကြည့်လိုက်ရင်းမှ ...

"ယုယု မချုပ်ဘူးဆိုတာ ယုယုရယ် ကျွန်မရယ်ပဲသိကြတာပဲ၊ ဒီတော့ ဒီပုံစံမှာ လက်မှတ်ထိုးလိုက်ပါ၊ ဒီနေ့ဒီဇိုင်းတွေတင်ပြကြမယ့် စည်းဝေးခန်းကို သွားရမယ့်အချိန်မှာ ကျွန်မရဲ့အထည်ချုပ်သူအဖြစ် ယုယု ကျွန်မနဲ့အတူ လိုက်ရလိမ့်မယ်၊ တခြားဒီဇိုင်နာတွေလည်း သူတို့ရဲ့အထည်ချုပ်တာဝန်ယူရတဲ့သူတွေနဲ့ အတူတူ စည်းဝေးခန်းကို ရောက်ကြရမှာပဲ မဟုတ်လား၊ ယုယုလည်း ကျွန်မနဲ့တူတူလိုက်ရလိမ့်မယ်၊ ကဲ ... လက်မှတ်ထိုးလိုက်ပါ၊ တစ်စုံ ကျွန်မအတွက် ထားခဲ့ပါ"

ဟု ပြောတော့ ယုယု မျက်ရည်လည်လာနေပြီ။

"ဒီဇိုင်နာငါးယောက်ထဲမှာ ကျွန်မ မှတ်မှတ်သားသားမှတ်မိနေတဲ့ နာမည်တစ်ခုကတော့ မမချယ် ဆိုတာပါပဲ၊ ဟိုတစ်နေ့က ယုယု ဝင်သွားတဲ့အခန်းက မမချယ် ဆိုပါတော့"

ဟု မျက်နှာထက်မှာ အေးစက်စက်အရိပ်တွေ ပြတ်သားစွာ ကျလာရင်း ပြောချလိုက်တော့ အနေရခက်နေပြီဖြစ်သည့် ယုယုမှာ ခေါင်းမမော့ရဲတော့ပြီ။ လိပ်ပြာမလုံသည့်ဟန်လေးဖြင့် ခေါင်းငိုက်ချထားရင်းမှ ဟန်ဆောင်မရအောင် ချွေးပြန်လာသည့် နဖူးကိုင်ပဝါလေးဖြင့် အနိုင်နိုင်သုတ်နေရသည်ကလည်း ယုယုပါ။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက စက်ကောင်းကောင်းချုပ်တတ်တဲ့ ငွေလွှန်းပုံပါ ယုယု၊ ဒီဇိုင်နာတစ်ယောက်ဟာ ဒီဇိုင်းဆွဲတတ်ရုံနဲ့တော့ ဘယ်ပြည့်စုံနိုင်ပါ့မလဲ၊ ချုပ်တတ်ဖို့ဆိုတာက အရမ်းကို အရေးကြီးတာပါ"

ဟု ငွေလွှန်းပုံ ထပ်ပြောစဉ်ခိုက်မှာ ယုယုမှာ တကယ်တမ်းကျတော့လည်း မျက်နှာမထားတတ်အောင် မှုပျက် လာရသည်ပါပဲ။

"ဒီနေ့ စည်းဝေးခန်းမှာ အစ်ကိုလေးကို ဒီဇိုင်းတွေပြသတဲ့ အခါမှာ အဲဒီအထည်တွေအားလုံးကို ယုယု ချုပ်တယ်ဆ တဲ့အကြောင်းရယ်၊ ယုယုကိုပဲ ကျွန်မရဲ့အထည်ချုပ်သ အဖြစ် ဆက်ပြီးထားဖို့အတွက်ရယ် ကျွန်မ တင်ပြပါ့မယ် ဘာလို့လဲသိလား၊ ရှင့်မှာ မိသားစုဆိုတာ ရှိတယ်လေ ကျွန်မ တစ်ခုခု ရှင့်ကိုထိခိုက်တဲ့စကားကို ပြောလိုက်ရင် အဲဒီထိခိုက်တယ်ဆိုတာကလည်း လုပ်ကြံပြောတာမဟုတ တဲ့အတွက် ရှင် အလုပ်ဆက်မြဲဖို့ဆိုတာ ခက်သွားမှာပ နေဦး … ကျွန်မပြောမယ်ဆိုတာက ရှင် မသပ်မရပ်ချုပ် အထည်တွေအဖြစ် ရှင်လုပ်ခဲ့တဲ့ကိစ္စ မဟုတ်ပါဘူး၊ မမချ ဆိုတဲ့ သူ့ဆီကို ကျွန်မရဲ့ကလေးဂါဝန်ဒီဇိုင်းကို သွားပြ ကိစ္စကိုပါ"

ဟု ဆက်ပြောတော့ ကြာရှည်တင်းမခံနိုင်ရှာတော ဘဲ ယုယုလက်အုပ်လေးချီကာ မျက်ရည်ကျလာသည်။

"ယုယု မှားပါတယ် မမရယ်၊ မမချယ်က အခုထပ်ရော လာတဲ့ ဒီဇိုင်နာအသစ်ရဲ့ဒီဇိုင်းတွေကို အရင်ကြည့်ချင်တ



ဆိုပြီး ငွေငါးထောင်ပေးတာမို့ ယုယု ငွေမက်မိပါတယ် မမရယ်၊ ဟိုကိုသွားပြတော့လည်း သေချာကြည့်ပြီးတော့ နောက်ထပ်အထည်တွေလည်း လာပြ၊ ပြီးတော့ ချုပ်သမျှ အထည်ဒီဇိုင်းတွေကိုလည်း ပညာသားပါပါလေးနဲ့ အတွန့် အတွန့်လေးတွေကအစ မသိမသာနိုပြီး ချုပ်လိုက်ပါတဲ့၊ ချုပ်ရိုးချုပ်သားလည်း မသိမသာလေးခိုပြီး မသပ်မယပ် လေး ချုပ်ပါတဲ့၊ သူများတကာထက် မသိမသာလေး မသေသပ်ဘူးဆိုရင်ပဲ အဲဒီအထည်ဟာ သူများနဲ့ယှဉ်ရင် ပျက်တာပဲတဲ့၊ ခုမှ အသစ်ရောက်လာတဲ့ ဒီဇိုင်နာ ငွေလွှန်းပုံ ဆိုတာ ဘာမှ အဲဒီလိုပညာပြလိုက်တာကို ရိပ်မိနိုင်မှာမဟုတ် ပါဘူးတဲ့၊ ယုယု ငွေမက်မိတာလည်း ပါပါတယ်၊ ပြီးတော့ မမချယ်က နောက်ကျရင် မမချယ်ရဲ့အထည်ချုပ် မမမျိုး နေရာမှာ ယုယုကို ခေါ်ထားမယ်လို့လည်း မက်လုံးပေးလို့ ပါ၊ မမမျိုးက သူ့ယောကျ်ားရဲ့အလုပ် နယ်ပြောင်းတာမို့ ဒီအလုပ်ကထွက်ပြီး သူ့ယောကျ်ားနဲ့ပဲ အတူတူလိုက်နေ ရင်း ဟိုမှာစက်ဆိုင်လေးဖွင့်မယ်ဆိုတာ ရှိနေတာမို့ ယုယု လည်း ဒီစက်ရုံမှာ အတော်ဆုံးဆိုပြီး နာမည်ကြီးတဲ့ မမ ချယ်ဆီမှာ အလုပ်လုပ်ချင်လို့ ခုလို သူ့စကားနားထောင် မိသွားတာပါ မမငွေလွှန်းရယ်၊ မမချယ်ရဲ့ဒီဇိုင်းတွေ အရွေး ခံရတာများတာမို့ မမချယ်က ဘောက်ဆူးပိုရတာပါ၊ ယုယုလည်း ရမှာပါ၊ အဲဒါကို မက်မိတာပါ"

ဟု မျက်ရည်ကျရင်း ပြောမည့်ပြောတော့လည်း ...င်းမချန် ပြောနေသည့်အဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



"မမချယ်က မမလွန်းရဲ့ဒီဇိုင်းတွေကို အရင်ကြည့်ပြီးရင် ပိုပြီးသာအောင် မမချယ်က ထွင်ပြီးတော့ ဒီဇိုင်းကိုဆွဲမယ် လို့ ပြောတာပါ"

ဟု ဆက်ပြောကာ မျက်ရည်သုတ်နေသည်။

"မမက လူသစ်ဆိုတော့ မမချယ်လောက်လည်း ဝါမရင့် ဘူးလို့ ထင်မိတာ ယုယု ခိုက်တာပါ မမလွန်းရယ် မမချယ်ဆီမှာ စက်ချုပ်တာဝန်ယူရရင် မမချယ်ရဲ့အထည် ဒီဇိုင်းတွေ ပိုအရွေးခံရလေလေ ယုယုလည်း ဘောက်ဆူး ပိုရလေလေဖြစ်မှာမို့ သောဘတက်မိတာလည်း ပါပါတယ် ဒီဇိုင်နာနဲ့အတူ အထည်ချုပ်ပေးရတဲ့သူကိုလည်း စက်ရုံ သီးသန့်ဘောက်ဆူးပေးတာမို့ပါ"

ဟု ဆက်၍ ပြောနေသမျှ ငွေလွန်းပုံ တိတ်ဆိတ် ငြိမ်သက်နားထောင်နေသည်။

"ယုယုမှာ မိသားစု ဘယ်နယောက်ရှိလဲ"

ဟု ရုတ်တရက် မေးလိုက်တော့ ယုယုမှ မျက်ရည် သုတ်ရင်းမှ ...

"အဖေ အမေရယ်၊ မောင်လေးနှစ်ယောက်ရယ်၊ ညီမလေး တစ်ယောက်ရယ် ရှိပါတယ် မမ၊ အဖေက ကက္ကစီမောင်း ပါတယ်၊ သူများကားကို မောင်းရတာပါ၊ အမေက ဟင်းခါးရောင်းပါတယ်၊ မောင်လေး ညီမလေးတွေ ကျောင်းနေတုန်းပါ၊ ယုယုသာ ဆယ်တန်းမအောင်နိုင် ဒီမှာ အလုပ်ဝင်ဖြစ်ခဲ့ရတာပါ"

ဟု ပြောလာတော့ ငွေလွန်းပုံ သက်ပြင်းရှိုက်သည်



"ပုံစံမှာ လက်မှတ်ထိုးလိုက်ပါ ယုယု၊ ဒီဇိုင်းအထည်ချုပ် ငွေစာရင်းဌာနမှာ ပုံစံသွားအပ်လိုက်တော့၊ ကဲ ... ကဲ ... သွားနိုင်ပြီ၊ အစည်းအဝေးခန်းကို သွားရမယ့်အချိန် နီးလာ ရင် ဆယ့်ငါးမိနစ်စောပြီး ကျွန်မရုံးခန်းကိုလာခဲ့ပါ ယုယု၊ နောက်ကို ဒီလိုမမှားမိဖို့ပဲ အရေးကြီးပါတယ်၊ နောက်တစ် ကြိမ်ဆိုရင်တော့ ကျွန်မ ပြတ်သားတဲ့အဆုံးအဖြတ်နဲ့အတူ အစ်ကိုလေးကို အဖြစ်စုံ တင်ပြရလိမ့်မယ် ယုယု၊ ဒီတစ် ကြိမ်တော့ ရှိစေတော့၊ အဲဒီကိစ္စကိုလည်း ကျွန်မရဲ့ခေါင်း ထဲမှာ မထားတော့ဘူး၊ ယုယုလည်း ဖျောက်ပစ်ပလိုက် တော့"

ဟု ပြောတော့ ယုယု လက်အုပ်လေးချီကာ ...

"မမရဲ့စိတ်ထားမြင့်မြတ်သမျှ ယုယု သစ္စာမရှိဟာ ပိုမြင် မြင်လာပြီး ရှက်ရပါတယ် မမလွန်းရယ်"

ဟု ပြောနေတော့ ငွေလွန်းပုံ တည်ငြိမ်စွာပဲ ကြည့် နေသည်ပါပဲ။ လောလောဆယ်မှာတော့ ယုယုကို အားလုံးပုံ၍ ယုံမချနိုင်သေးပါ။ စောင့်ကြည့်ဖို့တော့ လိုနေသေးသည်မဟုတ် ပါလား။

"ချုပ်ထားတဲ့အထည်တွေကို မီးပူလေးပြန်တိုက်ရမှာမို့ ယုယု မီးပူတိုက်ပါရစေ မမရယ်၊ ဒီအခန်းကိုပဲ မီးပူယူလာပြီး တိုက်ပါ့မယ်၊ ယုယုဆီမှာရှိတဲ့ မီးပူထိုးစင်လေးရယ်၊ မီးပူ ရယ် ယူလာပါ့မယ် မမ၊ ယူသွားတဲ့အခါ အင်္ကျီရဲ့ပုံပိုပေါ် အောင် မီးပူတိုက်ပြီး အင်္ကျီချိတ်နဲ့ချိတ်၊ အားလုံးဂရုတစိုက် နဲ့ သယ်ကြရတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောတော့ ငွေလွန်းပုံ ခေါင်းညိတ်ပြလိုက်ပါ၏။ တကယ်ပဲ မီးပူထိုးစင်ခုံငယ်လေးကို ယုယု မီးပူနှင့်အတူသွားပြ ယူလာပြီး အခန်းထဲမှာ အထည်တိုင်းကို လှပပြန့်ရန့်နေအော သေသေသပ်သပ်တိုက်သည်။ ဂရုတစိုက် အင်္ကျီချိတ်,ချိတ်န ချိတ်ထားသည်။

ကလေးဂါဝန် ပုံဆန်းလေးတွေကလည်း ချစ်စ ကောင်းနေသည်။ ကျောင်းဝတ်စုံလေးတွေကလည်း ပုံစံအဆ ကြီးလည်းမဟုတ်။ အရိုးကြီးလည်းမဟုတ်။ ကျောင်းဝတ်စုံအ ဝတ်ရန် သင့်လည်းသင့်။ ချစ်ဖို့လည်းကောင်းသည့် ဒီဇိုင်းေ တွေဖြင့် ရှိနေပါ၏။ လူငယ်ဝတ်ဂါဝန်ရှည်လေးများ၊ ဘလော အင်္ကျီပုံဆန်းလေးများသည်လည်း စက်ရုံထွက်တန်ဖိုးအလ အလတ်တန်းစား အထည်တွေဖြင့် ချုပ်ထားတာမို့ ဝယ်သူလ ခြေနိုင်လက်နိုင်ရှိ၊ ဝတ်ရတာလည်း အဆင်အသွေးနှင့် ဒီဇိုင်းေ ကလည်း လှပနေတာမို့ မြင်ရသူတိုင်းကို ညှို့ငင်ဆွဲဆောင်နိုင် မည်သာ။ စကတ်ရှည်ရှည်လေးတွေကလည်း အတွန့်အဝိုက် တွေ အရမ်းမများလှပေမယ့် အမြင်ရှင်းရှင်းလေးနှင့် လှနေသ အဖြစ်။ ငွေလွန်းပုံ ပြတင်းအနီးမှာသွားရပ်ကာ ကောင်းကင်ပြ ကြီးကို ငေးကြည့်နေမိသည်။

"လှလိုက်တာ မမလွန်းရယ်၊ သိပ်လှတာပဲ၊ လူတွေအ ကြိုက်ကြမှာ၊ ယုယု ယုံတယ်၊ အရမ်းဝယ်ကြမှာ၊ မ က သိပ်တော်တာပဲ"

ယုယုထံမှ မည်သည့်စကား ပွင့်ကျလာချေမည် တမင် တိတ်ဆိတ်စွာ စောင့်နေမိခြင်းပါ။ ယုယု မီးပူတိုက် ဘက်ကို ကျောပေး၍ ရပ်နေရာမှ ကိုယ်ကိုပြန်လှည့်လိုက်



"ကျေးဇူးတင်ပါတယ် ယုယု၊ ကျွန်မကို ချီးကျူးတဲ့အတွက် ပါ၊ ယုယုက အထည်ချုပ်ခဲ့တာ လုပ်သက်များနေရောပေါ့၊ အဲသလို ဝါရင့်တဲ့သူက ချီးကျူးတယ်ဆိုတော့ ကျွန်မ ဝမ်းသာရမှာပါပဲ"

ဟု ပြောလိုက်တော့ ယုယု မျက်နှာငယ်လေးဖြင့် ငြိမ်ကျသွားသည်။ စောစောက ငွေလွန်းပုံကို လက်သစ်လေးတစ် ...ယာက်အဖြစ် မြင်ထားခဲ့လေသမျှ အားလုံးလည်း ဝန်ခံခဲ့ရပြီးပြီ ...ိုးငေ.။

"ကဲပါလေ ... ကျွန်မနဲ့ ယုယုတို့အတွက် ကော်ဖီနှစ်ခွက် လောက် ဟိုကဓာတ်ဘူးထဲက ရေနွေးနဲ့ ကော်ဖီမစ်ထုပ်ကို ဖျော်လိုက်ပါလား၊ ယုယုလည်း မီးပူတိုက်လို့ ပြီးပြီပဲ"

ဟု ပြောတော့ ယုယု ကော်ဖီနှစ်ခွက် မဖျော်ရဲရှာ။ ...စ်ခွက်ပဲ ဖျော်လာ၍ တရိုတသေလေးပေးတော့ ငွေလွန်းပုံ ...ါင်းခါ၍ ...

"နောက်တစ်ခွက် ထပ်ဖျော်ပါ ယုယု၊ တူတူသောက်ကြ တာပေါ့"

ဟု ထပ်ပြောတာမို့ မရဲတရဲလေး ကော်ဖီဖျော်ကာ ...ထိုင်သည်။ ငွေလွန်းပုံ သောက်တော့မှ ငြိမ်ကုပ်ကုပ်လေး ...ယု သောက်ရှာပါ၏။ ကော်ဖီသောက်ရင်း ငွေလွန်းပုံ ယုယုကို ...တဲခတ်နေသည်။ တကယ်ပဲ နောင်တရသွားချေသည်ပဲဟု နား ...ည်လာမိရပါ၏။ နာရီကိုငုံ့ကြည့်ကာ ကော်ဖီခွက်ကို ငွေလွန်းပုံ ...ပွဲပေါ်ချလိုက်တော့ ကမန်းကတန်းလေး ခွက်ကိုပြေးဆေးသည် ... ယုယုပါ။

www.burmeseclassic.com

www.burmeseclassic.com



"ခုထိ ပုံစံနှစ်စောင်မှာ ယုယု လက်မှတ်မထိုးရသေးဘူး နော်၊ ထိုးလိုက်ပါ၊ အစ်ကိုလေးရဲ့စည်းဝေးခန်းကိုလည်း သွားရတော့မှာလေ၊ အဲဒီကပြန်တော့မှပဲ ဒီဇိုင်းငွေစာရင်း ဌာနကို ယုယု သွားလိုက်တော့၊ ဟုတ်လား"

ဟု ပြောတော့ ယုယု တုန်နေသည့် လက်ချောင်း လေးတွေဖြင့် လက်မှတ်ထိုးရှာပါ၏။ ပုံစံတစ်စောင်ကို ငွေလွှန်းပ ထံ ယုယု တရိုတသေလေး ကမ်းပေးလာတော့ ယူလိုက်က အံဆွဲထဲမှဖိုင်ကိုထုတ်၍ ညှပ်ကလစ်ကြီးဖြင့် သေချာတွဲညှပ်လိုက် ကာ ပြန်သိမ်းပြီးတာနှင့် အံဆွဲကိုသော့ခတ်သည်။ စလင်းဘက် ထဲ သော့တွဲကိုထည့်သည်။

အားလုံးသည် စည်းစနစ်တကျဖြစ်နေကာ လေ လောဆယ်မှာ ဘယ်သူ့ကိုမှပုံ၍ မယုံသေးတာကို ယုယု သ အောင်လည်း ငွေလွှန်းပုံ နေပြရခြင်းပါ။

ယုယုမှ အထည်တွေကို ချိတ်တွေနှင့် ချိတ်ထားသည အတိုင်း လက်ဖြင့်သေချာအောင်ကိုင်ကာ ငွေလွှန်းပုံ၏နောက် လိုက်လာပါ၏။

"ဟယ်လို"

ဂါဝန်ရှည်ခပ်ပျော့ပျော့ကို ဝတ်ထားသော အမျိုးသမ တစ်ယောက်သည်လည်း စက်ချုပ်ဝန်ထမ်းကောင်မလေးနှင့်အ လျှောက်လာနေရင်းမှ ငွေလွှန်းပုံ၏အခန်းရှေ့မှ ဖြတ်လျှောက်ရ လေးမှာ တိုးကြစဉ်ခိုက် လှမ်းနှုတ်ဆက်ပါ၏။

"ေ ကာင်းလား မမချယ်"



ဟု ယုယု ခပ်တိုးတိုးလေး နှုတ်ဆက်ကာ ငွေလွှန်းပုံ ကိုကြည့်သည်။ မမချယ်ဆိုတာ သူပါပဲ ဆိုသည့်အကြည့်။ အသိ ပေးကြည့်။ ငွေလွှန်းပုံကလည်း အေးချမ်းစွာ တုံ့ပြန်ပြုံးလိုက်ရင်း ၊ တည်ငြိမ်သောအကြည့်ဖြင့် ...

"ဟယ်လို"

ဟု တုံ့ပြန်နှုတ်ဆက်လိုက်သည်ပါပဲ။ ခန်းဆောင် ကျယ်ကြီးသို့ရောက်တော့ တချို့သော ဒီဇိုင်နာတွေ ရောက်နေကြ ပြီ။ ကိုယ်ချုပ်ထားရာ ဒီဇိုင်းအထည်တွေကို ကိုယ့်အတွက်သတ် မှတ်ထားရာ အထည်ချိတ်စတီးလ်စင်မှာ ချိတ်ထားတာလည်းရှိ နေသည်။ ယုယုမှ အထည်တွေကို စတီးလ်စင်မှာ သွားချိတ်ပါ၏။ အားလုံးသော ဒီဇိုင်နာတို့၏အကြည့်က စိတ်ဝင်တစားနိုင်စွာပဲ ယုယု ချိတ်နေသည့် အထည်တွေထဲမှာ တန့်နေကြသည့်အဖြစ်။ ထိုစဉ်ခိုက် အခန်းတွင်းသို့ သူဝင်လာသည်။ အနောက်တိုင်းဝတ်စုံ ခိုးရောင်ဖျော့ဖျော့ကို သပ်သပ်ခပ်ခပ် ဝတ်ထားသည်။ ဆံပင်ကို အားလုံးသိမ်း၍ နောက်လှန်ဖြီးထားတာမို့ ပို၍ရင့်ကျက်သည့်ဟန် ဘက်ကို ရောက်နေသည့်အဖြစ်။ ရောက်တာနှင့် စားပွဲထိပ်နေရာ ဆုံလည်ကုလားထိုင် နီညိုရောင်ကြီးမှာ ထိုင်သည်။ အားလုံးကို ည်း ဝေ့၍ကြည့်သည်။ ငွေလွှန်းပုံ ထိုင်နေသည်က နောက်ဆုံး ဘက်ကျသည်။ ငွေလွှန်းပုံ၏ဘေးဘက်မှာ နောက်ဆုံးလူအဖြစ် ထိုင်နေသူမှာ ယုယုပဲဖြစ်ပါ၏။ အားလုံးက သူ့ထက်သူ ထိပ်ဆုံး ထိုင်ခုံနေရာနှင့် နီးသည့်နေရာမှာ ထိုင်ရဖို့ ခပ်စောစောကတည်း ာ ဝီရိယကောင်းကောင်းနှင့် အချိန်တွေစောစွာ ရောက်နေကြပုံ ည်း ပေါ်နေသည်ဟု ငွေလွှန်းပုံ နားလည်စပြုလာပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ရောက်ရောက်ချင်းပဲ အလုပ်စလိုက်ကြရအောင်၊ ချုပ်ထားတဲ့အထည်တွေပြပါ၊ အခုလို ထိုင်နေတဲ့အစီအစဉ်အတိုင်း ဆိုပါတော့"

ဟု ပြောကာ နောက်တစ်ကြိမ် ငွေလွှန်းပုံထံသို့ သူ့အကြည့်က ရောက်လာပြန်ပါ၏။

"နေမကောင်းလို့ ခွင့်တင်ထားတာ၊ သက်သာလာပြီလား ငွေလွှန်းပုံ"

ဟု သူ လှမ်းမေးတော့ ငွေလွှန်းပုံ ခေါင်းလေးညိတ်ပြသည်က မှင်သေသေလေးဖြင့်ပါ။ တကယ်က နေ့တိုင်း ညနေဘက်ဆို သူ ရောက်လာနေကျပါ။ ထိုအခါများမှာ ငွေလွှန်းကလည်း ချုပ်ထားပြီးသမျှအထည်တိုင်းကို သူ မမြင်အောင် အားလုံး အခန်းထဲသိမ်းထားခဲ့သည်ချည်းပါ။ သူကလည်း တောင်းမကြည့်ခဲ့။ အလုပ်ခန်းထဲကျမှပဲ ကြည့်မည့်သဘောပဲ ဖြစ်နေသည်။ ငွေလွှန်းကလည်းမပြ။ ကြိုတင်၍ ကိုယ့်အထည်တွေကို ပြသနိုင်တာမျိုးဖြစ်ကာ အခွင့်အရေးယူတာမျိုး အဖြစ်မခံချင်ပါ။ သူရောက်လာတာကလည်း ငွေလွှန်းပုံ အရမ်းအပင်ပန်းခံကာ ချုပ်နေမှာ စိတ်ပူ၍ပဲဖြစ်သည်။ ဖေဖေကလည်း ညနေဘက်ဆို မှန်မှန်ရောက်လာတတ်သည်ချည်း။ ဒါကြောင့်လည်း မနက်ပိုင်းနှင့် နေ့လယ်ဘက်တွေကိုပဲ အားကိုး၍ ငွေလွှန်းပုံ အထည်တွေချုပ်ရတတ်သည်။ ဘေးမှ ဒေါ်ကြီးမွေးကတော့ စားချိန်တန်စားရအောင်လာ၍ကျွေးလှလိုက်တာကွယ်ဟု အထည်တိုင်းကို ချီးကျူးနှင့် အဖော်လုပ်ခဲ့ပါသည့်အဖြစ်။



အခုကျတော့လည်း အားလုံး ကိုယ့်လက်ရာဒီဇိုင်းပုံထုတ်ထားရာ ပုံစံတွေကိုလည်း သူ့ထံအပ်ကာ၊ ကိုယ်ချုပ်ရာအထည်တွေကိုလည်း ပုံစံထုတ်ရာဒီဇိုင်းနှင့်အတူ သူ့ကိုရှင်းပြကြပါ၏။

ငွေလွှန်းပုံအလှည့်ကျတော့လည်း ဒီဇိုင်းထုတ်ထားရာပုံတွေနှင့် အထည်တွေကိုလည်း ပြလိုက် ရှင်းလိုက်နှင့် လိုရင်းကိုပဲ ပြောပြဖြစ်ပါ၏။

သူ အားလုံးကိုကြည့်သည်။ တည်ငြိမ်စွာပဲ အထည်တိုင်းကို သေသေချာချာကြည့်သည်။

"ကွန်ကရက်ကျူလေးရှင်း ငွေလွှန်းပုံ၊ မင်းရဲ့အထည်တိုင်းကို ကိုယ် သဘောကျတယ်၊ အလုပ်ဝင်ဝင်ချင်းမှာ ခုလို ထူးချွန်တဲ့အတွက်၊ ကိုယ့်စက်ရုံမှာလည်း မင်းလိုထူးချွန်သူ ဒီဇိုင်နာအသစ်တစ်ယောက် ရတဲ့အတွက် ကိုယ် ဝမ်းသာတယ်၊ ဒါတွေ ချုပ်လုပ်ရတဲ့အခါမှာ အားလုံးအဆင်ပြေရဲ့လား"

သူ အေးချမ်းတည်ငြိမ်စွာပဲ မေးလာခြင်းပါ။ ဒါပေမဲ့ ငွေလွှန်းပုံ သိသည်ပေါ့။ ယုယုနှင့်များ အဆင်မပြေတာရှိနေသမျှ ပြင်များတင်ပြလာချေဦးမည်လားဟု လမ်းဖွင့်မေးပေးသည့်သဘော။

"အဆင်ပြေပါတယ် အစ်ကိုလေး၊ အားလုံးကို ယုယု ချုပ်ပေးတာပါ"

ဟု ဖြေတော့ သူ့အကြည့်က ဖျတ်ခနဲ ငွေလွှန်းပုံကို ရောက်သည်။ စူးစမ်းကြည့်။ အံ့သြကြည့်။ ပြီးတော့ တစ်ခုခု တွေးနေသည့်အကြည့်။ ထူးခြားနေသည်ပဲဟု စဉ်းစားနေတာလည်း သိသာလာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယုယု ချုပ်သည်ဆို၍ မမချယ်၏ အကြည့်ကလည်း စူးစူးရှရှ ယုယုထံ ရောက်သွားတာကိုလည်း တမင်တကာ စောင့်ကြည့်အကဲခတ်နေသည့် ငွေလွှန်းပုံ အမိအရ မြင်လိုက်ရ သည်ပါပဲ။ ဒီဇိုင်းဆွဲထားသမျှတွေ၊ ချုပ်ထားသမျှတွေထဲမှာ ငွေ လွှန်းပုံကို သူ ခုလို ချီးကျူးလိုက်သည့်အတွက်လည်း မမချယ် ခံရခက်နေတာလည်း သိသာနေသည်။ မနာလိုစိတ်ပြင်းနေတာ လည်း ပူပြင်းခါးသီးနေသည့် မနာလိုကြည့်မှုများဖြင့်ပင် သိသာနေ သည်ပါပဲ။ ဒီဇိုင်းဆွဲထားသမျှတွေ ယုယုမှာ မမချယ်ကို လုံးဝမပေး ဘဲ ငွေလွှန်းပုံအတွက် ချုပ်ပေးနေခဲ့သည်ဟု မမချယ် နားလည် သွားချေသည်မို့ ယုယုကိုလည်း လှမ်းကြည့်လာသည်က မျက်လုံး မာမာများဖြင့်ပါ။

"ကိုယ်ရွေးချယ်တဲ့ အထည်ဒီဇိုင်းတွေကို အထည်ချုပ်ဌာန တာဝန်ခံ အန်တီကြွေဆီကို ကိုယ်ပို့ခိုင်းလိုက်ပါမယ် အလုပ်ကိစ္စတော့ ပြီးပါပြီ၊ အားလုံးကို ကျေးဇူးတင်ပါတယ်"

ဟု ပြောကာ သူ ထရပ်တော့ အားလုံးလည်းထရ ကြရပါ၏။ ဘယ်သူ့လက်ရာကို ရွေးချယ်သည်ဆိုတာကိုတော့ မသိရသေး။ ထိုသို့ပင် နောက်တော့မှ အထည်ချုပ်တာဝန်ခံထံသို့ သူပို့သည့်အထည်သည် အရွေးချယ်ခံဖြစ်သည် ဆိုတာမျိုးကို သူ မှုထား၍ သုံးပုံရပါ၏။

အားလုံးအခန်းထဲမှ ထွက်ကြစဉ်မှာ ...

"ခဏနေခဲ့ပါ ငွေလွှန်းပုံ၊ မင်းရဲ့ကျန်းမာရေးကို ကိုယ်မေး ချင်သေးလို့ပါ"



ဟု သူ့ထံမှ လှမ်းပြောသံပေါ်လာတော့ ငွေလွှန်းပုံ ဆက်မသွားဖြစ်ဘဲ ရပ်လိုက်ရပါ၏။ မမချယ်၏ အကြည့်ကလည်း ငွေလွှန်းပုံထံသို့ စူးစမ်းသလို ရောက်လာသည်။ ခုလို သူလှမ်း တားလိုက်တာကိုလည်း မနှစ်မြို့ဘဲ အရမ်းကိုမနာလိုနေတာလည်း သိသာနေသည်ပါပဲ။ ဘာတွေလဲ ... ဟု ငွေလွှန်းပုံ စိတ်ညစ်ချင် လာသည်။ အလုပ်စဝင်တာပဲ ရှိသေးသည်။ အတိုက်အခိုက်က မမချယ်ဆိုတာနှင့် ရင်ဆိုင်တိုးနေရသည့်အဖြစ်။ ကိုယ့်ကြောင့် လည်း ဘယ်သူ့ကိုမှ အလုပ်မထိခိုက်စေချင်။ သူ့ကိုလည်းမပြော ပြချင်။ ဒါပေမဲ့ ခုလို မမချယ်၏ မရိုးမသားနှင့် တိုက်ခိုက်တာ ကိုတော့ မခံချင်တာ အမှန်ပါ။

"လာပါဦး ... ထိုင်ပါဦး၊ ဘာလို့ ယုယု ချုပ်တယ်လို့ပြော ရတာလဲ"

အားလုံးထွက်သွားတော့ သူ ကောက်ကာငင်ကာမေး တော့ ငွေလွှန်းပုံ စောစောကနေရာမှာ ထိုင်ရင်းမှ ...

"ယုယုကိုပဲ ငွေလွှန်းပုံ ဆက်ထားချင်လို့ပါ အစ်ကိုလေး"

ဟု ဖြေမိရပါ၏။ သူ လက်ဝှေ့ပြသည်က သူထိုင် ရာ ကုလားထိုင်နှင့် နီးသည့်နေရာသို့ပါ။

"ဒီမှာလာထိုင်၊ ဘာလို့ အဝေးကြီးမှာ သွားထိုင်နေရတာလဲ၊ မင်းရဲ့အထည်တိုင်းကို ငါ ရွေးတယ်၊ အဲဒါကလည်း တကယ့်ကို ကောင်းလို့ရွေးတာ၊ မင်းကို သနားလို့မဟုတ် ဘူးဆိုတာလည်း သိထား၊ ဆက်ပြီးတော့လည်း ကြိုးစား ပွဲဦးထွက် တာထွက်ကောင်းပြီး နောက်ကျတော့မှာ ရွှံမ လိပ်စေနဲ့ ကြားရဲ့လား၊ ဒါပေမဲ့ မင်းကို တစ်ခုတော့ ဆက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး အနားယူနိုင်းရလိမ့်မယ်၊ မင်းကိုယ်မင်းလည်း မှန်ထဲမှာ သေချာပြန်ကြည့်ဦး၊ ပိန်သေးသေးလေး ဖြစ်နေပြီ၊ ဒီနေ့ မင်းအတွက် ရသင့်ရထိုက်တဲ့ ချီးမြှင့်ငွေ သီးသန့် ငွေစာရင်းဌာနက စာအိတ်လေးနဲ့ လာပို့လိမ့်မယ်”

ဟု ပြောတော့ ငွေလွှန်းပုံ ခေါင်းလေးခါ၍ ...

“ဟင့်အင်း ... အနားမယူနိုင်ပါဘူး၊ အလုပ်တော့ဆင်းရမှာပဲ အစ်ကိုလေး၊ အိမ်မှာထိုင်နေရင် ရင်ထဲမှာမကောင်းဘူး အစ်ကိုလေးရဲ့၊ မေမေ့ကို သိပ်လွမ်းတာ၊ ခုလည်း ငွေလွှန်း ခုလို အချီးကျူးခံရတာတွေ လခတွေ သီးခြားဘောနက်စ်တွေ ရနေတာ မေမေ မြင်ရရင် သိပ်ဝမ်းသာမှာ”

ငွေလွှန်းပုံ အသံလေး တိမ်ကျလာရင်းပြောတော့ သူ မျက်နှာမကောင်း။ အမေကို ဆုံးရှုံးလိုက်ရသည့် သမီးတစ်ယောက်၏ ရင်ထဲမှ ကြေကွဲနာကျင်မှုကို သူ နားလည်နေလျက် သက်ပြင်းရှိုက်ကာ ...

“ကိုယ် ရင်ထဲမကောင်းဘူး ငွေလွှန်းပုံ၊ ကိုယ့်မှာမိဘနှ ပါ၊ မရှိကြတော့ဘူးလေ၊ ဘဝဆိုတာ ဒီလိုပဲ ကျန်ခဲ့သူက ဆက်ရုန်းကြရတာပါပဲ၊ ကျန်တဲ့သူက သွားလေသူအတွက် ရည်စူးလို့ ကောင်းမှုကုသိုလ်ပြုကြရတယ်၊ သွားလေသူ မိဘမျှော်လင့်ထားရာတွေကို သားသမီးတွေက ဖြစ်အောင် ကြိုးစားကြရတယ်၊ ထူးချွန်တဲ့သားသမီးဖြစ်ဖို့ မိဘချန် ရာလုပ်ငန်းတွေ တိုးတက်ခိုင်တည်ဖို့ အဲဒါတွေကို မိဘ က မျှော်လင့်ကြတာ ဖြစ်အောင်ကျန်ရစ်သူတွေက ကြိုး



ကြရတာပဲ ငွေလွှန်းပုံ၊ အဲသလို အားအင်ကို မွေးယူရလိမ့်မယ်”

ဟု ပြောလာသည်က အရမ်းကိုနူးညံ့မွေးထွေးသည့် သိမ်မွေ့မှုများ ပြည့်ဝနေသည့်အသံဖြင့်ပါ။ စကားလုံးတိုင်းက နူးညံ့နေသည်။ သိမ်မွေ့နေသည်။ ကြင်နာမှုများ မျောလွင့်ပါနေကြသည်။ အားပေးခြင်းများလည်း ပါနေသည်။

ငွေလွှန်းပုံ မော့၍ သူ့ကိုကြည့်မိရပါ၏။ မျှဝေနားလည်သည့်အကြည့်များဖြင့် နူးညံ့စွာ ကြည့်နေပါသည့်အကြည့် နှင့် ကြုံရစဉ်ခိုက် ရင်ထဲမှာ သိမ့်ခနဲ ဖြစ်ရသည်ပါပဲ။ သူ့ထံမှ နားလည်ပေးသော အကြည့်တွေထဲမှာ အားအင်ဆိုတာလည်း ပါလာနေသည်တကား။

“ကဲ ... ဒီနေ့ အောင်မြင်တဲ့အထိမ်းအမှတ်အဖြစ် ကိုယ့်ကို နေ့လယ်စာ အပြင်မှာ တစ်ခုခု ကျွေးနိုင်မလား”

ဟု ငွေလွှန်းပုံ စိတ်ပြောင်းအောင် သူပြုံး၍မေးလိုက်တော့ ငွေလွှန်းပုံ မော့ခနဲကြည့်မိရပါ၏။ အပြင်မှာကျွေးရမည်တဲ့လားလေ။ ဘယ်တုန်းကမှ ငွေလွှန်းပုံ အပြင်မှာ ဘယ်သူ့ကိုမှ ကျွေးမွေးတာမျိုးမရှိခဲ့။

“ကပ်စေးနည်းနေပြီ ဆိုပါတော့၊ အလကားပြောတာပါဗျာ၊ ငွေလွှန်းကို ကိုယ်ကကျွေးမှာပါ၊ ကိုယ့်အိမ်ကိုလည်းရောက်ဖူးစေချင်တယ်လေ၊ ညနေဘက် ကိုယ် ညနေစာကျွေးမယ်၊ ငွေလွှန်းအိမ်မှာ စားခဲ့တာတွေများပြီ၊ လက်ဖက်ရည်သောက်လိုက်၊ အကြော်စားလိုက်၊ ခေါက်ဆွဲကြီးမွေးလက်ရာ ကောက်ညှင်းပေါင်းတီးလိုက်နဲ့ ညနေတိုင်း အဲဒီမှာပဲ ဝမ်းဖြည့်နေတာ

www.burmeseclassic.com

www.burmeseclassic.com



များပြီ၊ ဒီညနေစာ ကိုယ်ကျွေးမယ်၊ ဦးကြီးသောင်းနဲ့အတူ ကိုယ့်အိမ်ကို လိုက်ခဲ့၊ ဟုတ်ပြီလား၊ ကိုယ့်ကားက ရှေ့က မောင်းမယ်၊ ငွေလွှန်းရဲ့ကားက နောက်ကလိုက်ခဲ့၊ အပြန်ကျရင် ဒေါ်ကြီးမွေးအတွက် ထမင်းဟင်းတွေ ချိုင့်နဲ့ထည့်ပေးလိုက်ပါ့မယ်”

သူ ရယ်၍ပြောလာတော့ ငွေလွှန်းပုံ ငြင်းရမှာခက်နေပြန်သည်။ ဦးကြီးသောင်းကိုပါ ခေါ်သည်ပဲလေ။ ငွေလွှန်း၏ကားဖြင့် နောက်မှလိုက်သွားရမည့်ကိစ္စ။ ငွေလွှန်း ငြင်းလိုက်လျှင် သူ့စေတနာကို စော်ကားရာ ရောက်တော့မည်။ ဖေဖေနှင့်ရော နှင်းဆီမြိုင်မှ အားလုံးနှင့်ရော သူသည် တခင်တမင်ဖြစ်နေခဲ့ပြီးပြီ၊ ထိုသို့ဖြစ်ရသည်ကလည်း မေမေ့နားရေးကိစ္စ သူကြားတာနှင့် လိုက်လာရာမှ ပို၍ ငွေလွှန်း၏ဘဝလေးကို သူသိခဲ့ရကာ။ အရမ်းကိုစာနာနားလည်ပေးသည့် စိတ်ရင်းခံဖြင့် ဆိုတာလည်း ငွေလွှန်းသိနေရသည်ပဲ။

“ပြီးတော့ ... မင်း တစ်ချိန်က ကိုယ့်ကို ကိုယ့်ရုံးခန်းမှာ အထည်တုတွေကိစ္စနဲ့ပတ်သက်ပြီး ထင်မြင်ချက်တွေပေးခဲ့တဲ့ကိစ္စ၊ တန်ဖိုးရှိတယ်ကွ၊ အခု မနေ့ကပဲ အန်ကယ် ဦးမောင်မောင်ရဲ့ ဝန်ချတောင်းပန်လွှာ သတင်းစာထဲမှာပါလာတယ်၊ ကိုယ့်စက်ရုံရဲ့တည်ကြည်မှုသိက္ခာ၊ အားလုံးသောအမြင်မှာ ရှင်းသွားတာပေါ့၊ အဲသလို အမှန်တရားပေါ်လာရတဲ့ အထိမ်းအမှတ်ရယ်၊ မင်းရဲ့ထူးချွန်အောင်မြင်တဲ့ ဒီဇိုင်နာဘဝကို အသိအမှတ်ပြုတဲ့အဖြစ်ရယ်၊ အဲသလို ကိုယ့်အိမ်မှာ ညစာကျွေးချင်စိတ် အခုပဲ ပေါက်လာတာ



လေ၊ အိမ်ကိုဖုန်းလှမ်းဆက်လိုက်မယ်၊ ကိုယ့်အမေရဲ့ဝမ်းကွဲညီမ ဒေါ်လေးသူဇာကို ကိုယ်ဖုန်းလှမ်းဆက်လိုက်မယ်၊ အိမ်မှာ ညနေစာ ဧည့်သည်လာစားမယ်လို့၊ ဟုတ်ပြီလား၊ ကဲ ... ကဲ ... သွားလိုက်တော့၊ ဪ ... အန်ကယ့်ကိုလည်း ကိုယ်လှမ်းဖိတ်လိုက်ဦးမယ်၊ အန်ကယ်နဲ့တူတူ ညနေစာစားကြတာပေါ့၊ ဟုတ်ပြီလား”

ဟု ပြောလာတော့ ...။ ဖေဖေပါ ထမင်းစားလာမည်ဆိုတော့ ငွေလွှန်း ငြင်းစရာလည်း မရှိတော့တာမို့ ခေါင်းလေးညိတ်ပြလိုက်ရုံမှတစ်ပါး ဘာများရှိချေတော့မည်တဲ့လဲလေ။

သူ့စေတနာကို သိနေရသည်မို့လည်း ပို၍အငြင်းရခက်နေသည်မှာလည်း အမှန်ပါ။ သူသည် စိတ်ထားတည်ကြည်နူးမြတ်သူဟုလည်း သိထားရသည့်ကိုးလေ။ အထူးသဖြင့် မျှဝေစာနာ နားလည်ပေးတတ်ပါလေသော အကြည့်များဖြင့် ကြည့်တတ်ပါသည့် သူ့မျက်ဝန်းအစုံ။ အရမ်းကို ကြင်နာစိတ်ပူပေးတတ်ပါလေသော အရိပ်တွေ စွန်းထင်နေတတ်ပါသည့် သူ့မျက်နှာ။ ထိုအရာများကို ငွေလွှန်းပုံ မြင်နေရသည်မို့လည်း သူ့သံယောဇဉ်ကို သိနေရလျက် ...။ အငြင်းရခက်သွားစေသည်ပါပဲ။

✧ ❦ ✧

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

သူ၏မြစ္စာညိုအိမ်ကြီးသည် ဖေဖေ့ ကြာရိပ်ဝေအိမ် ကြီးနယ်ပင် နှစ်ထပ်အဆောက်အအုံ ကျောရိုးမြင့်ကြီးနှင့် ဆင်ဝင် တိုင်လုံးမြင့်မြင့်ကြီးဖြင့် အရမ်းကိုခန့်ထည်နေသည်ကတော့ အမှ ပါ။ ခြံစောင့်ဦးကြီးမှ ဖွင့်ပေးသော သံပန်းခတ်ရွှေရောင်တံခါ မြင့်မြင့်ကြီးကိုက တန်ဖိုးနည်းမည်မဟုတ်။ သူ့ကားက ရှေ့ မောင်းသွားလျက် ငွေလွန်း၏ကားက နောက်မှလိုက်လာခြင်းပါ ကားနောက်ခန်းမှာ ထိုင်လိုက်လာရင်းဖြင့် ခြံကြီးကိုလည်းတွေ့ ကြည့်။ မြင့်မားမား အိမ်ကြီးကိုလည်း ကြည့်နေမိရင်းမှ အရ ချမ်းသာသည့် သူ့ကို ခင်မင်ရင်းနှီးမှုတွေ ချင့်ချိန်နိုင်းဆ၍ထ သင့်နေချေပြီကောဟု စတင်၍ ဆင်ခြင်စိတ် ဖြစ်လာရသည် ငွေလွန်းပုံပါ။

ငွေလွန်းပုံ အရမ်းချမ်းသာသူတွေနှင့် ဆက်ဆံရ မေမေ ဆုံးပြီးသည့်နောက် ပို၍ပင် ဝန်လေးလာမိရသည်ပါ

"ငါ မှားပြီ၊ ဟုတ်တယ် ... မှားပြီ၊ သူဟာအထည် အထည်ချုပ်စက်ရုံကြီးတွေကို ပိုင်တဲ့သူဖြစ်နေတာပဲ



ဒီလောက်ကြီးကျယ်တဲ့ အိမ်ကြီးတစ်လုံးကိုလည်း ပိုင်ဆိုင်နေလိမ့်မယ်ဆိုတာ ငါ ကြိုတင်သိထားသင့်တာပေါ့၊ သူ့ဆီမှာ အလုပ်ဝင်နေရတာ တစ်ခုကိုပဲ ငါက စိတ်ထဲနှစ်ထားတာကိုး၊ သူ့ဆီက ငါလက်ခံလိုက်ရတဲ့ ကြင်နာစာနာတဲ့အကြည့်တွေ၊ မျှဝေခံစားနားလည်ပေးတဲ့ အကြည့်တွေကို သံယောဇဉ်တစ်ခုအဖြစ် တန်ဖိုးထားမိခဲ့တာဟာလည်း ငါမှားတာပဲ၊ တော်ပြီ ... နောက်ကို သူနဲ့အတတ်နိုင်ဆုံး အလုပ်သဘောကလွဲပြီး ကင်းအောင်နေတာ ကောင်းပါတယ်"

ဟု ငွေလွန်းပုံ စိတ်တွေလေးလာရင်း ဆုံးဖြတ်လိုက် သည်ပါပဲ။

သူ့ကား ပေါ်တီကိုအောက်မှာရပ်တော့ နောက်ပါးမှ ငွေလွန်းပုံ၏ကားလေးသည်လည်း ရပ်သွားသည်ပါပဲ။ ကားပေါ် သူ ခပ်သွက်သွက်ဆင်းသည်။ သူ့ဟန်က အရမ်းကိုလွတ်လပ် ပါးနေသည့်ဟန်။ ကြည်နူးကျေနပ်နေသည့်ဟန်။ ခုလို ငွေ န်းပုံကို သူ့အိမ်သို့ ထမင်းစားခေါ်လာရသည့်အတွက်လည်း နေမှန်း အရမ်းကို သိသာနေသည်ပါပဲ။ ငွေလွန်းပုံ ကား ခါးဖွင့်ဆင်းချိန်မှာ သူ ဦးကြီးသောင်းကိုကြည့်ကာ ...

"ဦးကြီး ... တစ်လက်စတည်း ဒေါ်ကြီးမွှေးကို သွားခေါ်လိုက်ပါလားဗျာ၊ အားလုံး တူတူစားချင်တယ်ဗျာ၊ နှင်းဆီမြိုင်မှာလိုပေါ့၊ အဲဒီမှာ ဘာကိုစားစား၊ တူတူစားဖြစ်ကြတာ ဘယ်လောက်ပျော်စရာကောင်းလဲ၊ ဦးကြီးသော ပြန်တဲ့အခါကျတော့မှ ချိုင့်နဲ့ထည့်ပေးလိုက်မယ်ဆိုတာကြီး

www.burmeseclassic.com

www.burmeseclassic.com



က ကျွန်တော့်စိတ်ထဲ တစ်မျိုးကြီးဖြစ်နေတယ်၊ တူတူစ
မယ် ဦးကြီးသောင်းရာ၊ ဒေါ်ကြီးမွေးကို သွားခေါ်လိုက်
နော်၊ ငွေလွှန်းပုံကတော့ ဒီမှာ စောင့်ပေါ့၊ လူစုံမှစားကြ
မယ်လေ၊ အန်ကယ့်ကိုလည်း ဆက်ထားတယ်၊ လာမယ်
တဲ့”

ဟု သူပြောနေတော့ ဦးကြီးသောင်း ကားကိုပြ
မောင်းထွက်သွားပါ၏။ ငွေလွှန်းပုံ သူနှင့်အတူ မြခွာညိုအိမ်ကြ
မှာ ကျန်ရစ်ခဲ့ရပါသည့်အဖြစ်။ ဤအဖြစ်ကို ကြုံမည်ဟု စော
က ငွေလွှန်း ထင်မထားမိ။ ခုကျတော့ သူနှင့်ကျန်ခဲ့ရပြီ။ မတ
နိုင်။ ဖေဖေရောက်လာမည့်အချိန်။ ဦးကြီးသောင်းနှင့် ဒေါ်ကြီးမွေ
တို့ ရောက်လာမည့်အချိန်ကို စောင့်နေဖို့ပဲ ရှိတော့သည့်အဖြ

“ဒေါ်လေးသူဇာက မန္တလေးမှာနေတာ၊ ဟိုမှာနေလို
ဒီမှာနေလိုက်ဆိုပါတော့၊ ကိုယ့်ကို သိပ်ချစ်တာ၊ အခုရော
လာတာ သုံးရက်ပဲရှိသေးတယ်၊ ညနေတိုင်း ကိုယ်အပြ
ထွက်ထွက်နေလို့တောင် ဘယ်ကိုသွားသွားနေတာလဲ
မေးမေးနေတာလေ၊ ဒီနေ့မှ ထမင်းပွဲမှာ ငွေလွှန်းပုံရဲ့အ
ကို ရောက်နေတာဆိုတာ ပြောပြရမယ်၊ အန်ကယ်နဲ့လည်း
မိတ်ဆက်ပေးရမယ်လေ”

ဟု သူဆက်ပြောကာ အိမ်တွင်းသို့ ဦးဆောင်၍
တော့ ငွေလွှန်းပုံ နောက်ပါးမှ လိုက်လာခဲ့ရပါ၏။ သူ မျက်
ကုတ်ကာ နောက်ကိုလှည့်ကြည့်သည်။

“ဘာလို့ နောက်ချန်ပြီး နောက်က ကုပ်ကုပ်လေးလိုက်
လာနေရတာလဲ၊ ကိုယ့်အိမ်ကို ကိုယ်ကဖိတ်လို့ လာ



ညေ့်သည်က မျက်နှာငယ်လေးနဲ့ လာတာမျိုး ကိုယ်အဖြစ် မခံနိုင်ဘူး ငွေလွှန်းပုံ”

ဟု ပြောတော့ ငွေလွှန်းပုံ ပြုံး၍ ...

“ရပါတယ် အစ်ကိုလေးရယ်၊ ငွေလွှန်းပုံက ဝန်ထမ်းပဲ ဥစ္စာ၊ အစ်ကိုလေး နောက်ကပဲ လိုက်လာရမှာပေါ့”

ဟု ပြောခါမှ ပိုဆိုးသည်။ ပေကပ်၍ ရပ်စောင့်နေတာမို့ မတတ်သာသည့်အဆုံး သူနှင့်တူတူ ယှဉ်၍လျှောက်လာလိုက်ရသည်ပါပဲ။ ညေ့်ခန်းမှာ လူမရှိ။

ရင်ထဲမှာ တစ်ချက်တော့ ထင့်ခနဲ ငွေလွှန်းပုံ ဖြစ်သွားရပါပြီ။

ကြာရိပ်ဝေသို့ ငွေလွှန်းပုံ ဖေဖေနှင့်အတူ ပထမဆုံးခြေချရသည့်နေ့ကလည်း ညေ့်ခန်းသည် တိတ်ဆိတ်စွာ ကြိုသူမရှိဘဲ ဖြစ်နေချေသည် မဟုတ်ပါလား။

“ဒေါ်လေး မီးဖိုထဲရောက်နေတယ် ထင်တယ်၊ ဒေါ်လေးက အချက်အပြုတ် ကောင်းတယ်ကွ၊ အိမ်မှာတော့ အမြဲမနေပါဘူး၊ မန္တလေးအိမ်မှာရှိတဲ့ သမီးဆီကိုလည်း ခြောက်လလောက် သွားသွားနေတတ်သေးတယ်လေ၊ တက္ကသိုလ်မှာ ဆရာမလုပ်နေတဲ့သမီးကို ခုထိ ကလေးလိုပဲ မြင်နေတုံး၊ သမီးကလည်း အိမ်ထောင်မကျသေးပဲကိုး၊ ကလေးလို့ပဲ ဒေါ်လေးသူဇာ ချစ်မဝ ဖြစ်နေတာ”

ဟု ရယ်၍သူပြောကာ ညေ့်ခန်းမှာ ငွေလွှန်းပုံကိုဆိုင်းခိုင်းသည်။ တစ်ယောက်တည်း ကျန်ခဲ့ရပြန်သည်က သူ့နောက်ဘက် အခန်းကျယ်ကြီးသို့ ခန်းဆီးစကိုဖွင့်၍ ဝင်သွား၍ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကြောလိုက်။ အမျိုးသမီးကြီးတစ်ဦး ခပ်ပြုံးပြုံး သူနှင့်အတူ ပြော ဆိုနေရင်း ထွက်လာပါ၏။

"ပျင်းနေပြီလား သမီးရယ်၊ တက်လူကတော့လေ အဲသလို ပဲ သူလုပ်ချင်ပြီဆိုရင် ကောက်ကာငင်ကာ စီစဉ်ပစ်တတ် တာ၊ ခုလည်း သူ့မိတ်ဆွေတွေ အိမ်မှာထမင်းစားဖိတ်ချင် လို့တဲ့လေ၊ နာမည်တွေလည်း ပြောပြပါတယ်၊ သမီးရဲ့ ဖေဖေ ဦးမင်းသန့်ရယ်၊ သမီး ငွေလွှန်းပုံရယ်၊ သမီးအိမ် က အတူနေတဲ့ ဦးသောင်းနဲ့ ဒေါ်မွှေးတို့တဲ့လေ"

ဟု ပြောကာ ငွေလွှန်းပုံ ထိုင်နေသည့် ဆိုဖာနှင့် မျက်နှာချင်းဆိုင်နေရာမှာ ဝင်ထိုင်သည်။

"မပြည့်ရေ ... လက်ဖက်သုပ်ပွဲရယ်၊ ကျောက်ကျောပွဲရယ် ယူလာပါကွယ်၊ ဆနွင်းမကင်းလည်း ယူလာပါဦး၊ လူမရှိ သေးခင် ဒီမှာစားသောက်ရင်း စကားစမြည်လည်းပြောဖြစ် လူစုံအောင်လည်း စောင့်ဖြစ်ကြတာပေါ့"

ဟု ပြောတော့ ငွေလွှန်းပုံ အားနာစိတ်ဖြင့် ...

"ရပါတယ် ဒေါ်လေးရယ်၊ အားလုံးစုံမှပဲ စားပါ့မယ်"

ပြောမိရပေမယ့် ဒေါ်ပြည့် ဆိုသည့် ခပ်သွယ်သွယ် ပိန်ပါးပါးနှင့် ဆံပင်နက်ထူထူကြီးကို ဘီးကျောပတ်ထားပါသည့် အသက်ငါးဆယ်မျှရှိမည့် အဒေါ်ကြီးမှ လင်ပန်းဖြင့်စားစရာတွေ သယ်လာကာ တရိုတသေ ချပေးလာပါ၏။

ငွေလွှန်းပုံ ရှေ့မှာ ဒေါ်လေးသူဇာနှင့် သူတို့က ဂရု တစိုက်ဖြင့် လက်ဖက်ပွဲချပေး၊ မုန့်ပွဲချပေးနှင့် လုပ်နေတော့ ဧ ရခက်သည်က ငွေလွှန်းပုံပါ။



ပြီးတော့ ... ရှေ့မှာထိုင်နေသည့် ဒေါ်လေးသူဇာ၏ မျက်ဝန်းအကြည့်တွေကြားထဲမှာ အနေကျုံ့လာသည်ကို စတင်၍ ငွေလွှန်းပုံ ခံစားလာရသည်။ အသားဖြူဖြူ အနည်းငယ် ခပ်ဖိုင့် ဖိုင့်မျှရှိပါသည့် ဒေါ်လေးသူဇာသည် အိမ်နေရင်းပင် လက်ဝတ် လက်စားတွေ ညွတ်အိနေအောင် ဝတ်ထားသူပါ။ ငွေလွှန်းပုံကို လည်း သိသိသာသာမျှပင် အချိန်ကြာကြာကြီးကြည့်နေလိုက်။ ခုနွေးကြမ်းငှဲ့ပေးလိုက်၊ မုန့်ပွဲကို ရှေ့သို့တိုးပေးလိုက်နှင့်လုပ်နေ တာကလည်း ဟန်ပန်တွေ အတန်မျှ ပိုနေသည်ဟု ငွေလွှန်းပုံ ထင်လာနေသည်။ သူလည်း နည်းနည်းရိပ်မိလာပုံဖြင့် ဒေါ်လေး သူဇာကို ကြည့်ကြည့်လာနေပါပြီ။

သူတို့တစ်ဝရီး၏ ရင်းချာနေထိုင်မှုဆိုတာက သားအမိ မှာပဲ ရှိနေသည်လားမသိ။ ဒေါ်လေးသူဇာ ဆိုတာကတော့ တူ တစ်ယောက်၏အိမ်ပေါ်လာနေသည့် အဒေါ်တစ်ယောက်၏ဟန် မျိုးထက် ကိုယ့်အိမ်ကိုယ့်ရာမှာ အသားတကျ သြဇာသက်၍ နေသည့်ဟန်မျိုး ဖြစ်နေသည်။

BURMESE CLASSIC .com

"စားပါ မိန်းကလေးရဲ့၊ ဒီနွှင်းမကင်းလေး စားပါဦး"

ဟု ပန်းကန်လေးရှေ့တိုးကာ ခက်ရင်းသေးလေး ကို ကိုယ်တိုင်ပေးနေတာမို့ ငွေလွှန်းပုံ မယူ၍လည်း မကောင်း။ စား၍လည်း မကောင်းသည်မို့ ခက်ရင်းလေးဖြင့် နွှင်းမကင်း အစ်တုံးကိုယူ၍ နှုတ်ဖျားမှာ တေ့မည်ပြုခိုက် ...

"နာမည်က ငွေလွှန်းပုံနော်၊ ချစ်စရာလေး၊ တက်လူရဲ့စက်ရုံ မှာ လုပ်တာဆို၊ ဒီစိုင်နာဆို ဖုန်းပြောတုန်းက သားတက်လူ ပြောပြထားပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဖြတ်မေးလာသည်မို့ စားလုလုနန္နွင်းမကင်းတုံးလေးကို ပန်းကန်မှာ အသာပြန်ချထားလိုက်ရသည်က ငွေလွှန်းပုံပါ။ လူကြီးသူမတစ်ယောက်က မေးတာကိုစားရင်း သောက်ရင်းဖြေသည်ဆိုတာက ရိုင်းရာကျသည် မဟုတ်ပါလား။ သူကတော့ မျက်နှာပျက်စပြု...နေပြီ။ ဒေါ်လေးသူဇာကိုလည်း သတိပေးသလို လှမ်းကြည့်နေတာ တွေ့လိုက်ရသည်က ငွေလွှန်းပုံပါ။ ဒါပေမဲ့ ဒေါ်လေးသူဇာက သူ့ကိုမကြည့်ပါ။ ငွေလွှန်းပုံကိုပဲ တပြုံးပြုံးဖြင့် ကြည့်နေပါ၏။

"ဟုတ်ကဲ့ ... ငွေလွှန်း အစ်ကိုလေးရဲ့စက်ရုံမှာ လုပ်တာပါ"

ဟု တရိုတသေလေးပဲ ငွေလွှန်းပုံ ဖြေလိုက်ရပါ၏။

"ဪ ... ကောင်းတာပေါ့ မိန်းကလေးရယ်၊ ဪ နန္နွင်းမကင်း မစားဖြစ်ပဲကိုး၊ ဒါဆို ဒီကျောက်ကျောတုံးလေး စားပါလား၊ အုန်းနို့နိုင်နိုင်နဲ့ဆိုတော့ စားကောင်းမှာပါ၊ စားပါကွယ် ... စားပါ"

ဟု ပြောကာ ကျောက်ကျောပန်းကန်ကို ရှေ့မှာကိုယ်တိုင်ကမ်းပေးရင်း ခက်ရင်းလေးပါ လှမ်းပေးနေတာမို့ ငွေလွှန်းပုံ ခက်ရင်းလေးကို ပြုံး၍ယူလိုက်ရပြန်ပါ၏။ စိတ်ထဲမှာတော့ ပို၍မွန်းကျပ်စ ပြုလာနေပြီ။ စောစောက နန္နွင်းမကင်း မစားဖြစ်သည်က ဒေါ်လေးသူဇာမှ ဖြတ်၍မေးမေးနေတာမို့ မစားဖြစ်ခဲ့ခြင်းပါ။ ခုကျတော့ လူကြီးလုပ်သူက တည်ခင်းဧည့်ခံတာကို မစားဘဲ ခက်ရင်းနှင့် နန္နွင်းမကင်းကို ထိုး၍ပြန်ချထားသလိုကြီး ငွေလွှန်း လုပ်လိုက်သလို ဖြစ်နေရသည်။



ကျောက်ကျောတုံးရောင်စုံ အထပ်လိုက် လှလှပပရှိနေသည်က အပေါ်ယံမှာ အုန်းနို့လေးတွေ အကန့်လိုက်ထပ်ချက်သားဖြင့် ရှိနေခြင်းပါတည့်။ ခက်ရင်းလေးဖြင့် ငွေလွှန်းပုံကျောက်ကျောတစ်လုံးကို ထိုးယူ၍ နှုတ်ခမ်းမှာ တော့လုလုဖြစ်ချိန်မှာ ...

"ဘာနဲ့ ကျောင်းပြီးသလဲ ငွေလွှန်းပုံ"

ဟု ကောက်ကာငင်ကာ ဖြတ်မေးလာတာမို့ ဆောဆောကနယ်ပင် ပန်းကန်ထဲ ကျောက်ကျောတုံးလေးကို ပြန်ချလိုက်ကာ ...

"မြန်မာစာနဲ့ပါ ဒေါ်လေး"

"ဪ ... ဪ ... အဲဒါ ဒီဇိုင်နာလည်း ဝါသနာပါခဲ့တာကိုး"

ဟု ပြောကာ ...

"ဒေါ်လေးသမီးကတော့ တက္ကသိုလ်မှာ ဆရာမလုပ်နေတယ်လေ"

ဟု စကားကိုဆက်သည်။ နောက်တော့ ကျောက်ကျောပန်းကန်ကိုကြည့်ကာ ...

"ဟယ် ... ကျောက်ကျော မကြိုက်ဘူးလား၊ လက်ဖက်သုပ်လေး စားပါဦး၊ ဒါနဲ့ ငွေလွှန်းပုံရဲ့မေမေဆုံးတာ မကြာသေးဘူးဆို၊ အမေက နောက်ယူတဲ့မယားဆို"

ဟု ဗြုန်းစားကြီး မေးချလာတော့ သူ ထရပ်ပစ်လိုက်ကာ ...

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေး ... ကျွန်တော့်ညေ်သည်ကို ဘယ်လိုမေးလိုက်တာလဲ"

ဟု မျက်နှာပျက်ကာ အားနာတကြီး မေးလိုက်ချိန်မှာ ငွေလွှန်းပုံ၏ကိုယ်လေး မတ်သွားသည်။ တည်တည်ငြိမ်ငြိမ်လည်း ထရပ်လိုက်သည်။ သူ ငွေလွှန်းပုံကို မျက်နှာပျက်ပျက်ဖြင့်ကြည့်ကာ ဘယ်လိုမှ ထိန်းမရနိုင်အောင် အသံတွေ တုန်ခါနေရင်း ...

"ပြန်ထိုင်ပါ ... ပြန်ထိုင်ပါ ငွေလွှန်းရယ်၊ ဒေါ်လေးရာ ဘယ်လိုလုပ်လိုက်တာလဲဗျာ"

ဟု မေးလိုက်သည်က အသံတွေ အက်ကွဲနေလျက်ဖြင့်ပါတည့်။

"ဘာသဘောလဲဆိုတော့ မဖြစ်သင့်တာ မဖြစ်ရအောင်တားတဲ့သဘောပဲ သားတက်လူ၊ ဒေါ်လေးရဲ့သားတက်လူညနေဘက် တက်သုတ်နှင်ပြီး အပြင်ချည်းထွက်ထွက်နေလို့ သားရဲ့ကားနောက်ကို ဒေါ်လေး ခပ်လှမ်းလှမ်းကနေပြီးလိုက်ကြည့်တော့ အဲဒီ နှင်းဆီမြိုင်ကိုသွားတာလည်းသိခဲ့ရတယ်၊ နောက်တစ်နေ့မှာ အဲဒီနားက အိမ်နီးနားချင်းကုန်စုံဆိုင်လေးမှာ ပစ္စည်းလေး ဘာလေးဝင်ဝယ်ရင်းစကားစပ်သလို မေးကြည့်တော့ အားလုံးသိရတာပါပဲ၊ သတင်းက ပူပူနွေးနွေးပေကိုး၊ သူ့အမေဆုံးတာ ဟိုဘက်က မယားကြီးသမီးက လာကြမ်းတာတွေကအစ အားလုံးကြားရတာ၊ နာမည်ကလည်း ငွေလွှန်းပုံ ဆိုတာလည်းသိရတယ်၊ ခု အထည်စက်ရုံတစ်ခုမှာ အလုပ်ဝင်နေတယ်လို့



လည်း ငွေလွှန်းပုံအိမ်မှာ အလုပ်ဝင်တာ မကြာသေးတဲ့ ဒေါ်မွှေးဆိုတဲ့ အမျိုးသမီးကြီးက သူ့ဆိုင်မှာ ဘာလေးညာလေး လာဝယ်ရင်း ပြောပြသွားလို့လည်း သိရတယ်တဲ့၊ သူတို့ကတော့ တစ်ရပ်တည်းသားဆိုတော့ ငွေလွှန်းပုံတို့သားအမိဘက်ကပဲ နာကြတာပါ၊ ဟိုဘက်ချမ်းသာတဲ့သူတွေက အရမ်းကိုရိုင်းတယ်ဆိုပြီးတော့တောင် ပြောနေသေးတာ၊ ငွေလွှန်းပုံရဲ့အဖေဟူအမေကွဲအစ်မကို ဆိုပါတော့လေ"

ဟု ပြောလာတော့ သူ မျက်နှာကြီးရဲတက်လာရင်း ...

"ဒေါ်လေး ဘာလို့ ဒီလိုပြောနေရတာလဲ၊ ဒါ ကျွန်တော့်ကို သက်သက်မျက်နှာပျက်အောင်လုပ်တာ၊ ဒါ ကျွန်တော့်အိမ်ဗျ"

ဟု ပြတ်သားစွာ ပြောချလိုက်ပါပြီတည်း။

"အေး ... ငါကလည်း မင်းရဲ့အမေ ငါ့အစ်မမျက်နှာထောက်ပြီး ပြောတာ၊ ငါ့သမီးနဲ့ မင်းကို နေရာချထားပေးချင်တဲ့ မင်းအမေရဲ့ဆန္ဒကိုလည်း ငါသိထားလို့ ပြောတာ"

"ဟာ ... မဟုတ်တာပဲဗျာ၊ ဘာလို့ ထားကို ကျွန်တော်က လက်ထပ်ရမှာလဲ၊ မေမေလည်း ဘယ်တုန်းကမှ ကျွန်တော့်ကို ပြောဖူး မှာဖူးတာ မဟုတ်ဘူး၊ ကျွန်တော် ဆယ်တန်းအောင်မှ မေမေဆုံးတာပါဗျာ၊ ဒီလိုတော့ မလိမ့်တပတ်နဲ့ ကျွန်တော့်ကို ထားနဲ့လက်ထပ်ဖို့ ကောက်ကာငင်ကာဇာတ်လမ်းမဆင်နဲ့ ဒေါ်လေး၊ ဒေါ်လေးက မေမေ့ညီမအရင်းလည်း မဟုတ်ဘူး၊ တစ်ဝမ်းကွဲပါ၊ တော်ပြီဗျာ ကျွန်တော့်ညေ်သည်တွေ ဖိတ်ကျွေးဖို့ စီစဉ်ထားမှန်း သိနေပါရက်

www.burmeseclassic.com

www.burmeseclassic.com



ကယ်နဲ့ ခုလို ဒေါ်လေးကြမ်းတာတော့ မကောင်းဘူး၊ မနက်ဖြန် ဒေါ်လေးပြန်ပါ၊ ပြန်ပါဗျာ၊ ဒါ ဖေဖေ့အိမ်ပါ ဒေါ်လေး ပြန်ပါ”

ပြတ်သားသည်ဆိုရာမှာ တကယ့်ကို ပြတ်သားသည့် သူ့ကို ငွေလွန်းပုံ နားလည်စိတ်ဖြင့် ကြည့်မိရပါ၏။ ဒါပေမဲ့ ရပ်နေသည်ကတော့ ရပ်နေမြဲ။ ရပ်နေဆဲပါ။

“ဟုတ်ပါတယ် ဒေါ်လေး၊ ငွေလွန်းပုံရဲ့မေမေဟာ ဖေဖေ နောက်မှ လက်ထပ်လိုက်ရတဲ့သူ ဖြစ်ပေမယ့် ဖေဖေ့ချစ်ဦးသူ ပါ၊ လူ့ဘဝကြီးမှာ ဆင်းရဲတဲ့သူတွေဟာ တစ်ခါတစ်ခါမှာ လူချမ်းသာတို့ရဲ့ ရက်စက်မှုကို ခံလိုက်ရလေသမျှ မတုံ့ ပြန်ဘဲ သည်းခံလိုက်ကြတာလည်း ရှိကြသလို၊ ကိုယ့်ချစ်သူ ရဲ့ချစ်ခြင်းကို သိနေတဲ့အတွက် အချစ်ကို မြတ်နိုးကိုးကွယ် ရင်း လက်ထပ်လိုက်ရတဲ့သူတွေလည်း ရှိကြတတ်ပါတယ် ဖေဖေနဲ့မေမေ့အိမ်ထောင်ရေးကို ဘယ်သူမှားတယ် ဘယ်သူ မှန်ကြတယ်ဆိုတာ အဲဒီကြာရိပ်ဝေအသိုင်းအဝိုင်းနဲ့ ဖေဖေနဲ့ မေမေ့ဘဝကို ငွေလွန်းပုံ မဝေဖန်ချင်ဘူး၊ အဖြစ်မှန်ကတစ်ခု ပဲရှိပါတယ်၊ ဖေဖေနဲ့ မေမေဟာ ငွေလွန်းရဲ့မိဘနှစ်ပါးပါ ပဲ၊ ငွေလွန်းရဲ့ဖေဖေ ငွေလွန်းရဲ့မေမေကို ဘယ်သူက စော်ကားမော်ကားပြုတာကို မခံနိုင်တာလည်း အမှန်ပါပဲ အဲဒါအမှန်တရားပါ၊ အဖြစ်မှန်ပါ”

ငွေလွန်းပုံ ပြတ်ပြတ်သားသား ပြောချလိုက်ကာ သူ့ကိုလည်းကြည့်သည်။ ငွေလွန်းပုံ၏မျက်ဝန်းလေးတွေ လက် လက်တောက်နေပါ၏။



“အစ်ကိုလေးက ကိုယ့်အိမ်က ကိုယ့်မိသားစုကိုတောင်မှ တာဝန်မယူနိုင်ပဲကိုး၊ ကိုယ့်အိမ်ကလူအကြောင်း စိတ်ထား အကြောင်းကိုတောင်မှ မသိနိုင်ပဲကိုး၊ သောလူကို ကိုယ့် အိမ်ပေါ် ထမင်းစားဖိတ်ပြီး ခုလို အဆက်ဆံခံလိုက်ရတော့ ဘယ်ကောင်းပါ့မလဲ၊ တော်သေးတာပေါ့၊ ဖေဖေတို့ ဦးကြီး သောင်းနဲ့ ဒေါ်ကြီးမွှေးတို့ ရောက်မလာသေးလို့ပေါ့”

ဟု ပြောကာ ခေါင်းခါနေသည့်သူ့ကို တည့်တည့် …တ်မတ်ကြည့်သည်။

“ကျွန်မ အဲဒီမှာ အလုပ်ဝင်ခဲ့တာက ဝါသနာပါတဲ့ဒီဇိုင်းနာ တစ်ယောက်အဖြစ် ခြေလှမ်းခိုင်ခိုင်နဲ့ စချင်လို့ပါ၊ ရပ်တည် ချင်လို့ပါ၊ မေမေဆုံးတဲ့အခါကျတော့လည်း ဖေဖေကအစ စိတ်တွေငြိမ်ပါစေဆိုပြီး အလုပ်ဆက်ဝင်ခိုင်းသလို ပိုင်ရှင် ဖြစ်တဲ့ အစ်ကိုလေးကလည်း တိုက်တွန်းတာလည်းပါပါ တယ်၊ အခုတော့ အဲဒီမှာ ဆက်အလုပ်ဝင်နေရတာဟာ မွန်းကျပ်စေတဲ့နေရာပဲ ဖြစ်စေမယ်ဆိုတာ ခုလောလောဆယ် ရင်ဆိုင်လိုက်ရတဲ့ ဒီမွန်းကျပ်ကျပ်အစားအသောက်ဝိုင်း လေးတစ်ခုဆီက ရလိုက်တဲ့ အတွေ့အကြုံက သင်ခန်းစာ ပေးထားပြီးပါပြီ၊ ကျွန်မ ရှင့်ဆီက အလုပ်လည်းထွက်ပါ တယ်”

ဟု ပြောကာ ခြေလှမ်းကျဲလေးဖြင့် အိမ်ထဲမှထွက် …ာ့ သူ မျက်နှာပျက်ပျက်ဖြင့် သောမှတောက်လျှောက် လိုက် …သည်။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာပဲ ငွေလွှန်းရယ်၊ ပြန်ထိုင်ပါဗျာ၊ ဒေါ်လေးဆို တာက အမြဲနေတဲ့သူလည်း မဟုတ်ပါဘူး၊ သူ့ကိုလည်း ပြန်ခိုင်းလိုက်တာ ငွေလွှန်း ကြားတာပဲ၊ ထားနဲ့ လက်ထပ် မယ်ဆိုတာတွေလည်း မဟုတ်ပါဘူး၊ ဒေါ်လေး ခုလိုကြေညာ လိုက်သလိုကြီး ပြောတာကို ကိုယ်ကဘာလို့ ငြိမ်ခံနေရမှာ လဲ၊ ကိုယ်က ကလေးလေးမှ မဟုတ်တာ၊ သူစီမံတာခံ မှာလား"

သူ့အသွင်က ငွေလွှန်းပုံ အထင်လွဲသွားမှာ အရမ်း စိုးရိမ်ချောက်ချားနေခြင်း။ ဖြေရှင်းနေရင်း ဒေါမှတောက်လျှောက် လိုက်လာကာ ငွေလွှန်းပုံ၏မျက်နှာလေးကို မလွှတ်တမ်းတောက် လျှောက် ကြည့်နေရင်း ဖြေရှင်းနေသည်ကလည်း မျက်နှာကြီး ထိန်းမရအောင် ပျက်နေခြင်းဖြစ်ပါ။

"အဲဒီအိမ်တွင်းရေးကိစ္စတွေနဲ့ ကျွန်မ ဘာမှမဆိုင်ပါဘူး ဦးဘုန်းတက်လူ၊ အဲဒီ ထားနဲ့လက်ထပ်တာ မထပ်တာ ရှင့်ရဲ့ဒေါ်လေးနဲ့ရှင် တူတူဆက်နေမှာ မနေမှာ အဆင်ပြေ တာ မပြေတာ အဲဒီကိစ္စတွေ ဘာမှကျွန်မနဲ့မဆိုင်ပါဘူး ကျွန်မ ဆုံးဖြတ်တာက အခု ကျွန်မပြန်မယ်၊ ရှင့်ဆီ လည်း အလုပ်ထွက်တယ်၊ ဒါပါပဲ"

ဟု ပြောတော့ သူ လက်မခံနိုင်သလို ခေါင်းတွင် တွင်ခါနေသည်။ ပေါ်တီကိုအောက်မှာ ရှေ့မှကာ၍ရပ်သည်။

"ဘာနဲ့ပြန်မှာလဲ ငွေလွှန်းရယ်၊ ကားလည်းမရောက်သေး ဘူး၊ အထဲပြန်ဝင်ပါ၊ လမ်းမီးတွေတောင် ထွန်းနေပြီကွာ"



ဟု မလွှတ်လိုက်နိုင်သလို အတင်းတားနေတော့ ငွေလွှန်းပုံ ခေါင်းလေးမော့၍ သူ့ကိုကြည့်သည်။

"တက္ကစီငှားပြန်မှာပေါ့ ဦးဘုန်းတက်လူရဲ့"

"မခေါ်နဲ့ကွာ၊ ဦးဘုန်းတက်လူလို့၊ မစိမ်းစမ်းပါနဲ့၊ ကိုယ် မင်းအလုပ်ကထွက်မယ်ဆိုတာကိုလည်း လက်မခံဘူး၊ ခု လည်း မလွှတ်နိုင်ဘူး၊ အန်ကယ်တို့လည်း လာကြမှာ၊ ဒေါ်လေး ဘာပြောပြော ဂရုမစိုက်စမ်းပါနဲ့၊ ဒါ သူ့အိမ်မှ မဟုတ်တာ"

"သူ့အိမ်မဟုတ်ပေမယ့် ရှင့်အိမ်ထဲမှာ သူကပြောတာရှင့်၊ ကျွန်မကိုပြောတာ၊ ဘာလို့ ဒီလောက်အတင်းလိုက်တား နေတာလဲ"

ငွေလွှန်းပုံ စိတ်ထဲပေါက်ကွဲလာရလျက် သူ့ကိုမော့ ပစ်ကာ ရှေ့တိုးတော့ သူ ဖွတ်ကြီးရှေ့မှကာ၍ ...

"ဘာလို့လဲဆိုတော့ ငါမှ မင်းကို မခွဲနိုင်တော့တာ"

ဟု စိတ်လှုပ်ရှားစွာ သူပြောချလိုက်ပါသတည်း။

ငွေလွှန်းပုံ ရုတ်တရက် မှင်တက်သွားရကာ သူ့ကို နဲ့ကြည့်မိတော့ သူကလည်း ခေါင်းငိုက်ချရင်း မျက်နှာလေး မလွှတ်တမ်းကြီး ကြည့်နေရင်းမှ ...

"ဟုတ်တယ်၊ ငါ မင်းကို မခွဲနိုင်တော့ဘူး ငွေလွှန်းပုံ၊ မင်း အလုပ်ကထွက်တော့မယ်လို့ ပြောလိုက်တာနဲ့ ငါ ဆောက်တည်ရာပျောက်တော့တာပဲ၊ ရင်ထဲမှာ ချောက်ချား ကုန်တယ်၊ နေလို့ကို မရတော့အောင် ခံစားရတယ်၊ ဒါတွေ ခုလိုဖြစ်လာ ကြုံလာလိမ့်မယ်လို့လည်း ငါလည်း

www.burmeseclassic.com

www.burmeseclassic.com



မထင်ထားမိဘူး၊ ဒေါ်လေးကလည်း လုပ်ပစ်လိုက်ပြ မင်းကလည်း အလုပ်ကထွက်ပစ်လိုက်တော့မယ်၊ ငါ့ကို ... ငါ့ကို ... လှည့်တောင်မကြည့်ချင်လောက်အောင် ခံစား ရင်း ဆုံးဖြတ်ပစ်လိုက်ပြီ၊ ဒါပေမဲ့ ငါက ... ငါက အရူးတစ်ပိုင်း ဖြစ်ကျန်နေရတာ၊ မင်းကို မခွဲနိုင်ဘူးဆို ပိုသိလာရတာ၊ ဒီအဖြစ်ကြီးကို ငါ လက်မခံနိုင်ဘူး ငွေလွှ လက်ခံလို့ကို မရနိုင်ဘူး၊ မင်း ငါ့ဆီက ငါ့ဘဝထဲ ဘယ်ကိုမှ ထွက်သွားလို့ မရဘူး၊ ငါ မခွဲနိုင်ဘူးကွ"

ဟု သူ ဆက်တိုက်ပြောပစ်သည်။ ငွေလွှ ခေါင်းခါသည်။ မျက်ရည်ကျလာသည်။

"ဒါပေမဲ့ ကျွန်မအမေကို စော်ကားမော်ကား ပြောနေ တာကိုလည်း ကျွန်မက ရှင့်အသိုင်းအဝိုင်းထဲမှာ ငုတ်တ ထိုင်နားမထောင်ပေးနိုင်ဘူးရှင့်"

ဟု အော်ပစ်သည်။ သူ့ကိုယ်ကို တွန်းပစ်သ ရှေ့မှကာထားသည့် သူ့ကို ခုလိုတွန်းပစ်လိုက်မိလိမ့်မည်ဟု လွှန်းပုံ ကိုယ်တိုင်လည်း မထင်ထားမိ။ လုပ်မိလုပ်ရာနိုင် တွန်းမိလိုက်ခြင်း။ သူကလည်း ထိုသို့ ငွေလွှန်းပုံ သူ့ကို တွန်းပြေးထွက်သွားလိမ့်မည်ဟု မထင်ထား။ ငွေလွှန်းပုံ တွန်း တာနှင့် ကိုယ်က နောက်သို့ယိုင်သွားသည်။ ထိန်းပေမယ့် ဖင်ထိုင်လျက်ကြီး ကျသွားချိန်မှာ ငွေလွှန်းပုံငိုလျက် ပြေး လာမိရပါပြီတည်း။

သူကလည်း ချက်ချင်းကျုံး၍ထသည်။ နော ပြေးလိုက်လာသည်။



အဖြစ်တွေက ဘယ်သူကမှ ဤသို့ဖြစ်လာကြုံလာ ရချေလိမ့်မည်ဟု မထင်ထားမိ။

ငွေလွှန်းလည်း ထင်မထား။ သူလည်း ထင်မထား။ ခုကျတော့ သူ့ရင်ထဲက မြတ်နိုးခြင်းတွေသည်လည်း ပေါက်ကွဲ ပွင့်ကျလာခဲ့ပြီ။ သူ့အဝန်းအဝိုင်းကို နာကျင်နာကြည်းသည့် ငွေ လွှန်းပုံ၏ ရင်ထဲက စကားတွေကလည်း ပွင့်အန်ကျခဲ့ရပြီးကုန်ပြီ။ အဖြစ်အပျက်က . မြန်ဆန်လွန်းတာမို့ ရင်ဆိုင်နေရရင်းဖြင့်ပင် ယုံပေးလိုက်ရမှာ ခက်နေသည့် ခံစားချက်တွေပင် ရင်ထဲတိုးတိုးဝင် ဝင် ဖြစ်ဖြစ်လာနေရသည်ပါပဲ။

ထိုစဉ်ခိုက် ...။ ခြံတံခါးပွင့်သွားကာ ဖေဖေ့ကား ဝင်လာတာကို ငွေလွှန်းပုံ မြင်ရပါ၏။ မြင်ကွင်းကို ဖေဖေလည်း မြင်ချေမည်သာ။ မောင်းဝင်လာလက်စ,ကားကို ရပ်ပစ်ကာ ဖေဖေ စိတ်ပူလျက် ကားထဲမှ ထွက်လာချိန်မှာပဲ ငွေလွှန်းပုံ ဖေဖေ့ထံ သို့ ရောက်အောင်ပြေးလာမိရသည်။ ဖေဖေ့လက်ကိုကိုင်လိုက်ကာ...

"ပြန်ကြရအောင် ဖေဖေရယ်၊ ပြန်ကြရအောင်"

ဟုပြောသည်က တငိုငိုနှင့်ပေမို့ ဖေဖေ လောလော ဆယ်မှာ ဘာကိုမျှဆက်မမေးတော့ပါ။ ကားရှေ့ခန်းတံခါးကိုဖွင့် ပေးသည်။ ငွေလွှန်းပုံ ဝင်ထိုင်လိုက်တာနှင့် ဖေဖေလည်း ကား မောင်းထွက်လာသည်ပါပဲ။

သူ ပြေးလာနေတာကို ငွေလွှန်းပုံ နောက်ကိုလှည့် ကြည့်ရင်း မြင်လိုက်ရသည်ပါပဲ။ ဖေဖေလည်း စဉ်းစားမရဖြင့် ငွေလွှန်းပုံကိုကြည့်သည်။ စိတ်လည်း ပူလာပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ကုန်တာလဲ သမီးရယ်၊ ဟင် ... ဘာဖြစ်ကုန်တာ လဲ"

ဟု မေးလာချိန်မှာ ငွေလွန်းပုံ ကားနောက်မှီကို မှီချလိုက်ကာ မျက်ရည်တွေ ဖြိုင်ကျလာသည်။

"သူ့အိမ်မှာ ... သူ့အိမ်မှာ ... သူ့ဒေါ်လေးက ငွေလွန်းရဲ့ မေမေ့ကို နောက်မယားဆို ... လို့ ...မေးလာတယ် ဖေဖေ မေမေ့ကိုနှိမ်တာ၊ ငွေလွန်းကိုနှိမ်တာ"

ဟု ပေါက်ပေါက်ကွဲကွဲ ပြောလာသည်။ ဖေဖေ ဖခုံးပေါ် ခေါင်းကိုတင်၍ ကလေးလို ငိုချပစ်လိုက်ရင်းမှ ...

"ဖေဖေ့သမီး ဖြစ်ရတာကို သမီး ဘယ်တုန်းကမှ မျက်နှာ ငယ်တယ်လို့ မထင်ခဲ့သလို မေမေနဲ့ ဖေဖေ လက်ထပ်ခဲ့ ရတာကိုလည်း ငွေလွန်း ဘယ်တော့မှ ဝမ်းမနည်းဘူး ဖေဖေ၊ ဘာလို့လဲဆိုတော့ ဖေဖေနဲ့မေမေ့ကို သမီး နားလည် နေလို့ပါပဲ"

ဟု ပြောနေရင်း ငိုမြဲငိုနေတော့ ဖေဖေ့လက်ချော ငွေလွန်းပုံ၏ဆံစလေးကို ဖေးသပ်ပေးလာပါသတည်း။

ထိုစဉ်ခိုက် ဖေဖေ့လက်ကိုင်ဖုန်း မြည်လာတာ ကားကို လမ်းဘေးရပ်လိုက်ကာ ဖေဖေ ထူးပါ၏။

"လောလောဆယ်တော့ အိမ်ကိုလိုက်မလာပါနဲ့ လူလေး ရယ်၊ သမီး အလွန်ခံစားနေရချိန် ဖြစ်နေတယ်၊ နောက် တော့မှ အေးအေးဆေးဆေး လာတွေ့ပေါ့"

သူ့ထံမှ ဖုန်းဖြစ်နေသည်ဆိုတာ ငွေလွန်းပုံ သိလ ရသည်။ သူ စိတ်ပူ၍ဆက်ခြင်းဆိုတာလည်း နားလည်နေမ သည်ပါပဲ။



"ကိစ္စမရှိပါဘူး လူလေးရယ်၊ အားမနာပါနဲ့၊ လမ်းမှာ တစ်ခုခု အန်ကယ် ဝင်ဝယ်သွားပါ့မယ်၊ နှင်းဆီမြိုင်မှာ တစ်ခုခုလည်း ချက်စားလို့ရတာပဲကွယ်၊ ဟော ... ရှေ့မှာ ဦးသောင်း ကားမောင်းလာနေတာ မြင်နေရပြီ၊ အန်ကယ် လှမ်းတားလိုက်ဦးမယ်"

ဟု ဖေဖေပြောကာ တကယ်လည်း ကားပေါ်မှ ဖေဖေ သုတ်သုတ်ဆင်းရသည်။ တစ်ဖက်ယာဉ်ကြောမှ ရှိနေသည့် ဦးကြီးသောင်း မြင်ရအောင် လှမ်း၍လက်ပြသည်။ ဤဘက်ကို ပြန်လှည့်မောင်းလာပါဆိုသည့်သဘော။

ဖေဖေ ဖုန်းမပိတ်ဘဲ ကမန်းကတန်း ချသွားသည့် ဖုန်းကို ငွေလွန်းပုံ ကောက်ကိုင်လိုက်ကာ ...

"ဘယ်တော့မှ ကျွန်မအိမ်ကို မလာပါနဲ့ ဦးဘုန်းတက်လူ၊ နှင်းဆီမြိုင်မှာ နောက်ထပ် လူချမ်းသာထဲက ဒေါ်သူဇာ ဆိုတာ တက်လာပြီး နှိမ်ပြောတာတွေလည်း မကြားပါရ စေနဲ့တော့"

ဟု ပြောမိစဉ်ခိုက် ...

"အဲသလို မပြောရဘူးလေ ငွေလွန်းပုံ၊ ကိုယ် အဲသလို လည်း ဘယ်တော့မှ အဖြစ်မခံဘူး သိရဲ့လား"

သူ့ဖုန်းကို ခလိုလှမ်း၍ ငွေလွန်းပုံ ပြောလာမည်ဟု ည်း သူ ထင်ထားပုံမရ။ အပြတ်ကြီး ငွေလွန်းပုံ ထပ်ပြောတာ သူ လက်မခံနိုင်သလို အော်ပြောနေတာ ငွေလွန်းပုံဆက်၍ ပြောနိုင်အောင် ရင်ထဲမောလာရတာမို့ ဖုန်းကိုပိတ်လိုက်မိရပါ၏။

www.burmeseclassic.com

www.burmeseclassic.com




ဖုန်းက ဆက်မြည်နေသည်။ ငွေလွှန်းပုံ စက်ပါပိ
ပစ်လိုက်ပါသတည်း။

ငွေလွှန်းပုံ၏အိတ်ထဲမှ ဖုန်းက မြည်လာပြန်သည်
သူပေးထားသော ဟန်းဖုန်းလေး။ ငွေလွှန်းပုံ ထိုဖုန်းလေးကို
စက်ပိတ်ပစ်လိုက်မိရပါသတည်း။

မျက်ရည်ကတော့ ကျနေဆဲ။






www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၁)

ဒေါ်ကြီးမွှေးနှင့် ဦးကြီးသောင်းတို့ ဈေးသွားနေကြချိန်မှာ ခြံရှေ့တံခါး လှူခေါင်းဘဲလ်သံကြောင့် ငွေလွှန်းပုံ အိပ်ရာထဲ ခွေနေရာမှ သက်ပြင်းလေးရှိုက်ကာ ထွက်လာခဲ့ရပါ၏။ ခြံတံခါးကိုကြည့်တော့ ဘယ်သူမှ ရပ်နေတာလည်းမရှိ။ ငွေလွှန်းပုံစိတ်ထဲ ဇဝေဇဝါ ဖြစ်သွားရပါပြီ။ လှူခေါင်းဘဲလ်သံကို အသေအချာတော့ ကြားမိသည်ပဲလေ။

စိတ်ထွေထွေဖြင့် ငွေလွှန်းပုံ မနက်အိပ်ရာထပြီးတာချင်း မျက်နှာသစ်လိုက်တာပဲရှိသည်။ အိပ်ရာထဲ ပြန်ခွေနေမိသည်ပါပဲ။

အဖြစ်စုံကိုလည်း မနေ့ညက ဦးကြီးသောင်းနှင့်ဒေါ်ကြီးမွှေးတို့လည်း ငွေလွှန်းပုံ ပြန်ပြောပြသည်မို့ အားလုံးသိထားကြသည်။ ဒါကြောင့်လည်း ငွေလွှန်းပုံအတွက် ကော်ဖီတစ်ခွက် အိပ်ခန်းထဲထိ လာပို့ကာ ...

"ဘာမှမစားဘဲမနေနဲ့ မိန်းကလေးရယ်၊ ကော်ဖီလေးတော့ သောက်လိုက်နော်၊ ဒေါ်ကြီး ဈေးခဏသွားလိုက်ဦးမယ်၊

www.burmeseclassic.com

www.burmeseclassic.com



သမီးကြိုက်တဲ့ မုန့်ဟင်းခါးလည်း ချိုင့်နဲ့ဝယ်လာခဲ့မယ်
သိလား၊ အဲဒီတော့မှပဲ ဦးကြီးရော ဒေါ်ကြီးရော သမီးနဲ့
တူတူစားကြမယ်လေ ဟုတ်ပလား၊ ငါးဖယ်ဆုပ်ရယ်
ပဲကပ်ကြော်ရယ်၊ ဘူးသီးကြော်ရယ်လည်း များများထည့်
လာခဲ့မယ်လေ ... နော်"

ဟု ဘာမှုစားချင်သောက်ချင်စိတ် မရှိဘဲ ဖြစ်နေ
သည့် ငွေလွန်းပုံ၏အဖြစ်ကို ရိပ်မိနေတာမို့ ချော့မော့ပြောလည်း
ပြော။ ကော်ဖီလည်း စောင့်တိုက်ပြီးမှ ဦးကြီးသောင်းနှင့်အတူ
ကားဖြင့်ဈေးသို့သွားကြခြင်းပါ။

ခုကျတော့ ဘဲလ်သံတော့ မြည်ခဲ့သည်။ လူကျတော့
မရှိနေ။ ငွေလွန်းပုံ ခေါင်းလေးခါလိုက်မိသည်က စိတ်ပျက်လက်
ပျက်လေးပါ။ အကြားအာရုံတွေလည်း မသေမချာတွေဖြစ်က
ချေပြီလားမသိ။ စိတ်ညစ်ညစ်ဖြင့် မနေ့ညကလည်း တော်တော်
နှင့် အိပ်၍မရခဲ့။ ခေါင်းတွေကိုက်နေတာလည်း အမှန်။

အိမ်ထဲပြန်ဝင်ကာ အိပ်ရာထဲလှဲမနေချင်တော့တာ
ဧည့်ခန်းမှာ ငြိမ်၍ထိုင်နေမိသည်က ငိုင်တွေတွေလေးပါ။

"ငါ အလုပ်မဆင်းရင် ယုယုခများ အားတော့ငယ်ရှာ
မတတ်နိုင်ပါဘူးလေ၊ အဲဒီအဝန်းအဝိုင်းနဲ့ ကင်းမှဖြစ်
မို့ သူပိုင်တဲ့စက်ရုံမှာ ငါ အလုပ်မလုပ်တာ အကောင်း
ပါပဲ"

သူ့ဒေါ်လေး၏ နှိမ့်ချကြည့်တွေကို မေ့၍မရနိုင်
ဖြစ်နေတာက ရင်ကိုအနာကျင်ဆုံး ဖြစ်နေစေသည်။ အခံရ
နေစေသည်။ မနက်ဆိုလျှင် အလုပ်သွားဖို့ စိတ်လေးဆောင်လ



ရှိနေခဲ့သည့် မနေ့က မနက်ခင်းဆီမှ ခံစားချက်တွေ ပျောက်ဆုံး
နေကြသည်။

"အဲဒီနေရာကို ငါ သွားမိခဲ့လေခြင်း၊ အဲသလို စိတ်ထားရှိ
တဲ့ မိန်းမကြီးတစ်ယောက်နဲ့ ပတ်သက်တဲ့စက်ရုံမှာ အလုပ်
ကိုသွားလျှောက်မိခဲ့လေခြင်း"

ဟု ခံပြင်းစိတ်နှင့် ယူကျုံးမရ မချင့်မရဲကြီး ဖြစ်
နေရသည်ကလည်း ခံစားရချက်ကို ဆိုးဝါးပြင်းထန်နေစေသည်
ပါပဲ။ အကြိတ်အခဲကြီးတစ်ခုသည် ရင်နှင့်မဆန့်အောင် လာ၍
ခြိုကုပ်နေရာယူထားသည့်အဖြစ်။

ထိုစဉ်ခိုက် ထပ်၍ လူခေါ်ဘဲလ်မြည်လာပြန်ပါ၏။
သည်တစ်ခါတော့ နားကြားမလွဲတာ သေချာနေပြီ။ ဝရန်တာနေရာ
လေးဆီမှ ခြံတံခါးသို့ ကြည့်တော့လည်း လူရှိမနေ။ စိတ်ထဲတို
သွားသည်။

အစကတည်းက စိတ်က ကြည်လင်အေးချမ်းနေတာ
မဟုတ်။ စိတ်လက်ညစ်နေကာ၊ ခံပြင်းကြေကွဲခြင်းတွေက မာန
ကို လာလာဆွနေချိန်။

"အရေးထဲ ဘယ်သူများ ဒီဘဲလ်ကို ရှုတ်နောက်နောက်နဲ့
လာလာနှိပ်နေပါလိမ့်၊ ကလေးတွေထဲကဖြစ်မှာ"

စိတ်မြန်လက်မြန်လေး ခြံစည်းရိုးတံခါးသော့ကို
ငွေလွန်းပုံ သွားယူသည်။ တံခါးဖွင့်၍ ချက်ချင်းကြည့်ရမည်။
တံခါးအကွယ် အုတ်ခြံစည်းနေရာမှာ ချာတိတ်လေးတစ်ယောက်
ယောက်။ ဒါမှမဟုတ် အပေါင်းအဖော်နှစ်ယောက် သုံးယောက်
လောက်ဖြင့် ပုန်းကွယ်နေတာမျိုးကို လက်ရဖမ်းပစ်လိုက်မည်။

www.burmeseclassic.com

www.burmeseclassic.com



ငွေလွန်းပုံ ခြံစည်းရိုးတံခါးကို သော့ဖွင့်သည်။ တံခါးရွက်ကို ခပ်သွက်သွက်လေးဖွင့်ကာ ကိုယ်လေးအလော တကော ခြံပြင်ထွက်ကြည့်လိုက်တော့ မှင်တက်သွားရပါပြီ။

ဘုရားရေ ...။ ဈေးခြင်းပြာပြာကိုဆွဲလျက် မျက်နှာ မလန်းဘဲ အုတ်ခြံစည်းရိုးအကွယ်မှာ ရပ်နေပါသည့်သူ။ ငွေလွန်းပုံ ကို မျက်နှာညှိုးနေရင်း တောင်းပန်သလိုကြည့်နေတာနှင့် ပက်ပင်း ကြီး သွားတိုးရချေကောလေ။ ဤသို့ ... မျက်နှာအရမ်းညှိုးနေ သည့်အဖြစ်မျိုး သူ့ထံမှာ တစ်ခါဖူးမျှ ငွေလွန်းပုံ မတိုးခဲ့ရဖူး။ တည်ငြိမ်အေးချမ်းစွာ ရှိနေတတ်လျက်။ ဘဝကို ကျေနပ်တည်ကြည် စွာ ဖြတ်သန်းနေသည့် သူတစ်ယောက်၏ ဟန်ပန်မျိုးကိုသာ တွေ့ခဲ့ရသည်က သူနှင့်ကြုံဆုံရချိန်များမှာပါ။ ပြီးတော့ ... ခြော် ပြီးတော့ ... ငွေလွန်းပုံ၏ဘဝလေးကို စာနာနားလည်ရင်း ကြင်နာ စွာဖေးကူကြည့်တတ်ပါသည့် နူးညံ့သောအကြည့်များ။ သိမ်မွေ့ သောအကြည့်များ။ ထိုအရာများကို ငွေလွန်းပုံ သူ့ထံမှာတွေ့ခဲ့ ရဖူးသည်။

ခုကျတော့ သူ့အသွင်က အရမ်းကို ထိထိခိုက်ခိုက် ဖြစ်နေသည့်ဟန်။ ညှိုးနေသည့်မျက်နှာ။ တောင်းပန်သည့်အကြည့် ကြေကွဲနာကျင်နေသည့်အရာတွေ စွန်းထင်းနေသည့် သူ့မျက်နှာ ထိုအရာများကို ငွေလွန်းပုံ ခုလိုရင်ဆိုင်တိုးလိုက်ရတော့လည်း ရင်ထဲမှာ မကောင်းချင်။ ထူးဆန်းသည်က သူ့လက်ထဲမှာ ဈေး ခြင်းတစ်ခြင်း ဆွဲပါလာခြင်းပါတည့်။ ခပ်လှမ်းလှမ်းနေရာမှာ ရပ်ထားသော သူ့ကားကိုလည်း လှမ်းမြင်လိုက်ရသည်။ ကြည့် တာ ကားကို တမင်တကာ ခပ်လှမ်းလှမ်းမှာ ရပ်ထားခဲ့တာဖြစ်



ည်။ အိမ်ရှေ့မှာ ကားရပ်လိုက်သံမျိုးကြားလျှင် သူလာတာဖြစ် ည်ဟု နားလည်ကာ ခြံတံခါးဖွင့်မပေးဘဲ ထားလိုက်မှာကို း ရိမ်နေတာလည်း ဖြစ်ချေမည်။

ခုလည်း ခြံတံခါးဘဲလ်ကိုနှိပ်ပေမယ့် လူရိပ်လူယောင် မပြဘဲ ခြံစည်းရိုးမှာ ကွယ်ရပ်နေခြင်း။

ထိုမျှ တည်တည်ငြိမ်ငြိမ်၊ ရင့်ရင့်ကျက်ကျက်ဟန် န်တွေဖြင့် စက်ရုံကြီးကို ကြီးကြပ်နေပါသည့် သူတစ်ယောက်ထံ ာ ခုလို ကလေးဆန်သော အပြုအမူမျိုးကို တွေ့ရချေလိမ့်မည် ု ထင်စရာကိုမရှိ။ ခုတွေ့နေရသည်က အပြစ်မကင်းသော ာလေးတစ်ယောက် နိုးကြောင်ခိုးဝှက်လေး လာရပ်နေကာ တောင်း န်နေတာမျိုး ဆန်နေသည်။

ရုတ်တရက်ကြီး တွေ့လိုက်ရတာမို့လည်း ငွေလွန်းပုံ င်း လောလောဆယ်မှာ သူ့ကို ဘာပြောရမှန်းမသိနိုင်ဘဲ မှင်တက် ာငေးကြည့်နေမိရသည့်အဖြစ်။ သူကလည်း ဘာမျှမပြောသေး။ က်တောင်မခတ်မျှ ငွေလွန်းပုံကို တိတ်ဆိတ်ကြေကွဲစွာကြည့်နေ ည်။

ငွေလွန်းပုံ သူ့ကိုမော့ကြည့်နေရာမှ အကြည့်က ဆွဲထားသော ဈေးခြင်းတောင်းဆီသို့ နားမလည်နိုင်ဘဲ ရောက် ားရပြန်၏။ ဈေးခြင်းထဲမှာ ပြည့်နေသည်။ အသီးအရွက်လည်း သည်။ ဘာတွေလဲ ... ဆိုသည့် အတွေးဖြင့် သူ့ကိုထပ်ကြည့် က်ချိန်မှာ သူ့မျက်နှာထက်မှာ တွေ့လိုက်ရသည်က စောစော နှင့်မတူတော့ပြန်။ ပေကပ်ကပ်။ ခေါင်းမာရိပ်တွေဖြစ်နေပြန် ည်။ ရုတ်ခနဲ ငွေလွန်းပုံကိုဖြတ်၍ ဘယ်လိုမှ မတားနိုင်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



နိုင်မီမှာပဲ ခြံတွင်းသို့ သူဝင်သွားတော့ ငွေလွှန်းပုံ သတိဝင်လာ ကာ နောက်မှ ကသုတ်ကရက်လေး လိုက်သွားမိကာ ...

"ဘာလာလုပ်တာလဲ ဦးဘုန်းတက်လူ၊ ကျွန်မ ရှင့်ဆီမှာ အလုပ်လည်းမဆင်းတော့ဘူးရှင့်၊ ရှင်နဲ့ ကျွန်မ ဘာမှပတ် သက်စရာကို မရှိတော့တာ၊ အို ... အို ... ခုမှသတိရတယ် ရှင်ပေးထားတဲ့ ဟန်းဖုန်းလေးလည်း ပြန်ပေးလိုက်မယ်"

ဟု ပြောနေရင်းမှ သူ့ကို မျက်မှောင်လေးတွန့်၍ လည်းကြည့်သည်။ ခြေလှမ်းကျဲကြီးဖြင့် လျှောက်နေသည့် သူ့ခြေ လှမ်းတွေနှင့်အပြိုင် ခပ်သုတ်သုတ်လေး ငွေလွှန်းပုံ အမောတကော လေးလည်း အမီလိုက်လာမိရပါ၏။ သူကတော့ ဘာကိုမှမပြော ဧည့်ခန်းကိုဖြတ်၍ မီးဖိုဆောင်ဘက်သို့ ဟန်းတန်းမတ်မတ်ကြ ပိုင်စိုးပိုင်နင်းနိုင်စွာ ဝင်သွားတော့ ငွေလွှန်းပုံ နားမလည်ချင် တွေးမရနိုင်။

ဒါပေမဲ့ လောလောဆယ်မှာက သူ့ဟန်းဖုန်းလေ တစ်ပါတည်းပြန်ထည့်ပေးလိုက်ချင်သည့်ဇောက ဝင်လာတာ အိပ်ခန်းထဲပြေးဝင်ကာ ဖုန်းလေးကို ဖုန်းအိတ်လေးနှင့်အ ချက်ချင်းယူသည်။ မီးဖိုဆောင်ထဲမှာ ဘာလုပ်ဖို့ရောက်နေသ မသိရသေးသည့် သူ့ထံသို့လည်း ပြေးသွားမိရပါ၏။

မြင်ကွင်းကို မှင်တက်၍ ကြက်သေ,သေလေး လွှန်းပုံ တွေ၍ကြည့်မိနေရပါပြီ။ ဈေးခြင်းထဲမှ ဝယ်လာသမျှ ကို မီးဖိုချောင်ရှိ စားပွဲရှည်ကြီးပေါ်မှာ သူတင်နေသည်။ ကိုင် သားကြက်သား၊ ငါး၊ အသီးအရွက်တော်တော်များများ နေပြီ။ နောက်ထပ်စားပွဲပေါ် တင်နေသည်က ဆီပုလင်း၊ ငံပြာ



ပုလင်း၊ ဟင်းခပ်အချိုထုပ်။ သူ့ကိုကြည့်လိုက်တော့လည်း ခပ်တည် တည်ပဲ ဖြစ်နေသည်။ ပုံစံကိုက ပေတိပေကတ်နိုင်နေသည့်အချိုး။ ငွေလွှန်းပုံ ဘယ်လိုပဲ ပြန်ခိုင်းခိုင်း နားထဲကိုထည့်မထားပဲရှိနေ ည့်အချိုး။

ဇလုံတစ်လုံးကိုသွားယူကာ ဈေးထဲကတည်းက တုံး ဝယ်ယူခဲ့ဟန်တူသည့် ကြက်သားနှင့် ငါးတွေကို ဇလုံတစ်လုံး မှာ ထည့်နေသည်။

"ဘာလုပ်မလို့လဲ ... ဒါတွေက"

အတင်းနှင်ထုတ်ဖို့ မေ့ကျနေရလျက် နားမလည်နိုင် ဘဲ ဖြစ်နေရင်း ငွေလွှန်းပုံ မေးတော့ သူ ကြည့်လာသည်က လုပ် ချင်ရာကို နောက်မဆုတ်စတမ်း လုပ်ကိုလုပ်မည်ဆိုသည့် ခေါင်း မာအကြည့်ဖြင့်ပါ။

"ဟင်းချက်မလို့လေ၊ မနေ့က မင်္ဂလာမွေးဖြစ်ခဲ့ရတဲ့ကိစ္စ ဒီနေ့မှာ ကျွေးမွေးဖြစ်ဖို့ဆိုတာက ဒီမှာကိုလာချက်မှ ဖြစ် တော့မှာ သိနေတာမို့ လာချက်တာ"

ဟု ပြောလာတော့ ပါးစပ်လေးဟသွားရင်း ဘာ က်ပြောရမှန်းပင် မသိအောင် အံ့သြစိတ်ဖြင့် ကြည့်လိုက်ရသည် ငွေလွှန်းပုံ ကိုယ်တိုင်ပဲ ဖြစ်သွားရပါ၏။ သူကတော့ ပလတ် စ်ဆန်ခါခြင်းတစ်ခုထဲ ကြက်သွန်နီတွေထည့်၍ အခွံခွာသည့် လုပ်ကို စတင်နေပြီ။

"ဘာလဲ ... ဘာလဲ ... မနေ့က ကျွန်မ အဲဒီကမစား သောက်ဘဲ ထွက်ခဲ့တဲ့ကိစ္စ၊ ဒီနေ့မှာ အစားထိုးပြီးလာကျွေး တာလား၊ မစားဘူးဆိုရင် မစားဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



နောက်မှ သတိဝင်လာကာ ငွေလွှန်းပုံ ခေါင်းလေး မော့၍ အော်ပြောပစ်တော့ သူကလည်း အားကျမခံ လက်ထဲမှစား ကို စားပွဲပေါ်ချကာ ...

"မစားလို့တော့ မရဘူးကွ၊ မနေ့ညက တစ်ညလုံး ကိုယ် အိပ်မပျော်ဘူး နားလည်ရဲ့လား၊ ဘယ်လောက် မျက်နှာ ပျက်ခဲ့ရတဲ့ပွဲလဲ၊ လူကို နေမထိထိုင်မသာနှင့် ဆောက်တည် ရာ ပျောက်နေတာ ငွေလွှန်းပုံ၊ နည်းနည်းလေးလောက် တော့ စာနာပေးစမ်းပါ။ လူက ရူးချင်ချင် ဖြစ်နေပြီ သိ ရဲ့လား"

"အံမယ် ... တပြန်တလဲ လာမအော်စမ်းပါနဲ့၊ ငွေလွှန်း ဘက်က အပြောခံ အဆိုခံနဲ့ ပြန်လာရတာပါ၊ ဒီမယ် ... ငွေလွှန်းက မှတ်ပြီဆိုရင် အသေမှတ်တဲ့သူမျိုး၊ ရှင့်လက် ရာလည်း မစားဘူး၊ ကျွန်မအိမ်မှာ ဘာကိစ္စနဲ့ လာချက်ပြုတ် နေရတာလဲ"

တစ်ယောက်တစ်ပြန် အော်နေရင်းဖြင့် ရှိနေရာ ဖျတ်ခနဲ သတိဝင်လာကာ ငွေလွှန်းပုံ သူ့ကိုကြည့်လိုက်မိရပါပြီ

"နေစမ်းပါဦး၊ ရှင်က ချက်ပြုတ်ကျွေးမွေးမယ်တွေ ဘာ တွေ လုပ်နေရအောင် တကယ်ရော ချက်ပြုတ်တတ်လို့လာ သူဌေးက"

ဟု မေးမိရပါ၏။ ဟုတ်သည်လေ။ မစားနိုင်ပါ ပြုတ်ပြုတ်ကြီး အသည်းအသန်ငြင်းနေဖို့ပဲ ဇောတင်ထားမိသည် ကိစ္စ။ နောက်ကျတော့မှ တွေးမိလာရသည်က ဘယ့်နှယ်လုပ်



သူက ချက်ပြုတ်တတ်နိုင်ပါမည်တဲ့လဲ။ ဟုတ်ဟုတ်ညားညား ဈေးတွေဘာတွေဝယ်လာသည့် သူ့ကို ခုကျတော့မှ ဤမေးခွန်း မေးဖို့ ငွေလွှန်းပုံ သတိရလာမိရခြင်းပါ။ သူကလည်း မခေ။ ဆွဲခြင်းအောက်ဆုံးမှာ ပါလာသည့် ပလတ်စတစ်အိတ်ကြီးတစ် အိတ်ကိုယူသည်။ ပလတ်စတစ်အိတ်ထဲမှ ထုတ်ပြလာသည်က ချက်နည်းပြုတ်နည်းစာအုပ်ပါတကား။

မျက်နှာလေး တင်းမှုန်ထားရင်း စိတ်တွေနောက်ကျိ သွေးဆူနေသည့်ကြားထဲမှ စာအုပ်ကြီးကိုကြည့်ရင်း ငွေလွှန်းပုံ ရယ်ရမလို တည်ရမလိုပင် အူကြောင်ကြောင်ကြီး ဖြစ်သွားရပါပြီ။ သူကတော့ စာအုပ်ကို ခပ်ကြွားကြွား မြှောက်ပြကာ ...

"ကိုယ် စာတတ်တာပဲ ဥစ္စာ၊ အဲဒီထဲကဥစ္စာတွေကို ဖတ် ကြည့်ပြီး ချက်မှာပေါ့ကွ၊ စိတ်မပူစမ်းပါနဲ့၊ ဟင်းတော့ ဖြစ်မှာပါ"

ဟု ကိုယ်ချက်မည့်ကိစ္စ ပြန်၍အာမခံနေသည့် သူ့ ကို စိတ်မောလက်မောဖြင့်ကြည့်ကာ ဘာဆက်ပြောရမှန်းမသိ အောင် တစ်ချက်တော့ ငွေလွှန်းပုံ ငြိမ်ကျသွားရသည်။

သူကတော့ စာအုပ်ကို အကျသားဖွင့်၍ ပဲသီးတောင့် တွေကို ရေဆေးနေသည့်အလုပ်ကို စာအုပ်ထဲဖတ်လိုက်။ စတင် လုပ်လိုက်နှင့် ရှိနေသည့်အဖြစ်။ ပဲသီးတောင့်တွေကို အတောင့် လိုက်လေးတွေ လှီးနေသည်ကလည်း လက်တစ်ဆစ်စာ၊ တစ်ဆစ် စာကိုတိုင်း၍ လှီးနေခြင်းပါ။ လှီးနေရင်းမှ ငွေလွှန်းပုံကိုလည်း ... ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"စာအုပ်ထဲမှာ အဲသလို ရေးထားတယ်ကွ၊ ပဲသီးတောင့်လေးတွေကို ရေစင်စင်ဆေးပြီးရင် လက်တစ်ဆစ်စာညီညီ ညာညာလှီးပါတဲ့"

မီးဖိုဆောင်ကိစ္စ မလုပ်တတ် မကိုင်တတ်နှင့် ရှိ[...] သမျှ စာအုပ်ထဲက ရေးထားတာတွေကို ကြည့်၍ ကြည့်၍ သ[...] များမီးဖိုဆောင်မှာ ပိုင်စိုးပိုင်နင်း လာချက်နေသည့်သူ့ကို တား[...] လည်း ရတော့မှာမဟုတ်တာကို နားလည်စပြုလာသည်က ငွေလွှ[...] ပုံပါ။ တား၍လည်း မောရုံပဲ အဖတ်တင်မည်။ သူကတော့ ပြ[...] မည့်ပုံကိုမပေါ်။

စိတ်မောကိုယ်မောဖြင့် ကုလားထိုင်မှာ ခြေပစ်လ[...] ပစ်လေး ငွေလွှန်းပုံ ထိုင်ချလိုက်ကာ သူလုပ်သမျှကို ထိုင်ကြ[...] နေမိရသည်။

"မနက်ဖြန် ... အလုပ်ပြန်ဆင်းပါ ငွေလွှန်းပုံ၊ မင်းမရှိ[...] ကိုယ်မနေတတ်တော့ဘူးကွ၊ အဲဒါကို သိနေတဲ့စိတ်[...] အသိက အရမ်းကို ရင်ထဲမှာ ဒုက္ခပေးနေတယ်၊ မင်းမ[...] တော့မှာကို မခံနိုင်ဘဲဖြစ်နေတယ်"

ပဲသီးတောင့်တွေကို လှီးနေရင်း ငွေလွှန်းပုံကို [...] ကြည့်ကာ ပြောနေတော့လည်း ဘာမှကို ပြန်မဖြေဘဲ ပေ[...] ကြည့်ပစ်လိုက်သည်ပါပဲ။ သူလှီးနေသည့် ပဲသီးတောင့်တွေက[...] ပြီ။ သုံးဆယ်သားလောက်ရှိမည်။ ဘယ့်နှယ်လုပ်၍ ကုန်[...] စားနိုင်ပါမည်တဲ့လဲ။ သူကတော့ မုန်လာဥနီသုံးဥကိုထုတ်[...] အခွံခွာနေပြန်၏။ ရေစင်စင်ဆေးကာ ဘောဆောင်းတွေလှီးပြန်သ[...]



"ကြက်သည်းကြက်မြစ်နဲ့ အစိမ်းကြော် ကြော်မှာလေ၊ စာအုပ်ထဲကအတိုင်း ဆိုပါတော့၊ ဟော့ ... နည်းနည်းလာ လုပ်ကူပါလားကွ"

အံမယ် ...။ ငွေလွှန်းပုံ တစ်ချက်ငြိမ်နေတာလေးပဲ ရှိသေးသည်။ သူက အာတွေဘာတွေ ရွှင်လာနေပြီ။ အာချောင်နေပြီ။ လာ၍လုပ်ကိုင်ကူဖို့တွေ ဘာတွေ လှမ်း၍စကားခေါ်နေသည့်အဖြစ်။ ငွေလွှန်းပုံ ခေါင်းလေးခါလျက် ...

"ရှင့်ကိုပြောရတာ မောလို့ နားနေတာရှင့်၊ ရှင် ချက်ချင်ချက်လေ၊ ကျွန်မစားဖို့ လုံးဝစိတ်ထဲမပါဘူးဆိုတာ ကြိုပြောထားပါရဲ့"

ဟု ပြောနေတော့လည်း နားမပါသည့်အတိုင်း ပြန်၍ မုန်လာဥနီတွေကို ဆက်လှီးနေသည်။ နောက်ထပ်ထုတ်လာသည်က မုန်ညင်းရွက်။ ရေစင်စင်ဆေးကာ လက်နှစ်လုံးစာ [...]က်နှင့်တိုင်းတိုင်းပြီး လှီးပြန်သည်။ နောက်ထပ် ပဲပြားကိုထုတ်သည်။ ရေဆေးပြန်သည်။ လက်တစ်လုံးစာတွေ လှီးပြန်သည်။ [...]ထားတာကလည်း နည်းနည်းနောနောမဟုတ်။ စာအုပ်ထဲမှာ [...]းထားသည့်အတိုင်း အလေးချိန်တွေ အတိအကျ ဝယ်လာသည် [...]းလားမသိ။ ထိုအစိမ်းကြော်တစ်အိုးသည် ဘေးအိမ်တွေပင်ဝေ၍ [...]နိုင်မည့်ပုံ ဖြစ်နေပြီ။

"ချက်ပေါ့ ... ငါလည်း စားမှာမဟုတ်ဘူး"

ဟု အမြင်ကတ်ကတ်ဖြင့်တွေးကာ ငွေလွှန်းပုံ မီးဖို[...]င်းသို့ထွက်လာတော့ သူ နောက်ကလိုက်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပစ်မထားနဲ့လေ၊ နည်းနည်းပါးပါးတော့ ဘေးကထိန်း ပေးပေါ့ ငွေလွန်းပုံရဲ့၊ ချက်တတ်လို့ လာချက်တာမဟုတ် မှန်းလည်း သိရက်နဲ့ဗျာ၊ လာပါ ... လူပဲထိုင်နေ၊ စကား မပြောချင်လည်းနေ၊ ငါ့နားမှာ လူတစ်ယောက်တော့ ရှိ ပါလားဆိုတာလေးလောက် ခံစားနေရရင် တော်ပါပြီ"

ဘယ်လိုမှန်းကိုမသိ။ စိတ်ညစ်ဖို့ပင် ကောင်းနေသေ သည့်အဖြစ်။ ဘေးမှာရပ်ရင်း တစောင့်စောင့်နှင့် ခေါ်နေတော ငွေလွန်းပုံ ပြန်မလိုက်၊ ချင်း ပေကပ်ကပ်ခေါ်နေမှာ သိတာ ခေါင်းကိုစိုက်ပစ်ကာ ...

"ဘာမှန်းကို မသိကော့ဘူး၊ စိတ်ညစ်ပါရဲ့"

ဟု ညည်းကာ မီးဖိုထဲဆောင့်အောင့်၍ လိုက်လ ရပြန်ပါ၏။ ထိုအမှ သူပြုံးသွားကာ ရောရောရှုရှုလေလေး ၍ ဘေးကပါလာသည်။

ငွေလွန်းပုံ တဖြည်းဖြည်း နားလည်စပြုလာသည် သူ ချော့နေခြင်း။ ဟုတ်သည်။ မနေ့ကအဖြစ်အပျက်တွေအတွ ငွေလွန်းပုံ ထိခိုက်ခံစားသွားရလေသမျှ ...။ သူ အရမ်းကို ထိခိုက်သည် ဆိုတာ ကိုတော့ ငွေလွန်းလည်းသိနေသည်။ သူ ငွေလွန်းစိတ်ထဲပြေသွားအောင် လုပ်မိလုပ်ရာလေးလုပ်လျက် ထမင်းပြန်လာချက်ကျွေးပြနေရင်း ချက်ကျွေးပေးနေရင်းဖြင့် မော့နေခြင်း။

"သနားလာမလားလို့ ကြိုးစားနေရတာပါဗျာ၊ ခုထိ သနားရမယ့်သူက သနားဖော်လေးတောင် မရနိုင်သေ ဘူး"



ဟု ခပ်ညည်းညည်း သူ ပြောနေတော့ ငွေလွန်းပုံ းမပါသလိုပဲ ငြိမ်နေလိုက်ရပါ၏။ သူက မီးဖိုခန်းရှိချိတ်တိုင် လေးမှာ ရှိနေပါသော မီးဖိုဆောင်သုံး ရင်ကာအဝတ်အကွက်လေး ကို သွားယူကာ ခေါင်းမှလျှိုချသည်။ လက်တွေဘာတွေလဲ လျှို ိုက်သေးသည်၊ နောက်တော့ ခါးစည်းကြိုးကိုစည်းသည်။ ပုံစံကိုက းဖိုမှူးပုံ။ လုပ်နေတာကလည်း ငွေလွန်းပုံကို တကြည့်ကြည့်နှင့် ုပ်နေခြင်း။ ငွေလွန်းပုံ စိတ်ဆိုးပြေမပြေဆိုတာကို လှမ်းလှမ်း ကဲခတ်နေမှန်းလည်း သိနေရပါ၏။ ဒါပေမဲ့ ငွေလွန်းပုံ ရင် မှာ ခံခဲ့ရသည်က တော်ရုံနာကျင်မှုမျိုး မဟုတ်နေတာမို့ ...။ ပြဖို့တော့ ခက်နေသည်။ သူ့နှုတ်မှပြောတာ မဟုတ်ပေမယ့် ခေါ်လေးမှ ပြောသည့်စကားတွေက မေမေ့ကိုလည်း စော်ကား စော်ကားနိုင်နေသည်ပဲလေ။ ဒါကိုအခံပြင်းဆုံး။ မနေ့ညနေမှာ ခဲ့ရသည့်အဖြစ်သည် မေ့ရက်စရာကို မရှိသည့်ကိစ္စ။ ခုလို င်းလာပြန်ချက်ကျွေးတာ တစ်ခုဖြင့်ပင် ငွေလွန်းပုံက စိတ်ထား း ခပ်ပျော့ပျော့ဖြင့် အရည်ပျော်ပါသွားရမည်တဲ့လား။ မခံချင့် ကာ မာနနှင့်အတူ ခေါင်းမော့တက်လာနေပြီ။

အကျႌအိတ်ကပ်လေးထဲ ထည့်ယူလာပါသည့် ဖုန်း ကို ပြန်သတိရလာလျက် ...

"ရော့ ... ရှင့်ဖုန်း၊ အပြန်ကျရင် တစ်ပါတည်းပါသွား အောင် ခုကတည်းက ပေးထားလိုက်ပါရဲ့၊ ကျွန်မ ရှင့် ပစ္စည်း ရှင့်လက်ထဲ ပြန်အပ်ဖို့ လိုနေတာ၊ တစ်ခါတည်း အပ်လိုက်ပါရဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလည်းပြော။ စားပွဲပေါ် ဟန်းဖုန်းကိုတ... ပေးလိုက်တော့ သူ လှည့်ကြည့်ဖော်ပင်မရ။ ဒယ်အိုးကို မီးဖိုပေ... တင်နေသည်။ လျှပ်စစ်မီးခလုတ်ကိုဖွင့်သည်။ ဆီပုလင်းထဲမှ ... ကိုလောင်းထည့်နေသည်။

ဆီပူလာတော့ ကမန်းကတန်း ပြန်၍မီးပိတ်ပြ... သည်။ ခုမှ သတိရသည့်နှယ် စာအုပ်ကို ပြန်ဖတ်ပြန်၏။ ဆား... နနွင်းနှင့် အရောင်တင်မှုန့်ဖြင့် ငါးတွေကို နယ်နေသည်။

"မေ့သွားတယ်ကွာ၊ အဲဒါကို အရင်လုပ်ပြီးမှ လျှပ်စစ်မီး... မီးကို ခလုတ်ဖွင့်ရမှာ၊ ဟိုမှာ ဆီကပူနေပြီ၊ အစကတည်း... က မလုပ်တတ်ရတဲ့အထဲ ဘောကနေပြီး ပစ္စည်းအပ်တဲ့... ကတစ်မျိုး"

ဟု မြည်တွန်တောက်တီးနေသေးသည်။ နော... တော့မှ မီးဖိုမီးခလုတ်ကိုဖွင့်သည်။ ဆီငွေ့ထနေချိန်မှာ ငါးတွေ... ဒယ်အိုးထဲ ဖလုံလိုက်သွန်၍ထည့်တော့ ရှဲခနဲလည်းမြည် ...။ ... တွေလည်းစင် ...။ သူလည်း ထခုန်သည်ပါပဲ။

"ဟော့ ... ဟော့ ... လုပ်ပါဦးကွ၊ အဲဒီပြဿနာတွေကိုတော... အဲဒီစာအုပ်ထဲ ထည့်ရေးမထားဘူး သိရဲ့လား"

ဟု လှည့်၍ကြည့်ကာ လှမ်း၍အားကိုးနေသေးသ... အဖြစ်။

"မလုပ်တတ်ရင် ပြန်လေ၊ ဘယ်သူက ရှင့်ကိုလုပ်ခ... တယ်ဆိုပြီး လာချက်ခိုင်းနေလို့လဲ၊ မျက်စိကို ရှုပ်နေတာ..."

ဟု လက်ဖျားနှင့်ပင် ဘာဆိုဘာမျှ ဝင်မထိ မကူ... ငွေလွှန်းပုံ ခပ်တည်တည်လေးပြောတော့ သူ မျက်နှာပျက်သ...



...ပ်ငေးငေးလည်း ငွေလွှန်းပုံကို ကြည့်လာပါ၏။ နောက်တော့ ...သည်း ငါးကြော်ဒယ်အိုးကိုပဲ ပြန်ကြည့်ကာ ဆက်မလုပ်တတ် ...သည့်နှယ် မီးဖိုမီးခလုတ်ကိုပိတ်ပြန်သည်။ တစ်ယောက်တည်း ...ရှုလည်အူလည်ဖြစ်နေချိန်မှာ ငွေလွှန်းပုံကတော့ ခပ်အေးအေး ...ထိုင်နေပါ၏။ တယ်လီဖုန်းကိုလည်း သူ့ဈေးခြင်းတောင်းထဲ ...သွားထည့်ပစ်လိုက်မိပါ၏။ သူ ပို၍မျက်စိမျက်နှာ ပျက်လာပါ၏။ ...ဆီအေးသွားတော့မှ မီးဖိုမီးခလုတ်ကို ပြန်ဖွင့်ကာ ငါးကြော်တစ် ...ဒယ်နှင့် သူ ဓာချွေးပြန်နေသမျှ ငွေလွှန်းပုံကလည်း ပေကပ်၍ ...ထိုင်ကြည့်သည့်အလုပ်ကိုပဲ အားမနာစတမ်း လုပ်နေလိုက်သည် ...ပါပဲ။ ဒါမှ နောင်မလာတော့မှာ ဟုလည်း တွေးထားသည်။ ...ါပေမဲ့ ရင်ထဲမှာတော့ သူ့ကိုသနားချင်စပြုချင်လာပြီ။ ဒါပေမဲ့ ...ဒါလေးသူ့ဓာ၏စကားလုံးတွေကို မမေ့နိုင်သည့်စိတ်က အုပ်စီး ...ပြန်သည်မို့ သူနှင့်ကင်းအောင်နေခြင်းသည် အသင့်ဆုံးပဲဖြစ် ...သည်ဟု ဆုံးဖြတ်မိစိတ်က ပြတ်သားစွာ ဖြစ်တည်လာပြန်၏။

"တယ်လီဖုန်းကို ပြန်အပ်တာ လက်မခံဘူးနော် ... ဒါပဲ"

ငါးကို ဟိုဘက်သည်ဘက် ငါးတုံးလေးတွေကို ...နေရင်း သူ လှမ်းပြောလာပါ၏။ ငါးက ဒယ်အိုးမှာကပ်နေ ... အသားတွေဖွာ၍ ကွာထွက်လာတော့ မလှမပဖြစ်နေပြီဖြစ် ...သည့် ငါးကြော်တုံးတွေကိုကြည့်၍ စိတ်ဓာတ်ကျစ သူ့မှာဖြစ်လာ ...ရပါပြီ။

ထိုစဉ်ခိုက် မီးဖိုဆောင်တံခါးဝမှာ လူရိပ်ထင်လာ ...သည်။ ငွေလွှန်းပုံ လှမ်းကြည့်လိုက်မိစဉ်ခိုက် ခင်စက်မေ ဖြစ်နေ ...သည်တကား။ သူကတော့ ငါးကြော်ဒယ်အိုးတစ်အိုးနှင့် မတီးလ်...

www.burmeseclassic.com

www.burmeseclassic.com



ယောက်မကြီး တကိုင်ကိုင်ဖြင့် ငါးကြော်တုံးကို ဟိုဘက်လှန် သည်ဘက်လှန်လိုက်နှင့် ဘာတစ်ခုမှ အဆင်မပြေစွာ ငါးအသား တွေဖွာပွဲနေသမျှ ခေါင်းခါ၍ ...

"ကိုယ့်ငါးကြော်ကတော့ အလယ်ကျောရိုးပဲ ကျန်တော့မယ် ထင်တယ်၊ အသားတွေ ပွဲကုန်ပြီကွ"

အရှက်ပြေ လှည့်ကြည့်ပြောတော့မှ တံခါးဝမှာရပ် နေသည့် ခင်စက်မေကို မြင်သည်။ ခင်စက်မေကတော့ လက်ကို ပိုက်၍ ခပ်ထေ့ထေ့ ပြုံးကြည့်နေသည်က နှစ်ယောက်စလုံးကိုပါ

"ဖေဖေ့ဆီက ကားတစ်စီး အသစ်ရအောင် ယူထားပြီးနဲ့ ဖေဖေ့ပိုက်ဆံတွေကို ဖဲ့ယူတာမဟုတ်တော့ဘူး၊ အလုံးအ လိုက်ယူနေတာ၊ ဒီမယ် ... မာစီးဒီးကားကောင်းကြီးတစ် ရဲ့တန်ဖိုးကို သွားစုံစမ်းကြည့်၊ ကစားစရာကားရုပ်ကော ကောင်းတောင် မရှိတဲ့ဘဝ၊ ခုမှ အဖေကိုချွဲပြီး ရအော ကိုယ့်ဘက်ပါနိုင်သမျှ သဲ့ယူနေတာရုပ်ဖို့ ကောင်းပြီး လွှန်းပုံ၊ နင့်အမေရှိတုန်းက ကားစီးဖူးလို့လား ... ဟင်

ဟု ပြောလာတော့ ငွေလွှန်းပုံ မျက်နှာလေး သွားကာ ...

"ဖေဖေက ဝယ်ပေးတယ်၊ ဝယ်ပေးလို့ကိုမရအောင် မေ ငြင်းတာ သိရဲ့လား၊ အိမ်မှာကားရှိလို့ ဘယ်သူကအေ မှာလဲလို့ မေမေ မေးခဲ့တာ၊ ဖေဖေ့ကို အတင်းတားခဲ့ ဖေဖေ့ကို သွားမေးကြည့်၊ ငွေလွှန်းပုံကို အခုလည်း ဖေ က အတင်းဝယ်ပေးထားတာ၊ အလုပ်သွားအလုပ်ပြန် ရအောင်ဆိုပြီးတော့ ဦးကြီးသောင်းနဲ့ မောင်းပို့ခိုင်း



"အလုပ် ... ဟုတ်လား၊ ကားပိုင်အောင် အလုပ်ကိုအကြောင်း ပြတာ သိတာပေါ့ ငွေလွှန်းပုံရယ်၊ အရမ်းလည်တဲ့သားအမိ၊ ပစ္စည်းနဲ့ပတ်သက်လာရင် လက်သွက်တဲ့သားအမိ၊ လက် ဝတ်လက်စားတွေလည်း ဖေဖေအစုအခဲလိုက်ကြီးကို ဟိုနေ့ က ဝယ်ပေးတာလည်း ငါတို့မြင်ခဲ့တာ မျက်မြင်ကိုယ်တွေ့ပဲ ဥစ္စာ၊ ဒီမှာ ကားကို ပြန်သိမ်းမလို့လာတာ၊ ပြန်ယူသွားရ လိမ့်မယ်၊ ဖေဖေက အခုမှထပ်ဝယ်ပေးတယ်ဆိုတာ သိပါ တယ်၊ ဒါပေမဲ့ ဒီလောက်တန်ဖိုးကြီးတဲ့ကားမျိုးကိုတော့ အပါမခံနိုင်ဘူးလေ၊ လာယူသိမ်းရမှာပဲ"

ငွေလွှန်းပုံ စိတ်ပျက်လက်ပျက် ဖြစ်လာသည်။ မပြီး ဆုံးနိုင်တော့ပြီတဲ့လားဟုလည်း စိတ်ကုန်လာသည်။

"အဲဒါ ကျွန်မနာမည်နဲ့ ဝယ်ထားတဲ့ကားပဲ မခင်စက်မေ၊ ဒါပေမဲ့ ယူသွားပါ၊ ရပါတယ်"

"ယူသွားရမှာပဲ ငွေလွှန်းပုံ၊ ဖေဖေ့ကို နောက်ထပ် နင် ပူဆာလို့ ကားတစ်စီးထပ်ဝယ်ပေးရင်လည်း ငါကတော့ လာသိမ်းနေရမှာပဲ၊ ကြာရိပ်ဝေကိုလည်း ငါ့နာမည်နဲ့ပြောင်း ထားဖို့ ဖေဖေ့ကို မေမေ ပြောလိမ့်မယ် သိရဲ့လား၊ လာပြီး စွက်ဖက်ဖို့ မစဉ်းစားနဲ့"

ခင်စက်မေ၏ မျက်နှာထက်မှာ ပစ္စည်းဇောပဲထင်နေ သည်။ လောဘ၏ လောင်မြိုက်မှုတွေကြောင့် ရုပ်အဆင်းကလည်း ာရကြောရေဖြင့် မျက်နှာထက်မှာ အေးချမ်းရိပ်တွေ ပျောက်လို့ နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခုလည်း လူချမ်းသာ သူဌေးကို အိမ်ခေါ်ပြီး ထမင်းတူ
ဟင်းတူတူ ချက်စားနေကြတယ်လို့ စတွေ့တွေ့ချင်း ထ
မိခဲ့တာ၊ သူ့ကိုမှတ်မိတာပေါ့၊ နင့်အမေဆုံးတုန်းက န
အိမ်မှာ ငါဖေဖေ့ကိုလာခေါ်တုန်းမှာ သူရှိနေတယ်လေ
အံ့မယ်လေး ... သူက တကယ်တမ်းကျတော့ ဒီနေ့မှ
မီးဖိုထဲဝင်ချက်ပြုတ်ပေးနေရတာကိုး၊ နင်ကထိုင်ကြည့်နေ
သူ ဖြစ်နေတယ်၊ အမေနဲ့သမီးကတော့ အရည်အချင်း
ကြပါပေရဲ့၊ လူချမ်းသာကိုလည်း ရအောင်ယူတတ်တယ်
အမေ့ခြေရာနင်းနိုင်တဲ့ သမီးပဲ"

ဟု ရိုတီတီ ခနိုးခနဲ့ ပြောစဉ်ခိုက် သူ မျက်စိမျက်
ကြီးပျက်ကာ ရှေ့သို့တိုးသွားရင်းမှ ...

"ဟာ ... ဘာတွေလာပြောနေတာလဲ၊ အားလုံးပိုရှုပ်က
ပြီ၊ ဒီကို ကိုယ့်အစီအစဉ်နဲ့ကိုယ် လာပြီးဖွတ်ချက်ကျွေး
တာကွ၊ ဟာ ... ဒုက္ခပါပဲ၊ ခုမှ ပိုဆိုးကုန်ပြီ"

မနေ့က အဆင်မပြေ ဖြစ်ခဲ့ရသည့်အထဲ။ ခုက
ခင်စက်မကြောင့် ပိုဆိုးကုန်ရပြီမို့ သူ စိတ်လက်ဆင်းရဲနေရ
ညည်းလည်းညည်းသည်။ စိတ်ထဲလေးကျသွားရလျက် ငွေလွ
ကိုကြည့်လိုက်တော့ အေးစက်ခါးသီးနေသည့် အကြည့်တွေ
ခင်စက်မကို မမိုတ်မသုန်ကြီး ခပ်စူးစူးကြည့်နေတာကို မြ
ပါ၏။

"နောက်ထပ် မေမေ့ကို ပုတ်ပုတ်ခတ်ခတ်ပြောကြည့်
ဟာ ကျွန်မနဲ့ အဖေတူအမေကွဲ ညီအစ်မတော်စပ်နေတ
ဆိုတာကို မေ့ပစ်လိုက်မယ် သိရဲ့လား၊ ရှင်ဟာ ဖေဖေ့



ဖြစ်တယ်ဆိုတဲ့ အသိတရားတစ်ခုနဲ့ ကျွန်မဖေဖေ့မျက်နှာ
ကို ထောက်နေရတာပါ၊ အတိုင်းအတာ လွန်လာပြီဆိုရင်
တော့ ကျွန်မ ရှင့်ကို ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲရလိမ့်
မယ်၊ ပြန်ပါ ... ပြန်ပါ ... ရှင်လိုချင်တဲ့ကားလည်း ဦးကြီး
သောင်းနဲ့ ဒေါ်ကြီးမွှေးတို့ ဈေးအဝယ်သွားနေကြတာမို့
စောင့်ယူချင်ယူသွားပါ၊ ဒီလောက်ပစ္စည်းမက်နေတာ ရှင်တို့
လိပ်ပြာ ရှင်တို့မရှက်ပေမယ့် ကျွန်မ ရှက်တယ် သိရဲ့လား"

ဟု ငွေလွန်းပုံ မျက်ရည်မကျအောင် ထိန်းနေရင်း
ပြတ်သားစွာ ပြောချလိုက်ပြီးမှ ...

"ဒီက ဦးဘုန်းတက်လူလည်း ပြန်ပါတော့၊ ရှင်ချက်ပြုတ်
ကျွေးတာကိုလည်း မစားနိုင်ပါဘူးလို့ ကျွန်မ အစကတည်း
က ပြောထားပြီးသားပါ၊ ခု ရှင်ဖွတ်လာချက်နေတာကြောင့်
ကျွန်မ အပြောအဆိုခံနေရပြီ၊ မေမေလည်း ကွယ်လွန်ပြီး
ချိန်မှာတောင် ခင်စက်မေရဲ့အထင်သေးစကားတွေကို ခံနေ
ရပြန်ပြီ၊ ဒီတော့ ရှင်တို့လို လူချမ်းသာတွေကို ကျွန်မ
ကြောက်လာတယ်၊ ပြန်ပါတော့၊ ပြန်ပါတော့"

ဟု ပြောကာ ကိုယ်ကိုမတ်၍ မာနတို့ပြည့်သိပ်တိုး
ဆို့လာနေသည့် မျက်ဝန်းတွေဖြင့် ခင်စက်မေကို ထပ်ကြည့်သည်။

"ဟင် ... ခင်စက်မေ ရောက်နေတယ်"

မီးဖိုဆောင်ထဲမှာ ရှုပ်ထွေးနေကြတာမို့ အိမ်ရှေ့မှာ
ကားရပ်လိုက်တာပင် ဘယ်သူ့ဘယ်သူမှ မကြားလိုက်ရဘဲ ဖြစ်
နေရသည်။ ဈေးခြင်းကြီးရှေ့ကဆွဲလျက် ဦးကြီးသောင်း မီးဖိုထဲ
ဝင်လာသည်။ နောက်ပါးမှာက ဒေါ်ကြီးမွှေး။ ကြာရိပ်အေးမှ အိမ်

www.burmeseclassic.com

www.burmeseclassic.com



ဖော် ဒေါ်ကြီးမွေး။ ဒရိုင်ဘာဦးကြီးသောင်းတို့ ဆိုတာက ခင်စက်မေ
၏သြဇာခံတွေအဖြစ် အမြဲရှိနေကြရတာမို့ ...

"ခင်စက်မေကို ကားသော့ပေးပါ"

ဟု ခပ်တည်တည်ပဲ လက်လေးဖြန့်၍တောင်းလာ
တော့ ဦးကြီးသောင်းမှ လက်ထဲပါလာသည့်ကားသော့ကို နောက်
သို့တိမ်းသည်။

"ခင်စက်မေလေး ...ကားပါလာတယ် မဟုတ်လား၊ ဒီအိမ်
ကားသော့ကို ဘာလုပ်မလို့လဲ"

ဟုမေးတော့ ဘယ်တုန်းကမှ တုံ့ပြန်မေးတာမျိုးမလု
ခဲ့ပါသည့် ဦးကြီးသောင်းမှ ခုလိုမေးလာတာမျိုး ကြုံရတော့ ခင်
စက်မေ ဆွေ့ဆွေ့ခါနေသည်။

"အိမ်ကကားကို ခင်စက်မေ ယူမလာဘူး၊ တက္ကစီနဲ့လာ
တာ၊ ဒီအိမ်ကကားကို အိမ်ပြန်ယူမောင်းသွားမှာမို့ တမ
တကာ တက္ကစီနဲ့ပဲ ဒီကိုလာခဲ့တာ၊ ရောက်လာတော့လည်း
ခြံဝင်းတံခါးက သော့ခတ်ပိတ်မထားဘဲ ရှိနေတာမို့ ဝင်လာ
လိုက်မိတယ်၊ သူ့ဗွေးထမင်းချက်နဲ့ တိုးတော့တာပဲ၊ အဟ
ဟင်း ... ငွေလွှန်းပုံတို့များ ခြေသွက်လက်သွက်ရှိပ၊ နိုး
စားတတ်တာကို ပြောတာပါလေ"

ခနိုးခနဲ့ရယ်ရင်း ခပ်ထေ့ထေ့ဆက်၍ ပြောနေခိုက်
မှာ ငွေလွှန်းပုံ သူ့ကိုကြည့်သည်။

"မနေ့က ရှင့်အိမ်မှာ အပြောအဆို ခံရတယ်၊ ရှင်ခေါ်သွား
ရာကို ကျွန်မ လိုက်သွားမိခဲ့လို့ပဲ၊ ခုကျတော့ ကျွန်မအိမ်
မှာ သူများအပြောအဆိုကို ထပ်ခံရပြန်ပြီ၊ ရှင် ကျွန်မအိမ်



ကို ရောက်လာလို့ပဲ ဦးဘုန်းတက်လူ၊ ရှင် ပြန်ပါ ... ရှင်
ပြန်ပါ ... နောက်ကိုလည်း ဘယ်တော့မှ ကျွန်မအိမ်ကို
မလာပါနဲ့"

ဟု သူ့ကို လက်အုပ်လေးချီ၍ တောင်းပန်သလို
ပြောတော့ သူ ငိုင်ကျသွားရပါပြီ။ ရင်ထဲမှာ ဘယ်လိုမှ ကြေကွဲ
ရှိန်ကို ထိန်း၍မရနိုင်ဘဲ သူ အရမ်းစိတ်ထိခိုက်နေမိရသည်မှာ
လည်း အမှန်ပါ။

"သော့ကိုတော့ ဦးကြီးသောင်း မပေးနိုင်သေးဘူး ခင်စက်မေ
ရေ၊ ဆရာက ငွေလွှန်းပုံအတွက် ဝယ်ပေးထားတာဆိုတော့
ဆရာကို ခွင့်ပြုချက်မေးပြီးမှ သော့ပေးနိုင်ပါမယ်၊ ဆရာ
ဝယ်ထားပေးတဲ့ ဒီကားကို ဆရာ မသိဘဲ ဘယ်သူ့လက်
ထဲကိုမှ ကားသော့မအပ်နိုင်ပါဘူး၊ ဦးကြီးကို တစ်မျိုးတော့
မထင်ပါနဲ့"

ဟု ပြတ်ပြတ်သားသားကြီး ဦးကြီးသောင်းမှ ခင်
စက်မေကိုပြောတော့ မျက်နှာလေးရဲတက်လာအောင် ခံပြင်းစိတ်
ဆွ မြင့်တက်လာရရင်းမှ ...

"ကြည့်စမ်း ... ကြည့်စမ်း ... ကျာရိပ်ဝေမှာ နေခဲ့တဲ့
ဦးကြီးသောင်းတောင်မှ မျက်လုံးချင်းဆိုင်ပြီး ချက်နဲ့လက်နဲ့
ငြင်းတဲ့စကားကို ပြောရဲနေပြီကိုး"

ဟု မခံမရပ်နိုင်ဘဲ အော်ပြောလာတော့ သူ ရှေ့တိုး
သွားကာ သူ့ဟန်းဖုန်းကို ဦးကြီးသောင်းလက်ထဲ အပ်သည်။

"ကြာတယ်ဗျာ၊ ဒီဖုန်းနဲ့ပဲ အန်ကယ့်ဆီကို ဖုန်းဆက်လိုက်
တော့ ... ညော်ခန်းကဖုန်းဆီကို ရောက်တဲ့အထိ စောင့်နေပါ

www.burmeseclassic.com

www.burmeseclassic.com



နဲ့တော့၊ ချက်ချင်းပဲ ဒီမီးဖိုခန်းထဲကပဲ ဆက်လိုက်ပါ
စပီကာခလုတ်လေးလည်း ကျွန်တော် နှိပ်ပေးပါမယ်"

ဟုပြောကာ သူပဲ အန်ကယ်ဦးမင်းသန့်၏ဖုန်းကို
လှမ်းခေါ်ပေးသည်။ စပီကာကိုလည်း နှိပ်ထားပေးလိုက်သည်ပါပဲ
မကြာပါ။ ဖုန်းထူးသံ ပေါ်လာပါ၏။

"ဆရာ ... ဦးသောင်းပါခင်ဗျာ၊ အိမ်ကို ခင်စက်မေရောက်
နေပါတယ်၊ ဒီက မာစီးဒီးကြီးကို လာယူတာလို့လည်း
ပြောပါတယ်၊ ပေးလိုက်ရမလား ဆရာ"

ဟု ဦးကြီးသောင်းကလည်း ခင်စက်မေကို ရှေ့ထား
၍ ခပ်တည်တည်ပဲ မေးချလိုက်ပါ၏။

"အဲဒီမှာ ခင်စက်မေ ရှိတယ်မဟုတ်လား၊ ဖုန်းပေးလိုက်
ပါ၊ ကျွန်တော်ကိုယ်တိုင် သူ့ကိုပြောမယ်"

ဟု ပြောသံပေါ်လာတော့ ဦးသောင်းမှ ဖုန်းကို
ခင်စက်မေထံသို့ ပေးလိုက်တော့ ဆောင့်ဆောင့်အောင့်အောင့်လေး
ယူသည်။

"ဖေဖေ ... ခင်စက်မေပါ၊ မေမေက ကားကိုပြန်ယူလာ
တဲ့၊ အိမ်ကပိုက်ဆံနဲ့ ဝယ်ပေးတဲ့ကားဆိုဘာက ဒီလော
ဈေးမြင့်တဲ့ကားမျိုးတော့ အဖြစ်မခံနိုင်ဘူးတဲ့"

"အဲဒီကားကို သမီးငွေလွန်းပုံအတွက် ဖေဖေဝယ်ထား
တာ သိထားပါ ခင်စက်မေ၊ အိမ်ကိုတန်းပြန်ပါ၊ အဲ
ဆက်ပြီးနေစရာလည်း မလိုဘူး၊ ပြောဆိုနေစရာလည်း
ဘူး၊ သမီးစိတ်ထဲမှာ တစ်ခုသိထားဖို့ လိုနေတယ်။ အဲ
ဘာလဲဆိုတော့ ငွေလွန်းပုံဟာ သမီးရဲ့ညီမဖြစ်တ



ထပ်ပြောမယ် သမီး၊ ငွေလွန်းပုံဟာ ဖေဖေရဲ့သမီးလည်း
ဖြစ်နေတယ်ဆိုတာ မမေ့ပါနဲ့"

ဟု ပြောနေသမျှကတော့ ဖုန်းလေး၏စပီကာကြောင့်
ဘားလူကြားနေရသည်ပါပဲ။ ငွေလွန်းပုံ ဖုန်းလေးကို လက်ကမ်း၍
တောင်းတာမို့ ခင်စက်မေ ဆောင့်၍လက်ထဲပေးလိုက်တော့ ငွေ
လွန်းပုံမှ ...

"ငွေလွန်းပုံပါ ဖေဖေ၊ အဲဒီကားကို ပြန်ထည့်ပေးလိုက်ပါ
ရစေတော့ ဖေဖေ၊ အိမ်ကို စိတ်ကူးပေါ်တိုင်း လာလာပြီး
ပစ္စည်းတောင်းနေတဲ့ အဖြစ်တွေကို ငွေလွန်းပုံ လက်ခံရင်
ဆိုင်ပေးနေရမှာ ရှက်လို့ပါ၊ ပစ္စည်းလုတယ်ဆိုတာ ရှက်
ဖို့ကောင်းပါတယ် ဖေဖေ၊ ငွေလွန်း အဲဒီကားကိုထည့်ပေး
လိုက်ပါမယ်၊ ဒါပါပဲ ဖေဖေ၊ ဦးကြီးသောင်း ကားသော့
ပေးလိုက်ပါ၊ ဖေဖေမပေးပေမယ့် ငွေလွန်း ပေးတယ်"

ဟု ပြတ်ပြတ်သားသားလေး ပြောတော့ ဦးကြီး
သောင်းမှ ခေါင်းခါသည်။

"ဆရာမှာထားတာကို မနာခံဘဲ နေလို့မဖြစ်ဘူး ငွေလွန်းပုံ၊
ဦးကြီး ဆရာ့စကားကို မလွန်ဆန်ရဲဘူးကွယ့်၊ ကဲ ... ခင်
စက်မေ၊ ကားလိုချင်တယ်ဆိုရင်လည်း သားအဖနှစ်ယောက်
တူတူ ခင်စက်မေ လိုက်လာပေါ့၊ ဆရာ့ရှေ့မှတောင်းပေါ့"

ဦးသောင်းမှ ကားသော့ကို လုံးဝမပေးဘဲ ခပ်တင်း
တင်း ခပ်တည်တည်ကြီး ပြတ်သားလိုက်ချေတော့ ခင်စက်မေ
ခံမရပ်နိုင်အောင် ဖြစ်သွားရရင်း စူးရှသည့်အကြည့်ဖြင့်ကြည့်
ာ ...

www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ခင်စက်မေတို့ရဲ့ ကြာရိပ်ဝေမှာ နေခဲ့တဲ့မှိုခိုး ဦးကြီးသောင်းကတောင်မှ ခုကျတော့ အာခံရဲနေပြီကိုး ဟိုက ထမင်းချက် တာဝန်ကို ခုကတည်းက အပိုးကျိုးပြ လာလုပ်နေတဲ့သူကလည်း သူ့ကောင်မကား ပါမသွား အောင် ဖေဖေ့ဆီကို ဖုန်းတွေဘာတွေတောင် ဆက်ပေးနေ သူ ဖြစ်နေတယ်၊ ငွေလွန်းပုံတို့များ သူ့ငွေကို အပိုင်ချ ထားတာက ကိုယ့်အဖေဖုန်းနံပါတ်တောင် အလွတ်ရအော ကျက်ခိုင်းထားတာကိုး၊ အဲသလောက်ကို အကွက်စေ့ ကြိုးကိုင်ထားနိုင်တာ၊ အမေတူသမီး ပီသပါပေရဲ့"

ဟု ပြောပြီးတာနှင့် ခြေသံပြင်းပြင်းဖြင့် ထွက်သွား ပါချေ၏။

ငွေလွန်းပုံ မျက်ဝန်းတွေကို စုံမှိတ်ထားသည်။ ... ထဲမှာ လှိုက်နေ၏။ ဘယ်သူ့မျက်နှာကိုမှ ကြည့်ရဲဖို့ပင်မကော တော့ပြီ။ ဘုန်းတက်လူ ဆိုသည့် သူ့ငွေကို အမိအရဖမ်းနေသ ငွေလွန်းပုံအဖြစ် သူ့ရှေ့မှာပဲ ပေါ်တင်ကြီး ပြောချသွားတာ ခံနေရတာလောက် ခံရခက်နေတာမရှိ၊ ဤမျှလောက် ရှက် တာ ကြေကွဲခံပြင်းနေရတာလည်းမရှိ။ ဝေဒနာပေါင်းစုံသ ရင်ကိုဖိချေနေကြပြီ။

နောက်ဆုံးတော့ အံခဲ၍ မျက်ဝန်းအစုံကို ဖွင့်ကြ လိုက်တော့ ရှေ့မှာလာရပ်ရင်း တိတ်ဆိတ်စွာ ထိထိခိုက်ခိ ကြီး ကြည့်နေသည့်သူ့ကို မြင်ရတာမို့ ငွေလွန်းပုံ အသံလေး အက်ကျလာအောင် မွန်းကျပ်ခံစားနေရရင်းမှ ...



"ဘာလို့ ဒီနေ့မှ ဒီအိမ်ကိုလာရတာလဲ ဦးဘုန်းတက်လူ၊ ဟင် ... ကျွန်မအိမ်ကို ဘာလို့လာရတာလဲ၊ ကျွန်မ ရှင်နဲ့ မပတ်သက်တော့ပါဘူးလို့ အတိအလင်း မနေ့ကတည်းက ပြောခဲ့ရပါရက်ကယ်နဲ့ ရှင်က ဘာကိစ္စနဲ့ အိမ်ပေါ်ထိမျက်နှာ ပြောင်တိုက်ပြီး တက်လာရတာလဲ၊ ဘာလို့ ချက်ပြုတ်ကျွေး ချင်နေရတာလဲ၊ ခုတော့ ကျွန်မ အပြောခံရပြီလေ၊ ရှင်က ပြန်သွားလိုက်တာနဲ့ ရှင့်အိမ်ပေါ် ရှင်ပြန်ရောက်ပြီး နေနေ ကျအတိုင်း အသားတကျ နေသွားမှာ၊ ကျွန်မမှာသာသူ များအပြောခံဘဝနဲ့ သူများအပြောခံစကားလုံးတွေနဲ့ ကျန် ခဲ့ရမှာ၊ ရင်ထဲမှာ နာနေတယ် သိရဲ့လား၊ နာနေတယ်"

ပေါက်ကွဲရင်း အော်ပြောတော့ သူ တွေတွေကြီး လှုပ်မယှက် ရပ်ကြည့်နေသည်။ သူ့မျက်ဝန်းတွေမှာ မျက်ရည် တွေ လည်တက်လာနေကြပါ၏။ ခေါင်းငိုက်ချလိုက်ကာ ...

"ခုလိုဖြစ်လာလိမ့်မယ်လို့ ကိုယ်မသိခဲ့ဘူး ငွေလွန်းပုံ၊ မနေ့ကတည်းက ကိုယ်ဆောက်တည်ရာမဲ့ ဖြစ်နေခဲ့ရတယ်၊ မင်းကို တောင်းပန်ချင်နေတာပဲ သိနေခဲ့တယ်၊ မင်းနဲ့မခွဲ နိုင်တာပဲနားလည်နေရင်း အရူးလိုဖြစ်နေခဲ့ရတယ်၊ ဒါကြောင့် လည်း မင်းဆီက ခွင့်လွှတ်ပြေကျေပေးနိုင်မှုတွေရဖို့အတွက် ကိုယ် မနေ့ကထမင်းပွဲတစ်ခုကို မကျွေးဖြစ်ရလေသမျှ ပြန်ချက်ကျွေးချင်၊ တောင်းပန်ချင်တာမို့ ဒီလို လုပ်မိခဲ့တာ ပါ ငွေလွန်းပုံ၊ ဒါပေမဲ့ ကိုယ်မျှော်လင့်တာတွေက လွဲချော် ကုန်တယ်၊ အဲဒီအတွက် ကိုယ်စိတ်အထိခိုက်ဆုံးပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူ ခပ်တိုးတိုးပြောနေပါ၏။ အနိုင်နိုင်အားခဲထိန်းထားရပါသည့် ကြေကွဲရှိန်က သူ့မျက်နှာထက်မှာ စွန်းထင်းနေသည်။ ငွေလွှန်းပုံ သူ့ကိုကြည့်နေရာမှ မျက်နှာလွှဲပစ်လိုက်မိရပါ၏။ ခုလို သူ စိတ်ထိခိုက်နေတာကို မြင်နေရတော့လည်း ငွေလွှန်းပုံ ရင်ထဲမှာမကောင်း။

"ဟစ်ခုတော့ရှိတယ် ငွေလွှန်းပုံ၊ မင်းပြောသလိုတော့ ငါဟာ ငါ့အိမ်ကိုပြန်ရောက်ပြီး ဟိုမှာနေနေကျ စားနေကျ သွားလာနေကျအတိုင်း အားလုံး အသားတကျပြန်ပြီးနေ ဖြစ်မယ်ဆိုတဲ့အချက်၊ အဲဒါ ဘယ်လိုမှ ဖြစ်လာနိုင်မှာ မဟုတ်ပါဘူး ငွေလွှန်းပုံ၊ ကိုယ့်ရင်ထဲမှာ ဒဏ်ရာတွေ နေတယ်၊ မင်းရဲ့ကြေကွဲနာကျင်နေတဲ့အဖြစ်တွေကို မြင်နေ ရတဲ့ ငါ့နှလုံးသားဟာ ကြေကြေပြုန်းပြုန်းကြီး နာကျင် ခံစားနေရတယ် ငွေလွှန်းပုံ၊ ဘာလို့လဲဆိုတာ မင်းသိမှာပါ မင်းရိပ်မိမှာပါ၊ မင်းကိုမခွဲနိုင်တဲ့စိတ်နဲ့ ဒီမနက်မှာ ဒီထ လိုက်လာပြီး မင်းဆီက ခွင့်လွှတ်မှုတစ်ခုကို ရနိုင်ဖို့အတွက် မချက်တတ် မပြုတ်တတ်နဲ့လာချက်ပြုတ်တာတွေကို ကလေး တစ်ယောက်လို ငါ မရှက်မကြောက် လုပ်နေမိတာဟာ ဘာကြောင့်လဲဆိုတာ မင်း သိမှာပါ"

ဟု ပြောသည်က အသံတွေ တုန်ခါနေရင်းဖြင့်ပါ။ ဘေးမှာရှိနေသည့် ဦးကြီးသောင်းနှင့် ဒေါ်ကြီးမွေးတို့ရှေ့မှာပင် သူသည် သူ့ရင်ထဲမှ အရာတွေကို ဝန်ခံချပြနေသူတစ်ယောက် ဖြစ်နေသည်။ ငွေလွှန်းပုံကလည်း ခေါင်းလေးကို တစ်ဖက်သို့ငြိမ် ငုံ့ပစ်လိုက်ရင်းမှ ...



"ကျွန်မ တစ်ခါတည်း ပြောလိုက်မယ် ဦးဘုန်းတက်လူ၊ စောစောက ခင်စက်မေ ပြောသွားတဲ့စကား၊ ရှင်နဲ့ကျွန်မကို ပုတ်ခတ်ပြောခဲ့တဲ့စကား၊ အဲဒါကို ကျွန်မ ဘယ်တော့မှ မမေ့ဘူး၊ ကျွန်မဟာ သူဌေးတစ်ယောက်ကို အပိုင်ရအောင် ချည်ပြီး လက်ထပ်ဖို့ ကြိုးစားနေတဲ့ မိန်းမတစ်ယောက် အဖြစ် သူ ပြောသလို ဘယ်တော့မှ အဖြစ်မခံနိုင်ပါဘူး၊ အမေနဲ့သမီး သူဌေးရာယူကြတာ အကျင့်တူကြပေရဲ့လို့ လှောင်ပြောသွားတဲ့စကားဟာ မေမေ့သိက္ခာနဲ့အချစ်ကို ထိခိုက်တယ်၊ ဖေဖေ့ကို မေမေ လက်ထပ်ခဲ့တာဟာ ဖေဖေ့ကို ချစ်ရိုသေစိတ်၊ ချစ်ကြည်ညိုစိတ်နဲ့ လက်ထပ်ခဲ့တာ"

မခံမရပ်နိုင်သလိုလေး ပြောနေသည့် ငွေလွှန်းပုံ မျက်ရည်ကျလာသည်။ ခပ်ကြမ်းကြမ်း မျက်ရည်ကို ငွေလွှန်းပုံ ...ဒနာအလူးအလဲဖြင့် သုတ်ပစ်တာကို သူ မကြည့်ရက်နိုင်ပဲ ကြည့်နေရပါသည့်အဖြစ်။ သူ့ရင်ထဲမှာ တုန်လှုပ်ချောက်ချားနေသည့် ခံစားချက်က ရင်အုံကို ဖောက်ခွဲပစ်တော့မည့်အလား ဆို...ပြင်းထန်နေသည်။ ငွေလွှန်းပုံသည် သူ့ကို ဘယ်သောအခါ...င်မှ လက်ထပ်ဖို့ စိတ်ကူးတော့မှာမဟုတ်။ ခင်စက်မေ၏စွပ်စွဲ...ားကို ပြတ်ပြတ်ဆင်ထင် သက်သေပြဖို့ဆိုတာက သူ့ကိုကင်း...ောင်နေခြင်းပဲ ဖြစ်နေသည်ဆိုတာ သူ အလိုလိုသိလာနေရသည်။ ...အသိက သူ့ရင်ကို ထိုးနှက်နင်းချေနေကြပြီ။

လည်ချောင်းတနင်နင်ဖြင့် သူမနိုင်ရင်ကန် ခံစားနေ...မှ အားယူ၍ ...

www.burmeseclassic.com

www.burmeseclassic.com



"စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာနဲ့ သံယောဇဉ်မှာ ပြတ်သားရဲရင့်တဲ့အရာတစ်ခုရှိတယ်၊ အဲဒါ ဘယ်တော့မှ နောက်မဆုတ်ဘူးဆိုတဲ့အရာပဲ၊ ကိုယ် မနက်ဖြန် လာခဲ့ဦးမှာပဲ ငွေလွှန်းပုံ ဘာလို့လဲဆိုတော့ ငါမှ မင်းကိုမခွဲနိုင်တာ၊ မြခွာညိုမှာ မင်းအကြောင်းတွေတွေးပြီး မင်းနဲ့ထပ်တူ နာကျင်ကြေကွဲခံစားနေတဲ့ ဘုန်းတက်လူအဖြစ် ဒီနေ့မှာ ငါဖြတ်သန်းနေရဦးမှာပါပဲ၊ နောင်လည်း မင်းဆီက နားလည်ခွင့်လွှတ်မှုတွေ မရမချင်း၊ အဲသလိုပဲ မပြောင်းမလဲ ဖြတ်သန်းနေရဦးမှာပါပဲ၊ ဘာလို့လဲဆိုတော့ ငါဟာ သိပ်ကိုအစွဲအလမ်းကြီးတဲ့ ဘုန်းတက်လူ ဖြစ်နေလို့ပါပဲ ငွေလွှန်းပုံ"

ဟု အသံတွေ တုန်ခါနေပေမယ့် ပီပီသသကြီးဖြစ်နေအောင် သူ ကြိုးစား၍ ရင်တနင့်နင့်ဖြင့် ပြောနေမိရသည်။ နောက်တော့ အခန်းတွင်းမှ သူ ခြေလှမ်းကျဲကြီးဖြင့် ထွက်ခဲ့ရပါ၏။ ငွေလွှန်းပုံကတော့ မျက်ဝန်းတွေကို စုံပိတ်ချလိုက်ကာ ခေါင်းခါ၍


"မလာနဲ့ ... မလာနဲ့"

ဟု အော်၍ကျန်ခဲ့ပါ၏။ အော်ပြောသူကလည်း မျက်ရည်ကျနေသည်။

အပြောခံ၍ ထွက်ခွာနေရသူကလည်း မျက်ရည် နေချေသည်တကား။

✧❦✧






www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၂)

"ဟော ... နိုးလာပြီလား ငွေလွှန်းလေး၊ သမီးဖေဖေ့ဆီက ဖုန်းဝင်လာသေးတယ်၊ မနက်ဆယ်နာရီလောက်မှာ သမီးလွှန်းဆီကို လာမယ်တဲ့"

ဟု မီးဖိုထဲမှာ ထမင်းကြော်နေရင်းမှ ဒေါ်ကြီးမွေးပြောခိုက် ငွေလွှန်းပုံ ကုလားထိုင်လေးမှာ ထိုင်လိုက်ရင်း မျက်နှာလေန်းနိုင်ဘဲ ရှိနေရသည်ပါပဲ။

"တစ်ခါ ... တစ်ခါကျတော့လည်း ဒေါ်ကြီးရယ်၊ ငွေလွှန်းပုံရင်ထဲမှာ မွန်းကျပ်ပြီး အသက်ရှူကျပ်နေသလိုတောင် ခံစားလာရတယ်၊ အရှုံးမပေးချင်တဲ့စိတ်က ရှိနေတာတော့ ရှိနေတာပေါ့ ဒေါ်ကြီးရယ်၊ အရှုံးပေးလိုက်ရင် ငွေလွှန်းတစ်သက်မှာ အဲဒီ မမခင်စက်မေနဲ့ အန်တီငြိမ်းတို့ရဲ့ ကြိုးဆွဲရာအကခံလိုက်ရတဲ့ဘဝ၊ အနိမ့်ခံဘဝ၊ အဲသလိုရောက်သွားရမှာ၊ မာန်တင်းပြီး ရင်ဆိုင်ပြနေရပေမယ့် မောတယ် ဒေါ်ကြီးရယ်၊ ငွေလွှန်းက သူတို့ဘဝထဲကိုဝင်ဖို့လည်း မကြိုးစားခဲ့ပါဘူး၊ သူတို့ဆီက စည်းစိမ်ဥစ္စာတွေ

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ပတ်သက်ယှက်ငင်ဖို့ဆိုတာ စိတ်ကူးထဲတော
မရှိပါဘူး၊ သူတို့ကသာ သူတို့ပစ္စည်းဖောလည်း ကပ်
တယ်၊ ငွေလွှန်းကို ဖေဖေ အဖိုးတန်ပစ္စည်းတွေ ဝယ်ပြ
နေမှာကိုလည်း ချောက်ချားနေကြတယ်၊ ပူလောင်နေ
တယ်၊ ငွေလွှန်းက ငွေလွှန်းနဲ့ မေမေ တူတူနေခဲ့တဲ့ဒီအိ
လေးမှာ အေးအေးချမ်းချမ်း နေချင်တာပဲရှိတာ"

ငွေလွှန်းပုံ ခပ်ညည်းညည်း ပြောနေပုံလေးက
ဖွင့်ရာဆန်သည်။

ဒေါ်ကြီးမွေးမှ သက်ပြင်းရှိုက်ကာ ထမင်းကြော
တစ်ပန်းကန် လာချပေးသည်။

"စားလိုက် ငွေလွှန်းလေးရေ၊ ဒေါ်ကြီးနဲ့ ကိုသောင်း
စားပြီးကြပြီ၊ ငွေလွှန်းလေး နိုးလာရင် ပူပူစားရအော
မီးအေးအေးလေးနဲ့ မီးဖိုပေါ်တင်ထားတာ"

ဟု ပြောလာတော့ ငွေလွှန်းပုံ အားနာမိရသည်
ငွေလွှန်းထင်သည်က ခုမှ ဒေါ်ကြီး ထမင်းကြော်နေခြင်းဟု
ဒါပေမဲ့ ခုမှသိရသည်လေ ...။ ငွေလွှန်း ပူပူလေးစားရဖို့အတ
ဒေါ်ကြီးခမျာ လုပ်ပေးနေရှာခြင်း။

ထမင်းကြော်လေးကလည်း ပဲပြုတ်များများ၊
သွန်နီကြွပ်ရွရွ၊ ကြက်သွန်ဖြူကြွပ်ကြွပ်မွမွလေးဖြင့် မွေးပျံ့
စားချင့်စဖွယ်လေးပါ။

"ဒါက ရေတက်သီးစိမ်းထောင်းပြီး သံပရာရည်လေးညှစ်
တာ၊ ကြက်သွန်ဖြူလေးကိုလည်း ခပ်ကြမ်းကြမ်းထော
ထည့်ထားတာလေ၊ ထမင်းကြော်နဲ့ လိုက်တယ်ကွယ်



ဟုပြောကာ ရေတက်သီးစိမ်းထောင်းလေးကို ကြွေ
န်းကန်ယေယ်လေးနှင့် ချပေးပြန်ပါ၏။ ငွေလွှန်းပုံ စားလိုက်တော့
ည်း တကယ့်ကို စားဝင်သွားရပါ၏။

"ငွေလွှန်းရေ ... ဒီနေ့တော့ ကြက်သားလတ်လတ်ဆတ်
ဆတ်လေးနဲ့ ဟင်းချက်ချင်တာမို့ ငွေလွှန်းရဲ့ဦးကြီးသောင်း
နဲ့တူတူ ဈေးသွားလိုက်ဦးမယ်၊ ငွေလွှန်း ဘာစားချင်လဲဟင်၊
မုန့်ဟင်းခါးဝယ်လာခဲ့လိုက်မယ်လေ၊ ပြန်ရောက်တော့လည်း
နည်းနည်းပြန်ဆာချိန်နဲ့ အံကိုက်ပေမို့ ထမင်းဟင်း မီးဖို
ဆောင်မဝင်သေးခင်မှာ ဒေါ်ကြီးတို့သုံးယောက် မုန့်ဟင်းခါး
တစ်ပွဲစီ စားဖြစ်ကြတာပေါ့"

ဟုကာယ်က ဒေါ်ကြီးတို့ စားဖို့ထက် ငွေလွှန်းအစား
သောက်စားဖြစ်အောင် ဒေါ်ကြီးခမျာ စီစဉ်နေရှာခြင်းဆိုတာ
လွှန်း နားလည်မိရသည်ပါပဲ။ ဖေဖေ့ကြာရိပ်ဝေမှာ နေခဲ့ကြပါ
ည့် ဦးကြီးသောင်းနှင့် ဒေါ်ကြီးမွေးတို့မှာ ဖေဖေ့သမီးဖြစ်သည်
သည့် အချက်တစ်ခုတည်းဖြင့်ပင် ငွေလွှန်းကို အလွန်ချစ်ကြ
ပါ။ ဦးကြီးသောင်း ဆိုတာကတော့ ငွေလွှန်း ငယ်ကတည်းက
စ်ရသူပါ။ ဖေဖေမှ အစစပို့ချင်သမျှကို ဦးကြီးသောင်းနှင့်ပို့ပို့
တတ်သည်ကိုးလေ။ ထိုစဉ်တုန်းကတော့ ဦးကြီးသောင်းဆို
ဖေဖေ နိုင်ငံခြားမှာ ရှိနေ၍ ...။ ဖေဖေပို့ခိုင်းသည့်ပစ္စည်း၊
ကြေးဆိုတာတွေကို လာလာပို့ပေးနေသူတစ်ယောက်ဟုသာ
ထားရပေမယ့် ...။ ကြာရိပ်ဝေမှ ဒရိုင်ဘာဖြစ်ချေသည်ဆိုတာ
တော့ မသိနိုင်ခဲ့။ အို ... တကယ်တော့ ကြာရိပ်ဝေ ဆိုသည့်
အိမ်ကြီးတစ်ခုသည် ဖေဖေ့အိမ်အဖြစ် ရှိနေမှန်းပင် မသိနိုင်ခဲ့
သည့် ငွေလွှန်းပုံ၏ဘဝပါ။

www.burmeseclassic.com

www.burmeseclassic.com



ငိုင်ခနဲ တစ်ချက်ဖြစ်သွားရာမှ ငွေလွှန်းပုံ ဒေါ်ကြီးမွေ ကိုပြုံး၍ ခေါင်းပဲညိတ်ပြလိုက်မိရပါ၏။

"ငွေလွှန်းလည်း ညက တော်တော်နှင့် အိပ်မပျော်နိုင်ဘဲ ဖြစ်နေရတာ၊ မနက်ဦးပိုင်းကျမှ အိပ်ပျော်သွားတယ် ဒေါ်ကြီ ရယ်၊ အိပ်ရာထ နောက်ကျတော့ ဒေါ်ကြီးကို အားနာရပ တယ်၊ ငွေလွှန်းက အငယ်ပါ၊ မီးဖိုထဲအရင်ရောက်ရမယ် သူပါ"

နာရီကိုကြည့်လိုက်တော့ ခုနစ်နာရီပင် ခွဲနေပြီ ငွေလွှန်းပုံ မျက်နှာလေး မကောင်းနိုင်ပဲ စိတ်ရင်းမှန်လေးအတိုင် အနေခက်စကားကို ပြောတော့ ဒေါ်ကြီးမွေးမှ ပြုံးကာ ဆံစလေ ကို သပ်ပေးလာပါ၏။

"စိတ်ပင်ပန်းရပေသကိုးကွယ်၊ အင်း ... ဒုက္ခ ... ဒုက္ခ ဒေါ်ကြီးတော့ ခင်စက်မေလေးနဲ့ တစ်အိမ်တည်းနေခဲ့ကြ ရသူတွေပဲလေ၊ မမလေးငြိမ်းနဲ့လည်း အဲသလိုပဲနေခဲ့ကြ ရတာဆိုတော့ သူတို့သားအမိ စိတ်ထားကို သိထားကြ တွေပါပဲ၊ ကိုယ့်အရှင်သခင်တွေကို ဘာမှ ဝေဝေဖန်ဖ မလုပ်တာအကောင်းဆုံးပေမို့ မပြောလိုတော့ပါဘူး၊ အ ငွေလွှန်းပုံလေးနဲ့ ဒေါ်ကြီးတို့ တူတူနေကြရပြီ၊ ငွေလွှ လေးရဲ့စိတ်ရင်းလေးကိုဖြင့် အစကတည်းက ငွေလွှန်း ဦးကြီးသောင်းက ကြာရိပ်ဝေမှာ ခဏ ခဏ ဒေါ်ကြီး တိုးတိုးသက်သက် ပြောပြောပြတတ်ပါတယ်၊ ဟိုသားအ မသိအောင် ဆိုပါတော့"



အသံတိုးတိုးဖြင့် ခပ်ညည်းညည်း ပြောနေရာမှ စကားဆုံးတော့ ... အင်း ... ခနဲ အသံရှည်တစ်ခုကို ညည်းညည်း တွားတွား ဆွဲဆွဲငင်ငင်လေး ပြုလိုက်ပြီးမှ ဒေါ်ကြီး ငွေလွှန်းပုံကို ကြည့်လာပါ၏။

"အအီပြေလေး ဒီဖျော်ရည်လေး သောက်လိုက်နော် ငွေလွှန်း ပုံ၊ ဒေါ်ကြီးတို့လည်း သွားကြဦးမယ်"

ထမင်းကြော်က တစ်ဝက်ကျိုးလုလု ဖြစ်နေပြီ။ ဆန်းကွစ်ဖျော်ရည်ဝါဝါပျစ်ပျစ်လေးကို ဖန်ခွက်ရှည်မျောမျောလေး ဖြင့် စားပွဲပေါ်ချပေးရင်း ဒေါ်ကြီးပြောကာ ဈေးခြင်းလေးထဲ ကလေးဆင့်စတီးလ်ချိုင့်ကိုထည့်၍ နေခိုက်မှာ ဦးကြီးသောင်းလည်း မီးဖိုဆောင်တံခါးဝမှာ ရပ်လာပါ၏။

"အဲဒီကားကြီးရှိနေတာ ငွေလွှန်းဖြင့် စိတ်ညစ်ပါရဲ့ဦးကြီး ရယ်၊ ဖေဖေကလည်း မမခင်စက်မေကို မပေးဘူး၊ ဦးကြီး ကလည်း ကားသော့ကို မပေးပဲ ထားခဲ့တာကိုး၊ ပေးလိုက် ရောပေါ့ ဦးကြီးရယ်၊ တက္ကစီနဲ့ သွားလာရတာ စိတ်လက် ဖြောင့်ပါတယ်၊ သူတို့ထဲကထပ်ပြီး ရောက်လာမှာတွေ စိတ်ထဲလေးနေရတာ ပိုစိတ်ပင်ပန်းပါတယ်၊ ငွေလွှန်းဖြင့် အဲဒီကားကြီးကိုလည်း မက်မနေပါဘူး"

ဟု ညည်းညည်းတွားတွားလေးပြောတော့ ဦးကြီး သောင်းမှ ...

"ကိုယ့်အဖေက စီးစေချင်၊ သုံးစေချင်လို့ အဖေရဲ့မေတ္တာ နဲ့ ဝယ်ပေးတဲ့ပစ္စည်းဟာ မြတ်နိုးထိုက်ပါတယ် ငွေလွှန်းပုံ လေးရယ်၊ အဲဒီ ကြာရိပ်ဝေက မမလေးတို့ ခင်စက်မေတို့

www.burmeseclassic.com

www.burmeseclassic.com



ကို စိတ်ထဲသိပ်ပြီး ထည့်မထားပါနဲ့၊ ကိုယ့်အဖေရဲ့မေတ္တာ
ကိုပဲ ခေါင်းထဲထည့်ထားပါကွယ်၊ ကဲ ... ကဲ ... မယ်မွေး
သွားကြစို့”

ဟု ပြောကာ နှစ်ယောက်သား ထွက်သွားကြတော့ ငွေလွန်းပုံ စားလက်စထမင်းကြော်ပန်းကန်ကို ဖျော်ရည်ဖန်ခွက် လေးနှင့်အတူ အုပ်ဆောင်းဆန်ခါဖြင့် ခဏအုပ်ထားခဲ့ကာ ခြံတံခါး ထိ လိုက်ခဲ့မိရပါ၏။ ကားထွက်သွားသည်အထိ ငွေလွန်းပုံရပ်နေ ပြီးမှ ခြံတံခါးကို သေချာသော့ခတ်၍ ကျန်ခဲ့ရခြင်းပါ။

ဒါမှ ခင်စက်မေ ရုတ်တရက်ကြီး အိမ်ထဲဝင်လာတာ မျိုးကို မကြုံဘဲရှိရချေမည်ပေါ့။ ရောက်လာလျှင် ရင်ဆိုင်ရဲသည် သတ္တိမရှိ၍ မဟုတ်ပါ။ ဒါပေမဲ့ ဆူသံညံသံ၊ လောဘသံတွေ ကြားရတာ ပင်ပန်းသည်။ မေမေဆုံးထားတာမို့ ရင်ထဲမှာကြေ လောင်မြိုက်နေရသည့်မီးက ငွေလွန်းပုံအတွက် ဖြေပြေရာမရှိသည့် အချိန်။ ခုလိုအချိန်ကြီးမှာ အလိုက်ကမ်းတရားမသိ ပစ္စည်းေ ဖြင့် ဥစ္စာချောက်ချောက်ပြီး ရောက်ရောက်လာတာကို ကြုံရ များလာတော့လည်း ရင်ထဲမှာ မျက်နှာချင်းလည်း မဆုံချင်တေ သည့်စိတ်က ပြင်းထန်စွာ ဖြစ်တည်လာရသည်ပါပဲ။

လှည့်၍လျှောက်လာတော့မှ ဖျတ်ခနဲ အာရုံ တိုးတိုးဝင်ဝင်နှင့် သတိထားမိလာရသည့် ပုံရိပ်လေးတွေကို သေချာချာကြီး ကြည့်မိလိုက်ရပါပြီ။

ရွှေရောင်စက္ကူ၊ ငွေရောင်စက္ကူတွေဖြင့် အလှချိုး ပါသည့် စက္ကူငှက်ရုပ်လေးများပါတကား။ ငှက်ရုပ်လေးတွေ ဝင်းလဲ့လဲ့လည်း ပြေးနေကြသည်။ ရွှေငှက်လေးများ တောင်ပံ



လေးတွေဖြင့် လှုပ်ခတ်နေကြသည့်နှယ်။ ဩော် ... နှင်းထုနှင်းခဲ ကြီးပေါ် နေရောင်ထိုးဖြာကျစဉ်မှာ မြင်ရသည့်နှယ် ငွေရောင်လက် လက်ဖြာနေသည့် စက္ကူငှက်ငယ်လေးတွေကလည်း ငွေငှက်ငယ် လေးများနှယ့် တလွင့်ဝဲဝဲ။ ကြိုးလေးတွေဖြင့် ဆိုင်းချည်ထားရာ ခဲဘားဂရင်းပင် စိမ်းမြမြ၏ကိုင်းတံငယ်လေးတွေဆီမှ တွဲရရွဲကျ ကာ လေနှင့်အတူ လှုပ်ခတ်နေကြပါသည့် စက္ကူငှက်လေးများ ပါတကား။

ငွေလွန်းပုံ လွှတ်ခနဲ ကလေးနှယ်ပင် ...

“ဟယ် ... ချစ်စရာလေးတွေ”

ဟု အသံလေးပွင့်ကျသွားရကာ ခြေလှမ်းလေးသွက် သွက်ဖြင့် စက္ကူငှက်လေးများရှိရာသို့ သွားလိုက်မိရပါပြီ။ စောစော က ရင်ထဲကျပ်ပိတ်နေအောင် ခံစားနေရပါသည့် ရှုပ်ထွေးပန်းလျ တွေက လောလောဆယ် အခိုက်အတန့်လေးမှာတော့ ပျောက် ကွင်းသွားရပါ၏။ နားတွင်းသို့ တိုးဝင်လာသည်က ဆည်းလည်းသံ။ ဟုတ်သည်။ ချိုလွင်လွင်ဆည်းလည်းသံ။ သတ္တုချောင်းလေးတွေ တစ်ခုနှင့်တစ်ခု ထိခတ်ရိုက်ခတ်မိချိန်မှာ မြည်လာတတ်ပါသော ချိုလွင်လွင်အသံလေးများ။

ဩော် ... ရေတမာပင်၏ ကိုင်းတံနိမ့်နိမ့်လေးတစ်ခု မှာ သံငုတ်လေးတစ်ခု ရိုက်ထားလျက် ထိုသံငုတ်ကွေးလေးမှာ ဆည်းလည်းလေးတစ်စုံသည် သတ္တုချောင်းလေးများစွာနှင့် တွဲရရွဲ ဖြင့် ရှိနေလျက် လေ၏အဝေ့နှင့်အတူ လွင်သာသည့်အသံလေး များကို ဖြန့်ဝေလွင့်မျောနေစေသည်တကား။ ထိုဆည်းလည်းလေး သည် လှပသော ရောင်စုံကြယ်ပွင့်လေးတွေအဖြစ် ဖန်သားလေး

www.burmeseclassic.com

www.burmeseclassic.com



တွေဖြင့် ကြိုးလေးတွေနှင့် သီတန်းကာ သတ္တုချောင်းလေးတွေ၏ အဆုံးမှာ ချိတ်သွယ်တန်းလျက် ရှိနေကြပါလေ၏။

"လှလိုက်တာ"

ဆည်းလည်းလေးဆီသို့ အရင်လျှောက်သွားမိကာ မော့ကြည့်ရင်း ကြည်နူးစိတ်သည် လွင်သာနေသည့် ဆည်းလည်းသံလေးနှင့်အတူ လွင့်မျောပါသွားရသည်ပါပဲ။

"ကြည့်စမ်း ... သံငုတ်လေးမှာ ဒီဆည်းလည်းလေးကို ချိတ်တဲ့ဥစ္စာ၊ လေတိုက်ရာ တလှုပ်ခတ်ခတ်ဖြစ်ရင်း ဆည်းလည်းကွင်းချိတ်လေး ပြုတ်လျှောမကျအောင်ဆိုပြီး သစ်ကိုင်းမှာရိုက်ထားတဲ့ သံငုတ်လေးကိုကွေးပြီး ပြန်ပိတ်ထားတာပါလား၊ ဦးကြီးသောင်း စိတ်ကူးတရနဲ့ လုပ်ပေးထားတာ၊ ငါ့ကိုပျော်အောင်လို့ လုပ်ပေးထားတာ"

ဟု ကျေးဇူးတင်စိတ်လေးဖြင့် ငွေလွန်းပုံ တစ်ယောက်တည်း တွေးနေမိရသည်ပါပဲ။ စောစောက ဦးကြီးသောင်းနှင့် ဒေါ်ကြီးမွှေးတို့ ဈေးသွားကြစဉ်မှာ ခြံဝင်းတံခါးပိတ်ဖို့ပဲ စိတ်စောနေမိတာမို့ အာရုံသည် ဆည်းလည်းသံလေးတွေ၏ မြည်သံလေးများကို မသက်ရောက် မကြားမိစေနိုင်ခဲ့။ ထိုစဉ်တုန်းကလည်း ဆည်းလည်းသံလေးတွေ မြည်ချင်မြည်နေကြပါချေလိမ့်မည်။ ဒါပေမဲ့ ဆည်းလည်းဆိုတာကလည်း လေလေးတိုးတိုးသာသာ ဝေ့လာမှ မြည်တတ်ချေသည်ပဲလေ။ ငွေလွန်းပုံ စောစောက ခြံတံခါးဆီသို့ သွားနေချိန်မှာ မြည်ချင်မှ မြည်ချေမည်ပေါ့။

ငွေလွန်းပုံ၏ လက်သွယ်သွယ်လေးတွေက ဖန်သားရောင်စုံကြယ်လေးတွေကိုလည်း ဖွဖွလေး ထိတို့ကြည့်နေမိသည်။



သတ္တုချောင်းလေးတွေကိုလည်း နူးနူးညံ့ညံ့လေး လက်ဖျားလေးတွေဖြင့် ထိခတ်လိုက်မိသည်။ လွင်သာသည့် ဆည်းလည်းမြည်သံက ချစ်စဖွယ်ပေါ်လာပါ၏။ စွဲလမ်းဖွယ် အသံလေး။ ကြယ်ရောင်စုံဖန်သားလေးတွေကလည်း တလှုပ်နွဲ့နွဲ့။

နောက်တော့လည်း ငွေလွန်းပုံ၏အကြည့်က ရွှေရောင်၊ ငွေရောင် စက္ကူငှက်လေးများဆီသို့ ရောက်သွားရကာ ...။ ခဲဗားဂရင်းအပင်ကြီးဆီသို့ လျှောက်သွားမိရပြန်သည်။ စက္ကူငှက်လေးတွေက အရွယ်သေးသေးလေးတွေဖြင့် ကြိုးတန်းလေးတွေ ချည်ထားရာအတိုင်း တလှုပ်ခတ်ခတ်။

ငှက်လေးတွေကို ငွေလွန်းပုံ လက်ဖျားလေးတွေဖြင့် ဖွဖွထိမိပြန်သည်။ နေရောင်က ငှက်လေးများဆီသို့ တိုးတိုးထိုးထိုး ဆက်ကျနေတာမို့ ရွှေရောင်လေးတွေ တလက်လက်။ ငွေရောင်လေးတွေ တလက်လက်ဖြင့် ရှိနေသမျှ ...။ ငှက်လေးတွေကို မော့ကြည့်နေပါသည့် ငွေလွန်းပုံ၏ မျက်နှာဖြူဥဥလေးဆီသို့ ငှက်လေးတွေဆီမှ နေတိုးရိပ်သည် ရွှေရိပ်ငွေရိပ်လေးများအဖြစ် ပြန့်ကျက်သက်ဆင်းနေချေသည်တည့်။ ရွှန်းလဲ့သောအကြည့်လေးတွေဖြင့် စက္ကူငှက်လေးတွေကို မမှိတ်မသုန် ငေးကြည့်နေရင်း လက်ဖျားလေးဖြင့် တဖွဖွထိခတ်ပြီး တစ်ယောက်တည်း ဆည်းလည်းသံလွင်သာသာနှင့် ရွှေရောင်ငွေရောင်စက္ကူငှက်လေးများ၏ ကြားမှာ အခိုက်အတန့်မျှတော့ ငွေလွန်းပုံသည် အရာရာကိုမေ့လျော့သွားရလျက် အာရုံလေးတွေ စန့်ဝင်နေခဲ့ရသည်တည့်။

နောက်တော့လည်း ငွေလွန်းပုံအိမ်တွင်းသို့ ဝင်လာခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းကြော်သည် အတန်မျှ အေးစက်စပြုနေပြီ။ ငွေလွှန်းပုံ ထမင်းကြော်ကို ကုန်အောင်ဆက်စားရပါ၏။ လူကြီးသူမဖြစ်သည့် ဒေါ်ကြီးမွေးမှ တကန်တက ကြော်လှော်ကျွေးသည့် ထမင်းကြော်။ ကုန်အောင် စားရမည်သာ။ သွန်ပစ်တာမျိုး၊ ကျန်နေတာမျိုး မလုပ်အပ်သည်ပဲလေ။ ငွေလွှန်းပုံ ထမင်းကြော်ကုန်သွားတော့မှ ပန်းကန်လေးဆေးကာ ပန်းကန်စင်မှာ ရေစစ်အောင်ထောင်ထားခဲ့လျက် အအေးဖန်ခွက်လေးကိုင်ကာ သောက်လိုက်မိရပါ၏။

အအီပြေလေးဆိုတာ ဒေါ်ကြီးမွေး ပြောသည့်နှယ်ပါပဲလေ။ ဖျော်ရည်မွှေးမွှေး ချိုချဉ်ချဉ်လေးသည် ထမင်းကြော်စားအပြီးမှာ သောက်၍ကောင်းနေသည့်အဖြစ်။ တဖြည်းဖြည်းဖျော်ရည်က ကုန်လုလုဖြစ်လာချိန်မှာ ဖန်ခွက်၏အောက်ခြေနေရာလေးမှာ တစ်ခုခု ရှိနေတာကို သိလာနေရလျက်။ လက်ကျန်ဖျော်ရည်ထဲ သေချာကြည့်မိလိုက်စဉ်ခိုက် မှင်သက်သွားရပါပြီ။ လက်စွပ်လေးတစ်ကွင်းပါတကား။ ငွေလွှန်းပုံ နားမလည်ချင်ဘယ့်နှယ်လုပ်၍ လက်စွပ်တစ်ကွင်းသည် ဤဖျော်ရည်ဖန်ခွက်ထဲ ရောက်နေရပါသတဲ့လဲ။

"ဘုရားရေ ... ဖျော်ရည်ပုလင်းထဲ ကံစမ်းလက်စွပ်များပါနေသတဲ့လား။ ဒေါ်ကြီး လောင်းထည့်တုန်းရော ပါလေတာများလား"

ဟုတွေးကာ အံ့သြစိတ် ဖြစ်နေရလျက် လက်စွပ်လေးကို ယူကြည့်လိုက်မိရပါသည့်အဖြစ်။



"ဟင် ... စိန်တစ်လုံးမြှုပ်ထားတဲ့ ရွှေလက်စွပ်လေးပါလား"

လက်စွပ်လေးကို ကိုင်ကြည့်နေရင်း ငွေလွှန်းပုံတစ်ယောက်တည်း အံ့သြခြင်းများဖြင့် နစ်မြုပ်သွားရသည်ပါပဲ။

ထိုစဉ်ခိုက် တံခါးခန်းဆီးလေးကို တိမ်းဖယ်၍ရုပ်လာပါသည့် လူရိပ်ကြောင့် ငွေလွှန်းပုံ ထိတ်ခနဲဖြစ်သွားရလျက်ကြည့်လိုက်မိရပါ၏။ ဦးကြီးသောင်းနှင့် ဒေါ်ကြီးမွေးတို့လည်းအိမ်မှာမရှိ။ ကားရော လူရော ပြန်မရောက်လာကြသေး။ ဤအချိန်မှာ လူတစ်ယောက်က အိမ်ထဲမှာရောက်နေပြီ။ ဒါပေမဲ့ လူရိပ်မြင်သည်မို့ ထိတ်ခနဲ ခံစားရစိတ်နှင့် တစ်ဆက်တည်းကြည့်လည်းကြည့်မိလိုက်ရတာမို့ ခံစားချက်က ပြောင်းသွားရပြန်သည်။ အံ့သြစိတ် ...။ နောက်တော့ ဒေါသနည်းနည်းပါသော အံ့သြစိတ်အဖြစ်သို့ ပြောင်းသွားရပြန်သည်။

"ရှင် ... ဘာကိစ္စနဲ့ ဒီထဲရောက်နေရတာလဲ ဦးဘုန်းတက်လူ"

ဟု မေးလိုက်သည့် အသံလေးကလည်း သူရောက်နေတာကို မနှစ်သက်ဆိုသည့်သဘောအဖြစ် ခပ်တင်းတင်းလေးဖြစ်နေသည်။ မာကျောကျောလေး ဖြစ်နေသည်။ သူ ငွေလွှန်းပုံကို ခပ်လှမ်းလှမ်းဆီမှပင် ငေးစိုက်ကြည့်နေဆဲ။ တောင်းပန်ကြည့်သည့် တည်ကြည်လေးနက်သော သူ့မူပိုင်ဟန်ထဲမှာ ရောထွေးပါနေကြပါ၏။

"ကိုယ်ရောက်တာ မနက်အစောကြီးပဲ ငွေလွှန်းပုံ၊ ညက ကိုယ်အိပ်လို့မရပြန်ဘူး၊ နှစ်ညရှိသွားပြီဗျာ၊ အိပ်လို့ကိုမရတာ၊ ကိုယ်တစ်ယောက်တည်း ယောက်ယက်ခတ်နေအောင်

www.burmeseclassic.com

www.burmeseclassic.com



အရှုးတစ်ပိုင်း ဖြစ်နေတယ် ငွေလွန်းပုံ၊ မင်းနဲ့မတွေ့ရ
နေရမယ့်အရာကို ငါလက်မခံနိုင်ဘဲ ဖြစ်နေတာဆိုးတယ်
ငွေလွန်းပုံ"

သူ ရှေ့သို့တိုးမလာပါ။ ထမင်းစား စားပွဲရှေ့ထို
ခုံမှာ ထိုင်နေသည့် ငွေလွန်းပုံကို အဝေးမှသာ လှမ်း၍ပြော
ခြင်း။ အခန်းထဲ ပိုင်စိုးပိုင်နင်းတော့ ဝင်မလာ။ ဒါပေမဲ့ အိမ်
ရောက်နေတာကတော့ ရောက်နေသည်ပဲလေ။ ခုလိုရှိနေတာမျိုး
ကိုတော့ ငွေလွန်းပုံ မကြိုက်။

"မနေ့ကလည်း ရှင့်ကြောင့် ကျွန်မ အပြောခံခဲ့ရပြီး
ဒီနေ့လည်း ထပ်ရောက်လာပြန်ပြီ၊ ရှင် မနက်အစော
ကတည်းက ဘာကိစ္စနဲ့ ဒီကိုလာရတာလဲ"

ငွေလွန်းပုံ မျက်နှာလေး တင်းရဲ၍ပြောတော့
သက်ပြင်းရှိုက်သည်။

"ညက အိပ်မပျော်တဲ့အတူတူ စက္ကူငှက်ရုပ်လေးတွေ
လုပ်နေမိတယ် ငွေလွန်းပုံ၊ အဲဒါလေးတွေ လာချိတ်
ပြီးတော့ ဆည်းလည်းလေးလည်း လာချိတ်တာ၊ အဲဒါ
တွေမြင်ရင် မင်း ပျော်သွားလိုက်တာလေး အခိုက်အတ
မှာ ဖြစ်တယ်ပဲထား၊ ကိုယ် ကြည့်နူးလိုက်မိရမှာပါ
တကယ်လည်း မင်း ပျော်သွားတာ၊ စိတ်ဝင်တစား
ကလေးလေးလိုပဲ ကိုင်ကြည့်လိုက်၊ မော့ကြည့်လိုက်နဲ့
နေတာတွေအားလုံး ကိုယ် အိမ်ထောင့်အကွယ်လေးမှာ
ရင်း ကြည်ကြည်နူးနူး ကြည့်နေမိတယ်ကွယ်"



သူ့အသံက အရမ်းကိုနူးညံ့သိမ်မွေ့နေသည်။ အေး
ချမ်းနေသည်။

မျက်ဝန်းတွေလည်း ရွှန်းလဲ့နေကြသည်။ တစ်ခုပဲ
ရှိသည်။ သူ လုံးဝရှေ့တိုးလာတာမျိုး ရှိမနေ။ မီးဖိုဆောင်အဝင်
တံခါးဝမှာပဲ ငြိမ်သက်စွာရပ်နေခြင်း။

"ဒေါ်ကြီးမွေးနဲ့ ဦးကြီးသောင်းကို ခွင့်တောင်းပြီးမှ အဲဒီ
ဆည်းလည်းနဲ့ငှက်ရုပ်လေးတွေကို ချိတ်ထားတာပါ ငွေ
လွန်းပုံ၊ ပြီးတော့ ငွေလွန်းပုံကို တောင်းပန်ပါရစေလို့လည်း
ကိုယ် ခွင့်ပန်ခဲ့တာပါ၊ အေးအေးဆေးဆေး တောင်းပန်ပါ
ရစေလို့ ပြောတော့ ဒေါ်ကြီးနဲ့ ဦးကြီးခမျာ သဘောတူ
ပေးရှာပါတယ်၊ သူတို့ဈေးသွားနေစဉ်မှာ ငွေလွန်းကို နား
ဝင်အောင်တော့ ပြောကြည့်ပါတဲ့လေ၊ ကိုယ် အရမ်းကို
ကျေးဇူးတင်မိရတာပါ၊ ကိုယ့်သိက္ခာကိုလည်း ဒေါ်ကြီးမွေး
တို့က ယုံကြည်ကြတယ်လေ"

"ကဲ ... ရှင် တောင်းပန်ပြီးပြီ မဟုတ်လား၊ ကျွန်မလည်း
ကြားပြီးပြီ၊ ရှင် ... ပြန်တော့"

ငွေလွန်းပုံ စကားကိုတိုလေးဖြင့် ပြောချလိုက်တော့
သူ ကြည့်လိုက်သည်က ငွေလွန်းပုံ၏လက်ထဲမှ လက်စွပ်လေးကို
ပါ။

"ကိုယ် အဲဒီလက်စွပ်လေးကို အဲဒီဖျော်ရည်ထဲထည့်ပြီး
ဒေါ်ကြီးနဲ့ ပေးခိုင်းထားတာပါ ငွေလွန်းပုံ၊ မင်းအိပ်ပျော်
နေစဉ်နဲ့ အဲဒါတွေအားလုံး ကိုယ်လုပ်ခဲ့တာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလာတော့ ငွေလွှန်းပုံ အလန့်တကြားလေ

လက်စွပ်ကို စားပွဲပေါ်ပစ်ချလိုက်တော့ သူ ကြေကွဲစွာ လက်စွ

လေးကိုကြည့်သည်။ အားလျော့ရိပ်သည် ဖျတ်ခနဲ သူ့မျက်နှ

ထက်မှာ ရိုးရိုးရိပ်ရိပ်မျှ တိုတောင်းစွာပဲ ဖြတ်သန်း၏။ ဒါပေ

သိပ်မကြာခင်မှာပဲ နောက်မဆုတ်သည့် အရိပ်တွေ သူ့မျက်နှ

ထက်မှာ ပြန်၍အုပ်မိုးလာကြပါလေ၏။

"အဲဒီလက်စွပ်လေးကို ဖန်ခွက်ထဲ ကိုယ်ထည့်တဲ့အခါ

ဒေါ်ကြီးမွေးလည်း ရှိနေတာပါပဲ၊ ဦးကြီးသောင်းလည်း

နေတာပါပဲ၊ မင်းကို ဘယ်လောက်အထိ ကိုယ်မြတ်နိုးန

တယ်ဆိုတာ မင်းမသိသလို လုပ်နိုင်ရက်ပေမယ့် ဒေါ်ကြ

တို့က မလုပ်ရက်ကြတာမို့ ဒီဖျော်ရည်ခွက်လေးကို မင်း

ပေးပေးဖို့ ဒေါ်ကြီးခမျာ ခေါင်းညိတ်ခဲ့တာပါ"

ဟု ပြောလာချိန်မှာ ငွေလွှန်းပုံ သူ့ကိုကြည့်လ

ကြည့်။ ဖျတ်ခနဲ ထရပ်လိုက်ကာ ...

"ဘာသဘောလဲ၊ ဟင် ... ဘာသဘောတွေလဲ၊ ရှင် ရူး

သလား ... ဟင်၊ ဒေါ်ကြီးတို့ကို အဲဒါတွေလုပ်ပြနေ

ဟာ ရှင် ရူးနေတာလား"

"ဟုတ်တယ် ... ကိုယ် ရူးနေတာ၊ မင်းကိုချစ်နေတဲ့အ

တွေနဲ့ ကိုယ်ရူးနေတာ၊ ကိုယ့်ဘဝမှာ ချစ်မြတ်နိုးမိရတ

ဆိုတာလည်း ဒါပထမဆုံးပဲ၊ မင်းကိုချစ်လွန်းတဲ့စိတ်

နဲ့ ငါ မင်းဆီကို အဲဒီလက်စွပ်လေးရောက်အောင် ပေး

လွန်းတာမို့ လုပ်မိလုပ်ရာတွေ လုပ်နေမိတာအမှန်ပဲ

ရူးနေတယ်၊ ဒါပေမဲ့ အဲသလို ရူးနေရတာကို ငါကြည

နေတယ် ငွေလွှန်းပုံ"



သူ ဆက်တိုက်ပြောနေသည်။ ပြောနေပုံက ရင်ကို နှစ်၍ပြောသည့်ပုံ။ ရှေ့သို့ တစ်လှမ်းမျှ တိုးမလာပေမယ့် ...။ ငွေလွှန်းပုံ၏မျက်နှာလေးကို မမိုတ်မသုန်မျှ ငေးစိုက်ကြည့်နေရင်း သူ တလေးတနက် ပြောနေခြင်း။

"မင်း အဲဒီဆည်းလည်းလေးကို ကြည့်နေတာ၊ စက္ကူငှက်ရုပ်လေးတွေကို ကြည့်နေတာ၊ အားလုံးကို ငါ့နှလုံးသားထဲမှာ ပုံရိပ်လေးတွေ သိမ်းဆည်းထားတယ် ငွေလွှန်းပုံ၊ မင်း ငါ့နှလုံးသားထဲက ဘယ်လိုမှ ထွက်သွားလို့မရလောက်အောင်ပဲ ငါသိမ်းဆည်းထားတယ် ငွေလွှန်းပုံ"

သူ ပြောနေစဉ်မိုက် လက်စွပ်ကို ဆတ်ခနဲယူ၍ ငွေလွှန်းပုံ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လာကာ သူ့လက်ကို ဆွဲယူလိုက်သည်က ပြတ်သားသည့် အကြည့်ဖြင့်ပါ။ သူ့လက်ဖဝါးထဲ လက်စွပ်ကိုလည်း စိတ်ဓာဆောင်ရင်း ခပ်တည်တည်ပဲပြန်ထည့်ပေးလိုက်ပါ၏။

သူ ငိုင်ခနဲဖြစ်သွားသည်။ အကြည့်တွေက မှိုင်းညို့နေသွားကြလျက် တကြေမြည့်မြည့်ကြီး ငွေလွှန်းပုံကို ကြည့်နေပါ၏။

"ကျွန်မ အသေအချာ ထပ်ပြောမယ် ဦးဘုန်းတက်လူ၊ အထူးသဖြင့် ခင်စက်မေရဲ့စကားတွေ ကျွန်မနားထဲက မထွက်နိုင်ဘူး၊ သူတို့ပြောသလို ကျွန်မက ရှင့်ကို ကြိုးဆွဲကခိုင်းဖို့အတွက် ရအောင်လက်ထပ်ယူလိုက်တယ်ဆိုတာမျိုး၊ ဘယ်တော့မှ ကျွန်မအဖြစ်မခံနိုင်ဘူးရှင့်၊ ခင်စက်မေဟာ မေမေ့သိက္ခာနဲ့ ကိုယ်ကျင့်တရားကိုလည်း စော်ကား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တယ်၊ ကျွန်မရဲ့သိက္ခာနဲ့ ကိုယ်ကျင့်တရား၊ ပြီးတော့ ... မာနကိုလည်း အထင်သေးစော်ကားခဲ့တယ်၊ အဲဒီစကား ကျွန်မတစ်သက် ဘယ်တော့မှ မမေ့သလို အဲဒီနာကြည်း ချက်ကိုလည်း ကျွန်မ ဘယ်တော့မှ ရင်ထဲကဖျောက်ပစ် လိုက်နိုင်မှာ မဟုတ်ပါဘူး၊ ရှင် ... ပြန်ပါ၊ နောက်ကို ခုလို ဒေါ်ကြီးတို့ကို အားနာသနားလာအောင် ခခယယ လုပ်ပြပြီး ကျွန်မကို လာတွေ့တာမျိုး မလုပ်ဖို့ သေချာမှာ လိုက်ပါရဲ့"

ဟု ထပ်ပြောတော့ သူ ဘာမျှပြန်မပြောတော့ လက်ထဲမှ လက်စွပ်ကို ကြေကြေကွဲကွဲကြည့်သည်။ ငွေလွန်းပုံ၏ မျက်နှာလေးကိုလည်း မယုံရက်သလို ကြည့်လာသည်။

"အဲသလောက်ထိ ပြတ်သားရက်သလား ငွေလွန်းပုံ"

ဟု အသံတိုးအက်အက်ဖြင့် မေးလာပါ၏။

"ကိုယ်ဟာ ကိုယ်တကယ်မြတ်နိုးပြီး လက်ထပ်ဖို့၊ ဘ တစ်သက်တာ လက်တွဲဖို့အထိ ဆုံးဖြတ်ပြီး တန်ဖိုးထ ရတဲ့ မိန်းကလေးတစ်ယောက်ထံမှာ ကိုယ့်အချစ်ကိုအပ် ပေးလိုက်တာပါပဲ၊ မင်း မထိုက်တန်ဘူးရယ်လို့ သတ်မှ လို့ပစ်ချင်တယ်ဆိုရင်လည်း ပစ်လိုက်ပါ ငွေလွန်းပုံ၊ ဒါပေ ငါ့အချစ်ကတော့ ငါ့ရင်ထဲမှာ ရှိနေမှာပါပဲ၊ အချစ်ဆို ချစ်ရသူထံကို အပ်နှံလိုက်ရတဲ့ ကိုယ့်အချစ်၊ ကိုယ့်ရင် မှာ တင်ကျန်နေမြဲရှိနေရတဲ့ အချစ်တွေနဲ့ ရင်သန်ကြ ပါပဲ၊ မင်းဆီကို အပ်နှံလိုက်တဲ့အချစ်ကို မင်း ငြင်း လိုက်တယ်ပဲထား ငါ့ရင်ထဲက ထင်ကျန်နေဆဲအချ



တော့ မင်းဆွဲနုတ်ဖယ်ရှားပစ်လိုက်လို့ ရနိုင်စွမ်းမှာမဟုတ် ပါဘူး"

သူ ကြေကွဲသမျှကိုထိန်းကာ တည်တည်ငြိမ်ငြိမ်ဖြစ် အောင် ကြိုးစားရင်း တစ်လုံးချင်းပြောနေသမျှ ငွေလွန်းပုံ ငြိမ်ကျ စွာထောင်နေမိရသည်။ ရင်ထဲမှာမကောင်း။ ဟုတ်သည်။ ငွေ လွန်းပုံ ရင်ထဲမှာ နင့်ခနဲခံစားလိုက်ရသည်ပါပဲ။ ဘာကြောင့်များ သူနှင့် ငွေလွန်းပုံတို့ကြားမှာ ခင်စက်မေဆိုတာက ပတ်သက်ရှိနေ ရပါသတဲ့လဲ။ သူ့ဒေါ်လေး ဒေါ်သူဇာဆိုတာကရော ဘာကြောင့် သာ၍ပတ်သက်နေခဲ့ရပါသတဲ့လဲ။ ခင်စက်မေ၏စကားတွေကို သည်း ငွေလွန်းပုံမမေ့။ ဒေါ်လေးသူဇာ ဆိုသူ၏စကားကိုလည်း ခမေ့။

"ရှင့်ဆည်းလည်းကိုလည်း ပြန်ဖြုတ်ယူသွားပါ၊ ရှင့်စက္ကူ ငှက်တွေကိုလည်း ပြန်ဖြုတ်ယူသွားပါ၊ ပြန်ပါ"

ငွေလွန်းပုံ အော်ပြောကာ အခန်းတွင်းမှ ထွက်မည် မှုတော့ သူ ဤတစ်ကြိမ်မှာတော့ ကိုယ်ကိုပိတ်ကာလိုက်ကာ ...

"နေဦး ငွေလွန်းပုံ၊ ကိုယ်ပြောချင်တာ ရှိနေသေးတယ်၊ စောစောက မင်းပြောတဲ့စကား၊ သိက္ခာနဲ့မာနကို ထိတယ် ဆိုတဲ့စကား၊ အဲဒါ ကိုယ်လုပ်တာမှ မဟုတ်ဘဲ၊ ခင်စက်မေ ပြီးတော့ ... ဒေါ်လေးသူဇာ၊ သူတို့လုပ်တာပဲ၊ ကိုယ့်အချစ် နဲ့ဘာဆိုင်လို့လဲ၊ ပြီးတော့ ထပ်ပြောဦးမယ်၊ မင်းပြောတဲ့ အထဲမှာ အဲဒီကိုယ်ကျင့်သိက္ခာနဲ့ မာနဆိုတာ မင်းတစ် ယောက်တည်းမှာမှ ရှိတာမှမဟုတ်ဘဲ၊ ကိုယ့်မှာလည်းရှိ တာပဲ၊ ကိုယ်ဟာ မိန်းကလေးတစ်ယောက်ကို မချစ်မြတ်နိုး

www.burmeseclassic.com

www.burmeseclassic.com



ပဲနဲ့ ဒီလောက်ထိ မခံစားနေရဘူး ဆိုတာလေးလောက် တော့ မင်းသိပေးသင့်တာပေါ့ ငွေလွှန်းပုံ၊ ဟင် ... သိပေး သင့်တာပေါ့၊ ကိုယ့်မှာ ... ကိုယ့်မှာ တန်ဖိုးဆိုတာမရှိတော့ ဘူးလား၊ ကိုယ့်မှာရော သိက္ခာဆိုတာ မရှိတော့ဘူးလား မာနဆိုတာကိုတော့ ကိုယ့်အချစ်နဲ့ယှဉ်ပြီး ထည့်မပြောရက် လို့ မပြောတော့ပါဘူး"

သူ ဆက်တိုက်ပြောသည်။ ငွေလွှန်းပုံ ငိုင်သွားရ ပြီ။ ဟုတ်သည်ကောလေ။ သူ့တန်ဖိုးဆိုတာကိုတော့ ငွေလွှန်း ဘာကြောင့် ထည့်မတွေးပေးရက်ခဲ့ရပါသတဲ့လဲ။

"မင်း ပြောခဲ့တယ်၊ ဆည်းလည်းလေးကိုရော စက္ကူငှက် ရုပ်လေးတွေကိုရော ပြန်ဖြုတ်ယူသွားဖို့"

သူ တစ်ချက် ခပ်ယဲ့ယဲ့ပြုံးသည်။ ထိထိခိုက်ခို နိုင်နေသောအပြုံး ...

"အဲဒီစက္ကူရုပ်လေးတွေကို ကိုယ် တစ်ညလုံးမအိပ် လုပ်ခဲ့တယ်ဆိုတာ မင်းသိအောင် ကိုယ်ပြောပြခဲ့သေးတ လေ၊ အဲဒါကို သိပါရက်ကယ်နဲ့ မင်း အဲသလို ပစ်ပစ် ရက် ပြောရက်တယ်နော် ... ကောင်းပြီ၊ မင်းကမှ မ ချင်တော့ဘူး ဆိုရင်ဖြင့် မင်း စိတ်အနှောင့်အယှက်မ စေဖို့ ကိုယ်ပြန်ဖြုတ်သွားပါ့မယ်၊ တမြတ်တနိုးနဲ့ လုပ် ရတဲ့စက္ကူငှက်ရုပ်လေးတွေကို ကိုယ်ကတော့ ဘယ်တော့ မပစ်ရက်ပါဘူး၊ သိမ်းထားမှာပါ"

သူတဆို့တနင့်ကြီး ပြောပြီးတာနှင့် နေရာမှ လှည့်ထွက်သွားပါ၏။



နေရာမှမရွေ့ ကျန်ခဲ့သူက ငွေလွှန်းပုံ။

ထိုစဉ်ခိုက် အိမ်ရှေ့မှာ ကားရပ်သံကြားရပြီ။ သော့ ပိုတစ်ချောင်း ဒေါ်ကြီးတို့ထံမှာလည်း ရှိတာမို့ ...။ ခြံတံခါးသွား ဖွင့်ပေးဖို့ မလိုသည်ပဲဟု တွေးကာ စောစောက ထိုင်ခဲ့သည့်ထိုင် ခုံလေးမှာ ငြိမ်ငြိမ်သက်သက် သွားထိုင်လိုက်မိရပါ၏။

အပြင်သို့ ငွေလွှန်းပုံ ထွက်မသွားချင်ပါ။

စက္ကူငှက်ရုပ်လေးတွေကို ကြေကြေကွဲကွဲနိုင်စွာ ဖြုတ် သိမ်းနေမည့်သူ့ကို မကြည့်ရက်။

သြော် ... ဆည်းလည်းလေးကို ဖြုတ်နေမည့် သူ့ မျက်နှာမှာ စွန်းထင်းနေကြချေမည့် ထိခိုက်နာကျင်ရိပ်များကို မကြည့်ရက်။

ငွေလွှန်းပုံ ရင်ထဲမှာမကောင်း။

သြော် ... သူ့သိက္ခာနှင့် မာနတရားတို့ကို ငွေလွှန်းပုံ ထိုက်ချိုးမိလိုက်ချေပြီလား။

သူ၏အချစ်ကိုရော ငွေလွှန်းပုံ စော်ကားလိုက်မိချေ ပြီလား။

မညှာမထောက် ဝန်ခံလိုက်ရမည်ဆိုလျှင်ဖြင့် ငွေ လွှန်းပုံ သူ၏အချစ်ကိုလည်း စော်ကားမိခဲ့ပြီ။

သူ၏သိက္ခာနှင့် မာနကိုလည်း စော်ကားမိခဲ့ပြီးပြီ။

သူ့အချစ်ကို လက်မခံနိုင်သည်ပဲထား ...။

ဤမျှအထိတော့ နှင်ထုတ်စကားပင် ပြောထွက်ရဲ ခဲ့တာ ငွေလွှန်းပုံ လွန်ခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ... ဤလမ်းကိုပဲ ငွေလွှန်းပုံ ရွေးချယ်ရမည်သာ။

ဘာကြောင့်ဆို ထိုသို့ဖြစ်တည်စေဖို့ တိုက်တွန်းနေသည့်အရာက ရင်ထဲမှာ မဆန့်အောင် နာကျင်ထိုးနက်နေကြရေသည်ကိုးလေ။

ဒေါ်လေးသူဇာ ...။ ဒေါ်လေးသူဇာက တူတော်မောင်ဖြစ်သည့် ဘုန်းတက်လူနှင့် မေမေ ဒေါ်မိုးကြည်ဖြူ၏သမီး ငွေလွှန်းပုံကို မတူမတန် ပြောခဲ့ချေသည် မဟုတ်ပါလား။

သို့ဆိုလျှင်ဖြင့် ဘုန်းတက်လူဆိုသည့်သူနှင့် အကင်းဆုံးနေရဖို့တာဝန်သည် ငွေလွှန်းပုံ၏တာဝန်။ မေမေ့သမီး ငွေလွှန်းပုံ၏တာဝန်ပဲ ဖြစ်နေချေသည်တည့်။

ဒါပေမဲ့ ...။ ဩော် ... ဒါပေမဲ့ စက္ကူငှက်ရုပ်လေးတွေကို တိတ်ဆိတ်စွာ ဖွက်သိမ်းနေမည့်သူအတွက် ငွေလွှန်းပုံသည်လည်း ဘာကြောင့် ကြိတ်မှိတ်၍ ကြေကွဲနာကျင်သည့်ဝေဒနာတစ်ကို လောလောဆယ်မှာ ဖြစ်တည်ခံစားလာနေရပါသတဲ့လဲ။

ငွေလွှန်းပုံ ကိုယ့်နှလုံးသားကို နားမလည်နိုင်သည့်မိန်းမသားတစ်ယောက်အဖြစ်ပဲ ရှင်သန်ပေးလိုက်ချင်ပါတော့သည်။

ဒါမှ ရင်ထဲမှ နာကျင်ခြင်းတွေ ရပ်ဆိုင်းသွားကြချေလိမ့်မည်။

ဒါပေမဲ့ ငွေလွှန်းပုံသည် ကိုယ့်နှလုံးသားကို နားလည်နေသည့် မိန်းမသားတစ်ယောက်အဖြစ် ရှင်သန်နေရချေသည်တကား။

✧ ❦ ✧



# အခန်း(၁၃)

"ဘယ်အရာမဆို အတိုင်းအတာတစ်ခုတော့ ရှိသင့်တယ်၊ အထိန်းအချုပ်တစ်ခုတော့ ရှိသင့်တယ်၊ အဲဒါကို ဆင်ခြင်တုံတရားနဲ့ ထိန်းနိုင်တယ် ငြိမ်း၊ ခုဥစ္စာက ဆင်ခြင်တယ်ဆိုတာကို ပျောက်နေတာ၊ စိတ်ထဲပေါ်လာတိုင်း နှင်းဆီမြိုင်ကို သမီး ခင်စက်မေ ရောက်ရောက်သွားတာ လွန်လွန်းနေပြီ၊ အမေဖြစ်တဲ့ငြိမ်းက အလိုတူအလိုပါ လုပ်နေတာမကောင်းဘူး၊ သမီး ငွေလွှန်းပုံဟာ ခင်စက်မေရဲ့ညီမဖြစ်တယ် ဆိုတာလောက်ကိုတော့ ငြိမ်းလည်း သိသင့်တယ်၊ ခင်စက်မေလည်း သိသင့်တယ်၊ ခုဥစ္စာက ပစ္စည်းကိစ္စတကောက်ကောက် လိုက်လိုက်တောင်းနေတာမျိုး ဖြစ်နေတာ ဘယ်လောက်ရှက်ဖို့ ကောင်းလဲ၊ တစ်ဖက်က ခံနေရတာ သည်းမခံနိုင်ရင် မကောင်းတော့ဘူး၊ အေး ... ငါလည်း သည်းမခံနိုင်တော့ဘူး ငြိမ်း၊ ခင်စက်မေလည်း ကြပ်ကြပ်သတိထားပါ၊ ဒီလောက်ထိ ပစ္စည်းဥစ္စာမက်မောနေကြတာ ငါသေရင် နင်တို့ ဒီထက်ဆိုးမယ်၊ ငါ

www.burmeseclassic.com

www.burmeseclassic.com



မသေသေးခင်မှာကတည်းက အမွှေတောင်းနေကြသလို တောင် ဖြစ်လာကြပြီ၊ အမွှေလုနေကြသလို ဖြစ်ကုန်ကြပြီ"

အပြတ်ပြောနေသည့် ဦးမင်းသန့်ကို ဒေါ်စံငြိမ်းနိုင် ခံပြင်းစွာပဲ ပြန်အော်လာပါ၏။

"အံမယ်လေးလေ ... ရှင်က ဒီလောက်ထိ ပြတ်သားပြနေ သကိုး၊ ဒီမယ် ... ကျွန်မက ငြိမ်ခံနေမယ်များ မှတ်သလား၊ ငြိမ်းတို့က ပြတ်ပြတ်ထင်ထင် လုပ်ပြရဲလာပြီဆိုရင် ရှင် ဘက်ရော ငြိမ်းဘက်ရော အရှက်တကွဲ လူသိရှင်ကြား ဘယ်လောက်ပဲဖြစ်ဖြစ် ကြမ်းပစ်မယ် သိရဲ့လား၊ ရှင် ငြိမ်းကို လက်ထပ်ထားခဲ့တာပါ ကိုမင်းသန့်ရဲ့၊ ငြိမ်းက နောက်မယား မဟုတ်ပါဘူးရှင့်"

ရင်ကွဲသံကြီးဖြင့် ဒေါ်စံငြိမ်းနိုင် ရင်ကိုထု၍ပြော တော့ ဦးမင်းသန့် သက်ပြင်းရှိုက်သည်။

"အဲဒါ မေမေ့ကြောင့် လက်ထပ်ခဲ့ရတာလေ၊ လက်မထ ခင် ငါ မင်းကိုမချစ်နိုင်တာမို့ မင်းငြင်းပေးပါလို့ ပြော သေးတာပဲ မဟုတ်လား၊ မင်းနဲ့နှစ်ယောက်ချင်း မင်းရဲ့အိ မှာ ငါသွားတွေ့တုန်းက ပြောခဲ့တာပဲလေ၊ မင်းနားလည် ရမှာပေါ့"

"အဲသလိုတော့ ကိုယ်လွတ်ရုန်း မပြောချင်စမ်းပါနဲ့ ကိုမ သန့်ရယ်၊ ရှင်လို ယောကျ်ားရင့်မကြီးတောင်မှ မိဘစကာ မလွန်ဆန်နိုင်တာ ငြိမ်းက ဘယ့်နှယ်လုပ်ပြီး မိဘကိုလွ ဆန်နိုင်ပါ့မလဲ၊ ပြီးတော့ ရှင် ဘယ်လောက်ရက်စ သလဲ ... ဟင်၊ စဉ်းစားကြည့်စမ်းပါဦး၊ ငြိမ်းနဲ့လက်ထ



ပြီး သုံးရက်မြောက်တဲ့နေ့မှာ မိုးကြည်ဖြူဆိုတဲ့ အိမ်စေကို ရှင့်အမေက အလုပ်ကထုတ်လိုက်တာ ဘာကြောင့်ဆိုတာ ငြိမ်း မရိပ်မိခဲ့ဘူးလေ၊ ငွေငါးသောင်းပေးပြီး ရွာပြန်တော့ ဆိုတာမျိုး မေမေပြောခဲ့တုန်းကတော့ ဩော် ... လုပ်တာ ကိုင်တာ မကြိုက်လို့ဖြစ်မှာလို့ ထင်မိခဲ့တာ၊ စာရိတ္တပဲနိုးနိုး ဝက်ဝက် ရှိလို့များလားလေလို့လည်း တွေးမိခဲ့တာ၊ ရှင့်လို ဥပမိရုပ်သန့်သန့်နဲ့ သူဌေးက ဒီလောက်ကြီးထိတော့ အိမ်စေမကို ချစ်နေလောက်မယ်လို့ မထင်မိခဲ့တာကိုက ငြိမ်းရဲ့မဟာအမှားပဲ"

ဒေါ်စံငြိမ်းနိုင် မျက်ဝန်းများ လက်တောက်နေရင်း ားတမ်း ပြောနေခြင်းပါ။ ဦးမင်းသန့်မှာ စိတ်ပို၍ညစ်လာသည်။ ည်ပြသနာသည် တော်ရုံနှင့်ပြီးမည့်ကိစ္စ မဟုတ်တာကိုလည်း ဘာလေ ပိုသိလာရလေ။

"အဲဒါကို ရှင်က လိုက်သွားပြီး ကားဂိတ်ပို့မယ်ဆိုတာ အဟုတ်မှတ်သွားမိတာ၊ အိမ်မှာအလုပ်လုပ်တဲ့ မိန်းမသား ပေမို့ စိတ်ရင်းကောင်းတစ်ခုနဲ့ လိုက်ပို့လိုက်တာများလား လို့ တွေးမိတာလေ၊ ရှင့်မေမေကလည်း အဆင့်အတန်း အတော်လေးခွဲခြားတတ်သူဆိုတာ ငြိမ်းလည်း ဆက်ဆံရင်း သိလာရတာပဲဥစ္စာ"

ဟု ဆက်ပြောနေတော့လည်း ဦးမင်းသန့် ခေါင်းခါ နေနေပါပြီ။

"ရှင် အဲဒီကောင်မကို လက်ထပ်လိုက်တယ်ဆိုတာ နောက် တော့မှ ငြိမ်း သိရတာ၊ ဘယ်လောက်တောင်ကြာမှ သိရ

www.burmeseclassic.com

www.burmeseclassic.com



တယ်မှတ်သလဲ ... ဟင်၊ ရှင့်မယားသေတဲ့နေ့ကမှ သိ
တာ၊ ရှင် အဲဒီရပ်ကွက်က နှင်းဆီမြိုင်အိမ်မှာ ရှင့်ကောင်
နဲ့နေနေတယ်ဆိုတာ ငြိမ်းရဲ့မိတ်ဆွေတစ်ယောက် ကား
ဖြတ်သွားရင်း အမှတ်မထင် တွေ့သွားရာက အဲဒီဇာတ်လ
ပေါ်တာပဲ သိရဲ့လား၊ ဝန်းကျင်မှာ သူက တစ်လက်စတည်
စုံစမ်းကြည့်ခဲ့တာတဲ့၊ ရှင့်ကားရပ်ပြီး အိမ်ထဲဝင်သွားတာ
အဲဒီအိမ်က မိန်းမတစ်ယောက်နဲ့ မိန်းကလေးတစ်ယော
ပျော်ပျော်ရွှင်ရွှင်နဲ့ ထွက်ကြိုကြတာ၊ အဲဒါတွေမြင်သွားတ
ကိုး၊ ဝန်းကျင်ကပြောတော့ အဲဒါ သားအမိ သားအဖတ
တွေ နေကြတဲ့အိမ်ဆိုတာမျိုး သိခဲ့ရတာကိုး၊ ငြိမ်းကိုပြ
ပြောသင့် မပြောသင့် သုံးလလောက် သူ စဉ်းစားသေးတ
တဲ့၊ နောက်ဆုံးတော့ ပစ္စည်းခန်းကိစ္စတွေ တစ်နေ့မှာရှ
ကုန်မှာစိုးတယ်ဆိုပြီး ငြိမ်းကို ဖုန်းဆက်ပြောပြတာ၊ အ
မှာ ရှင်နဲ့ငြိမ်း စကားလည်းများရတယ် ငြိမ်းလည်းသွေး
ရတယ်၊ ခင်စက်မေလေးလည်း ဟိုကိုလိုက်သွားရင်း အ
အဖြစ်တွေ ဆက်တိုက်ဖြစ်ပျက်ကုန်ရတာပဲ”

“မိုးတစ်ယောက်တည်း တောသူလေးတစ်ယောက် ငွေ
သောင်းလေးယူပြီး မျက်စိသူငယ် နားသူငယ်နဲ့ ပြန်သ
ရတာကို ငါ တာဝန်မဲ့လက်ပိုက်ပြီး ကြည့်နေရမှာလ
ငြိမ်း၊ သူ့မှာ ဘာအပြစ်ရှိလို့လဲ၊ သူ့ကို ငါလက်ထ
လက်ထပ်ရတော့မှာမို့ သူ့ဘဝလေးကို ငါ့ဘဝနဲ့ပေါ
ရတာပါပဲ ငြိမ်း၊ သူ့မှာ အတန်းပညာရယ်လို့လည်း ဟ
ဟုတ်ကြားကြား မရှိခဲ့ဘူး၊ ကြာရိပ်ဝေကနေပြီး အဲသလို



သွားတော့ အလုပ်ကဖြုတ်လိုက်ပြီ၊ ရော့ ... ငွေငါးသောင်း ဆိုတာမျိုး မေမေ လုပ်ရက်လိုက်တာကို မနက်စာလက်ဖက်ရည်ပွဲမှာ ဖြုန်းစားကြီး ငါရင်ဆိုင်ကြုံရတော့ ရင်ထဲဘယ်ကောင်းနိုင်ပါ့မလဲ၊ သူဟာ ငါ့ကို အလွန်ချစ်တဲ့မိန်းကလေး၊ ငါချစ်ရတဲ့ မိန်းကလေး၊ လမ်းပေါ်မှာ ယောင်လည်လည်နဲ့ သွားနေတာမျိုးကို လက်ပိုက်ကြည့်ကျန်နေခဲ့ရလောက်အောင် ငါ လူစိတ်မပျောက်နိုင်ဘူး ငြိမ်း၊ ငါ့မှာ ရွေးချယ်စရာလမ်း မရှိဘူး၊ မိုးကို လက်ထပ်ဖို့ကလွဲပြီး လမ်းမရှိဘူး”

ဦးမင်းသန့် ပြောစဉ်ခိုက် ဒေါ်စံငြိမ်းနိုင် ပြတ်ပြတ်သင်ထင် ကြည့်လာသည်။

“ကျွန်မ ရှင့်ကို ပြောစရာရှိလာနေပြီ ကိုမင်းသန့်၊ ကျွန်မ ရှင့်ကို ကွာရှင်းရပါလိမ့်မယ်၊ ကျွန်မ ရသင့်ရထိုက်တဲ့ ပစ္စည်းခန်းကိုလည်း ယူရပါလိမ့်မယ်၊ ကျွန်မသမီးအတွက်လည်း ရှင် စီမံပေးပါ၊ တစ်ခါတည်း စာချုပ်စာတမ်းနဲ့ လုပ်ကိုင်ချင်ပါတယ်၊ ကျွန်မ ရှေ့နေနဲ့ အားလုံးတိုင်ပင်စီစဉ်ချင်ပါတယ်”

ထိုမျှအထိ ဇနီးသည် ဒေါ်စံငြိမ်းခိုင် ပြောလာချေလိမ့်မည်ဟု ထင်မထားတာမို့ ဦးမင်းသန့် တစ်ချက် အံ့ဩသလို ကြည့်လာသည်။ ခင်စက်မေမှလည်း လန့်သွားရလျက် ...

“ဟင် ... မလုပ်ပါနဲ့ မေမေ၊ အဲသလိုတော့ မလုပ်ပါနဲ့၊ ဘာလို့ ဖေဖေနဲ့မေမေက ကွဲရမှာလဲ၊ ဟိုမိန်းမလည်းသေပြီပဲ ဥစ္စာ၊ အဲဒီသမီးတစ်ယောက်ကိစ္စ ခေါင်းထဲထည့်မထားနဲ့

www.burmeseclassic.com

www.burmeseclassic.com



တော့ မေမေရာ၊ သူလည်း ကြာရိပ်ဝေကိုလာမှာမှ မဟုတ်
တာ၊ လာလည်းမလာရဲတော့ပါဘူး၊ အဲသလောက်ကြီးထိ
မေမေ လုပ်လိုက်ရင်-ဒီအိမ်ကြီးပေါ် ဟိုကောင်မ ဖေဖေနဲ့
အတူ တက်လာတော့မှာပေါ့ မေမေ”

“မေမေ ရသင့်ရထိုက်တာကို ရအောင်ယူပြီးရင် မေမေ
လည်း ဒီအိမ်ကြီးမှာ မနေချင်တော့ပါဘူး ခင်စက်မေ
သမီးရဲ့ဖေဖေဟာ မေမေနဲ့ညားခဲ့ပေမယ့် သူ့အချစ်
ဟိုမိန်းမဆီမှာပဲ ရှိနေတာ၊ ဘယ်လောက်ထိ ဝမ်းနည်း
ကောင်းသလဲဆိုရင် အခု အဲဒီကောင်မ မရှိတော့ပေမယ့်
သူ့အချစ်က အဲဒီမိန်းမအပေါ်မှာပဲ ရှိနေတာ၊ ကဲ
ကိုမင်းသန့်၊ ကျွန်မတို့ လမ်းခွဲလိုက်ကြပါစို့၊ ရှေ့နေ
ကျွန်မ အားလုံးစီစဉ်ထားပါ့မယ်၊ ရှင့်ပိုင်ငွေတွေထဲ
ကျွန်မရသင့်တာကိုပေးပါ၊ ဒီအိမ်ကြီးဆီက ကျွန်မရသ
တာကိုလည်း ငွေအမ်းပါ၊ ပြတ်သားလိုက်ကြတာပဲ ကော
ပါတယ် ကိုမင်းသန့်၊ ဒီတိုင်း လိပ်ခဲတင်းလင်း နေနေတ
ထက် ပြတ်သားရဲလိုက်ကြတာပဲ ကောင်းပါတယ်”

“ကောင်းပြီ၊ မင်း ဖြစ်ချင်တာ ငါလုပ်ပေးမယ်၊ ငါ့ရှေ့
နဲ့လည်း ငါတိုင်ပင်ရမယ်၊ မင်းကမှ ဒီလောက်ပစ္စည်း
ရှေ့တန်းတင်နေရင် ငါကဘာလို့ နောက်တွန့်နေရမှာ
လဲ ငြိမ်းရယ်၊ ဒီမှာ ငြိမ်း၊ မင်းက ဘယ်သူမှ လာမ
ပစ္စည်းတွေအတွက်ကို ရတက်မအေးဘဲ အလုခံရတော့
ဆိုပြီး ငါ့ကိုတောင် ပြတ်စဲဖို့အထိ ဆုံးဖြတ်တာ
ကောင်းပြီ၊ အမြန်ဆုံး မင်း စီစဉ်နိုင်ပါတယ်၊ ဒါဆို



နဲ့ငါ ပြောစရာ မကျန်တော့ဘူးပေါ့၊ စိတ်ချ ... သမီး ခင်စက်မေအတွက်လည်း ငါ အားလုံးပေးသင့်တာ ပေးလိုက်မယ်၊ မင်း ခင်စက်မေကို မရိုင်းပျတဲ့သမီးလေးတစ်ယောက်အဖြစ် ရှင်သန်တတ်လာအောင် သေချာသင်ပေးပေတော့၊ အေးလေ ... ခင်စက်မေလည်း ဘွဲ့ရပညာတတ်ဖြစ်ခဲ့ပြီးပြီပဲ၊ ဒါပေမဲ့ သမီးခင်စက်မေ၊ သမီးရဲ့မေမေနဲ့ လိုက်သွားရပေမယ့် ဖေဖေ့ဆီကို အချိန်မရွေးသမီးတစ်ယောက်အနေနဲ့ လာနိုင်ပါတယ်၊ နေတာကတော့ သမီးမေမေ စိတ်ချမ်းသာအောင် သူ့နဲ့ပဲနေပါ၊ ခုကတည်းက ပြောထားလိုက်ပါရဲ့၊ ဖေဖေကလည်း ဖေဖေ့သမီး ငွေလွှန်းပုံကို ခေါ်ထားရမှာပါပဲ၊ သူနဲ့ မျက်နှာချင်းဆုံနိုင်တယ်ဆိုရင် သမီး ခင်စက်မေ ကြာရိပ်ဝေကို လာခဲ့ပေါ့ ... မဆုံချင်ဘူးဆိုရင် ဖေဖေ့အလုပ်ရှိရာ ရွှေစံအိမ် အိမ်ရာဆောက်လုပ်ရေးကို လာခဲ့ပေါ့ကွယ်၊ ဟုတ်ပြီလား”

အပျက်ပျက်နှင့် တကယ့်ကို ပြိုကွဲမည့်အိမ်ထောင်ရေးကြီး ဖြစ်သွားတော့ ခင်စက်မေ ငိုနေပြီ ဦးမင်းသန့်ကတော့ သမီး၏ခေါင်းကို ဖွဖွသပ်ပေးသည်။

“အဲဒါ မမှားသင့်ရာကိုမှား၊ လောဘမသင့်ရာကိုသင့်၊ ပစ္စည်းဇောနဲ့ ဥစ္စာဇောတွေကြောင့် လောင်လာရတဲ့မီးပဲ သမီး၊ ပစ္စည်းဥစ္စာဆိုတာ ဘယ်လောက်တောင်မှ ကြောက်ဖို့ကောင်းသလဲဆိုရင် ပစ္စည်းကြောင့် ကိုယ့်လင်သားကိုတောင် ကွာရှင်းရဲတဲ့အထိ ဆုံးဖြတ်ဝံ့တဲ့စိတ်ကို ဖြစ်တည်လာစေနိုင်ခဲ့တာပဲလေ၊ ဒီမှာ ငြိမ်း၊ ဘဝမှာ အိမ်ထောင်ရေး

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ တစ်ခါတစ်ခါမှာ အံ့ဩစရာကောင်းလောက်အောင်
ပဲ၊ ရွေးချယ်စရာလမ်းမရှိတဲ့ အကြပ်အတည်းထဲမှာ ဖြ
တည်ကုန်ကြရတာရှိတယ်၊ အဲဒီအထဲမှာ ငါနဲ့ မိုးရဲ့အိ
ထောင်ရေး ဆိုတာလည်း တစ်ခုအပါအဝင်ဖြစ်တယ်
ငြိမ်း၊ မင်းအပေါ်မှာ ငါတာဝန်ကျေခဲ့တာပဲ၊ သမီးခင်စက်
အံ့ပေါ်မှာလည်း ငါချစ်ခဲ့တာပဲ၊ တာဝန်ကျေခဲ့တာပဲ၊ မိ
ကို လက်ထပ်တာ၊ ငါ့ရဲ့သမီးလေး ငွေလွန်းပုံကို စော
ရောက်တာ ချစ်တာဟာ မင်းကိုမုန်းလိုက်တာမှမဟုတ်
ဒါပေမဲ့ အခု ငါသိလိုက်ရပြီလေ၊ မင်းက ပစ္စည်းကို
ကွယ်တာကိုး”

ပြောပြီးတာနှင့် ဦးမင်းသန့် နေရာမှ တည်ငြိမ်လှ
စွာပဲ ထွက်ခဲ့ပါ၏။

“ခဏလောက်ရပ်ပေးပါဦး ကိုမင်းသန့်”

ရူးရူးရှရှ ခေါ်လိုက်သံက ဒေါ်စံငြိမ်းနိုင်၏နှု
ပွင့်ကျလာသည်။ ဦးမင်းသန့် ရပ်ပေးလိုက်သည်ပါပဲ။ ပြောချင်
ပြောစေဦးတော့ ဆိုသည့် စိတ်ဖြင့် ပြန်၍လှည့်ကြည့်လာသ
စာကြည့်ခန်းကျယ်ကြီးသည် ရုတ်တရက်တော့ အလွန်တရာ
ငြိမ်ကျသွားပြန်ပါ၏။ ရူးရှသည့်အကြည့်တွေဖြင့် ကြည့်နေ
ဒေါ်စံငြိမ်းနိုင် ခပ်တိုးတိုးရယ်သည်။

“ရှင့်ရင်ကို မားနဲ့ခွဲချလိုက်မယ့်စကားကို အခု ကျွန်မ
ပြလိုက်တော့မယ် ကိုမင်းသန့်၊ ရှင့်ကို ကျွန်မ လက်
ခင်မှာ ချစ်သူရှိခဲ့တယ်၊ ရှင့်လိုပဲ ဆိုပါတော့၊ အ
ဒရိုင်ဘာကိုလင်းနဲ့ ကျွန်မ ချစ်ခဲ့တာ မိဘတွေမသိခဲ့



ဆိုပါတော့၊ ကိုလင်းက အဲဒီအချိန်တုံးက အဝေးသင်နဲ့ စိတ်ပညာဘာသာရပ်ကို သင်နေတာ၊ သူ ဘွဲ့ရရင် ကျွန်မတို့ လက်ထပ်ကြဖို့ပဲ၊ သူ နောက်ဆုံးနှစ်ဖြေပြီးချိန်မှာ ရုတ်တရက် ဖြစ်လာတဲ့ကိစ္စက ရှင့်မိဘတွေက ကျွန်မကို လာတောင်းတဲ့ကိစ္စပဲရှင့်၊ မေမေကလည်း သဘောမျှနေတယ်၊ ဖေဖေကလည်း သဘောတူနေတယ်၊ အဲဒါကြောင့် ကျွန်မ ဘယ်လိုမှ ငြင်းမရအောင် ဖြစ်နေချိန်မှာ ကိုလင်းကလည်း ကျွန်မချမ်းသာမယ့်ကိစ္စ သူနဲ့နေရင် ဆင်းရဲရချေမယ်ဆိုပြီး အိမ်ကနေ ဘာကိုမှမပြောတော့ဘဲ အလုပ်မဆင်းတော့ဘဲ ပျောက်သွားတော့တာပါပဲ၊ ကျွန်မကို စာတိုက်ကနေပြီး စာလေးတစ်စောင် ပို့ခဲ့တာပဲရှိတယ်၊ သူက တကယ့်ကို စွန့်လွှတ်ရဲခဲ့တဲ့သူပါ၊ ကျွန်မ ချမ်းသာအောင်ဆိုပြီးတော့ပေါ့၊ ဒါပေမဲ့ အဲဒီအချိန်မှာ ကျွန်မရင်ထဲမှာ ခင်စက်မေလေး ရှိနေပြီရှင့်၊ အဲဒါ အခု ကျွန်မရှင့်ကိုပြောပြလိုက်တာပါပဲ၊ ရှင်ပြောတဲ့ ဘဝဆိုတာ အဲဒါလည်းပါမှာပေါ့နော်၊ ကိုလင်းက စာထဲမှာရေးထားတယ်လေ၊ သူ့ကိုယ်ဝန်ရှိနေပြီဆိုတာ ကျွန်မ ပြောပြထားတာမို့ သူသိရတဲ့နောက်မှာ နိုးပြေးဖို့အထိ စီစဉ်ထားလေသမျှ သူ့ဘက်က နောက်ဆုတ်လိုက်ပါပြီတဲ့၊ အခုလို လူချမ်းသာနဲ့လက်ထပ်ရမှာ၊ သူ့ကလေးလည်းချမ်းသာ၊ ငြိမ်းလည်းချမ်းသာမှာတဲ့၊ သူက ဆင်းရဲသားတဲ့၊ လောလောဆယ်မှာ တစ်နေရာရာမှာ ဒရိုင်ဘာပဲ ပြန်လုပ်ရမှာပဲတဲ့”

ခင်စက်မေမှာ ခေါင်းလေးခါ၍ အရမ်းငိုနေပြီ ...

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... မဟုတ်ဘူး ... မဟုတ်ဘူး၊ အဲဒါ မဟုတ်
ဘူး"

ဟု အထိတ်တလန့် ငြင်းနေသည်။ ဦးမင်းသန့်က
တော့ တည်တည်ငြိမ်ငြိမ်ပဲ တိတ်ဆိတ်စွာ နားထောင်နေပါ၏
မျက်နှာထက်မှာ ခံပြင်းရိပ်တွေ ဖြစ်တည်မလာဘဲ ဖြစ်နေတာ
မြင်နေရတာမို့ ဒေါ်စံငြိမ်းခိုင် ပို၍မခံချိမခံသာ ဖြစ်လာနေရပါ၏

ထင်ထားသည်က ဦးမျိုးသန့် ဆိုတာ ထိုစကားေ
ကြားလျှင် ဒေါသခံပြင်းခြင်းတွေနှင့် အရူးတစ်ပိုင်း ချက်ချင်းဖြ
သွားမည်။ ပေါက်ကွဲမည်ဟု။ ဒါပေမဲ့ ဖြစ်မလာ။

"အခု ရှင်သိပြီနော်၊ ခင်စက်မေဟာ ရှင့်သမီးမဟုတ်
ဆိုတာ၊ ဒီတော့ ရှင် အဲဒီအဖြစ်အပျက်ကို လူသိရှင်ကြ
ထုတ်ပြောရဲသလား၊ ခင်စက်မေဆိုတာ ကျွန်တော့်သမီး
မဟုတ်ပါဘူးခင်ဗျာ၊ ဒရိုင်ဘာကိုလင်း ဆိုတဲ့ လူတစ်ယေ
နဲ့ရခဲ့တဲ့ ကလေးပါလို့ ရှင်ပြောရဲသလား၊ လူသိရှင်ကြ
အရှက်ကြီးကွဲပြီးတော့လေ ... ဟင်း ဟင်း"

လက်စားချေသည့်အဖြစ်ဖြင့် ဒေါ်စံငြိမ်းခိုင်သည် ေ
လောဆယ်မှာတော့ သတိနှင့်ဆင်ခြင်တုံတရားဆိုတာ ပျောက်
သည်။ အနိုင်ရလိုစိတ်က ပြင်းထန်လွန်းနေသည်။

"ဒီတော့ ရှင့်မှာ ရွေးချယ်စရာလမ်း တစ်ခုပဲရှိတယ်
သမီးမဟုတ်တဲ့ ခင်စက်မေကို သမီးမဟုတ်မှန်း သိသ
နဲ့ ရှင် ရှာဖွေထားတဲ့ စည်းစိမ်ချမ်းသာ၊ ရှင့်မိဘချ
ခဲ့တဲ့ စည်းစိမ်ချမ်းသာတွေထဲက ပေးရတော့မယ်၊ ရှ



ရှင့်သိက္ခာအတွက် အဲဒီနွားကျခံခဲ့ရတာကြီးကို လူသိမှမခံ
နိုင်တာကိုး၊ ဒီမှာ ကိုမင်းသန့် ... ရှင့်ကို ကျွန်မ နွား
အဖြစ် ထားခဲ့တာ အိမ်ထောင်တစ်သက်ပဲရှင့်၊ ကဲ ... ရှင်
စောစောကသွားလိုက်ဖို့ ခြေလှမ်းပြင်ထားတယ် မဟုတ်
လား၊ သွားပါ ... သွားလိုက်ပါ"

"ငါ ခင်စက်မေကို သေသေချာချာ ပစ္စည်းခွဲဝေပေးလိုက်ဖို့
ခုမှ ပိုဆုံးဖြတ်လိုက်ပြီ ငြိမ်း"

တည်ငြိမ်စွာပဲ ဦးမင်းသန့် ပြောတော့ ဆောက်တည်
ရာမဲ့ ငိုရှိုက်နေသည့် ခင်စက်မေ မျက်ရည်တွေ ဖြိုင်ကျနေရင်းမှ
ခေါင်းလေးခါ၍ ...

"မေမေပြောတာကို မယုံပါနဲ့ ဖေဖေရဲ့၊ သမီးဟာ ဖေဖေ့
သမီးပါ၊ ဖေဖေ့သမီးပါ"

ဟု အရူးတစ်ပိုင်း ငိုကြွေးရင်း ချောက်ချားစွာပြော
နေသည်။ အမေ၏စကားကို လက်မခံနိုင်သည့် ငြင်းဆန်ပစ်လို
စိတ်များဖြင့်လည်း ...

"မေမေ သိပ်ရက်စက်တာပဲ၊ သိပ်ရက်စက်တာပဲ၊ အခု
ဟိုကောင်မ ဖေဖေ့သမီးဖြစ်ပြီး သမီးက ဖေဖေ့သမီးမဟုတ်
တော့ဘဲ ဖြစ်ကုန်ရပြီ မေမေရဲ့၊ ဘာတွေလဲ"

ဟု နားမလည်နိုင်သလို အော်မေးတော့ ဒေါ်စံငြိမ်းခိုင်

း ...

"မေမေ သူ့ကို အနိုင်ယူချင်တယ် သမီး၊ ဒီအဖြစ်မှန်ကို
သူ့ကို အသိပေးပြီး အနိုင်ယူချင်တယ်၊ သူဟာ နွားကျခံ

www.burmeseclassic.com

www.burmeseclassic.com



ဘဝကို ဘာမှမသိဘဲ ဖြတ်သန်းလာခဲ့တာ၊ အိမ်ထောင် တစ်သက်ပဲ၊ အဲဒါ သူသိရမယ်၊ သိရလိမ့်မယ်လေ၊ ဟင် ဟင်း ... ဒါပေမဲ့ မကြောက်ပါနဲ့ သမီးရယ်၊ သူဟာ သမီးကို သူ့ချွေးနှီးစာတွေ ဝကွက်ပြီးပေးရဦးမှာပါ၊ ဆားအမြင်မှာ သမီးဟာ သူ့သမီးဖြစ်နေတာကို၊ မပေးချင်ရင်ဖြင့် သူ နွားကျခံခဲ့ရတာကို လူသိအောင်လုပ်ရမယ့်တာဝန် သူ့မှာပဲ ရှိနေတာလေ"

အနိုင်ပိုင်းလိုက်ပုံကြီးဖြင့် မျက်ဝန်းတွေလက်တောက်နေသည့် ဒေါ်စံငြိမ်းနိုင်မှာ ခပ်ဟက်ဟက် ရယ်ချလိုက်ပြန်သေးသည့်အဖြစ်။

"ကျွန်မကို ရှင် မပေါင်းတော့ဘူးလို့ ဆုံးဖြတ်ထားပြီ ခုလို ပိုပြီးပြတ်ပြတ်သားသား ပြောချပစ်ခဲ့တာပါပဲ ကိုမင်းသန့်၊ ကျွန်မ ရှင့်ကို တကယ့်ကိုပဲ စိတ်ကုန်လာခဲ့ပါပြီ ကျွန်မမိဘများ ချန်ထားရစ်ခဲ့တဲ့ အိမ်ကြီးကို အရင်ကတည်းက ရှိနေတဲ့ ခြံစောင့် ဦးညိုတို့လင်မယားနဲ့ပဲ အစောင့်သဘော ထားထားတာ၊ ခုတော့ အဲဒီကိုပြန်နေတော့မှာပေါ့လေ၊ အောက်ထပ်ကို ကုမ္ပဏီတစ်ခုကို ငှားထားတာလည်း ဆက်ငှားထားနိုင်တာပဲဥစ္စာ၊ အပေါ်ထပ်မှာ ကျွန်မတို့သားအမိနေဖို့ အကျယ်ကြီးပါပဲ၊ ကဲ ... ကျွန်မ ဒီနေ့ သမီးခင်စက်မေနဲ့ အဲဒီကို ပြောင်းနေမယ်၊ ရှေ့နေရှေ့ရပ်နဲ့ ကျွန်မတို့နှစ်ဖက်စီစဉ်စရာရှိတာကို စီစဉ်ကြတာပေါ့ ကိုမင်းသန့်ရေ၊ လာ ... သမီး"



ဟု ပြောတော့ ဦးမင်းသန့်မှာ ခင်စက်မေကိုကြည့်သည်။

"သမီးဟာ ဖေဖေ့သမီး မဟုတ်ပေမယ့် သမီးရဲ့ဖေဖေဆိုတာ သမီးဘဝမှာ မြင်ဖူးခဲ့ရတာမှ မဟုတ်ဘဲ၊ ကိုလင်းဆိုတာ သမီးမေမေရဲ့ဘဝထဲက ထွက်ခွာသွားခဲ့ပြီးပြီပဲ၊ သူတို့ချင်း ပြန်ဆုံကြမလား မဆုံနိုင်ကြတော့ဘူးလားဆိုတာကိုတော့ ရှေ့ကံကြမ္မာပေမို့ ဖေဖေ ကြိုတင်မသိထားနိုင်ပေမယ့် သမီးကိုတော့ ဖေဖေ အဖေတစ်ယောက်အနေနဲ့ ပေးသင့်ရာကိုပေးဖို့ ပိုလို့တောင် ဆုံးဖြတ်မိပါတယ် သမီးရယ်၊ သမီးဟာ ဖေဖေ့အတွက်တော့ ဖေဖေ့သမီးပါပဲ"

ခင်စက်မေ ပို၍ဝမ်းနည်းအားငယ်လာပုံလေးဖြင့် ထိုင်ချကာ ရှုံ့ချငိုနေချိန်မှာ ဦးမင်းသန့် ရှေ့သို့တိုးသွားခိုက်။ ဒေါ်စံငြိမ်းနိုင်မှ သမီးကိုဆွဲထူ၍ ...

"မေမေ စကားကုန်အောင် အားလုံးဖွင့်ချ အသိပေးပြီးမှတော့ဖြင့် ဒီအိမ်ကြီးမှာ ဆက်နေဖို့လည်း လမ်းဆုံးသွားပြီမို့ မေမေတို့ သွားကြပါစို့ သမီး၊ ဪ ... ကိုမင်းသန့်၊ ကျွန်မနာမည်နဲ့ကားကို မောင်းယူသွားလိုက်ပါဦးမယ်၊ ရှင်ဝယ်ပေးထားတဲ့ ဥစ္စာလေ၊ ရှင့်ရှာဖွေစာတွေကို နှစ်ပေါင်းများစွာ ကျွန်မတို့သားအမိ ထိုင်စားခဲ့ရတဲ့ စည်းစိမ်ကို ရှင် ပြန်နမြောပြီး ကျန်ခဲ့ပေတော့"

ဟု ခါးသီးနေသောအမုန်း၊ လက်စားချေလိုစောသည့် အနိုင်ယူလိုစောတွေဖြင့် ခပ်ထေ့ထေ့ပြုံးကာ ဒေါ်စံငြိမ်းနိုင်သည်

www.burmeseclassic.com

www.burmeseclassic.com



သမီးကိုဆွဲ၍ အခန်းထဲမှထွက်စဉ်ခိုက် ခင်စက်မေမှ အဖေ လှည့်ကြည့် လှည့်ကြည့်နှင့် ရှန်းနေရင်း ပါသွားရချေသည်တည်း။

ဦးမင်းသန့် နေရာမှ မရွေ့ဘဲ ကျန်ခဲ့ရသည်။

ပြန်၍ဆောင့်ပိတ်သွားသည့် တံခါးရွက်ကို ငေးစိုက်ကြည့်နေမိသည်။ အရာရာသည် ပြီးဆုံးသွားချေပြီတကား။

✧ ❦ ✧



## အခန်း(၁၄)

ညနေဘက်မှာကျတော့မှ ဖေဖေ ရောက်လာပါ၏။ ဖေဖေ့မျက်နှာထက်မှာ ပင်ပန်းရိပ်တွေ သိသာလွန်းစွာ စွန်းထင်းနေကြချေသည်ကောလေ။

"ဖေဖေ ကြာရိပ်ဝေမှာ တစ်ခုခုများ စကားများခဲ့သေးလားဟင်"

ဟု မေးလိုက်ချင်သည်။ ခင်စက်မေ ကိုယ်တိုင် အားတောင်းသည့်ကိစ္စ။ ဖေဖေ အတော်ကြီး စိတ်တိုသွားခဲ့တာကိုလည်း သိနေရသည်ကိုး။

ဒါပေမဲ့ မမေးရက်တော့ပါ။ မေး၍လည်း ထူးခြားလာတော့မှာ မဟုတ်။ ဖေဖေထပ်၍ စိတ်ပင်ပန်းတာပဲ အဖတ်တင်ချေမည်သာ။

"ညစာမစားခင် ဖေဖေ သမီးကိုပြောစရာရှိနေတယ် သမီး၊ မနက်ဖြန် သမီး ခရီးထွက်ရလိမ့်မယ်၊ စိတ်ပင်ပန်းတာတွေ များလှပြီပဲ၊ ဟိုမှာ စိတ်အေးလက်အေး နေပစ်လိုက် သမီး၊ တစ်ယောက်တည်း နေပစ်လိုက်၊ သမီးကို ဘယ်သူ

www.burmeseclassic.com

www.burmeseclassic.com



ကမှလာပြီး စိတ်ပင်ပန်းအောင်လည်း မလုပ်နိုင်ကြဘူ
ဆိုပါတော့၊ ဖေဖေ့မိတ်ဆွေ ဦးခက်ဝေဆိုတာ ရှိတယ်
လှိုင်ခန်းမွန်း ဆိုတဲ့မြို့မှာ ဟိုတယ်တစ်ခုကို ပိုင်ထားတယ်
အဲဒီကို သမီးရဲ့ဦးကြီးသောင်း ကားနဲ့လိုက်ပို့ပေးပြီးရင်
သမီးကိုထားခဲ့ပြီး ပြန်လာလိမ့်မယ်၊ သမီးကို ဖေဖေပြန်လာ
ခေါ်မယ် သမီး၊ ခုရက်ပိုင်းအတွင်းမှာတော့ ဖေဖေအလု
ကိစ္စတွေများနေတာမို့ သမီးကို ကိုယ်တိုင်လိုက်မပို့ပေး
နိုင်ဘဲ ဖြစ်သွားရတာ၊ ခက်ဝေဆီကို ဖေဖေ ဖုန်းဆက်
ပြောထားပြီးပြီ၊ သူ အားလုံး ဟိုမှာ စီစဉ်ထားလိမ့်မယ်
သမီး"

ချက်ချင်းကြီး ကောက်ကာငင်ကာ ခရီးထွက်
ဖေဖေ စီစဉ်တာမို့ ငွေလွှန်းပုံ အံ့ဩသွားရပေမယ့် ...။ ဖေ
ခမျာ ငွေလွှန်းပုံကို စိတ်အေးနားအေး နေစေ့ချင်လွန်း၍ စီမံ
ခြင်းဆိုတာကိုတော့ သိနေရသည်ပါပဲ။

လောလောဆယ်မှာ ငွေလွှန်းပုံလည်း စိတ်မောလ
မော ဖြစ်နေရသည်မို့ ...၊ ဖေဖေ စီစဉ်ပေးသည့်အတိုင်း ခရီး
ထွက်လိုက်တော့မည်လေဟု တွေးမိလိုက်ရပေမယ့် ...။ ဖျတ်
ပေါ်လာသည်က သူ့ပုံရိပ်။ သြော် ... မနက်ကပင် ကြေကြေ
မြည့် ပြောခဲ့ပါချေသည့် သူ့ပုံရိပ်ဖြစ်နေပါချေသည်တကား။

"အို ... ခေါင်းထဲက ထုတ်ပစ်လိုက်စမ်းပါ၊ သူ့အ
ပြောတဲ့စကားဟာ ဘယ်လောက်အထိ ငါ့နှလုံးသားကို
နစ်နစ်ကြီး ထိုးဖောက်ပစ်ခဲ့သလဲ၊ အထူးသဖြင့် မေ
နိမ့်ချပြောခဲ့တာတွေကို မေ့ပစ်လိုက်ရတော့မှာလား၊ သူ



သူ့အခေါ်ကို မထိန်းနိုင်ဘူးဆိုရင် ဘာလို့ အဲဒီနေရာကို ခေါ်သွားရမှာတဲ့လဲ"

ခံပြင်းစိတ်က ရင်ကိုလာဆွပြန်သည်။ နာကျင်စေပြန်သည်။ ဒါပေမဲ့ ခက်သည်က ထူထဲသော မျက်ခုံးတန်းကြီးအောက်မှ မျက်ဝန်းတွေ ရီဝေမှိုင်းရိပ်ဝင်နေလျက် ငေးစိုက်ကြည့်ခဲ့ပါသည့် သူ့အကြည့်တွေကို အာရုံထဲမှ ဖျောက်မရနိုင်တာပဲဖြစ်နေသည်။

"ဂိုးလ်ဒင်းရေးဗားလို့ခေါ်တဲ့ ရွှေမြစ်ဟိုတယ်ကြီးမှာ သမီး ပျော်သွားမှာပါ၊ စိတ်ကို အဲဒီနေရာမှာ နှစ်မြှုပ်ပြီး နေပစ်လိုက်စမ်းပါ သမီးရယ်"

ဦးမင်းသန့် ပြောနေရင်း သက်ပြင်းကို အသာရှိုက်လိုက်မိရပါ၏။ ကြာရိပ်ဝေမှာ လင်မယားချင်း ကွာရှင်းကြမည့်ကိစ္စ။ ပစ္စည်းတွေ ခွဲဝေပေးကြမည့်ကိစ္စတွေ မကြာမီရက်ပိုင်းလေးအတွင်းမှာ နှစ်ဖက်ရှေ့နေရှေ့ရပ်တွေဖြင့် တရားဝင်နှစ်ဦးသဘောတူ ပြုလုပ်ကြချေမည်မို့ ...။ ထိုရက်ပိုင်းတွေအတွင်းမှာ ငွေလွှန်းပုံကို နှင်းဆီမြိုင်မှာလည်း မရှိစေချင်။ ခင်စက်မေဆိုတာ စိတ်ချရတာမဟုတ်။ စိတ်ထဲထင်ရာအတိုင်း ဖြုန်းစားကြီးထပ်ရောက်လာပြီး အလကားနေရင်း ငွေလွှန်းပုံ စိတ်ဆင်းစေရာစကားတွေကို မဆင်မခြင် လာပြောနိုင်သည်။ ထိုအဖြစ်တွေကို ဦးမင်းသန့် ထပ်၍ နှင်းဆီမြိုင်မှာ အဖြစ်လည်းမခံနိုင်တော့ပါ။ သမီးကို သနားလှပါပြီ။

ဒါကြောင့်လည်း ချက်ချင်းကြီး စီစဉ်လိုက်ရသည်က ငွေလွှန်းပုံ ခရီးထွက်လိုက်စေဖို့ပါ။

www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန်မနက် စောစောထွက်ရင် ညနေဘက် လှိုင်ခမ်းမွန်းမြို့ကို ရောက်မယ် သမီး၊ သမီးအတွက် ဟိုမှာအားလုံး စိတ်လွတ်ကိုယ်လွတ် အေးအေးချမ်းချမ်းနေဖို့ ဖေဖေစီစဉ်ထားပြီးသား၊ ဦးသောင်း တစ်ညတော့ အဲဒီဟိုတယ်မှာ အိပ်လိမ့်မယ်၊ မနက် ထပြန်လိမ့်မယ် သမီး၊ လိုတာလေးတွေ သိမ်းထား၊ ပြင်ဆင်ထား"

ဟု ဖေဖေပြောလာတော့ ငွေလွန်းပုံ ခေါင်းလေးညိတ်ပြလိုက်ရသည်ပါပဲ။

ညစာကို အားလုံးဝိုင်းဖွဲ့၍ စားသောက်ဖြစ်ကြသည်။ ဒေါ်ကြီးမွေးလက်ရာ ငါးရံ့ခြောက်ခရမ်းချဉ်သီးချက်။ ငွေလွန်းပုံလက်ရာ ငါးဖယ်ဆုပ်ချက်။ ဦးကြီးသောင်း ဝင်ချက်ပါသည့် ပုစွန်ခြောက်ထောင်းထည့်ထားရာ ချဉ်ပေါင်ချဉ်ရည်ချက်။ ရေတ်သီးခြောက်တောင့်ကို ခပ်ကြမ်းကြမ်းထောင်း၍ ကြက်သွန်ဖြူနိုင်နိုင်ဖြင့် ကြော်ထားရာ အစပ်ကြော်ဖြင့် စားသောက်မြိန်ကြသည်ပါပဲ။

ဖေဖေထမင်းစားဝင်တာမို့ ငွေလွန်းပုံ ပျော်သွားရပါ၏။ ဖေဖေ့မျက်နှာမလန်းဘဲ ရောက်လာတာကို ငွေလွန်းပုံ သတိထားမိခဲ့ရသည်ကိုးလေ။ ဤရက်ပိုင်းအတွင်းမှာ ဖေဖေသိသိသာသာ ပိန်သွားသည်မှာလည်း အမှန်ပါ။ မေမေဆုံးခဲ့တာ၊ ခင်စက်မေနှင့် အန်တီငြိမ်းတို့၏ မာကျောကျော ဆက်ဆံမှုတွေကို ငွေလွန်းပုံ ခံစားခဲ့ရတာတွေအားလုံးသည် ဖေဖေ့ကို ပိန်ချုံးကျသွားစေသည့် အဓိကအချက်များဆိုတာ ငွေလွန်းပုံ သိနေရပါ၏။



ါကြောင့်လည်း ဖေဖေက ခရီးထွက်လိုက်ပါဟု စီစဉ်လာတာကိုလည်း မငြင်းရက်ပါ။ ပြီးတော့ ဖေဖေကိုယ်တိုင် လိုက်လာဦးမည်ဟု ပြောတာမို့လည်း သားအဖနှစ်ယောက် ဂိုးလ်ဒင်းရေးဗားဟိုတယ်ကြီးမှာ တူတူနားနားနေနေ နေဖြစ်ကြချေဦးမည်သာ။ ငွေလွန်းပုံကလည်း ဖေဖေ့ကို နားနားနေနေ နေလိုက်စေချင်သည်။ သာကတွေဖြင့် ဖေဖေ ပင်ပန်းလှပြီပဲလေ။

"ဦးသောင်း ... ထမင်းစားပြီးရင် ကားကိုသေချာစစ်ဆေးစရာရှိတာ စစ်ဆေးကြည့်ပါဦး၊ ဆီလည်း သေချာဖြည့်ပါ၊ မနက်ဖြန် လှိုင်ခမ်းမွန်းကို သွားရလိမ့်မယ်၊ တစ်ခါတုန်းက ဦးသောင်း ကျွန်တော့်ကို လိုက်ပို့ပေးရတဲ့ ဂိုးလ်ဒင်းရေးဗားဟိုတယ်ကိုပဲ ပို့ရမှာ၊ သမီး အဲဒီမှာနေခဲ့လိမ့်မယ်၊ ဦးသောင်း ပြန်လာခဲ့ပါ၊ ဒီမှာက ဒေါ်မွေး တစ်ယောက်တည်း ကျန်ခဲ့ရမှာ မဟုတ်လား"

ဟု ပြောတော့ ဦးသောင်း ခေါင်းညိတ်သည်က ရှိတသေပါ။

နာရီကိုငုံ့ကြည့်ကာ ဖေဖေ ထရပ်သည်။

"ဖေဖေပြန်မယ် သမီး၊ မနက်ဖြန်မနက်ဘက် ဖေဖေလုပ်စရာတွေ ဆက်တိုက်ရှိနေတာမို့ သမီးဆီကို ဖေဖေမလာတော့ဘူး၊ မနက်စောစော ခရီးထွက်၊ ဟုတ်ပလား၊ ဘုရားရှိခိုးပြီးမှထွက်၊ ဟိုတယ်ရောက်ရင် ဖေဖေ့ဆီဖုန်းဆက်၊ ဖေဖေပေးထားတဲ့ ဟန်းဖုန်းယူသွား။ ဖေဖေလည်းညဘက်ဆက်မယ်၊ ဟုတ်ပြီလား"

www.burmeseclassic.com

www.burmeseclassic.com



ဟု မှာနေသည်။ ငွေလွှန်းပုံ ဖေဖေ့လက်မောင်းကြီး ကို တွယ်ဖက်ထားကာ ဘေးမှချစ်အားကိုးစွာ လိုက်ပါလာရင် ခြံဝအထိ လိုက်ပို့ပေးရပါ၏။ ဖေဖေ တစ်ချက်ရပ်ကာ ငွေလွှန်းပုံ ၏ဆံစလေးတွေကို သပ်ပေးလာသည်။ နောက်တော့မှ ကားတွင် ဝင်ကာ လက်ပြ၍ မောင်းထွက်သွားပါ၏။

ငွေလွှန်းပုံ နေရာလေးမှာရပ်၍ ငေးကြည့်နေမိရသည် က ဖေဖေ့ကားလေး လမ်းချိုးကွေ့သို့ ကွေ့ဝင်ပျောက်ကွယ်သွား သည်အထိပါ။

ခြံထဲပြန်လျှောက်လာရပေမယ့် ရင်ထဲမှာ လေး သည်။

"ဖေဖေ မျက်နှာအရိပ်မကောင်းဘဲ ဖြစ်နေတာ အမှန် ကြာရိပ်ဝေမှာ ဆိုးဆိုးဝါးဝါးတွေများ ဖြစ်ခဲ့ စကားများ ကြသလား မသိဘူး၊ ဖေဖေ သနားပါတယ်၊ ငွေလွှန်း အပေါ်မှာ မကြည်ဖြူဘဲ ရှိနေကြတဲ့ အန်တီငြိမ်းနဲ့ ခင်စက်မေတို့ကြောင့် စိတ်ဆင်းရဲရတာကလည်း တစ် ငွေလွှန်းပုံအတွက် သနားစိတ်တွေနဲ့ စိတ်ထိခိုက်ရ တစ်မျိုးနဲ့ အသက်ကြီးမှ အပူများလှတယ်"

ဟု တွေးကာ ဖေဖေ့ကို ဘာမျှမကူသာသည့်အ လည်း ရင်ထဲမှာ မချင့်မရဲ ဖြစ်နေရသည်ပါပဲ။ ဖေဖေတစ်ယော တည်းကြိတ်မှိတ်ခံစားရ၊ ရင်ဆိုင်ဖြေရှင်းရနှင့် ပင်ပန်းနေရှာ ကောလေ။ ခက်သည်က ကြာရိပ်ဝေသို့ ဘယ်သူကရော ဝင် ထိန်းပေးနိုင်သည်မှ မဟုတ်ချေပဲ။ ဝင်ပေးနိုင်သည့်သူလည်း နေ။ ဖေဖေတစ်ယောက်တည်းပဲ ရင်ဆိုင်နေရချေသည့်အ



ခြေလှမ်းနှေးနှေးဖြင့် ငွေလွှန်းပုံ လျှောက်လာစဉ် ခိုက်မှာ ဒေါ်ကြီးမွေးမှ ငွေလွှန်းပုံ၏ဟန်းဖုန်းလေးကိုကိုင်ကာ အိမ်ထဲမှ ထွက်လာတာနှင့် တိုးသည်။

"ငွေလွှန်းရေ ... ဖုန်း"

ဟုပြောကာ ပေးလာတော့ ယူလိုက်ရပါ၏။ ဖုန်း လေးကတော့ မြည်နေဆဲ။ ဖုန်းနံပါတ်ကို ကြည့်လိုက်တော့ သူ့ ထံမှဖုန်း ဖြစ်နေတာမို့ ဖုန်းကိုပိတ်ပစ်လိုက်ကာ အိမ်ပေါ်တက်လာ မိရပါ၏။

ဧည့်ခန်းမှာ ငွေလွှန်းပုံ ထိုင်လိုက်ချိန်မှာ ဒေါ်ကြီးမွေး ဘေးမှာလာထိုင်သည်။ ငွေလွှန်းပုံ၏လက်လေးကို ထွေးဆုပ်သည်။

"တကယ်တော့ ဒေါ်ကြီးဟာ အိမ်ကြီးတစ်အိမ်က အိမ်ဖော် ကြီးပါပဲကွယ်၊ ဒါပေမဲ့ ရင်ထဲမှာ သမီးလေးလို ငွေလွှန်းပုံကို ချစ်တာမို့ အမေစိတ်နဲ့ ပြောချင်တာလေးရှိတယ် ငွေလွှန်းပုံ၊ ဒေါ်ကြီး ပြောလို့ရမလားဟင်"

ဟု မေးလာတော့ ငွေလွှန်းပုံစိတ်ထဲ ထိခိုက်သွား ရပါ၏။

"မဟုတ်တာ ဒေါ်ကြီးရယ်၊ ဘာလို့မပြောရမှာလဲ၊ ငွေလွှန်း အတွက် ဒေါ်ကြီးဟာ အမေပါပဲ၊ အိမ်ဖော်ကြီးဆိုတဲ့စကား မျိုး မပြောပါနဲ့ ဒေါ်ကြီးရယ်၊ အိမ်ဖော်ဆိုတဲ့ဘဝတစ်ခု ထဲမှာ မေမေဟာ နစ်မြုပ်ရင်း အနိမ့်ခံခဲ့ရတာပါ၊ အဲဒီ ခံစားချက်မျိုး ဒေါ်ကြီး ခုလို ထပ်ပြောလာချိန်မှာ ငွေလွှန်း အလွန်စိတ်ထိခိုက်ပါတယ် ဒေါ်ကြီးရယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု မျက်ရည်လည်တက်လာရင်း ပြောလည်းပြောမိ။ ဒေါ်ကြီးမွေး၏လက်ကို ဆုပ်ခဲကိုင်ထားမိလိုက်ရပါ၏။

ထိုအခါကျတော့လည်း ဒေါ်ကြီးမွေး၏မျက်ဝန်းတွေ ပို၍စိုလဲ့လာသည်။ မျက်ရည်တွေ ပြည့်သိပ်လာကြရှာသည်ကိုး လေ။

"ကျေးဇူးတင်ပါတယ် သမီးရယ်၊ ဒေါ်ကြီး ပြောတဲ့စကား ဟာ သမီးတစ်ယောက်အပေါ်မှာ မိခင်စိတ်နဲ့ ပြောတာမျိုး ဖြစ်တယ်ဆိုတာကို ငွေလွန်းပုံလေး နားလည်ပေးတယ်ဆို တာကိုပဲ ရင်ထဲပျော်ရလွန်းပါပြီ"

ဟု ပြောပြီးမှ ငွေလွန်းပုံ၏မျက်နှာလေးကိုပြုံး၍ ကြည့်လာပါ၏။ လက်လေးကိုလည်း မလွှတ်သေးဘဲ ထွေးဆုပ် ထားဆဲ။

"မောင်ဘုန်းတက်လူ မနက်က သမီးလေး အိပ်ပျော်နေ တုန်းမှာ အစောကြီး ရောက်လာတယ်၊ သူ သမီးကိုအလွန် မြတ်နိုးတာကိုလည်း မကွယ်မဝှက် မရှက်မကြောက် သမီးရဲ့ ဦးကြီးသောင်းနဲ့ ဒေါ်ကြီးကို ဖွင့်ပြောရှာတယ်၊ သမီးလေး လက်ခံတဲ့အခါကျတော့ရင် သမီးဖေဖေဆီမှာ စကားမြန် လက်ထပ်ယူမယ်ဆိုတာကိုလည်း ပြောပြရှာတယ်ကွယ် ဟိုနေ့က သူ့ဒေါ်လေးသူဇာ ပြောလိုက်တဲ့ကိစ္စတွေကို လည်း သူ စိတ်ထဲထိခိုက်နေရှာတာပါပဲ၊ ဒေါ်သူဇာကို လည်း ပြန်ခိုင်းလိုက်ပြီလို့ သူပြောပြတာမှ ကလေးတစ် ယောက် ခဲယယ ပြောနေသလိုပါ၊ အဲဒီနေ့က ကြုံခဲ့ တာတွေကိုလည်း သမီးရဲ့ဦးကြီးသောင်းရော ဒေါ်ကြီးမွေး



ရော သိခဲ့ကြပြီးတာမို့လည်း သူ တိုင်တိုင်တည်တည်လေး ပြောရှာတာ၊ အားကိုးရှာတာပါ"

ဒေါ်ကြီးမွေး ပြောနေတော့ ငွေလွန်းပုံ တားလိုက် ချင်သည်။ ဆက်မပြောပါနဲ့တော့ဟု ပြောလိုက်ခြင်းသည် ဒေါ်ကြီး မွေး၏ရင်ထဲမှ မေတ္တာကို မသိဆိုးဝါးပြုရာ ရောက်ချေမည်ဆိုတာ သိနေရတာမို့ ငြိမ်သက်၍ နားထောင်ပေးလိုက်ရခြင်းပါ။ မျက်လွှာ လေးချ၍ ငွေလွန်းပုံ ငြိမ်ကျနေသမျှ ဒေါ်ကြီးမွေး သက်ပြင်းချ၍ ကြည့်ကာ ...

"အဲဒါ သမီးရယ်၊ သူဟာ သမီးကို တကယ့်ကိုစိတ်ရင်း မှန်နဲ့ မေတ္တာရှိတယ်ဆိုတာ ဒေါ်ကြီးတို့ ယုံကြည်မိကြတာ မို့ သူ့ကိုအိမ်မှာလက်ခံခဲ့မိတယ်၊ သူပေးရာ လက်စွပ်လေး ကို ထည့်ထားတဲ့ ဖျော်ရည်ခွက်ကိုလည်း သမီးကိုပေးခဲ့မိ တယ်၊ သမီးတို့ အဆင်ပြေစေချင်လို့ပါကွယ်၊ သူ့သိက္ခာနဲ့ ကိုယ်ကျင့်တရားကိုလည်း ဒေါ်ကြီးရော ဦးကြီးရော ယုံကြည် ကြတာမို့ သမီးတို့ အေးအေးဆေးဆေး ပြောဆိုနိုင်ကြဖို့ ဒေါ်ကြီးတို့ ဈေးသွားလုက်ကြတာပါ၊ မောင်ဘုန်းတက်လူ နဲ့ချိတ်ဆက်လုပ်ပြီး ရှောင်ပေးလိုက်ကြတယ်လို့များ သမီး ငွေလွန်းပုံ အထင်များလွဲနေမလားကွယ်"

ဟုပြောတော့ ငွေလွန်းပုံ ခေါင်းခါပြမိရပါ၏။

"သမီးလေးဟာ လူကောင်းသူကောင်းတစ်ယောက်နဲ့ အိမ် ထောင်ကျရမယ့်ကိစ္စပေမို့ ဒေါ်ကြီးနဲ့ ဦးကြီးတို့က ကြည်နူး နေကြတာပါ၊ သူငယ်လေးဟာ တကယ့်ကို မြတ်နိုးရှာတာ ပါကွယ်၊ သူ့လို လူငယ်လူရွယ်လေးတစ်ယောက် ကြွယ်ပိုး

www.burmeseclassic.com

www.burmeseclassic.com



ကြွယ်ဝရှိသူတစ်ယောက်ကို မိန်းကလေးအတော်များများက လည်း မျှော်လင့်နေကြတာတွေ ရှိနေနိုင်ကြတာပါပဲ၊ သမီး ရှင်တွေဘက်ကလည်း သမက်တော်ချင်နေကြတာ ရှိကြမှာ မှာပဲ၊ မောင်ဘုန်းတက်လူဟာ သမီးကိုမှ မြတ်နိုးစွဲလမ်း နေရှာတာပါ”

ဟု ဆက်ပြောလာတော့ ငွေလွှန်းပုံ သက်ပြင်းရှိုက် လိုက်ကာ ...

“ရင်ထဲမှာ နာနေတာတွေက ပြည့်နေတယ် ဒေါ်ကြီးရယ် သူ့အဒေါ်ကို သူ မနိုင်ရင် ဘာလို့ အဲဒီနေရာကို ခေါ် တာတဲ့လဲ၊ သူ့အဒေါ်စကားက နှလုံးသားကို အပ်နဲ့ဆွ သလိုမဟုတ်ဘူး၊ ဓားနဲ့ဆွသလိုဖြစ်နေတာ ပိုဆိုးတယ် ပြီးတော့ ခင်စက်မေရဲ့ ခနဲ့စကားတွေကလည်း နားထဲက မထွက်နိုင်တာ၊ အို ... မဖြစ်ပါဘူး ဒေါ်ကြီးရယ်၊ မဖြ ပါဘူး၊ သူကလည်း ကြာရင် ငွေလွှန်းပုံကို မေ့မသွားမှာ တခြားတစ်ယောက်ယောက်ဆိုတာ သူ့မှာ ချစ်ရသူအ ရှိလာမှာပါပဲ၊ ငွေလွှန်း အဲဒီလူနဲ့ ကင်းအောင်နေချ တယ် ဒေါ်ကြီးရယ်”

ဟု ပြတ်ပြတ်ထင်ထင် ဖြေပေးလိုက်ရပေမယ့် ... ရင်ထဲမှာ ကြေကွဲနေကြတာကိုတော့ ငွေလွှန်းပုံ တစ်ယော တည်းသာ သိနေရပါသည့်အဖြစ်။

“အို ... ဘာလို့ အဲသလို ကြေကွဲချင်နေရတာတဲ့လဲ၊ ဘုန်းတက်လူဆိုတာကို ရင်ထဲက မေ့ပစ်လိုက်စ မဟုတ်သေးပါဘူး၊ သူ့ကို ရင်ထဲမှာ ငါကထည့်ထာ



လို့လား အဲဒီစကားကို ပြောနေရအောင်၊ ရင်ထဲက မေ့ပစ် လိုက်စမ်းပါလို့ ပြောဖို့ကို မလိုတာ၊ မလိုတာ၊ ဘယ်တုန်း ကမှ ငါဟာ သူ့ကို ရင်ထဲမှာ မေ့မရအောင် ထည့်ထားမိ တာမျိုးကို မရှိခဲ့ဖူးဘူး၊ မရှိခဲ့ဖူးဘူး”

ဖွတ်မိုတ်၍ ကိုယ့်ရင်ထဲမှ အရာတွေတိုင်းကို မာန် င်းကာ ငြင်းဆန်ပစ်နေချေသည်ကောဟု ခုမှပို၍ နားလည်လာ နေမိရပြန်သည်တည်း။ ဘုရားရေ...။ သူက ... သူက ... ငွေလွှန်းပုံ ၏ နှလုံးအိမ်ထဲမှာ နေရာယူပြီးဖြစ်နေချေပြီတဲ့လား။ ဟင့်အင်း။ သို့ ဘယ်သောအခါတွင်မှ အဖြစ်မခံနိုင်။ ခပ်ထေ့ထေ့ကြီးပြုး ၍ ဒေါ်သူဇာမှ ...

“ခုတော့ ငါ့တူကို ညည်း အပိုင်သိမ်းပြီး စည်းစိမ်ချမ်းသာ တွေ အုပ်စီးထားလိုက်ပြီပေါ့လေ၊ ညည်းရဲ့အမေကလည်း လူချမ်းသာတစ်ယောက်ကို အရယူနိုင်ခဲ့သေးတာပဲ၊ အမေ့ ခြေရာနင်းနိုင်တဲ့ သမီးပေါ့”

ဟု တစ်ခါကပြောခဲ့သည့် စကားကို ပြန်ဆက်ကာ ာ၍ထေ့လုံးငေါ့လုံးတွေဖြင့် ပြောလာလျှင် ငွေလွှန်းပုံ ခံနိုင်ရည် နေမည်တဲ့လား။ ထိုအပြောတွေကြားထဲမှာ အနစ်မြုပ်ခံလိုက်ရချေ ည်တဲ့လား။

ငွေလွှန်းပုံ၏ မာနက လုံးဝခေါင်းမာနေသည်။

ထိုစဉ်ခိုက် ဖုန်းမြည်လာတာမို့ ဒေါ်ကြီးမွှေး သွား င်ပါ၏။

“ပြောလိုက်ပါ သမီးရယ်၊ ခမျာ အိမ်ဖုန်းကို ထပ်ဆက် လာတာ”

www.burmeseclassic.com

www.burmeseclassic.com



ဟု ခပ်တိုးတိုးပြောကာ ခေါင်းမွေး ခြံထဲဆင်းသွားတော့ ငွေလွန်းပုံ ဖုန်းရှိရာသို့သွားကာ ဖုန်းကိုကိုင်လိုက်မိရပါပြီ။ မထူးမချင်းလည်း တောက်လျှောက် ခေါင်းမာစွာ ဖုန်းဆက်ပြီးရင်း ထပ်ဆက်ရင်းဖြင့်၊ ဖုန်းမြည်သံစဲတော့မှာ မဟုတ်တာကို သိနေရသည်ကို။ သူ့ထံမှာ ငွေလွန်းပုံနှယ်ပင် ခေါင်းမာသည့်အကျင့်တစ်ခုကတော့ တူညီစွာရှိနေချေသည်ပဲဟုလည်း စိတ်လည်း ညစ်ရင်း ဝန်ခံပေးနေမိရ။ သိနေမိရပါ၏။

"ဟယ်လို"

"ကျေးဇူးတင်တယ် ငွေလွန်းပုံ၊ ဖုန်းကိုင်ပေးတဲ့အတွက် ဆိုပါတော့၊ မင်းကို ပြောပြစရာရှိနေတယ် ငွေလွန်း... မင်းရဲ့ဒီဇိုင်းတွေ စက်ရုံမှာ အမြန်ဆုံးချုပ်ကြ၊ ကုန်တိုက်... ပို့လိုက်ကြချိန်မှာ လူကြိုက်လည်း အလွန်များကြတ... ဈေးနှုန်းကျတော့လည်း မင်းစိတ်ကူးထဲကအတိုင်း အထ... ကလည်း အရမ်းဈေးကြီးတဲ့ဥစ္စာမျိုးလည်း မဟုတ်... အဆင်ဒီဇိုင်းဆန်းတာရယ်၊ အလယ်လတ်တန်းစား... အဝယ်များနိုင်တဲ့ အထည်အမျိုးအစားတွေ ဖြစ်နေတာ... ကြောင့် အရမ်းအဝယ်လိုက်နေတယ်၊ နယ်ကိုပို့ထားတာ... ကလည်း နောက်ထပ် အမှာတွေ အများကြီးဝင်လာတ... ဒီမှာ မင်းရဲ့ဒီဇိုင်းတွေတိုင်း အရမ်းအဝယ်လိုက်နေတ... ငွေလွန်းပုံ၊ အဲဒီအတွက် ဒီဇိုင်နာတစ်ယောက်အ... မင်း ဖမ်းသာမယ်ဆိုတာ ကိုယ်သိနေတာမို့ ပြောပြတာ... အကျိုးအမြတ်လည်း မင်း ခံစားရဦးမှာပါ"



ဟုပြောလာတော့ ငွေလွန်းပုံ ငြိမ်သက်နားထောင်ပြီးမှ သူ့စကားဆုံးတော့ အေးစက်စက်လေသံဖြင့် ...

"ဒါပဲပြောမှာ မဟုတ်လား၊ ဒါဆို ကျွန်မ ဖုန်းချလိုက်တော့မယ်၊ ကျွန်မ နားချင်ပြီ၊ နားပါရစေတော့၊ ထပ်လည်း ဖုန်းဆက်မလာပါနဲ့တော့"

ပြောပြီးတာနှင့် ဖုန်းကိုချလိုက်သည်။ နောက်တော့လည်း ဖုန်းလက်ကိုင်ကိုယူကာ ဘေးသို့ချထားလိုက်မိရပါ၏။ သူ ဖုန်းထပ်ဆက်၍ မရတော့အောင်ပါ။

တစ်ယောက်တည်း အိပ်ခန်းထဲဝင်ခဲ့ကာ အဝတ်အစားတွေ သေတ္တာလေးထဲထည့်။ အသုံးအဆောင်ပစ္စည်းလေးတွေ ထည့်ပြီးတော့ အားနေပြန်၏။

ရင်ထဲတိုးဝင်လာသည်က ကြည်နူးမှု။

ဟုတ်သည်။ ကြည်နူးမှု ...။ ဒီဇိုင်နာတစ်ယောက်၏ ကြည်နူးမှုပါတကား။

ဒါပေမဲ့ ...။ ထိုကြည်နူးမှုသည် ငွေလွန်းပုံ၏မိန်းမသားမာနတစ်ခုတည်းဖြင့်ပင် မှိန်ကျသွားရပြန်ပါ၏။

"ဒေါ်သူဇာ အတွက်ကတော့ ဒီဇိုင်နာတစ်ယောက်အဖြစ် သူ့ဘဝထဲကို စတင်ခြေလှမ်းပြင်ပြီး ဝင်လာဖို့ကြိုးစားသူလို့ စွပ်စွဲပြောလာဦးမှာ သိနေတာပဲလေ၊ ငါ ဘာလို့ သူနဲ့ပတ်သက်ပြီး အရာရာတိုင်းကို မေ့ဖျောက်ပစ်ရာမှ အမျှင်အစလေးတွေအဖြစ် ပြန်ပြန်ရစ်တည်လာနေကြရတာတဲ့၊ သူက အဲဒီသတင်းကို ငါ့ဆီပို့လာတယ်၊ ငါကြားလိုက်ရပြီး

www.burmeseclassic.com

www.burmeseclassic.com



ပြီ၊ ဒါဆို ရပ်လိုက်တော့ပေါ့၊ ဘာလို့ သူ့ရင်ထဲကအချ
ဆိုတာကြီးကို ငါဆက်ပြီး တွေးပေးနေရမှာတဲ့လဲ”

ဘာလို့တွေးပေးနေရမှာတဲ့လဲဟု တွေးနေချိန်သည်
သူ့အချစ်အကြောင်းကို အတွေးထဲထည့်နေသည့် ငွေလွှန်းပုံအဖြ
ပဲ ပြန်ပြန်ရောက်နေရတာကို ကိုယ့်ဘာသာကိုယ် မချင့်မရဲ
ပြန်ပြန်ဖြစ်နေရသည်။ မကျေမချမ်း ဖြစ်နေရသည်။

အခန်းထဲမှ ထွက်လာမိပြန်က ခြံထဲဆင်းလာမိရ
၏။

မနက်ဘက် ခရီးထွက်ရမှာမို့ ဦးကြီးသောင်းကတေ
ကားကို သေချာစစ်ဆေးနေပြီ။

လျှပ်စစ်မီးရောင်အောက်မှာ ကားစက်ခေါင်းဖုံး
ဖွင့်၍ ဟိုနှိုက် သည်နှိုက်နှင့် စစ်ဆေးနေပေ၏။

ငွေလွှန်းပုံ အဲဗားဂရင်းအပင်သေးဆီမှ ဖြတ်လျှော
စဉ်မှာ လရောင်အောက်မှာ လင်းလဲ့နေသည့် အရာလေးတစ်
မြင်လိုက်ရပါပြီ။

ရွှေရောင်စက္ကူငှက်ရုပ်လေး တစ်ရုပ်ပါတကား
သူ ကျကျန်ခဲ့တာဖြစ်ချေမည်။ ခေါင်းကိုမေ
ထိုနေရာလေးကိုကျော်ပြီး ဆက်လျှောက်လာမိရပေမယ့် ...။
ကမနေနိုင်။ နောက်ဘက်ကို ငဲ့ကြည့်မိပြန်သည်။ မြက်ခင်းထက်
ငှက်ရုပ်လေးကတော့ ငြိမ်သက်စွာရှိနေဆဲ။ မျက်နှာလေးညှိုးနေ
ငှက်ကလေးဟု ရင်ထဲမှာ ဘာကြောင့် တိုးဝင်ခံစားလာ နေ
သတဲ့လဲ။ ထိုခံစားချက်ကို နှင်ထုတ်၍ကို မရနိုင်ဘဲဖြစ်နေသ



နေရာမှ ပြန်လှည့်လာမိပြန်က ငှက်ရုပ်လေးနှင့်
မလှမ်းမကမ်းမှာ တွေတွေလေးငြိမ်ရပ်နေမိရပြန်သည်။ အကြည့်က
ငှက်ရုပ်လေးဆီမှာပဲ ဖြစ်နေသည်။ ပြင်းထန်သောညို့ငင်အားတစ်ခု
သည် ထိုငှက်ရုပ်သေးသေးလေးဆီမှာ ရှိနေသည့်နှယ် ဖြစ်နေပါ၏။
ခြေစုံလေးရပ်နေရင်း တွေ၍ကြည့်နေမိရာမှ ဆက်လျှောက်လာမိရ
ပြန်က ငှက်ရုပ်လေးကျရာနေရာ မြက်ခင်းစပ်နေရာလေးမှာ
ထိုင်ချလိုက်မိရပါပြီ။

အလိုလို လက်လေးတွေကလည်း ငှက်ရုပ်လေးဆီ
သို့ ရောက်သွားရသည်။

ဟင့်အင်း ...။ မကောက်နဲ့ ... ဟု တားနေချိန်မှာ
လက်ကကောက်ပြီးနေပြီ။

ရွှေရောင်နှုတ်သီးလေး။

ဖြန့်ကားထားပါလေသော ရွှေတောင်ပံလေးတစ်စုံ။

ရွှေရောင်လေး တစ်ကိုယ်လုံး မွှန်းထုံထားပါလေသော
သေးငယ်သည့် စက္ကူငှက်ရုပ်လေးတစ်ခု။

အာရုံထဲမှာ ထင်မြင်တိုးဝင်လာသည်က ထိုစက္ကူ
ငှက်ရုပ်လေး၏ တောင်ပံလေးတွေ လှုပ်စွာ ခတ်လာသည့်နှယ်
ရှိလာသည်။

လှပသော တိမ်ဖြူမှုံမှိုင်ငယ်ငယ်လေးတွေ ကြားထဲ
မှာ ဖြတ်သန်းပျံဝဲလာနေသည့်နှယ် ရှိလာသည်။

အဘယ်ဆီသို့ ပျံသန်းနေပါသတဲ့လဲ။

လှပသောတောင်ပံရွှေရောင်လေးတွေကို ဖြန့်ကား၍
လှုပ်စွာ တောင်ပံလေးတွေကို နှိမ့်မြင့်လိုက်ခါ အားယူလှုပ်ခတ်
၍ ပျံသန်းရာ နေရာသည် တခြားသော နေရာတစ်ခု ဖြစ်မနေ။

www.burmeseclassic.com

www.burmeseclassic.com



ငွေလွန်းပုံ၏ နှလုံးသားဆီသို့ မိုးတိမ်မျှင်နုနုလေး တွေကို ဖြတ်သန်း၍ တိုးဝင်လာနေသည့် ရွှေရောင်တောင်ပံလေး တစ်စုံ ဖြစ်နေချေသည်တကား။

တောင်ပံရိုက်ခတ်သံ တိုးမျှင်မျှင် နုနည့်ညှံ့လေး သည် ရွှေအဆင်းနှင့် ငှက်လေးဆီမှာ ဖြစ်တည်လာနေစေသည်ဟု ခံစားလာစေဖို့ အဘယ်သို့သော ညှို့ငင်မှုတွေက ငွေလွန်းပုံ၏ စိတ်အာရုံကို နှိုးဆွဖြစ်တည်လာနေစေပါသလဲ။

အဖြေသည် နှလုံးသားမှာသာ အဆင်သင့်ရှိနေပါလိမ့်မည်။

✧ ❦ ✧



## အခန်း(၁၅)

လှိုင်ခမ်းမွန်း။

လှပသော တောင်ပေါ်မြို့ကြီးတစ်မြို့ ...။ တောင်တွန်းဆွရှိရာ စိမ်းမြမြသစ်တောတွေကို ကတ္တရာလမ်းတစ်လျှောက်မှာ ရံထားစေကာ ရောက်ရှိလာစေသောမြို့။

မြို့အဝင်လမ်းမသည် မြို့တွင်းလမ်းမကြီးတွေမှာ ပန်းသည်ခုံတွေ လမ်းအလယ်မှာ ရှိနေကြစေလျက် ...။ ပန်းမျိုးစုံတို့ ရောင်စုံပွင့်ဝေစေရာ လှပသော ပန်းမြို့ကြီးတစ်မြို့လည်း ဖြစ်နေပါလေသောနေရာ။

ငွေလွန်းပုံ တည်းခိုရာ ဂိုလ်ဒင်းရေးဗားဟိုတယ်ကြီးသည် ကုန်းမြေမြင့်ပြန့်ပြန့်ကြီးတစ်ခုမှာ တည်ရှိလျက်။ မြို့၏ အလှကို အပေါ်ဆီးမှ ကြည့်မြင်နိုင်သော နေရာလည်း ဖြစ်နေသည်။

တည်းခိုရာ အခန်းကျယ်ကြီးတွေတိုင်းမှာ လသာဆောင်လေးတွေ တစ်ခုချင်းစီ ရှိချေတာမို့ လသာဆောင်မှာထွက်ရင်း လှပသောရှုခင်းများ၏ ခေါ်ဆောင်ညှို့ငင်ရာနောက်သို့ တကောက်ကောက် ငေးမောရပ်ကြည့်နေနိုင်သည့် နေရာ။

www.burmeseclassic.com

www.burmeseclassic.com



ငွေလွှန်းပုံ၏အခန်းက တတိယထပ်၏ အစွန်ဆုံး နေရာမှာ ရှိချေတာမို့ ...။

ရှခင်းတွေကို ပိုင်စိုးစွာ တဝကြီးလသာဆောင်ဆီမ လည်း ကြည့်နိုင်သည်။ ပြတင်းကျယ်ကြီး၏ ပြတင်းပေါက်ပေါင် ကို လက်လေးဖြင့် ဖေးကိုင်ထားရင်းလည်း တစ်ဖက်ဆီမှ ရှခင် တွေကိုလည်း ငေးကြည့်နေနိုင်သည်။

ဦးကြီးဘောင်းကတော့ မနက်စာဘရိတ်ဖတ်စ် ငွေလွှန်းပုံနှင့်တူတူ မနက်စောစော မှာစားသောက်ပြီးတာနှ ပြန်သွားပြီ။ ငွေလွှန်းပုံက တတိယထပ်မှာ ရှခင်းများကို အင သဖြင့် ငေးကြည့်ခွင့်ရသောနေရာမှာ တည်းခိုဖြစ်ခဲ့လျက်။

ဦးကြီးဘောင်းကတော့ အောက်ထပ်မှာပဲ တည်း ခဲ့ခြင်းပါ။

လသာဆောင်မှာ ရပ်နေရင်း ငွေလွှန်းပုံ တောင် တွေဝေနေသည့် တောင်ကြားနေရာကို အတန်ကြာမျှ ငေးကြည့် မိရပါ၏ ။

လောလောဆယ်မှာတော့ တစ်ယောက်တည်း ဟို သည်ငေးနှင့် ရှိနေရပေမယ့် ...။ ထူးခြားဆန်းသစ်သောနေရာတ မှာ စိတ်လေးတွေကတော့ အတန်မျှ ပေါ့ပါးသက်သာရာရနေသ သို့ ရှိနေရသည်ပါပဲ။

အထူးသဖြင့် ခင်စက်မေများ ရောက်လာချဦးမ လားဟု စိတ်အနှောင့်အယှက်ဖြစ်စွာ တိုးသက်သက်ခံစားလေ ရသည့်စိတ်တွေ လောလောဆယ်မှာ ပျောက်ဆုံးသွားရပြီ။ ဤ



ရာလေးမှာ ငွေလွှန်းပုံစိတ်ကိုလွှတ်၍ သက်သောင့်သက်သာနေ နိုင်သည်။ ပြီးတော့ ရှခင်းတွေတိုင်းက လှနေသည်မို့ ငွေလွှန်းပုံ ၏စိတ်ကို သစ်တောအုပ်ကြီးတွေကလည်း ဖမ်းစားထားနေကြ သည်။ လှပသောပန်းတွေကလည်း ညို့ငင်နေကြသည်။ အို ... တောင်းကင်ကြီးဆီမှ တိမ်အုပ်ကြီးတွေသည်ပင် ငွေလွှန်းပုံမြင်နေကျ မြင်ကွင်းမျိုးမဟုတ်။ ဤနေရာမှာက သစ်တောစိမ်းမြမြအုပ်အုပ် ဆိုင်းဆိုင်းကြီးတွေကို အုပ်မိုးထားရာ ကောင်းကင်ပြာကြီးဆီမှ တိမ်ဆုပ်ဆုပ်ခဲခဲကြီးတွေ ဖြစ်နေသည်။ တောင်တန်းကြီးတွေကို ငုံ့မိုးကြည့်နေရာ တိမ်တောင်ထုကြီးတွေ ဖြစ်နေသည်။ လှပသော ပန်းတို့ဝေနေရာမြို့ကြီးကို ကျေနပ်စွာကြည့်နေသည့် တိမ်ဖြူဆုပ် တွေ ဖြစ်နေသည်။

"သိပ်လှတာပဲ ... ကြည့်စမ်း၊ ဟိုးမှာ ကြိုးတံတားတစ်ခု၊ အောက်မှာက ချောင်းတစ်ချောင်း၊ ဟိုဘက်သည်ဘက် တောင်နှစ်ခုကလည်း သိပ်မဝေးကြဘဲ ချောင်းတစ်ခုလေး ခြားရင်းရှိနေတာ အဲဒါကို ကြိုးတံတားဆောက်ထားတာ ဘယ်လောက်လှသလဲ"

လသာဆောင်မှာ ရပ်နေရင်း ငွေလွှန်းပုံ ခပ်လှမ်း လှမ်းဆီမှာ မြင်နေရပါသည့် ကြိုးတံတားကို ငေးကြည့်နေမိရပြန် သည်။

မနေ့ကတော့ ရောက်တာနှင့် ရေမိုးချိုး၊ ညစာစား ပြီးပန်းတာနှင့် အိပ်ခဲ့တာမို့ ...။ ထိုကြိုးတံတားဆိုတာကို မမြင် လိုက်မိခဲ့ရ။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ညဘက်မှာ ဖေဖေ့ထံ ဖုန်းဆက်ခဲ့တာမို့ အပြင်ဘက်ထွက်၍ ညရှုခင်းကို မကြည့်ဖြစ်နိုင်ခဲ့။

"ကြိုးတံတားလေးမှာ မီးရောင်စုံလေးတွေ ရှိကောင်းရှိနေမှာ၊ ညဘက်မှာ သိပ်လှမှာပဲ"

ဟု ဆက်တွေးမိရပါ၏။ ကြိုးတံတားလေးမှာ မီးသီးရောင်စုံလေးတွေ ရှိနေသည်လား မရှိသည်လား ဆိုတာကိုတော့ မသိနိုင်။ မြင်ကွင်းက ဝေးနေသည်ကိုးလေ။

ထိုစဉ်ခိုက် ဖုန်းမြည်လာတာမို့ ကြည့်လိုက်တော့ ဖေဖေ့ဖုန်း ဖြစ်နေသည်။

"ဟုတ်ကဲ့ ဖေဖေ၊ ဖေဖေ နေကောင်းရဲ့လား"

ဟု အရင်ဆုံး စိတ်ထဲပူရာကို မေးလိုက်မိရပါသည် အဖြစ်။ ဖေဖေ ပိန်ကျသွားတာတစ်ခုက ငွေလွှန်းပုံ ဖေဖေ့အတွက် စိတ်ပူရာအဓိကအချက်ပဲ ဖြစ်နေသည်။

"နေကောင်းတယ် သမီး၊ ဘာပဲဖြစ်ဖြစ် နှင်းဆီမြိုင်မှာ သမီးရှိမနေဘဲ အဲဒီလှပတဲ့မြို့ကြီးရဲ့ဟိုတယ်ကြီးတစ်ခုမှာ သမီးလေးရှိနေတာကိုက ဖေဖေ့အတွက် စိတ်ဖြောင့်လက်ဖြောင့် ရှိနေစေတယ် သမီး၊ ခင်စက်မေ တစ်ခုခု သမီးကို သွားသွားပြောနေပြီလားလို့ တထင့်ထင့်ရှိနေရတာက အလွန်ကို ဖေဖေ့ကို ပင်ပန်းနေစေတာ သမီး၊ အခု အဲဒီကိုရောက်ပြီး ... ကျန်းမာအောင်နေ၊ စိတ်ချမ်းသာစရာကိုတွေး၊ ဖေဖေတို့သားအဖ တွေ့တွေ့နေကြရတော့မယ့်အချိန် နီးနေတာလည်း မမေ့နဲ့"



ဟု ပြောနေတော့ ငွေလွှန်းပုံ မျက်ရည်ဝဲလာသည်။ ဖေဖေသည် နှင်းဆီမြိုင်မှာ ငွေလွှန်းနှင့်အတူ ပြောင်းရွှေ့နေထိုင်တော့မည်ထင့်။ ဖေဖေ့ ကြာရိပ်ဝေအိမ်ကြီးထက် အဆများစွာငယ်သော အိမ်လေးတစ်လုံးမှာ ဖေဖေ အသားတကျနေခဲ့သည်ကလည်း မေမေနှင့် အိမ်ထောင်ကျခဲ့ကတည်းကပေမို့။ ဖေဖေသည် ကြာရိပ်ဝေကို စွန့်လွှတ်၍ နှင်းဆီမြိုင်မှာနေဖို့ ပြတ်သားစွာဆုံးဖြတ်လိုက်ပြီထင့် ...။

"ဒီမှာ ဖေဖေလုပ်စရာရှိတာတွေ အပြတ်လုပ်ကိုင်ပြီးရင် ဖေဖေ့အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းကို ဖေဖေ့လူယုံကြီး ဦးဖေသက်ဆီမှာ ခဏလွှဲခဲ့ပြီး သမီးရှိရာကို ဖေဖေလာခဲ့မယ် သမီး၊ အဲဒီမှာ ကုန်တိုက်ကြီးတွေလည်းရှိတယ်၊ သမီးကြိုက်ရာကိုဝယ်၊ ပျော်အောင်နေ၊ ဖေဖေထည့်ပေးလိုက်တဲ့ငွေတွေကို ဒီအခါမှာတော့ ဝယ်ချင်တာတွေ ဝယ်လိုက်ပါ၊ သုံးလိုက်ပါ သမီးရယ်၊ ငွေလိုရင်ထပ်မှာ၊ ဖေဖေဘက်က ငွေလွှဲပို့ပေးမယ်၊ ပျော်အောင်နေပါ သမီး၊ အဲဒါပဲ ဖေဖေလိုချင်တာ"

ဖေဖေ ဒေါ်ကြီးမွေးထံ ငွေငါးသိန်းအပ်ထားခဲ့တာကို ငွေလွှန်းပုံ မသိခဲ့ရ။ ခရီးထွက်သည့်မနက်ကျမှ စက္ကူအိတ်ညိုကြီးဖြင့် ထည့်ထားရာ ငွေထပ်ကြီးကို ဒေါ်ကြီးမွေး ပေးလာခြင်းပါ။ ပေးသည်ကလည်း ကားပေါ်ရောက်နေချိန်ကျမှ ပေးခြင်း။

"ငွေလွှန်းလေးရဲ့ဖေဖေက ကားထွက်ခါနီးကျမှ ပေးပါလို့မှာထားခဲ့တာ၊ ဒါမှမဟုတ်ရင် မယူဘဲ ချန်ထားရစ်မှာစိုးလို့တဲ့၊ ကဲ ... ကဲ ... အဖေစိတ်ချမ်းသာအောင်ယူသွား၊

www.burmeseclassic.com

www.burmeseclassic.com



လွယ်ထားတဲ့ စလင်းဘက်ကြီးထဲ ထည့်လိုက်တော့၊ ထည့်လိုက်တော့"

နှင့် လက်ထဲထည့်လိုက်တာမို့ ...။ ထိုငွေငါးသိန်းကတော့ ပါလာရပါသည့်အဖြစ်။

"ဖေဖေ နေကောင်းအောင်နေနော်၊ သမီးအတွက်ကတော့ သိပ်ပြီးသုံးစရာရယ်လို့ ရှိမှာမဟုတ်ဘူး ဖေဖေရဲ့၊ မြို့ထဲရောက်တဲ့အခါ ဒေသအစားအစာလေးတွေတော့ ဝယ်စားဖြစ်မယ်ထင်တယ်၊ ဒီမှာ တစ်ခါတစ်ခါ မိုးလေးတော့ညို့တယ် ဖေဖေ၊ ထီးလေးတစ်ချောင်းတော့ ဝယ်ဖြစ်မယ်ထင်ပါရဲ့"

ဟုပြောတော့ ဖေဖေရယ်သည်။

"တခြားဝယ်ချင်တာလေးတွေလည်း ဝယ်ပေါ့ သမီးရဲ့ မိန်းကလေးတွေအကြိုက်၊ ဝယ်စရာရယ်လို့ အများကြီးပဲ ကွယ်၊ ထီးလေးတစ်ချောင်း ထီးလေးတစ်လက်လောက်ပဲ ဝယ်လို့တော့ ဘယ်ဟုတ်မလဲ"

ဟု ထပ်ပြောကာ ...

"ကဲ ... ကဲ ... ဖေဖေဖုန်းချလိုက်တော့မယ် သမီး၊ ညကျရင် ဖေဖေပဲ ဖုန်းဆက်မယ် သိလား၊ အလုပ်ကိစ္စတွေထဲမှာ ဖေဖေရောက်နေမှာစိုးလို့၊ သမီးလေး ဖုန်းမဆက်လာနဲ့ ဖေဖေပဲဆက်မယ်၊ ဖေဖေ့ဖုန်းကိုပဲစောင့်၊ နေကောင်းအောင်နေ၊ ရေချိုးတဲ့အခါ ရေအေးနဲ့မချိုးနဲ့၊ ရေနွေးနဲ့ချိုး၊ အဲဒီမှာ မိုးရိပ်လေးရှိနေတယ်ဆို၊ ရေပြောင်းမြေပြောင်းမှာ ရေနွေးနဲ့ပဲချိုး သမီး"



ခုထိ ကလေးလိုပဲ ငွေလွှန်းကို စိတ်ပူ၍ မှာနေပါသည့် ဖေဖေ့မေတ္တာကို သိနေရရင်း ငွေလွှန်းပုံ မျက်ရည်လည်တက်လာနေသည်။

"ဖေဖေ့ကို သိပ်ချစ်တာပဲ ဖေဖေရယ်"

ဟု ပြောသံလေးက အတန်မျှတော့ ရှိုက်သံလေးပါသွားရပါ၏။

"သမီးရေ ... လှလှပပလေးဝတ်၊ အခန်းထဲကထွက်၊ စိတ်ထဲပေါ်လာတဲ့ နေရာလေးကို လည်ပတ်လိုက်၊ သွားလိုက်၊ ပျော်အောင်နေ၊ ဖေဖေ ဖုန်းချလိုက်တော့မယ်၊ ဟုတ်ပြီလား"

ဟု ပြောသံဆုံးတော့ ဖေဖေ ဖုန်းချသွားပါ၏။ ဘယ်လီဖုန်းလေးကို ပြန်ပိတ်လိုက်ကာ ငွေလွှန်းပုံ ရေနွေးနွေးဖြင့် ရေချိုးပစ်လိုက်ကာ ချည်ထည်ဝတ်စုံဝါဝါလေးဖြင့် ထွက်လာမိခဲ့ရပါ၏။

ပထမဆုံး အရင်နှံ့အောင်ကြည့်ရမည်က ဤဟိုတယ်ကြီး၏ ကျယ်ဝန်းသော ခြံကျယ်ကြီးတစ်ဆုံးပဲ ဖြစ်နေသည်။ ပန်းတွေဝေသော ဥယျာဉ်ကျယ်ကြီးလည်းရှိသည်။ ကျောက်တုံးကျောက်ဆောင်တွေ ထိုးထွင်း၍ ထိုးထိုးထောင်ထောင် ရှိနေရာနေရာကျယ်ကြီးတစ်ခု၏ အခြေမြေပြင်သည် သေသေချာချာစိုက်ပျိုးထားသော မြက်ခင်းစိမ်းကြီးအဖြစ် တပြန့်တလျားကြီးလည်း ရှိနေသည်။

ဝက်သစ်ချပင်ကြီးတွေကလည်း ပင်စည်ကြီးတွေ ခိုင်တည်ကြီးမားလျက် စိမ်းမြမြရှိနေကြပါချေ၏။

www.burmeseclassic.com

www.burmeseclassic.com



မြေပြင်ဆီမှ ကျောက်တုံး ကျောက်ဆောင်ကြီးတွေ ဟိုဟိုသည်သည်ဆီမှ သဘာဝအတိုင်း ထိုးထိုးထောင်ထောင်ကြီး တွေဖြစ်တည်နေတာမျိုးလည်း ငွေလွှန်းပုံ မကြုံဖူး။

စိမ်းမြမြမြက်ခင်းဆိုတာကလည်း သေချာရိတ်သင် ထားတာမို့ ကော်ဇော်ပြင်ကျယ်ကြီးနှယ် နူးညံ့စွာရှိနေကြပါ၏။ စိမ်းမြစွာရှိနေကြချေသည်တည့်။

ခြေလှမ်းမှန်မှန်ဖြင့် ငွေလွှန်းပုံ လျှောက်လာစဉ်မှာ နောက်ပါးဆီမှ စကားသံလေး ကြားလာရသည်။ မကြာလိုက်။ အရပ်မြင့်မြင့်နှင့် လူရွယ်တစ်ယောက်။ ရွယ်တူဖြစ်ချေသည့် ဖြူ နွဲ့နွဲ့မိန်းကလေးတစ်ယောက်တို့ လက်လေးတွဲရင်း ကျော်ဖြတ် လျှောက်သွားကြသည်။

ကျောက်အဆောင်မြင့်တစ်ခုနားမှာ ကောင်မလေး ရပ်လိုက်ကာ ...

"လှလိုက်တာ မောင်ရယ်၊ သိပ်လှတာပဲနော်၊ ဒီနေရာလေး မှာ ကြွေ ဓာတ်ပုံရိုက်ချင်လိုက်တာ"

ဟု ပြောသံလေးက တိုးနွဲ့နွဲ့ ပွင့်ကျလာပါ၏။ နောက်တော့လည်း ငွေလွှန်းပုံကို ကြွေဆိုသည့် မိန်းကလေး ကြည့်လာသည်။

"ကြွေတို့ကို တူတူတွဲပြီး ဓာတ်ပုံလေးရိုက်ပေးနိုင်မလား ညီမရယ်"

ဟု ပြောလာတော့ ငွေလွှန်းပုံ ခေါင်းလေးညိတ်ပြ လိုက်ရပါ၏။ ငွေလွှန်းပုံထက် နည်းနည်းလေးတော့ ကြီးချေမည့် ကြွေသည် ... တကယ်တမ်းကျတော့ ဖြူဖျော့ဖျော့လေးဖြင့် သေး



သေးသွယ်သွယ် အရမ်းဖြစ်နေတာမို့ ...။ ရုတ်တရက်ဆိုလျှင် ငွေလွှန်းပုံထက်ပင် ငယ်နေသည့်ပုံမျိုးလေး ဖြစ်နေသည်။ ဆံပင် လေးကလည်း ကုပ်ဝဲလေးပေမို့ ပို၍ကလေးရုပ်လေး ဖြစ်နေပါ၏။

ငွေလွှန်းပုံ ကင်မရာလေးကို ကြွေ့လက်ထဲမှ ယူလိုက် မိရကာ ဓာတ်ပုံလေးရိုက်ပေးလိုက်တော့လည်း အရမ်းကိုပျော်နေ သည့်ပုံလေးဖြင့် ကြွေသည် ချစ်ရသူ၏လက်မောင်းကြီးကို တွယ် ဖက်ထားရင်း ပခုံးပေါ် ခေါင်းလေးတင်ကာ ဓာတ်ပုံအရိုက်ခံသည် ပါပဲ။ ကြွေ၏မောင်ကလည်း ကြွေ့မျက်နှာလေးကို တစိမ့်စိမ့်မျှ ကြည့်နေရင်း ဓာတ်ပုံအရိုက်ခံသည်။ ကင်မရာကိုမကြည့်ဘဲ ကြွေ့မျက်နှာလေးကိုသာ တစိမ့်စိမ့်မျှ ငေးမဝနိုင်သလိုကြီး ကြည့် နေပါသည့် အကြည့်တိုင်းသည် ချစ်ခြင်းတွေဖြင့် သိမ့်မွေ့နေကြ သည်ဟု ငွေလွှန်းပုံ နားလည်လာနေမိရပါ၏။

ဩော် ... ဘာကြောင့်များ ဘုန်းထက်လူ ဆိုသည့် သူ့အကြည့်တွေကို ပြန်၍မြင်လာနေမိရပါသတဲ့လဲလေ။ တကယ် တမ်းကျတော့ ငွေလွှန်းပုံ သူ့ကို မေ့ဖျောက်ပစ်လိုက်နိုင်ဖို့ဆိုတာ အတော်ကြီး ကြိုးစားယူရဦးမည်ဆိုတာ နားလည်လာနေရသယောင် ဖြစ်လာနေမိရပါသည့်အဖြစ်။ အို ... ဝန်ခံနေမိရသည်ဆိုလျှင် ပို၍မှန်ကန်နေချေဦးတော့မည်သာ။

ထိုစဉ်ခိုက် ကြွေသည် ငွေလွှန်းပုံထံမှ ကင်မရာလေး ကိုယူကာ ...

"ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မ ထက်ထက်ကြွေပါ၊ ကြွေတို့လက်ထပ်ထားတာ သိပ်မကြာသေးဘူး၊ သူက ကြွေရဲ့မောင်ပေါ့၊ နာမည်က အာကာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြုံးချိုကြည်မွေ့စွာပဲ ကြွေပြောလာသည်။ အရာရာကို ဘဝမှာ အဆင်တပြေဖြင့် ဖြတ်သန်းလာသူတို့၏ မျက်ဝန်းအဖြစ် ထိုစုံတွဲလေးအပေါ် ငွေလွှန်းပုံ နားလည်နေမိရကာ အားပင်ကျချင်ချင်ပါ။

"ကျွန်မ ငွေလွှန်းပုံပါ မမကြွေ"

ဟု ငွေလွှန်းပုံကလည်း တရင်းတနှီးနိုင်သော အပြုံးလေးဖြင့် မိတ်ဆက်လိုက်မိရသည်ပါပဲ။ ခုလို ကြွေနှင့် အာကာတို့၏ ချစ်ခြင်းနှင့် ချမ်းမြေ့ခြင်းများကို မြင်ရတော့ စိတ်ထဲမှာ ချမ်းမြေ့မြေ့လည်း ဖြစ်ရသည်။ တရင်းတနှီးလေးလည်း ဖြစ်သွားမိရသည်။ ကြွေ ဆိုတာကလည်း ပြုံး၍ကြည်တောက်နေသည့် မျက်ဝန်းလေးတွေဖြင့် ငွေလွှန်းပုံကို တခင်တမင်ကြီး ဆက်ဆံလာသည်ကိုးလေ။

ကံကောင်းလိုက်ကြသည်ကော ဟုလည်း ငွေလွှန်း တွေးမိရသည်ပါပဲ။

ဟုတ်သည်။ ကံကောင်းလွန်းကြသည့် အာကာနှင့် ထက်ထက်ကြွေတို့ပါ။ လက်ထပ်ခွင့်ရလိုက်ပါသည့် ချစ်သူနှစ်ဦး မဟုတ်ပါလားလေ။

ဖျတ်ခနဲ သူ့မျက်ဝန်းတွေကို မြင်လာမိသည်။ ငွေလွှန်းပုံကို တောင်းပန်ကြည့်တွေဖြင့် ကြည့်ခဲ့ပါသည့် မျက်ဝန်းများ။ ကြေကွဲခြင်းတွေဖြင့် ကြည့်ခဲ့ပါသည့် မျက်ဝန်းများ။

ဒေါ်လေးသူဇာ၏ နှိမ့်ချပြောခဲ့ပါသည့် စကားများကို ငွေလွှန်းပုံ ရင်ကျေအောင် ကြေကွဲခံပြင်းခြင်းများဖြင့် ကြ ရပြီးသည့်နောက်မှာ အစဉ်သဖြင့် အေးချမ်းကြည်မွေ့စွာရှိနေ



ကြပါသည့် သူ့မျက်ဝန်းများသည်လည်း အရောင်ပြောင်းသွားခဲ့ကြသည်ဆိုတာ ငွေလွှန်းပုံ ငြင်း၍မရနိုင်အောင်ပဲ သိနေရသည်။ ငွေလွှန်းပုံကို တောင်းပန်သည့်အကြည့်များ။ ကြေကွဲဝေဆွာကြည့်သည့် အကြည့်များ။ ကလေးဆိုးကြီးပမာ ဇွတ်ကြီး မီးဖိုဆောင်ထဲ ဝင်လာကာ ချက်ပြုတ်နေပါသည့် ခေါင်းမာသည့်အကြည့်များ။ ထိုအရာ ... ထိုမျက်ဝန်းများကို ငွေလွှန်းပုံ ဘာကြောင့် ဤမျှ တမ်းတမှတ်ထင် တမြင်တည်းမြင်နေရပါသတဲ့လဲ။

ထိုစဉ်နိုက် မီးပေါက်မှုင်ဖွားဖွားလေးတွေ ဖြုတ်ချည်းကျလာတာမို့ အာကာသည် ကမန်းကတန်း အင်္ကျီထူကိုချွတ်ကာ ကြွေ့ခေါင်းပေါ် တင်ပေးခြုံပေးပြီးမှ ...

"ဟိုတယ်နဲ့ သိပ်မဝေးသေးလို့ တော်သေးတယ် ကြွေရယ်"

ဟု ပြောပြီးတာနှင့် လွယ်အိတ်ထဲ လက်ညှိုလိုက်ကာ ဆုတ်ယူလိုက်သည်က ခေါက်ထီးလေးတစ်လက်ပါ။ ခေါက်ထီးလေး မဖွင့်ရသေးမီမှာ ကြွေ့ကို မိုးစက်တွေ စိုဖျန်းခံလိုက်ရမှာ အရမ်းစိုးရိမ်နေသည့် အာကာ့အဖြစ်သည်းမှုကို ငေးကြည့်ရင်း ငွေလွှန်းပုံ ပြုံးမိရပါ၏။ အတော်ချစ်သည်ပဲဟု ထပ်၍သိလာမိရသည်။ ခေါက်ထီးကို ကမန်းကတန်းဖွင့်ကာ ကြွေ့ကိုဆောင်းပေးစဉ်မှာ ...

"မမကြွေနဲ့အတူ လိုက်ဆောင်းပါလား ငွေလွှန်းပုံ"

စာစောကစောတ်ပုံလေးရိုက်ပေးထားတာကို ကျေးဇူးတင်နေပုံလေးဖြင့် ကြွေ တရင်းတနှီးခေါ်ပေမယ့် ခေါင်းလေးခါပြလိုက်ရပါ၏။ ဤမျှ ချစ်ကြသူနှစ်ဦး ထီးလေးတူတူဆောင်းကြစေဟု တွေးမိရသည်ကိုးလေ။

www.burmeseclassic.com

www.burmeseclassic.com



"ငွေလွှန်းက မိုးရေထဲ လမ်းလျှောက်ရတာ ပျော်လို့ မမကြွေ၊ မမကြွေတို့ သွားနှင့်လိုက်နော်"

ဟု ဟန်မပျက်ပြောကာ ခြေလှမ်းမှန်မှန်ဖြင့် လျှော နေတော့ အာကာမှ ကြွေ့ကို ထီးလေးတမိုးမိုးဖြင့် ရှိနေရင်း ဖြည်းဖြည်း စောင့်ခေါ်သွားပါ၏။

ငွေလွှန်းပုံ ဟိုတယ်အခန်းသို့ ပြန်ရောက်တော မိုးရေအတန်မျှ စိုနေပြီမို့ ရေပူပူဖြင့် စိမ်ချိုးပစ်လိုက်ကာ အဝ ခြောက် လဲလှယ်ဝတ်ရသည်။ ဆံပင်ကိုခြောက်အောင် တဘ ကြီးဖြင့် သုတ်ပစ်ရသည်။

ကော်ဖီပူပူကစ်ခွက် သောက်ချင်လာတာမို့ ဟိုတ ၏ စားသောက်ခန်းသို့ ပြန်ဆင်းလာမိခဲ့ရသည်ပါပဲ။

စားသောက်ခန်းထဲရောက်တော့ အရင်ရောက်နှ သည့် ကြွေတို့စုံတွဲကို တွေ့လိုက်ရသည်ပါပဲ။ ကြွေကလည်း လွှန်းပုံကို တွေ့တာမို့ လက်လေးပြ ကာ ...

"ဒီမှာလာထိုင်ပါလား ငွေလွှန်းပုံ"

တကယ့်ကို စိတ်ရင်းထဲမှ တခင်တမင်နိုင်စွာ နေတာကို သိတာမို့ ငွေလွှန်းပုံ ပြုံးလိုက်ကာ ကြွေတို့စားပွဲ ဝင်ထိုင်လိုက်ရသည်ပါပဲ။

ကြွေသောက်နေသည်က ကော်ဖီမဟုတ်။ နွား တစ်ခွက်ဖြစ်သည်။

ငွေလွှန်းပုံ ကော်ဖီတစ်ခွက်မှာသည်မို့ ဟို ဝန်ထမ်းလေးမှလာ၍ တရိုတသေလေး ပို့ပေးလာပါ၏။



အာကာကတော့ လွယ်အိတ်ထဲမှ ဆေးပုလင်းတွေ ဘန်းစီ၍ထုတ်ကာ ဆေးလုံးလေးတွေ တစ်လုံးချင်းထုတ်တာလည်း ထုတ်။ တစ်ခြမ်းဖဲ့တာလည်းဖဲ့နှင့် အလုပ်များနေရကာ ကြွေ့လက် ထဲ တယုတယ ထည့်ပေးတော့ ငွေလွှန်းပုံ ငေးခနဲ ကြည့်မိရပါ၏။ သေချာကြည့်တော့မှ ကြွေ့မျက်ကွင်းလေးတွေ ညိုနေတာကိုသတိ ထားမိလာရသည်ပါပဲ။

"ဆေးသောက်ဖို့ မောင်ရေသန့်ဘူးတစ်ဘူး သွားယူလိုက် ဦးမယ် ကြွေ ... နော်"

ဟုပြောပြီး အာကာထွက်သွားတော့ ငွေလွှန်းပုံကို ကြည့်လာသည်က ကြွေပါ။

"ကြွေ့မှာ နှလုံးရောဂါရှိတယ် ငွေလွှန်းပုံ၊ ပြီးတော့ သွေး ဖြူဥများတဲ့ရောဂါ ကြွေ့မှာဖြစ်နေမှန်း လွန်ခဲ့တဲ့သုံးလ လောက်ကမှ စသိလာခဲ့ရတာ"

ဟု ပြောလာတော့ ငွေလွှန်းပုံ ရင်ထဲ ကျင်ခနဲခံစား သည်။ ရင်ထဲမှာမကောင်း။ ဆံပင်တိုကုပ်ဝဲလေးနှင့် ကလေး ကျက်နှာလေးဖြင့် ရှိပါလေသော ကြွေ့မျက်နှာလေးကို ငေးကြည့် သည်ပါပဲ။

"ကြွေက ... ကြွေက ... နှလုံးရောဂါဖြစ်ခဲ့တာ ကြာပါပြီ၊ ငယ်ကတည်းကပါပဲ၊ အခု အဲဒီသွေးဖြူဥများတဲ့ရောဂါက ထပ်တိုးလာတာ ... ဒီကိုမလာခင်မှာပဲ ကြွေ သွေးသွင်းလာ ခဲ့ရတာ"

လက်ဖဝါးထဲမှ ဆေးတစ်တွေးကြီးကို ခပ်ငေးငေး ကြည့်နေရင်း ပြောနေပုံလေးက ဆွေးဆွေးမြည့်မြည့် နိုင်နေပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"မောင်နဲ့ကြွေက ခြံချင်းကပ် ငယ်ပေါင်းသူငယ်ချင်းတွေ
လေ၊ နှလုံးရောဂါသည် ကြွေ့ကို အရမ်းဂရုစိုက်ခဲ့တာ၊ န
ရောဂါထပ်တိုးလာတော့ မောင် အရမ်းစိတ်ထိခိုက်ခဲ့ရတာ
ပေါ့၊ မိဘချင်းကလည်း သူငယ်ချင်းတွေပါပဲ၊ ကြွေ့က်
မောင့်မိဘတွေကလည်း ချစ်ကြပါတယ်"

ကြွေ ပြောနေခိုက် အာကာ ရေသန့်ဘူးနှင့် ပြ
ရောက်လာကာ ဖန်ခွက်ထဲ လောင်းထည့်ပေးပြီး ကြွေ ဆေးသော
တာကို စောင့်ကြည့်နေပါ၏။

မြင်ကွင်းကို ငွေလွှန်းပုံ မကြည့်ရက်။ ရင်ထဲမှ
ကြေကွဲနေသည်။ ကြွေကတော့ ကလေးလေးလိုပဲ ဆေးေ
သောက်နေပါ၏။ ဆေးစောင့်တိုက်နေသည့် လူကြီးမိဘရှေ့မှ
ဆေးသောက်နေသည့် ကလေးလေးနှင့် တူနေသည်။

"မိုးတိတ်သွားရင် ကြွေ ဟိုးကကြိုးတံတားလေးကို သွာ
ချင်တယ် မောင်ရယ်၊ ငွေလွှန်းပုံလည်း လိုက်ခဲ့ပါလ
ဟင်၊ ကြွေတို့ တူတူသွားကြတာပေါ့ ... နော်"

ဟု ပြောတော့ ငွေလွှန်းပုံ ခေါင်းဝဲညိတ်ပြမိလို
ရသည်။

အာကာ ချက်ချင်းထကာ ...

"မောင် ကားသွားစီစဉ်လိုက်ဦးမယ် ကြွေ၊ ဒီကည
ကြွေ့ကို အဖော်ခဏလုပ်ပေးနိုင်မလား၊ ကြွေ့ကိုတစ်ယော
တည်း မထားခဲ့ချင်လို့ပါ"

ဟု ပြောလာတော့လည်း ငွေလွှန်းပုံ ခေါင်းေ
ညိတ်ပြလိုက်မိရပါ၏။ ရင်ထဲမှာ လှိုက်နေသည်။ ကြွေ့ကိုအ



ိတ်တိုင်းကျ အားလုံးလုပ်ပေးနိုင်သမျှ လုပ်ပေးခွင့်အချိန် ရနေသမျှ
ထဲမှာ အားလုံးလိုက်လုပ်ပေးဖို့ အာကာ ထိုတစ်ခုတည်းကိုပဲသိ
နေသည့်နှယ် ဖြစ်နေတာကို သိသိလာနေရပါသည့်အဖြစ်။

အာကာ ထွက်သွားတော့ ကြွေ လက်ကျန်ရေကို
သောက်လိုက်ပါ၏။

"ကြွေတို့ လက်ထပ်ထားတာ တစ်လတောင် မပြည့်သေး
ဘူး၊ မောင်နဲ့ကြွေတို့ ချစ်ခဲ့ကြတာမှန်ပေမယ့် ကြွေ့မှာ
နောက်ထပ်ရောဂါတစ်ခု တိုးလာတော့ ကြွေ မောင့်ကို
စေ့စပ်ထားတဲ့ကိစ္စ ဖျက်ပစ်ဖို့ ပြောခဲ့သေးတယ်၊ **မောင်က**
လက်ထပ်ဖို့ ဆုံးဖြတ်တာ"

ကြွေ့အကြည့်တွေက မိုးစက်တွေ မှန်ပြတင်းကို
ထိနေကြတာ။ ပြီးတော့ ... မြင်နေရပါသည့် မိုးရေတို့၏
ရှိန်သွန်ရွာနေဆဲမြင်ကွင်း။ ထိုအရာတွေမှာ တစ်ချက်ငေးဝေဝေ
က်ရောက်သွားပါ၏။

"မောင် အရမ်းကို မျက်ရည်ကျပြီး ကြွေ့ကိုလက်ထပ်ပါ
ရစေလို့ တောင်းပန်လည်းတောင်းပန်၊ အရမ်းလည်းခံစား
နေရတာ မြင်ရတော့လည်း ကြွေ မောင့်ကိုသနားလာတယ်၊
ဒါကြောင့် လက်ထပ်ဖို့အတွက် ဆုံးဖြတ်ပေးမိရတာပါပဲ။
အချစ်ဆိုတာ သိပ်ချစ်လာရင် ခွဲခွာရတော့မယ်ဆိုတာ
သိသိကြီးနဲ့ မခွဲနိုင်တဲ့စိတ်ကြောင့် ဘဝကိုပေါင်းစပ်ဖို့ဆုံး
ဖြတ်လိုက်ကြရတာလည်း ရှိပါလားလို့ ကြွေသိလာရချိန်
မှာ အရမ်းခံစားရတာပါပဲ၊ ကြွေတို့ မနက်ဖြန်ပြန်တော့
မှာ၊ အချိန်သိပ်မကျန်တော့တဲ့ ကြွေ့အတွက် မိဘတွေဆီ

www.burmeseclassic.com

www.burmeseclassic.com



မှာလည်း တူတူပြန်နေဖို့ အချိန်လေးတွေကို ခွဲဝေချန်ထ
ပေးရဦးမှာလေ၊ ခုလိုအချိန်မျိုးမှာ ကြွေနဲ့မောင့်ကို ဓာတ်
လေးတူတူတွဲရိုက်လိုက်နိုင်ဖို့အတွက် ငွေလွှန်းပုံ ကူညီပေ
တာမို့ အရမ်းကို ခင်လည်းခင်မိသွားတယ်၊ ကျေးဇူးလည်
တင်မိရပါတယ်၊ လက်ထပ်ပြီး တစ်နေရာမှာ ကြွေခ
အပန်းဖြေနားချင်တယ်၊ မောင်နဲ့ အမှတ်တရ လည်ပ
ချင်တယ်လို့ပြောလို့ မောင်ကိုယ်တိုင် ကားလေးနဲ့ ဒီဟိုတ
ကို ခေါ်လာတာ၊ ဒါပေမဲ့ သိပ်ကြာကြာတော့ နေလို့မ
ဘူးလေ၊ ပြန်ရဦးမှာ”

ကြွေ ပြောနေသမျှ ငွေလွှန်းပုံ မျက်လွှာလေး
နားထောင်နေမိရင်း ရင်ထဲမှာ ဆို့နေရပါ၏။

“ကြွေက ... ကြွေ့ကို အမှတ်တရ အရမ်းဖြစ်စေတဲ့ အ
တစ်ခုခုကို ကူညီပေးတဲ့သူဆိုရင် အရမ်းခင်တတ်တဲ့
ကျင့်လေးကိုက ရှိနေတာလေ၊ နှလုံးရောဂါနဲ့ ငယ်က
က ခွဲမရအောင် တူတူနေခဲ့ရတဲ့ ကြွေဟာ စိတ်ရင်း
လေးတစ်ခုကို အမြဲမွေးထားနိုင်ဖို့ အသက်ရှင်သ
ရှိနေစေရမယ်လို့ ဆုံးဖြတ်ထားတာ၊ တကယ်တော့ ငွေ
ရယ် ချမ်းသာတာ ဆင်းရဲတာ မဆိုင်ပါဘူး၊ ဘဝမှာ
ရှည်နေခွင့်ရှိတာ မရှိတော့တာဟာ ကံကြမ္မာပါ
ဆိုင်တာပါ၊ ကြွေဆိုရင် ဆေးကုသနေတာပဲ၊ ခု
လာတဲ့ ဝေဒနာက သွေးဖြူဥများတဲ့ဝေဒနာ၊ နဂိုက
ပဲရှိတော့တာလေ၊ အခု ထပ်တိုးလာတဲ့ ဝေဒနာ
မောင်လည်း ကြွေ့ခန္ဓာထဲက မဖယ်ထုတ်နိုင်



ကြွေလည်း မောင်းမထုတ်နိုင်တော့ဘူး၊ ကြွေ့ကိုပြုစုပါရစေ
ဆိုပြီးတော့ မောင် လက်ထပ်ခွင့်ပန်တာကို ကြွေငြင်းခဲ့ပေ
မယ့် နောက်တော့ မောင့်အချစ်တွေကိုသိနေရတဲ့ ကြွေ၊
အဲဒါကိုလည်း ခေါင်းမညိတ်နဲ့လို့ သတိပေးနေတဲ့စိတ်ကို
ကြွေ မလိုက်နာနိုင်တော့ပဲ ဖြစ်သွားရတာပါပဲ၊ ဘာလို့လဲ
ဆိုတော့ မောင်က ကြွေ့ကို သိပ်ချစ်နေတယ်ဆိုတာ
သိနေရတာကိုး၊ မောင့်ကို ကြေကွဲခြင်းတွေနဲ့အတူ ကျန်ရစ်
စေဆိုတဲ့ ခံစားချက်တွေ ကြွေ မချန်ထားပေးရက်ခဲ့နိုင်တော့
ဘူးလေ၊ ကြွေ့ကို မောင် ပြုစုချင်တာ၊ ပြုစုခွင့် ကြွေပေးခဲ့
မှ မောင် ဖြေသာမှာ၊ ကြွေ့ကိုတမ်းတရင်း လွမ်းဆွတ်ရင်း
မောင်ကျန်ခဲ့ရချိန်လေးမှာ ... မောင်ဟာ ကြွေ့ကို ပြုစုခွင့်လေး
တော့ ရလိုက်တဲ့သူတစ်ယောက်အဖြစ် ... ကြွေ ... အခွင့်
အရေးလေးပေးခဲ့ ... သင့် ... တာ ... ပေါ့”

ဟု ပြောလာတော့ ငွေလွှန်းပုံ ဘယ်လိုမှ မတားဆီး
က်နိုင်မိမှာပဲ မျက်ရည်ကျလာသည်။ ဩော် ... ကြွေသည်
ကြွေနှင့် ကြွေ၏ချစ်သောမောင်ကို တူတူတွဲ၍ ဓာတ်ပုံလေးရိုက်
သည့်အတွက် ...။ အမှတ်တရအဖြစ် တန်ဖိုးထားကာ ငွေလွှန်းပုံ
တခင်တမင်ဖြင့် ပြောဆိုလာခဲ့သည်။ ထိုဓာတ်ပုံလေးတစ်ပုံ
အစက သာမန်အဖြစ်ပဲ ငွေလွှန်းပုံ နားလည်ထားမိခဲ့ရပေ
...။ ထိုပုံလေးသည် မကြာမတင်မှာ ကွယ်လွန်ရချေတော့
ကြွေ့အတွက် ခင်ပွန်းသည်နှင့် ယှဉ်တွဲ၍ ရိုက်ထားပါသည့်
တ်ပုံ။ အကြိမ်များစွာ အဖန်ဖန် ကြည့်ရှုခဲ့ရချေမည့်ဓာတ်ပုံ
တစ်ပုံအဖြစ် ရှိနေချေသည်တကား။ ကြွေ့အတွက် ထိုဓာတ်ပုံ

www.burmeseclassic.com

www.burmeseclassic.com



လေးသည် အရှမ်းကို တန်ဖိုးကြီးသော ပုံတစ်ပုံ ဖြစ်နေချေသည် ကောလေ။

"ကြိုးတံတားလေးမှာ ကြွေနဲ့ မောင့်ကို ဓာတ်ပုံတွေအများ ကြီး ရိုက်ပေးနိုင်မလား ငွေလွှန်းပုံ"

ဟု မေးလာတော့ ငွေလွှန်းပုံ မဆိုင်းမတွ ခေါင်း လေးညိတ်ပြလိုက်မိရပါ၏။

"ကျေးဇူးတင်ပါတယ် ငွေလွှန်းပုံ၊ ဟော ... မိုးတော့စဲသွား ပြီ၊ မိုးလေးတိတ်သွားရင် ကြွေတို့သွားကြတာပေါ့နော်"

ဟု ထပ်ပြောလာတော့လည်း ငွေလွှန်းပုံ ခေါင်း ညိတ်တာတစ်ခုပဲ လုပ်နိုင်သည်။ ရင်ထဲမှာ ဆို့နေတာပဲ ရှိနေ သည့်အဖြစ်။

အာကာ ပြန်ရောက်လာတော့ သက္ကလပ်စောင်ပ လေးတစ်ထည် ပါလာသည်။ လွယ်အိတ်ကိုလွယ်သည်။ ရေ ပုလင်းကိုလည်း ထည့်သည်။ ဆေးပုလင်းတွေလည်း ထည့်သ ကြွေ့ကို လက်မောင်းလေး ဖေးကိုင်ကာ ဟိုတယ်၏ဆင်ဝင်အော မှ ရပ်ထားပြီးဖြစ်ပါသည့် ကားဆီသို့ ခေါ်လာပါ၏။ ကားရှေ့ခ ကြွေ့ကို ထိုင်နိုင်းသည်၊ ငွေလွှန်းပုံကိုလည်း နောက်ခန်းတံခ ဖွင့်ပေးပါ၏။ ကားမောင်း၍ အာကာ လှည့်ကြည့်လာကာ

"ကျေးဇူးတင်ပါတယ် မငွေလွှန်းပုံ၊ ကြွေ့ကိုအဖော် ပေးတဲ့အတွက် ဆိုပါတော့၊ ကျွန်တော်က သူနာပြု လေး ခေါ်လာချင်တာ၊ ကြွေက မခေါ်လာရဘူးလို့ တာလေ၊ သူ့ဘဝမှာ သူနာပြုနဲ့ကင်းတဲ့အချိန် ဒီအချိန်လေးမှာတော့ ပိုင်ချင်ပါတယ် ဆိုလို့"



ဟု ပြောကာ ကြွေ့ခေါင်းလေးကို ဖွဖွပုတ်လိုက် သေးသည်။ နောက်တော့လည်း ကားကို ဂရုတစိုက်မောင်းနေ သည်ပါပဲ။ ကြွေကတော့ စောင်လေးကို ကိုယ်ပေါ်လွှမ်းခြုံထား ရင်း တေးသွားလေးတစ်ခုကို ခပ်ညည်းညည်းလေး တိုးဖွဖွညည်း နေရင်း ရှုခင်းတွေကိုကြည့်လျက် ပါလာပါ၏။

"ကြွေက ဆေးသုစိမ်းယောက်ျားလေးတစ်ယောက်ယောက် ဥပမာ ... ဟိုတယ်က ကောင်လေးတစ်ယောက်ယောက်ကို ခေါ်ပြီး ဓာတ်ပုံရိုက်ခိုင်းတာမျိုးလည်း မလုပ်ချင်ဘူးလေ၊ ဝန်ထမ်းထဲက မိန်းကလေးကိုခေါ်လို့ကလည်း မလွယ်ပြန် ဘူး၊ အဲဒါကြောင့် ကြွေက မောင့်ကို ဓာတ်ပုံရိုက်ပေးလိုက်၊ မောင်က ကြွေ့ကို ဓာတ်ပုံရိုက်ပေးလိုက်နဲ့ပဲ ဒီမှာရောက် နေတဲ့ ရက်အတွင်းမှာ ရှိနေခဲ့ကြရတာ၊ ဒီနေ့ကျတော့မှပဲ တကယ့်ကို ကံကောင်းထောက်မပြီး ငွေလွှန်းပုံနဲ့ ကြုံရတာ သိလား၊ ဒါကြောင့်လည်း စုံတွဲပုံလေးရိုက်ဖြစ်ရတာ သိပ် ကျေးဇူးတင်တာပဲ ငွေလွှန်းပုံ"

ဟု ထပ်၍ အမှတ်ထင်ထင် ပြောပြန်သည်က ကြွေပါ။

ကြိုးတံတားလေးရှိရာသို့ ကတ္တရာလမ်းလေးအတိုင်း တောင်လေးတွေကိုပတ်၍ မောင်းလာခဲ့ပြီးသည့်နောက်မှာ ...။

တစ်ဖက်တောင်ဆီသို့ ဤဘက်တောင်ဆီမှ ကူးရ သည့်ကြိုးတံတားဆီသို့ ရောက်လာရသည်။ တံတားမှာ ဆိုင် ထိုင်ငယ်လေးတွေ ရှိနေကြပါ၏။

www.burmeseclassic.com

www.burmeseclassic.com



စောင်လေးနှင့်ထွေး၍ ကြွေ့ကိုယ်လေးကို အာကာ ပွေ့ငင်၍ တံတားထိပ်ဆီသို့ ခေါ်သွားသည်။ အောက်မှာ ခွေနွဲ့စီးဆင်းနေသည့် ချောင်းရေကိုလည်း ခဏကြည့်ခွင့်ပေးသည်။

"အေးလာပြီ ကြွေရယ်၊ ပြန်ကြစို့နော်၊ ဟိုဘက်တံတားထိပ်ထိ မသွားပါနဲ့တော့လားကွယ်"

ဟု ပြောတော့ ကြွေ အာကာ့ကိုမော့ကြည့်ကာ ...

"တံတားတစ်ဝက်လောက်ထိတော့ ကြွေ့ကို ခုလိုပဲပွေ့ပြီး ခေါ်သွားပါလား မောင်ရယ်၊ တံတားပေါ်က လျှောက်နေရင်း ချောင်းရေစီးသံကိုကြားရတဲ့ ခံစားချက်လေး မောင်နဲ့အတူ ကြွေခံစားချင်သေးတယ် မောင်"

ဟု ပြောလာတော့ ငွေလွှန်းပုံ ရင်ထဲ ပို၍ထိခိုက်လာရသည်။ အာကာမှ ကြွေ့ကိုပွေ့ချီထားကာ တံတားလယ်အထိ ခေါ်သွားပါ၏။ ခဏရပ်သည်။ ငွေလွှန်းပုံ တကယ်တမ်းကျတော့ ကြီးတံတားပေါ်မှာ သိပ်တော့ မလျှောက်ရဲ။ သိပ်မကျယ်လှသော ကြိုးတံတားမှာ ပျဉ်ပြားငယ်လေးတွေစီ၍ ခင်းထားပါသည့် လှုပ်ခတ် တံတားတစ်ခုကို ဖြတ်နင်းရသည့် အတွေ့အကြုံ ဘယ်တုန်းကမှ ရှိခဲ့ဖူးတာ မဟုတ်။ သည်ဘက်တံတားထိပ်ထိပဲလာ၍ ကြည့်ပြန်တာမျိုးလောက်ပဲ လုပ်ဖို့ဆုံးဖြတ်ထားမိခဲ့ပေမယ့် ... ခုကျတော့ ကင်မရာလေးဖြင့် လိုက်လာကာ ...။ ဓာတ်ပုံလေးတွေ ရိုက်ပေးနေမိရသည်က ကြွေ့ကိုသနား၍ပါ။

ဩော် ... ကြွေ့ကိုချစ်ပါလေသော အာကာဆိုသည့် အရမ်းချစ်တတ်သူ တစ်ယောက်ကိုလည်း သနား၍ပါတည့် ...



အာကာ ပြန်လှည့်၍ တံတားထိပ်သို့ ပြန်လာတော့လည်း ငွေလွှန်းပုံ နောက်ပါးမှသာ လိုက်လာမိရသည်ပါပဲ ...။

ကားရှေ့ခန်းမှာ ကြွေ့ကိုပြန်ထိုင်စေကာ ...။ အာကာ ငွေလွှန်းပုံအတွက် ကားတံခါးကို ဖွင့်ပေးဖို့ လျှောက်လာခိုက် ...

"ကြွေ့ကို ဒီကင်မရာလေး အရင်အပ်ပေးလိုက်ပါဦး၊ ကြွေ ကြည့်ပါစေ"

ဟု ကင်မရာလေး ကမ်းပေးလိုက်ကာ ကားနောက်ခန်းမှာ ငွေလွှန်းပုံ ဝင်ထိုင်လိုက်ရပါပြီ။ ကင်မရာလေးကို ကြွေ့ တံအပ်လိုက်သည်က အာကာပါ၊ အာကာ၏နဖူးပြင်ထက်မှာ ဆံစတို့ ပြိုကျနေကြသည်။ မျက်ဝန်းများမှာ ကြွေကွဲရိပ်တွေ တစ်ချက်တစ်ချက် ထိန်းမရနိုင်စွာ ဖြတ်သန်းသွားကြတာကိုလည်း ကြွေ မြင်မြင်နေရသည်။ ကင်မရာလေးဆီမှ ပုံရိပ်လေးတွေကို ကြွေ ကြည့်နေသည်။ ခေတ်မီကင်မရာလေးတစ်လက်၏ တန်ဖိုးရှိပုံက ...။ ချက်ချင်းပြန်၍ပြန်၍ ပုံလေးတွေကို ကြည့်နိုင်သည် မဟုတ်ပါလားလေ။ ကြွေ ပြုံး၍လှည့်ကြည့်လာပါ၏။

"မောင်နဲ့ ကြွေ့ပုံတွေ စုံတွဲလေး မြင်ရတာမှ အများကြီးပဲ၊ ကျေးဇူးပါပဲ ငွေလွှန်းပုံ၊ နေ့လယ်စာကို ကြွေ ကျွေးပါရစေ၊ မနက်ဖြန်လည်း ကြွေနဲ့ မောင်တို့က ပြန်ရတော့မှာလေ"

ဟု ပြောလာတော့ ငွေလွှန်းပုံ မငြင်းရက်ပါ။ ခေါင်းလေးသာ ညိတ်ပြလိုက်ရပါ၏။ ဟိုတယ်ရှေ့သို့ ပြန်ရောက်တော့ ကြွေ အတော်လေး ပင်ပန်းနေပြီ။ မျက်တောင်လေးတွေ စင်းကျလာနေတာက အိပ်ချင်၍မဟုတ်ဘဲ ပင်ပန်း၍ မောလာ၍ ဆိုတာ သိသာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခွင့်လွှတ်နော် ငွေလွှန်းပုံ၊ ကြွေ နေ့လယ်စာနဲ့ ညည့်မခံနိုင်တော့ဘူး ထင်ပါရဲ့၊ ကြွေ အိပ်ချင်လိုက်တာ"

ဟု ကားရှေ့ခန်းမှာ ရှိနေရင်း အနိုင်နိုင်ပြောနေပါသည့် ကြွေ့အတွက် ငွေလွှန်းပုံ စိတ်ပူနေမိရပါ၏။

"ဆေးတိုက်မလို့လား မောင်"

လွယ်အိတ်ထဲမှ ဆေးပုလင်းလေးထုတ်၍ မျက်ခ မျက်နှာပျက်ကာ မျက်ရည်ဝဲနေပါသည့် အာကာ့ကိုလည်း ကြွေ ကြည့်၍ တိုးတိုးမေးသည်၊

ဆေးတိုက်တော့လည်း သောက်ပါ၏။ ကားရှေ့ခန်းမှာပဲ ခေါင်းငြိမ်မှိန်းနေပါသည့် ကြွေ။ သက်ပြင်းလေး ဖွဖွချကာ...

"ကြွေကတော့လေ ကျန်းမာနေကြပါရက်ကယ်နဲ့ ချစ်နေကြပါရက်ကယ်နဲ့ တစ်ယောက်ကိုတစ်ယောက် နားလည်မှု လေးတစ်ခုခု လွဲကြပြီး ကွဲကွာကြရတဲ့ ချစ်သူတွေရဲ့ဘ ကို သိပ်နမြောတာပဲ၊ ကြွေက နားလည်နေကြပါရက်ကယ် နဲ့ ဝေးကြရတော့မှာ"

ဟု တိုးသက်စွာပြောလာစဉ်ခိုက် အာကာ မျက်ရည် ကျလာနေသည်။ ကြွေလည်း မျက်ရည်ကျလာရပါပြီ။

"မောင်"

ကြွေ ခပ်တိုးတိုးခေါ်သည်။ အာကာ့ကိုလည်း မေ ကြည့်သည်။

"ကြွေ့ကို ဟိုတယ်ထဲ ခေါ်မသွားနဲ့တော့ မောင်၊ ဆေး တင်လိုက်ပါ မောင်ရယ်၊ ကြွေတို့ တူတူနေဖို့ ကြိုးစ



ကြည့်ကြသေးတာပေါ့၊ အချိန်လေးများ လုယူနိုင်ကြသေးတယ်ဆိုရင်ပေါ့ မောင်ရယ်"

ဟု ပြောလာတော့ ကြွေ ထိတ်လန့်လာသည်။ ကြွေမျက်နှာလေး ပို၍ဖြူဖျော့လာနေသည်သို့ မြင်မြင်လာနေမိရသည်လေ။

"ငွေလွှန်းပုံ နေခဲ့ပါကွယ်၊ ကြွေနဲ့မောင် နှစ်ယောက်တည်းပဲ ဒီခရီးလေးတစ်ခုကို ဆက်သွားလိုက်ချင်သေးတယ်"

ဟု ပြောလာတော့ ...။ ငွေလွှန်းပုံ ကိုယ့်ဟန်းဖုန်းနံပါတ်လေးကို ပိုက်ဆံအိတ်လေးထဲမှ စာရွက်ငယ်လေးတစ်ခုထဲမှာ ရေးပေးလိုက်ရင်း အာကာ့ကို ကမ်းပေးကာ ...

"ကြွေ့အခြေအနေလေး ငွေလွှန်းဆီကို ဖုန်းဆက်လာပေးပါ၊ ငွေလွှန်း တူတူလိုက်ခဲ့ချင်ပေမယ့် ကြွေက နှစ်ယောက်တည်းပဲ တူတူသွားချင်တယ်ဆိုတာမို့ ငွေလွှန်းနေခဲ့ရတာပါ၊ သွားပါ ... မြန်မြန်သွားလိုက်ပါ"

ဟု အမြန်ဆုံးလည်းပြော။ ကမန်းကတန်းလည်း ကားနောက်ခန်းမှ ဆင်းပေးလိုက်ရသည်ပါပဲ။ အမြန်ဆုံးဆေးရုံသို့ ရောက်စေချင်သည်လေ။ ကြွေကတော့ ကားရှေ့ခန်းမှာစက်နှိုးနေပြီဖြစ်ပါသည့် အာကာ၏လက်မောင်းကို လက်လေးဖြင့်ဖေးကိုင်ထားကာ မျက်ဝန်းလေးတွေကို မှိတ်ထားရင်းရှိနေပါ၏။ နှစ်ယောက်တည်း သွားချင်သည့်ခရီး။ ချစ်သူ ခင်ပွန်းသည်၏လက်ကို ဖေးကိုင်ထားရင်း သွားချင်သည့်ခရီး ဟူ၍ ငွေလွှန်းပုံ နားလည်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

ကားလေးထွက်သွားချိန်မှာ ငွေလွန်းပုံ ချောက်ချား စွာပဲ ပေါ်တီကိုကြီးအောက်မှာ တွေ၍ရပ်ကျန်ခဲ့သည်ပါပဲ။

ကိုယ့်အခန်းသို့ ပြန်ရောက်သည့်တိုင်၊ ရင်ထဲမှ ချောက်ချားမှုနှင့် ကြေကွဲမှုတွေက အရှိန်မတန့်နိုင်သေး။

"ကြွေကတော့လေ ကျန်းမာနေကြပါရက်ကယ်နဲ့ ချစ်နေကြပါရက်ကယ်နဲ့ တစ်ယောက်ကိုတစ်ယောက် နားလည်မှုလေးတစ်ခုခု လွဲကြပြီး ကွဲကွာကြရတဲ့ ချစ်သူတွေရဲ့ဘဝကို သိပ်နမြောတာပဲ"

ကြေကြေကွဲကွဲလေး မကြာမတင်လေးကမှ ပြောခဲ့ပါသည့် ကြွေ့စကား။ သြော် ... ကြွေ၏နလုံးအိမ်ဆီမှ မျက်ရည်များနှင့်အတူ ကြွေလွင့်ခဲ့ပါသည့်စကား။

ငွေလွန်းပုံ၏ရင်ကို အထိနာစေပါသည့်စကား။

မာနတရား။ ခံပြင်းမှုများ။ ဒေါသများ။ ထိုအရာများသည် အချစ်ကို နားလည်မှုလွဲစေတတ်သည်ကောလေ။ အချစ်ကို ဖုန်းလွှမ်းသွားစေတတ်သည်ကော။

ငွေလွန်းပုံ အနိုင်နိုင် ခုတင်ရှိရာသို့ လျှောက်ခဲ့ကာ အားအင်ကုန်ခန်းနေသည့်နှယ် လှဲချွေချလိုက်သည်ပါပဲ။

မျက်ရည်က ကျလာနေပြီ။

"ခွင့်လွှတ်နော် ငွေလွန်းပုံ၊ ကြွေ နေ့လယ်စာနဲ့ညစာမခံနိုင်တော့ဘူး ထင်ပါရဲ့၊ ကြွေ အိပ်ချင်လိုက်တာ"

ကြွေ့စကားသံ ဖျော့ဖျော့လေးသည် ငွေလွန်းပုံ၏ အာရုံထဲမှာ တိုးဝင်နေသည်။



ငွေလွန်းပုံက ထိုင်လိုက်မိပြန်သည်။ လက်ဆွဲအိတ်လေးထဲမှ မှတ်စုစာအုပ်ငယ်လေးကို ထုတ်ယူလိုက်မိကာ ဖွင့်လိုက်မိရပါ၏။

စာအုပ်ကြားလေးထဲမှာ ညှပ်လျက်သားလေး၊ ခေါက်လျက်သားလေး ပါလာရပါသည့် ရွှေရောင်စက္ကူငှက်လေး။

အသာအယာ ယူလိုက်ကာ တောင်ပံလေးတွေကို လက်လေးဖြင့် ဖြန့်လိုက်မိသည်။ ခုတင်ဘေးရှိ ဗီရိုပုလေးပေါ် ဖေးတင်ထားမိလိုက်ရသည်။

မျက်တော်မခတ်မျှပင် ရွှေရောင်စက္ကူငှက်ရုပ်လေးကို မမှိတ်မသုန် ငွေလွန်းပုံ ငေးစိုက်ကြည့်နေမိရပါ၏။

"နှင် ... နှင် ... သူ့ကို မချစ်ဘူးဆိုရင် ဘာလို့ ဒီငှက်ရုပ်လေးကို ဒီအထိ ယူလာခဲ့ရတာလဲ၊ မလိမ်မညာဖြေစမ်းပါ၊ ဖြေရဲစမ်းပါ၊ စိတ်ထဲမှာရှိနေတာကို အရိုးစင်းဆုံးဝန်ခံရဲစမ်းပါ"

ဟု တွေးနေမိရင်းမှ မျက်ရည်ဝဲလာရပါပြီ။

"သူ ... သူ ... ငါ့ကို ချစ်လွန်းလို့ ကလေးလိုပဲ ခေါင်းမာမာနဲ့ လာခဲ့တယ်၊ ဖြေပြေဖို့ တောင်းပန်ခဲ့တယ်၊ ကြည့်စမ်း ... ငှက်လေးတွေလုပ်ပြီး ငါ့အိမ်မှာ သစ်ပင်လေးမှာ လာချိတ်ပေးတယ်၊ ဦးကြီးသောင်းနဲ့ ဒေါ်ကြီးမွှေးတို့ကို မရှက်အားနိုင်ဘဲ သူ့ခမျာ ငါ့ဆီက စိတ်ပြေရာကိုရနိုင်မလားလို့ ကြိုးစားခဲ့တာ၊ ငါက ... ငါက သူ့ကိုနှင်ထုတ်ခဲ့တာပဲ၊ သူ့အဒေါ်ကို စိတ်နာသမျှ သူ့အပေါ်ပုံချခဲ့ရတာပဲ၊ ငါ မတရားတာ ... မတရားတာ"

www.burmeseclassic.com

www.burmeseclassic.com



ငွေလွှန်းပုံ တိုးဖွဖွပြောနေမိရပါပြီ။ သူ့မျက်နှာ ...။ သူ့မျက်ဝန်း ...။ သူ့ပုံရိပ်များသည် ခုကျတော့လည်း မေ့ဖျောက်၍ မရနိုင်အောင် ရှိနေရပါသည့်အဖြစ်။ ငွေလွှန်းပုံ မျက်ရည်ကျလာနေရင်းမှ အဝတ်အစားတွေသိမ်းဖို့ ပြင်မိပြန်သည်။

အမြန်ဆုံးအိမ်ပြန်မည်။ သူ့ထံမှာ အလုပ်ပြန်ဆင်းမည်။ သူပြောသည့် ချစ်ခြင်းများ စီးမျောရာစကားများကို မဝနိုင်အောင် နားထောင်လိုက်တော့မည်။ မျက်ရည်ကျနေရင်းမှ မှတ်စုစာအုပ်လေးမှာ ချရေးနေမိရသည်က နှလုံးသားဆီမှ စီးမျောရာ စာသားလေးများပါတည့် ...။

ရွှေရောင်နှုတ်သီးလေးနဲ့
စက္ကူငှက်ကလေးရေ ...
မင်းရဲ့ ...
ရွှေရောင်တောင်ပံငယ်လေးတစ်စုံကို
ရိုက်ခတ်အားပြုလို့
ပျံသန်းလာတဲ့အခါ ...
မင်းနားခိုဖို့ရာ
ရွှေရောင်သစ်ခက်အိမ်ငယ်လေးတစ်ခု ...
ငါ့နှလုံးသားမှာ
ဖန်ဆင်းပေးထားပါ့မယ် ...။
ရွှေရောင်စက္ကူငှက်လေးရေ ...
မင်းကို ဖန်ဆင်းပေးထားတဲ့
အရှင်သခင်ရဲ့
ချစ်ခြင်းတွေ စီးမျောရာ



လက်ဖျားဆီကနေပြီး
ငါ့နှလုံးသားရှိရာကို ...
တောင်ပံငယ်လေးတစ်စုံ
တစ်ခါခတ်လိုက်တိုင်း
ရွှေမှုန်လေးတွေ ဖြန့်ကြဲချလို့
ပျံသန်းလာခဲ့ပါလေတော့ ...။

မှတ်စုစာအုပ်လေးမှာ ဖေးတင်နေကြပါလေသည့် စာသားများ။

တကယ်တော့ ငွေလွှန်းပုံ၏ နှလုံးသားမှာ ဖေးတင်နေသည့် စာသားများပါတကား။ ထိုစဉ်ခိုက် ဖုန်းမြည်လာသည်။ ကမန်းကတန်းလေး ငွေလွှန်းပုံ ထူးလိုက်မိရပါ၏။

"မငွေလွှန်းပုံ ... ကျွန်တော် ... အာ ... ကာ ... ပါ ..."

အက်သံပါနေသည့်အသံ။ ရှိုက်သံပါနေသည့်အသံ။

ငွေလွှန်းပုံ ကြက်သေ,သေပြီး ငိုင်ကျသွားရပါပြီ။ မဟုတ်ပါစေနှင့်။ မဟုတ်ပါစေနှင့်ဟု ငွေလွှန်းပုံ ဆုတောင်းနေမိသည်က ချောက်ချောက်ချားချား။

ဒါပေမဲ့ ဆုတောင်းမပြည့်နိုင်တော့ပြီဆိုတာ အာကာ၏ ရှိုက်သံမှုင်မှုင်ပါနေသည့် အသံက အသိပေးနေသည်။

"သူ ... သူ ... မရှိတော့ပါ ... ဘူး ... မရှိတော့ ... ပါဘူး ... သူ ... မှာ ... ခဲ့ ... သလို ... အခုပဲ ... သူ့ကို ပွေ့ပင်ခေါ်ယူသွားရပါတော့မယ် ... အိမ်ကို ... ခေါ် ... သွား ... ပါ ... တော့ ... မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောနေသံက နှလုံးသားကို ထိသည်မှ အတိုင်း
အဆမဲ့မျှ ဖြစ်နေသည်။

ကြွေ မျက်နှာလေး ဝေ့ခနဲ ပေါ်လာသည်။ ကြွေ
သည်က ဤနေ့မှာဖြစ်လျက် ...။ ထိုကြုံကြိုက်ရမှုတစ်ခုသည်
အရမ်းကို ကြေကွဲမှတ်ထင် ဖြစ်ကျန်နေစေမည့် အဖြစ်ကြီးတစ်ခု
ဖြစ်နေချေသည်တကား။

"ကြွေရချင်တဲ့ပုံလေးတွေကို ကြွေ မြင်သွားရတဲ့အတွက်
ကျေး ... ဇူး ... တင် ... ပါတယ်ဗျာ"

အသံတွေ အက်ကွဲတိမ်ကျရင်းမှ ဖုန်းပိတ်သွားတာ
မို့ ငွေလွန်းပုံ ငိုင်ကျရင်း ငြိမ်သက်ကျန်ခဲ့ရပါ၏။ စကားလေး
တစ်ခွန်းသော်မျှ ငွေလွန်းပုံ တုံ့ပြန်ဖြေသိမ့် ပြောလိုက်ရတာမရှိ
ပြော၍လည်း မရနိုင်။ ပြောစရာစကားလုံးလည်း ရှိမနေနိုင်
မျက်ရည်သာ ကြွေသက်ကျလာနေဆဲ။

✧ ❦ ✧



အလွန်လုပ နူးညံ့သည့်အချစ်ကို
မောက်မာခြင်းဖြင့် တုံ့ပြန်လျှင် ...
ကြေကွဲစွာ ...
တစ်ဖက်မှ တုံ့ပြန်လာမည်က
နာကြည်းခြင်းနှင့် အမုန်းတရားတို့
ဖြစ်လာနိုင်သည်ပဲဟု –
အသိတရားကို ရလိုက်ဖို့အတွက်
ရင်းနှီးလိုက်ရသည့် တန်ဖိုးသည်
မစဲသောမျက်ရည်
ဖြစ်ပါချေသည်တကား ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၆)

အဝတ်တွေ သေတ္တာထဲ ထည့်နေရာမှ ငွေလွန်းပုံ
လက်လေးတွေ အားအင်ကုန်ခန်းသွားသည့်နှယ် ခုတင်ထက်မှ
ပြေခနဲ ဖေးတင်ကျသွားရပါပြီ။ ခုတင်ထက်မှာ တင်ထားပါသည့်
သေတ္တာ။ တင်ထားပါသည့် အဝတ်များ။ အားလုံးကို မမိုတ်မသုန်
ကြီးငိုင်တွေ၍ ကြည့်နေမိရသည်။ နောင်တက အရှိန်နှင့် ရင်
လာဆောင့်၏။

သူ့စကားသံတွေက နားစည်တွင်းဆီသို့ ပြန်
ပြန်၍ တိုးဝင်လာနေကြသည်သို့ ရှိလာသည်။ အရမ်းကို ခံစားရင်း
ပြောခဲ့ပါလေသော သူ၏စကားများ။

သူ၏ဆည်းလည်းလေးများ၊ ငှက်ရုပ်လေးများ
ပြန်၍ဖြုတ်ယူကာ ပြန်ချေတော့ဟု မညှာမထောက်ကြီး ငွေလွန်း
ပြောမိခဲ့သည်ကောလေ။

ထိုစဉ်က သူပြောခဲ့ပါသည့်စကား။ သူ့ထံမှာ
တွေ့ခဲ့ရပါသည့် ကြွေကွဲရိပ်များ။



"မင်းပြောတဲ့ ကိုယ်ကျင့်သိက္ခာနဲ့ မာနဆိုတာ မင်းတစ်ယောက်တည်းမှာမှ ရှိတာမှမဟုတ်ဘဲ၊ ကိုယ့်မှာလည်းရှိတာပဲ၊ ကိုယ်ဟာ မိန်းကလေးတစ်ယောက်ကို မချစ်မြတ်နိုးပဲနဲ့ ဒီလောက်ထိ မခံစားနေရဘူးဆိုတာလေးလောက်တော့ မင်း သိပေးသင့်တာပေါ့ ငွေသွန်းပုံ၊ ကိုယ့်မှာ တန်ဖိုးဆိုတာ မရှိတော့ဘူးလား၊ ကိုယ့်မှာရော သိက္ခာဆိုတာ မရှိတော့ဘူးလား၊ မာနဆိုတာကိုတော့ ကိုယ့်အချစ်နဲ့ယှဉ်ပြီး ထည့်မပြောရက်လို့ မပြောတော့ပါဘူး"

သူ ဆက်တိုက်ပြောခဲ့ဖူးပါလေသောစကား။

ခုကျတော့ ငွေလွန်းပုံ မျက်ရည်ကျရင်း နောင်တ ပြန်ကြားယောင်နေမိရပြီ။

"သူ ... သူ ... ငါ့ကို စိတ်နာသွားပါပြီ၊ ဟုတ်တယ် ... စိတ်နာသွားပါပြီ၊ မုန်းသွားပါပြီ၊ သူ ... သူ ... ငါ့ကိုချစ်တဲ့စိတ်တွေကိုလည်း စိတ်ပျက်လက်ပျက်ဖြစ်ရင်း ပြန်ရုပ်သိမ်းလိုက်ပါပြီ၊ ငါ ... ငါ ... ခုမှ ... သူ့ဆီပြန်သွားလို့ရော ဖြစ်ပါတော့မလား၊ သူ့ကို အခါပေါင်းများစွာ ငါ အိမ်ကနေပြီး နှင်ထုတ်ခဲ့တယ်၊ ခုကျတော့မှ ဘယ်လိုမျက်နှာနဲ့ သူ့ဆီကို အလုပ်ပြန်ဆင်းလို့ ဖြစ်တော့မှာလဲ၊ သူ့မျက်နှာကို ငါ ကြည့်တောင်မကြည့်ရဲလောက်အောင် ဖြစ်ကုန်ရပြီ၊ ရိုင်းခဲ့ပြီးပြီ"

စောစောက နောင်တဖြင့် ကမန်းကတန်း အဝတ်အစားတွေ သိမ်းနေမိခဲ့ရလေသမျှ ...။ ခုကျတော့ အပြစ်မကင်းသည့်နှယ် ခံစားနေရရင်း မျက်ရည်သာကျလာနေမိရပါသည့်အဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ထံမှ အမုန်းများကိုသာ ရခဲ့ပြီးရပြီဆိုတာ နားလည်လာနေရင်း ပြန်၍ယူလာချင်သည်က သူ့ထံမှ ချစ်ခြင်းများပဲ ဖြစ်နေသည်။

"မင်းရဲ့သိက္ခာနဲ့မာနကို ထိတယ်ဆိုတဲ့စကား အဲဒါ ကိုယ် လုပ်တာမှ မဟုတ်ဘဲ၊ ခင်စက်မေ ... ပြီးတော့ ဒေါ်လေး သူဇာ သူတို့လုပ်တာပဲ၊ ကိုယ့်အချစ်နဲ့ ဘာဆိုင်လို့လဲ"

သူပြောခဲ့လေသောစကား။ ခုကျတော့ ဘေးမှာလာ ရပ်၍ ပြတ်သားစွာ ပြောချနေသည့်နှယ် ခံစားလာနေရသည်။ ချောက်ချားလာနေရသည်။ သူ မုန်းမည်ဆိုက မုန်းလောက်ပြီ နာမည်ဆိုက နာလောက်ပြီ။ သူ့ကိုနှင်ထုတ်နေခဲ့ပါသည့် ငွေလွှန်း ဆိုတာက နှင်တာတစ်ခုတည်းဖြင့် သူ့ကိုစော်ကားခဲ့တာမဟုတ် သေး။ သူ့အချစ်ကိုပါ စော်ကားခဲ့သည့် ငွေလွှန်းပုံ ဖြစ်ခဲ့ချေသည် ကောဟု ခုကျတော့မှ ငိုယိုနေရင်း နောင်တဖြစ်နေရပြီ။ ငှက်ရု လေးကို ငွေလွှန်းပုံ တုန်ခါနေသည့် လက်လေးတွေဖြင့် ဖွဖွ ဖေးကိုင်ထားမိရင်းမှ ...

"သူ စက္ကူငှက်ရုပ်လေးတွေကို တစ်ညလုံးမအိပ်ဘဲ လ ခဲ့တယ်ဆိုတာ ငါသိအောင် သူပြောပြပါရက်ကယ်နဲ့ စက္ကူရုပ်လေးတွေကိုရော၊ ဆည်းလည်းလေးကိုရော ဖြုတ်ယူသွားဖို့ ငါ ရက်ရက်စက်စက် မထောက်မ ပြောထွက်ခဲ့တာ၊ ခုကျတော့ ငါ့ကိုယ်ငါ ပြန်မုန်းလာ အထိ ခံစားနေရပါလား၊ ဒါပေမဲ့ ငှက်ရုပ်လေးရေ နောင်တတွေ အချိန်လင့်သွားပြီ၊ သူ ငါ့ကိုမုန်းတာမှ လေးတောင် ဆက်မလာတော့တာပဲ ကြည့်တော့ ဟုတ်တယ် ... ဖုန်းလေးတောင် ဆက်မလာတော့တာ



ငွေလွှန်းပုံ စိတ်အားလျော့လာသည်။ အဝတ်တွေ ပြန်၍ ဗီရိုထဲစီထပ်ဟည့်လိုက်မိသည်ကလည်း မျှော်လင့်ချက်ကုန် ဆုံးသွားသည့် သူတစ်ယောက်နှယ် ပြန်၍ဖြစ်လာရ၍ပါ။

အမုန်းတစ်ခုကို အချစ်အဖြစ် အလွယ်တကူ ဘယ် လိုမှပြောင်း၍ မရနိုင်တာ ငွေလွှန်းပုံ သိလာနေသည်။ အချစ်ဆို တာက အရမ်းကို နာကြည်းစရာကြုံလျှင် အမုန်းဘက်ကိုရောက် သွားဖို့ အကူးအပြောင်း မြန်ချေမည်သာ။ ကြည့် ...။ ငွေလွှန်းပုံ ကို အရမ်းချစ်လှပါသည်ဟု ပြောခဲ့ပါသည့်သူ ...။ စိတ်နာစရာ တွေ ဆက်တိုက်မျှကြုံအောင် ငွေလွှန်းပုံ လုပ်ခဲ့သည့်နောက်မှာ ...။ သူ မုန်းသွားချေပြီ။ ထိုအမုန်းကိုပြန်၍ အချစ်ဆီသို့ ကူးပြောင်းဖို့ ဆိုတာက နာကြည်းခြင်းဆိုသည့်အရာက စည်းခြားထားပစ်လိုက် ပြီးနေပြီ။

တံတိုင်းကြီးခြားထားတာထက် အမုန်းစည်းတစ်ခု ခြားလိုက်တာကပိုဆိုးသည်။ မြင်နေရသည် ဆိုစေဦး ...။ အမုန်းက ဆိုမြင်နေရပါသည့် ငွေလွှန်းပုံ ဆိုသည့် မိန်းမသားတစ်ယောက် ဆီသို့ အချစ်ဆိုတာကို ပြန်၍အပ်နှင်းချင်စိတ် ကုန်ခန်းသွားချေ လိမ့်မည်သာ။

"ဟုတ်ပါတယ် ... သူ မုန်းကို မုန်းသွားတာပါ၊ အရင် တုန်းကဆို ဖုန်းလေးဆက်လာနေသေးတယ်၊ သူ ... သူ ... စက္ကူငှက်ရုပ်လေးတွေ ပြန်သိမ်းသွားပြီးချိန်မှာ ညဘက် ကြီးမှာ ငါ့ဆီကို ဒီဗိုင်နာတစ်ယောက်ရဲ့အောင်မြင်မှုကို ပြောပြတာပါဆိုပြီး ဖုန်းဆက်လာသေးတယ်၊ သူ့ နောက် ဆုံးအနေနဲ့ ကြိုးစားကြည့်လိုက်တာဖြစ်မှာ၊ အဲဒီတုန်းက

www.burmeseclassic.com

www.burmeseclassic.com



လည်း ငါ့ဆီကို ဖုန်းမဆက်အောင်လည်း ဖုန်းချပစ်လိုက်
တာပဲလေ၊ ပြန်ခေါ်မရအောင် လက်ကိုင်ဖုန်းလည်း စက်
ပိတ်ပစ်ထားခဲ့သလို၊ ကြိုးဖုန်းကိုလည်း ဘေးချထားပစ်ခဲ့
တာဆိုတော့ သူ အဆုံးစွန်အောင် အောက်ကျို့ခဲ့တာ ရှုံ
ဆိုင်းသွားတော့တာပဲပေါ့၊ ဒါကြောင့် သူ လုံးဝဖုန်းဆက်
မလာတော့တာပဲ၊ ဟုတ်ပါတယ်၊ သူ စိတ်ပျက်သွားပါပြီ
သူ့အချစ်တွေကို ငါတန်ဖိုးထားပြီး သူ့ကို ငါမခွဲနိုင်အောင်
ဖြစ်လာကဲ့အချိန်မှာ သူက ငါ့ကို မုန်းသွားချိန်ဖြစ်နေပြီ
ဘာတတ်နိုင်တော့မှာလဲ၊ ဘာတတ်နိုင်တော့မှာလဲ”

ငွေလွှန်းပုံ ခုမှဆောက်တည်ရာ ပျောက်လာသည်
“ကြည့်စမ်း ... ကိုအာကာနဲ့ ကြေွတို့ဆိုတာ ဘယ်လော
ချစ်ကြ လ သေဆုံးရတော့မယ်ဆိုတာ သိနေရချိန်မှာ
တောင် ဒီအချစ်ကို အပြောင်းအလဲမခံ၊ လက်ထပ်ခဲ့ကြ
တယ်၊ ခု ... ကြေွဟာ မခွဲနိုင်ဘဲနဲ့ ခွဲသွားရပြီ၊ ကိုအာကာ
ကလည်း မခွဲနိုင်ဘဲနဲ့ ကျန်ခဲ့ရပြီ၊ ဒါပေမဲ့ သူတို့အချစ်က
ခိုင်တည်နေတယ်၊ ငါကသာ ငါ့မာနတွေ ငါ့ခံပြင်းမှုတွေ
အဲဒါတွေကို အရေးတကြီးနေရာမှာ ထားနေမိတာ၊ သူ့
အချစ်ကိုလည်း စော်ကားတယ်၊ ငါ့အချစ်ကိုလည်း မျက်
ကွယ်ပြုခဲ့တယ်၊ ခုတော့ နင် သူ့ကိုချစ်တဲ့စိတ်နဲ့ မျက်ရည်
ကျနေရပြီ မဟုတ်လား”

ငွေလွှန်းပုံ တစ်ယောက်တည်း အခန်းထဲမှာ ယော
ယက်ခတ်နေသည့်စိတ်တွေဖြင့် နောင်တနှင့် လူးလိမ့်နေသေ
သူတစ်ယောက် ဖြစ်နေသည်။



ထိုစဉ်ခိုက် ဖုန်းမြည်လာသည်မို့ မျှော်လင့်ချက်တွေဖြင့် ကြည့်လိုက်တော့ ဖေဖေ့ထံမှဖုန်း ဖြစ်နေပါ၏။

“ဟုတ်ကဲ့ပါ ဖေဖေ”

“နေကောင်းရဲ့လား သမီး၊ အသံမှာ ငိုသံပါနေသလားလို့”

ဖေဖေ ချက်ချင်းသိနေပုံဖြင့် မေးလာတော့ ငွေလွှန်းပုံ ပို၍ရင်ထဲမှာ ဝမ်းနည်းရှိန် တက်လာရပါ၏။ ဒါပေမဲ့ ... သမီး တစ်ယောက်၏အချစ်နှင့် ပတ်သက်ရာ နောင်တကို ဖေဖေ့ကို ဘယ့်နှယ်လုပ်၍ ပြောဝံ့ပါမည်တဲ့လဲလေ။

“ဒီနေ့မှာပဲ ငွေလွှန်းနဲ့ စသိခဲ့တဲ့ ကြေွဆိုတာ ဆုံးသွားတယ် ဖေဖေ၊ သူ့ကို ဒီနေ့မှစသိရတာပါ၊ ဒီနေ့မှာပဲ သူ ဆုံးတယ် ဖေဖေရယ်၊ သူတို့ဇနီးမောင်နှံရဲ့အချစ်ကို ငွေလွှန်း တွေ့တော့ သနားလိုက်တာ ဖေဖေရယ်”

ငွေလွှန်းပုံ ထိုမျှအထိတော့ ဖွင့်ဟပြောဖြစ်သည်။ ငွေလွှန်း ... သူ့အချစ်ကိုလည်း နားလည်နေမိပြီ ဖေဖေရဲ့ဟု ပြောပြရန် သတ္တိမရှိပါ။ သမီးတစ်ယောက်အနေဖြင့် ပြော၍လည်း မသင့်ပါ။ ဘုန်းတက်လူ ဆိုသည့် သူတစ်ယောက်နှင့် ပတ်သက်၍ ငွေလွှန်းပုံ ကြေကွဲမျက်ရည်ဝေနေရသည့်အဖြစ်ကို ဖေဖေသိ၍လည်း မဖြစ်ပါ။ သမီးပျိုတစ်ယောက်၏ ထိန်းအပ်သောအရာထဲမှာ ကြေကွဲဖွယ် အချစ်ရေးတစ်ခုကို မျိုသိပ်ထားခြင်းဖြင့် အဆုံးသတ်လိုက်ရတာမျိုးက ပို၍သင့်တော်သည်ပဲလေ။

“သြော် ... သမီးမှာ စိတ်ပင်ပန်းရတဲ့အထဲ အဲသလိုကိစ္စမျိုး ကြုံရပြန်တယ်ဆိုတော့ ပိုဆိုးတော့တာပေါ့၊ သမီးမမေ

www.burmeseclassic.com

www.burmeseclassic.com



ဆုံးထားတာမှ မကြာသေးတဲ့အထဲကွယ်၊ အဲဒီက မိန်းက
လေး ကြွေဆိုတာက ဆုံးပြန်တာကိုး၊ ဘယ်လိုဖြစ်ပြီးဆုံး
တာတဲ့လဲ သမီးရယ်"

"နှလုံးရောဂါလည်းရှိတယ် ဖေဖေ၊ သွေးဖြူဥများတဲ့ရောဂါ
လည်း ထပ်ဖြစ်တယ်တဲ့၊ သူ ငယ်ငယ်လေးပဲ ရှိသေးတယ်
ဖေဖေ"

ပြောနေရင်း ငွေလွန်းပုံ မျက်ရည်ကျလာသည်။

"ဖေဖေလာခဲ့မယ် သမီး၊ သုံးလေးရက်နေရင် ဖေဖေလာ
မယ်၊ စိတ်ကို ... လျှော့ ... သမီး ... ပြန်လာချင်နေလို့
လား"

ဟု ဖေဖေမေးလာတော့ ငွေလွန်းပုံ အားငယ်လာ
သည်။ အားလျှော့စိတ်လေးဖြင့် ...

"ပြန်မလာချင်တော့ပါဘူး ဖေဖေရယ်၊ ဘာထူးမှာမို့လို့လဲ"

ဟု လွှတ်ခနဲ ဖြေမိပြီးမှ ...

"ဒီမှာပဲ လောလောဆယ်နေနေပါဦးမယ် ဖေဖေ၊ ဖေဖေ
လည်း လာမှာဆို"

ဟု စကားကို ပြန်ဆက်မိရသည်ပါပဲ။

ဘာကြောင့်ဆို လောလောဆယ် နှင်းဆီမြိုင်မှာ
ပြန်နေရတာထက် ဤနေရာမှာ နေဖြစ်သေးသည်က တော်သေး
သည်။ နှင်းဆီမြိုင်မှာဆိုလျှင် သူ လုံးဝမလာပဲရှိနေတာကို
ဆိုင်ကြုံကြုံနေရလေ။ ရင်ထဲမှာ ပိုခံစားရလေ ဖြစ်ချေမည်သာ
ထိုခံစားချက်ကို ငွေလွန်းပုံ ရင်ဆိုင်ရမှာ ထိတ်လန့်နေရသည်လေ



"ဖေဖေ မြန်မြန်လာခဲ့နော်"

ဖေဖေရှိနေလျှင် အားရှိ၊ အားကိုးရမှာမို့ ငွေလွန်းပုံ
ကလေးလိုပဲ ပြောမိရပါ၏၊ ဖေဖေရှိနေလျှင် ဖေဖေ့လက်မောင်း
ကြီးကို ဖက်တွယ်ထားရင်း နေပစ်လိုက်မည်။ ဖေဖေပြောသမျှ
စကားတွေကို နားထောင်နေလိုက်မည်။ ထိုအခါမျိုးမှာတော့ သူ့
ကိုလွမ်းဆွတ်နေသည့်စိတ်တွေကို ဖေဖေ့စကားတွေ နှစ်ဝင်နား
ထောင်နေရင်းဖြင့် မေ့ဖျောက်ထားပစ်လိုက်နိုင်မည်လားမသိ။ သူ
နှင့်ပတ်သက်ရာ နောင်တတွေကို ခဏမျှဖျောက်ထားလိုက်နိုင်
မည်လားမသိ။ ဟင့်အင်း ...။ ဖြစ်နိုင်မှာတော့ မဟုတ်သည်ပဲဟု
ကိုယ့်နှလုံးသားကို ပြန်၍နားလည်လာနေမိရသည်ပါပဲ။

"ဖေဖေလာခဲ့မယ် သမီး၊ ကဲ ... နားတော့ ... နားလိုက်
တော့"

ဟု ဖေဖေပြောကာ ဖုန်းချသွားတော့ ခုတင်ထက်မှာ
ဒူးလေးသိမ်း၍ ထိုင်နေရင်း အကြည့်က တယ်လီဖုန်းလေးဆီမှာ
ပဲ ရောက်ရောက်နေသည်။

"ငါ ... ငါ ... ခရီးထွက်သွားတယ်ဆိုတာ သူသိရဲ့လား
မသိဘူး၊ ငါ့ကို ငါ့အိမ်မှာပဲ ရှိနေတယ်လို့ သူထင်နေမှာ
ပါ၊ သူကလည်း ငါ့အိမ်ကို လာတော့မှာမှ မဟုတ်တာ၊
သူ့ခမျာ နောက်ဆုံးအဆင့်အနေနဲ့ ညဘက်ကြီး ငါ့ဆီကို
ဖုန်းဆက်သေးတာ၊ ငါက သူ့ကို ပြတ်ပြတ်ကြီး စကား
ဖြတ်ပစ်ခဲ့တာကိုး၊ သူ ပိုရှက်သွားမှာပေါ့၊ ငါ့လုပ်ပုံက
သိပ်ရိုင်းခဲ့တာ၊ သိပ်ရက်စက်ခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com


ဖုန်းလေးကတော့ လုံးဝမြည်လာတာမျိုး မရှိတော့သည်ပဲ။

အိမ်ကို ဖုန်းလှမ်းဆက်လိုက်ချင်သည်။ ဒေါ်ကြီးမွေး ထံဆက်လျှင် သူ့သတင်းတော့ ကြားရသိရဦးမည်။ ဒါပေမဲ့ မရဲပြန်။

"သူ လုံးဝအိမ်ကိုမလာဘူးဆိုတဲ့ အဖြေကိုပဲ ငါရလိုက်ရင် ဘယ့်နှယ်လုပ်မလဲ၊ ငါ ပိုခံစားရမှာ၊ မဖြစ်ပါဘူး ... မဆက်ရဲပါဘူး"

ခုမှ သူ့အချစ်တွေကို စော်ကားခဲ့လေသမျှ ဝဋ်ဆိုက်တာမျိုး ကြုံနေရပြီ။ တစ်ယောက်တည်း အရူးတစ်ပိုင်း ဖြစ်နေရချေသည်ကောလေ။

"သူ ... သူ ... ငါ့အိမ်ကို ရောက်ခဲ့တယ်ပဲထား၊ ဒေါ်ကြီးမွေးနဲ့တိုးရင် ငါ ခရီးထွက်သွားတယ် ဆိုတာတော့ သိမှာပါ၊ သိရင်လည်း သူ ဖုန်းဆက်ချင်တယ်ဆိုရင် ငါ့ဟန်းဖုန်းကို သူ ဆက်လို့ရတာပဲ၊ အို ... ငါ နှင်းဆီမြိုင်မှာပဲ ရှိနေတယ်လို့ သူ ထင်နေတယ် ဆိုရင်လည်း ငါ့ဟန်းဖုန်းကို သူ ဆက်လို့ရတာပဲ၊ ဖုန်းက ငါ့ဆီမှာရှိနေတာပဲလေ၊ ငါ့ကို သူ ဆက်ကိုမဆက်ချင်တော့လို့ လုံးဝအဆက်အသွယ်ဖြတ်ထားလိုက်တော့တာ၊ သူ ... သူ ... ငါ့ကိုစိတ်နာသွားပါပြီ စိတ်နာသွားပါပြီ"

ငွေလွန်းပံ့ ကလေးလိုပဲ မျက်ရည်ကျနေသည်က ရှိုက်သံတွေ ပွင့်ကျလာရင်းဖြင့်ပါ။

အလွန်လှပ နူးညံ့သည့်အချစ်ကို မောက်မာခြင်းဖြင့် တုံ့ပြန်လျှင် ...။ ကြေကွဲစွာ တစ်ဖက်မှတုံ့ပြန်လာမည်က နာကြည်းခြင်းနှင့် အမုန်းတရားတို့ ဖြစ်လာနိုင်သည်ပဲဟု ငွေလွန်းပံ့နားလည်လာရချိန်သည် အရမ်းကို နောက်ကျသွားခဲ့ချေပြီကော ... ဟု ခုကျတော့မှ နှလုံးသားကိုရင်း၍ သိလာရပါ၏။

ထိုအသိတရားကို ရဖို့အတွက် ရင်းနှီးလိုက်ရသည့် တန်ဖိုးသည် မစဲသောမျက်ရည် ဖြစ်ပါချေသည်တကား ...။

✧ ❦ ✧

www.burmeseclassic.com

www.burmeseclassic.com







ခွဲလမ်းစိတ်တွေနဲ့
လွမ်းဆွတ်တဲ့ရက်များ
မုန်တိုင်းမားသွားနဲ့ ခွဲစိတ်ချေ
အစိမ်းခြွေ ကြွေစေရက်သလား ...
အချစ်သမား မောင့်ရဲ့ရင်
အထီးကျန်လွင်ပြင် ဖြစ်စေသမျှ
မြတင်းတိမ်ချသွားလျက်
ထားခဲ့ရက်သလား ခင် ...။
ဪ ...
မြတင်းတိမ်ချသွားလျက်
ထားခဲ့ရက်မလား ခင် ...။

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၇)

သူ့ဟန်းဖုန်းမြည်လာတိုင်း ခေါ်လာပါသည့်နံပါတ်ကိုကြည့်မိလိုက်ရပြီးသည့်နောက်မှာ စိတ်ထဲကြေကွဲနေရတာပဲဖြစ်တည်ကျန်ရစ်ခဲ့ရပါသည်ပါပဲ။

တကယ်တော့ ငွေလွှန်းပုံထံမှ ဆက်လာမည့်ဖုန်းခေါ်သံလေးကို သူ မျှော်လင့်နေချင်သည်။ ဟုတ်သည်။ မျှော်လင့်နေချင်သည်။ ရန်တွေ့သံလေးပဲဖြစ်ဖြစ်။ ကြားခွင့်ရလိုက်ချင်သည်။ သူ မြတ်နိုးရပါသည့် မိန်းကလေး၏အသံလေးကို မှတ်သိပ်စွာပဲ သူ တလွမ်းလွမ်းဖြင့် ဆွတ်ပျံ့စွာ နားထောင်ခွင့်လေးတော့ ရလိုက်ချင်သည်။

ဒါပေမဲ့ ... ဪ ... ဒါပေမဲ့ ငွေလွှန်းပုံ၏ဖုန်းနံပါတ်လေးသည် သူ့ဟန်းဖုန်းမြည်လိုက်ချိန်တိုင်းမှာ ပေါ်မလာနိုင်ခဲ့တာ ကြေကွဲဖို့ လာလာဖြစ်နေသည်တည့်။

ခုလည်း စက်ရုံမန်နေဂျာ ဦးရှည်မြင့်ထံမှ ဆက်လာသည့်ဖုန်းပါ။

မနက်ကတည်းက သူ့စက်ရုံသို့ မသွားဖြစ်နိုင်သေး။

www.burmeseclassic.com

www.burmeseclassic.com



မနေ့ကအထိတော့ သူ ပေတော၍ ဖွတ်မိုတ်သွား ကြည့်မိလိုက်သေးသည်။ စိတ်၏ဖြေပြေရာအဖြစ် အလုပ်တွေထဲ အာရုံနှစ်ထားလိုက်တော့မည်ဟု ကြိုးစားကြည့်မိခြင်းပါ။

ဒါပေမဲ့ ... သူ့ရင်တွေ ဆောက်တည်ရာ်ပျောက်နေသည်ပါပဲ။

သူ၏မြတ်နိုးရာ မိန်းကလေး၏ ပုံရိပ်လေးတွေ ပျောက်ဆုံးနေသည့် ဤစက်ရုံထဲမှာ၊ ဤအလုပ်မှာ နေနေရတာကိုက သူ့အတွက် ပိုခံစားနေရစေဖို့ အကြောင်းတစ်ချက် လာလာဖြစ်နေသည်ပဲ။

ငွေလွှန်းပုံ အလုပ်လုံးဝလာမဆင်းတော့ပြီကောဟု သိသိလာနေရလေ ...။ သူ့ရင်တွေ ဖြောင်းဆန်နေရလေပါ။

ငွေလွှန်းပုံ၏အိမ်လေးဆီမှ ငှက်ရုပ်လေးတွေနှင့် ဆည်းလည်းလေးကို ဖြုတ်သိမ်းလာရသည်ကိုက သူ့နှလုံးသားကို ဖြုတ်သိမ်းခဲ့ရတာနှင့် တူနေသည်။ ထိုညကတည်းက အိပ်မရနိုင်သည့် ဘုန်းတက်လူအဖြစ် ရွှေရောင် ငွေရောင် စက္ကူငှက်လေးတွေကိုချိုး၍ လုပသည့်ဖန်ပုလင်းကြည်ကြီးထဲမှာ ထည့်ထည့်လာမိခဲ့ရတာလည်း နောက်ထပ် ပုလင်းသုံးပုလင်းတိုင်ခဲ့ပြီ။

ဤနေ့မှာတော့ သူ အလုပ်ကိုမဆင်းဖြစ်တော့ပါ။ အမြဲတမ်း တက်ကြွစွာ အလုပ်ထဲမှာ နစ်ဝင်နေသည့် ဘုန်းထက်ရှသည် လောလောဆယ်မှာ ကြေကွဲနာကျင်မှုတွေနှင့် လုံးထွေးရပတ်ရင်း ပျောက်ဆုံးသွားသည်ပဲဟု နားလည်နေမိရပါ၏။ ခံစားချက်တွေကို ပြင်၍မရနိုင်ဘဲ ကြေကွဲခြင်းတွေဖြင့် နစ်မြုပ်နေသည် နှလုံးသားဆီမှ နာကျင်မှုဝေဒနာကို မဆန့်ရင်ကန် ခံစားနေရသည်ကော။



စက္ကူငှက်ရုပ်လေးတွေ ပြည့်သိပ်စွာ ရှိနေပါသည့် ဖန်ပုလင်းကို သူ မျက်တောင်မခတ် ငေးစိုက်ကြည့်နေမိရသည်။

ဩော် ... သူ့နှလုံးသားဆီမှ ပဲ့ကြွေကျကြပါသည့် နှလုံးသားအပိုင်းအစများဟု မှတ်ယူလိုက်ရချေတော့မည်လား။

စောစောက မြည်ခဲ့ရာမှ ပြန်၍တိတ်ကျသွားပါသည့် ဟန်းဖုန်းမြည်သံ ထပ်ပေါ်လာပြန်သည်မို့ ဖုန်းလေးကိုယူလိုက်မိရပြန်သည်။ အန်ကယ်ဦးရည်မြင့်ပဲ ဖြစ်နေသည်။ လူကြီးသူမတစ်ယောက်ထံမှ ဆက်လာသည့်ဖုန်းပေမို့ သူ ထူးလိုက်ရပါပြီ။

"ဟုတ်ကဲ့ပါ အန်ကယ်"

"လူလေးရောက်မလာသေးလို့ ဖုန်းဆက်လိုက်တာပါ၊ ဒီမှာက ငွေလွှန်းပုံ ဒီဇိုင်းထည်တွေ အရမ်းအမှာများနေတယ်၊ နောက်ထပ် ဒီဇိုင်းသစ်လေးတွေဆိုရင်လည်း ငွေလွှန်းပုံရဲ့ ဒီဇိုင်းဆိုရင် ပိုအဆင်ပြေမယ်ထင်တယ်လို့၊ နယ်ကလည်း အမှာမှာတဲ့သူတွေရဲ့ဖုန်းထဲမှာ ပါပါလာနေကြတယ်၊ မြင့်မိုရ်ကုန်တိုက်အပါအဝင် ရန်ကုန်က တခြားကုန်တိုက်တွေကလည်း အမှာတွေ အရမ်းများနေတယ်၊ မန္တလေးကလည်း အဲဒီအတိုင်းပဲ များနေကြတယ်၊ အဲဒါ လူလေးကို အန်ကယ် ထပ်ပြောပြရတာပါ"

ဟု ပြောလာတော့ သူ သက်ပြင်းရှိုက်ကာ ...

"အန်ကယ် အဲဒီအမှာတွေကို သေချာမှတ်ထားပေးပါဗျာ၊ ကျွန်တော်လည်း ဒီမှာ အလုပ်တစ်ခုပေါ်နေတာနဲ့ ဒီနေ့တော့ စက်ရုံဘက်ကို ရောက်နိုင်မယ်မထင်ဘူး၊ အထည်ချုပ်ဌာနက အန်တီကြွေကိုလည်း သေချာပြောပြထားပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောတော့ အန်ကယ်ဦးရည်မြင့်မှ ဟုတ်ကဲ့ပါဟု သောအသံနှင့် ဖုန်းချသွားတာမို့ သူလည်း ဖုန်းပိတ်လိုက်ရသည် ပါပဲ။

တွေ၍ စက္ကူငှက်ရုပ်လေးတွေကို ကြည့်နေရာ ရင်ထဲမှ တင်းမခံသာတော့ပြီ။

နှင်းဆီရိပ်သို့ သူဖုန်းဆက်ချင်နေသည်။

နှင်းဆီရိပ်သို့ သူ မရောက်ဘဲ နေခဲ့ရသည်ကလည်း သုံးရက်မြောက်ပြီ။ ရင်ထဲမှာ ဟာနေသည့်အဟာက ဟင်းလင်း ပြင်ကြီး တစ်ခုနှယ်ပင် ဆိုးဝါးနေပြီ။ အားလုံးကို ငွေလွှန်းပုံ သိမ်းကျုံးသိမ်းဆည်းသွားသည့်နှယ် ရှိနေရပြီ။

ပြီးတော့ ... ဤနေ့မှာ သူဆောက်တည်ရာမရအောင် ပဲ ငွေလွှန်းပုံကို ပို၍တမ်းတနေမိရပါသည့်အဖြစ်။ တစ်ခုခုများ ငွေလွှန်းပုံ ဖြစ်နေသည်လားဟု ရင်ထဲမှာ လေးလံနေရသည်။ သူ့အာရုံထဲမှာ ငွေလွှန်းပုံ၏ ရှိုက်ငင်သံလေးတွေကို ကြားနေ သည်သို့ ခံစားလာနေရသည်။ ထိုခံစားချက်က ပို၍ဆိုးဆိုးဝါးဝါး ကြီး သူ့ကို ချောက်ချားပူပန်လာနေစေသည့်အဖြစ်။

"ငါ့စိတ်ထဲမှာ ထင်နေတယ်၊ ဟုတ်တယ် ... ထင်နေတယ် သူ ... သူ ... ငါ့ကို တမ်းတနေတယ်လို့ ထင်နေတယ် တကယ်တမ်းကျရင်ဖြင့် သူဟာ ငါ့ကို ဘယ်တော့ တမ်းနေမှာ မဟုတ်ဘူးလို့ ငါသိသိနေရပေမယ့် ဘာ သူ့ဆီက တမ်းတခေါ်ငင်နေသံ မျှင်မျှင်လေးတစ်ခုကို ငါ ကြားယောင်နေမိရသတဲ့လဲ၊ ငါကိုယ်တိုင်လည်း နားမလည် နိုင်ပဲ ဖြစ်နေရပေမယ့် သူ ငါ့ကို အရမ်းသတိနေတယ်



ငါ ထင်ထင်နေမိတာတွေက တကယ့်ကိုပဲ ဖြစ်ဖြစ်နေတယ် လို့ ယုံကြည်ခံစားနေမိရပြန်ရော"

သူ အခန်းထဲမှာ လူးလာခေါက်တင် သွားနေမိရ ပြန်သည်။ ခေါင်းခါမိရပြန်သည်။ ငွေလွှန်းပုံ၏မျက်ရည်များ ရစ်ဝဲနေရင်း စူးရှစွာ သူ့ကိုကြည့်ခဲ့ပါသည့် မျက်ဝန်းနက်နက် လေးများ။

သူ့ကိုပြတ်ထင်စွာ နှင်ထုတ်ခဲ့ပါသည့် အသံလေး များ။

သူ့ထံသို့ လုံးဝအလုပ်မဆင်းဘဲ နေခဲ့ပါသည့် ပြတ်သားဆုံးဖြတ်ထားခဲ့မှုများ။

ထိုအဖြစ်တွေသည် တကယ်ကို ဖြစ်တည်နေခဲ့ပြီး နေပြီ။

သို့ဆိုလျှင် ဘာကြောင့် သူ့ရင်တွင်းဆီသို့ ထိုထူး ဆန်းသော ခံစားမှုအသိတရားတစ်ခုက တိုးတိုးဝင်လာနေရပါ သတဲ့လဲ။

"ဟုတ်တယ် ... သူ ငါ့ကို တမ်းတနေတယ်၊ အရမ်းကို တမ်းရနေတယ်၊ အဲဒါကို ငါ့နှလုံးသားက သိနေတယ်၊ သူငိုနေတယ်လို့လည်း ငါသိနေတယ်၊ ငါ့နှလုံးသားက သိနေတယ်"

သူ ယုံကြည်လိုက်မိရပြန်ပါပြီ။ သူ့နှလုံးသားဆီမှ သူ့ကိုပြောနေသည့်စကားကို သူ ယုံကြည်လိုက်မိရပြန်သည်။ ခင်ရလွှန်းသူပေမို့ ချစ်ရသူ့ထံမှ တမ်းတခြင်းဆိုသည့် အရာတစ်ခု ကို မျှော်လင့်မှတ်သိပ်စွာ ဖြစ်တည်လာရပါသည့် ဆန္ဒ၏စေဆော်မှု

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ပဲ ဖြစ်စေဦးတော့ ...။ ထိုယုံကြည်မှုကို သူ ဥပေက္ခာမပြ
နိုင်ဘဲ ဖြစ်နေသည်။

သူ မနေသာ။ နှင်းဆီမြိုင်သို့ ဖုန်းဆက်လိုက်မိရပ
ပြီတည်း။

ငွေလွှန်းပုံကို အနှောင့်အယှက် မပေးရက်ပြီပဲ
ချစ်စိတ်ဖြင့် ကြိတ်မှိတ်ကာ ကြေကွဲမှုတွေကို ရင်စည်း၍ခံရ
ဖုန်းမဆက်ဘဲ ပေတောနေခဲ့ရလေသမျှ ...။ ဤတစ်ကြိမ်မှာတော
သူ ... သူ ... ဖုန်းဆက်လိုက်မိရပြန်ပါပြီ။

"ငါ့ကို ... ငါ့ကို ... မင်း ဖုန်းလေးကိုင်ရင်း ဖုန်းလေး
ရင်း စကားလေးတစ်ခွန်းလောက်ဖြစ်ဖြစ် ပြောလိုက်ပါတေ
ငွေလွှန်းပုံရယ်"

ဟု လွမ်းဆွတ်စွာပဲ ပြောနေမိရပါ၏။

တကယ်တမ်း ဖုန်းထူးလာသူက ဒေါ်ကြီးမွေ
ဖြစ်နေသည်။

"ဒေါ်ကြီးမွေး ... ကျွန်တော် ဘုန်းတက်လူပါ၊ ငွေလွှန်း
စကားပြောပါရစေ"

သူ ရင်ထဲမှာ ထိတ်နေသည်။ လေးနေသ
ငွေလွှန်းပုံ ငြင်းလိုက်သည့် အဖြေတစ်ခုကို ရင်ဆိုင်လိုက်ရမှာ
စိုးရိမ်ချောက်ချားနေသည်။ ငွေလွှန်းပုံကို သူ ဘယ်သောအခါ
မှ မေ့ဖျောက်၍မရနိုင်သည့် သူတစ်ယောက်တည်း ဖြစ်နေရလ
ချစ်မိရပါသည့် အချစ်တွေကိုလည်း ဘယ်သောအခါတွင်မှ
သိမ်းနိုင်စွမ်းမရှိသည့် သူတစ်ယောက် ဖြစ်နေမည်ဆိုတာ သူ့
တွေကသာ ကြေကွဲစွာ သိနေကြရသည်။ ထိုအဖြစ်တွေကို



လွှန်းပုံ သိမည်ဆိုလျှင် ဘာကိုပင် ပေးဆပ်ရ ပေးဆပ်ရ သူပေး
ဆပ်ရန် အသင့်ရှိနေသည့် ဘုန်းတက်လူ ဖြစ်နေပြီးပြီ။

"ငွေလွှန်းလေး မရှိဘူး လူလေး၊ ဟိုတစ်နေ့က လူလေး
ပြန်သွားတဲ့နေ့နဲ့ တစ်ရက်ပဲခြားတယ်၊ ငွေလွှန်းလေး ခရီး
ထွက်သွားတယ် လူလေး"

ဟု ဒေါ်ကြီးမွေး ဖြေခိုက် သူ့ရင်ထဲမှာ ပို၍ဟာခနဲ
ဖြစ်သွားရပါ၏။ သြော် ... ငွေလွှန်းလေးသည် နှင်းဆီမြိုင်မှာပင်
ရှိချေသည်ပဲ။ သူ လာမည်ကို မဆုံကြုံချင်၍များ တမင်ခရီးထွက်
သွားခြင်းများပေလား။ ငိုင်၍ငြိမ်ကျနေရာမှ ဖျတ်ခနဲ သူမေးလိုက်
မိရပါ၏။

"ဘယ်ကိုသွားတာလဲ ဒေါ်ကြီးမွေး၊ ဘယ်သူပါသွားလဲ"

ဟု မေးမိရသည်။

"လှိုင်ခမ်းမွန်းဆိုတဲ့မြို့ကို သွားမယ်လို့တော့ သိရတာပဲ
လူလေးရယ်၊ ကိုသောင်း လိုက်ပို့တယ်၊ ဒီနေ့ညနေ
ကိုသောင်း ပြန်ရောက်မှာ၊ ဟိုတယ်တစ်ခုမှာတော့ ငွေလွှန်းပုံ
လေး တည်းကျန်ခဲ့လိမ့်မယ်တဲ့"

"ဟင် ... ဟိုမှာ တစ်ယောက်တည်းကျန်ခဲ့မယ်၊ ဟာ ...
မဟုတ်တာပဲ ဒေါ်ကြီးရာ၊ ဘာလို့ အဲသလို တစ်ယောက်
တည်း နေရမှာတဲ့လဲ၊ ဘယ်ဟိုတယ်တဲ့လဲ"

သူ အလောတကြီး စိတ်လက်ပူပန်လျက် မေးတော့
ဒေါ်ကြီးထံမှ ချက်ချင်းအဖြေထွက်မလာ။

"ဘာဟိုတယ်လဲဆိုတော့ အင်္ဂလိပ်လို ပေးထားတဲ့နာမည်
ကြီးကွယ့်၊ ခက်တော့တာပဲ၊ ဒေါ်ကြီး အဲဒီအင်္ဂလိပ်လိုစွာ

www.burmeseclassic.com

www.burmeseclassic.com



ကို မပြောပြတတ်ဘူး လူလေးရေ၊ အင်း … ကိုသောင်းတော့ သိမှာပါ၊ သူ ဒီညနေလောက် ရောက်မှာပဲ၊ သူ့ကိုမေး ကြည့်ရင်တော့ ဖြစ်မယ်ထင်တယ်”

ဟု ဖြေသံကြားရတော့ သူ ပို၍စိတ်ထဲမှာကျသွားရပါ၏။ ညနေထိ …။ ဘယ့်နှယ်လုပ်၍ သူက ညနေထိ ငုတ်တုတ်ထိုင်စောင့်နေနိုင်ပါ့မည်တဲ့လဲ။

“မဟုတ်သေးပါဘူး၊ သူ ကျွန်တော့်ကိုမတွေ့ချင်ဘူးဆိုရင် လည်း ကျွန်တော် မလာဘဲ နေပေးမှာပါဗျာ၊ ခုလောက် ကြီးထိ တခြားတစ်နေရာကို ထွက်သွားတာမျိုး လုပ်ရက် တယ် ဒေါ်ကြီးရာ၊ သူ့ကို ကျွန်တော်က ချစ်နေတဲ့သူပါ၊ သူ့အိမ် သူ့ရွာကနေပြီး တခြားထိထွက်သွားရလောက် အောင် သူ ဒုက္ခဖြစ် အလုပ်ရှုပ်ရအောင် ကျွန်တော် လုပ် နေသလိုကြီး ဖြစ်မနေဘူးလား၊ ပြန်ခေါ်ဗျာ”

ဟု သူ အသံတွေတုန်နေရင်း ထိထိခိုက်ခိုက်ပြော တော့ …

“မဟုတ်ဘူး၊ ငွေလွှန်းရဲ့ဖေဖေကိုယ်တိုင်က ဆရာကိုယ် တိုင်က အဲသလို သွားခိုင်းတာပါ၊ ဆရာ့သူငယ်ချင်းရဲ့ ဟိုတယ်လို့ ပြောတာပဲ၊ ဒီလိုလုပ်ပါလား၊ ငွေလွှန်းရဲ့ဖုန်း နံပါတ် သိတာပဲဥစ္စာ၊ ဖုန်းဆက်မေးကြည့်ပါလား၊ ဒါမှ မဟုတ်ရင်လည်း အဲဒီဟိုတယ်နာမည် သိချင်တဲ့ကိစ္စ ကိုသောင်း ပြန်လာတဲ့အထိ မစောင့်နိုင်ဘူး ဆိုရင်လည်း ငွေလွှန်းရဲ့ဖေဖေကို မေးကြည့်ရင် ရတာပဲလေ၊ ဆရာ့ မေးကြည့်ပါလား”



ဟု ပြောလာတော့ သူ ပို၍ ခေါင်းခဲလာသည်။ မတော်တဆ အန်ကယ်ဦးမင်းသန့် ကိုယ်တိုင်က ငွေလွှန်းနှင့် သူ့ကို လောလောဆယ်မှာ ဝေးနေစေချင်၍ တမင်တကာကြီး လျှိုင်ခမ်းမွန်းသို့ ပို့လိုက်သည်ဆိုလျှင် …။ သူ ဖုန်းဆက်မေး၍ ဘယ်ကောင်းပါ့မည်တဲ့လဲ။ အန်ကယ် စိတ်အနှောင့်အယှက် ဖြစ် ရချေမည်ပေါ့။

“ဟော … ခုမှ တစ်ခုတော့ မှတ်မိလိုက်ပါရဲ့၊ အင်္ဂလိပ် နာမည်တော့ မဟုတ်ဘူး၊ ဒီလိုလေ … ငွေလွှန်းက ဒေါ်ကြီး ကို ပြောပြတယ်၊ အဲဒီဟိုတယ်နာမည်က ဘာတဲ့ … ရွှေမြစ် … ဟုတ်တယ်၊ ရွှေမြစ်လို့ အဓိပ္ပာယ်ပေါက်တယ် တဲ့၊ အဲဒီခရီးထွက်မယ့် မနက်မှာ ကော်ဖီသောက်ရင်း ပြောခဲ့တာလေ”

ဟု ဒေါ်ကြီးမွေး ပြောပြတော့ သူ သိလိုက်ပါပြီ။ ဟိုတယ်၏အမည်သည် ရွှေမြစ်။ ဂိုးလ်ဒင်းရေးဗား။

“အန်ကယ်က ကျွန်တော်နဲ့ ဝေးစေချင်လို့လားဗျာ”

ဟု မရဲသောစိတ်ဖြင့် ကြေကြေမြေမြေကြီး မေး တော့ …

“ငွေလွှန်းလေး စိတ်ပင်ပန်းတာ သက်သာအောင်လို့ပြော တာပဲ၊ ရေပြောင်းမြေပြောင်းမှာ စိတ်ပြေလက်ပြေရှိအောင် ပို့တယ်ဆိုတာပဲ လူလေးရယ်၊ ကိုသောင်း ပြန်လာရင် လူလေးသိချင်တာ ထပ်မေးလေ၊ ဒီညနေလောက်ရောက် မှာ၊ ဒီကမနက်ထွက်ရင် ဟိုကိုညနေရောက်တယ်လေ၊ ဟိုကမနက်ထွက်ရင် ဒီကိုညနေရောက်မှာ၊ ဒီနေ့ ကိုသောင်း ပြန်လာပေါ့ဥစ္စာ”

www.burmeseclassic.com

www.burmeseclassic.com



ဟု ဒေါ်ကြီးမွေး ပြောနိုက် သူ သက်ပြင်းရှိုက်လိုက်ကာ ...

"ကျေးဇူးတင်ပါတယ် ဒေါ်ကြီးရယ်၊ ငွေလွန်းပုံဆီကများ ဖုန်းလာခဲ့ရင် ဒေါ်ကြီးကို ကျွန်တော် ဖုန်းဆက်မေးတာ တွေ ဘာတွေ မပြောပြလိုက်ပါနဲ့ဗျာ၊ အဲဒီကနေပြီးတခြား တစ်နေရာ ပြောင်းထွက်သွားမှာ စိုးလို့ပါ၊ ကျွန်တော် စိတ်ပူရတယ်ဗျ၊ မပူပဲကို မနေနိုင်တာ ခက်တယ်"

ဟု သူပြောတော့ ဒေါ်ကြီးမွေးမှ စိတ်ချပါ ဆိုသည့် စကားကို ပြောလာပါ၏။

ဖုန်းလေးပိတ်လိုက်ကာ သူ ငိုင်နေသည်။ တကယ်က မပူဘဲမနေနိုင်သည့်အပြင် ဝေတာကြီးကို မခံနိုင်တာလည်း ပါသည်။ ရင်ထဲမှာ အနေရအထိုင်ရ အရမ်းဆိုးသည်ပဲဟု သိလာရလေ ...။ ငွေလွန်းပုံလေးကို မခွဲနိုင်တာ ရင်ပွင့်သေဖို့ပဲ ကျန်တော့သည့်နှယ် ခံစားလာရပြန်သည့်အဖြစ်။

ငိုင်၍သူထိုင်နေမိရာမှ တစ်ချက်တွေ၍ ခပ်ဆဆ စဉ်းစားနေမိရပါ၏။

ပြတင်းအနီးမှာ သူ ခဏသွားရပ်သည်။ မိုးရိပ်တို့ ဆင်နေသော ကောင်းကင်ကြီးကို ငေးကြည့်နေရတာ ကိုယ့်ရင်ခွင်ထဲမှ ကြေကွဲမှုမိုးတိမ်တိုက်တွေကို ပြန်မြင်နေရသည့်နှယ် ဖြစ်နေသည်ပါပဲ။ ကောင်းကင်ကြီးဆီမှ မိုးတိမ်တိုက်ကြီးတွေက လေအတိုက်တွင် လွင့်ရွေ့သွားနိုင်ကြသေးသည်။ သူ့ရင်ထဲမှာ ကြေမြည်အုပ်မိုးနေပါသည့် ကြေကွဲမှုမိုးတိမ်တိုက်တို့က မရွေ့မလျားနိုင်ဘဲ အုပ်စီးထားကြသည့်အဖြစ်။



အခန်းထဲ ယောက်ယက်ခတ် လျှောက်နေမိရာမှ စာရေးစားပွဲပေါ် လက်ကိုထောက်၍ ကြမ်းပေါ်မှာ မရွေ့မလျား ကြီး ရပ်နေသည်က အတန်ကြာသည်။

"မင်းဆီကို ဖုန်းဆက်လို့တော့ဖြင့် ချက်ချင်းကို တခြား ထွက်သွားလိုက်မှာ ငါသိနေတယ် ငွေလွန်းပုံ၊ ခက်တာက မင်းကို အဲဒီမှာတစ်ယောက်တည်း ရှိနေတာကို ငါစိတ်မချ တာ၊ မတော်တဆ နေမကောင်းဖြစ်နေရင် ဘယ့်နှယ်လုပ် မလဲ၊ ဒုက္ခပါပဲ ... ငွေလွန်းပုံမှာက စိတ်ပင်ပန်းစရာတွေ မတန်တဆကြီး ခံထားရတာ၊ ကြေကွဲထိခိုက်နေရတာ"

ဘုန်းတက်လူ ဆိုတာ ငွေလွန်းပုံအတွက် အရမ်းကို ပူပန်နေဖို့အတွက်၊ ချစ်မြတ်နိုးနေဖို့အတွက် လူလာဖြစ်နေရသည် သို့ ခံစားနေရတာကိုက သူ၏အချစ်ပဲဖြစ်ချေမည်။

"သူ တမင်များ အန်ကယ့်ကိုပြောပြီး ငါနဲ့ဝေးရာကိုသွား လိုက်တာဖြစ်မှာ"

ဟုလည်း စိတ်ထဲတွေးထင်မိပြန်၏။ ချစ်စိတ်နှင့် သာကတွေရစ်ဖွဲ့ရင်း တွေးနေသည့် အတွေးသည် ...။ တွေး သလောက်ပြေးနေ၍ ...။

ပြေးသမျှ အတွေးတွေသည်လည်း မှန်နေသည်များ ဘားဟု ကြေကွဲနေရင်း ထင်နေမိပြန်သည်။

ဆုံလည်ကုလားထိုင်ကြီးမှာ ထိုင်ချလိုက်သည့်က မ်းပန်းလျှလျှ နိုင်နေသည်။ ကဗျာလေးတစ်ပုဒ်ကို သူ ချရေး လိုက်ရပါပြီတည်း ...။

www.burmeseclassic.com

www.burmeseclassic.com



တွယ်တာစွဲထင်
သံယောဇဉ်မြစ်ဖျား
မောင့်နှလုံးသားမှာ
အမြဲမခွာ ရှိနေမှန်း
ခင် ... သိစမ်းပါလှည့် ...။

ချစ်ခြင်းတွေသီနဲ့
ရှိနေတဲ့ မောင့်ရဲ့ရင်
မင်းသည်ပင်တစ်ယောက်တည်း
သစ္စာစွဲရစ်ဖွဲ့တည်ကာ
အမြဲမခွာရှိနေမှန်း
ခင် ... သိစမ်းပါလှည့် ...။

စွဲလမ်းစိတ်တွေနဲ့
လွမ်းဆွတ်တဲ့ရက်များ
မှန်တိုင်းဓားသွားနဲ့ ခွဲစိတ်ချေ
အစိမ်းခြွေ ကြွေစေရက်သလား ...
အချစ်သမား မောင့်ရဲ့ရင်
အထီးကျန်လွင်ပြင်ဖြစ်စေသမျှ
မြတင်းတိမ်ချသွားလျက်
ထားခဲ့ရက်သလား ခင် ...။
ဪ ...
မြတင်းတိမ်ချသွားလျက်
ထားခဲ့ရက်မလား ခင် ...။



သူ ... မျက်ရည်ကျနေချေသည်တကား။

သူ ... ငွေလွှမ်းပုံနှင့် ဝေးရာအရပ်မှာ နေ၍မဖြစ်ချေသည်ကော ... ဟု ပို၍ ... ပို၍ နားလည်လာနေစေပါသည့် မျက်ရည်စက်များ ...။

ရင်သည် ဆတ်ဆတ်ခါနေ၏။

✧ ❦ ✧

www.burmeseclassic.com

www.burmeseclassic.com



ရွှေရောင်နှုတ်သီးလေးနဲ့
စက္ကူငှက်ကလေးရေ ...
မင်းရဲ့ ...
ရွှေရောင်တောင်ပံငယ်လေးတစ်စုံကို
ရိုက်ခတ်အားပြုလို့
ပျံသန်းလာတဲ့အခါ ...
မင်းနားနိုဖို့ရာ
ရွှေရောင်သစ်ခက်အိမ်ငယ်လေးတစ်ခု ...
ငါ့နှလုံးသားမှာ
ဖန်ဆင်းပေးထားပါ့မယ် ...။

ရွှေရောင်စက္ကူငှက်လေးရေ ...
မင်းကို ဖန်ဆင်းပေးထားတဲ့
အရှင်သခင်ရဲ့
ချစ်ခြင်းတွေ စီးမျောရာ
လက်ဖျားဆီကနေပြီး
ငါ့နှလုံးသားရှိရာကို ...



တောင်ပံငယ်လေးတစ်စုံ
တစ်ခါခတ်လိုက်တိုင်း
ရွှေမှုန်လေးတွေ ဖြန့်ကြဲချလို့
ပျံသန်းလာခဲ့ပါလေတော့ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၈)

ကားပါကင်ထိုးရန် နေရာဆီသို့ ဟိုတယ်ဝန်ထမ်းလေးမှာ ကားကိုမောင်းယူသွားကာ ပြန်လာတော့ ကားသော့ကို သူ့လက်ထဲ တရိုတသေလေး အပ်ပါ၏။

လှိုင်ခမ်းမွန်းမြို့၏ ကုန်းမြေမြင့်ပြန့်ပြန့်ကြီးတစ်ခုထက်မှာ ရှိပါလေသော ဂိုးလ်ဒင်းရေးဗားဟိုတယ်ကြီးကတော့ ညရှစ်နာရီထိုးလုလုမှာ ရောက်လာသည့် ညှော်သည် ဘုန်းတက်လူ၏ရင်ထဲမှာ ငွေလွှန်းပုံဆိုသည့် ကောင်မလေးတစ်ယောက်ကို တွေ့ချင်နေသည့် ဇောတွေပဲ ရှိနေသည်ဆိုတာ သိနေပုံကြီးဖြင့် ကြိုလင့်နေချေသည်လားမသိ။ တည်းခိုသူတို့သွားလာနေသည့်အထဲမှာ ငွေလွှန်းပုံကို သူ အလောတကော ရှာနေမိရပေမယ့် မတွေ့ရ။ ကြည့်ရတာ …။ ငွေလွှန်းပုံ အခန်းထဲမှာပဲ ရှိပါချေလိမ့်မည်။

ဟိုတယ်နားရောက်လာစဉ်ခိုက်မှာ သူ စောစောကပဲ ဦးကြီးသောင်းထံသို့ ဖုန်းဆက်ကာ ငွေလွှန်းပုံ၏တည်းခိုရာအခန်း



နံပါတ်ကို မေးမိခဲ့ပြီးပြီ။ နှင်းဆီမြိုင်သို့ ပြန်ရောက်နေပြီဖြစ်သော ဦးကြီးသောင်း ခမျာမှာလည်း သူ့ရင်ထဲက အချစ်ကြီးချစ်နေချေသမျှကို သိပုံကြီးဖြင့် …

"လူလေးရဲ့အချစ်က တည်မြဲလေလေ ဦးကြီးတို့မှာဖြင့် ငွေလွှန်းလေးနဲ့ သဘောမျှလေလေပါကွယ်၊ ခက်တာက ခင်စက်မေနဲ့ လူလေးရဲ့ဒေါ်လေး ပြောခဲ့တဲ့စကားတွေကို မိန်းကလေး မမေ့နိုင်ဘဲ ဖြစ်နေတာပဲ"

ဟု ခပ်ညည်းညည်းပြောခဲ့ကာ …။ အခန်းနံပါတ်ကိုလည်း ပြောပြခဲ့ရှာသည်ပါပဲ။

သူ ဟိုတယ်တွင်းဝင်ကာ အခန်းတစ်ခန်းငှားသည်။ ငွေလွှန်းပုံတည်းခိုရာ တတိယထပ်မှာပဲ သူ တည်းသည်။ အခန်းထဲဝင်ကာ အဝတ်သေတ္တာကို ခုတင်ပေါ်ပစ်တင်လိုက်မိရကာ ခန်းလျှစ္စာပဲ သူ ထိုင်ချလိုက်မိသည်ကလည်း ခုတင်ကြီးထက်မှာပါ။ မနားတမ်း မောင်းလာရပါသည့်ခရီး။ လူကလည်း ပန်းနေသည်။ ပေါင်ပေါ်လက်တံတောင်ကို ထောက်တင်ကာ လက်ဖဝါးတွေဖြင့် မျက်နှာကို အုပ်မိုးထားမိပြီး ထိုင်နေသည့်အချိန်က အတန်မျှတော့ ကြာသွားပါ၏။ ခါးကိုကိုင်း၍ ခပ်ငုံ့ငုံ့အချိုးအစားဖြင့် သူ ထိုင်နေခြင်း။

ညနေစာပင် မစားဖြစ်ရသေး။ ဝမ်းထဲမှာ ဆာနေတာလည်းမရှိ။

"သူ … သူ … ငါ့ကိုမြင်လိုက်တာနဲ့ နှင်ထုတ်ဦးမှာပဲ၊ နှင်ထုတ်ဦးမှာပဲ၊ ဘာလို့ ငါ သူ့ကို စိတ်ဆင်းရဲအောင်

www.burmeseclassic.com

www.burmeseclassic.com



လာလုပ်နေသလိုကြီး ဖြစ်နေရတာတဲ့လဲ၊ ငါ ချစ်နေတာ
ကို:”

အတွေးသည် ကြေကြေမြည့်မြည့် နှိုင်နေသည်
လှိုက်ခါနေသည့်ရင်သည် ကြေကွဲရှိန်ကြောင့်ပဲ ဖြစ်ရီနေချေသည်
တည့် ...။

“မဟုတ်ဘူး ... ငါ သိနေတာတစ်ခု ရှိနေတယ်၊ သူ ...
သူ ... ငါ့ကို အရမ်းတမ်းတနေတယ်၊ ခေါ်နေတယ်လို့
ငါ ဘာကြောင့် ယုံကြည်နေမိရတာတဲ့လဲ၊ ခံစားနေမိရတာ
တဲ့လဲ၊ ဒါကြောင့် ငါထွက်လာမိရတာ မဟုတ်လား၊ ငါ
နှလုံးသားက သိနေတယ်၊ သူ ငါ့ကို တမ်းတရင်း ခေါ်
တယ်လို့ အလိုလို သိနေတယ်၊ အဲဒီအသိဟာ ငါ့ရဲ့
လွှမ်းတဲ့စိတ်ကြောင့် ထင်မိထင်ရာ ထင်နေတာလည်း ဖြ
နိုင်နေမယ်ဆိုတာ ငါ နားလည်ထားနေမိရပေမယ့် ငါ ...
ငါ ... ဒီကိုမလာပဲကို မနေနိုင်ဘူး”

သူ တစ်ယောက်တည်း ငြိမ်ကျရင်းရှိနေရာမှ
၍ လက်ဖဝါးတစ်ဖက်သည် လှုပ်ရှားသွားကာ မျက်နှာဆီမှ
ပြိုကျနေသည့် ဆံစတွေကို ပြန်၍သပ်တင်နေမိရပါ၏။

“ငါ သူ့ကို မတွေ့ရရင် နေလို့မှမဖြစ်နိုင်တော့တာ
အဲဒါကတော့ ငါ ရင်ကျေခံပြီး သိနေရတဲ့အဖြစ်ပဲ
ငါ့ကိုတွေ့ရင် နှင်ထုတ်မှာ သိသိကြီးနဲ့ကို ငါ ဒီထိ
ပြန်ပြီ၊ သူ တမ်းတနေတယ်ဆိုတာ ငါ စိတ်ကူးယဉ်
တာပဲ ဖြစ်နေမှာပါ ... ဖြစ်နေမှာပါ၊ ငါ မင်းရှေ့ကို



ရပြန်ပြီကော ငွေလွှန်းပုံရယ်၊ အချစ်တွေနဲ့ အချစ်ရဲ့စေစားမှု
နဲ့ မင်းရှိရာအရပ်ကို ရောက်လာမိရပြန်ပါပြီ”

သူ အံခဲလိုက်မိသည်။ ယတိပြတ်ဆုံးဖြတ်လိုက်ပုံ
ဖြင့် ထရပ်လိုက်မိရပါသည့်အဖြစ် ...။ ရောက်လာပြီပဲ။ ဘာကြောင့်
သူ ငွေလွှန်းပုံကို မတွေ့ဘဲ ဤတစ်ညကို အတွေးတွေဖြင့်နှစ်
မြှုန်းနာကျင်နေသူတစ်ယောက်အဖြစ် ဖြတ်သန်းနေရချေသည်တဲ့လဲ။
အဝတ်အစားပင်မလဲဖြစ်ပဲ သူ အခန်းထဲမှ ခြေလှမ်းကျဲကြီးဖြင့်
ထွက်လာမိရသည်က ငွေလွှန်းပုံ၏အခန်းနံပါတ်လေးရှိရာ တံခါး
ရှက်ဆီသို့ပါ။

နေ့လယ်စာလည်း သူ ဟုတ်တိပတ်တိ မစားဖြစ်ခဲ့။
ညစာဆိုတာကျတော့ လုံးဝမစားဖြစ်။ လမ်းမှာ ကော်ဖီတစ်ခွက်ပဲ
သောက်ဖြစ်လာတာရှိသည်။ ခရီးကလည်း ပန်းနေသည်။ စိတ်ထဲ
မောနေရတာက ပိုဆိုးသည်တည့် ...။

အခန်းတံခါးရှေ့မှာ သူ တစ်ချက်ငြိမ်သက်စွာရပ်နေ
ရင်းမှ တံခါးရွက်ကြီးကို မျက်တောင်မခတ် ငေးစိုက်ကြည့်နေမိ
ရပါ၏။

အခန်းထဲမှာ ငွေလွှန်းပုံ ဘာတွေများလုပ်နေသည်
လဲ။ သူ့ကိုမုန်းတီးသည့် အတွေးတွေဖြင့် နစ်မြုပ်နေသည်လား။
ခပ်တွေတွေကြီး သူ ငြိမ်ကျသွားရပြန်သည်။ လှည့်လည်းမပြန်ချင်။
သူ ခေါ်ဘဲလ်လည်း မနှိပ်ရဲ။ ရင်ထဲမှာ ဆို့နေသည်။

“ဟင့်အင်း ... သူ ... သူ ... ငါ့ကို အရမ်းသတိရနေတယ်
လို့၊ ငါ့ရဲ့အတွင်းစိတ်က အတိအကျ သိနေတာမျိုး ငါ

www.burmeseclassic.com

www.burmeseclassic.com



ခံစားခဲ့ရတာပဲ၊ ဘာလို့အဲသလို ယုံကြည်ချင်နေမိရတယ်
ဆိုတာ ငါခွဲခြားပြီး ငါကိုယ်ငါလည်း မရှင်းတတ်ပေမယ့်
ငါ သိနေတယ် ... ငါသိနေတယ် ... သူ ... သူ ... င
ကိုခေါ်နေတယ်၊ ငါ့ကို သတိရနေတယ်”

ရင်ထဲမှဖြစ်တည်လာနေသောခံစားချက်သည် တုန်ခ
နေသည့် သူ့လက်ချောင်းလေးတွေကို လှုခေါ်ဘဲလ်လေး တီးခ
နှိပ်လိုက်စေဖို့ စေ့ဆော်လိုက်နိုင်စွမ်းပါ၏။ စိတ်လှုပ်ရှားလွန်း
တုန်ခါနေသည့် လက်ချောင်းလေးတွေသည်ပင်လျှင် သူ့ရင်ထဲ
ချစ်ခြင်းတွေကို သနားစာနာစွာ သိနေကြသည့်နှယ်ပါတကား

ငွေလွှန်းပုံ တံခါးရှိရာသို့ လျှောက်လာနေလော
ပြီဟု သူ ခြေလှမ်းလေးတွေကို တွက်ဆနေမိရင်း ငြိမ်သက်
ရပ်ရင်း ဖြစ်တည်လာတော့မည့် အနာဂတ်ကို နီးနီးကပ်ကပ်
မြန်ဆန်စွာ ရင်ဆိုင်လိုက်ဖို့အတွက် အားစိုက်၍ စိတ်ကိုမာန်တ
ယူနေရပါ၏။ အားမွေးနေရပါ၏။ သူ့ကိုမြင်လျှင် ငွေလွှန်းပုံ
မျက်နှာထက်မှာ စွန်းထင်းဖြစ်တည်လာကြမည့် ခံစားချက်မျာ
အမိအရ သူ မြင်ရဖို့ အချိန်နီးကပ်လွန်းနေပြီ။ တစ်ခုတေ
သေချာနေသည်။ သူ့ကိုမြင်ရချိန်မှာ ငွေလွှန်းပုံ အံ့သြချေမည်သ

ခုလိုညရှစ်နာရီထိုးလုလု အချိန်ကြီးမှာ သူ ငွေလွှ
၏အခန်းတံခါးရှေ့မှာ မလှုပ်မယှက်ကြီး ရပ်နေရင်း ...။ တံခါး
လာချေမည့် ငွေလွှန်းပုံ၏မျက်နှာနုနုဖူးလေးကို မျက်တောင်မခ
ငုံငေးစိုက်ကြည့်နေဖို့ စောင့်ဆိုင်းနေချေလိမ့်မည်ဟု ထင်ထာ
မှာမဟုတ်။



သူ့ရင်တွေ အဆမတန် လှုပ်ရှားနေကြသည်။

ရင်ခုန်နှုန်းသည် မြန်ဆန်လွန်းနေလျက် နှလုံးသား
သည်လည်း ဆတ်ဆတ်ခါနေကြချေသည့်အဖြစ်။

စက္ကန့်ပိုင်း ...။ သြော် ... မိနစ်ပိုင်းမျှအတွင်းမှာ
သူ အရမ်းလွမ်းဆွတ်နေရာ မိန်းကလေး၏မျက်နှာလေးကို သူ
မြင်ရချေတော့မည်။ ထိုမျက်နှာလေးထက်မှာ ထင်ဟပ်နေကြချေ
မည့် ခံစားချက်များကို အသံမဲ့နေသော စကားများအဖြစ် သူသည်
စိတ်လှုပ်ရှားစွာ မြင်ရချေဦးတော့မည်။

ခံနိုင်ရည်မရှိတော့သယောင် ဖြစ်လာရင်း မျက်ဝန်းကို
စုံမှိတ်လိုက်မိကာ ...

“မင်း ... မင်း ... ငါ့ကို ဒီတစ်ကြိမ်မှာတော့ နှင်မထုတ်
လိုက်ပါနဲ့တော့ မိန်းကလေးရယ်၊ အဝေးကြီးက ချစ်ခြင်း
ရဲ့စေခိုင်းမှုအတိုင်း ရောက်လာရတဲ့ငါ့ကို မင်း နှင်မပစ်ရက်
ပါနဲ့တော့”

ဟု ရင်ထဲမှာ နင့်နေအောင်ခံစားရင်း တွေးနေမိရ
သည်။

ထိုစဉ်ခိုက် တံခါးရွက်၏ ဖွင့်ဟလှုပ်ရှားသံ သဲ့သဲ့
ညင်ညင်ကို ကြားလိုက်ရတာမို့ မျက်ဝန်းတွေကို ဖျတ်ခနဲပြန်ဖွင့်
၍ စိတ်စောစွာ သြော် ... မဝံ့ရဲချင်သော မျှော်လင့်စိတ်မှုံမှုံ
လေးဖြင့်လည်း ဆုတောင်းနေခြင်းများ တိုးဝင်နေသည့် ခံစားမှု
တွေဖြင့်လည်း ကြည့်လိုက်မိရပါပြီတည်း။

တံခါးရွက်လေး ဖြည်းညင်းစွာ ပွင့်လာတော ...။

www.burmeseclassic.com

www.burmeseclassic.com



ဖြူဥဥ နုဖန့်ဖန့် မျက်နှာလေးဖြင့် ပျောင်းနွဲ့နွဲ့ ငွေလွှန်းပုံကို မြင်လိုက်ရတာ ...။ အားလုံးသည် စိတ်လပ်ရှားဖွယ် ရာတွေချည်း ဖြစ်နေသည်။

သူကလည်း ငွေလွှန်းပုံကို လွမ်းမပြေလွန်းစွာ တလွမ်းမြမြ နွမ်းတလျှလျှ ကြည့်မိစဉ်မှာ ...။ ငွေလွှန်းပုံ၏ မျက်နှာ ထက်မှာ ဖေးတင်လာကြမည့် ခံစားမှုအစွန်းအရိပ်တွေကိုလည်း စိတ်စောစွာ ငုံ့မိုး၍ မျက်တောင်မခတ် ကြည့်နေမိရဆဲပါ။

သူ့ကို မှင်တက်ငေးစိုက်ကြည့်နေပါသည့် ငွေလွှန်းပုံ ၏ မျက်ဝန်းနက်နက်လေးတွေမှာ အံ့ဩရိပ်ထင်နေသည်။ ထူထဲ သောမျက်တောင်နက်နက်လေးတွေ ဝန်းရံထားရာ မျက်ဝန်းလေး တွေမှာ လောလောဆယ် သူမြင်တွေ့နေရသည်က အမုန်းတရား မဟုတ်။

ငွေလွှန်းပုံ၏ မျက်နှာလေး ချောင်ကျနေတာကိုလည်း သူ သတိထားနေမိရသည်။

ဘုရားရေ ...။ ငွေလွှန်းလေးများ နေမကောင်းဖြစ် နေချေသည်လား မသိ။ စိုးရိမ်ဇောသည် ချက်ချင်းရင်မှာ ထိန်းမနိုင် အောင် တိုးဝင်လာပြန်သည်။

ထိုစဉ်ခိုက် ငွေလွှန်းပုံ၏ ကိုယ်လေး တစ်ချက်ယိုင် ခနဲဖြစ်သည်။ သူ့ကိုမြင်လိုက်တာနှင့် ငွေလွှန်းပုံ၏ ကိုယ်လေး နောက်သို့ အံ့ဩစိတ်လေးဖြင့် ယိုင်ခနဲဖြစ်သွားချိန်မှာ သူ့လက် တွေကလည်း မြန်ဆန်လွန်းစွာပဲ ငွေလွှန်းပုံ၏ ပခုံးလေးကို စိုး တကြီး ဖမ်းဆုပ်လိုက်မိရပါပြီ။ သူကိုယ်တိုင်လည်း အလိုလိုအ ထဲ တိုးဝင်သွားလိုက်ရသည့်နှယ် ဖြစ်သွားရပါပြီ။



ငွေလွှန်းပုံ၏ မျက်ဝန်းလေးတွေက ခုချိန်ထိမပြောင်း လဲစွာပဲ ငေးစိုက်မော့ကြည့်နေဆဲ ဖြစ်နေသည်။

"နှင်မထုတ်ပါနဲ့ ငွေလွှန်းပုံရယ်၊ ကိုယ် လွမ်းလွန်းလို့ လိုက်လာမိတာပါ၊ မင်းရဲ့မျက်နှာလေးကို မမြင်ရရင် ကိုယ် ရူးမှာ"

သူ့ရင်တွင်းဆီမှ ခံစားနေရချေသမျှကို ရိုးစင်းလွန်း စွာပဲ ချစ်ရသူလေးရှေ့မှာ သွန်ချပြလိုက်ရပါသည့်စကား။

ငွေလွှန်းပုံ သူ့ကိုမော့ကြည့်နေဆဲ။ ပခုံးထက်မှာ ဖေးတင်ထားပါသည့် သူ့လက်တွေကိုလည်း ပုတ်ထုတ်လိုက်တာ မျိုး ရှိမနေသေး။ ခုထိ အံ့ဩစိတ်တွေ ပြေမသွားနိုင်သေးဘဲ အရှိန်တိုးနေဆဲ ဖြစ်နေတာလည်း သိသာနေသည်။ ခုလို ... ည ရှစ်နာရီလောက်ကြီးမှာ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ငွေလွှန်းပုံ၏ တည်းခိုရာအခန်းတံခါးရှေ့မှာ သူရောက်ရှိလာချေလိမ့်မည်ဟု ငွေလွှန်းပုံ ထင်မထားတာ သိသာနေသည်ပဲ။

သူကလည်း မျက်တောင်မခတ်မျှပင် ငွေလွှန်းပုံ၏ မျက်နှာလေးကို တောင်းတောင်းပန်ပန် ကြည့်နေရင်းမှ ...

"ကိုယ် အဝေးကြီးက လာရတာပါ လွန်းလေးရယ်၊ ကိုယ် ရောက်တာနဲ့ မင်းရဲ့အခန်းတံခါးရှေ့ ချက်ချင်းရောက် လာရတာပါ၊ ကိုယ် အရမ်းချစ်လွန်းလို့ လိုက်လာမိရတာ ပါကွယ်၊ လောလောဆယ်မှာ ကိုယ်အကြောက်ဆုံးအရာ ဟာ တစ်ခုပဲရှိတယ် ငွေလွှန်းပုံ၊ မင်း ကိုယ့်ကိုနှင်ထုတ် လိုက်မယ့် အရာပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူ တဆို့တနင့်ကြီး ပြောနေစဉ်ခိုက်မှာ ငွေလွန်းပုံ၏မျက်ဝန်းမှာ မျက်ရည်လေးတွေ ပြည့်သိပ်တက်လာနေကြပါ၏။

"ငွေလွန်းလေး ပိန်သွားသလိုပဲ၊ နေမကောင်းဘူးလားဟင်"

စိတ်ထဲပူနေတာမို့ ဖျတ်ခနဲ စိတ်နောက်ကိုယ်ပါကြီး ငွေလွန်းပုံ၏နဖူးလေးကို လက်ဖဝါးလေး ခပ်ဖွဖွအုပ်၍ ကိုယ်ငွေ ရှိန်လေး စမ်းကြည့်တော့ ငွေလွန်းပုံ တစ်ချက်ရှိုက်သည်။

"ကျွန်မ ... ကျွန်မ ... ငွေလွန်း ... အစ်ကိုလေးကို ... မျှော်နေတာ ..."

ဟူသော စကားလေးကို တိုးဖွဖွလေး အနိုင်နိုင်ပြော ကာ မျက်ရည်ကျလာတော့ သူ့မှာ ရတ်တရက်ကြီး မယုံနိုင်အောင် ပင် ဖြစ်သွားရပါပြီတည်း ...။

"ငွေလွန်းလေး ... ကိုယ့်ကိုမျှော်နေတယ် ... ဟုတ်လား ဖြစ်ရလေ၊ ကိုယ် ဒီနေ့မှာ ငွေလွန်းပုံလေးကို အရမ်းသတိ ရနေတာ၊ ငွေလွန်းလေး ကိုယ့်ကိုလှမ်းခေါ်နေသလို ခံစား နေရတာ၊ အဲသလို ရင်ထဲမှာ သိနေတယ်၊ သိနေတယ်ကွယ် လာ ... လာ"

ခေါင်းလေးငုံ့ကာ မျက်ရည်ကျနေသည့် ငွေလွန်း ကို ဆိုဖာရှည်ကြီးမှာ သူ ထိုင်ခိုင်းသည်။ ငွေလွန်းပုံကို သော ရေလေးတိုက်ဖို့ရာ သူ ရေခဲသေတ္တာရှိရာသို့ သွားမည်ပြုနိုင ငွေလွန်းခေါင်းလေးခါ၍ ...

"ထက်ထက်ကြွေ ... ကြွေ သေသွားပြီ အစ်ကိုလေးရယ် သူတို့က သိပ်ချစ်ကြတာ၊ ကြွေသေရမယ်ဆိုတာ သိသိကြ



သူ့ချစ်သူက သူ့ကိုလက်ထပ်ခဲ့သလို ကြွေကလည်း သူ့ နောက်ဆုံးအချိန်လေးကို သူ့ချစ်သူရဲ့ရင်ခွင်ဟာ ခင်ပွန်း သည်ရဲ့ရင်ခွင်အဖြစ် ရှိနေစေဖို့အတွက် လက်ထပ်ခဲ့တာ သိပ်သနားဖို့ ကောင်းတာပဲ အစ်ကိုလေးရယ်၊ ဒီနေ့ ... ဒီနေ့က ကြွေ ဆုံးသွားပြီ၊ သူ ဆုံးသွားပြီ အစ်ကိုလေး ရယ်"

ထက်ထက်ကြွေဆိုသည့် အမည်ကို သူ ကြားနေရ သည်။ သေဆုံးခဲ့ပြီ ဆိုတာကိုလည်း သိနေရပြီ။ အကြောင်းစုံကို တော့ သူ မသိရသေးပေမယ့် ...။ ထက်ထက်ကြွေနှင့်ပတ်သက်၍ ငွေလွန်းပုံရင်ထဲ အရမ်းခံစားနေရသည်ဆိုတာ သူ နားလည်လာနေမိ ရပါပြီတည်း ...။

ငွေလွန်းပုံ မျက်နှာလေးကို လက်ဖဝါးလေးဖြင့် ပေးအုပ်၍ ...

"ငွေလွန်းပုံ မှားသွားတယ် အစ်ကိုလေးရယ်၊ မာနဆိုတာ ထားမိတာ မှားသွားတယ်၊ အချစ်မှာ မာနမထားအပ်ဖူး ဆိုတာ သိသွားရပါပြီရှင်"

ငွေလွန်းပုံ ပြောနေရင်း မျက်ရည်တွေ ပိုကျလာတော့ သူ့ရင်ထဲ မကောင်းနိုင်။ လက်ဖမိုးလေးဖြင့် မျက်ရည်ကိုသုတ် ကာ သုတ်ကာဖြင့် ရှိနေရင်း သူ့ကိုမော့ကြည့်လာပါသည့် ငွေလွန်းပုံ၏မျက်ရည်တွေ စိုလူးနေသည့် မျက်နှာလေးကို သူ သည်ချောင်းတနင်နင်ဖြင့် ရှိနေရင်း မကြည့်ရက်နိုင်ဘဲ ငြိမ်နေ ရပါသည့်အဖြစ်။ ဤမျက်ရည်လေးတွေကို သူ ခံနိုင်ရည်ရှိဆုံးပါ။

www.burmeseclassic.com

www.burmeseclassic.com



"ငွေလွှန်း မနက်ကျရင် ကြိုးတံတားလေးကို သွားမှာ"

ငွေလွှန်းပုံ ပြောသည့် ကြိုးတံတားဆိုတာကို သူ ဘယ်မှာရှိမှန်း မသိရသေးပေမယ့် ငွေလွှန်းသွားချင်သည်ဆိုတာ တစ်ခုတည်းဖြင့်ပင် ခေါင်းညိတ်ပြကာ ချစ်ရသူလေး၏ မျက်နှာလေးကို ဖေးအုပ်ကိုင်မိကာ ...

"ကိုယ် လိုက်ပို့ပေးမယ်၊ လိုက်ပို့ပေးမယ်၊ အဲဒီကြိုးတံတား ရှိရာကိုလေ"

ဟု ခေါင်းကို ငိုက်ချထားရင်း မျက်နှာလေးကိုကြည့်ကာ တိုးဖွဖွပြောတော့ ငွေလွှန်းပုံ သူ့ကိုမော့ကြည့်လာသည်။ ကလေးငယ်လေးတစ်ယောက်၏ ဝမ်းနည်းကြေကွဲနေသည့် မျက်နှာလေးနှင့်ပင် တူနေသေးသည့် မျက်နှာနုနုလေး။ အရမ်းကိုဖြူစင်သည့် မျက်နှာလေး။

"ငွေလွှန်းကို စိတ်မနာဘူးလားဟင်၊ ဒီလောက် မောင်းထုတ်ခဲ့တဲ့ဥစ္စာ၊ ပြန်တောင်မကြည့်ချင်တော့ဘူးလို့ မဖြစ်ဘူးလားဟင်၊ ငွေလွှန်း ထင်တာက ငွေလွှန်းကို အစ်ကိုလေး လှည့်ကြည့်ချင်စိတ်တောင် မရှိတော့ဘူးလို့ ထင်ခဲ့တာ"

"ဘာလို့ ကိုယ်က အဲသလိုဖြစ်ရမှာတဲ့လဲ ငွေလွှန်းပုံ ဒီရက်ပိုင်းလေးမှာ မင်းကိုမတွေ့ဘဲ နေနေရလို့ ကိုယ်တစ်ယောက်တည်း ရူးနေတာ၊ အလုပ်မှာလည်း မင်းမရှိ၊ မင်းရှိရာကိုလည်း သွားလို့မရ၊ မင်းနှင့်ထုတ်မှာ သိနေရရင်း ကိုယ် မင်းအကြောင်းတွေကို တွေးရင်း၊ မင်းကိုလွမ်းရင်း



မခွဲနိုင်တဲ့စိတ်တွေနဲ့ လုံးထွေးရစ်ပတ်နေရင်းနဲ့ အရမ်းခံစားနေရတာပါကွာ"

ဟု သူပြောကာ ငွေလွှန်းပုံ၏ မျက်နှာနုနုလေးကို ငုံ့မိုး၍ ကြည့်မိသည်က အကဲခတ်ကြည့်။ နူးညံ့သော ဆွက်ဆံရေးလေးတစ်ခုသည် ငွေလွှန်းပုံ၏ မျက်ရည်များကို စိုစွတ်နေသော မျက်နှာလေးကို အနီးကပ်ကြည့်မြင်နေရရင်း ဖြစ်တည်လာနေရသည့် အဖြစ် ...။

သူ ရင်ထဲမှာ ချစ်ရသူလေး၏ မျက်ရည်စက်ကိုခံနိုင်ရည်မရှိတာပဲ သိနေသည်။ ဒါပေမဲ့ တစ်ခု နားလည်ရသည်က ငွေလွှန်းပုံလေးသည် သူ့ကို အမုန်းစကားနှင့်မကြို။ သတိရနေခြင်း ဆိုသည့် စကားကို မျက်ရည်စနှင့်အတူ ပြောခဲ့ကာ လွမ်းဆွတ်နေသည့် သူ့နှလုံးသားကို ကြည်နူးခြင်းတစ်စိတ်တစ်ပိုင်းကိုတော့ ပေးလာချေသည်တကား။

ငွေလွှန်းပုံလေးသည် သူ့အချစ်ကို နားလည်လာချေပြီကော ...။ စိတ်လှုပ်ရှားစွာ ကြေကြေကွဲကွဲလေး ငိုနေသည့် ငွေလွှန်းပုံ၏ မျက်နှာလေးကို သူ့လက်ဖဝါးတွေက ဖေးအုပ်ထားလိုက်မိရပါသည့်အဖြစ်။

"မနက်ကျရင် ကြိုးတံတားကို သွားမှာ"

ထပ်၍ ငွေလွှန်းပုံ မျက်ရည်တွေနှင့် ရှိုက်ရှိုက်ငင်ငင်လေး ပြောလာတော့ သူ မျက်ရည်ကို တွင်တွင်ဖေးသုတ်ပေးနေရင်းမှ ...

"သွားလေ ... ကိုယ်လိုက်ပို့ပေးမယ်၊ စိတ်ချ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ထပ်ပြောမိပြန်သည်။

ငွေလွှန်းပုံ တစ်ချက်ထပ်ရှိုက်သည်။

"ငွေလွှန်းက အစ်ကိုလေးကို ခေါ်သွားမှာ၊ အဲဒီမှာ ကြွေနဲ့ ပတ်သက်တာတွေကို ငွေလွှန်းပုံ ပြောပြချင်တဲ့ယ်၊ ကြွေ့ ကြောင့် အစ်ကိုလေးရဲ့မေတ္တာကို ငွေလွှန်း နားလည်လာ ရတာ၊ မာနဆိုတဲ့အရာကို ဘယ်တော့မှ အချစ်မှာမထား ဘူးဆိုတာကို သိလာရတာ"

ဟု ပြောလာတော့ သူ ရင်ထဲမကောင်း။ ကြွေဆို သည့် မိန်းကလေးသည် ကွယ်လွန်သွားခဲ့ပေမယ့် ချစ်ခြင်းမေတ္တာ ၏ နက်ရှိုင်းမှုကို ငွေလွှန်းပုံ နားလည်အောင် ချန်ထားရစ်ခဲ့ချေ သည်တကား။ မမြင်ဖူးရပေမယ့် သူ ကြွေ၏ချစ်ခြင်းကို နားလည် လာမိရပါပြီ။ ခိုင်တည်သော အချစ်သည် ကိုယ့်အတွက်သာမဟုတ်၊ တစ်ပါးသော သူ့အတွက်ပါ ခိုင်တည်ခြင်းတရားကို ချန်ထားပေး ရစ်နိုင်ခဲ့ချေသည်တကား ...။

"ငွေလွှန်း ... အစ်ကိုလေးကို သတိရလာတယ်၊ ထက်ထက် ကြွေကြောင့် သတိရလာတယ်၊ ငွေလွှန်း ဆိုးခဲ့တာကိုလည်း နောင်တရလာတယ်၊ ငွေလွှန်း အဲဒီအချိန်ကျတော့ ချောက်ချားရတာ၊ အစ်ကိုလေးဆီက ခါးသီးတဲ့ဥပေက္ခာနဲ့ စိတ်ပျက်ခြင်းဆိုတဲ့ အရာတွေကို ငွေလွှန်း ရလိုက်ပြီလို့ ချောက်ချားနေရင်း အစ်ကိုလေးကို တမ်းတလိုက်ရတာ လေ"

ဟု ပြောတော့ သူ ဘယ်လိုမှ ရင်ထဲတင်းမခံသာ မျက်ရည်လည်လာသည်။ ငွေလွှန်းပုံ၏ ကိုယ်နွဲ့နွဲ့လေးကို ဖွ



ညင်သာ တွေးပိုက်ထားမိရပါ၏။ အုန်းဆီရနံ့သင်းနေသော ဆံနွယ် လေးတွေကို ဖွဖွမျှင်မျှင် မြတ်နိုးစွာငုံ၍ နှုတ်ဖျားဖေးအပ်နမ်းမိ ရပါ၏။

သူ ချစ်မြတ်နိုးရပါလေသော မိန်းကလေး။ သူ၏ ဘဝမှာ အမြတ်နိုးဆုံးသော ရွှေရုပ်လေးပမာ ထားရပါသည့် မိန်းကလေး။ သူ့နှလုံးသားမှာ ခိုအောင်းနားနေရပါချေမည့် မိန်းက လေး။ သူ့ကို တုံ့ပြန်၍ ချစ်ခဲ့ချေပြီဟု သိနေရခြင်းကြောင့်ပင် လျှင် ...။ သူ့ဘဝသည် အရာရာပြည့်စုံနေရချေသည်တည့် ...။

"ငွေလွှန်း ... အစ်ကိုလေးရဲ့ကျကျန်ခဲ့တဲ့ ရွှေရောင်ငှက် ရုပ်လေးကို ဒီထိသယ်လာမိခဲ့တာ၊ အဲဒီစက္ကူငှက်ရုပ်လေးကို ကြည့်ရင်း ငွေလွှန်းပုံ မျက်ရည်ကျခဲ့တာ အစ်ကိုလေးယုံမ လားဟင်"

"ယုံတယ် ... အစ်ကိုလေးရဲ့မိန်းကလေးကို အစ်ကိုလေး အမြဲယုံတယ်၊ အဲဒီစက္ကူငှက်ရုပ်လေးကို ဒီထိ ငွေလွှန်းလေး သယ်လာတယ်ဆိုတာ သိနေရတဲ့ အစ်ကိုလေးလေ၊ ဘယ်လို ပျော်သွားမှန်းကို မသိတော့တာ၊ အဲဒါ ချစ်လို့ပေါ့ကလေး ရယ်၊ အစ်ကိုလေးကို ငွေလွှန်းလေး ချစ်လို့ပေါ့၊ ကြည့်စမ်း ငွေလွှန်းရဲ့မာနကြောင့် အဲဒီအချစ်လေးကို ငွေလွှန်းအပျောက် ဆုံးခံပစ်ဖို့ ကြိုးစားခဲ့တယ်ပေါ့၊ အချစ်ဆိုတာ မာနတရား နဲ့ရင်းပြီး ပျောက်ဆုံးသွားအောင် လုပ်လို့မရဘူး၊ အချစ်မှာ အလွန်ကြီးမားတဲ့ အင်အားရှိတယ်၊ စွမ်းအင်ရှိတယ်၊ အဲဒီ နက်ရှိုင်းမှုတိုင်း အတိုင်းအဆကို သိတဲ့အရာဟာ နှလုံးသား ပဲ ငွေလွှန်း"

www.burmeseclassic.com



သူ ငွေလွှန်းပုံ၏ မျက်နှာလေးကို ဖေးမောကာ ချစ်ခြင်းတွေဖြင့် ဖွဲ့တည်မြတ်နိုးရိပ်တို့ ခိုနားရာ မျက်ဝန်းတွေဖြင့် တစိမ့်စိမ့် ကြည့်နေရင်း ပြောမိရပါ၏။

ငွေလွှန်း သူ့လက်လေးတွေကို ဖွဖွလေးဖယ်ထုတ်သည်။ ကလေးတစ်ယောက်နယ်ပင် စားပွဲရှိရာသို့ သွားသည်။ ငွေလွှန်းပုံ၏ လှုပ်ရှားမှုကို သူ လိုက်ကြည့်နေမိသည်က တိတ်ဆိတ်စွာဖြင့်ပါ။ ငွေလွှန်းပုံ ယူလာသည်က ရွှေရောင်စက္ကူငှက်ရုပ်လေးပါ။ ပြီးတော့ စာရွက်ခေါက်လေးတစ်ခု။

ရွှေရောင်စက္ကူငှက်လေးကို သူ့လက်ဖဝါးထဲညင်သာစွာ ငွေလွှန်းပုံ ထည့်ပေးလာသည်။

"သူရှိနေလို့ပေါ့ အစ်ကိုလေးရယ်၊ အစ်ကိုလေးရဲ့လက်နဲ့ ထိတွေ့ထားရာ အစ်ကိုလေးရဲ့အငွေ့အသက်လေးတွေ ရှိနေရာ ဒီငှက်လေးရှိနေလို့ပေါ့၊ ထက်ထက်ကြွေပြောခဲ့တဲ့ စကားကို ကြားခဲ့ရတဲ့ ငွေလွှန်းပုံ၊ ကြွေ မရှိတော့ဘူးဆိုတာသိရချိန်မှာ အရှူးတစ်ပိုင်းပါပဲ အစ်ကိုလေးရယ်၊ နီးနီးနားနားမှာ အစ်ကိုလေးကလည်း ရှိတာမဟုတ်ဘူး၊ ဒီငှက်လေးက ငွေလွှန်းပုံရဲ့ကြေကွဲမှုတွေကို အတန်အသင့်တော့ အားပေးရာ ငှက်လေးလို ဘေးမှာရှိနေခဲ့တာပါ"

ငွေလွှန်းပုံ ပြောလာတော့ သူ ခေါင်းလေးပေါ် လက်လေးဖေးအုပ်၍ ...

"အစ်ကိုလေးလေ ... ငှက်ရုပ်လေးတွေ ဖန်ပုလင်းကြီးထဲမှာ ပြည့်နေအောင် လုပ်ခဲ့တာ အများကြီးပဲ၊ အစ်ကိုလေး ယူလာခဲ့တယ်၊ အစ်ကိုလေး အခန်းထဲမှာ ရှိတယ်"



ဟု ဆံစကလေးတွေ သပ်ပေးရင်း ပြောပြီးသည့်နောက်မှာ ငွေလွှန်းပုံ၏လက်ထဲမှ စာရွက်ခေါက်လေးကို သူ ညင်ညင်သာသာ ယူလိုက်မိရပါ၏။

လှပသောစာသားနုနုလေးများဖြင့် ရေးဖွဲ့ထားရာ ခံစားချက်စာပိုဒ်လေးများပါတကား။

အဆုံးပိုဒ်ကို သူ အတန်ကြာမျှ ငေးစိုက်နေမိရပါ၏။

ရွှေရောင်စက္ကူငှက်လေးရေ ...
မင်းကိုဖန်ဆင်းပေးထားတဲ့
အရှင်သခင်ရဲ့
ချစ်ခြင်းတွေစီးမျောရာ
လက်ဖျားဆီကနေပြီး
ငါ့နှလုံးသားရှိရာကို ...
တောင်ပံငယ်လေးတစ်စုံ
တစ်ခါခတ်လိုက်တိုင်း
ရွှေမှုန်လေးတွေ ဖြန့်ကြဲချလို့
ပျံသန်းလာခဲ့ပါလေတော့ ...။

ဆိုသည့် စာပိုဒ်လေး ...။

သူ ... သူ ... ရင်ထဲမှာ အနိုင်းမဲ့မျှ ကြည်နူးရချသည်ကောလေ။

သြော် ... ငွေလွှန်းပုံသည် သူ၏ရွှေရောင်စက္ကူငှက်လေးကိုတိုင်တည်၍ ပြောခဲ့သည်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



သူ၏စက္ကူငှက်ငယ်လေး ပျံသန်းပါလျှင် နားနေရာနေရာတစ်ခုအဖြစ် ငွေလွှန်းပုံ၏ နှလုံးသားမှာ ရွှေရောင်သစ်ခက်အိမ်လေးကို ဖန်ဆင်းပေးထားပါမည်တဲ့ ...။

သူ၏လက်ဖျားတို့ဖြင့် ပြုလုပ်ဖန်ဆင်းပေးရာ ရွှေရောင်စက္ကူငှက်လေးသည် သူ့လက်ဖျားဆီမှသည် ...။ ထိုနှလုံးသားရှိ ရွှေရောင်သစ်ခက်အိမ်ဆီသို့ တောင်ပံငယ်လေး တစ်ခါခတ်၍ ပျံသန်းလိုက်ချိန်တိုင်းမှာ ...။ ရွှေမှုန်လေးများ ဖြန့်ကြဲချ၍ ပျံသန်းလာခဲ့ပါလေတော့ ... တဲ့လားလေ။

ရေးတတ်ချေသည်ကော ချစ်ရလွန်းသူလေးရယ် ... ဟု တွေးမိရာမှ သူ ... သူ ... ရွှေရုပ်လေးရလိုက်ပါသည့်ဘဝ။ ချစ်ရသူလေး၏အချစ်ကို ကံကောင်းစွာ ပိုင်ဆိုင်ခွင့်ရလိုက်ပါသည့်ဘဝ။

ဩော် ... ချစ်ရသူလေးနှင့် ဘဝကို ထူထောင်ခွင့်ရမည့်ဘဝကို ပိုင်ဆိုင်ရချေပြီတည့် ...။

"ရေးတတ်လိုက်တာ ငွေလွှန်းရယ်၊ ကိုယ် ကြည်နူးတယ် ပြီးတော့ အရမ်းကို ခံစားပြီး ကိုယ့်ကိုတမ်းတရင်း ရေးခဲ့တဲ့ ငွေလွှန်းပုံလေးရဲ့ မျက်ရည်စက်တွေကို သိမြင်နေရင်း ရင်ထဲမှာ သနားနေမိရပါတယ်၊ ကိုယ်တို့ ကံကြီးလို့ ကံကောင်းလို့ မဝေးကြရတာ၊ တစ်ယောက်ကိုတစ်ယောက် ဒီလောက်ချစ်နေကြပါရက်ကယ်နဲ့ မဝေးကြရတာ၊ အဲဒီ ထက်ထက်ကြွေကို ကိုယ် အရမ်းကျေးဇူးတင်တာပဲ ငွေလွှန်းလေးရယ်"



ဟုပြောကာ ဤတစ်ကြိမ်မှာတော့ ငွေလွှန်းပုံ၏နှုတ်ခမ်းပြင်ထက်မှ ဆံစလေးတွေကို ဖွဖွဖေးယူ တိမ်းလိုက်ကာ နဖူးပြင်ဝါဝါဝင်းလေးကို သိမ်မွေ့စွာ နမ်းရှိုက်လိုက်မိရပါ၏။

"ကိုယ်ကလည်း ကိုယ့်ကို မမြင်ချင်လို့ ငွေလွှန်းပုံလေး ထွက်သွားပြီဆိုပြီး ရင်ကွဲနေရတာ၊ ဒေါ်ကြီးမွေး ပြောပြတဲ့ ဒီဟိုတယ်ကို ကားမနားတမ်းမောင်းပြီး ဒီမြို့အထိ လိုက်လာမိရတာ၊ ဘာမှကို စားရသောက်ရမှန်း မသိအောင် အရူးကြီးလိုပဲ ကိုယ် ဆောက်တည်ရာပျောက်နေရင်း ဒီကို ထွက်လာရတာ"

ဟု ပြောတော့ ငွေလွှန်းပုံ မျက်လွှာလေးချသွားပါ၏။

"ကိုယ်လည်း ကဗျာလေးတစ်ပုဒ်တောင် ရေးမိသေးတယ်၊ ပြောရရင် အသည်းတွေကွဲအက်ကြွေနေရင်း ဆိုပါတော့"

ဟု ပြောကာ ငွေလွှန်းပုံ၏နှာဖျားလေးကို ဖွဖွလေး လက်ဖျားဖြင့် ဖေးတင်လိုက်မိရပါ၏။

တကယ့်ကြွေရုပ်လေးကို ထိတွေ့သည့်အလား နူးညံ့လွန်းနေသည့်အဖြစ်။

"ဒါပေမဲ့ အဲဒီကဗျာလေးကိုတော့ အခုလည်း ငွေလွှန်းဖတ်လို့ရပါတယ်၊ ဘာကြောင့်လဲဆိုတော့ ကိုယ့်ရင်ထဲက အချစ်တွေကို အဲဒီကဗျာလေးက အမြဲတမ်း ငွေလွှန်းကို ပြောပြောပြနေမှာမို့လို့ပါပဲ၊ ငွေလွှန်းကို အစ်ကိုလေးပြမယ် နော်၊ ပါလာတယ် ... အရေးကြီးတယ်၊ အဲဒီကဗျာက ဘာလို့လဲ သိလား၊ အရူးအမူး ဆောက်တည်ရာမဲ့အောင်

www.burmeseclassic.com

www.burmeseclassic.com



လှုးလိုမ့်ခံစားနေရင်း ကြေကြေကွဲကွဲ ရေးထားမိတဲ့ ကဗျာလေ၊ အခုကျတော့ အစ်ကိုလေးရဲ့အချစ်ဟာ ဘယ်လောက်ထိ နက်နက်ရှိုင်းရှိုင်း မွန်မြတ်နေတယ်ဆိုတာ အဲဒီရှိုက်သံတွေ မျက်ရည်တွေ စိုစွတ်ဖေးတင်နေတဲ့ ကဗျာလေးက တစ်သက်လုံး ပြောပြနေမှာမို့လို့ပါပဲ”

ဟု သူပြောကာ အင်္ကျီအိတ်ကပ်တွင်းမှ ကဗျာစာရွက်ခေါက်လေးကိုယူ၍ ငွေလွန်းပုံ၏လက်ဖဝါးလေးကိုဖြန့်၍ ထည့်ပေးလိုက်မိရပါပြီ။

“အဲဒါ အစ်ကိုလေးရဲ့နှလုံးသားနော်၊ တစ်ခါတည်းအပ်လိုက်တာ ငွေလွန်း”

တိတ်ဆိတ်မျက်ရည်ဝဲစွာ သူ့လှုပ်ရှားမှုတိုင်းကို ကြည့်နေပါသည့် ငွေလွန်းပုံကိုကြည့်၍ သူ ချစ်စိတ်ဖြင့် ပြောမိရပါ၏။ မျက်ရည်ဥလေး လိမ့်ခနဲကျလာတော့ သူ့လက်ကိုင်ပဝါဖြင့် ညင်ညင်သာသာ သုတ်လိုက်မိကာ အရမ်းကို နူးနူးညံ့ညံ့နိုင်စွာ ပြန်၍ခေါက်သားတကျ လက်ကိုင်ပဝါလေးကို ခေါက်လိုက်ကာ ...

“ငွေလွန်းဆီက ချစ်မျက်ရည်လေးကို တို့သုတ်လို့ သိမ်းထားရတဲ့ လက်ကိုင်ပဝါလေးပေါ့၊ အဲဒီမျက်ဥလေးက အရမ်းလှတာ၊ ချစ်လို့ကျတဲ့ မျက်ရည်ဥလေးရဲ့အလှက စိန်ပွင့်လေးလိုပဲ ဝင်းအိနေတာ”

သူ ဖွဖွလေးဖေးယူ၍ နမ်းရှိုက်လိုက်ပါသည့် လက်ကိုင်ပဝါလေးသည် သူ့နှလုံးသားနှင့် နီးကပ်ရာ အင်္ကျီအိတ်လေး



မှာ ရှိသွားရပါ၏။

“ငွေလွန်းဆီက ချစ်ခြင်းကို ရလိုက်တဲ့ ဒီနေ့မှာ အရာရာတိုင်းဟာ တန်ဖိုးမဖြတ်နိုင်ဘူး ငွေလွန်း၊ ဟောဒီက ငွေလွန်းပြခဲ့တဲ့ ရွှေရောင်စက္ကူငှက်လေး၊ ဟောဒီစာနုနုနွဲ့နွဲ့လေးတွေ ရေးထားရာ ငွေလွန်းရဲ့လက်ရေးလေးနဲ့ စာသားလေးတွေ၊ ပြီးတော့ ... ဒီလက်ကိုင်ပဝါလေးထဲ စိမ့်ဝင်သွားခွင့်ရလိုက်တဲ့ ချစ်ခြင်းသီဖွဲ့ မျက်ရည်စက်လေး၊ အားလုံးကို အစ်ကိုလေး ရင်ထဲမှာ သိမ်းထားမှာ၊ အရမ်းကိုတန်ဖိုးကြီးတာ”

ဟု သူပြောတော့ ငွေလွန်းပုံ သူ့ပခုံးပေါ် ကလေးနယ်ပင် ခေါင်းလေးတင်ကာ ...

“ဒီလောက်ထိ အစ်ကိုလေးကို နင်းကန်နှင်နှင်ထုတ်ခဲ့ဖူးတဲ့ ငွေလွန်းကို ဒီလောက်ထိ ချစ်နေရသလား အစ်ကိုလေးရယ် ... ဟင်”

ဟု ပြောတော့ သူ တိုးဖွဖွရယ်ကာ ...

“မနှင်ရက်ဘဲ နှင်ခဲ့တယ်ဆိုတာ ခုသိနေရပြီပဲကွယ်၊ ပိုတောင် ချစ်လာသေးတယ်၊ ဟိုတုန်းက နှင်ထုတ်ရက်လေခြင်းလို့ ခံစားရပေမယ့်၊ ခက်တာက ချစ်နေတာပဲ ကောင်မလေးရ၊ ဆယ်ခါပြန် နှင်ပေဦး၊ ချစ်မိရည်စူးမေ့ နိုင်ဘူးလို့ ပြောရမလို ဖြစ်နေတာ”

ဟု ပြောကာ လက်လေးကို ဖေးကိုင်ထွေးဆုပ်ထားမိရပါ၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ့်ဆီမှာ စကားမြန်းမယ်၊ အမြန်ဆုံး လက်ထပ်မယ်၊ အစ်ကိုလေးရဲ့စက်ရုံမှာ၊ အစ်ကိုလေးရဲ့အိမ်မှာ၊ အစ်ကိုလေးသွားလေရာရာကားပေါ်မှာ၊ ငွေလွှန်းပုံဆိုတဲ့ ဒီကောင်မလေးကို အရိပ်လေးလို တကောက်ကောက်ပါအောင် ခေါ်သွားရလိမ့်မယ်၊ မခွဲနိုင်ဘူးကွ၊ အဲဒါကတော့ အပီအပြင်ဆုံးနဲ့ အမှန်ကန်ဆုံးပဲ"

ဟု သူ ပြောနေရာမှ ဖျတ်ခနဲ သတိရလာကာ ...

"ထက်ထက်ကြွေ ... ပြောခဲ့တဲ့စကား ဆိုတာ ဘာလဲ ငွေလွှန်းလေး ... ဟင်"

ဟု မေးမိရပါသည့်အဖြစ်။

ငွေလွှန်းပုံ၏ လက်လေးကိုလည်း မလွှတ်စတမ်းကြီး သူ ထွေးဆုပ်ထားဆဲ။

ဤလက်တွဲဖော်ဆိုသည့် အရာသည် ဘယ်သောအခါတွင်မှပြေရန်လည်းမရှိ။ အမြဲ မြဲတည်ရမည့် လက်အစုံပါတည့် ...။

ငွေလွှန်းပုံ၏ခေါင်းလေး သူ့ပခုံးပေါ်ဆွဲယူ၍ မေးတင်လိုက်မိကာ ...

"ပြောပါဦး ငွေလွှန်းပုံရယ်၊ ဘာပြောခဲ့တာတဲ့လဲ ... ဟင်"

ဟု မေးမိပြန်တော့ ငွေလွှန်းပုံ၏ခေါင်းလေးက သူ့ပခုံးပေါ် ပို၍မှီအပ်လာကာ ...

"ကြွေကပြောတယ် အစ်ကိုလေး၊ ကျန်းမာနေကြပါရက်ကယ်နဲ့၊ ချစ်နေကြပါရက်ကယ်နဲ့၊ တစ်ယောက်ကိုတစ်



ယောက် နားလည်မှုလေးတစ်ခုခု လွဲကြပြီး ကွဲကွာကြရတဲ့ ချစ်သူတွေရဲ့ဘဝကို သိပ်နှမြောတာပဲတဲ့၊ အဲဒီစကားဟာ ငွေလွှန်းပုံကို အသိတရားရစေခဲ့တယ်၊ မျက်ရည်ကျစေခဲ့တယ်၊ သူ မနေ့က ဆုံးပါးခဲ့ပြီး သူပြောခဲ့တဲ့စကားက ကျန်ခဲ့တယ်၊ မာနတရားတွေ၊ အတ္တတွေနဲ့ ပိတ်ဖုံးသွားတတ်တဲ့သူတွေကို အို ... ငွေလွှန်းပုံကို အချစ်နဲ့ပတ်သက်လို့ အသိမှန် အတွေးမှန် အဆုံးအဖြတ် မှန်ကန်မှုတွေကို ချန်ထားပေးရစ်ခဲ့တယ်၊ ဟုတ်တယ် ... ငွေလွှန်းတို့ ဘာလို့ ဝေးကွာကြရမှာလဲ အစ်ကိုလေးရယ်၊ တကယ်က တကယ် ချစ်မြတ်နိုးကြရင် ပေါင်းစည်းခွင့်ရပါရက်ကယ်နဲ့ တမင်ဝေးအောင်လုပ်တဲ့သူဟာ အချစ်ကို အရှုပ်ဆိုးစေတဲ့သူပဲ ဖြစ်စေတော့မှာပါ"

ဟု ပြောလာတော့ သူ ကြွေ့ကို မမြင်ဖူးရပေမယ့် ရင်ထဲ သနားနေမိရပါ၏။ စိတ်လည်း ထိခိုက်ရသည်။ ကြွေနှင့်ပတ်သက်ရာတွေကို ကြိုးတံတားလေးဆီသို့ရောက်မှ ငွေလွှန်းပုံအားလုံးပြောပြမည်ဟု ဆုံးဖြတ်ထားပါသည့် ငွေလွှန်းပုံကိုလည်း ဇွတ်မမေးရက်တော့ပါ။

"မနက်ဖြန်ကျရင် ကြိုးတံတားလေးကို သွားကြမယ် အစ်ကိုလေး၊ ကြွေ့ကို အဲဒီမှာ ငွေလွှန်းပုံ ဒီဂျစ်တယ်ကင်မရာလေးနဲ့ ဓာတ်ပုံရိုက်ပေးခဲ့ရသေးတယ်၊ အဲဒီပုံလေးတွေကို သူ မြင်သွားရတယ် ဆိုပါတော့၊ သူ့ခင်ပွန်းသည်နဲ့သူ တူတူရိုက်ထားတာလေးတွေကို ကျန်ရစ်သူ ကိုအောင်လည်း

www.burmeseclassic.com

www.burmeseclassic.com

အဲဒီမုံလေးတွေကို ဘယ်တော့မဆို ကြည့်ခွင့်ရလိုက်အောင် ထက်ထက်ကြွေဟာ ချန်ရစ်ပေးထားခဲ့တာပါ”

ဟု ပြောကာ သူ့ပခုံးပေါ် ခေါင်းလေးတင်ကာ ခပ်တိုးတိုးစတင်၍ ရှိုက်ငိုသည်။ သူ ... ဆံစလေးတွေကို သပ်ပေးနေမိရပါ၏။

ငွေလွှန်းပုံ၏ မျက်နှာလေးပေါ်လည်း လက်ကိုဖေး အပ်အုပ်မိုးထားမိရသည်ပါပဲ။ ငွေလွှန်းပုံ၏လက်ထဲမှာရှိနေသည့် ကဗျာလေးကလည်း သက်ရှိခံစားတတ်မည် ဆိုပါလျှင် ငွေလွှန်းလေး ပြောပြရာ ကြွေဆိုသည့်မိန်းကလေး၏ ချစ်ခြင်းနှင့်ပတ်သက်၍ ကြေကွဲပေးနေကြချေမည်သာ ...။

“အစ်ကိုလေးကို ငွေလွှန်း အစဉ်သဖြင့် နှင်နှင်ထုတ်ခဲ့မိလေသမျှ ကန်တော့ပါတယ် အစ်ကိုလေးရယ်၊ ရိုင်းခဲ့သမျှ အမှန်တရားတစ်ခုကို ငွေလွှန်း ဒီအချိန်မှာ ဝန်ခံပေးပါရစေ၊ အစ်ကိုလေးကို ငွေလွှန်း ယုံကြည်မြတ်နိုးစွာ အားကိုးပါတယ်၊ ချစ်ပါတယ် အစ်ကိုလေးရယ်၊ အဲသလို ဝန်ခံလိုက်ပါမှ ငွေလွှန်း မိုက်ဆိုးစော်ကားခဲ့လေသမျှထဲက တချို့တလေလေးလောက်တော့ တစ်မျှင်တစ်စလောက်တော့ အပြစ်တွေ ပြေကျေနိုင်ကောင်းပါရဲ့ရှင်”

ဟု တိုးသက်စွာ ကြေကွဲမျက်နှာနုနုလေးဖြင့် အပြစ်မကင်းသူလေးလို ပြောနေရှာပါသည့် ငွေလွှန်းပုံလေးကို သူမျက်နှာလေးဖေးမော့ကာ ချစ်ခြင်းနှင့်အတူ ကြည့်မိရသည်က တသက်သက်မျှပါ။



“အချစ်ဆိုတဲ့အရာမှာ အတောအမှတ်ဆိုတာ မရှိသလို၊ တောမှတ်စရာဆိုတာကိုလည်း မရှာဖွေတတ်ဘူး ငွေလွှန်းပုံ၊ ဘာလို့ အဲဒီလို စိတ်ထိခိုက်မယ့်စကားကို ပြောရတာလဲ၊ ဒီမျက်ရည်စက်လေးတွေကို မခြွေစေနဲ့တော့ ငွေလွှန်းပုံလေးရယ်၊ အစ်ကိုလေးကိုချစ်တဲ့ ငွေလွှန်းလေးရဲ့ ဝန်ခံစကားကိုက တန်ဖိုးကြီးလှပါပြီ၊ အစ်ကိုလေးဘဝမှာ အကြားချင်ဆုံး သိမ်းဆည်းထားရမယ့် စကားသံနုနုလေးပါကွယ်”

BURMESE CLASSIC .com

ဟု ပြောနေမိရပါ၏။

အခန်းကျယ်ကြီးထဲမှာ နှင်းဆီပွင့်တို့ဆီမှ ပန်းရနံ့က ဝေနေသည်။

လှပသော ရွှေရောင်စက္ကူငှက်လေးဆီသို့လည်း လင်းလဲ့သော မီးရောင်က တောက်ပသော ငှက်လေး၏အလှကို ရွှန်းပသက်ဝင် ရှိနေစေသည်။

သြော် ... သူ၏ချစ်ခြင်းတွေကို သီဖွဲ့သစွာတည်စွာ ရပ်တည်ပြပါချေမည့် ကဗျာနုနုလေးသည်လည်း ငွေလွှန်းပုံ၏ လက်လေးထဲမှာ ရှိနေပြီ။

လရောင်နုနုသည် ဖွင့်ထားသော ပြတင်းဆီမှ လှပစွာ တချမ်းမြေ့မြေ့ တိုးဝင်လာနေချေသည်တကား ...။

သူ၏အနမ်းတစ်ပွင့်က ချစ်ရသူ၏နဖူးပြင် နုံ့သာရွှေစင်လေးထက်မှာ ဖွဖွညင်ညင် ဖေးတင်ချေသည်တည့် ...။

www.burmeseclassic.com

www.burmeseclassic.com

သူ၏ရေးဖွဲ့ရာကဗျာလေးကတော့ သူ့နှလုံးသားဆီမှ သူ့ချစ်ခြင်းတွေနှင့်အတူ သူ၏ချစ်ခြင်းသစ္စာတွေကို အသံမဲ့စွာ အာရုံထဲ တိုးဝင်လာနေစေကြပြီ။ မကြာမီမှာတော့ ချစ်ရသူလေး၏နှုတ်ဖျားဆီမှလည်း တိုးဖွဖွလေး နူးညံ့စွာ ရွတ်ဆိုခြင်းကို ခံရချေဦးတော့မည်သာ ...။

တွယ်တာစွဲထင်
သံယောဇဉ်မြစ်ဖျား
မောင့်နှလုံးသားမှာ
အမြဲမခွာရှိနေမှန်း
ခင် ... သိစမ်းပါလှည့် ...။

ချစ်ခြင်းတွေသီနဲ့
ရှိနေတဲ့မောင့်ရဲ့ရင်
မင်းသည်ပင်တစ်ယောက်တည်း
သစ္စာစွဲရစ်ဖွဲ့တည်ကာ
အမြဲမခွာရှိနေမှန်း
ခင် ... သိစမ်းပါလှည့် ...။
စွဲလမ်းစိတ်တွေနဲ့
လွမ်းဆွတ်တဲ့ရက်များ
မှန်တိုင်းတားသွားနဲ့ခွဲစိတ်ချေ
အစိမ်းခြွေ ကြွေစေရက်သလား ...
အချစ်သမား မောင့်ရဲ့ရင်



အထီးကျန်လွင့်ပြင်ဖြစ်စေသမျှ
မြတင်းတိမ်ချသွားလျက်
ထားရက်ခဲ့သလားခင် ...။
ခြော် ...
မြတင်းတိမ်ချသွားလျက်
ထားရက်ခဲ့မလားခင် ...။ ။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မျှဝေခံစားခြင်းများစွာဖြင့်

မဟူရာ(လှိုင်ကော်)

၁၆-၈-၂၀၀၀

အမှတ်(၉၀)
အုန်းတောလမ်း၊ ဒေါ်ဥစ္စရပ်ကွက်
လှိုင်ကော်မြို့၊ ကယားပြည်နယ်။
ဖုန်း - ၀၈၃၂၁၃၂၃ ။

BURMESE CLASSIC .com
www.burmeseclassic.com